

# မဟာဝိဇ္ဇာဉာဏ်နိုး

## ချစ်ဦးညို

(ဒုတိယအကြိမ်)

(ဒုတိယအကြိမ်)

# မဏိစန္ဒာဥဒါန်း

# ချစ်ဦးညို

စက်ရာကနိုးထ မျက်စိနှစ်လုံး ဖွင့်လိုက်တယ်ဆိုရင်ပဲ ခေါင်းထဲကို ရင်ထဲကို အသိတစ်ခု၊ ဝေဒနာတစ်ခုက တိုးပြေးဝင်ဆောင့်လာတယ်။ 'သြော်. . . ရင်ဆိုင်ရမယ့် နေ့သစ်ပေါင်းများစွာရဲ့ နံနက်ခင်းတစ်ခု ရောက်လာပြန်ပါပကော'ဆိုတဲ့ အသိ၊ ခံစားမှု။

ရင်ထဲမှာ ပူလောင်နေသလား၊ ခေါင်းထဲမှာ ဆူဝေနေသလား ခင်ဦး မသိတတ်နိုင်ပါဘူး။ နှလုံးသားတွေကကော ထုံကျင်အေးခဲနေကြပြီလား။ သုံးသပ်ဆင်ခြင်နိုင်မှု အသိဉာဏ်ကကော စေးပျစ် လေးတွဲ့နေကြပြီလား။ ဒါလည်း ခင်ဦး မသိချင်တော့ဘူး။

လပေါင်းများစွာ ရက်ပေါင်းများစွာကို ဖြတ်သန်းပြီး ကျင့်သားရထားတဲ့ အလိုက်သင့် ဦးနှောက်ထဲကနေပြီး သတိပေး ဆုံးမသံတွေ ပေါ်လာတယ်။

'မဏိစန္ဒာရေ. . . နားလည်ယူလိုက်၊ ခွင့်လွှတ်ထားလိုက်၊ ဥပေက္ခာတရား မထားနိုင်သေးဘူးပဲ ဆိုစေဦး၊ ဖြစ်လာတဲ့အရေးတွေကို မဝေးမနီးကပဲ စောင့်ကြည့်နေလိုက်၊ မင်း လျှောက်ရမယ့်ခရီးမှာ မီးလျှံတွေ ဘယ်လောက်ရှိနေဦးမယ်ဆိုတာ မသိသေးဘူး။ ဒီတော့ မင့်အင်အားတွေကို ချွေပြီးသုံး၊ စိတ်ပြီးသုံး မဏိစန္ဒာရေ'

မိမိနဲ့ မိမိ စကားတွေ အများကြီးပြောရင်း နံနက်ခင်းပြုဖွယ်အမှုကို ယန္တရားရုပ်တစ်ရုပ်လို တချောက်ချောက် လှုပ်ရှားဆောင်ရွက်လိုက်ရ

တယ်။ မိဖုရားကြီးတစ်ပါးရဲ့ အဆောင်အယောင် အဆင်အမြန်း ရံရွေတွေက ခြုံလွှမ်းမွမ်းမံပေးကြတာကိုလည်း ငြိမ်ဆိတ်စွာပဲ ခံနေလိုက်တော့တယ်။

အားလုံး အဆင်သင့်ဖြစ်ချိန်မှာ ရံရွေတစ်ဦးက သတင်းတော်ကြား လာတယ်။ ကျန်စစ်မင်းကြီးရဲ့ အမိန့်တော်အရ သရပါတံခါးမုခ်ဝကို ထွက်လာတော်မူခဲ့ပါ... တဲ့။

ဩော်... သရပါတံခါး၊ ဟုတ်ပေရဲ့။

မြို့တံခါးမုခ်ဆီက ခွက်ခွင်းသံ၊ စည်သံတွေတောင်မှ သဲ့သဲ့ကြားနေ ရပြီကော။ ခင်ဦး မြို့တံခါးဆီကို သွားရဦးမယ်၊ အကြိုတော်ထောက်မယ့် မောင်တော်မင်းကြီးရဲ့အပါးမှာ မဟေသီမိဖုရားတစ်ပါးအဆောင်အယောင် နဲ့ ခံစားရလိမ့်ဦးမယ်။

တုံ့ဆွဲမနေတဲ့၊ ပြီးတော့ လှမ်းကြွလို့လည်းမနေတဲ့ အလိုအလျောက် ခြေလှမ်းတွေနဲ့ ခင်ဦး ထွက်လာခဲ့ပြီ။ သရပါတံခါးဆီ အကြိုတော်တဲနန်းဆီ။

တစ်ယောက်သောသူ ရောက်လာတော့မယ်လေ။

အဲဒါ မောင်တော့်ချစ်သူ အို... ချစ်သူမဟုတ်ပေဘူး။ မောင်တော့် ကြင်ယာလေ၊ သူ သမ္ဘူလ တဲ့။ သမ္ဘူလ ရောက်လာတော့မယ့်။ မိမိရဲ့ ချစ်သူက သူ့ရဲ့ချစ်သူ ကြင်ယာတော်ကို ဆီးကြိုမယ့် အခမ်းအနားမှာ ခင်ဦးက မိဖုရားကြီးတစ်ပါးအဖြစ် ခစားလိုက်ပါရမယ်တဲ့။

ခင်ဦး ကြိုရမယ်လေ။

'သူဟာ မောင်တော် ရာဇဝတ်သားဘဝနဲ့ တိမ်းရှောင်နေခဲ့ရတဲ့ အချိန်တွေမှာ မောင်တော့်အတွက် အားကိုးရတဲ့ ဘက်တော်သား တစ်ဦးလည်း ဖြစ်ခဲ့တယ်။ ပရိမ္မဒေသမှာ မောင်တော် ပုန်းအောင်းနေခဲ့တုန်းကလေ'

မောင်တော်မင်းကြီးက ခင်ဦးကို ပြောနေတယ်။ ခင်ဦးကိုပြောနေပေမယ့် သူ ခင်ဦးဘက် လှည့်မကြည့်ဘူး။ သရပါတံခါးရဲ့ တူရူလမ်းမကြီး တစ်လျှောက်ဆီကို စူးရှအကြည့်တွေနဲ့ သူ မျှော်နေလေရဲ့။

သမ္ဘူလက အဲသည်လမ်းအတိုင်း လာမှာမဟုတ်လား။

ဘုရင်မင်းမြတ်ကိုယ်တိုင် ထွက်တော်မူတဲ့အခမ်းအနားဆိုတော့ တမ္ပဒီပမြို့အားလုံးလည်း သဲသဲလှုပ်လို့ပေါ့။ ဆင်တပ်၊ မြင်းတပ်တွေကလည်း စစ်ချီအင်္ဂါမဟုတ်တဲ့ အစီအမံနဲ့ တစ်တပ်ပြီးတစ်တပ် နေရာယူလို့ လမ်းမရဲ့ တစ်ဖက်တစ်ချက်မှာလည်း ပုဂ္ဂိုလ်ပုဂ္ဂိုလ်သားတွေဟာ ဝဲယာညွတ်ပြီလုမတတ်။ တောက်ပတဲ့ နေရောင်ခြည်အောက်မှာ သူတို့ရဲ့ ပဝါရောင်စုံတွေဟာ တဖျပ်ဖျပ်လွင့်လို့။

'သူ့ကို မောင်တော် နှုတ်ကြောင့် အရင့်အမာနဲ့ ထားပစ်ခဲ့ရတာ၊ ဒါပေမဲ့ သူ နားလည်ပါတယ်။ သမ္မုလဟာ မိန်းမသားတစ်ယောက်ဖြစ်ပေမယ့် ပရိမ္မ ချင်းတွင်းဒေသသူပီပီ ကြမ်းတမ်းမှုတွေ ဒုက္ခတွေကို ဒဏ်ခံနိုင်တယ်လေ'

ဩော်. . . မိန်းမသားတွေရဲ့ ဒုက္ခဒဏ် ခံနိုင်စွမ်းကို မောင်တော်မင်းကြီး အခုမှ နားလည်တာလားလို့ ခင်ဦး မေးလိုက်ချင်ပါရဲ့။ သည်လောကမှာ မိန်းမသားတွေရဲ့ရင်ထဲ ဘယ်လောက်ထိအောင် ခံနိုင်ရည်တွေရှိတယ်ဆိုတာ မောင်တော်မင်းကြီး အစက မသိလေရော့သလား။

'ဦးရီး ဖပုပ္ပါးလည်း ပါလာလိမ့်မယ် ထင်တယ်။ ဖပုပ္ပါးဆိုတာ သမ္မုလရဲ့ ဦးလေးလေ၊ ခင်ဦးကို အမောင် ပြောဖူးတယ်နဲ့တူတယ်၊ မှတ်မိလား'

မှတ်မိလားတဲ့။ မိန်းမသားဆိုတာ သည်လောကမှာ အမှတ်သညာအကြီးဆုံး သတ္တဝါတစ်မျိုးဆိုတာ မောင်တော်မင်းကြီး မေ့နေပြန်ပြီထင်ရဲ့။ ဘယ်လိုအနာမျိုးကိုမဆို မိုက်မဲလှစွာ. . . ပြီးတော့ သတ္တိကောင်းလှစွာနဲ့ သိမ်းဆည်းထုပ်ပိုက်၊ ကိုယ့်ဝေဒနာ ကိုယ်အမြဲလိုလို ရှုစိုက်ကြည့်မှတ်နေတတ်တာဟာ မိန်းမသားပါ အမောင်ရယ်။

'သမ္မုလဟာ အမောင့်ရဲ့ ကျေးဇူးရှင်ဆိုလည်း မမှား၊ ဟင်. . . ခင်ဦးနေမကောင်းဘူးလား'

အခုမှပဲ သူ ခင်ဦးဘက် လှည့်ကြည့်ဖြစ်တယ်။ နေမကောင်းဘူးလား

တဲ့။ သူ့အမေးစကား၊ ဩော်... ကရုဏာအရိပ်အငွေ့ပြေးလေတဲ့ အကြင်နာမေးခွန်း။

ခင်ဦးမျက်နှာ ဖြူရော် ဖျော့တော့နေသလား။ ခင်ဦး ပါးပြင်မှာ နှင်းဆီသွေးတို့ ဆုတ်နေသလား၊ ခင်ဦးမျက်လုံးတွေ ဝေရီနေသလား။ ဟင့်အင်း... ခင်ဦး မသိပါဘူး။ ဒါပေမဲ့ အလိုက်အထိုက် အဖြစ်နိုင်ဆုံးစကားကို ခင်ဦး ဆိုလိုက်ပါတယ်။

'နေပြင်းလို့ ဖြစ်မှာပါ အမောင်'

'ဟော ဟိုဘက် သစ်ပင်ရိပ်မှာ ရွှေ့ပြောင်းစံနေပါလား ခင်ဦး'

အုပ်ဆိုင်းနေတဲ့ တမာတန်းဘက်ကို အမောင်ကကြည့်ပြီးပြောတယ်။

'ခင်ဦး ဒီနေရာမှာပဲ နေပါမယ်'

သစ်ရိပ်ခိုလို့ နုပျိုလန်းဆန်းကြစတမ်းဆိုရင် ခင်ဦး ဟို... တန့်ကြည့်တောင် တောနက်ကြီးဆီ ထွက်သွားလိုက်မှာပေါ့။ ဒါတောင်မှ ညို့ညို့ဆိုင်းဆိုင်း တောတောင်ကြီးတွေဟာ ခင်ဦးဖြတ်သွားတယ်ဆိုရင်ပဲခင်ဦးရင်က အပူငွေ့ဟပ်ပြီး ညှိုးရိသွားလေမလား၊ အတွေးတွေက တဖျပ်ဖျပ်ပေါ်လာပေမယ့် သူ့ကို ခင်ဦး ဘာမှ မပြောလိုက်တော့ပါဘူး။

သည်အချိန် သည်နေရာမှာ သူ့ကို ခင်ဦးမပိုင်ဆိုင်ဘူးလို့ပဲစိတ်ထဲက စွဲနေမိတော့တယ်။ သည်အချိန်မှာ ပုဂံပြည့်ရှင် ကျန်စစ်မင်းကြီးကို တမ္ဗဒီပနန်းတော်ကလည်း မပိုင်ဘူး။ တိုင်းသားပြည်သူတွေဟာလည်း မပိုင်ဘူး။ သူ့ကို အချိန်နဲ့အမျှ စိုးမိုးနေမှာက မကြာခင်ရောက်လာတော့မယ့် သမ္ဘူလ။

'မဏိစန္ဒာရေ. . . နားလည်ယူလိုက်၊ ခွင့်လွှတ်ထားလိုက်စမ်း၊ ဥပေက္ခာတရား မထားနိုင်သရွေ့ ဖြစ်လာသမျှတွေကို မဝေးမနီးကပဲစောင့်ကြည့်နေလိုက်။ မင်း လျှောက်ရမယ့်ခရီးလမ်းမှာ မီးလျှံတွေဘယ်လောက်ရှိနေဦးမလဲဆိုတာ မသိသေးဘူး။ ဒီတော့ မင့်အင်အားတွေကို ချွေပြီး သုံး၊ စိတ်ပြီးသုံး. . .'

အလိုက်သင့် ဦးနှောက်က သတိပေးဆုံးမစကားတွေပြောနေပြန်ပြီ။

'ကျွန်မ နားလည်ယူခဲ့ပါတယ်။ ခွင့်လွှတ်ထားခဲ့ပါတယ်။ ဒါဟာ ကျွန်မဘဝ တစ်လျှောက်လုံးမှာ ကျင့်သားရနေတဲ့ နေထိုင်ရှင်သန်မှုပါ။

ဒါပေမဲ့ နောက်ထပ် ဘယ်လောက်အထိ ကျွန်မက နားလည်ရဦးမှာလဲ၊ ခွင့်လွှတ်ရဦးမှာလဲ။ အတိုင်းအတာဆိုတာ ရှိစကောင်းပါတယ်။ ဒီအတိုင်းအတာကိုပဲ ကျွန်မ တစ်စတစ်စ တိုးချဲ့ခဲ့ရတယ်။ ဒါကို နားမလည်ကြတော့ဘူးလား’

လည်ချောင်းတစ်လျှောက် ထိုးတက်လာတဲ့ အသံဟာ နှုတ်ဖျားကနေ ပွင့်အန်ကျလုနီးနီး ခက်ခဲပင်ပန်းစွာ ခင်ဦး မျိုချလိုက်ရတယ်။ သည်တော့ ပေါက်ကွဲမှုဟာ ရင်တွင်းမှာပဲ ဖြစ်ပေါ်သွားတော့တယ်။ နှလုံးအိမ်နံရံတွေ တုန်ခါသွားတယ်။ ဝေဒနာအစအနတွေ လွင့်သွားကြတယ်။ သိမ့်ခနဲလှုပ်သွားတယ်။ နှလုံးဟာ နောက်ထပ် အနာတရတစ်ခုကို လက်ခံလိုက်ရပြန်ပြီ။ အင်း. . . ဒဏ်ရာနဲ့အတူ ရင့်ကျက်မာကျောခြင်း အသစ်တစ်ခုလည်း ဖြစ်ပေါ်သွားပြန်ပြီ။

ခင်ဦးမျက်နှာပြင်ပေါ်မှာ လှုပ်ရှားမှုတစ်ခု ပေါ်လာတယ်။

ခင်ဦး သိလိုက်ပါတယ်။ မျက်နှာပြင်မှာ နှုတ်ခမ်းထောင့်စွန်းလေးတွေမှာ။ ပြီးတော့ ပါးနှစ်ဖက်မှာ။

ဟင့်အင်း. . . မျက်ရည်မဟုတ်ပါဘူး။ ခင်ဦးမှာ မျက်ရည်မှမရှိတော့တာကလား။ အဲသည် အလှုပ်အရှားဟာ အပြုံးတစ်ခုလေ။ ခင်ဦးရဲ့အပြုံး။ နားလည်မှု ခွင့်လွှတ်မှု၊ ကြေကွဲမှု၊ မျိုသိပ်မှု၊ ရင်တွင်းပေါက်ကွဲမှုတွေ စရနယ်နယ်ပြီး ဖြစ်ပေါ်လာတဲ့ အပြုံး။ အလိုလို ပြုံးတတ်နေပြီဖြစ်တဲ့ အပြုံး၊ လောကကြီးကို တနံတလျား သိမြင်သဘောပေါက်လာရာက ကြိတ်ချေစီးယိုလာတဲ့ အပြုံး။ ဩော်. . . ခင်ဦး ပြုံးဖြစ်ပြန်ပြီ။

‘လောလောပူတဲ့ဒေသ’လို့ အမည်တွင်တဲ့ တမ္ပဒီပမြေပြင်မှာတံလှပ်တွေက ရိပ်ခနဲ ရိပ်ခနဲ။ ဝှံဝှံ့စားစား စိမ်းနေကြတဲ့ ထနောင်းပင်ပျိုတွေရဲ့ မြရည်ဟာ တံလှပ်တွေထဲမှာ ကခုန်နေကြလို့။ ချွန်မြတဲ့ တမာရွက်ကလေးတွေက လေပူလေပွေကို ဦးစွန်းအသွားနဲ့ ထိုးချိန်နေကြလို့။

ထနောင်းနဲ့ တမာတို့ကို ခင်ဦး ချစ်လိုက်တာ။

အပူငွေ့ကို စားသုံးပြီး ကြီးထွားပျော်ရွှင်ကြရှာတယ်လေ။

အပူငွေ့ကို စားသုံးပြီး ကြီးထွားပျော်ရွှင်. . .။

# [၁]

ဆူးခက်တွေ အကြိုအကြားက နှင်းဆီပန်းကလေး ပွင့်လာတာကို ခင်ဦး မအံ့သြတော့ဘူး။ ဘာကြောင့်လဲဆိုတော့ ချစ်ခြင်းမေတ္တာကို သယ်ဆောင်လာတဲ့အရာဟာ စစ်ပွဲတစ်ခုဖြစ်နေလို့လေ။

ဂျွမ်းစစ်တပ်ကြီးဟာ ဘာကြောင့် သူတို့ရဲ့စစ်လမ်းကြောင်းသင့်ရာ သုဝဏ္ဏဘူမိကို ဦးစွာတိုက်ခြင်းမပြုဘဲ ခင်ဦးတို့ရဲ့ 'ဥသာ'ကို ကျော်လွှားပြီး လာရောက်ထိပါးကြသလဲ မသိဘူး။

ဥသာရဲ့ နယ်စွန်နယ်ဖျားတွေကို ဂျွမ်းစစ်တပ်ကြီးက တစ်စတစ်စ စီးနင်းသိမ်းပိုက်နေပြီဆိုတဲ့ သတင်းလည်းကြားရော ခမည်းတော်က စစ်ရေးညီလာခံကို ချက်ချင်းခေါ်ခဲ့တယ်။ ပင်တိုင်းနန်းစံ သမီးတော်ပေမယ့် ထီးနန်းအရေး တိုင်းပြည်အရေးဆိုတော့ ခင်ဦးလည်း စစ်ရေးညီလာခံကို တက်ရောက်ခဲ့ရတယ်။ ဘုရင့်သမီးတော်ဆိုပြီး ကြာရိပ်ရုံခြယ် သုံးရွှေ့လယ်မှာ စံပါယ်ပျော်ပါးနေလို့ မရတော့ဘူးလေ။

စစ်မက်အခြေအနေတွေကို တပ်မင်းတွေက သဝဏ်တစ်ခုပြီးတစ်ခု တင်သွင်းလျှောက်တင်နေကြတယ်။ နေရာဒေသ၊ စစ်အင်အား စစ်ပွဲဖြစ်ပေါ်မှု ဘယ်လိုပဲ ကွာခြားပေမယ့် တစ်ခုတည်းသောအခြေမှာ တူညီနေကြတယ်။

ဂျွန်းစစ်တပ်ကြီးဟာ အင်အားကြီးမားလှကြောင်း ဥသာရဲ့အင်အားနဲ့

မယှဉ်သာအောင် တောင့်တင်းခိုင်မာလှကြောင်း၊ တောတောင်ဒေသ ကျွမ်းကျင်ကြကြောင်း၊ တိုက်ရည်ခိုက်ရည် ပြည့်ဝကြောင်း၊ ပြီးတော့ စစ်ရေးလမ်းတစ်လျှောက်လုံး အခက်အခဲမရှိ စီးနင်းသိမ်းပိုက်လာကြကြောင်း၊ နောက်ဆုံးတော့ ဥဿာအနီးကို ချင်းနင်းလာကြပြီဖြစ်ကြောင်း။

စစ်ရေးညီလာခံဟာ သေနင်္ဂ အစီအမံတွေကို တိုင်ပင်ညှိနှိုင်းရင်း အမိန့်တော်တွေ ထုတ်၊ စာချွန်တွေပို့နဲ့ လှုပ်ရှားတက်ကြွနေရမယ့်အစား တိတ်ဆိတ်ထိုင်းမှိုင်းလို့ နေတော့တယ်။ ခင်ဦးရဲ့ ခမည်းတော်ဟာ စစ်မှာမွေ့လျော်ရှာသူ မဟုတ်ဘူး။ စစ်ကို အလေ့ကျွမ်းသူမဟုတ်ဘူး။ အခုလို တစ်ပြည်ရပ်ခြား ဂျွမ်းစစ်တပ်ကြီးက ဘွားခနဲပေါ်လာတော့ ခမည်းတော်ဟာ ထိတ်လန့်စိုးရိမ်ခြင်းကလွဲလို့ ဘာမှ မတတ်နိုင်ရှာဘူး။ အို. . . ခမည်းတော်သာ မကပါဘူးလေ။ ဥဿာတပ်မင်းတွေ၊ တပ်မှူးတွေ အမှူးအမတ်တွေ အားလုံးဟာလည်း စစ်ရဲ့ အေးစက်တင်းကျပ်တဲ့ ဆုပ်ကိုင်မှုအောက်မှာ ကြံရာမရ ဖြစ်နေကြတော့တယ်။

နောက်ဆုံးတော့ ခင်ဦး မနေသာတော့ဘူး။

'မြို့စောင့်တပ်လောက်နဲ့ပဲ ဥဿာကို အလုံအခြုံပိတ်၊ အစောင့်ထားခဲ့ပြီး ဂျွန်းစစ်တပ်ကြီးကို ထွက်တိုက်လိုက်ကြရင်ကော၊ ရန်သူကို မြို့တော်အနီး သီခွင့်မပေးဘူးလေ'

ခင်ဦးရဲ့ အကြံပေးမှုဟာ အားလုံးရဲ့အကြည့်နဲ့ပဲ တုံ့ပြန်ခြင်းခံလိုက်ရတယ်။ တစ်ဦးတစ်ယောက်မှ စကားမှတ်ချက်မထွက်ဆိုကြဘူး။ ခမည်းတော်ကတော့ ခေါင်းကိုလည်း လေးပင်စွာ ခါယမ်းနေတယ်။

သူတို့အားလုံးကိုကြည့်ပြီး ခင်ဦးရင်ထဲမှာ မခံချိ မခံသာဖြစ်လာတယ်။ စစ်ရဲ့ လက်တံရှည်တွေက ဖမ်းဆုပ်တော့မယ့်ဆဲဆဲမှာ ဘာကြောင့် တွေဝေငေးငိုင်နေကြရတာလဲ။ ခင်ဦး အော်ပစ်လိုက်မိတယ်။

'ထွက်တိုက်ကြမယ်လေ၊ ခင်ဦးကိုယ်တိုင် ပင်တိုင်နန်းက ရဲရွေတွေကို အိုးစားတပ်ဖွဲ့ပြီး ရှေ့ကချီတက်'

'သမီးတော် အေးအေးဆေးဆေး စံနေစမ်း'

ခမည်းတော်ရဲ့အသံက ငေါက်ငမ်းသံ။ ရှုပ်ထွေးလေးပင်နေတဲ့စိတ်အစဉ်ကြောင့် ခမည်းတော်ဟာ ခင်ဦးကို ခပ်ငေါက်ငေါက် မိန့်လိုက်တာပဲဆိုတာ သိပေမယ့် သစ်ကိုင်းခြောက်တစ်ခုလို ကြွပ်ဆတ်နေတဲ့ ခင်ဦးကလည်း ဆတ်ဆတ်ထိမခံ သာမန်အရပ်သူလိုပဲ တုံ့ပြန်လိုက်မိတယ်။

စစ်ရေးညီလာခံကနေ ခင်ဦး ထထွက်လာခဲ့တယ်လေ။ သူတို့ဘာသာသူတို့ ဘာပဲဆွေးနွေးဆွေးနွေး၊ ဘာပဲ ဆုံးဖြတ်ဆုံးဖြတ်၊ ခင်ဦးစိတ်လိုက်မာန်ပါ အဲသည်လို ထွက်လာခဲ့မိလို့လည်း. . .။

ဂွမ်းစစ်သည်တို့ရဲ့ ထိပါးနှောင့်ယှက် စစ်ဘက်အရေးမှာ တမ္ပဒီပကအနုရုဒ္ဓါဘုရင်ထံ စစ်ကူတောင်းမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကို ခင်ဦး မသိလိုက်တော့ဘူး။

Z

# [၂]

'အနုရုဒ္ဓါဟာ ဘုန်းကြီးတဲ့ဘုရင်တစ်ပါးပဲ သမီးတော်၊ တမ္ပဒီပလည်း အခုအခါမှာ အလွန်တောင့်တင်းတဲ့ လက်နက်နိုင်ငံတော်ကြီးဖြစ်နေတယ်။ အနုရုဒ္ဓါရဲ့ မျှူးမတ်ဗိုလ်ပါ ကလန်သံပျင်တွေဟာလည်း သူတို့နိုင်ငံတော်ကြီး ထူထောင်ရေးမှာ အလွန်ညီညွတ်တက်ကြွကြတယ်။ ဒါကြောင့် အနုရုဒ္ဓါဆီကို စစ်ကူတောင်းဖို့ ခမည်းတော်တို့ စီစဉ်လိုက်ကြတာပဲ'

ခမည်းတော်က ခင်ဦးကို ချော့မော့နှစ်သိမ့်ရှာပါတယ်။ ခင်ဦး စိတ်ကောက်တုန်းပဲလို့ ခမည်းတော်ထင်ဟန်တူပါရဲ့။ ဟင့်အင်း. . . ခင်ဦးက စိတ်မကောက်တော့ပါဘူး။ တိုင်းတစ်ပါးအတွက် တစ်ခုခု စီမံပြီးကြပြီဆိုရင် ခင်ဦး ကျေနပ်ပါတယ်။ ဒါပေမဲ့. . .။

'စစ်ကူမတောင်းလို့ကော မဖြစ်ဘူးလား ခမည်းတော်ဘုရား။ အဲဒီတမ္ပဒီပဆိုတာကကော ဂျွမ်းတွေကို ယှဉ်နိုင်ပါ့မလား'

'သူတို့မှာ လေ့ကျင့်ထားတဲ့ တပ်တွေရှိတယ်။ စစ်ရည်ဝနေတဲ့ သူရဲကောင်းတွေလည်းရှိတယ်။ အင်အားလည်းတောင့်တင်းတယ် သမီးတော်'

'သူတို့ အင်အား ဘယ်လောက် စစ်ကူပေးမှာတဲ့လဲ'

'လေးသိန်း'

လေးသိန်း။ အို. . . တိုင်းပြည်တစ်ပြည်မှာ ဒီလောက်အင်အားကြီးတဲ့ တပ်တွေ ရှိသတဲ့လား။ ခင်ဦး အံ့ဩမိတာ အမှန်ပဲ။ ဒါပေမဲ့ ခင်ဦး အား တက်သွားတယ်။

'တမ္ဗဒီပဘုရင်က ဘယ်လိုအကြောင်းပြန်သလဲ ခမည်းတော်'

'နက်ဖြန်ပဲ ပုဂံစစ်ကူတပ်တွေ ရောက်လာကြတော့မယ် သမီး တော်၊ စစ်ကူတပ်တွေကိုကြိုဖို့ သမီးတော်ကိုယ်တိုင် အဆင်သင့်လုပ် ထား'

Y

ဥဿာနေပြည်တော်သူ နေပြည်တော်သားတွေကတော့ မြို့တော်အဝင် လမ်းမကြီးတွေမှာ နေရာယူကြတယ်။ မှူးမတ်စစ်သည်တွေက စခန်းအဆင့်ဆင့် ခွဲပြီး အကြိုထောက်ကြတယ်။ ခမည်းတော်က မြို့ရိုးအတွင်း မဏ္ဍပ်နန်းမှာ အသင့်စောင့်တယ်။ ခင်ဦးကတော့ ပင်တိုင်နန်းရဲ့ လေသာဆောင်ထက်ကပဲ ပုဂံစစ်ကူတပ်ကို ကြိုရမယ်လေ။

တစ်မနက်လုံး တစ်မွန်းတည့်လုံးစောင့်ခဲ့ရပြီး. . .။ မွန်းတိမ်းစပြုတော့မှ ပုဂံစစ်ကူတပ်ဟာ ဥဿာမြို့နန်းထဲကို ဝင်စေတယ်။ ကိုယ့်ထီးကိုယ့်နန်းကို ရန်သူ ထိပါးလာတဲ့အရေးမို့ ကိုယ့်ဘက်က စစ်ကူပေးမယ့် အရေးမို့သာ ကြိုဆိုရတာ။ အချိန်တွေ မနည်းမနော စောင့်ရ။ ပူပြင်းလှတဲ့ နေရှိန်အောက်မှာ အခမ်းအနား သဘင်တော်နဲ့ စီစဉ်ရလို့ ခင်ဦး စိတ်တိုနေမိတာ အမှန်ပါပဲ။ အရောက်နောက်ကျလှတဲ့ ပုဂံတပ် နန်းမြို့တွင်းဝင်လာချိန်မှာ ခင်ဦး သိပ်ပင်ပန်းနေပြီလေ။

ဒါပေမဲ့ သဲသဲလှုပ်လှုပ် ကြိုဆိုကြသံ၊ ဟစ်ကြွေးကောင်းချီးပေးသံ၊

စည်တီးသံ၊ ခရုသင်းမှုတ်သံတွေကြောင့် ခင်ဦး စိတ်တွေလှုပ်ရှားသွားတယ်။ ပင်တိုင်နန်း လသာဆောင်ကနေ အဝေးဆီသို့ လှမ်းမျှော်မိတယ်။

ကြက်သွေးရောင်တံခွန်တွေက တအိအိဝဲလို့။ နေရောင်အောက်မှာ အဲမောင်း လှံသွားတွေက ဝင်းပလို့၊ အရောင်စုံတဲ့ အကြိုထောက်ကြသူ ဥဿာတပ်များအလယ် မင်းလမ်းမတစ်လျှောက် အသားကျ မြင်းနှင်လာကြတဲ့ ပုဂံတပ်. . .။

လေးသိန်းဆိုတဲ့ စစ်သည်အရေအတွက်ကို ခင်ဦး စိတ်ကူးထဲမှာတောင် ပုံဖော်ကြည့်လို့မရဘူး။ သည်လောက်များပြားတဲ့ တပ်တွေဟာ ဘယ်လိုများ နေရာယူချီတက်လာကြမှာလဲ၊ ဥဿာနန်းမြို့တွင်းရဲ့ မြေကွက်လပ် ရင်ပြင်မှာ သူတို့ ဆင်တွေ မြင်းတွေ ချေချစရာမှ ရှိပါ့မလား။

အတွေးတွေနဲ့ ပျော်ရွှင်တက်ကြွနေတဲ့ ခင်ဦးဟာ အနားက ရံရွေကြီးတစ်ဦးက သတိပေးလိုက်တော့မှပဲ ပင်တိုင်နန်းရှေ့ စစ်ကူဖြုတ်တော့မယ်ဆိုတာ သိရပါတော့တယ်။

သည် လေးသိန်းတပ်ကို ဦးစီးလာမယ့် သေနာပတိဟာ ဘယ်သူလဲ၊ သည်သူရဲကောင်းဟာ သာမန်လူတွေထက် နှစ်ဆလောက်ပိုကြီးတဲ့ ကိုယ်ခန္ဓာနဲ့ ချပ်ဝတ်တန်ဆာတွေနဲ့ လက်နက်မျိုးစုံကို ချိတ်ဆွဲဆင်ယင်လို့ ရန်သူ ရင်ဆိုင်လိုက်ရင်ပဲ ထွက်ပြေးရတော့မယ့် အားခွန်ဗလ၊ လူ့ဘီလူးကြီးလို မျက်နှာ၊ ထွားကျိုင်းတဲ့ပခုံးတွေ၊ ရင်အုပ်ကြီးတွေ၊ ပြီးတော့ မုတ်ဆိတ်ပါးမြိုင်းနဲ့ စစ်ရည်ဝနေတဲ့ စစ်ရောင်ပြောင်နေတဲ့ စစ်သည်ကြီးဖြစ်မှာပေါ့။

တောက်ပတဲ့ ကြက်သွေးရောင်ဝတ်စုံဝတ်သဏ္ဍာန်တစ်ခုဟာ မြင်းညိုကြီးကိုစီးပြီး ရှေ့ဆုံးက ဦးဆောင်လာတယ်။ သူ့လက်ထဲမှာ ငွေရောင်အမြိတ်တွေ တဖွားဖွားကျနေတဲ့ ရွှေရောင်တံခွန်ကို အထက်မြှင့်မြှောက်ပြီး ကိုင်လာတယ်။ အခြားစစ်သည်တွေလို ကြက်သွေးရောင်တံခွန်ကို မကိုင်ဘဲ အထူးခြားဆုံး ရွှေရောင်တံခွန်ကို ကိုင်လာတဲ့အတွက် သူဟာ ပုဂံတပ်ရဲ့ အကြီးအကဲ သေနာပတိပဲ ဖြစ်ရမယ်။ ခင်ဦး နားလည်လိုက်တယ်။ ခင်ဦး ရပ်နေတဲ့ လသာဆောင်ဟာ အမြင့်ဆီကဖြစ်ပေမယ့် ဝဲယာဘေးနှစ်ဖက်မှာ စုပြုံနေကြတဲ့ လူအုပ်ကြီးနဲ့ ဦးရစ်ပေါင်းတွေကို မစဲတမ်း ပစ်မြှောက်နေ

ကြတာကြောင့် ပုဂံတပ်ရဲ့ရှေ့ဆုံးက ရွှေရောင်တံခွန်တိုင် သေနာပတိကို သဲသဲကွဲကွဲ မမြင်ရဘူး။

ဒါပေမဲ့ ပင်တိုင်နန်း လသာဆောင်ရှေ့တည့်တည့်ရောက်တဲ့အခါမှာတော့ တရွေ့ရွေ့ချီလာတဲ့သူဟာ မြင်းကို တံ့ရပ်လိုက်တယ်။ ဒါဟာ ဥဿာဘုရင့်သမီးတော် မဏိစန္ဒာရဲ့ ပင်တိုင်နန်းဆိုတာ သူသိပြီးဖြစ်မှာပေါ့။ ပင်တိုင်စံ သမီးတော်ကိုယ်တိုင် လသာဆောင်က ထွက်ကြိုနေတယ်ဆိုတာလည်း သူသိပြီးဖြစ်မှာပေါ့။ သူ့မြင်းကို တံ့ရပ်ပြီး သမီးတော်ကို အရိုအသေပြုရမယ်လေ။

သည်အချိန်မှာတော့ သဲသဲကွဲကွဲ မြင်ရပါပြီ။

ရွှေရောင်တံခွန်ရဲ့ ဟိုဘက်မှာကွယ်နေတဲ့ စစ်သားကြီးဆီကို ခင်ဦး ပန်းပွင့်တွေ ကြဲချလိုက်တယ်။ ပန်းတွေဟာ ဝဲပျံပြီး ခုန်ဆင်းသွားတယ်။ ဒါပေမဲ့လေအဟုန်ကြောင့် ခင်ဦးရဲ့ပန်းတွေအနက် တစ်ပွင့်တည်းသောပန်းသာလျှင် သူ့ဆီရောက်သွားတယ်။ အဲသည် ပန်းပွင့်ကလေးကလည်း ရွှေရောင်တံခွန်ထိပ်ဖျားကို ထိမှန်ပြီး သူ့ရင်ဘတ်ကနေတစ်ဆင့် သူ့ဝတ်ရုံပေါ် လျှောစီးသွားပြီး သူ့မြင်းရဲ့ရှေ့ခြေအောက် မြေပြင်ပေါ် ကျသွားတယ်။

ပန်းပွင့်တွေ လာရာအရပ်ကို သူ မော့ကြည့်လိုက်တယ်။

ဖုံးကွယ်နေတဲ့ ရွှေရောင်တံခွန်ကိုဖယ်ရှားပြီး လသာဆောင်ဆီကို သူ မော့အကြည့် ခင်ဦးကလည်း သူ့မြင်းခြေထောက်ရှေ့က ခင်ဦးရဲ့ပန်းပွင့်ကလေးကို ငုံ့ပြီးလှမ်းအကြည့်။

အရာခပ်သိမ်းရဲ့ နိဒါန်းအစပြုရာဟာ အဲသည်တဒင်္ဂပါ။

အသံအားလုံး ရုပ်ခြည်းတိတ်ဆိတ်၊ မြင်ကွင်းအားလုံး ရုတ်ခြည်းလွင့်ပြယ်။ အို. . . တစ်လောကလုံးကွယ်ပ။ တိုးလျှိုးဟင်းလင်းဖောက်ထွင်းထားတဲ့ အလင်းတန်းတစ်ခုကပဲ အဟုန်ပြင်းစွာနဲ့ ဖြတ်ပျံသွား။

အသံတွေကို ပြန်လည်ကြား၊ မြင်ကွင်းတွေကို ပြန်လည်မြင်၊ ဝန်းကျင်ကို သတိထားမိတဲ့အာရုံ ပြန်လည်စုစည်းချိန်မှာတော့ ခင်ဦး ရင်ထဲမှာ နတ္ထိကို တွေ့နေရတယ်။ ရွှေရောင်တံခွန်တိုင် မြင်းညိုရှင်ဟာ ပင်တိုင်နန်းရှေ့မှာ မရှိတော့ပါဘူး။ သူ ဆက်လက် ထွက်ခွာသွားပါပြီ။

သူ့ရဲ့မြင်းခြေထောက်ရှေ့မြေပြင်ပေါ် ကျသွားတဲ့ ခင်ဦးရဲ့ပန်းပွင့်လေး

လည်း မရှိတော့ဘူး။ ဟင့်အင်း. . . သူ့မြင်းနဲ့ နင်းခြေဖြတ်လျှောက်သွားတာ မဟုတ်ဘူး။ သူ ကောက်ယူသွားတာ၊ ဒါပေမဲ့ ဒါပေမဲ့လေ. . .။ သူ ကောက်ယူပုံက မြင်းပေါ်ကပဲ။ သူ့လက်စွဲ အဲမောင်းလှံသွားနဲ့ ပန်းပွင့်လေးကို ထိုးစိုက်၊ လှံသွားထက်ပါလာတဲ့ ပန်းပွင့်ကိုမှ သူ ဖြုတ်ယူသွားတာ။

သည်ကတည်းက ခင်ဦး တွေးခဲ့ဖို့ကောင်းပါတယ်။ ခင်ဦးရဲ့ ပန်းပွင့်လေးဟာ အနာတရဖြစ်ပြီးမှ သူ့ဆီရောက်ရတာပါလား ဆိုတာလေ။ ဩော်. . . သူရဲကောင်းတစ်ဦးရဲ့ ပန်းတစ်ပွင့် ဆင်မြန်းသိမ်းယူမှုဆိုတာ သည်လိုပါပဲလား။ ခင်ဦး သည်ကတည်းက တွေးမိခဲ့ရင် ကောင်းသားလေ။

Z

# [၃]

ပုဂံသားတို့ ကြွားလှချည့်လို့ ပြောရတော့မယ် ထင်ပါရဲ့။

ခမည်းတော် ပြောခဲ့တဲ့ စစ်ကူအင်အား လေးသိန်းဆိုတာ ဘယ်မှာရှိလို့လဲ။ သူ ကျန်စစ်သားရယ်၊ ပြီးတော့ လက်ရုံးတပ်မှူးကြီး သုံးယောက်ရယ်။ သူတို့ စုစုပေါင်း လေးယောက်နဲ့အတူ မဖြစ်စလောက် အဆောင်အယောင် နောက်လိုက်စစ်သည်တော်တွေနဲ့ သူတို့ဥဿာနန်းတော်ထဲ ခမည်းတော်ဆီ အခစားဝင်ခဲ့ကြတယ်။

ဒါပေမဲ့ လျှို့ဝှက်တပ်စွဲထားတဲ့ ပုဂံစစ်သည်တွေဟာ ဥဿာရဲ့ မလှမ်းမကမ်း တောတောင်ဒေသတွေဆီ ရှိတယ်လို့တော့ သတင်းသဲ့သဲ့ကြားရရဲ့။ ဥဿာမှာတော့ စကားတစ်ခွန်း ဖြစ်ပေါ်နေတော့တယ်။

'ကျန်စစ်သား၊ ငထွေ၊ ငလုံး၊ ငဖီး စစ်သူကြီးလေးဦးဟာ စစ်သည် လေးသိန်းအားနဲ့ ညီမျှတယ်။ လူသာမန်မက နတ်ဘီဘူးစစ်သည်မျှ စွမ်းတယ်။ ဂျွန်းစစ်တပ်ကြီးဟာ ပုဂံသူရဲတွေအောက်မှာ ကစဉ့်ကလျား ဖြစ်ကြလိမ့်မယ်။ ဥဿာဟာ ရန်သူ့ဘေးက ကင်းဝေးလိမ့်မယ်'

စစ်ကူတပ်ဖွဲ့ စစ်သူကြီးတွေကို ကြိုဆိုတဲ့ အခမ်းအနား သဘင်ကျင်းပဖို့ ခမည်းတော်နဲ့ ဥဿာနန်းတွင်း မှူးမတ်တွေက စီစဉ်ကြတယ်။ ဒါပေမဲ့ . . ခေါင်းဆောင် သေနာပတိကြီးက လျှောက်တင်ငြင်းပယ်သတဲ့လေ။

'စစ်ရေးသာ အဓိက ဖြစ်ပါတယ်။ ဦးစားပေးရမှာက ဂျွန်းရန်သူတွေကို တိုက်ထုတ်ဖို့ပါ။ ကြိုဆိုခြင်း အခမ်းအနားသဘင်နဲ့ ဥဿာ မပင်ပန်းပါစေနဲ့၊ စစ်ပွဲကြီးပြီးတော့မှ အောင်ပွဲနဲ့အတူ ဆင်ယင်ကြပါတဲ့'

အပြောကြီးလှချည့်၊ အကြွားသန်လှချည့် ပုဂံသားကြီးရယ်လို့ ခင်ဦး စိတ်ထဲက ပြောနေမိတယ်။ ဒါပေမယ့် ခင်ဦးရဲ့အပြုံးဟာ လှောင်ပြောင်တဲ့ အပြုံး မဟုတ်ပါဘူး။ ဖြစ်ခြင်းဖြစ်ရင် ဟိုလေ ရှက်ပြုံး၊ ရှက်တဲ့အပြုံး။

မျက်လွှာချထားမိပေမယ့် သူ လှမ်းကြည့်နေတာကို ခင်ဦးသိပါတယ်။ မျက်ထောင့်တစ်ဝင့်၊ မျက်ဝန်းအဖွင့်မှာ ဖျတ်ခနဲ ခင်ဦး လှမ်းကြည့်လိုက်တာကို သူ. . . 'အကြည့်မိ'သွားတော့လည်း ခင်ဦး ရှက်လိုက်တာ။

စစ်စကားနဲ့ စစ်အထားအသိုတွေအကြောင်း ပြောနေတဲ့ စစ်သူကြီး။ သူ့ဝဲဘက်ရင်အုံပေါ်မှာ ဘာကြောင့် ဟိုနေ့က ခင်ဦးရဲ့ ပန်းပွင့်လေးကို သူ ချိတ်တွယ်ထားသလဲ၊ အနာတရပန်းပွင့်လေးလေ။

မပြောဘဲ ကြားနေရတဲ့ စကားလုံးတွေ၊ မကြည့်ဘဲ မြင်ရတဲ့အရောင်အသွေးတွေ၊ မမေးဘဲ ဖြေရတဲ့ နှုတ်ထွက်စကားသံတွေကို ခင်ဦးကတော့ ဘာကြောင့်နားလည်နေသလဲ။ ဝေးကွာမှုဆိုတာ ဘာပါလိမ့်၊ သူစိမ်းတစ်ရံဆံ ဖြစ်မှုဆိုတာ ဘာပါလိမ့်။ နားလည်ခြင်းဆိုတဲ့ အပြာနုရောင် ဇာပဝါလေးရဲ့ ဟိုဘက်သည်ဘက် အမြိတ်နှစ်စကို အတူဆွဲကိုင်ရင်း ညင်ညင်သာသာ လေး လှုပ်ယမ်းနေမိကြတဲ့သူနှစ်ဦး၊ တစ်ဖက်တစ်ချက်ဆီက လက်အစုံတို့ရဲ့ နွေးထွေးစီးဆင်းမှုဟာ အပြန်အလှန် ကူးပျံ့လို့။ အို. . . ခင်ဦး သိတာပေါ့။

ဆူးချွန်တွေကြားက နှင်းဆီပွင့်ကလေးကို ခင်ဦး နားလည်လိုက်မိတယ်။ လဝန်းရဲ့ ဝင်းပမှုဟာ မည်းမှောင်၊ တိမ်တိုက်ကို အရင်အတည်ပြုတယ်ဆိုတာ၊ နံနက်အရုဏ်လေပြည်ဟာ မိုးသက်မုန်တိုင်း အစဲကာလကြောင့် ပိုမိုလှပတယ်ဆိုတာ ခင်ဦး နားလည်လာရတယ်။

စစ်ပွဲကြီးတစ်ခုဟာ အချစ်ကို သယ်ဆောင်လာသတဲ့။

သူ...ဥဿာကို ဂွမ်းစစ်သည်တွေရဲ့အန္တရာယ်က ကာကွယ်နိုင်ပါစေ။

သူ ခင်ဦးကို ကမ္ဘာလောကရဲ့ အရုပ်ဆိုးအကျည်းတန်မှုတွေ အန္တရာယ်က ကာကွယ်နိုင်ပါစေ။

Z

## [၄]

ဂျွမ်းစစ်သည်တပ်ကြီးကို ပုဂံသားတွေ တွန်းလှန်ဖြိုခွင်းလိုက်ပုံက တော့ ဉဿာရဲ့ရာဇဝင်မှာ ကမ္ပည်းတွင်ရစ်မှာပါ။

ခင်ဦးရဲ့ ရုံရွှေခေါင်းချုပ် အထိန်းတော်ကြီးရဲ့သားဟာ ဉဿာမြို့စောင့် တပ်ဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့အပြင် စစ်ပွဲကိုလည်း မျက်ဝါးထင်ထင် တွေ့ ခဲ့ရသူ။

ဉဿာရဲ့အရေးပါတဲ့ အထောက်မျက်နှာတွေမှာ လျှို့ဝှက်တပ်စွဲထား တဲ့ ပုဂံတပ်တွေရှိတယ်။ အဲသည် ပုဂံတပ်တွေနဲ့အတူ မြို့ခံဉဿာတပ်သား တွေဟာ ပူးပေါင်းနေရာယူထားကြတယ်။ သည်တပ်တွေ ရှိနေကြောင်း ကို ရန်သူ ဂျွန်းစစ်တပ်ကြီး မပြောနဲ့၊ ဉဿာသားတွေတောင်မှာ မသိခဲ့ကြ ဘူး။

သူ့သားဆီက မျက်မြင်သတင်းကို အထိန်းတော်ကြီးက မြိန်ရေရှက်ရေ ပြန်ပြောပြလေရဲ့။

'သေနာပတိ ကျန်စစ်သားနဲ့ သူရဲကောင်းသုံးဦးတို့ဟာ ဂျွမ်းတွေ တပ်စွဲထားတဲ့ တောစပ်တောင်တန်း လျှိုတွေဆီကို မြားတွေလိုဖွင့်ထွက် ကြသတဲ့ ထိပ်ထားရယ်။ အဲဒါဟာ စစ်ရဲ့ ပဏာမတိုက်ပွဲ အဖွင့်တဲ့၊

မြားတံလေးစင်း တစ်ပြိုင်တည်းပစ်လွှတ်လိုက်သလို ရန်သူတွေကြား ထဲ သူတို့လေးယောက် ဖောက်ဝင်ကြသတဲ့။ သူတို့ရဲ့ မြင်းခွာတွေဟာ မြေပြင်နဲ့ မထိတော့ဘူးဆိုပဲ’

‘တောတွေ တောင်တွေ လျှိုတွေကြားမှာ စိတ်ချလက်ချ တပ်စွဲ ပြီး အားမွေးနေကြတဲ့ ရန်သူတွေဟာ မမျှော်လင့်ဘဲ ရောက်လာတဲ့ နတ်ဘီလူးလေးယောက်ကြောင့် အထိတ်တလန့် ဖြစ်ကုန်ကြသတဲ့။ ပုဂံသူရဲကောင်းတွေကလည်း ရန်သူ့တပ်ထဲကို အတင်းတရကြမ်း မွှေ နှောက် ထိုးခုတ်လိုက်ကြတော့တာပဲ။ အံမလေး ထိပ်ထားရယ်၊ သူတို့ လက်ထဲက အဲမောင်းလှံတွေနဲ့ ဓားတွေဟာ ရိပ်ခနဲ ရိပ်ခနဲ ဖြစ်နေလိုက် ပုံများ စကြာလိုလည်ပတ်နေရောတဲ့။ အငိုက်မိခံရပြီး ဖရိုဖရဲဖြစ်သွားတဲ့ ရန်သူတွေဟာ အတော်ကြီးကြာမှ အင်အားပြန်စု၊ သေနင်္ဂပြန်ဖွဲ့ပြီး သူရဲကောင်းတွေကို တိုက်ကြတာပေါ့။

ဒါပေမဲ့ သည်အချိန်မှာ ကျန်စစ်သားတို့ဟာ ပိတုန်းကောင်တွေလို ထပျံတက်သွားကြပြီလေ။ ရန်သူတွေဟာ တရိပ်ရိပ်ပြေးနေတဲ့ မြင်းတွေ ကိုပဲ တွေ့လိုက်ကြရတော့တာပေါ့။ ပြီးတော့ ကျန်စစ်သားနဲ့ သူရဲ ကောင်းတွေဟာ လာစဉ်တုန်းကလိုပဲ ပြန်အထွက်မှာ စစ်ကြောင်းလေးခု ဖြန့်ပြီး ထွက်ကြတာဆိုတော့ ရန်သူဟာ ဘယ်သူ့နောက်ကို ဘယ်လို လိုက်ရမှန်းမသိ ဖြစ်သွားသတဲ့’

‘ကျန်စစ်သားတို့ဟာ လျှို့ဝှက်တပ်စွဲထားတဲ့ ဥဿာရဲ့အစောင့် နေရာတွေဆီကို စစ်မြှူလာခဲ့ကြတာကိုး။ ရန်သူကတော့ ပျားအတုပ်ခံ ရသလို ဒေါသတွေနဲ့မွှန်ပြီး သဲကြီးမဲကြီးလိုက်ကြသတဲ့။ အလိုလိုပဲ ရန်သူ့စစ်ကြောင်းဟာလည်း လေးခုလေးဖြာ ကွဲထွက်သွားတော့တာပေါ့။ အဲဒါဟာ ရန်သူ့အင်အားကို အစိတ်စိတ် ဖြာသွားအောင် ဖြို့ခွင်းလိုက်တဲ့ စစ်သေနင်္ဂပဲ ထိပ်ထားရဲ့’

အထိန်းတော်ကြီး ပြောနေလိုက်ပုံက သူကိုယ်တိုင်ပဲပုဂံသူရဲကောင်း ကြီး ငထွေရဲ့မြင်းပေါ် လိုက်လာခဲ့ရတဲ့အတိုင်း။ ခင်ဦး ရယ်ချင်ပေမယ့် သူ့စကား အရှိန်ပျက်မှာစိုးလို့ ငြိမ်ပြီး နားထောင်နေရတယ်။

'လှို့ဝှက်တပ်စွဲထားတဲ့နေရာတွေကလည်း ကြည့်ဦး ထိပ်ထားရဲ့'

တချို့က ချောင်းငယ် မြောင်းငယ် မြစ်လက်တက်အစွယ်တွေထဲမှာ၊ တချို့က သစ်တောနက်ကြီးထဲက သစ်ပင်တွေပေါ်မှာ၊ တချို့က တောင်ကုန်းလျှိုမြောင် ကျောက်ကမ်းပါးယံကြီးတွေမှာ၊ ရန်သူတွေဟာ မိုက်မိုက်မဲမဲ အတင်းစွတ်လိုက်လာကြရင်းနဲ့ သူတို့တပ်ကျွံပြီဆိုတာ သိသွားကြပါတယ်။ ဒါပေမယ့် အဲသည်လို သိလိုက်တဲ့အချိန်မှာ ပုဂံသားတွေနဲ့ ဥဿာမြို့စောင့်တပ်သားတွေရဲ့ လှံသွား ဓားသွား မြားတံတွေက သူတို့ရင်ထဲ စွဲဝင်နေကြပြီလေ။ သင်းတို့ အံ့သြဖို့တောင် အချိန်မရလိုက်ဘူး။

'စစ်ပွဲဟာ တစ်နေ့ခင်းပဲ ကြာလိုက်တယ် ထိပ်ထားရဲ့၊ ဂျွမ်းတွေဟာ တကယ့်ကို ကစဉ့်ကလျားပဲ၊ အင်အားကြီးတဲ့တပ်ကြီး ပျက်ပြီဆိုတော့ အထိအနာကြီးနာတော့တာပေ့ါ။ ပုဂံတပ်သားတွေဟာ ရေထဲက ပေါ်လာ၊ သစ်ပင်ပေါ်က ဆင်းလာဆိုတော့ ရန်သူတွေအဖို့ ငါတို့ဟာ လူမဟုတ်တဲ့ နတ်ဘီလူးတွေနဲ့ ရင်ဆိုင်နေရပါကလားလို့ အောက်မေ့သွားကြမှာပဲ။ ဟုတ်တယ်လေ၊ ကောင်းကင်ပေါ်က ကျလာလိုက်၊ ရေထဲက ပေါ်လာလိုက်၊ ကျောက်ကမ်းပါးယံကြီးတွေကြားထဲက ထွက်လာလိုက်ဆိုတော့'

သည်တစ်ခါတော့ ခင်ဦး ရယ်မိတော့တယ်။ အထိန်းတော်ကြီးဟာ နှုတ်ကပြောရုံနဲ့တင် အားမရတော့ဘူးထင်ပါရဲ့၊ ခြေဟန်လက်ဟန်တွေနဲ့ ဖြစ်လာတော့တာကိုး။

ခင်ဦး လွတ်လပ်စွာရယ်နေတာကို အထိန်းတော်ကြီးက အံ့သြတကြီး ငေးကြည့်နေတယ်။ ပင်တိုင်စံ သမီးတော်ဟာ သည်လိုတစ်ခါမှ မရယ်ဖူးပါဘူးလို့ သူ ထင်ကောင်းထင်နေမယ်။ ဒါပေမဲ့ ခင်ဦး ရာဇဣန္ဒြေဆိုတာကို ထိန်းသိမ်းဖို့ မကြိုးစားတော့ဘူး။ လွတ်လပ်စွာ ရယ်မောလိုက်ရခြင်းရဲ့ အရသာကို မြိန်ရှက်စွာ ရရှိနေတယ်။

ခင်ဦးရယ်နေတာကို အစအဆုံး စောင့်ကြည့်နေပြီးတော့မှ အထိန်းတော်ကြီးက

'ထိပ်ထား. . . အဲဒီလို ရယ်လိုက်တော့. . .'

ဆိုပြီး စကားတန့်နေတယ်။

'ဘာဖြစ်လဲ ပြောလေ၊ အထိန်းတော်ကြီး'

'ထိပ်ထားက သိပ်ကို ပိုလှသွားတာပဲ'

သည်တော့လည်း ခင်ဦး ရှက်မိပြန်ရောလေ။ ရယ်တာက ရယ်မိခြင်း ကို ရှက်တာမဟုတ်ဘူး။ ရယ်မိတဲ့အကြောင်းကို ပြန်တွေးမိလို့။

အမှန်ကတော့ အထိန်းတော်ကြီး ဒေါင်းတည်မောင်းတည်နဲ့ မျက်စမျက်နတွေ၊ ခြေဟန်လက်ဟန်တွေ ပါလာလို့ ရယ်မိတာ ဖြစ်ပေမယ့် ခင်ဦး ရင်ထဲမှာ အမြူးဓာတ်လေးတွေက ရှိနှင့်ပြီးသားလေ၊ ဟို. . . သူ့ရဲ့ အောင်ပွဲသတင်းတွေ၊ သူ့ရဲ့ သေနင်္ဂအစီအမံတွေကြောင့် ရန်သူထွက်ပြေးရပုံတွေပြီးတော့. . . သူဟာ ဥဿာရဲ့ ကယ်တင်ရှင်သူရဲကောင်းကြီးဖြစ်လာတဲ့ အကြောင်းတွေ. . .။

ဟင်. . . သူရဲကောင်းကြီးတဲ့။

ခင်ဦးရင်ထဲကတစ်ချက်ညို့သွားတယ်သူရဲကောင်းကြီးတဲ့။သူဟာ ဥဿာရဲ့ကယ်တင်ရှင်ကြီးပေါ့။အားလုံးက လေးစားဂုဏ်ပြုကြရမယ့် သူရဲကောင်းပေါ့။ ဒါ. . . ဒါဆို သူ့အနားမှာ ဥဿာနန်းတွင်းသူတွေက ဝိုင်းဝိုင်းလည်လို့ပေါ့။ သူ. . . သူကလည်း ဥဿာသူတွေရဲ့ အောင်ဆုနှင်းတဲ့ ပန်းပွင့်တွေ၊ ပိုးပဝါတွေကြားမှာ ဂုဏ်ယူဝင့်ကြွားနေမှာ၊ သူ့မျက်နှာကြီးမှာ မစဲတမ်းအပြုံးတွေနဲ့ ဦးခေါင်းကို ညိတ်ညိတ်ပြီး အောင်ဆုကို လက်ခံနေမှာ. . .။

'ထိပ်ထား. . . ဘာဖြစ်လို့လဲဟင်'

'ဘာဖြစ်လို့လဲ'

'မဟုတ်ဘူးလေ၊ ဘာကြောင့် ရယ်နေရာကနေ ချက်ချင်း ရပ်ပစ်လိုက်တာလဲ၊ ပြီးတော့လည်း မျက်နှာက ချက်ချင်း. . .'

'ဘာဖြစ်သလဲ ပြောစမ်း၊ ခင်ဦး ဘာဖြစ်နေလို့လဲ'

'ဟိုဟာပါ၊ တစ်ခုခု အလိုမကျသလို'

'အို. . . ဘယ်သူက ဘာဖြစ်နေလို့ ခင်ဦးက ဘာကိုအလိုမကျရမှာလဲ၊ ခင်ဦးနဲ့ ဘာဆိုင်လို့လဲ။ သူတို့ဘာသာသူတို့ စစ်ပွဲတွေ အောင်

မြင်တာ၊ သူ့ရဲ့ကောင်းကြီးတွေဖြစ်နေတာ၊ ခင်ဦးနဲ့ ဘာမှမဆိုင်ပါဘူး။ ခင်ဦး အနေသာကြီးပါ'

'ဟင် ထိပ်ထား. . . ဘာတွေပြောနေတာလဲ'

'သူရဲကောင်းကြီးတွေ၊ လူစွမ်းစစ်သည်ကြီးတွေဆိုတာ သိပ်ကြောက်စရာကောင်းတယ် သိလား'

'ဘယ်သူတွေလဲ'

'ခင်ဦး ဘယ်သိပါ့မလဲ၊ ကိုယ်တို့ဘာသာ ကိုယ်တို့ ရှာကြည့်ပေါ့။ ဝေးဝေးလံလံ ရှာစရာမလိုပါဘူး။ နန်းတွင်းသူတွေ တရုန်းရုန်းဖြစ်နေတဲ့နေရာတွေကို သွားကြည့်လိုက်ပေါ့'

'အို. . . ဟုတ်တယ်. . . ဟုတ်တယ်၊ ထိပ်ထားပြောမှပဲ သတိရတယ်၊ အခု နန်းတော်ခန်းမဆောင်မှာ စစ်အောင်ပွဲသဘင် ကျင်းပဖို့ စုရုံးနေကြတယ်။ ကချေသည်တွေလည်း ခေါ်ထားတယ်။ ညကျရင်တော့ သိပ်ပျော်စရာကောင်းမှာပဲ၊ အခုနေတော့ သဘင်ကျင်းပဖို့ စီစဉ်နေကြလေရဲ့'

'တော်ကြီးတို့ သွားကြပေါ့။ သူရဲကောင်းတွေကို ငေးကြပေါ့'

'သွားမှာပေါ့ ထိပ်ထားရဲ့၊ ထိပ်ထားလည်း ညဉ့်ဦးမှာ အဆင်သင့်ဖြစ်အောင် လုပ်ထားနော်။ ဝတ်လဲတော်အတွက် ရံရွှေလေးတွေကို အသင့်ပြင်ခိုင်းထားလိုက်မယ်'

'အို. . . တော်ကြီးတို့သာ သွားကြ၊ ခင်ဦး မလိုက်ဘူး'

'ဟင်. . . ဘာဖြစ်လို့လဲ'

'ခင်ဦး နေမကောင်းဘူး'

'အို. . . အခုချက်ချင်းပဲလား၊ ပန်းကလေးလိုပဲနော်၊ သိပ်နုတာပဲ'

'အို. . . ဘာတွေပြောနေမှန်းလည်း မသိဘူး'

ဒါပေမဲ့ ခင်ဦးစိတ်ထဲမှာတော့ ည ကျင်းပမယ့် စစ်အောင်ပွဲဂုဏ်ပြုသဘင်မှာ ဘယ်လိုဝတ်စားဆင်ယင်ပြီး ဘယ်လိုတက်ရောက်မယ်ဆိုတာ စဉ်းစားပြီးပြီလေ။

Z

## [၅]

စစ်အောင်ပွဲ ဂုဏ်ပြုသဘင်ကို ခင်ဦး နေမကောင်းလို့ မလိုက်တော့ဘူးဆိုပြီး အထိန်းတော်ကြီးကို ပြောလိုက်ပြီးကာမှ ကိုယ့်စကားနှင့်ကိုယ် ချည်တုပ်မိသွားတယ်။ ဘာမှ မသိရှာတဲ့ အထိန်းတော်ကြီးက-

'အို. . . ဟုတ်မှာပေါ့။ ပုဂံ စစ်သူရဲကောင်းတွေ ကြိုရတုန်းကလည်း ထိပ်ထား ပင်ပန်းရှာတယ်။ ပြီးတော့ စစ်ပွဲသတင်းကို နားထောင်ရတာလည်း စိတ်မောမှာပဲ။ အင်းလေ၊ အမှန်တော့ ဥဿာကို ဂျွမ်းစစ်တပ်ကြီး ဝင်ရောက်ထိပါးကတည်းက ထိပ်ထားခမျာမှာ စိတ်ရောကိုယ်ပါ ပင်ပန်းခဲ့ရှာတာကလား။ ဟုတ်ပေတာပေါ့။ သိပ်လှပြီး သိပ်နူးညံ့ရှာတဲ့ ပန်းကလေးတစ်ပွင့်ဟာ သူနဲ့မမျှတဲ့ မုန်တိုင်းကြီးတစ်ခုကို ဖြတ်သန်းခဲ့ရရှာတာဆိုတော့ ဟုတ်တာပေါ့ ထိပ်ထားရယ်၊ ဒီအချိန်မှာ ထိပ်ထား အနားယူသင့်တယ်။ကဲမိန့်တော်မူ၊အထိန်းတော်ကြီးဘာလုပ်ပေးရမလဲ'

တဲ့။ ခက်လိုက်တာ၊ ရင်ထဲနဲ့ နှုတ်ထွက် ဆန့်ကျင်ဘက်ဖြစ်နေတတ်တာမျိုးကို ငယ်ရာက ကြီးလာတဲ့ သည်မိန်းမကြီး မသိနိုင်ရန်ကော။

'ဘာမှ လုပ်မပေးနဲ့၊ ဘယ်သူမှလည်း ထိပ်ထားနားမှာ မနေနဲ့၊ တော်ကြီးတို့ဘာသာ အဲဒီဂုဏ်ပြုသဘင်ဆိုတာကြီးမှာ လူတွေ အများကြီးနဲ့ သွားနေကြ၊ သွားပျော်ကြ၊ ထိပ်ထားတစ်ယောက်တည်းနေခဲ့မယ်'

လို့ ပြောပစ်လိုက်တယ်။

အထိန်းတော်ကြီးလည်း ခင်ဦး တကယ်စိတ်ဆိုးသွားပြီဆိုပြီး မျက်လုံးအဝိုင်းသားနဲ့ ထွက်သွားရှာတယ်။

ခင်ဦး တကယ်လည်း စိတ်တိုနေတာ။ အားလုံးကိုလည်း မုန်းလိုက်တာ။ အတွေးထဲမှာ မုန်းစရာကောင်းတဲ့သူတွေ တစ်သီကြီး။ ဂွမ်းစစ်တပ်ကြီးကို ကိုယ်ကိုယ်တိုင် ဥဿာအင်အားနဲ့ မတွန်းလှန်နိုင်ခဲ့တဲ့ ခမည်းတော်နဲ့ စစ်သည်မှူးမတ်တွေကိုလည်း မုန်းတယ်။ သူတို့ မတွန်းလှန်နိုင်လို့ တမ္ပဒီပကို စစ်ကူတောင်းရတာပေါ့။ တမ္ပဒီပဘုရင် ဟို အနုရုဒ္ဓါဆိုတဲ့ ပုဂ္ဂိုလ်ကြီးကိုလည်း မုန်းတယ်။ သူ လွှတ်ပေးလိုက်လို့ သူ့စစ်သည် သူရဲကောင်းကြီးတွေ ရောက်လာတာပေါ့။ ပြီးတော့ အို့ . . ကိုယ့်ကိုယ်ကိုလည်း ခင်ဦး မုန်းတာပဲ။ ပင်တိုင်နန်းမှာ အေးအေးဆေးဆေး စံမနေဘဲ စစ်ကူလာတဲ့ သူရဲကောင်းအဖွဲ့ကို ထွက်ကြိုခဲ့တယ်လေ။

သည်အထဲမှာ သူတို့တွေက စစ်အောင်ပွဲ ဂုဏ်ပြုသဘင် ကျင်းပကြဦးမှာတဲ့။ မုန်းစရာတွေက တစ်ခုပြီးတစ်ခု။ စစ်ပွဲပြီးလို့ အောင်မြင်ပြီးသွားလည်း ပြီးရောပေါ့။ စစ်ကူအတွက် လက်ဆောင်ပဏ္ဏာတွေ ဘာတွေပေးပြီး ကိုယ့်ဌာနေ ကိုယ်ပြန်ကြပေါ့။ အခုတော့ ကြိုကြ၊ ဂုဏ်ပြုကြ၊ ပျော်ပွဲကြီးလုပ်ကြ၊ ဟို သူရဲကောင်းဆိုတဲ့ လူကြီးတွေကလည်း ဂုဏ်ပြုခံပုဂ္ဂိုလ်ကြီးတွေပေါ့။

မသွားဘူး၊ မသွားဘူး။ ဥဿာနန်းတော်တင် မကဘူး။ တစ်လောကလုံး ရှိရှိသမျှလူတွေ ပျော်ချင်ပျော်ကြ။ အဲသည်ပျော်ပွဲကြီးမှာ ခင်ဦး မပါဘူး။ မသွားဘူး။ မလိုက်ဘူး။ ခင်ဦး ဟို့ . . နေမှမကောင်းတာ။ ဟုတ်တယ်၊ ခင်ဦးကိုယ်ခင်ဦး ပိုင်တယ်။ နေမကောင်းချင်လို့လည်း ရတယ်။ ဘာဖြစ်သေးလဲ။

ပင်တိုင်စံ အဆောင်တံခါးကို မဖွင့်စတမ်းပိတ်ပြီး-

'ထိပ်ထားလေး. . .'

ဆိုတဲ့အသံကြားရလို့ တံခါးဆီ လှမ်းအကြည့်လိုက်မှာ သုတ်သီးသုတ်ပျာနဲ့ ဝင်လာတဲ့ အထိန်းတော်ကြီးက-

'ခမည်းတော်ကြီးဆီက အမိန့်တော်ရောက်လာတယ် ထိပ်ထားလေး၊ ဒီည ကျင်းပမယ့် စစ်အောင်ပွဲ ဂုဏ်ပြုသဘင်မှာ သမီးတော် မဏိစန္ဒာ

တက်ရောက်ရမယ်တဲ့ ထိပ်ထားလေးရေ၊ ဘယ့်နှယ်လုပ်မလဲ’

ဘုရင့်အမိန့်တော်နဲ့ သမီးတော်အကြား စိတ်များနေတဲ့ အထိန်းတော်ကြီးကို ကြည့်ရင်း ခင်ဦး ချက်ချင်းရယ်ချင်သွားတယ်။

ကဲပါလေ၊ သူ့ကို ကြာရှည် စိတ်ပင်ပန်းမနေစေချင်တော့ပါဘူး။

‘ခမည်းတော်ရဲ့ အမိန့်တော်တဲ့လား’

‘အခုပဲ ရောက်လာတာ ထိပ်ထား’

‘ဘယ်မှာ ကျင်းပမှာတဲ့လဲ’

‘နန်းမဆောင် သဘင်ခန်းမမှာတဲ့။ ဥဿာနန်းတွင်း အမှုတော်ထမ်းများ အကြီး အငယ် အလတ်မရွေး အားလုံးစုံညီတဲ့၊ ဘုရင်မင်းမြတ်ကိုယ်တော်တိုင် ပါဝင်ဆင်နွဲတော်မူမှာတဲ့’

‘ကဲ. . . ကဲ. . . ဝတ်လဲတော် အစုံတွေသာ ယူခဲ့ပါလေ’

‘အို. . . ထိပ်ထားဟာ တကယ်ကို’

သူ့ရဲ့ အံ့ဩဝမ်းသာ မျက်နှာကြီးကိုကြည့်ရင်း ရယ်ချင်လာတာနဲ့ ခင်ဦး မျက်နှာ တစ်ဖက်လွှဲလိုက်ရတယ်။ ကြည့်ပါဦး၊ မျက်နှာတစ်လှည့် ခေါင်းတစ်ငဲ့အတွင်းမှာပဲ လောကကြီးဟာ မုန်းစရာမကောင်းတော့ဘဲ ချစ်စရာကောင်းသွားပြန်ပါရောလား။

Y

‘ဟင့်အင်း၊ အဲဒီ အစိမ်းရောင်ကြီး မကြိုက်ဘူး၊ မဝတ်ချင်ဘူး’

‘မြရောင်ဝတ်စုံနဲ့ မြဘယက်ခါးစည်းလေ ထိပ်ထား’

‘အို. . . စိမ်းနေတာကြီးကို မဝတ်ချင်ပါဘူးဆို’

‘ဒါဖြင့် ဟောဒီ မိုးပြာရောင်လေးကော၊ ဟို နီလာသရဖူးလေးနဲ့ဆိုရင် သိပ်လှမှာ ထိပ်ထားရဲ့’

‘ဟင့်အင်း. . . မိုးပြာရောင်က ဖျော့လွန်းတယ်’

‘ဒါဆို ဟောဟို စံကားဝါရောင်လေးကော၊ ထိပ်ထား အသားလေးနဲ့ဆို ဝင်းဝင်းလက်သွားမှာ၊ စကားဝါ ခြုံလွှာလေးရယ်၊ ဟောဒီ မဟူရာဘယက်လေးရယ်၊ ဘယ်လောက်လှမလဲ ကြည့်’

'အို. . . အဲဒါလည်း ထိပ်ထား မကြိုက်သေးဘူး'

ဝတ်လဲတော်အစုံတွေ၊ ဘယက်ဒွါဒရာ အဆင်တန်ဆာ ရတနာတွေဟာ ခင်ဦးတို့နားမှာ တိမ်ရောင်စုံလွင့်ကြနေတဲ့ ညနေခင်း ကောင်းကင်တစ်ခုလို ဖြစ်နေပြီ။

အထိန်းတော်ကြီးနဲ့ ကိုယ်လုပ်ရံတွေ တစ်စုံပြီးတစ်စုံ ထုတ်ပေးနေတဲ့ ဝတ်လဲတော်တွေကို ခင်ဦး တစ်ခုမှ စိတ်တိုင်းမကျဘူး။ အထိန်းတော်ကြီးက ခင်ဦးကိုယ်မှာကပ်ပြီးပြ၊ ကြေးမုံထဲ လှမ်းကြည့်။ အစိမ်း၊ အဝါ၊ အပြာ၊ အနီ၊ ပန်းဆီ၊ စံကားဝါ၊ ဖက်ဖူး၊ နံ့သာ. . .။ ဘာတွေလိုနေမှန်းလည်း မသိဘူး။

ကြည့်နေရင်းမှာပဲ အရောင်အသွေးတွေက မှိန်ဖျော့လွင့်ပြယ်သွားကြသလို။

သရဖူ၊ ဘယက်၊ ပခုံးအုပ်၊ လက်စည်း၊ ခါးစည်းကြိုး၊ နားတောင်း၊ လက်ကောက်၊ အစုံလိုက် အစုံလိုက် ရတနာတွေကိုလည်း ခင်ဦး တစ်ခုမှ မျက်စိထဲ မတွေ့ဘူး။ ခက်လိုက်တာ။

'ဟောဒီ နှင်းပန်းရောင်လေးကော ထိပ်ထား၊ ကြည့်စမ်း၊ ဆွတ်ဆွတ်ဖြူနေလိုက်တာများ၊ ဒါကို ထိပ်ထား တစ်ခါမှ မဝတ်သေးဘူး'

အထိန်းတော်ကြီးက ကိုယ်မှာကပ်ပြီး ပြပြန်တယ်။

'အို. . . ကြေးမုံထဲ ကြည့်လိုက်စမ်းပါဦး ထိပ်ထားရယ်၊ လ နတ်သမီးလေး ကျနေတာပဲ'

ဖွေးဖွေးဥနေတဲ့ ဝတ်လဲတော်ကို လက်နဲ့သပ်၊ ဆွဲဖြန့်ရင်း ကြေးမုံထဲကို ကြည့်လိုက်တယ်။ အထိန်းတော်ကြီးပြောတဲ့ လနတ်သမီးဆိုတာကို တွေ့မိပါရဲ့။ ဒါပေမဲ့ ချက်ချင်းပဲ ခင်ဦး အတွေးတစ်ခု ဝင်လာတယ်။ သည်ည အောင်ပွဲဂုဏ်ပြုသဘင်မှာ ကချေသည်အဖွဲ့လည်း ပါလာမယ်။ သူတို့တွေ ကကြမယ်။ တေးဆိုကြမယ်။ သူတို့ရဲ့ဝတ်စုံက အဖြူရောင်။

ဟင့်အင်း. . . လနတ်သမီးတွေ အများကြီးရှိနေမှာ။

'ဘာလဲဟင်. . . ထိပ်ထား၊ ဘာကိုပြောတာလဲ'

'အို. . . ဘာမှ မဟုတ်ပါဘူး။ အဖြူဝတ်စုံ မဝတ်ချင်ဘူး'

ကြက်သွေးရင့်၊ သစ်ခွပြာ၊ ပန်းနီဝါ။ ခက်လိုက်တာကွယ်။ အရောင်

တစ်ခုဟာ လောကမှာ သည်လောက်ရှားပါးရသလား။ ဟိုး မိုးပေါ်က အရောင်တွေ တက်ရှာမှာလား။ ဒါမှမဟုတ် ဟိုး ပင်လယ်အောက်. . .

အို. . . ရပြီ၊ ရပြီ. . . ကြည့်စမ်း၊ ခင်ဦး ဒါကို ဘာကြောင့် အစက မတွေးခဲ့မိပါလိမ့်။

'ဟို ကလပ်ပေါ်မှာ တင်ထားတဲ့ ခရမ်းပြာ ပေးစမ်း'

ရံရွေတွေက ခရမ်းပြာ ဝတ်လဲတော်ကို ဖြန့်ပြီး ထိပ်ထားကိုယ်မှာ ကပ်ပေးဖို့ ပြင်ကြပြန်တယ်။ အထိန်းတော်ကြီးက တစ်ကိုယ်စာ ကြေးမုံ ကြီးကို အလောတော် ရွှေ့ပေးဖို့လုပ်တယ်။

'ထိပ်ထားကို တစ်ခါတည်းသာ ဆင်ပေး'

'ခရမ်းပြာကို ထိပ်ထား ရွေးလိုက်ပြီလားဟင်'

'ဟုတ်တယ်၊ ထိပ်ထား ဝတ်ချင်နေတာ အဲဒီအရောင်'

သူတို့ ဘာမှ မပြောကြတော့ဘူး။ သင်တိုင်း၊ ခြုံလွှာ၊ ပဝါ၊ ကိုယ် ကြပ်၊ သူ့နေရာနဲ့သူ ဆင်ယင်ချိတ်ဆွဲဖို့ အလုပ်များသွားကြတယ်။

ခင်ဦးကတော့ ကြေးမုံထဲမှာ ခရမ်းပြာရောင်ရဲ့ ဖူးပွင့်လာနေပုံကို ကြည့်ရင်း ဒီဝတ်လဲတော်ကို ရက်လုပ်ဆက်သခဲ့တဲ့ အချုပ်တော် အမှုထမ်း အဘွားအိုကြီးစကားကိုပဲ ကြားယောင်နေတယ်။

. . . ဟို ပဝေသဏီတုန်းကပေါ့ ထိပ်ထားရယ်။ အပြောကျယ်လှတဲ့ ပင်လယ်သမုဒ္ဒရာကမ်းခြေမှာ ဘုရင့်သမီးတော်ကလေးတစ်ပါးဟာ သူ့ရဲ့ ခွေးကလေးနဲ့အတူ လမ်းလျှောက်ထွက်ရင်းနဲ့ လူသူမနီးတဲ့ ကျောက်ဆောင် ကြီးတွေ တစ်နေရာအရောက် ခွေးကလေးက ကျောက်ဆောင်တွေကြားထဲ ပြေးဝင်သွားပြီး ပြန်ထွက်လာတော့ ခွေးကလေးရဲ့ ဖြူလွတဲ့အမွေးတွေဟာ ထူးဆန်းတဲ့ အရောင်တွေ စွန်းထင်းပေကျံလာတာ တွေ့ရသတဲ့။ အဲဒီ အရောင်ကို ဒီအရင်က ဘယ်လူသားမှ မမြင်ကြဘူးတဲ့။ ဒီအရောင် ထူး ဆန်းလွန်းလို့ ဘုရင့်သမီးတော်လေးဟာ ကျောက်တောင်တွေကြား စွန့်စား သွားကြည့်ရာကနေပြီး ပင်လယ်သမုဒ္ဒရာရဲ့ ကျောက်ဆောင်ကျောက်ခက်တွေ အကြား တွယ်ကပ်နေတဲ့ အကောင်လေးတွေဆီ ထွက်လာတဲ့၊ အရည်က လာတဲ့ အရောင်ဖြစ်ကြောင်း တွေ့ရသတဲ့။ ဒါကို သူ့ရဲ့အမှုတော်ထမ်းတွေ ပြောပြပြီး ပိုပြီးနက်ရှိုင်းတဲ့ ကျောက်ဆောင်တွေနဲ့ ရေအောက်ကြမ်းပြင်တွေ

ဆီ ရှာခိုင်းတဲ့အခါမှာ အလွန်ထူးဆန်းတဲ့ ကနုကမာလို အကောင်မျိုးလေး တွေဆီက အလွန်ထူးဆန်းတဲ့ အရောင်တွေကို တွေ့ရှိလာတယ်။ တွေ့ရပုံ ထူးဆန်းလွန်းလို့၊ ပြီးတော့ ခက်ခက်ခဲခဲ ရှာဖွေရတာမို့ ဒီအရောင်ကို ဘုရင့်သမီးတော်လေးမှတစ်ပါး မည်သူမျှ မသုံးရလို့ ဘုရင်ကြီးက အမိန့်တော် ထုတ်လိုက်သတဲ့။ အဲဒါဟာ အခု ထိပ်ထားကို ဆက်သတဲ့ ခရမ်းပြာရောင်၊ မဟာဆီ မဟာသွေးများသာ သုံးစွဲခွင့်ရတဲ့ မဟာအရောင်ပေါ့ ထိပ်ထားရဲ့။

ခရမ်းပြာရဲ့ ချစ်စရာဒဏ္ဍာရီကို တွေးမိနေတုန်းမှာပဲ သူတို့ ခင်ဦးကို ဝတ်လဲတော် ဆင်ယင်ပေးပြီးသွားကြတယ်။

'ထိပ်ထား ဘယ်လိုရတနာမျိုး ဝတ်မလဲ'

ပင်လယ်သမုဒ္ဒရာထဲ ကနုကမာလေးတွေရဲ့ ခရမ်းပြာဆိုတော့။

'ပုလဲ လည်ဆွဲပေး'

ဆင်ယင်ထုံးဖွဲ့မှုအားလုံး ပြီးတဲ့အချိန်မှာ ကြေးမုံရှေ့ ခင်ဦးရပ်လိုက်တယ်။ ခရမ်းပြာ မိန်းကလေးက ခင်ဦးကို ဝံ့ဝံ့စားစားကြည့်လို့။ မဟာအရောင်ရဲ့ အရှိန်အဝါ အငွေ့အသက်တွေဟာ တရိပ်ရိပ် လွှင့်တက်နေလေ သလား။

ကြေးမုံထဲက သူ့ကိုယ်ထက်မှာ ခရမ်းပြာဝတ်စုံ၊ သူ့လည်မှာ တစ်ကုံးတည်းသော ပုလဲလည်ဆွဲ၊ သူ့ရင်ညွန့်ထက်မှာ ပုလဲကုံးလေးတွေက ခရမ်းပြာ ကိုယ်ကြပ်ရဲ့ အထက်အနား အရေးအကြောင်းနဲ့ မထိတထိ လှုပ်ယမ်းလို့။ သူ့ခေါင်းထက်မှာ ဘာသရဖူမှ မရှိ။ သူ့ပခုံး သူ့လက်မောင်းမှာလည်း ဘာ ဘယက်ဒွါဒရာမှ မရှိ။

ဖားလျားပြန့်ကြေနေတဲ့ နက်မှောင်ကေသာ တစ်ထွေးတအိ၊ ပြီးတော့ ငြိမ်သက်နေရင်းမှာပဲ လှုပ်ယမ်းနေတဲ့ ပုလဲလုံးလေးတွေ။ ပြီးတော့. . . ခရမ်း ပြာ မဟာအရောင်။

'ထိပ်ထားရယ်. . . လှလိုက်တာ၊ လှလိုက်တာ'

လေသံလောက်နဲ့သာ တတွတ်တွတ်ရေရွတ်နိုင်တော့တဲ့အထိန်းတော်ကြီးကို ခင်ဦး တစ်ချက်ပြုံးကြည့်လိုက်တယ်။

'အောင်ပွဲ ဂုဏ်ပြုသဘင်ကို သွားကြစို့'

# [၆]

နန်းတွင်း သဘင်ဆောင်ခန်းမရဲ့ အပြင်စင်္ကြံဆီကို ခင်ဦးတို့ရောက်နေချိန် ခန်းမထဲမှာတော့ သဘင်ပွဲကျင်းပနေပြီလေ။

ခန်းမဆီကနေ စီခနဲ ထွက်အန်ကျလာတဲ့ ဂီတသံတွေ၊ လက်ခုပ်လက်ဝါးတီးသံတွေ၊ မြူးထူးအော်ဟစ်ကြွေးကြော်သံတွေ၊ ပြီးတော့ . . လူတွေအများကြီး တစ်စုတစ်ရုံးတည်းရှိနေရာက ထွက်လာတဲ့ ဗလုံးဗထွေးသံတွေ။

အတွင်းစင်္ကြံ တံခါးဝရှေ့အရောက်မှာ အစောင့်ရဲမက်တွေက ခင်ဦးကိုတွေ့တယ်ဆိုရင်ပဲ ထုံးစံအတိုင်း လှံ့ရှည်တွေကိုမြှောက်၊ အောက်ပြန်ချ၊ ကြမ်းပြင်မှာ ဒူးလေးထောက် ခစားလိုက်ကြတယ်။ အဲသည်အချိန်မှာ တံခွန်တပ်ထားတဲ့ တံပိုးကိုင် သံတော်ဆင့်ကလည်း ထုံးစံအတိုင်း 'သမီးတော် ထိပ်ထား မဏိစန္ဒာ ရောက်ရှိတော်မူလာကြောင်း' ခစားကြဖို့ အချက်ပေးတဲ့ တံပိုးသံမှုတ်ဖို့ အသင့်ပြင်လိုက်တယ်။ ခင်ဦး ကမန်းကတန်းပဲ သံတော်ဆင့်ကို လက်ကာပြရင်း တစ်ဆက်တည်းပြောလိုက်တယ်။

'လွတ်လွတ်လပ်လပ် နေကြပါစေ'

သံတော်ဆင့်ဟာ မမှုတ်ဖြစ်လိုက်တဲ့ သူ့တံပိုးကို ပြန်ချရင်း ခင်ဦးကို ဦးညွှတ်ခစားတယ်။ ခင်ဦး သူ့ကို ခေါင်းညိတ်ပြလိုက်ပါတယ်။

ခင်ဦး ရောက်လာတာကို သူတို့ မသိစေချင်ဘူး။ ဘုရင့်သမီးတော်ရောက်ရှိလာတဲ့အတွက် သူတို့ရဲ့အသံတွေအားလုံး ငြိမ်သက်သွားပြီး အားလုံး

က ဘုရင့်သမီးတော်ဆီ တညီတညွတ်တည်း လှည့်ခစားကြတာမျိုး၊ ကျင်းပနေတဲ့ သဘင် ခေတ္တရပ်ဆိုင်းသွားတာမျိုး မဖြစ်စေချင်ဘူး။

ဘဘင်တော်ခန်းမထဲ ဝင်လာခဲ့ကြတယ်။ ရုံရွှေလေးယောက်က ခင်ဦးရှေ့က အထိန်းတော်ကြီးက နောက်ကလိုက်ပါလို့၊ ခန်းမ ဗဟိုကွက်လပ်ရဲ့ စက်ဝိုင်းသဏ္ဍာန် ကျောက်သားပြင်နေရာမှာတော့ ကချေသည်တွေက ကပြဖျော်ဖြေနေကြပြီ။ စည်တို၊ ခွက်ခွင်းနဲ့ ချူသံတွေကလည်း အကျယ်လောင်ဆုံး သံစုံမြည်နေကြပြီ။ ခန်းမဆောင်ကြီးအပြည့် ဝန်းကျင်ပတ်လည် ပွဲကြည့်စင်အခန်းငယ်လေးတွေထဲက ပရိသတ်တွေဟာလည်း ကပွဲကိုကြည့်ရင်း လက်ခုပ်လက်ဝါး စည်းနရီလိုက်နေကြပြီ။

သူတို့ သိပ်ပျော်နေကြတယ်။ စစ်အောင်ပွဲသဘင်တစ်ခုကို ဥဿာသားတို့ မဆင်နွှဲရတာ ဘယ်လောက်ကြာခဲ့ပြီလဲ။ အထူးသဖြင့် ဥဿတစ်ခွင်လုံး ထောင်းထောင်းကြေ ပျက်ရတော့မယ့်ဘေးကြီးက အပြီးတိုင် လွတ်မြောက်ခဲ့ကြတဲ့ပွဲ။ အင်အားကြီးလွန်းလှတဲ့ ရန်သူကို အောင်မြင်စွာ တိုက်ခိုက်မောင်းထုတ်နိုင်ခဲ့ကြတဲ့ပွဲ။ သတ္တန္တရကပ်ဘေးကြီးရဲ့ဖမ်းစားမှု အမှိုက်မှောင်ကြီးထဲကနေ ဖောက်ထွက်ဖြတ်ကျော်နိုင်ကြတဲ့ပွဲ။

ခင်ဦး ရောက်လာတာကိုပဲ သတိမထားမိနိုင်လောက်အောင် သူတို့ လွတ်လပ်စွာ ပျော်ရွှင်နေကြတယ်။ ခင်ဦးကလည်း သူတို့ သတိမထားမိတာကို ပိုပြီး သဘောကျနေတယ်လေ။

အားလုံးထက်ပိုပြီး သဘောကျစရာကောင်းတာက ခင်ဦး ကြိုတင်တွက်ထားတဲ့အတိုင်း သဘင်ဆောင်ခန်းမကြီးရဲ့ ပွဲကြည့်စင်တော်နေရာမှာ ခမည်းတော် ရောက်မလာသေးတာ။ ပြီးတော့ ခမည်းတော်နဲ့အတူ ပါလာမယ့် 'ဧည့်သည်တော်ကြီးတွေ' ရောက်မလာသေးတာကိုပေါ့။

ခမည်းတော်အတွက် ခင်းကျင်းထားတဲ့ စင်တော်နေရာရဲ့ မလှမ်းမကမ်းက 'သမီးတော်ပွဲကြည့်ဆောင်ခန်းမ'မှာ ခင်ဦး ဝင်ထိုင်လိုက်တယ်။ ရုံရွှေလေးဦးနဲ့ အထိန်းတော်ကြီးတို့ကို ခင်ဦးရှေ့မှာ နေရာယူစေလိုက်တယ်။ အနီးအနားတစ်ဝိုက်မှာ ရှိနေကြတဲ့ သဘင်ဆောင်မှူး အမတ်ဝန်နဲ့ မြို့စောင့်တပ်မှူးတို့က ခင်ဦးကို ဦးညွှတ်ခစားကြတယ်။ သက်သာသလိုနေကြပါဆိုတဲ့ အထိမ်းအမှတ်နဲ့ ခင်ဦး သူတို့ကို လက်ကာပြလိုက်တယ်။ သူတို့ သေယစ်

နေကြပြီဆိုတာလည်း ခင်ဦးသိလိုက်ရဲ့။ မြို့စောင့်တပ်မှူးဆိုရင် ခင်ဦးကို ဦးညွှတ်ခစားရာမှာ လိုအပ်တာထက်ပိုတဲ့ဟန်ပန်မျိုး။ ဒါပေမဲ့ သူ့ကို ခင်ဦး ခွင့်လွှတ်လိုက်ပါတယ်။ အမှန်တော့ သူတို့ သေယစ်နေကြတာ။ ခင်ဦးကို စူးခနဲ တစ်ချက်ကြည့်လိုက်ကြတာတွေကို ခင်ဦး အမှုထားဖို့ စိတ်မဝင်စားဘူး။

စည်တိုသံ၊ ခွက်ခွင်းသံနဲ့ ခြူသံဟာ အဆက်မပြတ်ဘဲ။

အော်ဟစ်ကြွေးကြော် အားပေးသံ၊ စည်းချက်နရီလိုက်သံတွေနဲ့အတူ သေနဲ့သံ၊သေခွက်ချင်းထိခတ်သံတွေကလည်း လုံးထွေးလို့။ အမဲဟင်းလျာနံ့၊ သေနံ့၊ ပျားဖယောင်းနဲ့ နံ့သာနံ့တွေကလည်း လှိုက်ဝှန်လို့။

အထိန်းတော်ကြီးက ရှေ့မှာထိုင်ရင်း ခင်ဦးကို မော့်ပြီးလှည့်ကြည့်ရာတယ်။ ပြီးတော့ ရွှေကလပ်ပေါ်က နှင်းရည်နဲ့ရောထားတဲ့ ဆေးဘူးကို လှမ်းဆက်တယ်။ ထိပ်ထား မအီမသာဖြစ်နေရှာရော့မယ်တဲ့။ ခင်ဦး ပြုံးပြီး ခေါင်းယမ်းပြလိုက်တယ်။ ခင်ဦးမှ နေမကောင်းမဖြစ်တာဘဲ။ ဘယ်သူက ပြောသလဲ ခင်ဦး နေမကောင်းဘူးလို့။

ကပွဲတစ်ခုပြီးခါနီး ခြူသံ မစဲခင်မှာပဲ ခန်းမဆောင်တံခါးဝဆီက သံရှည် တံပိုးမှုတ်သံ သုံးချက်ပေါ်လာတယ်။ အားလုံး အသံတွေတိတ်သွားတယ်။ စောစောက ပွက်ပွက်ရိုက်နေတဲ့ အသံတွေအားလုံးကို ခွင်တံကြီး တစ်ခုနဲ့ ရိုက်ပြီး မောင်းထုတ်လိုက်တဲ့အတိုင်းပါပဲ။

ခမည်းတော်ဘုရားတို့ လာကြပြီလေ။

ရှေ့ဆုံးက အဆောင်တော်ကိုင် အမှုထမ်းနှစ်ဦး၊ နောက်က နန်းရင်းဝန်ကြီး၊ ပြီးတော့ တပ်မင်းခေါင်းဆောင်တဲ့ သက်တော်စောင့်တပ်ဖွဲ့၊ နောက်မှာတော့ ခမည်းတော်ဘုရား။ ရွှေရောင်အနားကွပ်၊ ဘော်ငွေရောင်ဝတ်ရုံကြီးနဲ့။ သည်အချိန်မှာပဲ သဘင်ဆောင်ခန်းမထဲမှာ တဝေါဝေါမြည်သွားပြန်တယ်။ ခမည်းတော်ဘုရားကို ဒူးထောက်ခစားလိုက်ကြတဲ့ အသံပေါ့။

ဆူညံမှု၊ ပြီးတော့ တိတ်ဆိတ်မှု၊ ပြီးတော့ ပြန်လည်ဆူညံလာမှု။

ကြည့်ပါဦး၊ ပြောင်းလဲမှုတွေက ချက်ချင်း ချက်ချင်း။

အခုပဲဆူလိုက်၊ အခုပဲတိတ်လိုက်၊ အခုပဲ ပြန်ဆူလိုက်။

ခင်ဦး ရင်တွေတုန်လိုက်တာ၊ ဘာကြောင့်များ ခင်ဦး သည်လိုဖြစ်. . .

အို့ . . . တစ်လောကလုံး သွက်သွက်ခါသွားပြီလား။

သဘင်ဆောင်ခန်းမကြီးတစ်ခုလုံး ပွင့်ထွက်သွားပြီလား။

တဟေားဟေား ကြွေးကြော်သံ၊ စည်သံ၊ ခွက်ခွင်းသံ၊ ခြူသံ၊ လက်ခုပ်လက်ဝါး ပြိုင်တူညီညာတီးသံ၊ ပြီးတော့ . . .

'ပုဂံစစ်သည် သူရဲကောင်းကြီးများ မာပါစေ သာပါစေ'

'တပ်မင်းကြီး ကျန်စစ်သား၊ မာပါစေ၊ သာပါစေ'

တစ်ခဲနက် ဟစ်ကြွေးသံကြီးကြောင့် ဥဿာနန်းဆောင်ကြီးတစ်ခုလုံး မြေအပြင်ကနေ ကြွတက်၊ ကောင်းကင်ထက် ပျံဝဲသွားတော့မှာလား။

ခမည်းတော်ရဲ့နောက်က ပါလာတဲ့ ပုဂံစစ်သည်တော်တွေ ခန်းမဆောင်ထဲ ရောက်လာကြတယ်ဆိုရင်ပဲ အားလုံး ဖြိုင်ဖြိုင်ထ၊ လက်ရုံးဆန့်တန်းကြွေးကြော်ကြ၊ ဦးရစ်ပဝါပစ်မြှောက်ကြ၊ ဖရိုဖရဲမဟုတ်တဲ့ ညီညာမှုတွေနဲ့ မြင်ကွင်းဟာ ရှုပ်ထွေးသွား။ အထက်ကနေ အောက်ပြန်ဝဲကျလာတဲ့ ပဝါ ရောင်စုံတွေအကြားမှာ ရိပ်ခနဲ ရိပ်ခနဲ ရွေ့လျားလက်တဲ့ ဝိုးတဝါး မြင်ကွင်းများထဲက 'သူ'။

သည်အချိန်မှာ ခင်ဦး အားလုံးနဲ့အတူ ထရပ်လိုက်မိသလား။ အထီးတည်း အစွဲအမြဲအတိုင်း ကျန်နေသလား၊ အားလုံးနဲ့အတူ ဟစ်ကြွေးမိသလား၊ အထီးတည်း တိတ်ဆိတ်နေသလား။

ဒါမှမဟုတ် လုံးဝ ထွက်မကျလာသော အသံတစ်ခုနဲ့ အားလုံးထက် ပိုပြီး ကျယ်လောင်စွာ အကျယ်လောင်ဆုံးဖြစ်စွာ ခင်ဦး အော်ဟစ်နေမိသလား။

Z

# [၇]

'ဘုန်းတော်ကြီးသော ဥဿာဘုရင်မင်းမြတ်ရဲ့ ခွင့်ပြုအမိန့်တော်အရ စစ်အောင်ပွဲဂုဏ်ပြုသဘင်ဟာ ပရိတ်သတ်အပေါင်း လွတ်လပ်စွာ ပျော်ရွှင်ဆင်နွှဲကြစေ'

ခမည်းတော်နဲ့ ဧည့်သည်ကြီးတွေ နေရာယူပြီးကြချိန်မှာ သံတော်ဆင့်ရဲ့ အသံဝါကြီးက ဟိန်းထွက်လာတယ်။ အားလုံးရဲ့ ဟေးခနဲ ဟစ်ကြွေးသံက သံတော်ဆင့်ရဲ့အသံနဲ့ ထက်ကြပ်မကွာ လိုက်ပါလာတယ်'

ကပွဲသဘင်ကိုလည်း ဆက်လက်ကျင်းပကြပြန်တယ်။ ဒါပေမဲ့ ကချေသည်အဖွဲ့၊ ဘယ်အကမျိုးကလို့ ပရိသတ်က ဘယ်လိုအားပေးနေကြတယ်ဆိုတာ ခင်ဦး မသိတော့ဘူး။ ခင်ဦး ခေါင်းကိုအတွင်သာငုံ့၊ မျက်နှာကို မဖော်တမ်း အောက်ချထားလိုက်မိလို့။

ကတ္တီပါပုံပေါ် အလိုက်သင့် အိကျနေတဲ့ ခရမ်းပြာခြုံလွှာအနားစနဲ့ ပုလဲလည်ရွှဲကိုပဲ ခင်ဦး အတွင်သာ ပွတ်သပ်နေမိတော့တယ်။ သည်အချိန်မှာပဲ ဘာကြောင့်မှန်း မသိဘူး။ ခမည်းတော်က ခင်ဦးကို 'သမီးတော်မဏိစန္ဒာ'လို့ လှမ်းပြီး မနှုတ်ဆက်လိုက်ပါစေနဲ့လို့လည်း ဆုတောင်းနေမိတယ်။

ခင်ဦး ဆုတောင်းပြည့်လေရဲ့။ ခမည်းတော်ဟာ သူ့ဧည့်သည်တွေ၊ ဥဿာနန်းတော် အမှုထမ်းတွေနဲ့ပဲ စကားစမြည်ပြော၊ ရယ်မောနေသံတွေကို

သာ ကြားရတယ်။ သည်လိုနဲ့ပဲ ပွဲသဘင် အစီအစဉ်တွေ တစ်ခုပြီးတစ်ခု ပြောင်းလဲတင်ဆက်၊ သေခွက်၊ သေတကောင်းတွေက ပိုပြီးများလာ။ ရယ်မောပြောဆိုသံတွေကလည်း တစ်စထက်တစ်စ ရှုပ်ထွေးကျယ်လောင်လာ၊ ကြာလာတော့ ခင်ဦး မူးနောက်နောက်ကြီး ဖြစ်လာတယ်။

ဘယ်သူ့ ဘယ်သူကိုမှ ဘာမှန်းမသိတဲ့ သည်သဘင်ပွဲ ခင်ဦး တက်ရောက်ခဲ့တာ မှားလေပြီလားလို့ အတွေးဝင်လာပြန်တော့တယ်။

ဒါပေမဲ့. . .

'ဘုရင်မင်းမြတ် အမိန့်တော်အရ စစ်အောင်ပွဲ ဂုဏ်ပြုသဘင်ရဲ့ ဒုတိယကဏ္ဍကို စတင်ပါတယ်'ဆိုတဲ့ သံတော်ဆင့်ရဲ့ ကြေညာသံနဲ့အတူ သဘင်ဟာ နောက်တစ်မျိုး ပြောင်းလဲသွားပြန်တယ်။ ကျွက်ကျွက်ညံနေတဲ့ အသံတွေဟာ တဖြည်းဖြည်း တိုးဆိတ်သွားကြပြန်တယ်။

ငုံ့ငိုက်မျက်နှာနဲ့ပဲ ခင်ဦး အသာအယာ မျက်လွှာပင့်ကြည့်လိုက်တော့ ခမည်းတော်ဟာ နေရာကနေ မတ်တပ်ရပ်လိုက်တာ တွေ့ရတယ်။

'ဉဿာသူ ဉဿာသားတို့၊ ကမ္ဘာလောကမှာ ကံအကောင်းဆုံးနဲ့ အပျော်ရွှင်ဆုံး တိုင်းသားတို့၊ သင်တို့ရဲ့ဆန္ဒကို ကျွန်ုပ် သိရှိထားတဲ့ အတိုင်း စစ်ကူ ပုဂံသူရဲကောင်းကြီးများကိုယ်တိုင် တစ်ဦးစီ သင်တို့ကို နှုတ်ခွန်းဆက်စကား မြွက်ကြားပေးဖို့ ကျွန်ုပ် ခွင့်ပြုထားတယ်။ သင်တို့ရဲ့ မဟာမိတ်သူရဲကောင်းကြီးများ ပြောဆိုတာကို နားထောင်ကြပေတော့'

အို. . . သူရဲကောင်းကြီးတွေက တစ်ဦးစီ စကားပြောကြမယ်ဆိုပါလား။

'အထိန်းတော်ကြီး၊ မီးတိုင်ကို ဒီဘက်နည်းနည်းရွှေ့လိုက်စမ်းပါ၊ အလင်းရောင်က မျက်စိစူးလွန်းလို့'

ကောင်းချီးပေးလိုက်ကြတဲ့ အသံနဲ့ရောပြီး ခင်ဦးက ပျားဖယောင်းမီးတိုင်ကို ခင်ဦးရှေ့ဘက် အရွှေ့ခိုင်းလိုက်တယ်။ မီးရောင်ကြီးက ခင်ဦး အပေါ်တည့်တည့်ကြီး လင်းဖြာကျနေတယ်လေ။ တောက်ပလွန်းတဲ့ အလင်းထဲ ခင်ဦး မနေရဲပါဘူး။ ဟုတ်ပြီ၊ အထိန်းတော်ကြီး ရွှေ့ပေးလိုက်တဲ့ အတွက် မီးတောက်ရဲ့လှုပ်ယမ်းမီးရောင်အောက်မှာ ခင်ဦး မှောင်တစ်ချည် လင်းတစ်လှည့် နေသာထိုင်သာ ရှိသွားပြီ။

'ပထမဦးစွာ တမ္ပဒီပတပ်တော်မှ ဘုရင့်တပ်မှူးကြီး သူရဲကောင်း

ဦးငထွေက စတင်မြွက်ကြား နှုတ်ခွန်းဆက်စကား ဆိုပါလိမ့်မယ်'

သံတော်ဆင့် ကြေညာပြီးတဲ့နောက်မှာ ခမည်းတော်နဲ့ တစ်ယောက်ချင်း ထိုင်နေတဲ့ လူကြီးတစ်ယောက် မတ်တတ်ရပ်လိုက်တယ်။

'အဟမ်း၊ ကျုပ်ဟာ တမ္ပဒီပတပ်တော်က ဆိုတာလည်းဟုတ်ရဲ့၊ ဘုရင် အနော်ရထာရဲ့ တပ်မှူးကြီးဆိုတာလည်း ဟုတ်ရဲ့၊ ဟောဒီက သံတော်ဆင့်ကြီး ဂုဏ်ပုဒ်ပေးသလို သူရဲကောင်းကြီးဆိုတာလည်း ဟုတ်ပြီ ဆိုကြစို့ရဲ့။ သို့သော်လည်း ဘုရင်မင်းမြတ်နဲ့တကွသော ဥယျာပြည်သူ အပေါင်းတို့၊ ကျုပ်နာမည်ကို သံတော်ဆင့်ကြီး ရွတ်သွားတာကတော့ နည်းနည်းကလေး လွဲနေတယ်။ ဦးစွာ အဲဒါလေး ပြင်ပါရစေဦး၊ ဘာတဲ့ သူရဲကောင်းကြီး ဦးငထွေတဲ့၊ အဲဒါ မဟုတ်ဘူးဗျာ။ ကျုပ်နာ မည်က ငထွေ၊ ငထွေပဲ။ ဦးငထွေ မဟုတ်ဘူး။ ဦးမပါဘူး။ ငထွေ ပါတဲ့ဗျား. . .

ဝေါခနဲရယ်လိုက်ကြတဲ့အသံ၊ အို ကြည့်ပါဦး။ သည်လူကြီး ခင်စရာ ကောင်းလိုက်တာ၊ သူပြောပုံက တစ်နိုင်ငံ တိုင်းတစ်ပါးက စစ်သူရဲကောင်း ကြီးတစ်ယောက်နဲ့ မတူဘူး။ ဥယျာမှာ မွေးကတည်းက နေလာခဲ့တဲ့အတိုင်း တရင်းတနှီး ရှိလိုက်တာ။ ခင်ဦးတော့ ဦး. . . အဲ ငထွေကို ခင်သွားပြီ။

ကြည့်ပါဦး၊ သူဝတ်လာတာ၊ တမ္ပဒီပဝတ်စုံ မဟုတ်ဘူး။ ဥယျာနန်း တွင်းက လူပျိုတော်သားတွေ ဝတ်လေ့ရှိတဲ့ ဝတ်စုံ။ အနီနဲ့ အဝါ ပန်းဖော် ကိုယ်ကြပ် ရွှေရောင်ရင့် သင်တိုင်းနဲ့။ သူ ဒါကို သည်ပွဲမှာဝတ်ဖို့ အစ ကတည်းက ကြိုတင်စီစဉ်ထားခဲ့တာ ဖြစ်မယ်။

သူ့ပုံကလည်း အဟင်း...ခင်ဦး ရယ်ချင်လိုက်တာ။ အသားကညိုညို၊ နှုတ်ခမ်းမွေးစစ၊ မျက်ပေါက်ကျဉ်းကျဉ်း၊ သူ့မျက်နှာဟာ အမြဲတမ်း ပျော်ရွှင် စရာတွေကိုသာ တွေးနေတတ်တဲ့ မျက်နှာမျိုး။

'ဒါကြောင့် ကျုပ်ရဲ့ချစ်ကြည်စွာသော ဥယျာမိတ်ဆွေများက ကျုပ်ကို ရင်းနှီးစွာနဲ့ တပ်မှူးငထွေလို့ပဲ ခေါ်ပေးကြပါ။ ဦးတပ်ရလောက် အောင် ကျုပ် အသက်လည်း မကြီးသေးပါဘူး'

'အဲ. . . အိမ်သူလည်း မရှိသေးပါဘူး'

ပြောရင်းနဲ့ နန်းတွင်းသူ အပျိုတော်တွေရဲ့ ပွဲကြည့်စင်ဘက်ကို မသိ

မသာ မျက်လုံးတစ်ချက် ဝင့်ကြည့်ပြလိုက်တော့ အားလုံး ရယ်ကြပြန်တာ ပေါ့။

'အခု စစ်အောင်ပွဲသဘင်ကြီးမှာ ချစ်စွာသော မိတ်ဆွေများကို သေတကောင်း၊ သေခွက်များနဲ့အတူ အခုလိုစည်ကားစိုရွှဲစွာ တွေ့လိုက်ရတော့...'

သူ့စကား ဆက်လို့ကိုမရဘူး။ တအုံးအုံး ရယ်ကြပြန်တယ်။ ပြီးမှ...

'အဲ... ခုလိုတွေ့လိုက်ရတော့ ကျုပ်လေ...ကျုပ်ရဲ့ဇာတိချက်ကြွေ မွေးရပ်ဌာနေ၊ ဟိုး တမ္ဗဒီပနိုင်ငံရဲ့ အထက်ပိုင်းမှာရှိတဲ့ ကျုပ်ရဲ့ သံယောဇဉ်များကို သတိရနေတော့တာကလား...'

'ဘာသံယောဇဉ်တွေလဲ တပ်မှူးကြီး'

ပရိသတ်ထဲက အော်ဟစ်မေးသံတစ်ချက် ပေါ်လာတယ်။

'ဘာသံယောဇဉ်လဲဆိုတော့ ကျုပ်ရဲ့ထန်းတောထဲက ထန်းပင်တွေ ပေါ့ဗျာ။ ထန်းပင်ပေါ်က မြူအိုးလေးတွေ၊ ပလုံစီအမြှုပ်ထနေတဲ့ ပင်ကျ ရည်တွေ... ကျုပ်လှီးထားတဲ့ ထန်းနို့ကနေ တစိမ့်စိမ့်ကျနေမယ့် ထန်း ရည်လေးတွေ... အမလေး ပြောရင်းနဲ့ လွမ်းလိုက်တာဗျာ'

ရယ်သံတွေ ဝေါခနဲ ဖြစ်သွားပြန်တယ်။

'ကျုပ်က အရင်က ထန်းသမားလေ၊ နောက်မှ ဘုရင့်ထန်းတော မှူးဖြစ်၊ နောက်တော့ ကျုပ်ကို မျောက်တစ်ကောင်လို၊ ရှဉ့်တစ်ကောင် လို အခုန်အပျံတတ်တယ်ဆိုပြီး ပုဂံတပ်ဖွဲ့ တစ်ဖွဲ့ကို အုပ်ချုပ်ရတဲ့ တပ်မှူးအရာ ပေးလိုက်တာကလား။ အဲဒီတော့ အဟမ်း... ပြောရရင် ဥဿာနန်းတွင်းသားနဲ့ သေခွက် ခွဲမရသလို ကျုပ် ငထွေနဲ့ ထန်းနဲ့ကို လည်း ခွဲလို့မရပါဘူး'

ကောင်းချီးဩဘာသံတွေ ပေါ်လာပြန်တယ်။ ခင်ဦး နားလည်လိုက် မိတယ်။ ဂွမ်းစစ်တပ်ကြီးကို သူတို့စစ်ပြုရပြီး စစ်ကျွံအောင် လာခဲ့စဉ်က သစ်ပင်တွေကြားထဲကနေ ခုန်ပျံဝဲပြီး ဆင်းလာကြတဲ့ စစ်သည်တွေဟာ သူ့ရဲ့တပ်ဖွဲ့ကကိုး။

ဘာပဲဖြစ်ဖြစ် တပ်မှူးကြီးတစ်ယောက်အနေနဲ့ လုံးဝဟိတ်ဟန်မရှိ။

ရင်းနှီးနွေးထွေး ပျော်ရွှင်စွာနဲ့ စကားပြောတတ်တဲ့ အဲသည်ငထွေကို ခင်ဦး ခင်သွားမိတယ်။

'ကိုင်း… နိဂုံးချုပ် ပြောပါရစေ၊ ထန်းနဲ့ငထွေ ခွဲခြားလို့မရသလို သေခွက်နဲ့ ဥဿာနန်းတွင်းသား ခွဲခြားမရသလို ထန်းရယ်၊ ငထွေရယ်၊ သေခွက်ရယ်၊ ဥဿာသားတို့ရယ်ဟာ အားလုံးအားလုံးပေါ့၊ ထွေးလုံးရစ်ပတ်၊ သွေးချင်းကပ် ခွဲခြားမရနိုင်ဘူး။ ပုဂံနဲ့ ဥဿာ ခွဲခြားမရနိုင်ဘူးဆိုတာ… ကမ္ဘာလောကကို ကျုပ်တို့အတူတကွ တိုင်တည်လိုက်ကြပါစို့လား'

'ဟေး'ခနဲ အော်လိုက်သံကြီးဟာ တညီတညွတ်တည်းပါပဲ။

နောက်တစ်ယောက် ထလာပြန်တယ်။ စောစောက တပ်မှူးငထွေကို အသားညိုလှပြီ အောက်မေ့တာ၊ သည်တပ်မှူးကျမှ သူတို့တမွဒီပသားတွေ အသားမည်းမှန်း သိရတော့တယ်။ အသားမည်းမည်း၊ ကိုယ်လုံးထွားထွား ကျိုင်းကျိုင်းနဲ့ သည်လူကြီးတော့ တကယ့်စစ်သည်မှ စစ်သည်ကြီးပါပဲ။

သူက သွားတွေအဖွေးသားနဲ့ရယ်ပြရင်း လက်ထဲ အမှတ်တမဲ့ပါလာတဲ့ သေခွက်ကို ပြန်ချလိုက်တော့ ဘာမှမပြောရသေးဘဲ ရယ်ကြပြန်တယ်။

'ကျုပ်နာမည် ငလုံးပါ၊ လယ်သမား ချောင်းသမားမျိုးရိုးကနေပြီး တမွဒီပ တပ်ထဲဝင်၊ ဘုရင့်အမှုတော်ထမ်းတာပါ။ ငထွေရှူးလိုတော့ ထန်းရည်သမား မဟုတ်ပါဘူး။ အဲ ဒီကောင့်နာမည်အမှန်က ငထွေဖြစ်ပေမယ့် ပုဂံတစ်ပြည်လုံးက သူ့ကို ငထွေရှူးလို့ ခေါ်ကြတယ်။ သူက အရှူးဟာကိုး'

ရယ်သံတွေကြားမှာ ခင်ဦး တွေးနေမိတယ်။ သြော်… သူတို့ချင်း ရင်းနှီးနေလိုက်ကြတာ။ နောက်ဟယ် ပြောင်ဟယ်နဲ့ ခင်မင်လိုက်ကြတာလို့။

'ကျုပ်က စကားတော့ သိပ်မပြောတတ်ဘူးဗျာ။ အဲ… ငထွေရှူးလိုလည်း မျက်နှာကမရှူးတတ်ဘူးလေ။ မိတ်ဆွေကြီးတို့ ဥဿာမှာ စစ်တိုက်စရာရှိလည်းပြော၊ တော်တော်တန်တန် လယ်ကောချောင်းကောကောနေတဲ့ မြေရိုင်းတွေရှိလည်း ပြော၊ ကျုပ် လာထွန်ပေးမယ်'

သူပြောပုံက အားပါးတရရှိလိုက်တာ။ သူ့ကြည့်ရတာလည်း ခုလို

နန်းတွင်းဝတ်စုံနဲ့ပေမယ့် စစ်သည်တော်တစ်ယောက်ထက် လယ်သမား ကြီးနဲ့ ပိုတူနေတော့တယ်။

သူ ပြန်မထိုင်ခင်မှာ တပ်မှူးငထွေက အော်ပြောပြန်တယ်။

'အဲဒါတော့ အမှန်ပဲ မိတ်ဆွေတို့၊ ငလုံးကြီးဟာ တမ္ဗဒီပ မြေရိုင်း လယ်ရိုင်းတွေကို စိုက်ခင်းကြီးတွေဖြစ်လာအောင် လုပ်ပေးခဲ့တာပေါ့။ ထွန်တုံးသုံးဆယ်၊ နွားအရှည်းသုံးဆယ်ကို တစ်ပြိုင်တည်း လွန်းထိုးသလို ကူးသန်းပြီး ထွန်နိုင်တဲ့သူဗျား'

ဂုဏ်ပြုချီးမြှောက်ရင်း သေခွက်ချင်း ထိတို့ရင်း ဩဘာပေးကြ၊ ဟစ်ကြွေးကြနဲ့၊ သဘင်ပွဲကြီးဟာ တကယ့်ကို ပျော်စရာကြီးပါပဲလေ။

အပျော်စိတ်နဲ့ မြူးနေပြီဖြစ်တဲ့ ခင်ဦးလည်း သူတို့ကိုကြည့်ရင်း လက်ခုပ်လက်ဝါးတီးပြီး ဂုဏ်ပြုမိလေရဲ့။

ဟော နောက်တစ်ယောက် မတ်တတ်ရပ်လိုက်ပြန်ပြီ။

'အင်း... ကျုပ်က ငဖီး တဲ့။ ညောင်ဦးကမို့ ညောင်ဦးဖီး တဲ့။ ကျုပ်က ဗိုလယ်ပုံအလယ်မှာ စကားမပြောတတ်ဘူး။ ဥဿာဘုရင်မင်း မြတ်နဲ့ ဥဿာတိုင်းသား ပြည်သူများ မာပါစေ... သာပါစေ... ပေါ့ဗျား'

အို... ကြည့်စမ်းပါဦး။ တပ်မှူး ညောင်ဦးဖီးဆိုတဲ့လူကြီးဟာ ကျွဲ ကြီးတစ်ကောင်လား ထင်ရတယ်။ သူ့ကိုယ်ခန္ဓာကြီးဟာ အားလုံးအပေါ်မှာ စီးမိုးနေတယ်။ ကုပ်ကုပ်ကွေးကွေး သူ့နှုတ်ခမ်းမွှေးကြီးနဲ့ သူ့ လေးထောင့် စပ်စပ် မျက်နှာကြီးကလည်း ခင်ဖို့ကောင်းလိုက်တာ။

မြှောက်ကိုင်လိုက်တဲ့ သူ့သေခွက်ကြီးကလည်း အကြီးကြီးပါလား။ အားလုံးထဲမှာ အကြီးဆုံး သေခွက်ကြီး။ အို... သေခွက်မှ မဟုတ်တာ။ လက်ကိုင်ကွင်းနှစ်ခုတပ် ရွှေသေတကောင်းကြီးကို သူ အားပါးတရ ကိုင် မြှောက်လိုက်ပုံက ဘီလူးကြီးတစ်ကောင် တင်းပုတ်ကြီးကို မြှောက်လိုက် သလိုပဲ။ ဒါပေမယ့် ညောင်ဦးဖီးက ကြောက်စရာမကောင်း၊ ခင်ဖို့ကောင်းတဲ့ ဘီလူးကြီးလေ။

တပ်မှူး ငထွေ၊ ငလုံး၊ တပ်မှူး ညောင်ဦးဖီးတို့ သုံးယောက်ပြီးရင်...။ သူ... သူကော စကားပြောဦးမှာလား။ အို... သည်မီးတိုင်ကြီးကလည်း မီး တောက်တွေ အငြိမ်မနေကြဘူး။ လှုပ်လိုက်ယမ်းလိုက်တာ။

'ပရိသတ်အပေါင်းတို့၊ ယခု နှုတ်ဆက်စကားမြွက်ကြားမယ့်သူက တော့ တမ္ပဒီပ တပ်များရဲ့ တပ်မင်းကြီး သေနာပတိ ကျန်စစ်သား ဖြစ်ပါတယ်'

ဟုတ်ပါပြီ။ သူပြောတော့မှာပါပဲ။

'အထိန်းတော်ကြီး'

'မိန့်တော်မူပါ ထိပ်ထားလေး'

'မီးတိုင်အလင်းရောင်ကြီးက စူးလွန်းတယ်။ ထိပ်ထားရှေ့မှာ ကွယ် ပြီး ထိုင်နေစမ်းပါ။ အို... မဟုတ်သေးဘူး၊ မဟုတ်သေးဘူး။ ဒီဘက်ကို တိုး၊ ဒီနားထိ တိုးထိုင်စမ်းပါ'

'ကဲ... ရပြီလား ထိပ်ထားလေး'

'ရပြီ ရပြီ၊ နေရာမရွှေ့နဲ့နော် သိလား'

'ဘုရင်မင်းမြတ်နဲ့တကွ ဥဿာနန်းတော်သူ နန်းတော်သား ပြည်သူ ပြည်သား မိတ်ဆွေအပေါင်းတို့၊ အခု ကျွန်ုပ်ပြောမယ့်စကားဟာ တပ် မင်းကြီး ကျန်စစ်သားဆိုတဲ့ ပုဂ္ဂိုလ်တစ်ယောက်ရဲ့ မည်ကာမတ္တ နှုတ် ခွန်းဆက်စကား မဟုတ်ပါ။ ကျွန်ုပ်ရဲ့နှုတ်ထွက်စကားများဟာ ဘုရင် အနုရုဒ္ဓါနဲ့တကွသော တမ္ပဒီပ ပြည်အားလုံးကို ကိုယ်စားပြု သက်ရောက် တဲ့စကားများ ဖြစ်တယ်ဆိုတာ ဦးစွာ ပြောကြားပါရစေ'

ပဏာမနိဒါန်းထွက်နေတဲ့ သူ့မျက်နှာ၊ သူ့အသွင် ဘယ်သို့ရှိလေသည် ခင်ဦး မသိဘူး။ မကြည့်ရဲတဲ့ ခင်ဦးဟာ အကြားအာရုံကနေပဲ သူ့အသံကို နားစွင့်နေမိတယ်။ ကြည့်စမ်းပါဦး၊ သူ့စကားတွေက ခမ်းနားလိုက်တာ။ သူဟာ စစ်တိုက်ကောင်းသလို စကားလည်း ကောင်းသူပါလား။

'ဦးစွာပထမ ကျွန်ုပ်တို့ရဲ့ တိုင်းနိုင်ငံဖြစ်တဲ့ တမ္ပဒီပအကြောင်းကို မိတ်ဆွေများ ပိုပြီးရင်းနှီးသိကျွမ်းအောင် ပြောပါရစေ၊ မိတ်ဆွေများကို မြေပြန့်လွင်ပြင်ဒေသ၊ နေရောင်ထွန်းလင်းတောက်ပတဲ့ ဒေသ၊ ထနောင်း ပင်စိမ်းစိမ်းနဲ့ ချွန်မြတဲ့ ဆူးရစ်ခြုံနွယ်များ ထူထပ်စွာပေါက်ရောက်တဲ့ ဒေသ၊ အဲဒီပူပြင်းတဲ့ ဒေသတစ်ခုဆီကို ခေါ်ဆောင်သွားပါရစေ။ အဲဒီ ဒေသက ပူနွေးတဲ့ နှလုံးသွေးများနဲ့ ရွှေဖော်ပွင့်လင်းတဲ့ တိုင်းသားပြည်သူ များကို တွေ့ဆုံပေးပါရစေ'

'အမြလှပ စိမ်းစိုတဲ့ ဥဿာပြည်ကနေ ပူပြင်းခြောက်သွေ့တဲ့ တမ္ပဒီပကို လိုက်ခဲ့ကြပါလို့ မိတ်ဆွေများ'

သူ့အသံဟာ ဆွဲငင်အားကြီးလွန်းလှတယ်။ သူ့စကားလုံးတွေက နေရောင်မှာ ထောင်လှည့်လိုက်တဲ့ လှံတစ်စင်းရဲ့အသွားလို ဖျတ်ဖျတ်ဝင်းပနေကြတယ်။ ထစ်ငေါ့တုန်ယင်ခြင်း ကင်းတဲ့ သူ့အသံဝါဟာ ဟိုးအဝေးကြီးက လွင့်လာသလိုလို၊ အနီးနားကပ်ပြီး တီးတိုးရေရွတ်နေသလိုလို အို… အိပ်မက်ထဲမှာ ကြားနေရသလိုလို။

သူ့အရှင်သခင်ဘုရင် အနုရုဒ္ဓါအကြောင်း၊ တမ္ပဒီပ နန်းတော်ကြီးအကြောင်း၊ ပုဂံပြည်ဝန်းကျင်က တောတောင် ဆည်မြောင်း ကန်ချောင်း စိမ့်စမ်းတွေအကြောင်း၊ ပြီးတော့ နေပြည်တော်အရှေ့အရပ် သစ်မထီးဆိုတဲ့ ဒေသက အရည်းရှင်ကြီးတွေအကြောင်း၊ အို့ . . . စုံလို့ပါပဲလေ။

သူဟာ သည်အချိန်မှာတော့ လက်ရုံးသမား စစ်သားကြီးတစ်ယောက် မဟုတ်ဘဲ နှလုံးသမား ပုရောဟိတ်ကြီးတစ်ပါးလို လင်္ကာရှည်ကြီးတစ်ပုဒ်ကို ရွတ်ဆိုနေတဲ့ သာချင်းသည်ကြီးတစ်ယောက်လို။

လှိုင်းသယ်ဆောင်ရာ စီးမျောသွားလေတဲ့ လှေကြီးတစ်စင်းလို သဘင်ခန်းမကြီးတစ်ခုလုံးဟာ သူ့စကားသံတွေနောက် တအိအိမျောပါသွားနေကြလေရဲ့။

ပြောသူက အသံနိမ့်မြင့် ချက်ကျမှန်ကန်ပေမယ့် နားထောင်သူတွေအဖို့မှာ အသက်ရှူတစ်ချက်၊ ပင့်သက်တစ်ချက်၊ တီးတိုးအာမေဋိတ်သံတစ်ချက်နဲ့ ဆေးစုံပန်းချီကားကြီးတစ်ချပ် ဒါမှမဟုတ် ကြွယ်ဝတဲ့ တေးချင်းတစ်ပုဒ်ကို ကြည့်နေ ကြားနေရတဲ့အတိုင်း။

'ဒီကမ္ဘာပေါ်မှာ ဘယ်နေရာ ဘယ်ဒေသမှာမှ စစ်မက်ပေါ်ပေါက်မှာကို မလိုလားတဲ့ ဘုရင်အနုရုဒ္ဓါနှင့်တကွသော တမ္ပဒီပ ပြည်သူတို့ဟာ ဥဿာမှာ ဂွမ်းစစ်တပ်ကြီး ဝိုင်းရံနေပြီဆိုတာ ကြားလိုက်တာနဲ့ ဒီအရေးဟာ ဥဿာရဲ့အရေးမကတော့၊ ဧရာဝတီရဲ့ သားသမီးများ၊ မောင်နှမသားချင်းများအားလုံး အရေးတောင်ဖြစ်လာပြီဆိုတာကို နားလည်လိုက်ကြပါတယ်။ ဒ့ါကြောင့်…'

အို… ရှင် သိပ်စကားပြောတတ်ပါလား သူရဲကောင်းကြီး။ ရှင်ဟာ

တမွဒီပကနေ စစ်ချီထွက်လာကတည်းက ဥသာမှာ သည်စစ်ပွဲ ဆင်နွှဲ အောင်မြင်ရမယ်။ သည်စကားပြောရမယ်ဆိုတာကို အပိုင်အနိုင်သိထားခဲ့တာ မဟုတ်လား။ သည်စကားတွေ ပြောနေတဲ့အချိန်မှာ ရှင့်အသံဟာ ရင်ထဲက ထွက်လာတဲ့အသံဖြစ်သလို ရှင့်မျက်လုံးတွေကကော တကယ်ထိခိုက်ခံစားပြ နေတာ ဟုတ်ရဲ့လား။ ခင်ဦး သိချင်စမ်းတယ်။

ကွယ်နေတဲ့ ရွှေ့ကမီးတိုင်ဘေးဘက် ခင်ဦး အသာအယာ တိုးထွက် လိုက်တယ်။

အို… ဘုရား… ဘုရား။

မဆိုစလောက် သည်အလှုပ်အရှားလေးတစ်ချက်ဟာ…

စကားလုံးလေးတွေထဲ တိတ်ဆိတ်စွာ အလှုပ်အရှားကင်းစွာ နစ်မျော ငြိမ်သက်နေကြလေတဲ့ သဘင်ခန်းမကြီးတစ်ခုလုံးမှာ ခင်ဦးရဲ့မဆိုစလောက် အယိမ်းအငဲ့လေးဟာ သိပ်ကို သိသာထင်ရှားသွားတယ်။ သူ သတိထားမိ သွားတယ်။

လှုပ်လှုပ်ရွရွဖြစ်သွားတဲ့ တစ်နေရာကို သူလှမ်းကြည့်တယ်။

အဲသည်အချိန်မှာ သူပြောတဲ့စကား…

'နွေးထွေးတဲ့ ချစ်ကြည်နားလည်မှု…'

တသွင်သွင်စီးနေတဲ့ စမ်းအလျဉ်ကလေး၊ မသိမသာတုံ့သွားတာကို ခင်ဦးကလွဲပြီး ဘယ်သူမှ သိလိုက်ကြမှာမဟုတ်ပါဘူး။

လှမ်းကြည့်လိုက်တဲ့ သူ့ရဲ့ ဝင့်ခနဲအကြည့်တစ်ချက်၊ တစ်ချိန်လုံး ခေါင်းငုံ့နေရာက မော့ကြည့်လိုက်မိတဲ့ ခင်ဦးရဲ့အကြည့်တစ်ချက်၊ အမြင် နှစ်ခုဟာ သဘင်ခန်းမဆောင်ကြီးထဲမှာ မဟုတ်ဘဲ ဟင်းလင်းကောင်းကင် ကြီးရဲ့ တစ်နေရာလေးမှာ သွားရောက် တွေ့ဆုံလိုက်ကြတယ်။

ခင်ဦး ပြုံးလိုက်မိသလား။ ဟင့်အင်း… မသိပါဘူး။ ခင်ဦး နှုတ်ခမ်း မွှာလေးတွေ အံ့အားတသင့်နဲ့ စုစုပုံ့ပုံ့ဖြစ်သွားကြသလား။ ဟင့်အင်း… မသိပါဘူး။ သူကကော 'နွေးထွေးတဲ့ ချစ်ကြည်နားလည်မှု'ဆိုတဲ့ စကား လုံးအရောက်မှာမှ မသိမသာလေး တုံ့ဆိုင်းပြတ်တောက်သွားရတဲ့ သူ့အဖြစ် ကို သတိထားလိုက်မိပါရဲ့လား။ ဟင့်အင်း… ရှင်လည်း သိမယ်မထင်ပါဘူး။

ခင်ဦး သိလိုက်တာ တစ်ခုပဲရှိတယ်။ ဒါကိုတော့ ကောင်းကောင်းကြီးမြင်ပြီး ကောင်းကောင်းကြီး သိလိုက်တာလေ။

ငွေရောင် ဖိတ်လက် သူ့ကိုယ်ကြီးရဲ့ ဝဲဘက်ရင်အုံပေါ်မှာ ချိတ်ဆွဲထားတဲ့ ပန်းကလေးတစ်ပွင့်။ အသေအချာ အနီးကပ် မမြင်ရပေမယ့် အဲသည့်ပန်းပွင့်ကလေးရဲ့ ပွင့်ချပ်လေးတွေအပေါ်မှာ လှံသွားရာလေးတစ်ချက်ရှိနေမယ်ဆိုတာ ခင်ဦး သိလိုက်ပါရဲ့။

ခင်ဦး ကြဲချပေးခဲ့တဲ့ ပန်း၊ မြင်းပေါ်ကနေ လှံသွားနဲ့ထိုးစိုက်ယူသွားတဲ့ အနာတရပန်း။

အို... ရှင် သည်ပန်းပွင့်လေးကို သိမ်းထားတယ်လား။ ပြီးတော့ ခုည သဘင်ပွဲမှာ နွမ်းနေတဲ့ သည်ပန်းလေးကို ရင်အုံဘက် ထိုးစိုက်လာတယ်လား။

တပ်မင်းကြီး ကျန်စစ်သားရယ်၊ သည်ပန်းပွင့်လေး ကြဲချပေးခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ရှင် ရှာဖွေနေတယ်လား။

သူ စကားပြောအပြီးမှာ ခမည်းတော်က ဥဿာတစ်ပြည်လုံးရဲ့ ကျေးဇူးစကား မိန့်တော်မူတယ်။ ပြီးတော့ရင် ဂုဏ်ပြုယခင်အစီအစဉ် ဆက်လက်ကျင်းပမယ်ပေါ့။ ဒါပေမယ့် ခမည်းတော် မိန့်မြွက်နေတဲ့အချိန်မှာပဲ ခင်ဦး သဘင်ဆောင်အပြင်ဘက်ကို ထွက်လာခဲ့တယ်။

သဘင်ပွဲလည်း မကြည့်ချင်တော့ဘူး။ ခမည်းတော် မိန့်တော်မူနေတာကိုလည်း နားမထောင်ချင်တော့ဘူး။ ပြီးတော့ ခင်ဦး ဆက်လည်းမနေရဲတော့ဘူးလေ။ ဒါကြောင့် သူ့အပြောအပြီး မခံနိုင်တော့ဘဲ ကောင်းချီးသြဘာသံကြီးအကြားမှာပဲ ခင်ဦး အသာကလေး ထွက်လာခဲ့တာ။ အထိန်းတော်ကြီးနဲ့ ရံရွေတွေကိုလည်း လိုက်မလာခဲ့ကြနဲ့လို့ အမိန့်ပေးခဲ့တယ်။ သူတို့ကလည်း ဂုဏ်ပြုသခင်ကြီးကို ကြည့်ချင်နေကြတာပါလေ။

ဥဿာနန်းတော်တွင်းမှာ ခင်ဦး သွားစရာမရှိဖြစ်နေတယ်။

ဘယ်သူမှ မရှာဘဲ ပုန်းအောင်းဖို့ နေရာတစ်နေရာကို ကြိုးစားရှာဖွေနေမိတယ်။ တစ်ဆောင်ဝင် တစ်ဆောင်ထွက် စင်္ကြံလမ်းတွေ၊ မုခ်ဝတွေ၊ လူသူကင်းမဲ့နေတဲ့ နန်းဆောင်တွေ၊ အို... ခင်ဦး ဘယ်သွားရပါ့မလဲ။ ဖြစ်နိုင်ရင် ဟိုး မိုးပေါ်က အထောင်အသောင်း ကြယ်ကလေးတွေအနက်က

တစ်ခုသော ကြယ်လေးအနားမှာ တိတ်တိတ်ကလေး ပုန်းအောင်းနေချင်လိုက်တာ။

နောက်ဆုံးတော့လည်း အသိမဲ့ ခြေလှမ်းတွေ တုံ့ရပ်သွားတဲ့နေရာဟာ နန်းတွင်း ပန်းဥယျာဉ်။ လရောင်ဖြာနေတဲ့ ရေကန်၊ တိတ်ဆိတ် ရေပြင်ထက်ကို ငုံ့ငိုက် ကိုင်းညွတ်နေတဲ့ ရေသဖန်းပင်ကြီးတွေ။ မနီးမဝေးမှာ ညဥ့်ရဲ့ အအေးဓာတ်ကို ငြိမ်သက်စွာ ခံယူနေတဲ့ တာရာဒေဝီ ကျောက်ရုပ်တု။ ပြီးတော့ လေပြည်ထဲမှာ ဝေ့ဝင်လာတတ်တဲ့ လရောင်ရယ်၊ ပန်းရနံ့လေးတွေ။

အခိုက်အတန့်အားဖြင့်တော့ ခင်ဦးအတွက် နားခိုစရာ တစ်နေရာလေးပေါ့။ ညရယ်၊ တိတ်ဆိတ်ခြင်းရယ်၊ ပန်းရနံ့ရယ်။ ကျောက်ဆစ်ရုပ်တုရယ်။

ကျောက်သလင်းခုံပေါ်မှာ ခင်ဦး ထိုင်ချလိုက်တယ်။

ကောင်းကင်ကို အလိုလိုမော့ကြည့်လိုက်မိတယ်။ ပုလဲလည်ရွဲကို အသာအယာ ပွတ်သပ်နေမိတယ်။ ကျောက်သလင်းခုံရဲ့ အေးမြတဲ့အတွေ့နဲ့ လရောင်အကြားမှာ ခင်ဦး ဘာကြောင့် ရင်အနွေးမပျောက်သေးတာပါလိမ့်။

အို… ကြည့်ပါဦး။ ကြယ်ကလေးတွေက အနာတရ ပန်းပွင့်လေးတွေ ဖြစ်ကုန်ကြတယ်။ ဒါဆိုရင် နက်မှောင်နေတဲ့ မိုးကောင်းကင်ကြီးက သူ့ရင်အုံပေါ့။ ဒါဆိုရင် သူ… သူဟာ ဟိုးအထက် အဇ္ဈောကနေပြီး ခင်ဦးကို စီးမိုးကြည့်နေပြီပေါ့။ သူ့မျက်ဝန်းအိမ်က ထိုးထွက်လာတဲ့ အကြည့်စူးမျှင်တန်းဟာ လရောင်ပေါ့။ ဒါ… ဒါဆိုရင် ခင်ဦးရင်ထဲကို ဖောက်ထွင်းမြင်နေရပြီပေါ့။ ရှက်လိုက်တာကွယ်။

'သေချာရဲ့လား တပ်မင်းရယ်'

'သူမှ သူအစစ်ပါ၊ သေချာပါတယ် ငထွေရဲ့'

'ဒါဟာ စက်ဝန်းပစ်ကွင်းကို အဲမောင်းနဲ့ ထိုးစိုက်တာမဟုတ်ဘူးနော် တပ်မင်း၊ ဒါဟာ မမြင်ရတဲ့ပစ်မှတ်၊ မမြင်ရတဲ့ လုံ့တံ၊ အချိန်ခက်တဲ့ ပစ်ကွင်း'

'စကားများလိုက်တာ ငထွေရယ်။ သူဆိုတာ ငါ့မျက်စိတွေ အမြင်မှာ၊ ငါ့ရင်ထဲကပါ သေချာနေတယ်။ ပြီးတော့ ပိုပြီးသေချာတာက သူက ငါ့ကို ပြန်ကြည့်နေတဲ့မျက်လုံးတွေ…

'ဩော်… တပ်မင်း၊ ဥဿာမြေမှာ ရန်သူလည်းတွေ့ရ၊ ချစ်သူလည်း တွေ့ရ၊ တို့တပ်မင်းတော့ ဂျွမ်းစစ်သည်တွေကို အောင်ပွဲခံပြီးမှ ဥဿာ သူလေး တစ်ယောက်ရှေ့မှာ ဒူးထောက်ရက် ကျတော့မယ်ထင်ရဲ့'

'အဲဒါ အရေးမဟုတ်ဘူး။ သူ ပျောက်သွားတယ် ငထွေ၊ အဲဒါ ငါ ဘာလုပ်ရမလဲ'

'တပ်မင်းရှာဖို့အတွက် သူ ပုန်းနေတာ ဖြစ်မှာပေါ့။ ပုန်းသူဆိုတာ တွေ့အောင် အရှာခံချင်လို့ပဲလေ'

'ငထွေရယ်၊ မင်းနဲ့စကားပြောရတာ အကွေ့အကောက်များလိုက်တာ'

'တပ်မင်းကိုယ်တိုင် ဝင်္က်ပါထဲရောက်နေတာပါ'

ဘုရား… ဘုရား။ ယုဇနပန်းချုံတစ်ဖက်ကအသံတွေ။ ညဥ့်သန်းခေါင်မှာ အမွှေးဆုံးဖြစ်တော့မယ့် ပန်းလေးတွေအနားက သူတို့။

'သူ ဘယ်သူတဲ့လဲ'

'ငါမသိဘူး ငထွေ'

'သူ့နာမည်ကကော'

'ဒါလည်း ငါမသိဘူး'

'ဟင်… တပ်မင်း၊ ဒါဖြင့် ဘယ်လိုရှာမလဲ'

'ဒါလည်း ငါ… မသိ'

အို… မှားသွားပြီ။ ခင်ဦး မှားသွားပြီ။ ငြိမ်ငြိမ်လေး မနေလိုက်မိဘဲ လှုပ်ရှားလိုက်ခုန်လွန်းတဲ့ ရင်ထဲကအသံကို သူတို့ ကြားသွားမိမှာစိုးလို့ ကျောက်သလင်းခုံထက်က ထလိုက်မိတာ။ ပြီးတော့ တာရာဒေဝီ ကျောက် ဆစ်ရုပ်တုဘက်ကိုသွားဖို့ ခြေလှမ်းပြင်လိုက်မိတာ။ သူ သူ ကြားသွား။

လရောင်ကို ထွင်းဖောက်ပြီး လှမ်းလျှောက်လာတဲ့ သူ့ခြေသံတရှပ်ရှပ်၊ တရွေ့ရွေ့နီးလာတဲ့ သူ့ရဲ့သဏ္ဍာန်။ ခင်ဦး ပြေးလေ။ ထွက်ပြေးလေ။ အို… ကြောက်ပါတယ်ဆိုမှ ဘာကြောင့် ပြေးလို့မရတော့လဲ။ ခင်ဦးကိုယ်တိုင် ကျောက်ဆစ်ရုပ်တုဖြစ်သွားပြီလား။

ဘုရား… ဘုရား။ သူ့ဆီက ကိုယ်သင်းနံ့ဟာ ဘာကြောင့်များ ပန်း ရနံ့တွေကို ဖုံးလွှမ်းသွားရတာပါလဲ။ အို… ဒုက္ခပါပဲ။ ခင်ဦး ရင်ထဲက

လှုပ်ခုန်နေသံကလည်း အတိုင်းသား ကျယ်လွန်းလိုက်တာ။ သူကြားသွား တော့မှာပဲ။

‘မိန်းကလေးရယ်၊ မင်းနော် မင်းတကယ်နော်’

ဟင်...။ သူ့အသံတွေလည်း တုန်လို့ပါလား။ ခန်းမကြီးထဲမှာ နှုတ်ဆက်စကား တသီကြီးကို မိန့်မြွက်ခဲ့တဲ့ အသံမျိုးမဟုတ်တော့ပါလား။

‘ကြည့်ပါဦးကွယ်၊ ဆံပင်တွေက နက်မှောင်ပြီး တစ်ထွေးတစ်ပွေ့ကြီးပါလား။ ပုလဲလည်ရွဲလေးကလဲ ဆံပင်တွေကြားမှာ ဖွေးလို့’

ဒါ... ဒါပေမယ့်ကွယ်။

ခင်ဦး...ခင်ဦး ပြန်ပါစေတော့။ အို... အသံလည်းမထွက်ဘူး။

‘မင်းရဲ့ ခရမ်းပြာဝတ်စုံဟာ ခုလို လရောင်အောက်မှာတောင်မှ ဝံ့ဝံ့စားစား ရှိလွန်းလှတယ်။ ခရမ်းပြာကို မင်းကြိုက်တယ်ပေါ့ ဟုတ်လား။ အဲဒီအရောင်ဟာ မဟာရောင်လေ။ နက်ရှိုင်းခြင်း၊ အသိရခက်ခြင်း၊ လျှို့ဝှက်ခြင်း၊ ကြီးကျယ်မြင့်မြတ်ခြင်းဆိုတဲ့ အနက်အဓိပ္ပာယ်တွေနဲ့ ပြည့်စုံတဲ့ အရောင်၊ ဒါကို မင်းကြိုက်တယ်နော်’

ခင်ဦး၊ ခရမ်းပြာ၊ မဟာအရောင် အို... မသိဘူး။ မပြောတတ်ဘူး။ ရှင်လည်းပြန်။ ခင်ဦးလည်း ပြန်တော့မယ်။ ခက်လိုက်တာ။ ဘာအသံမှ ထွက်မလာပါလား။

‘ဒါပေမဲ့ကွယ်၊ ခရမ်းပြာလို အရောင်မျိုးဟာ မင်းလို မိန်းကလေး ဝတ်မှပဲ ခရမ်းပြာ ပီသတော့တယ်။ မင်းနဲ့သာ ထိုက်တန်တဲ့အရောင်ပါပဲ။ မင်းသိပ်လှတယ်’

ခင်ဦး တကယ်ပဲ ကျောက်ဆစ်ရုပ်တုဖြစ်သွားပြီထင်ပါရဲ့။

‘ဟောဒီပန်းပွင့်လေးကို မင်း မှတ်မိပါတယ်နော်။ အဲဒီနေ့တုန်းကတော့ လူထုပရိသတ်ကြီးကလည်းများ၊ မြင်းပေါ်ကလည်းဖြစ်နေလို့ လှံနဲ့ပဲ ထိုးစိုက်ယူခဲ့ရတာ ခွင့်လွှတ်ပါ မိန်းကလေးရယ်၊ ပန်းပွင့်လေးကို အနာတရဖြစ်စေဖို့ ကျုပ် မရည်ရွယ်ခဲ့ဘူး’

ဩော်... အနာတရပန်းပွင့်ဆိုတဲ့ စကားလုံးကို ခင်ဦးလိုပဲ ရှင်လည်း တွေးမိတယ်နော်။

'စကားပြောပါဦး မိန်းကလေးရယ်၊ အနည်းဆုံးတော့ မင်းနာမည်ရယ်၊ မင်း ဘယ်သူလဲဆိုတာ ပြောပါဦး'

ကျွန်မ… ကျွန်မအသံတွေ ပျောက်ဆုံးနေပြီ တပ်မင်းကြီးရဲ့၊ ရှင်သိရဲ့လား။

'တစ်ပြည်သား ဧည့်သည်ပါကွယ်၊ မေးရင် ဖြေသင့်ပါတယ်'

သူ… သူ ရှေ့ကို တိုးလာပြီ။ ခင်ဦး လှုပ်ရှားလို့ရပြီ။ ဒါကြောင့် သူ့ရှေ့ကနေလှည့်ပြီး အပြေးကလေး ထွက်လာခဲ့တော့တယ်။

'ဟေး… မိန်းကလေး၊ မင့်နာမည် ဘယ်လိုခေါ်သလဲ၊ ဘယ်သူလဲ၊ ပြောခဲ့ဦးလေကွယ်။ ဘာကြောင့် ထွက်ပြေးရတာလဲ။ ကျုပ်… ကျုပ်မှာ အချိန်ဆင်းရဲလှပါတယ်။ နက်ဖြန်ဆို ဥဿာဘုရင်မင်းမြတ်ရဲ့ နံနက်ခင်းညီလာခံကို ဝင်ရောက်ခစားပြီး…'

အို… ခင်ဦး ပျော်လိုက်တာ၊ သိပ်စကားကြွယ်တဲ့ တပ်မင်းကြီးကျန်စစ်သားဆိုတဲ့ သူရဲကောင်းကြီးဟာ ခင်ဦးကို ကတုန်ကယင်နဲ့ တောင်းပန်လို့ပါလား။

ဝမ်းသာပျော်ရွှင်မှုနဲ့အတူ မျက်နှာငယ်ကလေးနဲ့ သည်အတိုင်း ကျန်ရစ်ရှာမယ့် သူ့အပေါ် သနားစိတ်က ညှို့ခနဲဝင်လာတယ်။ ဒီအချိန်လေးမှာပဲ သူ့အတွက် အကောင်းဆုံး အဖြေစကားကို ခင်ဦးရလိုက်တယ်။ သည်စကားကို ပြောပြီးပြီးချင်း ခင်ဦး ငှက်ကလေးတစ်ကောင်လို သူ့အပါးက ပျံထွက်ပြေးခဲ့တာပေါ့။

'နက်ဖြန်နံနက် ရှင်ရောက်လာမယ့်နေရာမှာ ကျွန်မ ရှိနေရမယ်'

Z

## [၈]

ပင်တိုင်စံ သမီးတော်တစ်ပါးအနေနဲ့ ဥဿာဘုရင်မင်းမြတ်ရဲ့ နံနက်ခင်းညီလာခံတွေကို မပျက်မကွက် တက်ရောက်ရမယ်ဆိုတဲ့ ခမည်းတော်ရဲ့ အမိန့်က ရှိထားတယ်။ အမှန်ကတော့ သည်အစဉ်အလာဟာ ခမည်းတော် ဇွတ်အတင်းလုပ်ထားတာပါ။ ခင်ဦး သိတာပေါ့။ ခင်ဦးဟာ မိန်းကလေး တစ်ယောက်ပဲ။ ယောကျ်ားလေးတစ်ယောက်ဆိုရင်တော့ သည်အစဉ်အလာ ဟာ အဓိပ္ပာယ်ရှိတာပေါ့။

သားတော် အိမ်ရှေ့မင်းသားဆိုတာ ညီလာခံကို မပျက်မကွက် တက်ရောက်ရမယ်။ ဥပရာဇာတစ်ပါးဆိုတာ ညီလာခံသဘင်မှာ မရှိမဖြစ်မဟုတ်လား။ ဒါပေမဲ့ ခင်ဦးက သမီးတော်ဖြစ်နေတော့ ပင်တိုင်စံဘဝနဲ့သာ နေရတယ်။ ဥဿာရဲ့ တိုင်းရေးပြည်ရာကိစ္စတွေမှာ ပင်တိုင်စံ မင်းသမီး တစ်ပါးဟာ ဘာမှ ဟုတ်ဟုတ်ငြားငြား မပတ်သက်လေဘူး။

ဒါကိုပဲ ခမည်းတော်က အကြောင်းပြချက်အမျိုးမျိုးနဲ့ ခင်ဦးကို နံနက်ခင်းညီလာခံသဘင် မတက်မရှိ တက်ရမယ်လို့ အမိန့်တော် ထုတ်ထားလေရဲ့။

ပင်တိုင်စံဆိုပေမယ့် သမီးတော်နဲ့ပတ်သက်တဲ့ အမှုကိစ္စအရေးအရာ မျိုး ပေါ်ပေါက်ရင် ပေါ်ပေါက်လာနိုင်တယ်တဲ့။ ဥပမာ ဆိုင်ရာဆိုင်ရာ နန်းတွင်းအမျိုးသမီးတွေရဲ့ သမီးပျိုတွေကိစ္စ၊ ရံရွေတော်ကိစ္စ စီမံခန့်ခွဲစရာ

တွေ ပေါ်လာနိုင်တယ်တဲ့။ ဒါမှမဟုတ်လည်း နန်းတော်တွင်း၊ ပန်းဥယျာဉ်၊ ရေကန်စတဲ့နေရာတွေမှာ အလှအပ အပြောက်အမွမ်းတွေနဲ့ စီရင်ဖို့အရေး တွေဆိုရင် သမီးတော်နဲ့ ပိုသက်ဆိုင်တယ်တဲ့။ အို. . . အနည်းဆုံးတော့ ခမည်းတော်ကိုယ်တိုင်ရဲ့ ကျန်းမာရေးအခြေအနေကို အမြဲထိတွေ့သိရှိနေနိုင် အောင် သမီးတော် ညီလာခံ တက်ရမယ်တဲ့။

ခင်ဦး မသိတာမှတ်လို့။ ဒါတွေဟာ ခမည်းတော်အနေနဲ့ ခင်ဦးကို နန်းတော်အရေး တိုင်းပြည်အရေးမှာ တစ်နည်းမဟုတ်တစ်နည်း စိတ်ဝင်စား အောင်၊ နွေးနွေးထွေးထွေး ရှိနေအောင် တမင်ဖန်တီးပေးထားတာတွေပါ။

နန်းတွင်း အမှုတော်ထမ်းတွေ၊ ရံရွေတော်တွေကိစ္စမှာလည်း သူ့နေရာ နဲ့သူ အမိန့်တော်ကို ဦးထိပ်ရွက်ပြီး စီမံခန့်ခွဲကြမယ့် အမတ်တွေ ဝန်တွေ ရှိကြပြီးသား။ ဟို ပန်းဥယျာဉ်တွေ၊ ရေကန်တွေ အလှအပ ပသာဒဖြစ်အောင် စီရင်ဖို့ဆိုတာကလည်း ဥယျာဉ်မှူးတွေ ရှိကြပြီးသား။

အမိန့်တော်အရ ခင်ဦး နံနက်ညီလာခံသဘင်တွေကို တက်ရောက်ခဲ့ ပေမယ့် တကယ်တော့ နန်းဆောင်ခန်းမထဲမှာ ခင်ဦးဟာ ပြယုဂ်အဖြည့်ခံ သက်သက်ပါ။ ပင်တိုင်စံထိပ်ထားအတွက် သတ်မှတ်ပေးထားတဲ့ သလွန်ပေါ် မှာထိုင်ရင်း ရံရွေတော်တွေရဲ့ ဒေါင်းမြီးယပ်က လွင့်ဝေလာတဲ့လေပြည်အေး ကို ခံစားရင်း ဆိုင်ရာဆိုင်ရာ အမတ်တွေ၊ ဗိုလ်တွေ၊ ဝန်တွေလျှောက်တင် ကြတာ၊ စာချွန်တော်တွေဖတ်ကြားကြတာ၊ အမိန့်တော်တွေ ထုတ်ပြန်တာကို သည်အတိုင်း နားထောင်နေရုံသက်သက်။

တစ်ခါတစ်ရံ ရပ်ဝေးကရောက်လာတဲ့ လက်အောက်ခံနယ်စား ပယ် စားတွေဆီက ပဏ္ဏာတော်ကို လက်ခံရယူ၊ တစ်ခါတစ်ရံ အမှုတော်ထမ်း ကောင်းတဲ့ ရံရွေတော်တွေကို ဆုလာဘ်ချီးမြှင့်၊ တစ်ခါတစ်ရံ အရာအဆင့် ငယ်တဲ့ ကတော်စိုးတွေရဲ့ တိုက်ရိုက်သံတော်ဦးချက်ကို နားဆင်၊ ခမည်း တော်ကို တစ်ဆင့်ပြန်ပြီး သံတော်ဦးတင်ပေး၊ ကတော်စိုးမယားများရဲ့ ခင်ပွန်းသည်တွေ၊ အရာအဆင့် အရွှေ့အပြောင်း၊ အတက်အကျကို သင့် မသင့် လျော် မလျော် အကြံပေး။

နံနက်ခင်းညီလာခံဟာ ခင်ဦးအတွက် အသက်ကင်းမဲ့တဲ့ ဗိမာန်ကြီး

တစ်ခု။ စိုပြည်ခြင်းမရှိတဲ့ ဇာတ်လမ်းတွေကို တင်ဆက်နေတဲ့ နန်းတွင်း ကပွဲကြီးတစ်ခု။ ခင်ဦးဟာလည်း သလွန်ပေါ်မှာထိုင်၊ ဒေါင်းမြီးယပ်လေကို ခံယူရင်း ပျင်းရိငြီးငွေ့ဖွယ် အလှပြသက်သက် ထွက်နေရတဲ့ စကားမပြော ရသော၊ ကကြိုးမပြောင်းသော ကချေသည်ဇာတ်ရုပ်။

ဒါကြောင့် ခမည်းတော် ဘယ်လိုပဲ အမိန့်တော်ထုတ်ထုတ် ခင်ဦး နံနက်ညီလာခံတွေကို မတက်ရောက်ခဲ့တာ ကြာခဲ့ပြီလေ။ မှတ်မှတ်ရရဆိုလို့ ဂျွမ်းစစ်သည်တွေအရေး စည်းဝေးကြတဲ့ စစ်ရေးညီလာခံဟာ ခင်ဦး နောက်ဆုံး တက်ခဲ့တဲ့ ညီလာခံပေါ့။ သည်တုန်းကလည်း ငူငူငိုင်ငိုင် မှူးမတ်တွေနဲ့ တွေတွေဝေဝေ သေနာပတိတွေကို အားမလိုအားမရဖြစ်လာလို့ ခင်ဦးက 'စစ်ထွက်ကြ တိုက်ကြစို့'လို့ ပြောခဲ့တာလေးများ ခမည်းတော်က 'ဟဲ့. . . သမီးတော်'လို့ ခပ်ငေါက်ငေါက်ဆိုခဲ့သေးတာကော။

ဒါပေမဲ့. . .

အခုတော့ နံနက်ခင်းညီလာခံကို ခင်ဦး တက်တော့မယ်လေ။

ခင်ဦးအတွက် အသက်ကင်းမဲ့တဲ့ ညီလာခံ အသေကြီး မဟုတ်တော့ဘူးလေ။ ရက်ပေါင်းများစွာ စိတ်မပါ မဝင်စား ပစ်ထားခဲ့တဲ့ ညီလာခံကို တက်ဖို့ ခင်ဦး မနက်အစောကြီးကတည်းက စိတ်ပါလက်ပါနဲ့ ပြင်ဆင်စီမံနေမိတော့တယ်။

သည်ညီလာခံက တမ္ဗဒီပ စစ်ကူ သူရဲကောင်းကြီးတွေ တက်ရောက်မယ့် အထူးညီလာခံ။

သူနဲ့တွေ့ရမယ့် ညီလာခံ။ အို. . . ညီလာခံသဘင်မဟုတ်တော့ပါဘူး။ ငုပ်လျှိုးပုန်းကွယ်နေမှုတွေကို ဖော်ထုတ်ကြမယ့် သဘင်။ မနေ့ညက ပန်းခြံထဲ၊ တာရာဒေဝီကျောက်ဆစ်ရုပ်တုဘေး၊ ပန်းရုံတွေအကြားမှာ သူ့အပေါ် ခင်ဦး ရစ်ပတ်လှည့်စားပစ်ခဲ့တဲ့ အနှောင်အဖွဲ့တွေကို ပြန်လည် ရှင်းလင်းပေးရမယ့်ပွဲ။

ရှင် ရောက်လာမယ့်နေရာမှာ ကျွန်မ ရှိနေရမယ်လို့ ခင်ဦး သူ့ကို ပြောပစ်ခဲ့တယ်လေ။ တစ်ပြည်သား သူရဲကောင်းကြီးကို ကျွန်မ ဆက်မလှည့်

စားရက်တော့ပါဘူးကွယ်။ ထုံးဖွဲ့ထားခဲ့တဲ့ ပဟေဠိကြိုးစတွေကို ခင်ဦး ပြေလျော့အောင် ဖြေလျှော့ပေးမှာပါ။

Y

သလွန်ထက်မှာ ခင်ဦး ထိုင်လိုက်ပါပြီ။

ညီလာခံ ခန်းမဆောင်ဟာ ခင်ဦးရှေ့မျောက်မှာ ဟင်းလင်းပွင့်လို့။ ရွှေပိန်းချ တိုင်လုံးကြီးတွေလောက်သာပဲ အကွယ်အကာရှိတော့တယ်။ အမျူး အမတ် ဗိုလ်တွေဟာ သူ့နေရာနှင့်သူ ခစားနေကြတယ်။

ခင်ဦးရဲ့ သလွန်ရှေ့မှာ မနေ့ညကလို အပိတ်အဆို့ထားလို့ မရတော့ဘူးလေ။ အထိန်းတော်ကြီးကိုလည်း ပွဲကြည့်ဆောင်မှာတုန်းကလို ဟိုနေရာမှာ ရွှေ့ထိုင်ဦး၊ သည်ဘက်ကို တိုးထိုင်လိုက်ဦး ပြောလို့မရတော့ဘူး။ အထိန်းတော်ကြီးဟာ ခပ်လှမ်းလှမ်း နန်းကြမ်းပြင်မှာ ဒူးတုပ်ခစားလို့။

ခမည်းတော်ရဲ့ ပလ္လင်လောက်မမြင့်ပေမယ့် ခင်ဦးထိုင်တဲ့သလွန်ဟာ အခစားဝင်ကြသူတွေအားလုံးနဲ့စာရင်တော့ အထက်စီးမှာ ရှိနေတယ်။ ခင်ဦးသာ မျက်စိတစ်ပြန့် ဖြန့်ကြည့်မယ်ဆိုရင် ဟိုးနောက်ကျကျ တိုင်လုံးတွေကတစ်ဆင့် ညီလာခံ ခန်းမဆောင်ထဲဝင်တဲ့ တံခါးမုခ်ဆီအထိ လှမ်းမြင်နိုင်တယ်။

ဒါပေမဲ့ ခင်ဦး မကြည့်ပါဘူး။ အဝေးမဆိုထားနဲ့ ရှေ့နားတစ်ဝိုက်ကိုတောင် ခင်ဦး ဝင့်မကြည့်ဘူး။ မျက်လွှာကို ချထားတယ်လို့ မဆိုနိုင်ရုံတမယ်ပဲ ခင်ဦးရှေ့ တစ်လံကွာလောက်ဆီသာ အကြည့်ဖြန့်ကျက်ထားလိုက်တယ်။ ဟင့်အင်း ဒါဟာ ညီလာခံတက်တဲ့ ပင်တိုင်စံသမီးတော်တစ်ပါးရဲ့ ရာဇအိန္ဒြေမဟုတ်ပါဘူး။ ဒါဟာ မိန်းကလေးတစ်ယောက်ရဲ့ ရှက်ရွံ့စိုးထိတ်အင့်လေးသာ ဖြစ်မှာပါ။

သလွန်မှာ ခင်ဦးနေရာယူပြီးလို့ မကြာခင်မှာပဲ ခမည်းတော်ဘုရား ထွက်တော်မူလာတယ်။ မိကျောင်းတူရိယာနဲ့ နရည်းသံ၊ စည်သံဟာ ခန်းမဆောင်ထဲမှာ ငြိမ့်ငြိမ့်ကလေးပြန့်သွားတယ်။ အို...ကြည့်ပါဦး၊ တို့ခတ်ရုံလေး တီးလိုက်တဲ့ မိကျောင်းသံဟာ ခင်ဦးရင်ထဲ ကျယ်လောင်လိုက်တာ။

ပလ္လင်ပေါ်မှာ ခမည်းတော်ထိုင်ပြီးတာနဲ့ မိကျောင်းတူရိယာဝိုင်းက ဂီတသံဟာ စဲသွားတယ်။ အစေ့အစပ် အပြည့်အကျပ် နေရာယူထိုင်ရင်း ခစားနေကြတဲ့ ပရိသတ်ကြီးဟာလည်း တိတ်ဆိတ်လို့၊ ဝတ်ရုံစပွတ်တိုက်သံ၊ နေရာရွှေ့သံလေးတစ်ခုတစ်လေတောင် ထွက်ပေါ်မလာဘူး။ တိတ်ဆိတ်ငြိမ်သက်နေကြတာများ။

ဒါပေမဲ့ တိတ်ဆိတ်ခြင်းရဲ့အသံကို ခင်ဦး ကြားနေတယ်။ ဟုတ်တယ်။ တိတ်ဆိတ်ခြင်းမှာ အလွန်ထူးဆန်းတဲ့ အသံရှိတယ်။ အဲဒီအသံဟာ ကမ္ဘာလောကမှာရှိတဲ့ အသံတွေအားလုံး ပါရှိနိုင်တယ်။ မိုးရွာသံ၊ လေတိုက်သံ၊ သစ်ရွက်တို့ ရှဲရှဲလှုပ်သံ၊ လိပ်ပြာတောင်ပံခတ်သံ၊ ပွင့်ချပ်လေးတွေ နိုးထပွင့်အာလာတဲ့အသံ၊ ဟိုး. . . မြင့်မား ကောင်းကင်ထက်ဆီက တိမ်စိုင်တွေ အချင်းချင်းတိုးဝှေ့သံ။ စမ်းရေအလျဉ်လေးတွေရဲ့ တီးတိုးရယ်မောသံ။ အို. . . အသံတွေအားလုံး ပါဝင်ဖွဲ့စည်းထားတဲ့အသံ။

ညီလာခံ ခန်းမဆောင်ရဲ့ လက်ယာဘက် ဘေးတံခါးပွင့်သွားတယ်။ သံတော်ဆင့်က အားမထုတ်ရဘဲ ကျယ်လောင်နေတဲ့သူ့အသံကို ထုတ်ဖော်လိုက်တယ်။ ဒါပေမဲ့ ခင်ဦး သဲသဲကွဲကွဲ မကြားမိဘူး။

'တမ္ဗဒီပ နေပြည်တော်မှ တပ်မင်းကြီး ကျန်စစ်သားနဲ့တကွ. . .'

ခန်းမထဲမှာ တိုးညင်းတဲ့ လှုပ်ရှားပွတ်တိုက်သံတွေ ပေါ်လာတယ်။ ဖုံးဖုံးဖိဖိနဲ့ တီးတိုးရေရွတ်သံတွေလည်း ပေါ်လာတယ်။

သူ...တို့ ... နေရာယူကြပြီး ခမည်းတော် စံမြန်းတဲ့ပလ္လင်ရဲ့ လက်ယာဘက်မှာ အသင့်စီမံခင်းကျင်းထားတဲ့ ထိုင်ခုံတွေရှိတယ်။ ကတ္တီပါအနီနဲ့ ဖုံးအုပ်ထားတဲ့ အဲသည်နေရာမှာ သူတို့ထိုင်ကြတယ်။ ခမည်းတော်ရဲ့အနီးဆုံးနေရာမှာတော့ သူ တပ်မင်းကြီး ကျန်စစ်သားရယ်။

ဘုရား. . . ဘုရား။ တစ်ချိန်လုံး စုဝေးထားတဲ့ အင်အားတွေ ဘယ်ရောက်သွားကြပြီလဲ။ သလွန်ရဲ့အစွန်း နှုတ်ခမ်းသားတွေကို ခင်ဦး တင်းတင်းကျပ်ကျပ် ဆုပ်ကိုင်နေမိလျက်သား။

သလွန်နောက်မှာရှိတဲ့ ရံရွေနှစ်ယောက်ဆီက ဒေါင်းမြီးယပ်လေးဟာ ဘာကြောင့်များ ဒီလောက်ပြင်းထန်နေတာပါလိမ့်။ သူတို့ဟာ ထုံးစံအတိုင်း ဝဲယာ အသာအယာ လွှဲယမ်းပြီး ယပ်တော်သွင်းနေကြတာပါ။ အို. . . ယပ်

လေဟာ တကယ်ပြင်းထန်မယ်ဆိုရင်လည်း ခင်ဦးကို ညီလာခံခန်းမထဲကနေ ဟို အဝေး ကောင်းကင်တစ်နေရာဆီရောက်အောင် ခေါ်ဆောင်သွားလိုက်စမ်းပါ။ လေအဟုန်ကိုစီးပြီး ဘယ်သူမှ မမြင်နိုင်တဲ့ တိမ်တိုက်တွေနောက်မှာ ခင်ဦး သွားပုန်းနေချင်လိုက်တာ။

ခမည်းတော်ရှိရာဘက်ကို သူ လှမ်းကြည့်မယ်ဆိုရင် ပလ္လင်ရဲ့လက်ဝဲဘက်ဆီက သူတို့ထိုင်တဲ့ ထိုင်ခုံ အနေအထားအတိုင်း မသိမသာ စွေစွေစောင်းစောင်း ရှိနေတဲ့ ခင်ဦးရဲ့သလွန်ဆီကို သူ မမြင်လို့မရဘူး။ သူ့အကြည့် ရွေ့လျားရမယ့်လမ်းကြောင်းပေါ်မှာ ခင်ဦး ထင်းခနဲ ရှိနေတာဆိုတော့ သူ တစ်ချိန်မဟုတ် တစ်ချိန်မှာ. . .

'ဒီလို တွေ့ဆုံကြဖို့ မင်း မျှော်လင့်ခဲ့တာပဲ မဟုတ်လား၊ ဘာဖြစ်နေတာလဲ၊ မင်းကိုယ်မင်း ဆောက်တည်လိုက်စမ်း'

ဟော...ခပ်ဆတ်ဆတ်အသံတစ်သံကို ကြားလိုက်ရဲ့။ အို...ရှက်လိုက်တာ။ ခင်ဦး ရင်ထဲက အသံပဲ။ ဒါပေမဲ့ လွင့်ပါးနေတဲ့ ခင်ဦးစိတ်တွေအတော်အတန် တည်ငြိမ်သွားတာတော့ အမှန်။

'တစ်ပြည်သားကို ဆက်မလှည့်စားရက်တော့ဘူး မဟုတ်လား။ ထုံးဖွဲ့ထားတဲ့ ပဟေဠိကြိုးစတွေ ပြေလျော့အောင် ဖြေလျှော့မယ်ဆို'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်မ ရှက်လို့ပါရှင်'

'အေး. . . မိန်းမသားတစ်ဦးအနေနဲ့ အရှက်တရားဆိုတာ ရှိရမှာပေါ့။ ဒါပေမဲ့ အရှက်တရားဝတ်ရုံဆိုတာ လိုတာထက် ပိုပြီးထူထဲသွားမယ်ဆိုရင် အမှောင်ကန့်လန့်ကာဆိုတာကြီး ကျရောက်လာတတ်တယ်။ ပါးလျတဲ့ ရှက်ကြောက်မှုပဝါပေါ်မှာ ပွင့်လင်းနားလည်မှုဆိုတဲ့ ရွှေခြည်တွေကို ယက်ဖောက်ထားမှသာ သင့်တော်တော့မပေါ့'

'ပွင့်လင်း နားလည်မှု ဟုတ်လား'

'ဟုတ်တယ်၊ အဲဒါ နှလုံးသားတွေရဲ့ အလိုအလျောက်စွမ်းအင်ပဲ'

'အို. . . ကျွန်မမှာ အဲဒီစွမ်းအင်မျိုး ရှိမှမရှိဘဲ'

'မညာပါနဲ့ ခင်ဦးရယ်၊ မင့်နှလုံးသားက မင်းကိုပြန်ပြီးလှောင်နေပြီ'

'ဒါဖြင့် ကျွန်မ ဘာလုပ်ရမလဲဟင်'

'မင်း ဘာမှလုပ်စရာမလိုဘူး။ ဒီအချိန်မှာ မင်းရဲ့အသိနဲ့ မင်းရဲ့ခံစား

မှုတို့ဟာ ရောထွေးပျော်ဝင်သွားကြလိမ့်မယ်။ မင်း ဘာမှလုပ်စရာမလို ဘဲ သူ့ဘာသာသူ လှုပ်ရှား သူ့မျက်လုံးတွေဆီကို တန်းတန်းမတ်မတ် ပြေးဝင်စူးမှန်ရာက သေးငယ်ချွန်မြ အပ်ဖျားလေးတွေကို သူ့ရင်ထဲအထိ ထိုးဖောက်နှောက်မွှေနေကြပြီဆိုတာလည်း ခင်ဦး သိလိုက်တယ်။ ဘာ ကြောင့်လဲဆိုတော့ ထပ်တူထပ်မျှ ခင်ဦးလည်း ခံစားနေရလို့ပဲပေါ့'

နားလည်မှု၊ စာနာမှု၊ သိခြင်း တွေ့မြင်ခြင်း ပေါင်းဆုံမှတ်၌ တည်ရပ်ကြခြင်းတွေဟာ ဓားသွားနှစ်ခု ပြင်းစွာထိတွေ့ရာက ထွက်ပေါ်လာ တဲ့ မီးပွင့်မီးပွားလေးတွေလို ဝင်းခနဲ လက်ခနဲ တဖွားဖွားဖြစ်ပေါ်နေကြ တယ်။

အံ့ဩမှု၊ ပထမဆုံးဖြစ်ပေါ်သွားတဲ့ သူ့မျက်နှာပေါ်က အငွေ့။ ပြီး တော့ ချက်ချင်းလိုလိုမှာပဲ လိုက်ပါလာတဲ့ အရာက ဝမ်းသာမှု၊ ခင်ဦး တွေ့နေတယ်။ ပြီးတော့ လေးထောင့်ကျကျ သူ့မျက်နှာပေါ်မှာ အပြုံးရိပ် တစ်ခု လျှင်မြန်စွာ စီးဖြတ်သွားတယ်။ အဲသည်အပြုံးရိပ်ဟာ ခင်ဦး နှုတ်ခမ်းမွှာတွေအပေါ်က ရိပ်ခနဲပေါ်သွားတဲ့ အပြုံးရိပ်ရဲ့ တန်ပြန်ရိုက်ခတ် မှု၊ အို. . . သည်လိုပြောလို့လည်း မရသေးဘူး။ အပြန်အလှန်ရိုက်ခတ်မှုတွေ နဲ့ ဖြစ်ပေါ်သွားကြတဲ့ အပြုံးရိပ်နှစ်ခု။ ဟုတ်တယ်၊ ပန်းကလေးတစ်ပွင့် တည်းရဲ့ ပွင့်ချပ်လေးတွေ ပြိုင်တူပွင့်ကြရာမှာ ဘယ်သူ့ဘယ်သူ့ကြောင့်မှ မဟုတ်ပဲကလား။

Y

ညီလာခံဟာ မနေ့ညက ပွဲကြည့်ဆောင် ဂုဏ်ပြုသဘင်နဲ့ ခြားနားနေ တယ်။ ခမည်းတော်နဲ့ သူတို့ စကားတွေပြောကြ၊ အမျိုးအမတ်တွေနဲ့ ပြောကြ၊ စကားတွေက နှစ်ပြည်ထောင်အရေး၊ ချစ်ကြည်ရေး၊ မဟာမိတ် ဖွဲ့ရေး၊ ခမ်းနားလိုက်တဲ့ စကားလုံးတွေ။

ဒါပေမဲ့ ခင်ဦး ရင်ထဲမှာ အလိုအလျောက် တည်ဆောက်ပြီးဖြစ်သွား တဲ့ ခမ်းနားမှုကိုတော့ မမီဘူးလေ။

အချိန်တွေ ဘယ်လောက်ကြာသွားသလဲ မသိဘူး။ ခန်းမဆောင် အပြင်ဘက်မှာ နေရောင်ဟာ စူးရှရှ ဝင်းပလာနေပြီ။ ဥဿာနန်းမြို့တွင်း မြင်ကွင်းဟာ မြင့်တက်လာတဲ့ နေလုံးအောက်မှာ အရောင်အသွေးတွေ ကြွလာနေကြပြီ။ သာယာလှပလိုက်တဲ့ လောကကြီးပဲကွယ်။

'တပ်မင်း ကျန်စစ်သား၊ ညီလာခံ အချိန်လင့်သွားပါပြီ။ သင်တို့ နေ့လယ်စာ စားချိန်တောင် မဆိုစလောက် နောက်ကျသွားပြီ။ အင်း. . . နောက်တစ်ခုလည်း ဧည့်သည်တွေအပေါ် ဧည့်ဝတ်မကျေပွန်ရာရောက် မှာ စိုးရပြန်တယ်။ နေ့လယ်စာကို သင်တို့နဲ့အတူ ကျွန်ုပ်စားဖို့ အချိန်မရ ဖြစ်နေတယ်။ မှူးမတ်များနဲ့ အထူးတိုင်ပင်နှီးနှောစရာလေးတွေ ရှိနေတဲ့ အတွက်ကျွန်ုပ်တောင်ဘက်အဆောင်တော်သွားရဦးမယ်။ ဒါပေမယ့်...'

ခမည်းတော်က ညီလာခံသိမ်းစကားဆိုရင်း ခင်ဦးဘက် ငဲ့ကြည့် တယ်။

'သမီးတော် မဏိစန္ဒာ'

ခမည်းတော်က ခါတိုင်းလိုခေါ်တာဖြစ်ပေမယ့် ခင်ဦးမှာ မလုံမလဲ စိတ် နဲ့မို့ အနေရ အထိုင်ရ ခက်သွားတယ်။

'ဧည့်သည်တော်ကြီးများ နေ့လယ်စာကို သမီးတော်ကိုယ်တိုင် ကြီးကြပ်ပြုစုဧည့်ခံပေးပါ။ ခမည်းတော်ကိုယ်စားယူပါ'

သည်တစ်ခါတော့ သူ့ကို ခင်ဦးလှမ်းကြည့်ရင်း ယောင်ယောင်လေး ပြုံးပြမိတော့တယ်။ ကြည့်လေ... သူကတော့ အတိုင်းသားပြုံးလို့။

Z

## [၉]

'တပ်မင်း'

'ဘာလဲ ငထွေ'

'သူတို့ အောက်ပြည်အောက်ရွာဒေသမှာ ငါးငပိ တယ်ကောင်း သကိုး၊ ရေမြေကလည်း ကောင်းဆိုတော့ ဟင်းလျာတွေကလည်း တယ် အရသာရှိ၊ အင်း... အစားကောင်းလေးများ စားရပြီဆိုတော့ လူကြီး သူမများ ပြောသလို ချစ်သူခင်သူများလည်း တယ်သတိရ တပ်မင်းရာ'

'အံမာ... မင်းကလား ငထွေရှူးရဲ့'

စားတော်ခန်းမဆောင်ကြီးထဲမှာ သူနဲ့ တပ်မှူးသုံးဦး၊ လေးယောက် အတွက် ပွဲတော်ဝိုင်းကို ထိပ်ဆုံးမှာ ခင်းထားပေးတယ်။ ကျန်စစ်သည်တွေ ကတော့ ခန်းမအပြည့် စားပွဲရှည်တန်းတွေမှာ နေရာယူလို့။

ခင်ဦးက နေရာအနှံ့သွားပြီး ထမင်းပွဲတွေကို ကြီးကြပ်ပေးနေရတယ်။ ကြီးကြပ်ပေးရတယ်ဆိုပေမယ့် ဘုရင့်စားတော်ကဲနဲ့ နန်းတွင်းစားဖိုမှူးတွေ အမှုတော်ထမ်းတွေက သူ့နေရာနှင့်သူ အစေ့အငှ ရှိကြပြီးသားမို့ ခင်ဦး အနေနဲ့ အထူးအထွေ လုပ်စရာမရှိပါဘူး။

ဒါပေမယ့် ခမည်းတော်က သူ့ကိုယ်စား ယူပါလို့ အမိန့်တော်ရှိထား လေတော့ ခင်ဦးဟာ အစအဆုံး ရှိနေရမယ်ပေါ့။

ပင်တိုင်စံ သမီးတော်ကိုယ်တိုင် ဧည့်ခံတဲ့ပွဲ၊ ထမင်းပွဲဆိုတော့လည်း

အလိုလိုနေရင်း ခမ်းနားကြီးကျယ်သွားပြီထင်ပါရဲ့။ ခင်ဦးအနေနဲ့ကတော့ ထိပ်စားပွဲက သူတို့ဝိုင်းနားမှာပဲ ဧည့်ခံရတော့တယ်။ ဒါကြောင့် ထမင်းစားရင်းနဲ့ သူတို့ပြောနေတဲ့စကားတွေကို အတိုင်းသားကြားနေရတယ်။

သူတို့အထဲမှာ ဘာစကားမှမပြောဘဲ ထမင်းလုတ်ကြီးတွေနဲ့ အားပါးတရ မြိန်ရည်ရှက်ရည် စားနေသူ ညောင်ဦးဖီး၊ ထမင်းတစ်လုတ် စကားတစ်ခွန်းကျနဲ့ နှုတ်သွက်နေသူကတော့ ဟို အသားမည်းမည်းနဲ့ ပျော်တတ်နောက်တတ်တဲ့ ငထွေပေါ့။

'တကယ်ပါ တပ်မင်းရဲ့၊ အစားကောင်းစားရချိန်မှာ ချစ်သူခင်သူကို သတိရတယ်ဆိုတာ တကယ်'

'အခု မင်းက ဘယ်သူ့ကို သတိရနေလို့လဲ၊ သတိရစရာလူ ရှိလို့လား'

ငလုံးဆိုတဲ့တပ်မှူးက လှမ်းမေးတယ်။

'အံမာ၊ ရှိပ့ါ မောင်ရာ ရှိပ့ါ။ ရှိသမှ တစ်ယောက်တည်းတောင်မက'

'ဘယ်သူတွေများလဲ'

'ထန်းတောထဲက သားတွေ သမီးတွေလေ'

'အံမာ... မင်းက ဘယ်ကမယားရှိလို့ သားတွေ သမီးတွေပေါ်လာရတာလဲ'

'ဟား... ထန်းသမားတွေရဲ့ ကလေးတွေပေ့ါဟ လူရ'

ပျော်တတ်တဲ့ တပ်မှူးငထွေကို ခင်ဦး ခင်မိတယ်။ သူတို့စစ်ပွဲရဲ့ အပမှာ စစ်သည်နဲ့မတူဆုံး လူတစ်ယောက်ပဲဖြစ်မယ်ထင်တယ်။

'အင်း... တပ်မင်းတို့ကတော့ ကုသိုလ်ကံ အကျိုးပေးကောင်းပ့ါ'

'ဘာဖြစ်လို့လဲကွ'

'ဩော်... ငါတို့များမတော့ အစားကောင်းစားရချိန်မှာ အဝေးက သံယောဇဉ်တွေကို သတိရ၊ တပ်မင်းကျတော့ ကြည့်စမ်း၊ အဝေးက သံယောဇဉ်မဟုတ်ဘဲ အနီးနား...'

သူ အားတောင့်အားနာနဲ့ ခင်ဦးကိုလှမ်းကြည့်ရင်း သူ့တပ်မှူးကို ငေါက်လိုက်တယ်။ ခင်ဦး မကြားအောင် အသံအုပ်အုပ် ပြောပေမယ့်

အဲဒီအချိန်မှာ ခင်ဦးက အနားရောက်နေတာဆိုတော့ တခြားလည်း မသွားသာ၊ သူတို့ဝိုင်းနားကလည်း အခွာခက်ဖြစ်နေတုန်း-

'ကျုပ် အခု ပုပ္ပားကို သတိရနေပြန်ပြီ တပ်မင်းရဲ့'

'ငထွေ မင်း စကားသိပ်များတယ်ကွာ'

'တကယ်ပါ၊ စကားများတာ မဟုတ်ပါဘူး။ မပြောရ မနေနိုင်ဖြစ်လာလို့ပါ။ ပုပ္ပားက ကျုပ် ထန်းတောရွာမှာ ကျုပ် လူပျိုပေါက်တုန်းက ပိုးပန်းခဲ့ဖူးတဲ့ ရဲဇားသနား ရှိတယ်ဗျ'

'လုပ်ပြန်ပဟ၊ အင်း. . . ပြောစမ်းပါဦး'

သည်တစ်ခေါက်တော့ တပ်မှူးလုံးက ဝင်ထောက်ပေးတယ်။ သူကတော့ သူ့ပွဲတော်စာအုပ်ထဲကို ဟင်းရည်တွေအတွင်သားဆမ်းနေလေရဲ့။

'အဲ. . . ရဲဇားသနားမဖြစ်တဖြစ် ဆိုပါတော့လေ။ တစ်ရက်သားကျတော့ သူ့အိမ် ကျုပ် ထန်းရည်ချိုတွေ သွားပို့ရင်းနဲ့ သူ့ခမည်းကြီးက အတင်းခေါ်လို့ ထမင်းဝင်စားခဲ့ရတယ်'

'အင်း. . . အဲဒီတော့'

ခင်ဦး သိလိုက်ပါပြီ။ တပ်မှူးနှစ်ယောက် တမင်တကာ စကားအပေးအယူ လုပ်နေကြပြီဆိုတာ။

'ခမည်းကြီးက သူ့သမီးကို လုံမရေ အဘ နွားတွေလှန်ထားတာ မသိမ်းရသေးဘူး၊ မေ့နေလိုက်တာတဲ့၊ လုံမပဲ ဧည့်သည်ကို ထမင်းခူးခပ်ကျွေးပေတော့ဆိုပြီး ထားပစ်ခဲ့ရော'

ကြည့်. . . ဒါ သူတို့သက်သက် အကွက်ဆင်ပြောတာနေမှာ။

'အဲ ကျုပ်က ဧည့်သည်ပေါ့။ သူကလေးက အိမ်ရှင်ပေါ့။ ထမင်းပွဲတွေဘာတွေပြင်၊ အခါးရည်တွေဘာတွေ ငှဲ့ပေးပြီး အနားကနေ ထန်းဖလပ်ကလေး တယမ်းယမ်းနဲ့ပေါ့'

ခင်ဦးလက်ထဲက နံ့သာယပ်ကလေးကို အလိုလိုပြန်ပိတ်လိုက်မိတယ်။

'စဉ်းစားကြည့်စမ်းပါ တပ်မင်းရာ၊ ကိုယ်ချစ်တဲ့သူ ပြင်ပေးတဲ့ ထမင်းပွဲမှာထိုင်၊ ချစ်တဲ့သူက အနားမှာ ဧည့်ခံလို့၊ ကိုင်း. . . ကျုပ် ဘယ်လိုလုပ် မေ့လို့ရမလဲ၊ မြိန်လိုက်တဲ့ ထမင်းဗျာ'

'အခု အဲဒီလုံမကော'

'လုံမကလေးလား၊ ဟေး ဟေး ချစ်သူမျက်နှာ တစိမ့်စိမ့်ကြည့်ရင်း စကားတွေ တဖောင်ဖောင်ပြောရင်း စားကောင်းကောင်းနဲ့စားလိုက်တာ သူ့အဘ ပြန်ရောက်လာတော့ ထမင်းအိုးက ပြောင်ပြီလေ။ သူတို့သား အမိ သားအဖ သုံးယောက်စာ ကုန်သွားတော့တာပေါ့'

'အဲဒီတော့. . .'

'ဒီလောက် အစားကြီးတဲ့ကောင် ဖြစ်မထင်ပါဘူးဆိုပြီး ရဲဇာသနာ အဖြစ်ကနေ အဲဒီနေ့ကစ ရပ်စဲလိုက်တော့တာပါပဲ မောင်ရာ'

'ဖြစ်ရမယ်၊ ဒါကြောင့် မင်းကို ငထွေရှူးလို့ ခေါ်တာ'

'ရှူးကာမှ ရှူးကောပေါ့၊ လောကကြီးမှာ သူ့နည်းနဲ့သူ ရှူးနေကြတာ ချည်းပါပဲ။ ဟော. . . ငါတို့ တိုက်ထုတ်ပစ်လိုက်တဲ့ ဂျွမ်းစစ်သည်တွေ ဆိုရင် နယ်ပယ်ချဲ့ထွင်ချင်တဲ့ စစ်မီးတွေ မဟုတ်လား၊ ငါတို့ တမ္ဗဒီပ သစ်မထီးဒေသက အရည်းရှင်ကြီးတွေ ကြည့်ဦးမလား၊ ဆေးဝါးမန္တရား အတတ်တွေနဲ့ တစ်စတစ်စ အာဏာစက် ကြီးမားလာပြီး ရှူးကုန်ကြ တာ မဟုတ်လား။ ဒီလိုပါပဲကွာ၊ ဥစ္စာနဲ့ရှူးတာ၊ ပညာနဲ့ရှူးတာ၊ အဲ. . . ဒီအထဲမှာ ခွင့်လွှတ်လို့ရတဲ့ရှူးပုံ တစ်ခုပဲရှိတယ်ကွ'

'ဘာလဲဟ၊ အဲဒါ'

'အမှန်တော့ ရှူးတယ်ဆိုတဲ့ စကားလုံးကြမ်းကြမ်းကြီးတောင်မှမသုံး သင့်ပါဘူးကွာ၊ အင်မတန် နှစ်လိုဖွယ်ကောင်းတဲ့ ဝေဒနာတချို့ပါ'

'ဘာလဲလို့ ဆိုနေ'

'ချစ်ချင်းမေတ္တာလေ၊ ချစ်ချင်းမေတ္တာရဲ့ ဖမ်းစားမှုအောက်က စွဲလမ်း မှု ဝေဒနာလေး မဟုတ်ဘူးလား တပ်မင်း'

'ငထွေ၊ မင်းပါးစပ် မပိတ်သေးရင် ငါ ဟောဒီဒေါင်းလန်းကြီးနဲ့ မင်းခေါင်းကို စွပ်ပစ်လိုက်တော့မယ်'

'အား. . . အား. . . တစ်ပြည်ရပ်ခြားမှာ ဒီလိုတော့မလုပ်ပါနဲ့ တပ်မင်း ရယ်၊ တော်ကြာ တပ်မှူးငထွေဟာ ဒေါင်းလန်းရှူးကြီးပေါ့ဆိုပြီး ဥဿာ မှာ နာမည်တွင်သွားမယ်'

ချိုချဉ်ခဲဖွယ် နေ့လယ်စားပွဲမှာ ထိုင်ကြတောလည်း တပ်မှူးငထွေနဲ့ တပ်မှူးငလုံးတို့ဟာ အတိုင်အဖောက်ညီနေကြဆဲပါ။ ဒါပေမဲ့ သူတို့တပ်မင်းကြီးက မျက်နှာထား တည်ထားလို့ထင်ပါရဲ့၊ ဟို ထွားထွားကျိုင်းကျိုင်း တပ်မှူး ညောင်ဦးဖီးကလည်း သူတို့ နောက်ပြောနေကြတော့တယ်။

ချိုချဉ်ခဲဖွယ် ပွဲတော်အုပ်ထဲက ငှက်ပျောဖီးကြီးတစ်ဖီးကို ကောက်ယူပြီး တပ်မှူးငလုံးက-

'တပ်မင်းခွင့်ပြုမယ်ဆိုရင် ကျွန်တော် အကြပ်သွေးသောက်တွေဆီ သွားပြီး ဒီငှက်ပျောသီးတွေ ဝေငှပေးချင်တယ်၊ ဒီကောင်တွေ အောက်ပြည်အောက်ရွာထွက် ဒီငှက်ပျောမျိုး စားဖူးကြတာမဟုတ်ဘူး'

လို့ ပြောတော့ တပ်မှူးငလုံးက-

'ကျွန်တော်လည်း လိုက်သွားပါရစေ တပ်မင်း'

တဲ့။

ပြောပြောဆိုဆိုပဲ သူတို့နှစ်ယောက် ခန်းမကြီး ဟိုဘက်ဆီကို ထွက်သွားကြတယ်။ ဦးဖီးကတော့ သူနဲ့အတူ ကျန်ရစ်ခဲ့တယ်။ ခဏနေတော့ တပ်မှူးငလုံး ပြန်လာပြီး-

'ဦးဖီး၊ ခင်ဗျားရဲမက်တွေက သူတို့နဲ့အတူလာပြီး အခါးရည်သောက် လှည့်ပါလို့ ဖိတ်ခေါ်နေကြတယ်။ အဲဒီမှာ ကျုပ်နဲ့ ငထွေက ရောက်သွားပြီး ခင်ဗျားပါမလာတော့ တို့တပ်မှူးက ဥဿာရောက်မှ တို့ကိုတစ်ဆိတ်မျက်ကွယ်ပြုသလားတဲ့ ပြောနေကြလေရဲ့ဗျား'

'မဟုတ်ပါဘူးကွာ၊ ငါက အိုးစားမခွဲဘူးဆိုတာ သူတို့သိပါတယ်။ အခုဟာက ဒီမှာ တပ်မင်းတစ်ယောက်တည်းမို့'

'အံမယ်လေး ဦးဖီးရယ်ဗျာ၊ တပ်မင်းမှာ ဘယ်ကတစ်ယောက်တည်း ရမှာလဲ'

ဆိုပြီး ငလုံးက ခင်ဦးဘက် မသိမသာ ဝေ့ကြည့်တယ်။

သူတို့အကြံပဲဆိုတာ ခင်ဦးသိလျက်နဲ့ပဲ ပြုံးရင်း ခေါင်းကို အတွင်သားငုံ့ထားရတော့တယ်။ အဲသည်နောက်မှာ ဦးဖီးလည်း တပ်မှူးငထွေနောက် ပါသွားတယ်။ ခဲဖွယ်ပွဲစာအုပ်နားမှာ သူနဲ့ခင်ဦး နှစ်ယောက်တည်း ကျန်ရစ်ခဲ့တော့တာပေါ့။

ရှက်ရိပ်ကလေး ငွေ့ခနဲ မျက်နှာကို လာဟပ်တယ်။ ဒါပေမဲ့. . .

'ငထွေတို့ကို ခွင့်လွှတ်လိုက်ပါ မဏ္ဍာကီစန္ဒာ၊ သူတို့က လူပျော်တွေမို့ ပါ။ ခွင့်လွှတ်တယ်မဟုတ်လားဟင်'

'ဟုတ်ကဲ့၊ ခင်ဦး သူတို့ကို ခင်ပါတယ်'

အမေးနှင့်အဖြေ တစ်သားတည်း မကျမှန်း သိလိုက်ပေမယ့် သည် စကားဟာ ခင်ဦးတို့နှစ်ယောက်အတွက် အဓိပ္ပာယ်တွေ အပြည့်လေ။

'ဝန်မလေးဘူးဆိုရင် မဏ္ဍာကီစန္ဒာ ဒီမှာ ခဏထိုင်ပါလား၊ အို. . . နေဦး၊ ဘုရင့်သမီးတော်ကို ကျုပ် ဖိတ်ခေါ်တာပါနော်'

နှစ်ယောက်ချင်းအတွေ့ရဲ့ ပထမဆုံး စကားပြောခန်းမှာ သူ သည် လောက်တော့ လှုပ်လှုပ်ရှားရှား ရှိပေမပေ့ါလေ၊ သူရဲကောင်းကြီးရဲ့ အိုးတိုး အမ်းတန်း အမူအရာများကို ခင်ဦး စာနာစွာနဲ့ပဲ သူနဲ့မျက်နှာချင်းဆိုင်မှာ ဝင်ထိုင်လိုက်ပါတယ်။

ပွဲတော်အုပ်ထဲက စပျစ်သီး စိမ်းစိမ်းလဲ့လဲ့လေးတွေ၊ နို့ဓမ်းနဲ့ စီမံထား တဲ့ အချိုမုန့်ခဲလေးတွေ၊ ပျားရည်လိမ်းသုတ်ထားတဲ့ မုန့်သလက်အဝိုင်းလေး တွေ၊ ရွှေခွက်ထဲက သစ်သီးရည်၊ နောက် ကျွတ်ကျွတ်ရွရွ သီဟိုဠ်စေ့လေး တွေ၊ အခွံခွာ အမျှင်နွှာထားတဲ့ လိမ္မော် ကျွဲကော် အမြွာလေးတွေ။

ပြီးတော့ ခဲဖွယ်ပွဲတော်အုပ်ဘေးက ရွှေကွမ်းအစ်၊ အခါးရည်ပွဲ၊ ပန်းနုရောင် ချည်ပိုးမျှင်ပတ်ထားတဲ့ ကွမ်းသီးဖက်၊ ရွှေပန်းကန်။

'ကွမ်းစားပါ၊ ဆေးသောက်ပါ တပ်မင်း'

အို. . . ပြောစရာစကား ခေါင်းပါးလှချည့်၊ ခင်ဦး ဘယ်လို ဘာတွေ ဘာကိုပြောရပ့ါ၊ သူကကော ဘယ်လိုပြောမှာလဲ၊ မြင့်မားသီခေါင် တောင် ထိပ်ကိုတက်ခဲ့ရပြီးနောက်မှာ အေးမြလတ်ဆတ် တောင်ပေါ်လေက မတိုက် ခတ်သေးပါလား။

'မဏ္ဍာကီစန္ဒာ'

ခင်ဦး မျက်နှာ မဖော်ရဲဘူးကွယ်။

သူ့ဆီက တိတ်ဆိတ်တဲ့ လှုပ်ရှားမှုတစ်ခုကို မျက်လွှာအလင်းနဲ့ တွေ့လိုက်ရတယ်။ သူ့လက်ချောင်းတွေက သူ့ခါးစည်းပဝါကြားကနေ တစ်စုံ တစ်ခုကို ဆွဲထုတ်၊

'ကြည့်လိုက်ပါ မဏိစန္ဒာ'

လှံသွားရာလေး ထင်ကျန်ရစ်ဆဲ၊ ညှိုးရော်နေပြီဖြစ်တဲ့ ပန်းပွင့်လေးကို ခင်ဦး မကြည့်ဘဲ မြင်နေပါတယ်။

အနာတရ ပန်းပွင့်လေးကို သူက လက်ညှိုးနဲ့ လက်မအကြားမှာ အသာအယာလှည့်ရင်း-

'ဥဿာ ဘုရင်မင်းမြတ်ရဲ့ သမီးတော်ဖြစ်နေမယ်ဆိုတဲ့အထိ ကျုပ် မတွေးမိတာ အမှန်ပါပဲ မဏိစန္ဒာ'

'ဖြစ်နေတော့ကော ဟင်'

အို. . . အားမထုတ်ရဘဲ ခင်ဦး အလိုလို ပြောဖြစ်သွားတဲ့စကား။

သူ ပြုံးလိုက်ပုံက နက်နက်ရှိုင်းရှိုင်း။

'ဘုရင့်သမီးတော်မှန်း သိလိုက်တဲ့အချိန်မှာ ကျုပ် အတိုင်းမသိ အံ့သြသွားခဲ့တယ်။ အဲဒီအချိန်မှာပဲ အံ့သြမှုက ပြီးဆုံးသွားပြီ။ သမီးတော်တစ်ပါး၊ ဒါမှမဟုတ် နန်းတွင်း ကိုယ်လုပ်တော်လေးတစ်ယောက်၊ ဒါမှမဟုတ် မှူးမတ်တစ်ပါးပါးရဲ့ သမီး၊ တူမ၊ ကျုပ် တကယ်တမ်း သိချင်နေတာ၊ ရှာဖွေနေတာက ဒါတွေမဟုတ်ဘူး'

သူ့ရဲ့ အင်အားပါလှတဲ့ လေသံနဲ့ စကားလုံးတွေကို နားထောင်ရင်း ခင်ဦး ရင်ထဲမှာ ရှက်ကြောက်ခြင်း၊ မဝံ့မရဲဖြစ်ခြင်းဆိုတဲ့ အလွှာတွေဟာ တစ်ခုပြီးတစ်ခု အသာအယာကွာကျသွားသလိုပဲ ခံစားနေရတယ်။

သိပ်ကို သေးငယ်တဲ့ ပြတင်းလေးတစ်ချပ်၊ ဒါပေမဲ့ အဲသည်ပြတင်း ကလေး လှစ်ခနဲအပွင့်မှာတော့ နှလုံးသားဟာ အလင်းရောင်တန်းနဲ့တွေ့ထိ ပြီး ဝံ့ဝံ့စားစား ဖြစ်လာလေသလား၊ ဒါဟာ ချစ်ခြင်း သံယောဇဉ်ရဲ့ ဂုဏ်သတ္တိ တစ်ခုလေလား။

'တပ်မင်း၊ ရှာဖွေနေတာက ဘာလဲဟင်'

ကြည့်ပါဦး၊ ခင်ဦး အံ့သြလိုက်တာ။ ကိုယ့်အသံ ကိုယ်ပြန်ကြားရ ရတာဟာ ရှေ့မှာ ဆီးဆို့နေတဲ့ ကျောက်တုံးကြီးတစ်ခုကို ထိတိုက်ပြီးမှ အလွယ်တကူ ပြေပြေလျော့လျော့ ရစ်ခွေစီးဆင်းသွားတဲ့ စမ်းရေအလျဉ် တစ်ခုလိုပဲ။

'အပြန်အလှန် နားလည်မှု'

'အပြန်အလှန် နားလည်မှု'

သူ့စကားကို ခင်ဦး ပဲ့တင်ဆိုမိတယ်။

'ဟုတ်တယ်၊ အဲဒါကို ကျုပ် အခုရှာတွေ့ပြီ'

ပန်းနု ကန့်လန့်ကာ ပါးပါးလေးတစ်ခု၊ ခင်ဦး မျက်နှာပြင်ပေါ်မှာ အိခနဲ။ သွားပြီထင်ပါရဲ့၊ ဒါပေမဲ့ ကန့်လန့်ကာလေးက တကယ့်ကို ပါးလွန်းလှတယ်။ နှလုံးသွေးတွေက တဒိတ်ဒိတ် လှည့်ပတ်ရင်းနဲ့ ရင်အိမ်နံရံကို မြန်မြန်ကြီး ထိုးဆောင့်နေတတ်တယ်။

နက်မှောင်တဲ့သူ့မျက်လုံးကြီးတွေက အရောင်တလက်လက်။ ယောကျ်ားတစ်ယောက်ရဲ့ ပြုံးနေတဲ့မျက်လုံးကို ခင်ဦး တအံ့တဩ တွေ့လိုက်ရတော့တယ်။ နေရာမှာ တည်ရပ်နေရင်း အဆက်မပြတ်လည်နေတဲ့ မျက်ဝန်းအိမ်တွေဆိုတာ ဒါပဲလား။

အသိကင်းမဲ့ လွင့်မျောသွားမှုရဲ့ အဲဒီကာလဟာ ဘယ်လောက်အထိကြာသွားသလဲ မသိ။

ချောင်းဟန့်သံတစ်ချက် ခင်ဦး နောက်ဘက်ဆီက ကြားလိုက်တော့မှ ခင်ဦး သတိပြန်ဝင်လာတယ်။

တပ်မှူး ငထွေနဲ့…တပ်မှူး ငလုံးတို့ရယ်။

'အဟမ်း… အဟင်း၊ တပ်မင်း… ဟို ကျွန်တော်တို့နှစ်ယောက် ရဲ မက်လေးတွေနဲ့ အဲ… ပန်းဝှက်တမ်းကစားနေကြတာ နည်းနည်းကြာသွားတယ်။ ဩော်… သမီးတော်လည်း ဧည့်ခံနေရတာ အချိန်အတော်လေးများ ညောင်းသွားသလား မသိ။ အားနာလိုက်တာ၊ ဟဲ… ဟဲ… ပန်းဝှက်တမ်း ကစားကြတာ ဒီကောင်တွေချည်းရှုံးတာပဲ တပ်မင်းရဲ့၊ သူတို့က ဖော်မှ မဖော်နိုင်တာကိုး၊ ဘာတဲ့ကွာ… ငလုံးရဲ့၊ တို့ နောက်ဆုံး ဝှက်ခဲ့တဲ့ဟာ'

တပ်မှူး ငထွေရဲ့စကားတွေက ဟိုရောက် သည်ရောက်။

'ငါ ဘယ်မှတ်မိမလဲ၊ မင်း ဝှက်တဲ့ပန်းပဲ'

'ဩော်… အင်း အင်း မှတ်မိပြီ၊ ဘာတဲ့ စီပြစ်ပြေ ငွေသားနှင့်

ရွှေသားငယ်ဝင်းလျှံ၊ ခါးစည်းတင်ကျယ်နဲ့၊ ရှုချင့်စဖွယ် ဟန်တင့်ရည်း၊ မည်းကော့နက်ဆံ၊ ကျင့်အာစာ သီလနှင့် လို့လခြိုးခြံ၊ ခြေငံလှစကား၊ သို့လောက်ကယ် ဂုဏ်ကြွယ်က၊ မျိုးနွယ်ကို ပုံမစစ်နှင့်တော့၊ ချစ်နှစ်ကယ် ထိုကညာ၊ သက်ပဏ္ဏာ ကုန်ကုန်ကျင်း၊ နှင်းကြ အမျှားဆိုတာ လေ... ဟဲ... ဟဲ'

ခင်ဦး ပြုံးနေလိုက်တော့တယ်။ မျက်နှာ အတွင်သားငုံ့ရင်း ပြုံးမိရာက စိတ်ထဲကနေ ပြန်ပြောနေမိတယ်။ တပ်မှူး ငထွေရယ်၊ တော့်ပန်းဝှက်စကားက တကယ့်တကယ် ဝှက်စကားမှမဟုတ်တာ၊ ပင်တိုင်စံ သမီးတော်တစ်ပါးအနေနဲ့ ခင်ဦး အဆောင်တော်ထဲမှာ လေ့လာကျက်မှတ်ရတဲ့ စာတွေထဲမှာ သည်ကဗ္ဗတ္ထိယကထာကို ခင်ဦး ကောင်းကောင်းသိပြီးသားပါ။

'တပ်မင်းကော အဲဒီပန်းကို ဖော်နိုင်ပါ့မလား'

'သွားစမ်းပါ ငထွေရူးရယ်၊ မင်းဝှက်တဲ့ပန်းကို ငါက အချိန်ကုန်ခံပြီး စဉ်းစားမနေနိုင်ပါဘူး၊ တော်ရာ သွားကြစမ်း'

ငထွေက သူ့လက်ဖဝါးကြီးကို ဖြန့်တဲ့ပြီး-

'ဩော်... တပ်မင်းက ကျွန်တော်တို့ကို နှင်ပြီကိုး၊ အေးလေ၊ ဒါဟာ စစ်တလင်းမှ မဟုတ်လေပဲကလား၊ ဒါက...'

'သွားကြစမ်းကွာ'

'သွားပါတော့မယ် တပ်မင်း၊ သမီးတော် ခွင့်ပြုပါဦးနော်'

ငလုံးက ငထွေကို အတင်းဆွဲခေါ်သွားတယ်။ သူတို့ လွတ်လပ်ပွင့်လန်းစွာ ရယ်မောသွားကြလေရဲ့။ ခန်းမဆောင်တံခါးကနေသူတို့ထွက်သွားကြတော့မှ သူက ခင်ဦးကို ငုံ့ကြည့်ပြီးပြုံးတယ်။

အပြုံးနှစ်ခုရဲ့ အပြန်အလှန် ဆွဲငင်မှုစက်ဝန်းထဲက ခင်ဦးက စပြီး ရုန်းထွက်လိုက်ရတယ်။ အကြည့်လွှဲရင်း ငေးမိငေးရာ ငေးလိုက်တော့ သူနဲ့ ခင်ဦးအကြား ပွဲတော်အုပ်ထဲက စပျစ်သီး စိမ်းစိမ်းလဲ့လဲ့လေးတွေ၊ နို့ခမ်းဖွေးဖွေးအိနေတဲ့ မုန့်ခဲလေးတွေ၊ ပျားရည် လိမ်းသုတ် မုန့်သလက်ဝိုင်းလေးတွေ...

'အတူစားကြရအောင်နော် မဏိစန္ဒာ'

စပျစ်သီးခိုင်လေးဆီ လက်ကမ်းဖြုတ်ခြွေမယ်လုပ်တော့ တစ်ခိုင်တည်း တစ်လုံးတည်းသော စပျစ်သီးလေးဆီမှာ သူနဲ့ ခင်ဦး လက်ချင်းဆုံသွားလေရဲ့။

အို… မင်း သိပ်ချိုမှာပါ စပျစ်သီးလေးရယ်။

z

# [၁၀]

ခင်ဦးဘဝမှာ မယ်မယ်ဖုရားကို အပြင်းထန်ဆုံး တောင့်တမိတဲ့ ကာလပါပဲ။

နတ်ရွာစံ မယ်မယ်ဖုရားသာ ရှိနေရင် ခင်ဦးမှာ ဖွင့်ဟတိုင်ပင်စရာ ရင်ကိုဖွင့်ပြီး ပြောပြစရာ သည်လောကမှာ အသင့်တော်ဆုံးပုဂ္ဂိုလ်ပဲလေ။ အခုတော့ ခမည်းတော်ဆိုတာက သမီးတော်ရဲ့ ပင်တိုင်စံဘဝကို သူ့ရဲ့ ညီလာခံသဘင်တစ်ခုလောက်မှ စိတ်ဝင်စားတာ မဟုတ်လေဘူး။

မယ်မယ်ဖုရားသာရှိနေရင် ခင်ဦးလေ မယ်မယ်ရဲ့ရင်ခွင်မှာ ခေါင်းတိုးဝှေ့ပြီး ပြောပြချင်ပါရဲ့။ ခင်ဦး သူ့ကို သိပ်တွယ်တာမိတယ် မယ်ဖုရားရယ်၊ သူကလည်း ခင်ဦးကို သိပ်ကြင်နာမြတ်နိုးတာပဲ။ ပုဂံပြည်က တပ်မင်းစစ်သည်ကြီးတစ်ယောက်မှာ သည်လို နူးညံ့တဲ့နှလုံးမျိုးရှိတာ အံ့သြစရာ မကောင်းဘူးလားဟင်။ ပြီးတော့လေ သူဟာ သိပ်ကို မင်းယောကျ်ားပီသတာ မယ်ဖုရားရဲ့။ သူ့လက်ဖဝါးကြီးတွေက ဓားရိုးလှံရိုးတွေ မြင်းဇက်ကြိုးတွေကို ကိုင်ရဖန်များလွန်းအားကြီးတော့ တကယ့်ကို ကြမ်းလိုက်သမှ ဒါပေမဲ့ သူ့လက်ဖဝါးကြမ်းကြီးတွေအကြောင်း သူသိတော့ ခင်ဦးရဲ့ ပါးပြင်နှစ်ဖက်ကို သူ တယုတယ ဖွဖွလေးပဲ တို့ထိရှာပါတယ် မယ်ဖုရားရယ်။

ပြီးတော့ အဲသည်လို ဖွဖွရွရွလေးကိုင်ထားရင်း ခင်ဦး မျက်လုံးတွေကို

စူစူးစေ့စေ့ကြည့်ရင်း သူလေ စကားတွေ အများကြီးပြောတယ် မယ်ဖုရားရဲ့၊ အို… အဲသည်စကားတွေကို ခင်ဦး ရင်ထဲက နားလည်ပေမယ့် ပြန်မပြောတတ်ဘူး။ ခင်ဦးမှာလေ စကားလုံးတွေ နားထောင်နေရတာနဲ့ မတူဘူး။ သူ့ဆီက သင်းမြတ်လတ်ဆတ်တဲ့ ခွန်အားအငွေ့တွေကို ရှူရှိုက်နေရသလို ချိုမြစူးရဲတဲ့ နတ်သုဒ္ဓါ ဩသရေည်တွေကို သောက်သုံးနေရသလိုပဲ မယ်ဖုရားရဲ့။

သူ့စကားတွေထဲမှာ သူ့အကြောင်းတွေလည်း ပါတယ်။ သူ့ရဲ့ တမ္ပဒီပ နေပြည်တော်အကြောင်းလည်းပါတယ်။ သူ့ရဲ့ ပုဂံသူပုဂံသားတွေအကြောင်းလည်းပါတယ်။ အို… အများကြီးပဲ။ သူ့အရှင်သခင် အနော်ရထာမင်းအကြောင်း၊ သူ့ရဲမက်၊ သူ့လူတွေအကြောင်း။ သူ လှည့်ခဲ့တဲ့ဒေသတွေက လူတွေအကြောင်း၊ အရည်းရှင်ကြီးဆိုတဲ့ ထူးဆန်းတဲ့ ပုဂ္ဂိုလ်ကြီးတွေအကြောင်း။ ဧရာဝတီ၊ မြင်းကပါ၊ ပုပ္ပား၊ မောတောင်တန်း၊ လွင်ပြင်ချိုင့်ဝှမ်းတွေအကြောင်း။

အဲသည် မကုန်နိုင် မဆုံးနိုင်အကြောင်းတွေထဲမှာ သူ ခင်ဦးကို ဘယ်လောက်ချစ်ကြောင်း၊ဘယ်လောက် မြတ်နိုးကြင်နာကြောင်းဆိုတာက တော့ယက်ဖောက်ပြေးလွှားချည်မျှင်တွေအကြားကရစ်ဘီးတိုင်မဏ္ဍိုင်လေးပေါ့။

သူဟာ တကယ့်ကို ကျယ်ပြန့်လှတဲ့ လောကကြီးတစ်ခုပဲ မယ်ဖုရားရယ်။ သူ့ရင်အုပ်ကျယ်ကြီးထဲမှာ ခင်ဦး ပါးပြင်အသာအပ်၊ သူ့စကားတွေကိုနားထောင်ရတဲ့ အခါများမှာဆိုရင် ခင်ဦးဟာ နတ်မြင်းပျံကြီးကို သူနဲ့အတူစီး၊ ဟို မြင့်မားလှတဲ့ ကောင်းကင်ပေါ်မှာ ဝဲလှည့်ရင်း ကမ္ဘာလောကကြီးကို အမြင့်ကြီး အဝေးကြီးကနေ တပြန့်တပြော ငုံ့စီးကြည့်နေရသလိုပါပဲ မယ်ဖုရားရယ်။ ရင်ထဲမှာ နွေးလာလိုက်၊ အေးသွားလိုက်၊ အမြဲပဲ ဆာလောင်မွတ်သိပ်နေသလို ခံစားလိုက်ရ၊ အမြဲပဲ ဝလင်ပြည့်ဖြိုးနေသလို ခံစားလိုက်ရနဲ့။ အို… သူဟာ ချစ်ခြင်းသံယောဇဉ်ကြိုးတွေ တစ်ထွေးကြီးနဲ့ ခင်ဦးကို ရစ်ပတ်ဖွဲ့နှောင်ပြီး စကြာဝဠာအနှံ့ကို ခေါ်သွားတော့တာကလား မယ်ဖုရားရယ်။

ခင်ဦးလေ အဲသည်လို မယ်ဖုရားကို တိုင်တည်ပြောနေရာကလွဲပြီး သူနဲ့ ခင်ဦးအကြောင်းကို လျှို့ဝှက်ကျောက်ဂူကြီးတစ်ခုလို ဘယ်သူမှမသိအောက် ပိတ်ဆို့ ဖုံးကွယ်ထားရတော့တယ်။

တပ်မှူး ငထွေ...၊ တပ်မှူး ငလုံးနဲ့၊ တပ်မှူး ဦးဖီးတို့တော့ ကောင်းကောင်းသိကြပါတယ်လေ။ သူကလည်း ပြောထားသားပဲ။

'အစောင့်တပ်မှူး သုံးယောက်ကိုတော့ အမောင်တို့အကြောင်း ပြောထားတယ်။ သူတို့က ဟိုး... ပကတူး အစကတည်းက သိထားကြသူတွေပါကွယ်။ ပြီးတော့ သူတို့ကလည်း ခင်ဦးကို ချစ်ရှာကြပါတယ်' တဲ့...။

'ကိုင်း...ခင်ဦးအကြောင်းလည်း အမောင့်ကို ပြောပြစမ်း' လို့ သူက မေးလာတော့ ခင်ဦးမှာ ဘာမှအထူးအထွေပြောပြစရာမရှိဘူးလေ။

ဒါပေမယ့်ပေါ့။ ခင်ဦး ငယ်ငယ်လေးကတည်းက မယ်ဖုရား နတ်ရွာစံသွားတဲ့အကြောင်း၊ ပင်တိုင်စံဘဝနဲ့ လပေါင်းများစွာ ကြီးပြင်းရှင်သန်ခဲ့ရကြောင်း၊ ပင်တိုင်စံ သမီးတော်ဘဝမှာ ခင်ဦး သင်ယူခဲ့ရတဲ့ ပညာရပ်တွေ၊
စာပေတွေအကြောင်း၊ လောကကြီးရဲ့ အရောင်အသွေးတွေမှာ ခင်ဦး စိတ်ဝင်စားတဲ့အကြောင်း၊ ခင်ဦးကိုချစ်လည်းချစ်၊ ကြောက်လည်းကြောက်၊ အလိုလည်းလိုက်ရှာတဲ့ အထိန်းတော်ကြီးအကြောင်း ဒါပဲ ခင်ဦးမှာ ပြောစရာရှိတာပေါ့။

သည်တော့ ခင်ဦးစကားတွေကို ငြိမ်သက်စွာနားထောင်ရင်းက သူက မေးလာတယ်။

'လောကကြီးရဲ့ အရောင်အသွေးတွေကို ခင်ဦး စိတ်ဝင်စားတယ်ဟုတ်လား၊ ကိုင်း... ပြောစမ်း၊ အရောင်အသွေးတွေအကြောင်း'

ခင်ဦး ပြောပြတာကို သူ တလေးတစား နားစိုက်ထောင်တယ်။ အရောင်တွေက လူ့ရဲ့စိတ်ကို ဘယ်လို ရိုက်ခတ်ထိခိုက်တယ် ဆိုတာကိုလည်း ခင်ဦး ပင်တိုင်စံ နန်းတော်ထဲမှာ လေ့လာခဲ့သမျှ ပုရပိုက်တွေ၊ ပုရာဏ်ကျမ်းထွက်တွေနဲ့ ပြောပြတယ်။ သူ တစ်ချိန်လုံး တိတ်ဆိတ်လေးနက်စွာ နားထောင်ပြီးတော့မှ...

'ခင်ဦးရဲ့စိတ်အာရုံကို အထိခိုက်စေဆုံးအရောင်က ဘာလဲ'တဲ့။

ခင်ဦး မနည်းကြီးတွေးပြီး ဖြေလိုက်တယ်။

'အသွေးမဲ့ အဆင်းမဲ့ အရောင်'လို့။

'အင်း… အဲဒါက ဘာအရောင်လဲ'တဲ့ သူက။

ခင်ဦး ကြိုးစားရှင်းပြရတယ်။ အဲဒါဟာ အရောင်တစ်ခု။ ဒါပေမဲ့ သူ့မှာ အဆင်အသွေးမရှိဘူး။ အနီ၊ အပြာ၊ အဝါတို့လို ပင်ကိုဗီဇ အဆင့် လည်း မရှိဘူး။ ခရမ်းပြာ၊ နံ့သာ၊ ဖက်ဖူး၊ လိမ္မော်တို့လို ဆင့်ပွားကူးယူ အသွေးလည်း မရှိဘူး။ ဒါပေမဲ့ သူ့မှာ ဘာမှ အဆင်အသွေးမရှိခြင်းကိုက သူ့ရဲ့အရောင်ပဲလို့။

'အဲဒီအရောင်ကို ခင်ဦး မြင်ရလို့လား'

'မမြင်အပ်တဲ့အရောင်ပဲ အမောင်ရဲ့ သူက အာရုံခံစားမှုနယ်ရဲ့အလွန် မှာ ရှိတယ်။ တွေးတောဆင်ခြင်မှုနဲ့ ရင်ထဲခံစားမှုတို့အားဖြင့်သာ သူ့ကို သိနိုင်တယ်'

'အဖြူရောင်လည်း မဟုတ်ဘူးနော်'

'အဖြူရောင်ဟာ သူ့ရဲ့ သင်္ကေလေးတစ်စသာ ဖြစ်လိမ့်မယ် အမောင်'

'ဒါဆို အဲဒီ အသွေးမဲ့အဆင်းမဲ့အရောင်က ခင်ဦးကို ဘယ်လို ထိခိုက်စေသလဲ'

'သူ့ကို တွေ့မိတဲ့အချိန်မှာ ခင်ဦး ငြိမ်းချမ်းနေတယ်'

သူ အတော်ကြာကြာ တိတ်ဆိတ်နေပြီးမှ…

'သစ္စာတရားလို့ အမောင် ထင်တယ်။ အင်း… သိပ်ခွန်အားကြီးတယ်'

လို့ လေးလေးနက်နက်ကြီး မှတ်ချက်ချတယ်။ ပြီးတော့ ခင်ဦး လက်ချောင်းလေးတွေကို သူ့ရဲ့လက်ဖဝါးကြမ်းကြီးတွေနဲ့ ထိရှမှာစိုးစွာ ဖွဖွလေး ဆုပ်ရင်း…

'ခင်ဦးမှာ အမောင်ထင်တာထက် ပိုပြီးနက်ရှိုင်းတဲ့ အတွေးတွေ ရှိနေတာပဲ'

လို့ အမြတ်တနိုးပြောတတ်တယ်။

ခင်ဦးတော့ တကယ့်ကိုပဲ မသိပါဘူး။ ခင်ဦး သိတာက သူ့ကို ခင်ဦး သိပ်တွယ်တာမြတ်နိုးမိတယ်ဆိုတာပါပဲ။

## [၁၁]

တာရာဒေဝီ ကျောက်ဆစ်ရုပ်အနီးမှာ ခင်ဦး ထိုင်နေတာ အတော်လေးကြာသွားပြီ။ ရောက်ချိန်တန်ပေမယ့် သူ ရောက်မလာသေးဘူး။ ဥယျာဉ်တော်မှာတော့ ခါတိုင်းလိုပဲ ပန်းရနံ့၊ ကျေးငှက်အသံ၊ ဒေါင်းတွန်သံ၊ ရေပန်းရေမွှား ဖြောဖြောကျသံ၊ သစ်ရွက်လေတိုးသံ၊ စိမ်းစိုတောက်ပ ပန်းရုံတွေ။

ဉသာကို သူရောက်နေတာ ရက်သတ္တတစ်ပတ်ကျော်သွားခဲ့ပြီ။ သူ့မှာ စစ်ရေးအကူအညီနဲ့ ရောက်လာတဲ့ဧည့်သည်ဆိုပေမယ့် ဉသာနန်းတွင်းမှာ သူဟာ အိမ်ရှင်သေနာပတိကြီးလိုပဲ ဝင်ထွက်ခစား တိုင်ပင်ဆွေးနွေးညီလာခံတက်နဲ့ မနားရရှာပါဘူး။

ညနေခင်း အချိန်လေးတွေနဲ့ ညချမ်းမှာပဲ ခင်ဦးတို့ တွေ့နိုင်ကြတာ။ သည်အချိန်ကလေးကိုပဲ သူ့မှာ မနည်းမနောယူရရှာတာ။

အခုလည်း သူရောက်မလာသေးတော့ သူ့အကြောင်းတွေးရင်း တာရာဒေဝီ ကျောက်ဆစ်ရုပ်တုဘေးမှာပဲ...။

'ပင်တိုင်စံ သမီးတော်... ကျုပ် လာပါရစေ'

အို... တပ်မှူးဦးဖီးပါလား၊ ဥယျာဉ်တော် အဝင်လမ်းကျောက်ကြားတွေအတိုင်း ဦးဖီးလျှောက်လာပုံက အရေးတကြီးရှိလှပါလား။

'ထိပ်ထား... ဒီနေ့ တပ်မင်း မလာနိုင်ကြောင်း ကျုပ်ကို အပြော

စေလိုက်လို့ လာရပါတယ်။ တပ်မင်းဟာ အခု စစ်ရေးညီလာခံတစ်ခု တက်ရောက်နေရပါတယ်။ တမ္ဗဒီပ နေပြည်တော်ကို အနုရုဒ္ဓါဘုရင်မင်းမြတ်ရဲ့ အမိန့်တော်စာချွန်ရောက်လာပါတယ်။ အမိန့်တော်အရ ကျုပ်တို့ သုဝဏ္ဏဘူမိဒေသဘက် ခရီးထွက်ရမယ်။ တိုက်ထုတ်ပစ်လိုက်တဲ့ ဂွမ်းသူပုန် အစအန အကြွင်းအကျန်တွေကိုလည်း လိုက်လံရှင်းလင်းရပါမယ်။ ဒီညအဖို့ တပ်မင်း လာနိုင်တော့မှာ မဟုတ်ပါဘူး ထိပ်ထား။ ထိပ်ထား အမှာစကားပါးစရာရှိရင်လည်း ပါးလိုက်ပါလို့ တပ်မင်းက မှာလိုက်ပါတယ်'

ညောင်ဦးဖီးဟာ စစ်သည်ကြီးပီပီ သူပြောစရာရှိတာတွေကို တစ်ဆက်တည်း ပြောချသွားတယ်။

'ခရီးထွက်ရမယ်တဲ့လား၊ ဘယ်တော့လဲဟင်… ဦးဖီး'

'အကြိုတပ်၊ ရှေ့ပြေးကင်းထောက်တပ်၊ ရိက္ခာသယ်ရှာဖွေတပ်၊ အစီအမံတွေကို ဒီတစ်ညလုံး ချမှတ်၊ နက်ဖြန်နေ့ခင်း တပ်ဖွဲ့တွေလွှတ်၊ ပြီးရင် ညနေဘက်မှာ တပ်မင်း စစ်ချီမှာပါ။ ထိပ်ထား အမှာပါးစရာ ဘာရှိပါသလဲ'

'ဟင်… ခင်ဦးလား၊ ဟို စစ်ရေးညီလာခံ ခန်းမဆီကို ခင်ဦးလာခဲ့မယ်လို့၊ အို… အခုပဲ တစ်ခါတည်း လိုက်ခဲ့မယ်လေ'

ဦးဖီးက လေးပင်စွာ ခေါင်းယမ်းတယ်။

'ဥဿာဘုရင်မင်းမြတ် ရှိနေပါတယ် ထိပ်ထား'

တဆတ်ဆတ် တုန်ချင်လာတဲ့ နှုတ်ခမ်းတွေကို ခင်ဦး သတိထားထိန်းပြီး ပြောလိုက်တော့တယ်။

'နက်ဖြန်မနက် အရုဏ်တက် ထိပ်ထား နန်းဦးဘုရားဆောင်မှာ ပန်းရေချမ်းကပ်ရင်း သူ့ကိုစောင့်ပါမယ်လို့ လာနိုင်ရင်လာပါလို့'

'အမှာစကားကို ပြောပြပေးပါ့မယ်၊ ကျုပ်သွားပါရစေ ထိပ်ထား'

ညောင်ဦးဖီးဟာ ကျောက်ပြားတွေပေါ် နင်းဖြတ်ပြီး ဥယျာဉ်တော်ထဲက ထွက်သွားတယ်။ ခိုင်ရွှေဝါ ပွင့်ဖတ်လေးတွေ ကြွေကျပြန့်ကျဲနေတဲ့ ပန်းရုံ မုခ်ကုံးအောက်အရောက်မှာ သူတုံ့ရပ်ပြီး ခင်ဦးဘက်လှည့်ကြည့်တယ်။ ပြီးတော့ စကားတစ်ခွန်းဆိုပြီး လှည့်ထွက်သွားတယ်။

'ချစ်ခြင်းမေတ္တာဆိုတာ အင်အားရှိထားရမယ်လို့ သိထား သမီးရေ' တဲ့။

ဖခင်တစ်ယောက်၊ ဦးရီးတစ်ယောက်ရဲ့ ကရုဏာအပြည့်လေသံ။

ခင်ဦး ဘာလုပ်ရမလဲ...။ ဒါဟာ အမောင့်ကို ချစ်ရခြင်းလမ်းခရီးရဲ့ အစကနဦးပဲ ရှိသေးတယ်လေ။ ပင့်သက်ရှိုက်လိုက်မိတဲ့ လေပြည်ထဲမှာ ပန်းရနံ့တွေက မမွှေးတော့ပါလား...။

Z

# [၁၂]

နန်းဦးဘုရားဆောင်ရဲ့ ဗုဒ္ဓမြတ်စွာ ရုပ်ပွားတော်ရှေ့မှောက်မှာ ခင်ဦး ငြိမ်းချမ်းမှု ပျောက်ဆုံးနေတယ်။ ကိလေသာအပေါင်းတို့ကို သုတ်သတ်ဖြတ်တောက် ပယ်ရှားတော်မူအပ်ပြီးသော ဘုရားရှင်ရှေ့မှောက်မှာ ခင်ဦးကတော့ သံသရာကွန်ရွက်တွေနဲ့ အလုံးလုံး အထွေးထွေး ဝဋ်ဒုက္ခ ခပ်သိမ်းမှ ကယ်တင်ပေးတော်မူတဲ့ ဘုရားရှင်ရှေ့မှောက်မှာ ခင်ဦးဟာ သံယောဇဉ် အနှောင်အဖွဲ့တွေနဲ့ အလိမ်းလိမ်းအငြိငြိ။

အရုဏ်နေခြည်စလေးတွေ ညင်သာစွာ ဆင်းဖြာထိုးကျနေတဲ့ ဘုရားဆောင်ထဲမှာ ကပ်လျှုပူဇော်ခြင်း မပြုရသေးတဲ့ ပန်းရနံ့တွေက ကြိုင်လှောင် စီးဆင်းလို့။

အို… မကောင်းလိုက်တာ၊ မကောင်းလိုက်တာ။

ချစ်သူကို ချိန်းဆိုလိုက်တဲ့နေရာက ဘုရားဆောင်တဲ့လား။

ရုပ်ပွားဆင်းတုတော်ရဲ့ မျက်နှာတော်ကို ခင်ဦးမော့ပြီး မဖူးမမြင်ရတဲ့ အတွက် ကော်ဇောပေါ်မှာပဲ ကျုံ့ရယ်ထိုင်ရင်း မျက်လွှာချနေမိတော့တယ်။ ချစ်သူရဲ့ ပခုံး လက်ရုံးပေါ် အသာအယာဆုပ်ကိုင် မှီခိုတဲ့ လက်တွေကို ခင်ဦး ဘုရားရှင်ထံ ရည်စူးပူးယှက် လက်အုပ်မချီရဲဘူး။ ခင်ဦးလက်တွေမှာ အချစ်ကြောင့် တိုးဝင်လှိုက်ခုန်နေတဲ့ သွေးများ လှည့်ပတ်နေသော လက်

ချောင်းတွေ၊ သံယောဇဉ်တွေကြောင့် နွေးထွေး ရှိန်းမြနေတဲ့ လက်ဖဝါးတွေ။ ဘုရား ဘုရားသည် လက်အစုံနဲ့ ငါ… ငါ ဘုရားရှေ့မှာ ဦးခိုက်ကြောင့် ခိုလှုံသင့်ပါသလား။

ရံရွှေတွေ အသင့်စီမံထားတဲ့ ပန်းတွေဟာ အရုဏ်မိုးသောက်ရဲ့ နှင်းရည်နဲ့ နေခြည်ကို ချိုးသုံးပြီးကာစမို့ အစွမ်းကုန် လန်းဆန်းနေကြ တော့တယ်။ ဒါပေမယ့် ဒီပန်းတွေဟာ သံယောဇဉ်အပူငွေ့ကြောင့် နွမ်းရော် သွားကြလိမ့်မယ်လို့ ခင်ဦးထင်တယ်။

ကြည့်ပါဦး၊ တစ်ပြည်ရပ်ခြား ခရီးသွားတော့မယ့် ချစ်သူများအတွက် မိန်းမသားတွေဟာ သည်လိုပဲ ဆောက်တည်မဲ့ဖြစ်ကြရသလား။ ချစ်သူ ခရီးလမ်းဖြောင့်တန်းပါစေ။ ထိမယ့်ခလုတ် ဆုတ်ပါစေ၊ လာမယ့်ဘေး ဝေးပါစေ၊ ကြုံမယ့်အန္တရာယ် ပြယ်ပါစေဆိုပြီး အနူးအညွတ် ဆုတောင်းနေရ မယ်မဟုတ်လား။

ထိရှ ခံစားလွယ်လိုက်တာ ခင်ဦးရယ်လို့ ကိုယ့်ကိုယ်ကို ဆုံးမပြီး ခင်ဦးရဲ့လက်တွေကို ငွေခွက်ထဲက နံ့သာရောတဲ့ နှင်းရည်ထဲမှာ နှစ်စိမ် လိုက်တယ်။ ထွေပြားတုန်ယင်ခဲ့တဲ့ လက်တွေနဲ့ ခင်ဦး ဘုရားပန်းတွေကို မထိမကိုင်ချင်ဘူးလေ။

အထပ်ထပ်အခါခါ ဆေးကြောသန့်စင်ပြီးမှ ခင်ဦး ဘုရားပန်းတွေ ကို လှမ်းယူလိုက်တယ်။ ဆွတ်ဆွတ်ဖြူ နှင်းပန်းတွေရဲ့ ရိုးတံမြစိမ်းကို ထိကိုင်လိုက်ရတယ်ဆိုရင်ပဲ ခင်ဦး ရင်ထဲမှာ အတော်အတန် ငြိမ်းအေး သွားတယ်။

'အမောင့်ကိုလည်း ဘုရားပန်းတွေ မျှပါဦး ခင်ဦးရယ်'

ဆင်းတုတော်ရှေ့မှောက် ပုဆစ်တုပ်ထိုင်မယ်အပြုမှာပဲ သူ့အသံက နန်းဦးဘုရားဆောင် တံခါးဝဆီက တိုးညင်းစွာဝင်ရောက်လာတယ်။ ခင်ဦး လှည့်ကြည့်လိုက်တော့ သူ ခင်ဦးနားကို ရောက်နေပါပြီ။ ညင်သာလှတဲ့ သူ့ခြေလှမ်းကျဲကြီးတွေကြောင့် သူ လှမ်းလာတဲ့ ခြေသံကို ခင်ဦးမကြား လိုက်ရဘူးလေ။

နှင်းပန်းတွေကို သူ့လက်ထဲ၌ ထည့်ပေးလိုက်တယ်။ အမြတ်တနိုး လှမ်းယူနေတဲ့ သူ့လက်တွေကို ကြည့်လိုက်တဲ့အခါမှာ ခင်ဦး ရင်ထဲ

တစ်ချက် နှင့်ရပြန်တယ်။ သြော်... ဘုရားရှင်ထံ ကပ်လှူပူဇော်ဖို့ ချစ်သူထံ ကပန်းများကို ခွဲဝေယူနေတဲ့ သူ့လက်ဖမိုးပေါ်မှာလည်း သားရေပြားတွေ စည်းနှောင်လို့၊ သားရေကြိုးတွေ လှုပ်ယမ်းလို့။ ဒါဟာ မကြာခင်မှာပဲ မြင်းဇက်ကိုကိုင်ပြီး ခရီးရှည်ကြီးကို ထွက်ခွာတော့မယ့် စစ်သည်တစ်ဦးရဲ့ ဆင်ယင်မွမ်းမံမှုလေ။

ခင်ဦးတို့နှစ်ယောက် ယှဉ်ထိုင်ကြရင်း ငြိမ်သက်တိတ်ဆိတ်စွာပဲ ဘုရားရှင်ကို အာရုံပြု ဘုရားပန်းများကို ကပ်လှူပူဇော်ကြတယ်။ ပြီးတော့ ခင်ဦးလက်ထဲက ပန်းတွေကို သူက လှမ်းယူပြီး နှစ်ခုသော ပန်းခိုင်ကို တစ်ခုတည်းပေါင်းပြီး ဘုရားပန်းအိုး ထိုးစိုက်လိုက်တယ်။

'အို... '

ပန်းအိုးထဲ ထိုးအစိုက်မှာ နှင်းပန်းခိုင်လေးတစ်ခု ပန်းအိုးနှုတ်ခမ်းပေါ်ကနေ ပြုတ်ကျသွားပါလား။ သူကတော့ အမှတ်တမဲ့ပဲ ပြုတ်ကျသွားတဲ့ ပန်းခိုင်ကို ကောက်ယူဖယ်ရှားလိုက်တယ်။

အားငယ်ထိခိုက်နေတဲ့ ခင်ဦး ရင်ထဲမှာတော့ ဒါဟာ အတူတကွ ရှိမနေကြခြင်းရဲ့ နိမိတ်ပြလေလားရယ်လို့ ကြောက်သွားမိတယ်။ အောက်ကျသွားတဲ့ ပန်းခိုင်လေးဟာ ခင်ဦးဆီကလား၊ သူခွဲယူလိုက်တဲ့ထဲကလား။ အို... ဘာပဲဖြစ်ဖြစ် ဘာကြောင့်များ တသီးတခြား လွင့်စဉ်ပဲ့ကျသွားရတာလဲ။

'ဘုရားဆောင်အပြင်စကြံမှာ ခဏလေး စကားပြောရအောင်၊ အမောင့်မှာ အချိန်သိပ်မရဘူး ခင်ဦး'

သူ အချိန်လုပြီး လာရတယ်ဆိုတာ ခင်ဦးသိနေပါတယ်။ တမွဒီပ တပ်တွေဟာ ခုလောက်ဆိုရင် နန်းတော်ရှေ့ဘက် ကွက်လပ်ရင်ပြင်မှာ စုံညီစုဝေးနေလောက်ကြပြီလေ။

ခင်ဦးတို့ ဘုရားဆောင်အပြင် စကြံဆီကို ထွက်ခဲ့ကြတယ်။

ဘုရားဆောင်တံခါးရဲ့တစ်ဖက်ကို ခြေလှမ်းလိုက်ပြီဆိုတာနဲ့ ခင်ဦး ရင်ထဲမှာ ညှို့ပြီး ပြိုဆင်းလာတော့တယ်။ ဒါပေမဲ့ ခင်ဦး အားတင်းလိုက်တယ်။ ညှိုးနွမ်းမသွားနဲ့။ သူ့ရှေ့မှာ ပြိုမသွားနဲ့။ ယိမ်းယိုင်မသွားနဲ့။

ဒါဟာ သူ့ကိုချစ်မိတဲ့အတွက် တစ်ပါတည်း လက်ခံယူရမယ့် ဝေဒနာများရဲ့ နိဒါန်း။

'အမောင့်ကို သံယောဇဉ် ဖြစ်ရတဲ့အတွက် ခင်ဦး ပင်ပန်းနေပြီလား'

ကရုဏာစကားကြောင့် ခင်ဦးနှုတ်ခမ်းကို တင်းတင်းစေ့ပစ်လိုက်ရတယ်။ သူ့ရင်ခွင်မှာ မျက်နှာအပ်ပြီး ငိုလိုက်ချင်တဲ့ ရှိုက်သံတွေကို သည်းနည်းနဲ့သာ ကြိုးစားပိတ်ဆို့ရတော့မယ်။

'တိုင်းရေးပြည်ရွာတွေ သိပ်အရေးကြီးနေတဲ့ ကာလမှာ အမောင်တို့ လာတွေ့ရလေတယ်ကွယ်။ ခင်ဦးကို အမောင်သနားလိုက်ပါဘိတော့'

'ခင်ဦး မျှော်လင့်ထားတာမဟုတ်ပေမယ့် တကယ်တမ်းကြုံလာရပြီဆိုတော့လည်း အလိုက်သင့်နေတတ်ရမှာပေါ့ အမောင်ရယ်'

ကြိုးစားအားခဲရင်း သည်စကားကို ပြောဖြစ်သွားတဲ့အတွက် ခင်ဦးကိုယ့်ကိုယ်ကို အံ့ဩသွားမိတယ်။ ခရီးထွက်တော့မယ့် ချစ်သူကို နောက်ဆံတွေ မတင်းစေချင်တဲ့ စေတနာက ပြိုလဲလုဝေဒနာကို အနိုင်ရသွားတယ် ထင်ပါရဲ့။

'အမောင်တို့ သုဝဏ္ဏဘူမိဒေသအထိ ခရီးဆက်ကြမယ်ဆို'

ခွဲခွာရကာနီးမှာ ချစ်သူစိတ်လွင့်ပါးအောင် လွမ်းကြောင်းဆွေးကြောင်း စကားတွေကို ဘာကြောင့်ပြောနေတော့မှာလဲဆိုတဲ့ အသိလေးတစ်ချက်ဟာ ဝေဒနာအစိုင်အခဲတွေကို အခိုက်အတန့်မှာတော့ ဖုံးဖိကျော်ဖြတ်သွားတယ်။

'ဟုတ်တယ်၊ အမှန်တော့ ထွက်ပြေးသွားတဲ့ ဂွမ်းသူပုန်တွေနောက် လိုက်လံသုတ်သင်ဖို့ထက် သုဝဏ္ဏဘူမိအရောက်သွားဖို့က ပိုအဓိကကျတယ်။ နေဦး... အမောင်ပြောပြမယ်'

သူ စိတ်အားထက်သန်စွာ စကားပြောပြီဆိုရင် သူပြုနေကျအတိုင်း ခင်ဦးလက်အစုံကို သူ့ရဲ့ကြီးမားကျယ်ပြန့်တဲ့ လက်ဝါးကြီးတွေနဲ့ ဆုပ်ကိုင်လိုက်တယ်။

'မနေ့ညကပဲ တမ္ဗဒီပနေပြည်တော်က ချစ်ကြည်ရေး တမန်အဖွဲ့တစ်ဖွဲ့ ထပ်ရောက်လာတယ်'

'ဟင်... ဟုတ်လား၊ ပုဂံနဲ့ဥဿာ ချစ်ကြည်ရေး မဟာမိတ်ဖွဲ့ဖို့ လိုသေးလား အမောင်ရယ်'

'ဥဿာအတွက်မဟုတ်ဘူး၊ သုဝဏ္ဏဘူမိအတွက်'

ကြည့်ပါဦး၊ သူနဲ့မတွေ့ရတဲ့ လေးရက်အတွင်းမှာ တိုင်းရေးပြည်ရာတွေဟာ သည်လောက်အထိ အသစ်အသစ် ဖြစ်ပေါ်နေခဲ့ပါလား။ ခမည်းတော်ကလည်း ခါတိုင်းလို ခင်ဦးကို ညီလာခံတက်ဖို့ မခေါ်တော့တာကြောင့် ခင်ဦး ဘာမှမသိခဲ့ဘူး။ အင်းလေ… ခင်ဦး သိစရာမလိုဘူးထင်လို့ မပြောကြတာလည်း နေမှာပါ။

'သုဝဏ္ဏဘူမိအတွက်က အမောင်နဲ့တွင် မပြည့်စုံဘူးတဲ့လား'

သူ့မျက်လုံးတွေ လေးနက်မှုနဲ့ အရောင်တောက်လာတယ်။

'ဘုရင့်သားတော် စောလူးမင်းသားကိုယ်တိုင် ခေါင်းဆောင်လာတဲ့ တမန်အဖွဲ့ပဲ ခင်ဦး၊ စောလူးမင်းသားဟာ အနုရုဒ္ဓါဘုရင်ရဲ့ အမိန့်စာချွန်ချစ်ကြည်ရေးသဝဏ်ကိုပါ ဆောင်ကြဉ်းလာတယ်'

စောလူးမင်းသား. . .၊

သည်အမည်ကို သူပြောပြဖူးတဲ့ သူ့ရဲ့နေပြည်တော်အကြောင်းတွေထဲမှာ ခင်ဦး ကြားခဲ့ဖူးတယ်။ ဒါပေမဲ့ သည်နာမည်နဲ့ သည်ပုဂ္ဂိုလ်ကို သူကလည်း အရေးတယူ ပြောခဲ့ခြင်းမရှိ။ ခင်ဦးကလည်း အခြားအကြောင်းအရာတွေကိုသာ စိတ်ဝင်စားခဲ့ပြီး ဒါကိုတော့ အမှတ်တမဲ့ပဲ ရှိခဲ့တယ်။

ဒါပေမဲ့ စောလူးမင်းသား ဆိုတဲ့အမည်ကို အခုကြားလိုက်ရတဲ့အချိန်မှာ ဘာကြောင့်လဲမသိ။ ခင်ဦးရင်ထဲမှာ လှုပ်လှုပ်ရှားရှားဖြစ်သွားတယ်။ နေခြည်တောက်နေတဲ့ ကောင်းကင်ပြင်မှာ မိုးသားတွေ ချက်ချင်းညို့လာပြီး အလင်းတွေ ဆို့ဆည်းပိတ်မှောင်သွားသလိုမျိုး။

ဘာကြောင့်များ သည်နာမည်ကို ကြားရချိန်မှာ ခင်ဦး နောက်ကျိရှုပ်ထွေးသွားတာပါလိမ့်။

'သုဝဏ္ဏဘူမိဟာ ထေရဝါဒသာသနာ အထွန်းကားဆုံးဒေသ ဖြစ်တယ်ဆိုတာ ခင်ဦး သိတယ်နော်'

ခင်ဦး ခေါင်းညိတ်ပြလိုက်တယ်။ သုဝဏ္ဏဘူမိနဲ့ ခင်ဦးတို့ ဥဿာနဲ့ အဆက်အဆံ အကူးအလူးမရှိပေမယ့် အဲသည်ဒေသရဲ့ ထေရဝါဒ သာသနာထွန်းကားပုံ၊ ကြီးကျယ်ခမ်းနားပုံတွေကို နယ်လှည့်ပန်တျာသည်တွေရဲ့ နန်းတွင်းဖျော်ဖြေပွဲတွေမှာ ခင်ဦး ကြားဖူးနေတယ်။

'ဂျွမ်းသူပုန်အရေးကြောင့် ဉဿာနဲ့ အမောင်တို့ ခုလို နှစ်ပြည်ထောင် မဟာမိတ်ဖြစ်ခွင့်ရလိုက်တာကို အမောင်တို့ရဲ့ အနုရုဒ္ဓါဘုရင်က သိပ် ဝမ်းသာနေတယ် ခင်ဦး။ ဘာကြောင့်လဲဆိုတော့ သုဝဏ္ဏဘူမိနဲ့ ဆက် သွယ်ဖို့ အရေးမှာ အရင်က ပုဂံနေပြည်တော်ဟာ အဆက်အစပ် အပတ်အသက် မရှိသလောက် ကင်းကွာနေခဲ့ရတာ၊ အခု ဉဿာဟာ ပုဂံရဲ့နောင်ညီတိုင်းပြည်ဖြစ်လာတော့ သုဝဏ္ဏဘူမိကို လှမ်းနိုင်ဖို့အရေး ဉဿာက အကောင်းဆုံး ပေါင်းကူးတံတားဖြစ်နေတယ်။ ဉဿာရဲ့မဟာ မိတ်တိုင်းပြည်အဖြစ်နဲ့ သုဝဏ္ဏဘူမိကို ထိတွေ့ခွင့် ရလိုက်တာဟာ အကြီးကျယ်ဆုံး အခွင့်အရေးဖြစ်သွားတယ်' တဲ့။

သူ ရှင်းပြနေတာတွေကို ခင်ဦး မကြားတစ်ချက် ကြားတစ်ချက် ဖြစ်နေတော့တယ်။ စောလူးမင်းသားဆိုတဲ့အမည်က ခင်ဦးစိတ်အစဉ်ကို ဘာကြောင့် မကြည်မလင်ဖြစ်စေတာပါလိမ့်ဆိုတာကိုပဲ တွေးနေမိတယ်။

နောက်ဆုံးတော့ မည်မည်ရရ အဓိပ္ပာယ်မရှိတဲ့ အတွေးကိုဖယ်ထုတ် ပြီး...

'သုဝဏ္ဏဘူမိဟာ ခရီးအဝေးကြီးပဲနော် အမောင်'

'တိုင်းပြည်တစ်ပြည်အတွက်ဆိုရင်တော့ ခရီးဝေးခြင်းဟာ ချစ် ကြည်ရေးနယ်ပယ် ကျယ်ပြန့်ခြင်းလို့ အဓိပ္ပာယ်ရတယ် ခင်ဦးရဲ့။

သူက ပြုံးရင်း ပြောပြန်တယ်။ ဩော်... သူချစ်တဲ့တိုင်းပြည်အရေး ကို အမြဲပဲ အကောင်းဘက်က တွေးတတ်သူပါလား။

'ခရီးဝေးပေမယ့် အမောင် မကြာပါဘူး ခင်ဦးရယ်၊ အမြန်ဆုံး ပြန်လာမှာပါ။ ပြည်ထောင်မင်းအရေးတွေ ပြီးသွားတာနဲ့ ဉဿာ ဘုရင် ရှေ့တော်ဝင်ပြီး အမောင်တို့အကြောင်း သံတော်ဦးတင်ခွင့်တောင်းမှာပါ'

'ဉဿာဘုရင်က အမျက်တော်ရှပြီး မျက်နှာတော်လွှဲမယ်ဆိုရင်ကော ဟင်'

'ဘယ်တော့မှ အဲဒီလိုဖြစ်မှာမဟုတ်ဘူး။ ဉဿာဘုရင်က အမောင့်ကို အိမ်ရှေ့ဥပရာဇာတောင် ထားချင်ထားနေမှာ'

ပြုံးပြုံးရွှင်ရွှင် ပြောလိုက်တဲ့စကားဖြစ်ပေမယ့် သူ့လေသံက တကယ် ယုံယုံကြည်ကြည် ပြောနေပုံမျိုး။ သည်စကားကြားရတော့ ခင်ဦး အားတက်

သွားတယ်။ အခိုက်အတန့် ခွဲခွာရပေမယ့် အရေးကြောင့် လေးလံနေတဲ့ ရင်ထဲမှာလည်း အနာဂတ်အတွက် ကြိုမြင်ရတဲ့ အလင်းတစ်ခုနဲ့ ပေါ့ပါး ကြည်လင်သွားတယ်။

'ကဲ့ . . . ခင်ဦးရေ၊ သုဝဏ္ဏဘူမိက အပြန်နော်၊ ဒီခရီးက ပြန်လာရင် ခင်ဦးရဲ့ ခမည်းတော်ရှေ့မှောက် အမောင်ဝင်တော့မယ် ဟုတ်လား'

'စောင့်ရတဲ့ရက်တွေ ကြာတော့မှာပဲ အမောင်ရယ်'

'စောင့်ရတဲ့ရက်တွေရဲ့ အချိန်ကာလတွေပေါ်မှာ မနေနဲ့၊ အမောင်နဲ့ စတွေ့ချိန်၊ ပြီးတော့ အမောင်နဲ့ တွေ့ရတော့မယ့်အချိန်ဆိုတဲ့ အတိတ်နဲ့ အနာဂတ်အကြောင်းတွေကိုပဲ စဉ်းစားနေ၊ တွေးနေ ဟုတ်လား'

စကြံလမ်းချိုးကွေ့မှာ လူရိပ်တစ်ခုလို တွေ့လိုက်ရတယ်။ ခင်ဦးတို့ ရှိရာ လျှောက်လာသူကတော့ တပ်မှူး ဦးဖိုး။ သူ့မျက်နှာမှာ စိုးရိမ်ကြောင့် ကြတဲ့အသွင်နဲ့။

'ဘာလဲ ညောင်ဦးဖိုး'

'စောလူးကိုယ်တော်တိုင် နန်းတွင်းအဆောင်တော်မှူးက ဥဿာ နန်းဆောင်တွေလိုက်ပြနေပါတယ် တပ်မင်း၊ သူတို့ ဒီဘက်ကို ရောက် လာ ကြတော့မယ်'

Z

# [၁၃]

စကြာ်လမ်းတွေရဲ့ တစ်ဖက်ကို ချိုးထွက်လိုက်ကြရတယ်။ နန်းဦးလေသာဆောင်နဲ့ ဆက်ထားတဲ့ အပြင်စမုတ်ဆောင်ဆီ ရောက်သွားတယ်။ စမုတ်ဆောင်ရဲ့ထောင့်စွန်း ပြာသာဒ်အောက်မှာ ခင်ဦး ရပ်နေလိုက်တယ်။

သူနဲ့ တပ်မှူး ဦးဖိုးက ရှေ့ဆက်လျှောက်သွားကြတယ်။

အလိုအလျောက် လူချင်းခွဲပြီး နေရာဖျောက်လိုက်ကြရတာ စောလူးမင်းသားအနေနဲ့ ဘာမှ မတွေ့မမြင်စေချင်တဲ့ သူ့သဘောကိုလည်း ခင်ဦး ရိပ်စားလိုက်မိပါတယ်။ ဟုတ်ပါတယ်လေ။ သူ့ရဲ့ လက်ရုံးလက်ရင်း တပ်မှူးသုံးဦးကလွဲလို့ ခုအချိန်မှ ခင်ဦးတို့အကြောင်း ဘယ်သူမှမသိတာ အကောင်းဆုံးပါ။ ဒါပေမဲ့ တပ်မှူး ဦးဖိုး လာပြီးသတိပေးပုံက မထိတ်သာ မလန့်သာ ရှိလှတယ်။ သူ လှုပ်ရှားလိုက်ပုံကလည်း အစိုးရိမ်ကြီးနေသလိုလို။

စမုတ်ဆောင် စကြာ်လမ်းအတိုင်း သူနဲ့ ညောင်ဦးဖိုး လျှောက်သွားချိန်မှာ သူတို့နှစ်ယောက်ရဲ့ တူရူက လာနေတဲ့သူတွေကို ခင်ဦး မသဲမကွဲ လှမ်းမြင်နေရတယ်။

စောလူးမင်းသားဆိုသူကို ခင်ဦး ပထမဆုံး တွေ့ဖူးလိုက်တာပါပဲ။

စစ်သူရဲတို့ အဆောင်အယောင်ကို ဆင်မြန်းထားပေမယ့် ဘုရင့်သား

တော်ဆိုတဲ့အသွင်က အဲသည် စောလူးမင်းသားဆီမှာ အထင်းသားဖြစ်လို့နေတယ်။ တောက်ပစူးရဲလွန်းတဲ့ အရောင်အသွေးကြောင့်လား၊ ဝင့်ဝင့်ကြွားကြွားရှိလှတဲ့ အမူအရာကြောင့်ပဲလားတော့ ခင်ဦး မသိဘူး။ ဘာပဲဖြစ်ဖြစ် ငါဟာ အနုရုဒ္ဓါဘုရင်ရဲ့ သားတော်ပေ့ဆိုပြီး ထုတ်ဖော် ပြသနေသလိုပဲ။

သည်မှာဘက် စမုတ်ဆောင်ထောင့်စွန်း ပြာသားဒ်မိုးအောက်မှာ ရပ်နေမိလျက်သား အနေအထားကနေ ခင်ဦး ပြန်လှည့်လာဖို့ကလည်း မသင့်တော်ပေဘူး။ ခင်ဦး ရှိနေတာကို သူတို့မြင်သွားတယ်။ ဒါကြောင့် ခင်ဦး နေရာတွင်ပဲ ရပ်နေလိုက်တယ်။

သူတို့ချင်း နှုတ်ဆက်ကြသံကို မသဲမကွဲကြားလိုက်ရတယ်။ နောက်တော့ သူပါ အပါအဝင် စောလူးမင်းသားဟာ ခင်ဦးရပ်နေရာဆီကို လျှောက်လာကြတော့တယ်။ ပြီးတော့ မရှောင်မကွေ့သာတဲ့ စမုတ်ထောင့်မှာ ခင်ဦးဟာ သူတို့ကို မျက်နှာချင်းဆိုင်လိုက်ရတော့တယ်။

'ဥဿာဘုရင်မင်းမြတ်ရဲ့ ပင်တိုင်စံ သမီးတော် မဏိစန္ဒာ ဖြစ်ကြောင်းပါ အရှင့်သား'

အဆောင်တော်ဝန်ဟာ အရှင်သခင်တွေရဲ့အလယ်မှာ သူ့ကိုယ်သူ အသေးငယ်ဆုံး ကျုံ့ပြီးပြောနေတယ်။ ချစ်သူကတော့ စောလူးမင်းသားဘေးမှာ ထီးထီးမားမားကြီး ရပ်ပြီး မျက်နှာလွှဲနေလေရဲ့။

'ဪ. . . ပင်တိုင်စံ သမီးတော်ကိုး။ ကျုပ်က ပုဂံပြည့်ရှင် ဘုရင်မင်းမြတ်ရဲ့သားတော် ဉပရာဇာပါ။ နေ့တစ်နေ့ရဲ့ နံနက်အရုဏ်သစ်မှာ အခုလို တွေ့ဆုံလိုက်ရတာဟာ အင်မတန် ဝမ်းမြောက်ကြည်နူးစရာပါပဲ'

ပခုံးကိုချိုပြီး သူပြောလိုက်ပုံဟာ ပလွှားတဲ့အမူအရာအပြည့်၊ ခင်ဦး မသိမသာ ဒူးညွတ်ပြီး နှုတ်ဆက်လိုက်ရတယ်။ ဘာပဲဖြစ်ဖြစ် စောလူးမင်းသားဟာ ဘုရင်တစ်ပါးရဲ့သားတော်ဖြစ်တဲ့အပြင် ဥဿာရဲ့ဧည့်သည်လည်း ဖြစ်နေတယ်လေ။

အိမ်ရှင်တို့ဝတ်အရ ခင်ဦး တုံ့ပြန်သိမှတ်နှုတ်ဆက်လိုက်ရပေမယ့် ခင်ဦးရဲ့အမူအရာဟာလည်း ပြေပြစ်ညီညွတ်ခြင်းရှိနေမှာ မဟုတ်ဘူးဆိုတာ ကိုယ့်ကိုယ်ကို သိလိုက်ပါရဲ့။

ထူးခြားလိုက်တာ ဘာကြောင့်မှန်းလဲမသိဘူး။ စောလူးမင်းသားဆိုတဲ့ အမည်ကို အမောင့်နှုတ်က ကြားစအချိန်မှာ မကြည်မလင်ဖြစ်ခဲ့တဲ့ ခင်ဦး ဟာ အခု လူကိုယ်တိုင် မလွဲမရှောင်သာ မျက်နှာချင်းဆိုင်တွေ့ရချိန်မှာ ပိုပြီး နောက်ကျိလေးလံသွားတယ်။

ဟုတ်တယ် စောလူးမင်းသားကို ခင်ဦး သဘောမကျဘူး။

သူဟာ မင်းပျိုမင်းလွင် တစ်ယောက်ပါပဲ။ ဒါပေမဲ့ သူ့ဆီမှာ ငယ်နု လန်းဆန်းခြင်းကို မတွေ့ရဘူး။ ပုဂံဘုရင့်သားတော်ဆိုတဲ့ ဘုန်းရိပ်စက်ရောင် တွေနဲ့ အလျှံတပြောင်ပြောင် ဖြစ်နေပုံကလည်း မျက်စိကျိန်းစပ်ချင်စရာ။

'ဦးရီးတော် ဥဿာဘုရင်မှာ ဒီလောက်လှတဲ့ သမီးတော်တစ်ပါး ရှိနေတာကို ကျွန်စစ်သားက ပြောမပြဘူး။ ခုမှပဲ ဥဿာအကြောင်း ကျုပ် ပြည့်ပြည့်စုံစုံ သိခွင့်ရတော့တယ်'

အမောင့်မျက်နှာကို ခင်ဦး ဖျတ်ခနဲ လှမ်းကြည့်လိုက်တယ်။ အမောင် က အဝေးဆီ မျက်နှာလွှဲထားတယ်။ တင်းတင်းစေ့နေတဲ့ သူ့နှုတ်ခမ်းပါးတွေ က သူ့ရင်ထဲမှာ တစ်ခုခုကို အလိုမတွေ့ကြောင်း ဖော်ပြနေတယ်။

စောလူးမင်းသားဟာ စကားအရဲကိုးလှပါလားရယ်လို့လည်း ခင်ဦး မကျေမနပ် တွေးလိုက်မိတယ်။ နှုတ်ဆက်စကားရဲ့အဓိပ္ပာယ်တွေဟာ အနှောင့်အသွားမလွတ်ချင်ဘူး။ အို့ . . ခင်ဦး သည်လူကို သဘောမကျဘူး။

တဒင်္ဂအမြင်မှာပဲ သူ့ရုပ်ပုံကို ခင်ဦး ဖမ်းမိလိုက်ပြီ။

အထက်အညာ ပုဂံသားဆိုပေမယ့် စောလူးမင်းသားဟာ အမောင်တို့ လို၊ တပ်မှူး ငလုံး ငထွေတို့လို အသားညို အသားလတ်မရှိဘူး။ သူ့ အသားအရေက ဖြူဖြူလတ်လတ်။ ဒါပေမဲ့ စစ်ပွဲတွေ ဖြတ်သန်းခဲ့ရတဲ့ အမောင်တို့လို ကျားကျားလျားလျား ခိုင်ကျည်ကျစ်လျစ်ခြင်း မရှိဘူး။ ဖြူလတ်တဲ့ သူ့အသားအရည်ဟာ ပွပွကြကြ။

ခင်ဦး မကြိုက်ဆုံးကတော့ ခင်ဦးကို ကြည့်ရာမှာ မှေးစင်းသွားတတ် တဲ့ သူငယ်အိမ် မျက်လုံးတွေပဲ။ ပြီးတော့ ခင်ဦးကို စကားပြောရင်း ပြုံး လိုက်တဲ့ သူ့နှုတ်ခမ်းထောင့်ကွေးတွေဟာ အထက်ဆီ ကော့တက်မသွားဘဲ အောက်ဘက်ကို ငုံ့ငိုက်ကွေးညွတ်နေလေတော့ သူပြုံးပုံဟာ မထီမဲ့မြင်

လှောင်ပြောင်နေတဲ့အတိုင်း။ အို... ဒါတင် ဘယ်ဟုတ်မလဲ။ ဥပရာဇာ အဆောင်ယောင်နဲ့ ရောစပ်ဝတ်ဆင်ထားတဲ့ စစ်သူရဲ ဝတ်စုံအောက်မှာ ကြွားကြွားရွှားရွှားဖြစ်နေရမယ့်အစား စောလူးမင်းသားဟာ ကျဉ်းသိမ်တဲ့ ပခုံးအစုံနဲ့ မတင့်မတယ် ရှိနေတော့တယ်။

အို... ခုမှတွေ့ဖူးတဲ့ လူတစ်ယောက်အပေါ် ဘာကြောင့်များ ခင်ဦး နှိမ့်နှိမ့်ချချ ဖြစ်နေရတာပါလိမ့်။

ပြီးတော့ ကြည့်ပါဦး။ အမောင့်ရဲ့ဘေးမှာ စောလူးမင်းသားဟာ ပိုပြီးသေးငယ်နစ်မြုပ်နေတယ်။ နံနက်အရုဏ်ဦးအောက်မှာ ဆန့်ကျင်ခြား နားမှုတွေက အတိုင်းသား။ ကြံ့ခိုင်ခြင်းနဲ့ သေးနုပ်ခြင်း၊ တည်ငြိမ်ခြင်းနဲ့ လျှပ်ပေါ်ခြင်း၊ နက်ရှိုင်းခြင်းနဲ့ ပေါ့တန်ခြင်း အမောင်နဲ့ စောလူးမင်းသား။

'နှမတော် မဏိစန္ဒာကို ဥဿာအကြောင်းတွေ မေးရဦးမယ်၊ နောက်များမှပါပဲ။ အခုနေတော့ ကျုပ်ကလည်း သုဝဏ္ဏဘူမိဆီကို ခမည်းတော်ကိုယ်စား ခေါင်းဆောင်ချီတက်ရဦးမှာမို့ အချိန်မရတော့ဘူးလေ။ အင်း... တပ်တော်တွေ ခင်းကျင်းပြင်ဆင်နေချိန်လေးမှာ ဟောဒီက အဆောင်တော်ဝန် လိုက်လံပြသလို့ ကျုပ် ဥဿာနန်းတော်ကို လှည့်လည်ကြည့်ရှုခွင့်ရတာ။ ရသမျှ အချိန်လေးဟာ တကယ်အဖိုးထိုက်သွားပါတယ်လေ။ ဟောဒီ နန်းဦးဆောင်ဘက်မှာ ဟောဒီက နှမတော်နဲ့ တွေ့လိုက်ရတာကိုး။ ဟင်း ဟင်း ကျုပ်ဘဝမှာ အနှစ်နှစ်ဆယ်နဲ့ရှစ်နှစ်နီးပါး နံနက်ခင်းပေါင်းများစွာကို ဖြတ်သန်းခဲ့ပြီ။ ဒီနေ့နံနက်ကတော့ အထူးခြားဆုံးပါပဲ။ မဟုတ်ဘူးလား ကျန်စစ်သားရဲ့'

ဖျူဖွေးရှည်သွယ်တဲ့ လက်ချောင်းတွေကို ဝှေ့ယမ်းပြီး သူပြောလိုက်ပုံက စီးစီးပိုးပိုး ရှိလိုက်တာ။ ပြီးတော့ သူ့လက်ချောင်းတွေမှာ ပြိုးပြက်တဲ့ လက်ဝတ်ရတနာတွေက အစီအရီ။

ခင်ဦးရင်ထဲမှာ လှိုင်းတွေတလိပ်လိပ် ထလာသလိုပဲ။ ခင်ဦး တစ်ခု ပြောလိုက်ချင်တာက ကျွန်မရဲ့ဘဝ အနှစ်နှစ်ဆယ်နီးပါး နံနက်ခင်းပေါင်းများစွာမှာလည်း ခရီးရှည်ထွက်ခွာရတော့မယ့် ချစ်သူအတွက် လွမ်းဆွတ်

စိုးရိမ်နေချိန်မှာ ခုလို စိတ်မသက်မသာ ဖြစ်သွားရတဲ့ သည်မနက်ဟာလည်း ထူးခြားတာပါပဲ စောလူးမင်းသားရဲ့လို့။

ဒါပေမဲ့ သူဟာ ဧည့်သည်တစ်ယောက်၊ ပြည့်ရှင်မင်းတစ်ပါးရဲ့ သားတော် ဥပရာဇာ။ ပြီးတော့ ဘုရင်အနုရုဒ္ဓါကိုယ်စား သက်ရောက်လာသူ။ အမောင်တို့ ပုဂံတပ်ကြီးကို အုပ်ချုပ်လိုက်ပါသွားမယ်သူဆိုတာတွေကို သတိရလိုက်လို့ ခင်ဦး နှုတ်မဖွင့်လိုက်တော့ပါဘူး။

'ဩော်... ဒါနဲ့ ကျန်စစ်သားက ဘောက်မဲ့ကြောင့် ခုလိုအချိန်ကြီးမှာ ဒီနေရာရောက်နေတာလဲ'

ခင်ဦးရင်ထဲ ထိတ်ခနဲ ဖြစ်သွားတယ်။ အမောင့်ကို လှမ်းကြည့်မိတယ်။ တပ်မှူးကြီး ဦးဖီးတို့ကို လှမ်းကြည့်မိတယ်။ အမောင်က အဝေးဆီ တမင်ငေးကြည့်လို့။ ဦးဖီးက ခင်ဦးကို စူးစူးစိုက်စိုက်ကြည့်လို့။

'ဩော်... ဟော်၊ နန်းဦးဆောင်ဆိုတာ ဘုရားစင်ရှိတာပဲ။ တစ်ပြည်ရပ်ခြား ခရီးသွားခါနီးမှာ ကျန်စစ်သား ဘုရားကန်တော့လာတယ် ထင်ပ့ါ၊ ဟုတ်လား၊ ဟင်း... ဟင်း ကျန်စစ်သားကတော့ ခမည်းတော်ရဲ့လက်ရုံးလို့ မပြောရဘူး။ ထေရဝါဒအယူကို တကယ်စိတ်ထန်သန်တာကလား။ ကောင်းပါတယ်... ကောင်းပါတယ်။ နေပြည်တော်က ရှင်အရဟံကိုယ်တော်ကြီးရဲ့ အဆုံးအမအတိုင်းဖြင့် ဟုတ်လား... ဟဲဟဲဟဲ'

သည်ဘုရင့်သားကို ခင်ဦး လုံးဝမနှစ်မြို့နိုင်တော့ဘူးဆိုတာ လုံးဝသေချာသွားပါပြီ။ သူဟာ သူ့ကိုယ်နှိုက်က မတည်မငြိမ် ပြောင်းလဲ လျှပ်ပေါ်တတ်သူဖြစ်တဲ့ အပြင်မှာ သူနဲ့ပတ်သက်သမျှ သူ့ဝန်းကျင်က လူတွေကိုလည်း အမြဲလှောင်ပြောင်ချင်တဲ့သူ၊ မထီမဲ့မြင် ပြုချင်သူဆိုတာ ခင်ဦး နားလည်လိုက်ပြီ။

'ဘုရားဝတ်ပြုစရာရှိတဲ့အတွက် ခင်ဦးကို ခွင့်ပြုကြပါ။ ပုဂံတပ်တော်ကြီး ခရီးထွက်မယ့်အချိန်မှာ အိမ်ရှင်အနေနဲ့ ခင်ဦး ပို့ဆောင်နှုတ်ဆက်ပါမယ်'

ထိန်းချုပ်ပြောဆိုနေတဲ့ကြားကပဲ ခင်ဦးအသံမှာ ဒေါသနဲ့ တုန်နေမယ်ဆိုတာ သိလိုက်ပါရဲ့။

သူတို့ရှေ့က လှည့်မထွက်ခင် ခင်ဦး အကြည့်တစ်ချက်ဟာ အမောင့်

ဆီကို လိပ်ပြာလေးတစ်ကောင်လို ဝဲပျံသွားတယ်။ အမောင့်မျက်နှာလည်း တင်းမာလို့။ ဩော်... ခွဲခွာရခါနီးမှာ စကားတွေမှ တစ်ဝမပြောလိုက်ရပါလား အမောင်ရယ်။

နန်းဦးဆောင်ထဲ ပြန်ဝင်ပြီး ဘုရားဆောင်ဆီကို ခင်ဦးဆက်လှမ်းခဲ့တယ်။ သည်တစ်ခါတော့ ခင်ဦး ဘုရားရှင်ကို သေသေချာချာ ရည်စူးဦးခိုက်ရှိခိုးဖြစ်တော့မယ်။ သောကအပူကိုထိန်းချုပ်ဖို့ မကြိုးစားတော့ဘူး။ သံသရာဝဋ်နယ်က ဒုက္ခသည် အပူမလေးပါဘုရားရယ်လို့ အားကိုးတကြီး ရေရွတ်တိုင်တည်ရင်း ချစ်သူ ဘေးမသီ ရန်မခစေဖို့ ပြုဖွယ်ဆောင်တာတွေ အဆင်ပြေ ချောမွေ့စေဖို့...။ ပြီးတော့ ချစ်တဲ့ အမောင့်မှာ ကောင်းသော အကြား၊ ကောင်းသောအမြင်၊ ကောင်းသောဝန်းကျင်များနဲ့သာ ကြုံရပါစေ...။ မကောင်းတာကို မကြားရပါစေနဲ့။ မကောင်းတာကို မမြင်ရပါစေနဲ့။ မကောင်းတဲ့ဝန်းကျင်မှာ မရှိပါစေနဲ့လို့ ဆုတောင်းပေးရလိမ့်မယ်။

နှင်းပန်းခိုင်လေး ပြုတ်ကျသွားတဲ့နေရာကို ဖြတ်လမ်းအလျှောက်မှာ ခင်ဦးရင်ထဲ ညှို့ခနဲ။

Z

## [၁၄]

ညီလာခံသဘင်ဟာ ဘယ်တုန်းကမှ သည်လောက် သွေ့ခြောက် တိတ်ဆိတ်ခြင်း မရှိခဲ့ဘူးလို့ ခင်ဦး ခံစားနေရတယ်။

ပင်တိုင်စံ သမီးတော်အနေနဲ့ ခင်ဦး ညီလာခံတက်ခွင့် မရခဲ့တာ အတော်ကြာခဲ့ရာက သည်နေ့တော့ ခမည်းတော် စိတ်လိုလက်ရ အမှာတော် ဆင့်တာကြောင့် တက်ခဲ့ရတယ်။ အခါတိုင်းဆိုရင်ဖြင့် ညီလာခံမှာ ခင်ဦးဟာ အမှူးအမတ်တွေ၊ ဗိုလ်တွေ၊ ဝန်တွေနဲ့ယှဉ်ပြီး ခင်ဦး သိသမျှ ကျွမ်းကျင် သမျှ နန်းတော်အရေးတွေကို စိတ်ပါလက်ပါ ဝင်ရောက်ဆွေးနွေးခဲ့စမြဲ။

သည်နေ့တော့ ခင်ဦးဟာ ခမည်းတော်ရဲ့ လက်ဝဲအောက်ဘက် သလွန်မှာထိုင်ရင်း ဘာမှပြောစရာမရှိလို တိတ်ဆိတ်နေမိတော့တယ်။

အမှန်တော့ သည်နေ့ညီလာခံသဘင်မှာ အားလုံး ဆွေးနွေးတိုင်ပင် ကြတဲ့အရေးတော်ဟာ ခင်ဦးအဖို့ အထူးစိတ်ဝင်စားစရာပါ။ ဘာကြောင့်လဲ ဆိုတော့ တမ္ဗဒီပ၊ ဥဿာနဲ့ သုဝဏ္ဏဘူမိ သုံးပြည် သုံးဌာနအရေးဖြစ်လို့။

ခမည်းတော်က တမ္ဗဒီပနဲ့ သုဝဏ္ဏဘူမိတို့အကြားမှာ ခင်ဦးတို့ရဲ့ ဥဿာဟာ နေရာဒေသအရ၊ မျိုးနွယ်အရ၊ ရာဇရေးရာအရ ချစ်ကြည်ရေး မဟာမိတ်အရ အဘက်ဘက်က အရေးပါနေကြောင်း မိန့်တော်မူတယ်။

'အခုဆိုရင် တမ္ဗဒီပဟာ ဥဿာရဲ့ အချစ်ကြည်အရင်းဆုံးမဟာမိတ် ဖြစ်သွားပြီ၊ တကယ်တမ်းဆိုရင် ဘုရင်အနော်ရထာရဲ့ ကျေးဇူးဟာ

ဥဿာအပေါ်မှာ အခိုင်အခံ့ တည်နေပြီဖြစ်တယ်။ ဥဿာထီးနန်းရဲ့ အန္တရာယ်ကို ရှင်းလင်းပေးခဲ့တယ်။ ဒါကြောင့် အနော်ရထာ လိုလား သမျှ ဆန္ဒတွေကို တို့မှာ ဖြည့်ဆည်းပေးဖို့ တာဝန်ရှိတယ်'

တမ္ဗဒီပ၊ ပုဂံ ဘုရင်အနော်ရထာဆိုတဲ့ အမည်တွေကို ကြားရတိုင်းမှာ ခင်ဦးကတော့ တစ်ချိန်လုံး ချစ်တဲ့အမောင့်ကိုပဲ သတိရနေတယ်။ စကားတွေ အားလုံးက အမောင့်ဆီကိုပဲ ရည်ညွှန်းနေကြတယ်လို့ ခင်ဦး ထင်တယ်။

'ဘုရင်အနော်ရထာဟာ ရှင်အရဟံရဲ့ အဆုံးအမမှာ တည်ပြီးတဲ့နောက် ထေရဝါဒသာသနာကို ဆာလောင်မွတ်သိပ်လာခဲ့တယ်။ ဒါ သင်တို့အားလုံး အသိပဲ။ တပ်မင်း ကျန်စစ်သားဆီကနေပြီး ဒါတွေ အားလုံးကို ကျွန်ုပ်တို့ သိခဲ့ရတယ်မဟုတ်လား'

အမောင့်နာမည်ပါလာတဲ့အတွက် ခင်ဦး နားစိုက်ထောင်လိုက်မိတယ်။

'အနော်ရထာ လိုလားတောင့်တနေတဲ့ ထေရဝါဒဆိုင်ရာ အခြေခံတွေဟာ သုဝဏ္ဏဘူမိမှာ စည်ပင်ထွန်းကားနေတယ်။ သို့သော် ပုဂံဟာ သုဝဏ္ဏဘူမိနဲ့ လုံးဝ သူစိမ်းပြင်ပြင် ဖြစ်နေတယ်။ ဥဿာကတော့ သုဝဏ္ဏဘူမိနဲ့ တိုင်းရေးပြည်ရွာ အဆက်အဆံ အကူးအလူး အထင်အရှား မရှိပေမယ့် မျိုးနွယ်ချင်းဆက်စပ်နေတယ်'

ခမည်းတော်ရဲ့ စိတ်အားထက်သန်မှုဟာ ခင်ဦးဆီကို ကူးစက်လာကြဟန်တူရဲ့၊ စောစောကလို မဟုတ်တော့ဘဲ ခင်ဦး ဝင်စားလာမိတယ်။

'သူတို့နှစ်ပြည်ထောင် သူစိမ်းပြင်ပြင် ဖြစ်နေတာက အဓိကပြဿနာ မဟုတ်ဘူးလို့ ကျွန်ုပ် မြင်မိတယ်။ အဓိကပြဿနာက သုဝဏ္ဏဘူမိရဲ့ နေထိုင်ရပ်တည်မှုပဲ။ ဘာကြောင့်လဲဆိုတော့ မနူဟာဘုရင်နဲ့တကွ တိုင်းသူပြည်သားတွေဟာ တသီးတခြား ကင်းကင်းရှင်းရှင်း နေချင်တဲ့ စိတ်ဓာတ်ရှိတယ်'

အမောင်တို့ တမန်အဖွဲ့ အဆင်ပြေမှ ပြေနိုင်ပါ့မလားလို့ ခင်ဦး စိတ်ပူလာမိတယ်။ ဘုရင်အနော်ရထာရဲ့ ပြင်းပြတဲ့ဆန္ဒကို သယ်ဆောင်သွားတဲ့ အမောင်တို့ဟာ မနူဟာဘုရင်ရဲ့ သီးခြားကင်းရှင်းစွာ ရပ်တည်နေမှုကို ထိုးဖောက်ချဉ်းကပ်နိုင်ပါ့မလား၊ အမောင်တို့ ချောမွေ့ပါစေ။

'နောက် ပြဿနာတစ်ခု ရှိပါသေးတယ် ဘုရင်မင်းမြတ်'

နန်းရင်းဝန် သက်တော်ရှည် အမတ်ချုပ်ကြီးရဲ့အသံ။

'ပွင့်ပွင့်လင်းလင်းသာ တင်ပါ အမတ်ချုပ်ကြီး'

'မနူဟာဘုရင်ရဲ့ တသီးတခြား ရပ်တည်လိုတဲ့သဘာဝအရ သုဝဏ္ဏဘူမိဟာ ပုဂံပြည်အပေါ် ဘယ်လိုသဘောထားလဲဆိုတာကို ခန့်မှန်းလို့ရနိုင်ပါတယ်'

'အင်း... ဘယ်လို သဘောထားမတဲ့လဲ'

'ဆက်စပ်နေတဲ့ အကြောင်း အချက်များကို ဆင်ခြင်ကြည့်တော်မူပါဘုရင်မင်းမြတ်၊ ဂျွမ်းသူပုန်တွေလို အင်အားကြီးမားလှတဲ့ နိုင်ငံခြဲ့စစ်သမားတွေကို အနိုင်တိုက်ထုတ်လိုက်တဲ့ ပုဂံတပ်ဟာ စစ်ရေးထက်မြက် ပြောင်မြောက်သူတွေ ဖြစ်ပါတယ်'

'အင်း... ဒါ အကြောင်းတစ်ချက် ဆက်ဆိုစမ်း'

'ဒီသတင်းကို သုဝဏ္ဏဘူမိဟာ ကြားပြီးသားဖြစ်နေလောက်ပါပြီ။ တစ်ဆက်တည်းမှာပဲ မနူဟာဘုရင်အနေနဲ့ ပုဂံဟာ စစ်ရေးကျွမ်းတဲ့စစ်သမားတွေပဲလို့ သတ်မှတ်ပြီးနေလောက်ပါပြီ'

'မှန်တယ်၊ ဆက်တင်စမ်း အမတ်ချုပ်ကြီး'

'ဂျွမ်းသူပုန်တွေကို အောင်မြင်ထားတဲ့အရှိန်၊ စစ်သမားတွေအဖြစ်အသိအမှတ်ပြုခံထားရတဲ့ အချိန်မှာ အဲဒီပုဂံဟာ ထေရဝါဒသာသနာကိုလိုချင်တောင့်တနေတယ်ဆိုတာကို မနူဟာဘုရင် လက်ခံဖို့ ခဲယဉ်းပါလိမ့်မယ်။ အနော်ရထာလို ဘုရင်မျိုးရဲ့နှလုံးသားမှာ ထေရဝါဒသာသနာကို ပွေ့ပိုက်သိမ်းထုပ်ထားဖို့နေရာ မရှိနိုင်ဘူးလို့ မနူဟာဘုရင် ဧကန်တွက်ပါလိမ့်မယ်'

'အင်မတန် ယုတ္တိတန်တဲ့ ဆက်စပ်မှုပေပဲ အမတ်ချုပ်ကြီး'

'ဒီအချိန်မှာ ပုဂံဟာ ဥဿာရဲ့ မဟာမိတ်ဖြစ်နေပြီဆိုတာကိုလည်း မနူဟာဘုရင်က ယုံကြည်ဖို့ ခဲယဉ်းပါလိမ့်မယ်။ ဘယ်လောက်အထိခိုင်မာမြဲမြံတဲ့ မဟာမိတ်လဲလို့ မနူဟာဘုရင် တွေးမိပါလိမ့်မယ်'

'အင်း... ဒါလည်း ဖြစ်နိုင်တာပဲ'

'ဒါကြောင့် (၁) ပုဂံဟာ သုဝဏ္ဏဘူမိနဲ့ သူစိမ်းပြင်ပြင် ဖြစ်နေခြင်း၊ (၂) သုဝဏ္ဏဘူမိဟာ သီးခြားကင်းရှင်းစွာ ရပ်တည်နေခြင်း၊ (၃) ပုဂံ

အပေါ်မှာ မန္တဟာဘုရင်ရဲ့ အမြင်တင်းမာနိုင်ခြင်းဆိုတဲ့ အကြောင်းချက် သုံးရပ် ထွက်ပေါ်လာပါတယ် ဘုရင်မင်းမြတ်'

'အို. . . အမတ်ချုပ်ကြီး ရှင်းပြလိုက်တော့မှပဲ အမောင်တို့ရဲ့ခရီးက ဘယ်လောက်ခက်ခဲလိမ့်မလဲဆိုတာ ထင်းထင်းကြီး ပေါ်လာပါလား။ ဒီအတိုင်းဆိုရင် အမောင်တို့ရဲ့ ရည်မှန်းချက်အောင်မြင်ဖို့ အများကြီး ခဲယဉ်းသွားပြီ'

ခမည်းတော်ရဲ့အသံက ဟိန်းထွက်လာတယ်။

'မှန်တယ်၊ ဒါကြောင့် ကျွန်ုပ်တို့ဟာ ဘုရင်အနော်ရထာနဲ့တကွ ပုဂံပြည်အတွက် ဘယ်လောက်အထိ ကျေးဇူးတုံ့ ပေးဆပ်ကူညီမလဲ ဆိုတဲ့အချက်က ပိုပြီးထင်ရှားလာတယ်။ ဥဿာဟာ မိမိရဲ့ကျေးဇူးရှင် တိုင်းပြည်တစ်ပြည်နဲ့ မိမိနှင့်မျိုးနွယ်တူ တိုင်းပြည်တစ်ပြည်၊ ဒီနှစ်ပြည် အကြားမှာ ထိထိရောက်ရောက် ဆက်စပ်ပေးရတော့မယ်။ ဒါမှသာ အားလုံးအကျိုးကျေးဇူး ရကြမယ်။ ဒီအရေးမှာ ဥဿာရဲ့အနေအထားဟာ အင်မတန် နူးညံ့သိမ်မွေ့တဲ့ အနေအထားဖြစ်နေပြီ။ ဒါကို လက်ခံနိုင် ကြသလား'

ညီလာခံသဘင်က တညီတညွတ်တည်း လက်ခံကြတယ်။

'သမီးတော် မဏ္ဍာဂီစန္ဒာ... ဘယ်လိုသဘောရလဲ'

မမျှော်လင့်တဲ့အမေးကြောင့် ခင်ဦး အံ့သြသွားမိတယ်။ ခမည်းတော် ဟာ ခင်ဦးကို တကယ်ပဲ အလေးအနက် နေရာထား တိုင်ပင်နေပါလား။ အမောင်နဲ့ပတ်သက်ပြီး ခင်ဦးရဲ့ စိတ်အားထက်သန်မှုကို ခမည်းတော် ဘယ်လိုနည်းနဲ့မှ သိနိုင်မှာမဟုတ်ဘူး။ ဘာကြောင့်များ ခမည်းတော်ဟာ ခင်ဦးကို တလေးတစား နေရာပေးတိုင်ပင်တာပါလိမ့်။

ခင်ဦး တည်ငြိမ်စွာ ဖြေလိုက်တယ်။

'ပုဂံ၊ သုဝဏ္ဏဘူမိ အရေးတော်မှာ ဥဿာဟာ မထင်မှတ်ဘဲ အချက် အချာက အရေးပါနေပြီဆိုတာ သမီးတော်လည်း နားလည်လိုက်ပါတယ် ခမည်းတော်'

ခမည်းတော်ဟာ ခင်ဦးအဖြေကို သဘောကျသွားဟန်တူတယ်။ နှစ် နှစ်ခြိုက်ခြိုက်ကြီးပြုံးပြီး ခေါင်းတဆတ်ဆတ် ညိတ်နေတယ်။

အဓိကကျသော ရပ်တည်မှုကို မြင်မိတာရယ်...၊ ခံစားသိမြင်မှုတွေ ပေါင်းစုံနဲ့ ရင်ထဲမှာ တလှပ်လှပ် ဖြစ်နေတော့တယ်။

သြော်... တိုင်းရေးပြည်ရာအမှု၊ ရာဇရေးရာကိစ္စ၊ ပြီတော့ ချစ်တဲ့ အမောင်။ ခင်ဦးမှာ အလွမ်းတွေ တစ်ထွေးတစ်ပွေ့ကြီးနဲ့ ငြိမ်သက်နေဖို့ အချိန်တောင် မရပါလား အမောင်ရယ်။

'ကောင်းပြီ၊ ကျွန်ုပ်တို့အားလုံး ဒီအချက်ကို သဘောပေါက်နားလည်ကြတာ ကောင်းတယ်။ ဒါဆိုရင် ရှေ့ဆက်ပြီး ဘယ်လိုရပ်တည်သွားမယ်ဆိုတာ ကျွန်ုပ်တို့ စိတ်တူသဘောတူ စဉ်းစားလို့ရကြပြီ'

ခမည်းတော်ဟာ အဆောင်ကိုင်တွေနဲ့ နားခံတော်ဝန်ရှိရာဘက်ကို ခေါင်းငဲ့ပြတယ်။ ညီလာခံသဘင် ရုပ်သိမ်းဖို့ အချိန်ရောက်ပြီ။

ခင်ဦးမှာတော့ အမောင်တို့အတွက် စိတ်ပူမိတာရယ်၊ ခမည်းတော်က အရေးတယူ တိုင်ပင်တာရယ် ဥဿာရဲ့... ။

Z

## [၁၅]

စစ်မက်ဆိုတာ တိုင်းပြည်တစ်ပြည်ရဲ့ အခြားသောအင်္ဂါအစိတ်အပိုင်းများနဲ့တကွ ဖွဲ့စည်းတည်ဆောက်ထားတဲ့ မရှိမဖြစ် အင်္ဂါအစိတ်အပိုင်းတစ်ခုပေပဲလား။

ပြည့်ရှင်မင်းများဟာ မိမိတို့ရဲ့ရာဇပလ္လင်ကို တိုင်းရေးပြည်ရာ စီမံခန့်ခွဲရာ ပလ္လင်အဖြစ်သာမက စစ်မိန့်ပေးဖို့အတွက်ပါ တည်ဆောက်ထားကြသလား၊ သည်ကမ္ဘာမြေပေါ်မှာ စစ်တလင်း စစ်မြေပြင်တွေ ဖြစ်လာဖို့အတွက် မိခင်မဟာပထဝီက ပင့်ရှိညာဉ်ပေးခွင့်ပြုထားတယ်လို့များ အောက်မေ့နေကြသလား။

သုဝဏ္ဏဘူမိအရေးတော်ဟာ လွယ်ကူချောမွေ့သွားလိမ့်မယ်လို့ ခင်ဦးတို့အားလုံး အစကတည်းက မတွက်ခဲ့ကြပါဘူး။ ဒါပေမဲ့ သည်လောက်အထိ ပြင်းထန်ပေါက်ကွဲလာလိမ့်မယ်လို့ ခင်ဦး မတွေးခဲ့မိရိုး အမှန်ပါ။

အခု တမ္ဗဒီပနဲ့ သုဝဏ္ဏဘူမိတို့ဟာ စစ်တလင်း စစ်မြေပြင်မှာတွေ့ဆုံကြပြီလေ။ ချစ်ကြည်ရေးမဟာမိတ်ဆိုတဲ့ စကားလုံးတွေနေရာမှာ စစ်ဆင်စစ်မြင်းနဲ့ စစ်မောင်းသံတွေရဲ့ စစ်ကြွေးကြော်သံတွေက ဝါးမျိုအစားယူလိုက်ကြပြီလေ။

ဟို စောလူးမင်းသား ခေါင်းဆောင်တယ်ဆိုတဲ့ တမန်အဖွဲ့ဟာလည်းအခုတော့ တပ်ဦးစစ်တံခွန်ကို တလူလူလွှင့်တဲ့ သေနာပတိအဖွဲ့ ဖြစ်သွားခဲ့

ပြီ။ ထေရဝါဒ သာသနာတော်ဆိုတဲ့ စကားလုံးကို တဖွဖွရေရွတ်ခဲ့တဲ့ ခင်ဦးရဲ့ အမောင်ဟာလည်း သုဝဏ္ဏဘူမိမြို့ရိုးကိုဖောက်တဲ့ လက်ရွေးစင်တပ်ရှေ့မှာ စစ်မိန့်တွေကိုပဲ မနားတမ်း အော်ဟစ်နေရပြီကော။

သည်စစ်သတင်းကို ခင်ဦးဆီ ယူလာသူကတော့ ခမည်းတော်။

အမောင်နဲ့တကွသော မဟာမိတ် တမန်အဖွဲ့အတွက် ခရီးလမ်းပန်းသာယာစေကြောင်း ဘုရားမှာ ဆီမီးပူဇော်ဆုတောင်းမေတ္တာကို နန်းဦးဆောင်ဆီသွားမယ့် အပြင်မှာ ခမည်းတော်ဟာ ကြိုတင်အမိန့်တော်မရှိဘဲ ခင်ဦးရဲ့ အဆောင်တော်ဆီ ရောက်လာခဲ့တယ်။

ညဥ့်ဦးရဲ့ ပျားဖယောင်းတိုင် အလင်းအောက်မှာ ခမည်းတော်ရဲ့ မျက်နှာဟာ ဖြူရော်ဖျော့တော့နေတယ်။ ခရီးတာပေါင်းများစွာ မနားတမ်း လျှောက်လာခဲ့ရသလို မောဟိုက်နွမ်းနယ်နေရှာတယ်။

သလွန်ပေါ်မှာ အားအင်ကုန်ခမ်းစွာ ထိုင်ချရင်း ခမည်းတော်က တိုးတိတ်တုန်ယင်စွာ ပြောတယ်။

'သူတို့ စစ်ဖြစ်ကြပြီ သမီးတော်' တဲ့။

ဆီမီးခွက်ထဲ လောင်းထည့်ဖို့ ကိုင်ထားတဲ့ ခင်ဦးလက်ထဲက ဆီထည့်ငွေကရားကိုင်းကို တင်းတင်းကျပ်ကျပ် ဖျစ်ညှစ်မိသွားတယ်။ ခင်ဦး ဘာမှ ပြန်မပြောနိုင်ဘူး။ ပြန်ပြောစရာစကားလုံး ရှာမတွေ့ဘူး။

ခမည်းတော်ရဲ့အသံဟာ ကွဲရှနေတဲ့ လည်ချောင်းထဲကနေ ဖရိုဖရဲ ထွက်ကျလာပြန်တယ်။

'သုဝဏ္ဏဘူမိ နေပြည်တော်အဝင် ဇနပုဒ်စခန်းတစ်ခုမှာ တမ္ပဒီပ တပ်ဖွဲ့တစ်ခုနဲ့ နယ်ခံအစောင့်တပ်တို့ အချင်းများကြသတဲ့။ ဘယ်သူက ရန်စလို့ ဘယ်ဘက်က လက်တုံ့သလဲဆိုတာတော့ ဘုရားရှင်မှပဲ သိတော်မူတော့မှာပဲ သမီးတော်ရယ်၊ အဲဒီရန်မီးပွားလေးကနေ ကူးစက်လောင်ကျွမ်းသွားလိုက်တာ အခုတော့ နှစ်ပြည်ထောင် စစ်ကြီးဖြစ်ကြပါပကော'

'မနူဟာဘုရင်က စစ်ကြေညာသတဲ့လား၊ ခမည်းတော်'

'ခမည်းတော်တို့ ဟိုနေ့က ညီလာခံမှာ ဆွေးနွေးခဲ့ကြသလိုပဲကွယ်၊ မနူဟာဘုရင်ဟာ အနုရုဒ္ဓါကို ပူပြင်းတဲ့ဒေသက သွေးဆူနေတဲ့ စစ်ဝါဒီ

တွေလို့ အစွဲကြီးစွဲထားခဲ့တယ်လေ။ တပ်မင်း ကျန်စစ်သားတို့က ထေရဝါဒသာသနာအတွက် လာရောက်ကြတာပါလို့ အနှုးအညွတ် အရေးဆိုကြသတဲ့။ ဒါကိုလည်း မနူဟာဘုရင်က မိစ္ဆာအယူရှိသူများ လက်ဟာ ထေရဝါဒ ပိဋကတ်တော်များကို မကိုင်တွယ်သင့်ဘူးလို့ တင်းတင်းမာမာဆိုခဲ့သတဲ့။တမ္ပဒီပတပ်တွေဟာအရေးမလှတဲ့အတွက် သုဝဏ္ဏဘူမိကနေ ပြန်အထွက်မှာ မြို့စောင့်တပ်တွေနဲ့တွေ့၊ အချင်းချင်း ရန်ထောင်ကြ၊ မာန်ဖီကြနဲ့ နောက်ဆုံးတော့ တိုက်ပွဲငယ်လေးတစ်ခု နှစ်ခုကစပြီး မနူဟာဘုရင်ကိုယ်တိုင် စစ်ကြေညာတဲ့အထိ ရောက်သွား တော့တယ်'

'စစ်ရေး အခြေအနေကကောဟင်'

အမောင့်အတွက် စိုးရိမ်စိတ်တွေ ဖုံးဖိမနိုင်ဖြစ်လာတာကြောင့် ခင်ဦး ကိုယ့်အသံကိုယ် ထိတ်ထိတ်ပျာပျာ ပြန်ကြားလိုက်ရတယ်။

'ဝမ်းနည်းစရာပါ သမီးတော်၊ စစ်မြေပြင်ဟာ သုဝဏ္ဏဘူမိနေပြည်တော်မှာ ပေါ်ပေါက်တယ်လေ၊ စစ်မြေပြင်ဖြစ်ထွန်းရာအရပ်ဟာ ဘယ်သို့ ရှိလေမလဲ၊ သမီးတော် တွေးကြည့်စမ်း'

ဂျွမ်းသူပုန်အရေးကို ပူပူနွေးနွေး ခံစားထားရဆဲ ခင်ဦး အတွေးထဲမှာ စစ်ရဲ့အနိဋ္ဌာရုံမြင်ကွင်းတွေဟာ တစ်သီတစ်တန်းကြီးပေါ်လာတယ်။ ဘုရား... ဘုရား... တိုင်းသူပြည်သားတွေ၊ မိန်းမသားတွေ၊ ကလေးသူငယ်တွေ၊ အပြစ်မဲ့ပြည်သူတွေ၊ ကျွဲနွားတိရစ္ဆာန်တွေ၊ လူတို့လက်နဲ့ တည်ဆောက်အပ်တဲ့ အနုပညာလက်ရာတွေ...။

'တမ္ပဒီပတပ်ကတော့ သမီးတော် သိတဲ့အတိုင်းပဲ၊ တိုက်ရည်ခိုက်ရည် သေနင်္ဂဟမှာ နူးနပ်ကျွမ်းဝင်ပြီးသား၊ မြို့စောင့်တပ်လောက်သာ ထားရှိတဲ့ သုဝဏ္ဏဘူမိအတွက်ပဲ ခမည်းတော် စိုးရိမ်မိတယ်။ ဘာပဲဖြစ်ဖြစ် စစ်ဆိုတာ မကောင်းပါဘူးကွယ်'

ခမည်းတော်ဟာ သလွန်ခေါင်းရင်းဘက် ပန်းကနုတ်ပွတ်လုံးကို တစ်ကိုယ်လုံး အားပြုထောက်မှီလိုက်တယ်၊ လဲပြိုတော့မယ့်အတိုင်းပါပဲ။

'ဥသာရဲ့ အနေအထားကကော ခမည်းတော်'

ခင်ဦးရဲ့အသံက နွမ်းနယ်လှတယ်။

'ဥဿာ၊ တမ္ပဒီပ မဟာမိတ်ပဲ သမီးတော်၊ သုဝဏ္ဏဘူမိဟာ တို့များရဲ့ရန်သူနိုင်ငံမဟုတ်ပေမယ့် ဥဿာဟာ တမ္ပဒီပဘက်ကပဲ ရပ်တည်ရတော့မှာပေ့ါ။ အင်း… တစ်ခုတော့ ရှိပါရဲ့ သမီးတော်ရယ်၊ အနုရုဒ္ဓါဘုရင်ဟာ စစ်လိုလားသူတော့ မဟုတ်နိုင်ပါဘူး။ မလွဲရှောင်သာ စစ်မက်ဖြစ်ရတယ်ဆိုရင်လည်း ဒီစစ်ကို အမြန်ဆုံး အဆုံးသတ်အောင် လုပ်လိမ့်မယ် ထင်ပါတယ်'

'အင်း… ခမည်းတော်တစ်ဦးတည်းရဲ့ သဘောအရဆိုရင်တော့ ဘယ်သူမှ မပျက်စီးစေချင်ဘူး၊ ဘယ်သူမှ မထိခိုက်စေချင်ဘူး'

သမီးတော်က ပိုပြီး သည်သဘောမျိုး ရှိတာပေ့ါ ခမည်းတော်ရယ်လို့ စိတ်ထဲက ပြန်ပြောလိုက်မိတယ်။ စစ်မက်ဆိုတာကြီးကို မနှစ်မြို့နိုင်တဲ့ မိန်းမတစ်ယောက်ရဲ့ သဘာဝဆိုတဲ့အပြင် စစ်မြေပြင်ရောက် ချစ်သူအတွက် ပူပန်ရတဲ့ ခင်ဦးအဖြစ်ကို ခင်ဦးသာ အသိဆုံးပါ။

ခမည်းတော်ဟာ ခင်ဦးကို ကျန်းမာရေးဂရုစိုက်ဖို့မိန့်ကြားပြီး အဆောင်တော်က ပြန်သွားတယ်။

အဲသည်ညက ဘုရားဆောင်မှာ ခင်ဦး ညဥ့်နက်သန်းခေါင်အထိ ဘုရားအာရုံပြုခဲ့တယ်။ မေတ္တာပို့ အမျှအတန်းပေးပြီး စက်တော်ရာကို ဝင်တဲ့အချိန်မှာ ဥဿာနန်းမြို့တစ်မြို့လုံးဟာ အမှောင်ထုထဲမှာ နစ်မြုပ်ငြိမ်သက်လို့နေပါပြီ။

အိပ်ဖန်စောင့် ရံရွေလေးနှစ်ယောက်ကို ခါတိုင်းလို ခြေဆုပ်လက်နယ် အခိုင်းမစေတော့ဘဲ အိပ်ရာဝင်ချေကြတော့လို့ ခွင့်ပေးလိုက်တယ်။ စက်ရာပေါ်မှာ ခင်ဦး လဲလျောင်းလိုက်ရပေမယ့် သည်ညကို အိပ်စက်ခြင်းမဲ့ ဖြတ်သန်းရတော့မယ်ဆိုတာ ခင်ဦး သိရတယ်။ သည်အချိန်မှာ…

စစ်မြေပြင်တပ်ဦး တစ်နေရာမှာ စစ်တဲရဲ့ရှေ့ မီးပုံဘေးမှာ အမောင်တစ်ယောက် စစ်ချီစစ်တက် အစီအမံတွေကို ခန့်ခွဲနေမှာလား၊ မီးတုတ်မီးတိုင်တွေ တဝင်းဝင်းနဲ့ သုဝဏ္ဏဘူမိမြို့ရိုးရဲ့ ညတိုက်ပွဲမှာ ပါဝင်နေမှာလား၊ ဘုရား ဘုရား…။

ချစ်တဲ့အမောင် ငြိမ်းအေးချမ်းမြေ့ပါစေ။

တမ္ပဒီပ စစ်သည်များ ငြိမ်းအေးချမ်းမြေ့ကြပါစေ။

သုဝဏ္ဏဘူမိ ပြည်သူပြည်သားများ ငြိမ်းအေးချမ်းမြေ့ကြပါစေ။

အမောင် ရန်သူတွေကို ထောင်းထောင်းပျက်ကြွေအောင် ဖျက်ချေနိုင်ပါစေ။ သုဝဏ္ဏဘူမိကို ချောက်ချား မွှေနှောက်နိုင်ပါစေ။

ချစ်သူ စစ်အောင်နိုင်ပါစေလို့ ခင်ဦး ဆုမတောင်းဘူးနော်။ ဒါကို အမောင် နားလည်ပါစေရှင်။ အမောင် နားလည်ပါနော်...။

Z

## [၁၆]

သုဝဏ္ဏဘူမိ စစ်ပွဲကြီး ပြီးဆုံးသွားပြီဆိုတဲ့သတင်းကို ခင်ဦးဆီ ယူဆောင်လာသူက ခမည်းတော်ကိုယ်တိုင်။

ခမည်းတော်ဟာ သူကိုယ်တိုင် စစ်ပွဲကြီးမှာ ဝင်ရောက်တိုက်ခိုက်လာခဲ့တဲ့အတိုင်းပဲ ခင်ဦးဆီ လာပြောတဲ့အချိန်မှာ သူ့အသွင်ဟာ နွမ်းနယ်နေတယ်။ ခရီးတာပေါင်းများစွာကို အရပ်အနားမရှိ ပြေးလာရသူလို မောပန်းနေတယ်။

'သူတို့ စစ်ပွဲကြီး ပြီးသွားပြီ သမီးတော်ရေ' တဲ့။

ရုတ်တရက် သတိလက်လွတ်နဲ့၊ 'အမောင်ကော… အမောင်တို့ ပုဂံတပ်တွေက အောင်မြင်လိုက်တယ် မဟုတ်လားဟင်'လို့ နှုတ်က ထွက်သွားမိတော့မလို့။ ခင်ဦး မနည်းကြီး သတိထားလိုက်ရတယ်။

'ခမည်းတော်တို့ တွက်ထားတဲ့အတိုင်းပါပဲ၊ တမ္ပဒီပတပ်တွေဟာ သုဝဏ္ဏဘူမိကို အလွယ်တကူပဲ အနိုင်ရလိုက်တယ်။ နှစ်ဖက်စစ်သည်များ အကျအဆုံး အထိအရှ နည်းပါးစွာနဲ့ စစ်ပွဲပြီးသွားတယ်'

ခမည်းတော်ရဲ့အသွင်က ခန့်မှန်းရခက်လောက်အောင် ထွေပြားနေတယ်။ မဟာမိတ်ဖြစ်တဲ့ ပုဂံတပ်က အောင်ပွဲရလိုက်တဲ့အတွက် မဟာမိတ်တစ်ဦးအနေနဲ့ ဝမ်းမြောက်ဝမ်းသာဖြစ်နေတာလည်း မဟုတ်၊ မျိုးနွယ်တူ

ဖြစ်တဲ့ သုဝဏ္ဏဘူမိသားတွေ ရှုံးနိမ့်သွားတဲ့အတွက် ထိခိုက်ဆို့နစ်ဖြစ်နေတာ လည်း မဟုတ်၊ သည်ဝေနာနှစ်ခုအကြားမှာ ခမည်းတော် ဆောက်တည်မဲ့ ဖြစ်နေသလား။

ခမည်းတော်ရဲ့ တည်ငြိမ်မှုကင်းတဲ့ အမူအရာကိုကြည့်ရင်း ခင်ဦး တစ်ကိုယ်လုံး စိုးရိမ်ပူပန်စိတ်တွေနဲ့ ကတုန်ကယင်ဖြစ်လာတယ်။ ဘုရား ဘုရား... အမောင်တစ်ယောက် ဘေးမသီရန်မခ ရှိမှရှိပါလေစ...။ သတင်းဆိုး တစ်ခုခုကိုများ ခမည်းတော်သယ်ဆောင်လာသလား။ အို... ချစ်သူအကြောင်း ကို ခင်ဦး ဘယ်လိုမေးရပ့်မလဲ။

'အခု သူတို့တစ်တွေကောဟင်... ခမည်းတော်'

လွှတ်ခနဲထွက်သွားတဲ့ ခင်ဦး အမေးစကားမှာ အမှားမပါလို့သာပေ့ါ။

'သူတို့အားလုံးကို တမ္ပဒီပနေပြည်တော်ဆီ ခေါ်သွားပြီ။ မနူဟာ ဘုရင်နဲ့တကွ သုဝဏ္ဏဘူမိသား ရာပေါင်းများစွာတို့ဟာ သုံ့ပန်းအဖြစ် တမ္ပဒီပကို ပါသွားကြပြီ။ တပ်မင်းကြီး ကျန်စစ်သားနဲ့ ဥပရာဇာ စောလူးမင်းသားတို့ကိုယ်တိုင် ဦးဆောင်ခေါ်ယူသွားကြတာပဲ'

ခင်ဦးအမေးက တခြား၊ ခမည်းတော်အဖြေက တခြား၊ ဒါပေမဲ့ ခမည်းတော်ရဲ့ အဖြေစကားထဲမှာ ခင်ဦး သိချင်တဲ့ စိုးရိမ်နေတဲ့အချက် ပါသွားတာကြောင့် ရင်ထဲမှာ အတိုင်းမသိ ပေ့ါပါးလန်းဆန်းသွားတော့ တယ်။

ဩော်... အမောင် ဘေးမသီ ရန်မခ ရှိနေပါလား။ အောင်ပွဲရ တပ်တော်ကြီးရဲ့တပ်ဦးရှေ့ စစ်တံခွန်တွေ တဖွားဖွားလွင့်ဝဲနေတဲ့အကြားမှာ အမောင်ဟာ ပြည်တော်ပြန် အောင်ခရီးကို ချီတက်လာပါပြီကော။

အို... ခင်ဦး ပျော်လိုက်တာ၊ ခင်ဦး စိတ်ချမ်းသာလိုက်တာ၊ အချိန်နဲ့ အမျှ ခံစားနေရတဲ့ သောကတွေအားလုံးဟာ တကယ့်ကို ပန်းကြာထက်ပေါ် က စီးလိမ့်သွားတဲ့ ရေစက်ရေပေါက်တွေ ဖြစ်သွားတော့တယ်။

ဒါပေမဲ့ ခမည်းတော်က ဘာကြောင့်များ သည်သတင်းအတွက် ခင်ဦးလို ပျော်ရွှင်ခြင်းမရှိတာလဲ။ တကယ်ဆို တမ္ပဒီပရဲ့ အောင်ပွဲဟာ ဥဿာရဲ့ အောင်ပွဲပဲ မဟုတ်လား။ တကယ်ဆို တမ္ပဒီပက ရှုံးနိမ့်ပြီး သုဝဏ္ဏ

ဘူမိက အောင်မြင်သွားမှသာ ဥဿာ အန္တရာယ်လေးအတွက်ဆိုပြီး ခမည်းတော် ချောက်ချားသင့်တယ် မဟုတ်လား။

ဩော်... တန်တော့ ခမည်းတော်ဟာ မျိုးနွယ်တူ သုဝဏ္ဏဘူမိသားတွေအတွက် ထိခိုက်ခံစားနေရပြီနဲ့တူရဲ့။ ဒါကတော့ ခမည်းတော်ဘုရားရယ်... သည်ကမ္ဘာမြေပေါ်မှာ စစ်ပွဲတွေဖြစ်ကြလို့ ရှုံးနိမ့်သူတွေအတွက် ထိခိုက်ခံစားကြရစတမ်းဆိုရင် မကုန်နိုင်မဆုံးနိုင်ပါပဲ။ စစ်ဆိုတာ အရှုံးအနိုင်တစ်ခုခုနဲ့ အဆုံးသတ်ကြရစမြဲပဲ မဟုတ်လား။

ခင်ဦးရင်ထဲ ရှိတဲ့ အပျော်စိတ်တွေနဲ့ ခမည်းတော်ကို စိတ်ထဲက စကားပြောနေမိတယ်။ ပြီးတော့မှ ခင်ဦးအတွေးတွေဟာ အတ္တစွဲမကင်းပါလားဆိုတာ ကိုယ့်စိတ်ကိုယ် လှစ်ခနဲမြင်လိုက်မိတယ်။ ကြည့်ပါဦး... ချစ်တဲ့သူ ဘေးရန်မခ အောင်ပွဲခံလိုက်တဲ့သတင်း ကြားလိုက်ရတာနဲ့ပဲ ခင်ဦးဟာ စစ်ရှုံးသူ သုဝဏ္ဏဘူမိသားတွေကို စာနာထောက်ထားခြင်းကင်းစွာနဲ့ မစဉ်းစား မတွက်ချက်တဲ့အဖြစ် ရောက်သွားပါလား။

ခမည်းတော်ဟာ သလွန်ပေါ်မှာ မထိုင်ပြန်တော့ဘဲ ဝဲယာ ခေါက်တုံ့ လမ်းလျှောက်နေပြန်တယ်။ ခမည်းတော် တည်ငြိမ်ခြင်းကင်းတဲ့ လှုပ်ရှားမှုတွေကိုကြည့်ရင်း ခင်ဦး စိတ်ညစ်လာတယ်။

ခင်ဦးရဲ့ ခမည်းတော်ဘုရားဟာ ဥဿာဘုရင်မင်းမြတ် တစ်ပါးအနေနဲ့ ခင်ဦး သိသမျှ အခါခပ်သိမ်း ရာဇဣန္ဒြေကို ဆောင်နိုင်တဲ့သူပါ။ ဂွမ်းသူပုန်တပ်တွေ ဥဿာကိုဝင်ခဲ့ပြီးနောက်မှာ ခမည်းတော်ဟာ သည်လို လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားတယ် ထင်ပါရဲ့။

'အနုရုဒ္ဓါမင်းအတွက်တော့ အကြီးကျယ်ဆုံးအောင်ပွဲပဲ သမီးတော်၊ သူ အလိုရှိနေတဲ့ ထေရဝါဒ သာသနာပိဋကတ်တွေကိုလည်း ပင့်ဆောင်သွားနိုင်ခဲ့ပြီ။ မနူဟာဘုရင်နဲ့ ဆွေမျိုးတော်တွေ၊ နန်းတွင်းသူ နန်းတွင်းသားတွေကိုလည်း သုံ့အဖြစ် ခေါ်ဆောင်သွားနိုင်ခဲ့ပြီ။ အင်း... အနုရုဒ္ဓါဟာ အင်အားအကြီးဆုံး ဘုန်းအာဏာအထက်ဆုံးဘုရင် ဖြစ်သွားပြီ'

ဩော်… ခမည်းတော်ရယ်၊ အနုရုဒ္ဓါဘုရင် ဘုန်းအာဏာအထက်ဆုံး ဖြစ်သွားတော့လည်း သူဟာ မိမိရဲ့မဟာမိတ်ဘုရင်ပဲမဟုတ်လား၊ ဒါဟာ ဥသာရဲ့ လုံခြုံအေးချမ်းရေးအတွက် ပိုမိုစိတ်ချရတဲ့ အနေအထားပဲ မဟုတ်လား။

တမ္ဗဒီပ အင်အားတောင့်တင်းပြီး အနုရုဒ္ဓါဘုရင် ဘုန်းအာဏာ ထက်မြက်ကျယ်ပြန့်လာခြင်းဟာ ဥသာအတွက် သတင်းဆိုးတစ်ခုမှ မဟုတ်လေဘဲ။ ဒါကို ဘာကြောင့်များ ခမည်းတော်ဘုရားက ရွှင်ပျတက်ကြွခြင်း ကင်းစွာနဲ့ မထိတ်သာ မလန့်သာဖြစ်နေရတာလဲ။

ခင်ဦး မနေနိုင်တော့လို့ နှုတ်က ဖွင့်မေးလိုက်ပါတော့တယ်။

'အနုရုဒ္ဓါဘုရင်အတွက် အကြီးကျယ်ဆုံး အောင်ပွဲဟာ ခမည်းတော် အတွက်ပဲ ဂုဏ်ယူရမယ့်ကိစ္စပဲ မဟုတ်လား ခမည်းတော်၊ ပုဂံဟာ ဥသာရဲ့ မဟာမိတ်တိုင်းပြည်ပဲ မဟုတ်လား'

'ဂုဏ်ယူရမယ့်ကိစ္စ၊ မဟာမိတ်တိုင်းပြည်၊ အင်း…'

ခမည်းတော်က ခင်ဦးစကားကို လုံးထပ်ပတ်စေ့ ရေရွတ်နေတယ်။ ခဏကြာတော့မှ သူကိုယ်သူ တည်ငြိမ်အောင် ဆောက်တည်ယူတယ်။

'ဒီလိုရှိတယ် သမီးတော်၊ သုဝဏ္ဏဘူမိကို အောင်မြင်လိုက်ခြင်းဟာ ပုဂံကို ပြိုင်ဘက်ကင်းတဲ့ အင်အားကြီးနိုင်ငံတော်ကြီးတစ်ခု ဖြစ်သွားစေခဲ့ပြီ။ ဒါဟာ မဟာမိတ်တိုင်းပြည်တစ်ခုအနေနဲ့ ဂုဏ်ယူရမယ့်ကိစ္စ၊ ဒါပေမဲ့ ဂုဏ်ယူစရာဖြစ်ပေါ်နေချိန်မှာပဲ အင်မတန်သိမ်မွေ့တဲ့ အခြားကိစ္စတစ်ခုလည်း ရှိနေတယ်။ ဒါကို ခမည်းတော် သိတယ်။ ဘုရင်တစ်ပါးရဲ့အာရုံနဲ့ အလိုအလျောက်သိနေတယ်'

ဘုရင်တစ်ပါးရဲ့ အာရုံတဲ့။ ထူးဆန်းလိုက်တဲ့စကားလုံးပါလား။ ဘုရင်တစ်ပါးဟာ အခြားသူများနဲ့ မတူ၊ ထူးခြားတဲ့အာရုံရှိနိုင်ပါသလား။ ဘုရင်တို့သာလျှင် ဖြစ်နိုင် သိနိုင်တဲ့အာရုံဆိုတာ ရှိသေးသလား။

'ခမည်းတော် ဘာကိုများ သိနေတာလဲဟင်'

ပင့်သက် ရှိုက်လိုက်သံ ပြင်းထန်လွန်းတာကြောင့် ခမည်းတော်က ဘယ်လောက်ထိ အားယူလိုက်ရသလဲဆိုတာ သိသာလွန်းလှတယ်။

'သုဝဏ္ဏဘူမိဟာ ရာမညမျိုးနွယ်တို့ရဲ့ အင်အားအကြီးဆုံး အတောင့်

တင်းဆုံး နိုင်ငံတော်ကြီးပဲ သမီးတော်၊ ပြီးတော့ အဆင့်အတန်း အမြင့်မားဆုံး အဖွဲ့အစည်းကြီးလည်း ဖြစ်တယ်။ ဒီနိုင်ငံတော်ကြီးကို အနုရုဒ္ဓါဘုရင် သိမ်းပိုက်လိုက်နိုင်ခြင်းဟာ အလွန်ကြီးမားတဲ့ ငရာမငါးကြီးတစ်ကောင်ကို သူ့ထက်ပိုပြီး ကြီးမားတဲ့ ငရာမငါးကြီးတစ်ကောင်က ဝါးမျိုလိုက်တာနဲ့ အတူတူပဲ'

ဘုရား... ဘုရား၊ ခမည်းတော် ဥပမာပေးပုံက မထိတ်သာမလန့်သာ ပါလား၊ ငရာမငါးကြီးတစ်ကောင်တဲ့။ သူ့ထက်ပိုပြီး ကြီးမားတဲ့ ငရာမငါးကြီးတစ်ကောင်တဲ့။

'သမုဒ္ဒရာအောက်မှာ နေထိုင်ကြတဲ့ ရေသတ္တဝါတွေလိုပဲ၊ ဒီကမ္ဘာလောကမှာ ရှိကြတဲ့တိုင်းပြည်တွေ၊ ဘုရင်တွေဟာ အဲဒီရေအောက်က ငါးတွေလို မိမိခွန်အားနဲ့ မိမိကူးခတ်ကျက်စားနေကြတယ်။ ရေအောက်က ငါးတွေလောကမှာ ငါးသေးသေးလေးတွေကို ငါးကြီးတွေက ဝါးမျိုစားသောက်နေကြသလိုပဲ ပြည့်ရှင်မင်းဆိုတဲ့ ဘုရင်တွေဟာလည်း အင်အားကြီးသူက အင်အားငယ်သူကို တစ်နည်းနည်းနဲ့ တိုက်ခိုက်သိမ်းပိုက်နေကြတယ်။ မိမိရဲ့လက်အောက်ခံ တိုင်းပြည်၊ မိမိရဲ့သစ္စာတော်ခံ ဒေသအဖြစ် သွတ်သွင်းနေကြတယ်။ ဒါဟာ လောကဓမ္မတာပဲ'

မဟုတ်ဘူး မဟုတ်ဘူး၊ ခမည်းတော်လို့ ခင်ဦး ရင်ထဲက ကန့်ကွက်အော်ဟစ်နေမိတယ်။ ကြောက်စရာကောင်းတဲ့ သည်အတွေးမျိုးကို ခင်ဦး လက်မခံရဲဘူး။ ဘုရင်တစ်ပါးရဲ့ သီးခြားအာရုံဆိုတာ ဒါလား။

'ဒီလိုပြောလိုက်လို့ အနုရုဒ္ဓါမင်းကို အာဏာစက်ချဲ့ထွင်လိုသူ၊ အခြားတိုင်းပြည်များကို တိုက်ခိုက်သိမ်းပိုက်ပြီး မိမိလက်အောက်ခံအဖြစ် သွတ်သွင်းလိုသူ စစ်ဘုရင်တစ်ပါးဖြစ်တယ်လို့ ခမည်းတော် ပြောနေတာ မဟုတ်ဘူးနော်။ လောကဘုံဓလေ့ကို ခမည်းတော် ပြောပြနေတာ'

လောကဘုံဓလေ့၊ အို... ခင်ဦးတို့ရဲ့လောကကြီးဟာ သည်လိုတဲ့လား။

'သမုဒ္ဒရာရေပြင်အောက်မှာ ကူးခတ် ကျက်စားနေကြတဲ့ ငါးသတ္တဝါတွေ ရှိနေကြတဲ့ထဲမှာ ဥဿာဟာ သေးငယ်တဲ့ ငါးလေးတစ်ကောင်သာ ဖြစ်တယ် သမီးတော်။ ကံအားလျော်စွာ ဒီငါးလေး ကူးခတ်ကျက်စားနေတဲ့နေရာဟာ ငြိမ်းချမ်းပြီး ဘေးကင်းတဲ့ ရေအောက် တစ်နေရာ

ဖြစ်နေခဲ့တယ်။ ဒါပေမယ့် တမ္ဗဒီပ - သုဝဏ္ဏဘူမိ အရေးတော်ပုံကြီး ခုလို ပေါ်ပေါက်ပြီးချိန်မှာတော့ ဒီမဟာသမုဒ္ဒရာကြီးဟာ ပြောင်းလဲသွားပြီ။ ငါးကြီးဧရာတစ်ကောင်ရဲ့ ကြီးမားတဲ့အင်အားကြောင့် ရေအောက်လှိုင်းဂယက်တွေ ပေါ်လာခဲ့ပြီ'

'အနုရုဒ္ဓါဘုရင်ကို ခမည်းတော် စိတ်မချနိုင်တော့ဘူးလို့ ဆိုလိုတာလားဟင်... ခမည်းတော်၊ သုဝဏ္ဏဘူမိလို နိုင်ငံတော်ကြီးကို အောင်မြင်လိုက်ပြီးချိန်မှာ အနုရုဒ္ဓါဘုရင်ဟာ စိတ်သဘောထား ပြောင်းလဲသွားနိုင်သလား၊ လက်နက်အင်အားကြီးသခင်ဆိုတဲ့ စိတ်နဲ့ အခြားငါးတွေကို လိုက်လံဝါးမျိုစားသောက်တော့မယ်လို့ ခမည်းတော် ဆိုလိုတာလား'

ကြောက်စရာကောင်းတဲ့ အတွေးတွေကို ရင်ထဲမှာ မထားနိုင်တော့ဘဲ ခင်ဦး ဖွင့်ထုတ်လိုက်တော့တယ်။

'ဘုရင်တစ်ပါးရဲ့အာရုံနဲ့ ခမည်းတော် သိနေတယ်ဆိုတာပဲလား။ အနုရုဒ္ဓါဘုရင်ရဲ့ အတွင်းစိတ်ကို ခမည်းတော် ခန့်မှန်းကြည့်တဲ့အခါမှာ ဒီလိုပဲ တွေ့လိုက်ရသလား'

ခမည်းတော်က ခင်ဦးကို စူးစူးရဲရဲကြည့်ရင်း ခေါင်းညိတ်ပြလိုက်တော့တယ်။ ခမည်းတော်က အကြောင်းမဲ့သက်သက် အစိုးရိမ်ကြီးနေတာပါလို့ ပြောလိုက်ချင်ပေမယ့် အဲသည်အတွေးက ခင်ဦးဆီကိုလည်း ကူးစက်သွားခဲ့ပြီလေ။

ဒါပေမယ့် ဘောင်ဘင်ခတ်သွားတဲ့ အတွေးစဉ်ထဲမှာ အမောင့်ရဲ့ရုပ်ပုံက တည်ငြိမ်စွာ ထင်ဟပ်လာတယ်။ အချစ်ရဲ့အလိုအလျောက် နားလည်နိုင်စွမ်းတွေနဲ့ အမောင့်ကို ခင်ဦး ယုံတယ်။ အမောင့်ရဲ့ လေးနက်မှု၊ သစ္စာကြီးမှု၊ နှိုင်းချိန်တွေးဆတတ်မှု၊ ပြီးတော့ ရက်စက်ခြင်းကင်းတဲ့ နှလုံးသား၊ ကြင်နာတတ်တဲ့ နှလုံးသား။

ခင်ဦးရဲ့အမောင်ဟာ တမ္ဗဒီပကို ကိုယ်စားပြုထားတဲ့ သွေးကြောတစ်ခု၊ တမ္ဗဒီပ စိတ်ဓာတ်ဟာ အမောင့်စိတ်ဓာတ်၊ အမောင့်ဝိညာဉ်ဟာ တမ္ဗဒီပဝိညာဉ်။

အို... ခမည်းတော် ထင်သလို လုံးဝမဟုတ်နိုင်ဘူး။ အမောင်ရှိနေတဲ့

ပုဂံပြည်ကြီးဟာ ငါးသေးသေးလေးတွေ တစ်ကောင်ပြီးတစ်ကောင် လိုက်လံဝါးမျိုစားသောက်နေမယ့် ငါးကြီးရောတစ်ကောင် ဖြစ်ကိုမဖြစ်နိုင်ဘူး။

ဒါပေမဲ့ ဒါကို ခမည်းတော်သိအောင် ခင်ဦး ဘယ်လိုပြောရပါ့မလဲ။

ချစ်သူအကြောင်းကို ဖခင်ထံပါး ဘယ်လိုများ ဖွင့်ဟနိုင်ပါ့မလဲ။ 'အနုရုဒ္ဓါဘုရင်က တမ္ဗဒီပဟာ ခမည်းတော်ထင်သလို မဖြစ်လာနိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ တပ်မင်းကြီးကျန်စစ်သားဆိုတဲ့ အမောင်ရှိနေတယ် ခမည်းတော်ရဲ့'လို့ ခင်ဦး ဘယ်လိုလုပ် နှုတ်ကပြောထွက်ပါ့မလဲ။

ဘုရင်တစ်ပါးရဲ့အာရုံဆိုတာ ထက်မြက်ကောင်းထက်မြက်ပေမယ်။ ဒါပေမဲ့ အချစ်ဆိုသောအရာ လှပစွာ ကိန်းဝပ်တည်ရှိနေတဲ့ မိန်းကလေးတစ်ယောက်ရဲ့ သိမြင်နားလည်မှုလောက် မကြည်လင်နိုင်ဘူး။

အချစ်တို့ ပျံ့နှံ့တည်ရှိရာ မိန်းကလေးတစ်ယောက်က ငြိမ်အေးကြည်လင်စွာနဲ့ သုံးသပ်ရှုမြင်နေချိန်မှာ ဘုရင်တစ်ပါးကတော့ သောကစိတ်တွေနဲ့ ပူပြင်းရှုပ်ထွေးစွာ တွေးနေမှာလေ။

မိန်းကလေးတစ်ဦးက သူ့ချစ်သူအပေါ် သူက ချစ်တဲ့အချစ်တွေ၊ သူ့အပေါ် သူ့ချစ်သူကချစ်တဲ့အချစ်တွေနဲ့ လှပစွာတွေးနေချိန်မှာ ဘုရင်တစ်ပါးကတော့ သူ့ထက်အင်အားကြီးသူအပေါ် သူက စိုးရိမ်စိတ်ကြောက်လန့်လို့ သူ့ထက် အင်အားနည်းသူအပေါ် သူက ခြောက်လှန့်လို့ သည်လိုအတွေးတွေနဲ့သာ အရုပ်ဆိုးစွာတွေးနေမှာပါ။

'သမီးတော် မဏိစန္ဒာ'

ခမည်းတော်ဟာ ခင်ဦးနဲ့ နီးကပ်စွာ ရှိနေပေမယ့် ခမည်းတော်ရဲ့အသံကတော့ အလွန်ဝေးလံလှစွာသော တစ်နေရာက ထွက်ပေါ်လာသလိုပါပဲ။

ဪ…အာရုံခြာတ်ချင်း အတွေးချင်း မတူကြလေတဲ့အခါမှာ သမီးနဲ့အဘတို့ဟာလည်း ဝေးကွာနေတတ်ကြပါလား။

'သမီးတော် မဏိစန္ဒာ၊ ပုဂံဟာ ဥဿာရဲ့ မဟာမိတ်ဆိုပေမယ့် ဂျွမ်းစစ်သည်အရေးကို အကြောင်းပြုပြီး ဖွဲ့ထားတဲ့ မဟာမိတ်ဖြစ်တယ်။ ပုဂံဟာ စစ်ရေးကျေးဇူးရှင်ဖြစ်နေတယ်။ ကျေးဇူးခံ ကျေးဇူးစားရှိထား

တဲ့ အင်အားကြီးနိုင်ငံတစ်ခုနဲ့ အင်အားသေးနိုင်ငံတစ်ခုရဲ့ မဟာမိတ် အဖြစ်ဟာ ထီးပလ္လင်အတွက် စိတ်ချယုံကြည်အပ်တဲ့အဖြစ် မဟုတ်သေး ဘူး'

ခင်ဦးလေ ဘုရင့်သမီးတော် ပင်တိုင်စံထိပ်ထားဆိုတဲ့ဘဝကို ခွာချပြီး သာမန်မိန်းကလေးတစ်ယောက် ဖြစ်ချင်လိုက်တာ။ ရာဇဏ္ဍကြွေဆိုတာတွေကို ဘေးဖယ်ပြီး အားပါးတရ ဟက်ဟက်ပက်ပက် ရယ်ပစ်လိုက်ချင်လို့လေ။

ဘာတဲ့... ကျေးဇူးခံ ကျေးဇူးစားရှိထားတဲ့အတွက် သည်မဟာမိတ် ဟာ စိတ်ချယုံကြည်အပ်တဲ့အဖြစ် မဟုတ်သေးဘူးတဲ့။

ပြောလိုက်ချင်တာလေ။

စိတ်ချထားလိုက်စမ်းပါ ခမည်းတော်ရယ်။ ကျေးဇူးခံ ကျေးဇူးစား မဟာမိတ်အဖြစ်ကနေ ရွှေလမ်းငွေလမ်းပေါက်တော့မယ့် နှစ်ပြည့်တစ်ပြည် ချစ်ကြည်နိုင်ငံတွေ ဖြစ်တော့မှာပါ။ ဘာကြောင့်လဲဆိုတော့ တမ္ဗဒီပရဲ့ တပ်မင်းကြီး ကျန်စစ်သားနဲ့ ဥဿာဘုရင့်သမီးတော် မဏိစန္ဒာတို့ဟာ မကြာခင်မှာပဲ...။

ခမည်းတော်ဟာ သူ့ရင်ထဲ စိုးနှောင့်သောကတွေကို ဖွင့်ထုတ်လိုက်ရ လို့ အနည်းနဲ့အများ ပေါ့ပါးသက်သာသွားဟန်တူရဲ့။ စောစောကလောက် ဏ္ဍကြွေမယွင်းတော့ဘဲ ခင်ဦးကို နှုတ်ဆက်ပြီး ပြန်သွားတယ်။

ဩော်... ခင်ဦးမှာသာ ရင်ထဲကစကားတွေကို ဖွင့်ဟဖို့မသာဘဲ ပျော်မောတမ်းတခြင်းတွေ တစ်လှေကြီးနဲ့ ကျန်ရစ်ခဲ့တယ်လေ။

အမောင်ရယ်... အမောင် လာခဲ့ပါတော့။ ချစ်သူနှစ်ဦးထံကတစ်ဆင့် အေးမြတဲ့ ချစ်ကြည်မှုတွေကို ဥဿာ- တမ္ဗဒီပ နှစ်ပြည်ထောင်တစ်ဝန်းမှာ ဖုံးလွှမ်းပျံ့နှံ့သွားကြပါစို့လား အမောင်ရယ်။

Z

# [၁၇]

အနုရုဒ္ဓါဟာ ခမည်းတော် စိုးရိမ်တွေးထင်နေသလို မဟုတ်ဘူးဆိုတာ ခင်ဦးတို့အားလုံး သိခွင့်ရခဲ့ကြတယ်။ သုဝဏ္ဏဘူမိ အရေးတော်ကြီးနဲ့ ပတ်သက်သမျှ သတင်းတွေဟာ ဥဿာကို တဖွဲဖွဲ မစဲတမ်း ဝင်လာတယ်။

စစ်ရှုံး မနူဟာဘုရင်နဲ့တကွ ဆွေတော် မျိုးတော် နန်းတော်သူ နန်းတော်သားတွေကို 'သုံ့'အဖြစ် မဟုတ်တော့ဘဲ အဆောင်အယောင် ကြီးစွာနဲ့ တမ္ပဒီပကို ခေါ်ဆောင်သွားသတဲ့။ ပိဋကတ်တော်တွေကိုလည်း ဆင်ထက်မှာ တင်ယူပင့်ဆောင်သွားကြသတဲ့။ ဒါတင်မက သုဝဏ္ဏဘူမိမှာ ရှိတဲ့ ပညာရှင်တွေ၊ အနုပညာ ပန်တျာသည်တွေ၊ လက်မှုအတတ်ပညာရှင် တွေကိုလည်း စစ်ရှုံးသုံ့ပန်းအဖြစ် နှိပ်စက်ညှဉ်းပန်း ဖမ်းဆီးသွားတာမျိုး လုံးဝမဟုတ်ဘဲ တခမ်းတနား လေးလေးစားစား ခေါ်ယူသွားသတဲ့။

'ပိဋကတ်တော်တွေကို အသာတကြည် တောင်းယူလို့မရရင် စစ်ရေး နဲ့ တိုက်ခိုက်သိမ်းပိုက်ဖို့ အကြံအစည်က အနုရုဒ္ဓါဘုရင်မှာ ရှိပြီးသားပါ။ ဘာပဲဖြစ်ဖြစ် စစ်ရှုံးသူ စစ်နိုင်သူတို့ရဲ့ ကိစ္စပါပဲ'

လို့ လူတချို့က ပြောကြသေးရဲ့။

ဒါပေမဲ့ မနူဟာ ဘုရင်အပေါ် အနုရုဒ္ဓါဘုရင်က လေးလေးစားစား ဆက်ဆံပုံ သတင်းတွေကို တစ်ခုပြီးတစ်ခု အမှန်အတိုင်း ကြားလာရတဲ့အခါ မှာ အပြစ်စကားဆိုကြသူများရဲ့ အသံတွေလည်း တိတ်သွားကြတော့တယ်။

တပ်တော်ဦးမှာ ခေါင်းဆောင်ချီတက်ပြီး အောင်ပွဲခံလာမယ့် ချစ်တဲ့ အမောင်ရဲ့ ပြည်တော်ပြန်ခရီးကို ခင်ဦး ကြိုရတော့မယ်လေ။ သည်တစ်ခါ တော့ ဟို အရင်တုန်းကလို ပင်တိုင်နန်းထက်ကနေပြီး ပန်းပွင့်လေးတွေ ကြွမချတော့ဘူး။ ခင်ဦးရဲ့ ပန်းပွင့်လေးတစ်ပွင့်ဟာလည်း သူ့ရဲ့ စစ်မြင်း ကြီးခြေထောက်တွေကြား ရောက်သွားစရာမလိုတော့ဘူး။ ပြီးတော့လေ… အနာတရ ပန်းပွင့်လေးဖြစ်အောင် သူလှံသွားနဲ့ထိုးပြီး ကောက်ယူစရာလည်း မလိုတော့ဘူး။

ပြည်တော်ပြန်ခရီးထောက်မှာ ခင်ဦးလေ တပ်တော်ကြီးချီလာရာလမ်း မှာ ရှေ့ဆုံးကနေ ကြိုမယ်။ ပင်တိုင်စံသမီးတော် ကြိုမယ့် မဏ္ဍပ်မုခ်ဦး ဆိုတာ အားလုံးရဲ့ရှေ့မှာ ရှိနေလိမ့်မယ်။ သည်တော့ သူ့ကို ဟိုးအဝေး ကြီးကတည်းက ခင်ဦး လှမ်းမြင်နေရမယ်။ သူကကော တပ်တော်ဦးတံခွန် ရှေ့ကို ကျူးထွက်လာပြီး ခင်ဦးကို မြင်လိုက်တာနဲ့ သူ့မြင်းကြီးကို အသော့ နှင်၊ ခင်ဦးဆီ ဒုန်းစိုင်းလာမှာတဲ့လား။

ဟင့်အင်း…သည်လို ကြိုဆိုတွေ့ဆုံကြလို့တော့မဖြစ်သေးဘူးကွယ်။ မဏ္ဍပ်မုခ်ဦးမှာ ခမည်းတော်လည်း ရှိနေဦးမှာလေ။ ခမည်းတော်ကို ခင်ဦးတို့ ဘာမှ အသိမပေးရသေးဘူးမဟုတ်လား။ အို…ဒါပေမဲ့ သောင်းသောင်းဖြဖြ ကြိုဆိုနေကြတဲ့ လူအုပ်ကြီးကြားမှာ ခင်ဦးရဲ့အပြုံး၊ အမောင့်ရဲ့အပြုံးကို ဘယ်သူမှ တသီးတခြား ဂရုစိုက်မိကြပါမဟုတ်ပါဘူးနော်။ ခမည်းတော် မှာလည်း ဝမ်းသာပျော်ရွှင်နေရှာမှာမို့ ခင်ဦးတို့ရဲ့ အကဲမရတဲ့အမူအရာကို သတိထားမိမှာ မဟုတ်ပါဘူး။

ကဲ…ခင်ဦးရဲ့မဏ္ဍပ်မုခ်ဦးရှေ့ကို အမောင်ရောက်လာပြီဆိုပါတော့။ ‘တပ်မင်းကြီးကျန်စစ်သား မာပါစေ၊ သာပါစေ’ ‘အောင်ပွဲရ တမ္ပဒီပတပ် တော်သားများ မာပါစေ၊ သာပါစေ’လို့ မြေတုန်ခမန်း ဟစ်ကြွေးဂုဏ်ပြုနေ ကြတဲ့ အသံတွေကြားမှာ ခင်ဦး ကြားနိုင်အောင် အမောင် ဘာပြောမလဲ။

စစ်ပွဲဆိုတဲ့ တံခါးကြီး ပိတ်သွားပြီချိန်မှာ ခင်ဦးနဲ့ အမောင့်အတွက်က ချစ်ချင်းမေတ္တာ နှစ်ကိုယ်တူဘဝဆိုတဲ့ ပြတင်းလေးတစ်ချပ်က လှပစွာ ပွင့်လာတော့မယ်လေ။

နီရဲတဲ့ နေလုံးကြီး ဝင်သွားချိန်မှာ ဖြူဝင်းတဲ့ လမင်းကြီးက ထွက်လာတော့မယ်။ အဲသည်လမင်းကြီးရဲ့ လရိပ်ငွေရောင်တွေဟာ ခင်ဦးနဲ့အမောင်၊ အမောင်နဲ့ခင်ဦးတို့နှစ်ယောက်အပေါ်ကိုပဲ စီးသွန်ကျလာမှာနော်။ သည်အခါမှာ-

အို. . . အမောင် ဘာမှပြောမှာမဟုတ်ပါဘူး။ နက်မှောင်တောက်ပမျက်ဝန်းရွဲကြီးတွေနဲ့ပဲ ခင်ဦးကို တစ်ချက်လှမ်းကြည့်လိုက်မှာ မဟုတ်လား။ အဲသည်အခါမှာ ခင်ဦးကလည်း ဆတူရွှန်းလဲ့အကြည့်တွေနဲ့ အမောင်ရှိရာကို. . .

အို... ခင်ဦး ပျော်လိုက်တာ အမောင်ရယ်။

သုဝဏ္ဏဘူမိ အရေးတော်ကြီး ပြီးဆုံးသွားတဲ့အပေါ်မှာ ခင်ဦးလောက်ပျော်ရွှင်တဲ့သူ သည်ကမ္ဘာလောကမှာ မရှိနိုင်တော့ပါဘူး။ စစ်ပြီးလို့ ပျော်ကြတဲ့သူတွေ အပုံအပင်ထဲမှာ သူတို့ရဲ့အပျော်က သတ္တန္တရဘေးကြီး ပြီးဆုံးသွားပါပြီကောဆိုတဲ့ အသိပဲ ရှိကြမှာ၊ ခင်ဦးကတော့ စစ်ရဲ့နိဂုံးနဲ့အတူအချစ်ရဲ့နိဒါန်းကိုပါ သိနိုင်တော့မယ့် မိန်းကလေးလေ။

တစ်ပြန့်တပြော အဇ္ဈောထက်က ကြယ်လေးတွေကတော့ ကျန်စစ်သားနဲ့ မဏိစန္ဒာတို့ရဲ့ ဖူးစာကို ကောင်းချီးပေးကြတဲ့ ပုဂံသားတွေနဲ့ ဥဿာသူတွေ ဖြစ်ကြလိမ့်မယ် အမောင်ရဲ့။

ခင်ဦး ပျော်လိုက်တာ အမောင်ရယ်။

အောင်ပွဲခံ ပြည်တော်ပြန် တပ်တော်ကြီး ဘယ်နေ့ ဘယ်အချိန်ဥဿာကို ရောက်မှာလဲဆိုတာကိုပဲ ခင်ဦး အမျှော်ကြီးမျှော်နေမိတော့တယ်။

Y

'ပုဂံတပ်ဟာ အပြန်လမ်းမှာ ဥဿာကို မဝင်တော့ဘူး။ စစ်တောင်းမြစ်ရိုးအတိုင်း တမ္ပဒီပကို တစ်ခါတည်းပြန်ကြရမှာ'တဲ့။

အဟုန်ပြင်းစွာ ပြေးနေရင်းမှာ ဇက်ကို တုပ်ဆွဲခံလိုက်ရတဲ့ မြင်း

တစ်ကောင်လိုပါပဲ။ ဆီးနှင်းမြူလေးတွေ ဝေ့ဝဲနေတဲ့ ပန်းခင်းလေးထဲကို နေရောင်ခြည်တန်းက စူးရှထိုးဖောက်လိုက်သလိုပါပဲ။

အတွေးနဲ့ ပျော်ခဲ့ရတဲ့ ခင်ဦးရင်ထဲက ကြည်နူးမှု အပိုင်းအစလေးတွေဟာ သည်သတင်းမုန်တိုင်းအောက်မှာ ဖရိုဖရဲ လွင့်ပြယ်သွားကြတော့တယ်။

'သုဝဏ္ဏဘူမိက ခေါ်လာခဲ့တဲ့ မနူဟာမင်းနဲ့ စစ်သုံ့တွေရဲ့ အရေအတွက်ဟာ များလှတယ်။ ဒီအင်အား ဒီအဆောင်အယောင်တွေနဲ့ ဥသာမှာ တစ်ထောက်ဝင်နားပြီး ဥသာကို မပင်ပန်းစေချင်ဘူး'တဲ့။

သူ့ကိုပြောနေကြတဲ့ စကားတွေ။ ဥသာနန်းတွင်းမှာ နေရာတိုင်းမှာ သူတို့ ပြောကြလေရဲ့။

'ဟုတ်တာပေါ့။ နောက်တစ်ခုကလည်း အောင်ပွဲနဲ့ ပြည်တော်ပြန်တဲ့ တပ်တော်ကြီးဆိုတာ နေပြည်တော်ကို အမြန်ဆုံးရောက်ရမယ်လေ။ မနူဟာမင်းနဲ့တကွ ခေါ်ဆောင်လာတဲ့ သူတွေကိုလည်း အနုရုဒ္ဓါဘုရင်ထံ အမြန်ဆုံးအပ်နှင်းရမယ် မဟုတ်လား'

ဘယ်သူမှ မသိခဲ့ကြတဲ့ ခင်ဦးရဲ့ တင်ကူးအတွေးတွေနဲ့ ပျော်ရွှင်မှုတွေကို ဘယ်သူမှ မသိလိုက်ဘဲ ခင်ဦး အသာအယာ ရုတ်သိမ်းလိုက်ရတော့တယ်။

ဩော်... လူမသိ သူမသိ ဖူးငုံပွင့်အာခဲ့ရတဲ့ ပန်းကလေးတစ်ပွင့်ဟာ ညှိုးရော်နွမ်းခွေသွားချိန်မှာလည်း တိတ်တဆိတ် ရှိလွန်းလှပါကလား။

ဒါပေမဲ့လေ... ခင်ဦး ချက်ချင်းပဲ စိတ်မာန်ပြန်တင်းလိုပ်ပါတယ်။ ခင်ဦးဟာ အချစ်ဆိုတဲ့ အဆိပ်ရည်တွေ ပျံ့နှံ့ပြီး အဆင်ခြင်မဲ့ သွေးရူးတန်းဖြစ်တတ်သူမဟုတ်ပါဘူး။ ဒါ့အပြင်မှာ ချစ်သူအပေါ်မှာ နားလည်နိုင်ခြင်းဆိုတာ တစ်ခုရှိရင် အခြေအနေအရပ်ရပ်ဆိုတာကိုလည်း နားလည်နိုင်ရမှာပေါ့။ အချစ်ကြောင့် ကျဉ်းမြောင်းသေးသိမ်မသွားရဘူး။ အချစ်ကြောင့် ကျယ်ပြန့်နက်ရှိုင်းတတ်ရမယ်လေ။

ချစ်ချင်းမေတ္တာ ကိန်းဝပ်ရာ နှလုံးဟာ တည်ဆောက်မှုအမြင့်ရှိရ မယ်။ ချစ်ချင်းမေတ္တာနဲ့ နီးကြားနေတဲ့ နှလုံးမှာ ကရုဏာရုံအငွေ့တွေပဲ ဖုံးလွှမ်းနေရတယ်။

ခင်ဦး နားလည်ယူလိုက်ပါတယ်။

ဟုတ်ပေတာပေါ့။ မန္တလေးဘာမင်းနဲ့တကွသော သုဝဏ္ဏဘူမိသားတွေကို ခေါ်ဆောင်လာခဲ့ရာမှာ အမောင်တို့ဟာ ဘယ်လိုလုပ်ပြီး ဥသျှာကို ဝင်လို့ ရမလဲ။ ပြီးတော့ ထေရဝါဒ သာသနာတော်ဆိုင်ရာ ပိဋကတ်တော်တွေကို လည်း ဆောင်ကြဉ်းခဲ့ကြသေးတာ မဟုတ်လား။ သည်လိုအနေမျိုးမှာ ပုဂံတပ်ကြီးဟာ နေပြည်တော်ကိုပဲ အမြန်ဆုံး ရောက်အောင် ချီရမှာပေါ့။

အားလုံးနေသားတကျ ပြီးစီးမှ အမောင် ဥသျှာကို ပြန်လာရမှာပေါ့။ ဟုတ်ပါတယ်၊ အမောင်နဲ့ ခင်ဦးတို့အရေးကို ပိုင်ပိုင်ရှင်းရှင်း ကိုင်တွယ်နိုင်ဖို့ အမောင်ဟာ အမှုတော်မှန်သမျှကို ဦးစွာကျေပွန်ခဲ့ရမှာပေါ့။

ခင်ဦး နားလည်လိုက်ပါတယ်။ အဖြစ်မှန် အခြေအနေမှန်တွေကို လက်ခံယူနိုင်အောင် ခင်ဦး ကိုယ့်နှလုံးသား ကိုယ်ပြန်ပြီး ထိန်းသိမ်းတည့် မတ်ခဲ့တယ်။ သည်အခါမှာ ပူလောင်ပြင်းပြမှုဆိုတဲ့ ဝေဒနာဟာ အငွေ့မျှသာ ဟပ်ရုံပဲ ဟပ်နိုင်ခဲ့ပြီး သတိတရားနဲ့ ဆင်ခြင်နိုင်ခြင်း အသိဉာဏ်တို့ရဲ့ ကြံ့ကြံ့ခံ တွန်းလှန်မှုကြောင့် ခင်ဦးရဲ့ နှလုံးအိမ်အနီးကနေ အဝေးကို ထွက်ပြေးသွားခဲ့တယ်။

ဩော်… ချစ်ခြင်းမေတ္တာဟာ ခင်ဦးကို အရာများစွာ သင်ကြားပေးခဲ့ ပြီ ထင်ပါရဲ့။ ရှေ့နောက် ဆင်ခြင်တွေးတောတတ်အောင် ဆုံးမပေးခဲ့ပြီ ထင်ပါရဲ့။ ခင်ဦးဟာ အဲသည်လို ချစ်တတ်လာခဲ့တာပါ အမောင်ရယ်။

ဒါပေမဲ့လေ… သောကအငွေ့လေးက လှစ်ခနဲဟသွားခဲ့တာမို့ နှလုံး ဟာ ပူပြင်းတောက်လောင်သည်အထိ မဖြစ်ဘူးပဲထားတော့၊ ညနေခင်း ပန်းပွင့်လေးလို ညှိုးနွမ်းသွားတာတော့ အမှန်ပဲ။

တပ်တော်ဦးဆီကို ကြိုလိုက်မယ်ဆိုတဲ့ မျှော်လင့်ချက်ကလေး ပျက် သွားတဲ့အခါမှာ ခင်ဦး ဘယ်သို့ပဲ ဆင်ခြင်တုံတရားနဲ့ ကိုယ့်ကိုယ်ကို နှစ်သိမ့်သည်ဖြစ်စေ အားနည်းဖျော့တော့သွားခဲ့တယ်။

ဒါပေမဲ့ အမောင်ရယ်၊ အဲသည် အားနည်းဖျော့တော့နေတဲ့ နှလုံးသား ဆီကပဲ ရင်လှိုက်ခုန်စရာ အတွေးလေးတွေက လူးလူးလွန့်လွန့် ထက်ပြူလာ ကြလေရဲ့၊ သိလား အမောင်။

ခင်ဦးရဲ့ နောက်ထပ်တစ်ဖန် မွေးဖွားလာသော မျှော်လင့်ခြင်း အတွေး လေးတွေလေ။

သုဝဏ္ဏဘူမိ အရေးတော်ကို အကုန်အစင် ဆောင်ရွက်ပြီးစီးချိန် မကြာတော့သောကာလမှာ အမောင်ဟာ ဥဿာကို ရောက်လာမယ်။ အမောင့်ရဲ့ ချစ်စွာသောတပ်မှူးကြီးသုံးယောက်က ရွှေလမ်းငွေလမ်း သံတမန် ကြီးများအဖြစ် ဦးစွာကြိုရောက်လာမယ်။

ပျော်တတ်၊ နောက်ပြောင်တတ်တဲ့ တပ်မှူး ဦးငထွေက ခင်ဦးကို စေ့စေ့ကြည့်ပြီး ခပ်ပြုံးပြုံးလုပ်လိုက်တဲ့အခါမှာ ခင်ဦး ရှက်သွေးတွေ ဖြာရ ဦးမယ်။ တပ်မှူး ဦးငလုံးက ဦးငထွေကို လှမ်းပြီး မာန်မဲလိုက်ချိန်မှာ ဟို အင်မတန် ထွားကျိုင်းတည်ကြည်တဲ့ တပ်မှူး ဦးဖိုးကြီးက ဣန္ဒြေ ကြီးနဲ့ အမောင့်ရဲ့သဝဏ်ကို ခင်ဦးလက်ထဲ ထည့်လိုက်မယ်။

အမောင့် သဝဏ်မှာ ဘာတွေ ရေးထားလေမလဲ။ 'ဥဿာဘုရင်၏သား သမက်တော်အဖြစ် ခံယူရန် အမောင်လာခဲ့ပြီ'လို့များ ရေးထားလေမလား။

အို… တမ္ပဒီပနိုင်ငံတော်ကြီးရဲ့ တပ်မင်းကြီးတစ်ယောက်နဲ့ ဥဿာ ဘုရင့်သမီးတော်တို့ရဲ့ ဘိသေကသဘင်ဆိုတော့ သိပ်ကိုကြီးကျယ်မှာ။ ဒါ ကြောင့် အနုရုဒ္ဓဘုရင်ကိုယ်တော်တိုင် ကြွချီချင် ကြွချီလာမှာ။ တပ်မင်း ကြီး ကျန်စစ်သားက အနုရုဒ္ဓါဘုရင်ရဲ့ သားတော်ဥပရာဇာတမျှ အရေးထား ခံရသူ မဟုတ်လား။ ဟုတ်တယ်။ အနုရုဒ္ဓါဘုရင်ကိုယ်တော်တိုင် လိုက်ပါ ချင် လိုက်ပါလာမှာ။ ဘုရင်ကိုယ်တော်တိုင် ချီးမြှောက်တဲ့မင်္ဂလာပွဲသဘင် ကြီးဆိုတော့ ကြီးကျယ်ခမ်းနားနေမှာ။ နှစ်ပြည်ထောင် တိုင်းသားပြည်သူ တွေကလည်း ပျော်လိုက်ကြမယ့်ဖြစ်ခြင်း။

အမောင့်မှာလည်း ဂွမ်းစစ်သည်တွေကို အောင်မြင်ခဲ့တာ မကြာသေး။ နောက်တစ်ခါ သုဝဏ္ဏဘူမိအရေးတော်မှာလည်း အောင်မြင်ပြန်။ ဟော အခုတစ်ခါ စစ်ရေးသာမက အချစ်ရေးမှာလည်း အောင်ပန်းပန်။ အမောင် က ယောက်ျားတိုင်း အားကျတဲ့သူဖြစ်။ ခင်ဦးကကော ဥဿာသူအပျိုချော လေးတွေရဲ့ စံနမူနာဖြစ်။

ခမည်းတော်မင်းကြီးကော သည်တစ်ခါတော့ ခမည်းတော်ကို ခင်ဦး

ပွင့်ပွင့်လင်းလင်း ပြောလို့ရပြီလေ။ ခမည်းတော်ရယ် ပုဂံနဲ့ဉဿာ နှစ်ပြည်ထောင် မဟာမိတ်အဖြစ်ကို ခမည်းတော် စိတ်ချပြီမဟုတ်လား။ မဟာသမုဒ္ဒရာအောက်မှာ ငါးကြီးဧရာတစ်ကောင်က သေးငယ်တဲ့ အခြားငါးကလေးတွေကို ဝါးမျိုစားသောက်လိမ့်မယ်ဆိုတဲ့ ခမည်းတော်ရဲ့ လောကီခလေ့ကြီးကို ဖယ်ထုတ်ပစ်လိုက်ပါတော့ လို့လေ။

အို… အမောင်ရယ်၊ ခင်ဦးတို့ရဲ့ စုလျားရစ်ပတ် နှစ်ပြားသောရွှေဂဟေချင်းထပ်တဲ့ ဘိသေကသဘင်ကြီးဟာ သိပ်ကို ခမ်းနားကြီးကျယ်မှာပဲနော်။ ဉဿာမှာ ကောင်းချီးပေးတဲ့ တေးသံတွေကလည်း နေ့ရောညပါ ညံမစဲဖြစ်နေမယ်။ မြို့စား၊ နယ်စားတွေက လက်ဆောင်ပဏ္ဏာတွေနဲ့ ဝင်လာမစဲတသဲသဲရှိကြမယ်။ ခင်ဦးတို့ရဲ့ မင်္ဂလာသဘင်ကိုအကြောင်းပြုပြီး ခမည်းတော်ကလည်း အဃဒိသ အလှူတော်ကြီးကို ပေးလိမ့်မယ်။ ဉဿာသားနဲ့ဉဿာသူတွေကလည်း သည်အလှူပွဲကြီးမှာ ရောင်စုံတောက်ပတဲ့ ဝတ်စုံတွေကို ဆင်မြန်းရင်းနဲ့ ခင်ဦးတို့နှစ်ယောက်ကို အားကျရင်း သူတို့ချင်းသံယောဇဉ်တွေ ဖွဲ့ကြလိမ့်မယ်။ ချစ်ချင်းမေတ္တာဟာ ခင်ဦးတို့နှစ်ယောက်ဆီကတစ်ဆင့် ဉဿာနဲ့ပုဂံမြေပေါ်မှာ လှပစွာ ကူးပျံ့စီးဆင်းသွားကြလိမ့်မယ်။ ချစ်ခြင်းဖွဲ့မေတ္တာတေးတွေက သည်ကမ္ဘာမြေပေါ်မှာ ဆက်ကာဆက်ကာမြည်မစဲ။ သံစုံလွင့်ဝဲကြလိမ့်မယ်။

ဒါပေမယ့် အမောင်ရဲ့၊ ဘိသေက မင်္ဂလာသဘင်ကြီး ပြီးရင် ခင်ဦးဉဿာမှာ ကြာရှည်နေဖြစ်မှာ မဟုတ်ပါဘူး။ အမောင့်နောက် တမ္ပဒီပကိုလိုက်ခဲ့ရမှာပေါ့နော်။ အမောင်ပြောဖူးတဲ့ လောလောပူတဲ့ ဒေသဆိုတာကိုခင်ဦး မြင်စမ်းတွေ့စမ်းချင်လှပြီလေ။ နီသော ကြေးအဆင်းရှိရာ မြေအပြင်ကိုခင်ဦး ဖဝါးခြေအစုံနဲ့နင်းပြီး အမောင့်နောက်က အမောင့် ခါးစည်းကြိုးကိုဆွဲလို့ ခင်ဦး လိုက်ခဲ့မှာပေါ့။

အပူဓာတ်ကို စားသုံးရင်း စိမ်းစိုကြီးထွားနေကြတဲ့ ထနောင်းပင်တွေ၊ မန်ကျည်းပင်တွေ၊ ဆူးရစ်ပင်တွေကို ခင်ဦး ကြည့်ချင်လှပြီ။ လေအသုတ်မှာ ရှုတ်ရှုတ်သဲသဲ လွင့်သွားတဲ့ မြူမှုန်ဖုန်လုံးကြီးတွေကြားက အရိမဒ္ဒပူရလေ့ဆိပ်ကို ခင်ဦး ဆင်းချင်လှပြီ။

အမောင်နဲ့အတူ လက်ချင်းတွဲလို့ အမောင်တို့ရဲ့နေပြည်တော်မုခ်ဝ သရပါတံခါးကြီးကို ဖြတ်သန်းရင်း အရိမဒ္ဒပူရ နန်းမြို့တော်ကြီးထဲ ဝင်ကြည့်ချင်လှပြီ။

ပြီးတော့လေ အနုရုဒ္ဓါဘုရင်နဲ့တကွ အမောင်တို့ နှိမ်နင်းဖြိုခွင်းလိုက်တယ်ဆိုတဲ့ သစ်မထီးအရပ်က ရှင်ကြီးတွေရဲ့ ကျောင်းတော်ရာ အဆောက်အအုံဟောင်းတွေကိုလည်း ခင်ဦး ရောက်ဖူးချင်တယ်။ ပြီးတော့... တပ်မှူး ဦးငထွေရဲ့ ထန်းတော၊ တပ်မှူး ဦးငလုံးရဲ့ လယ်တော၊ တပ်မှူး ဦးဖီးရဲ့ မြစ်ဆိပ်ကမ်းနားက ရေတပ်တော်၊ ရောဝတီမြစ်ပြင်၊ မြင်းကပါချောက်ကမ်းပါး။ အို... ခင်ဦး ပျော်လိုက်တာ အမောင်ရယ်။

အမောင်တို့ရဲ့ အရိမဒ္ဒပူရ ဒေသတစ်ခွင်လုံးအနှံ့ ခင်ဦး ရောက်ဖူးပြီဆိုတော့မှ နန်းတော်ကို ပြန်ကြမယ်ပေါ့။ ခင်ဦး သိပါတယ် အမောင်ရယ်။ ခင်ဦးဟာ အချစ်တွေနဲ့ ယစ်မူးမေ့လျော့နေမယ့် မိန်းကလေးမဟုတ်ပါဘူး။ အမောင့်မှာ ကြီးလေးလှတဲ့ တိုင်းရေးပြည်ရေး အမှုတော်တွေကို ပခုံးထက်မှာ အမြဲတမ်း တင်ထားရတယ်ဆိုတာ ခင်ဦး သိပါတယ်။

ချစ်ခြင်း ကြည်နူးမှုတွေနဲ့ချည်း အချိန်တွေ ကုန်စေမှာမဟုတ်ပါဘူး။ အမောင့်တာဝန်တွေကို ခင်ဦး တပ်နိုင်တဲ့ဘက်က တစ်ရွက်တစ်ထမ်း ကူညီမှာပေါ့။ အမောင်တို့ဆီမှာ စတင်ဖွံ့ဖြိုးလာပြီဖြစ်တဲ့ ထေရဝါဒ သာသနာတော် အရေးကိစ္စမှာ ခင်ဦး စွမ်းစွမ်းတမံ ဝင်မှာပေါ့။

အမောင်တို့ ဘုရားပုထိုးတွေ တည်ကြမယ် မဟုတ်လား။ ထေရဝါဒ အဆုံးအမတွေ ပြန့်ပွားအောင် လုပ်ကြမယ်မဟုတ်လား။ သည်အခါမှာ တပ်မင်းကြီး ကျန်စစ်သားရဲ့ ကတော်စိုးမယား မဏိစန္ဒာကိုယ်တိုင် ရှေ့ဆုံးက တက်ကြွစွာ ပါဝင်မယ်ဆိုရင် ပုဂံသူတွေ၊ ဥဿာသူတွေဟာ ပိုပြီး ဝင်စားထက်သန်လာကြမှာပေါ့။

အဲသည် သာသနာတော်အရေးတွေအပြင်မှာ ခင်ဦး ပင်တိုင်စံဘဝ ကာလတစ်လျှောက်လုံး ဆည်းပူးခဲ့တဲ့ နီတိကျမ်းတွေ၊ သျှတ္တရကျမ်းတွေကို ပြန်ပြီး အသုံးချရလိမ့်ဦးမယ် အမောင်ရဲ့။ ခင်ဦး စိတ်ဝင်စားတဲ့ အရောင်

အသွေးတွေ စပ်ဟပ်ခြင်းအလုပ်ကို ဆက်လုပ်ရမယ်။ အမောင်တို့ဆီမှာ အမိက သုံးစွဲတဲ့အရောင်နဲ့ ဥဿာသားတွေ သုံးစွဲတဲ့အရောင် နှစ်မျိုးတို့ကို ပေါင်းစပ်ပြီး ပိုမိုလှပတဲ့အရောင်၊ ပိုမိုသစ်လွင်တဲ့အရောင်တွေဖြစ်အောင် ခင်ဦး စပ်ဟပ်ယူရမယ်။

ပြီးတော့ သည်အရောင်တွေနဲ့ ခြယ်လှယ်အပ်သော ဝတ်စားတန်ဆာတွေကို နန်းတွင်းသူတွေကတစ်ဆင့် ပုဂံသူ၊ ဥဿာသူ၊ အဲသည်သူတွေ ခါးထက်မှာ တွင်တွင်ကျယ်ကျယ် ဝတ်ဆင်သုံးစွဲကြစေအောင် ခင်ဦး လုပ်ပေးရမယ်။ ပုဂံသူနဲ့ ဥဿာသူတွေရဲ့ ဘုံပတီး၊ စုလျား၊ ပုခုံးတင်နဲ့ ပဝါတဘက်တွေဟာ ခင်ဦး စပ်ဟပ်တီထွင်လိုက်တဲ့ အရောင်အသွေးတွေနဲ့ ဆန်းသစ်လှပနေစေရမယ်။

'အမိတို့ မိန်းမသူတွေဟာ ဝတ်စားတန်ဆာကိစ္စမှာ တယ်လဲ အလေးအနက် ရှိကြသကိုး'လို့တော့ မပြောနဲ့ အမောင်ရဲ့။ ဣတ္ထိယတွေရဲ့ ဝတ်စားတန်ဆာဟာ ဣတ္ထိယတွေရဲ့ မနောဓာတ်နဲ့ အပြန်အလှန် ရိုက်ခတ်နေကြတယ်။ ဆက်သွယ်နေကြတယ်။ မိမိရဲ့ ဝတ်စားတန်ဆာ ပုံပန်းသဏ္ဌာန် အရောင်အသွေးတွေကို ပိုမိုလှပစိုပြည်အောင် ပြုလုပ်ခြင်းအားဖြင့် မိန်းမသူတွေရဲ့နှလုံးလှ အလှဓာတ်ဆိုတာ ပိုပြီးခိုင်မာလာတယ်။ မနောဟာ ပိုပြီး နူးညံ့သန့်စင်လာတယ်။ အို… သည်သျှတ္တရသဘောတွေကိုလည်း ခင်ဦး ဖြန့်ဖြူးပို့ချပေးရဦးမှာပါလေ။

ပြီးတော့လေ ခင်ဦးတို့ရဲ့ ရာမညဂီတနဲ့ အမောင်တို့ရဲ့ ပတ်သာ ခွက်ခွင်း တေးသံတွေကိုလည်း ခင်ဦး ပေါင်းစပ် တီထွင်ကြည့်ရဦးမယ်။ ရာမညတို့ရဲ့ မိကျောင်းတူရိယာထဲက ဂီတသံတွေနဲ့ အမောင်တို့ရဲ့ ပတ်သာသံ ဘယ်လိုစီးဆင်းယှက်နွှယ်လို့ရမလဲဆိုတာ ခင်ဦး လေ့လာရမယ်။ သည်မှာတော့ ခင်ဦး ထင်သလောက် လွယ်မယ်မထင်ဘူး အမောင်ရဲ့။ ဂီတဆိုတာ အသံနဲ့ဖွဲ့စည်းထားတာဆိုတော့ သျှတ္တရအလိုအရ အလွန့်အလွန် သိမ်မွေ့နူးညံ့လွန်းတဲ့ ပရမာဏုမြူဓာတ်သဘောတဲ့။ အရောင်အသွေးတွေလို စက္ခုဝိညာဏ်နဲ့ ထိတွေ့လို့ရတာမဟုတ်ဘူး။ မြင်လို့ ထိကိုင်လို့ရတာ မဟုတ်ဘူး။ သောတဝိညာဏ်ဆိုတာက အို… ရှုက်လိုက်တာ။ ခင်ဦး

အတတ်ကြီးလုပ်ပြီး ပြောပြနေမိတာကို အမောင်က ပြုံးယောင်မျက်လုံး ကြီးတွေနဲ့ စိုက်ကြည့်နေတယ်လား။

အဲသလိုတွေပေါ့ အမောင်ရယ်။ အမောင်ရဲ့ အိမ်သူမယားဘဝမှာ ခင်ဦး လုပ်စရာတွေ အများကြီး ရှိပါတယ်။ ပင်တိုင်စံ သမီးတော်ဆိုတဲ့ အဆောင်အယောင်တွေအကြားမှာ ဆယ့်ရှစ်နှစ်လုံးလုံး နေထိုင်ကြီးပြင်းခဲ့ပြီး နန်းစည်းစိမ်ကို ခံစားစံစားခဲ့တဲ့ ကာလတွေအတွက် ခင်ဦး တစ်ပြန်တစ် လှည့် ပိုမိုလေးနက်စွာ ရှင်သန်ချင်ပါသေးတယ်။

ကြည့်စမ်း အမောင်ရယ်၊ သည်အတွေးမျိုးကို ခင်ဦး အရင်ကမတွေး ခဲ့မိပါလား။ ဩော်... သိပြီ သိပြီ။ ကုမုဒြာဟာ လရောင်နဲ့တွေ့ခဲ့ပြီကိုး။ အချစ်ကြောင့် ဦးထလန်းဆတ်လာတဲ့ နှလုံးသားဟာ ရည်ရွယ်ချက်တွေ၊ မျှော်မှန်းချက်တွေ၊ ဆုံးဖြတ်ချက်တွေနဲ့ ပွင့်ချပ်လေးတွေ တစ်လွှာပြီးတစ်လွှာ ပွင့်အာလာလိုက်ကြတာနော်။

အဲဒါဟာ ချစ်ခြင်းတရားရဲ့ တည်ဆောက်မှု ဓာတ်ကူဋာရုံ အငွေ့ အလှသန္တေပေါ့ အမောင်ရဲ့။ အချစ်ကြောင့် ဝေစည်လာတဲ့ နှလုံးသားရဲ့ လွင်လွင်စာစာ ဟစ်ကြွေးသံလေးတွေလေ။

ကဲ... အမောင် ပြောလေ ပြောစမ်းပါဦး။ စစ်အောင်ပွဲခံသဘင်မှာ ညို့မျက်လုံးတွေနဲ့ ဖမ်းစား၊ ပဟေဠိတွေနဲ့ ဆွဲချည်ပြီး နန်းတော်ပန်းဥယျာဉ် ခြံထဲက မာယာဒေဝီကျောက်ဆစ်ရုပ်တုဘေးမှာ အိပ်မက်ဆန်စွာ တွေ့ခဲ့ရတဲ့ မိန်းကလေးကို အမောင် ဘာပြောမလဲ။ လောကကြီးမှာ အချစ်ကလွဲပြီး ဘာကိုမှမသိ၊ ချစ်သူရဲ့ ရင်ငွေ့မှအပ ဘာကိုမှမမြင်တဲ့ မိန်းကလေးလို့ တောင် အမောင် ပြောဦးမလား။

ပါရမီဖြည့်ဘက်ပါ အမောင်ရယ်။

တပ်မင်းကြီးရဲ့ ကတော်စိုးမယားဆိုပြီး ရွှေခြည်ဖောက်ပဝါကိုခြုံ၊ ရတနာမျိုးစုံ၊ ဘုံပတီးကို လွှမ်း၊ လက်ညှိုးတယမ်းယမ်းစေရင်း အထိန်းအယ ရံရွေတွေကို အမိန့်တော်မျိုးစုံပေး၊ လိုချင်တာမှန်သမျှကို အရသာဆောင် ကြဉ်းစေဆိုတဲ့ မိန်းမသားမဟုတ်ပါဘူး အမောင်ရဲ့။

ခင်ဦးရဲ့လက်တွေဟာ လက်အောက်ခံ နယ်စားပယ်စား၊ လန်သံပျင်၊ မှူးမတ်ဗိုလ်တွေ ဆက်သလာမယ့် လက်ဆောင်ပဏ္ဏာတော်တွေကိုပဲ သိမ်းကျုံးဖို့ ဖွင့်ထားတဲ့လက် မဟုတ်ပါဘူး။

ခင်ဦးလက်တွေဟာ အမောင့်ခါးစည်းကြိုးစကိုဆွဲ၊ အမောင့်နောက်က တတွဲတွဲ မခွဲမခွာ အရိမဒ္ဒနပူရဒေသအနှံ့ လိုက်ပါရင်းနဲ့ ဗုဒ္ဓရုပ်ပွားတော်ရှေ့မှောက်မှာ လက်အုပ်ချီမယ့်လက်၊ ဥဿာသူတွေနဲ့ ပုဂံသူတွေရဲ့ ကိုယ်ခန္ဓာနဲ့ မနောကို အရောင်အသွေး၊ အဝတ်တန်ဆာတွေ၊ တေးဂီတတွေနဲ့ ဆင်မြန်းထုံးဖွဲ့ ပေးကမ်းမယ့်လက်၊ စွန့်ကြဲမယ့်လက်၊ တည်ဆောက်လုပ်ကိုင်မယ့် လက်တွေပါ။

ပြီးတော့လေ အမောင်တို့ တည်ကြမယ့် ဘုရားပုထိုးတွေရဲ့ ဟိုး… ပရိဝုဏ်အထောင့်တစ်ထောင့်မှာ ခင်ဦး ကျောက်စာတိုင်လေး တစ်တိုင်လောက်များ ထူစိုက်ခွင့်ရရင်လေ။ ခင်ဦး ရှိသမျှ လုပ်ဆောင်သမျှတွေကို အမူကွန်းတင် ရေးထိုးပြီး 'ချစ်ခြင်းမေတ္တာဖြင့် အဓိပ္ပာယ်အပေါင်းတို့ ပြည့်စုံလေးနက်ခဲ့သော ထိုမိန်းမကား မဏိစန္ဒာမြည်၏'လို့ ကမ္ပည်းတင်လိုက်ချင်ပါရဲ့ အမောင်ရယ်။

ချစ်တဲ့ အမောင်ရယ်၊ လာခဲ့ပါတော့။ ဥဿာကို အမြန်ဆုံးလာခဲ့ပါတော့။ အလွန့်အလွန်လှပခမ်းနားတဲ့ ချစ်ခြင်းဗိမာန် နန်းပြာသာဒ်ကြီးတစ်ခုကို ခင်ဦးအတွေးထဲမှာပဲ တည်ဆောက်နေတာ အပြီးသတ်တော့မယ် အမောင်ရဲ့။ သည်နန်းပြာသာဒ်ကြီးရဲ့ အထွက်အထက်မှာ စုလစ်မွန်းချွန် တပ်ဆင်ဖို့လိုတော့တယ်။ အမောင်ရောက်လာပြီဆိုရင် သည်နန်းပြသာဒ်ကြီးဟာ အလုံးစုံ ပြီးမြောက်တော့မယ်။

ရွှေရောင်၊ ငွေရောင်၊ စိန်ရောင်၊ ပတ္တမြားရောင်တွေနဲ့ အတိပြီး ပြိုးပြက်ဝင်းလက်နေတဲ့ ပြာသာဒ်ကြီးတော့ မဟုတ်လေဘူး အမောင်ရဲ့။ သိပ်ကို လှပအေးချမ်းတဲ့ အရောင်လေ၊ ချစ်ခြင်းမေတ္တာ အရောင်လေ။

Z

## [၁၈]

ဘုရား... ဘုရား။

ထစ်ချုန်းပေါက်ကွဲသံလိုက်တဲ့ အသံနက်ကြီးနဲ့အတူ တုန်ခါလွင့်စဉ် ပျက်ပြိုသွားတဲ့ ဗိမာန်နန်းတော် ပြသာဒ်ကြီး။ နီကြန့်တဲ့ လေပြင်းစီးကြောင်းတွေက ဒလဟော တိုးဝင်လာကြ၊ တဟဲဟဲမြည်သံ၊ တဝေါဝေါ အော်သံတွေ။

အဆောင်ဆောင် အနန်းနန်း စီရရီ တည်ဆောက်ထားခဲ့လေတဲ့ ပြသာဒ်ကြီးရဲ့ အဆင့်ဆင့်တွေဟာ ဖရိုဖရဲ ပြုတ်ကြွေ၊ ဗုန်းဗုန်းလဲကျ၊ မည်းနက်တဲ့ အငွေ့တွေက ခြောင်းခြောင်းထ...။

တစ်ဖက်စီ တစ်စစီ ဝရုန်းသုန်းကား ပြိုကျသွားတဲ့ ပြာသာဒ်နန်းဆောင်ကြီးရဲ့ အပိုင်းပိုင်း အစစ အစိတ်စိတ် အမြွှာမြွှာ အပျက်အစီးတွေအောက်မှာ မရှုမလှ ဖြစ်သွားတာက...

ခင်ဦးရဲ့နှလုံးသားတွေ...

ဘုရား... ဘုရား... မြင်မကောင်း ရှုမကောင်းပါလား။

## [၁၉]

ဇာပဝါပါးကို မျက်နှာရှေ့မှာဖုံး၊ မျက်လွှာကို မပင့်စတမ်း ချထားတဲ့ ကြားကပဲ အားလုံးကို ခင်ဦး မြင်နေရတယ်။ ပေါက်ကွဲသံတွေနဲ့ ဆူညံစွာ မြည်ဟည်းပဲ့တင်နေတဲ့ကြားကပဲ အားလုံးကို ခင်ဦး ကြားနေရတယ်။

ဥဩာနန်းတော် ညီလာခံ ခန်းမဆောင်ဟာ ဘယ်တုန်းကနဲ့မှမတူ အောင် ခမ်းနားတောက်ပလွန်းလှတယ်။ ဟုတ်တယ်၊ ဘယ်တုန်းကနဲ့မှ မတူတဲ့ နန်းတော်ညီလာခံခန်းမ။

တစ်နည်းအားဖြင့်တစ်စုံတစ်ခုသောအရာကိုဖုတ်ကြည်းသင်္ဂြိုဟ်နေ တဲ့ နေရာဒေသ။ အဲသည်တစ်စုံတစ်ခုဆိုတာက ခင်ဦးရဲ့နှလုံးသား။

ပန်းရနံ့တွေ၊ အမွှေးနံ့သာတွေက ဥဩာတစ်နိုင်ငံလုံးမှာ လွင့်မျောနေ ပြီလား၊ ခင်ဦးရဲ့ဝန်းကျင်မှာ သည်အနံ့တွေဟာ အစူးရှဆုံး၊ အချိုအီဆုံး တအိအိဖုံးလို့။ အမှန်တော့ သည်အနံ့တွေဟာ ငရဲပြည်က ထောင်းထောင်း လွင့်လာတဲ့ အညှော်နံ့၊ မီးခိုးနံ့။ အို... ငရဲပြည်က လွင့်လာတာမဟုတ်ဘူး။ ဟောသည် ဥဩာနန်းတွင်း ခန်းမဆောင်သည်ပင်လျှင် ငရဲပြည်။

ဟုတ်တယ်၊ ငရဲပြည် ငရဲသားတွေဟာ တမွဒီပ ရဲမက်စစ်သည်တွေ

ယောင်ဆောင်လာကြတာ၊ သူတို့ တီးမှုတ်လိုက်ကြတဲ့ တံပိုးသံ၊ ပတ်သာ သံ၊ ခွက်ခွင်းသံတွေဟာလည်း တကယ်တော့ ငရဲမင်းကြီးရဲ့ မရဏတေး။

သူတို့ကိုင်ဆောင်လာကြတဲ့ တံခွန်တွေဟာ ငရဲသားတွေရဲ့ ဝတ်ရုံစ တွေ။ ခင်ဦးကို အားလုံးက ဝိုင်းဝန်းစူးစိုက်ကြည့်နေကြတဲ့ သူတို့မျက်လုံး တွေကလည်း ငရဲသားတွေရဲ့ မီးမျက်လုံးတွေ။

ခမည်းတော်ကကော ဪ... ပလ္လင်ထက်ကနေ ဆင်းသက်ပြီး ငရဲ တပ်ဖွဲ့ကိုကြိုဆိုလို့။ ယဇ်ပူဇော်ပွဲကို ကြီးမှူးကျင်းပမယ့် ယဇ်ဆရာကြီးလား၊ ဟုတ်တယ်၊ ခမည်းတော်ဟာ ခမည်းတော် မဟုတ်တော့ဘူး။ ယဇ်ဆရာ ကြီး။ မိမိပိုင်ဆိုင်သော မိမိ၏အချစ်မြတ်နိုးဆုံးသောအရာကို စွန့်လွှတ်ပြီး ယဇ်ပူဇော်ခြင်းသည် အမြတ်ဆုံးသော ပူဇော်ခြင်းတဲ့။ ဟိုး ရှေးဟောင်း မျိုးနွယ်စုတွေရဲ့ အစွဲအလမ်းအတိုင်း ခမည်းတော်ဟာ သူ အချစ်မြတ်နိုးဆုံး အရာတစ်ခုကို သူကိုယ်တိုင် ယဇ်ပလ္လင်ထက်ဆီကို တင်ပေးဖို့ လှမ်းကြွ လာတာ။

သည်ယဇ်ကောင်ကို လက်ခံယူမယ့်သူက...

ခင်ဦးရဲ့ အမောင် တပ်မင်းကြီး ကျန်စစ်သားဆိုတဲ့ သူရဲကောင်း ကြီး သည်ယဇ်ကောင်ကို လက်ခံရယူပြီးနောက်မှာ အဲသည် သူရဲကောင်း ကြီးဟာ သူတို့ရဲ့ အထွတ်အမြတ်ဒေဝတာ မင်းကြီးဆီကို ပို့ဆက်ပေးရမှာ လေ။ အဲသည် ဒေဝတာမင်းကြီးက ယဇ်ကောင်ကို သွေးစိမ်းရှင်ရှင် ကိုက် ဝါးစားသောက်ပစ်မှာလေ။ အဲသည်မင်းကြီးဟာ အခုအချိန်မှာ ယဇ်ကောင် ကို တမွဒိပ နန်းတော်ပလ္လင်ထက်ကနေ စောင့်နေလေရဲ့။

အထွတ်အမြတ်ထားပြီး ပေးဆက်ပူဇော်ရမှာမို့ ယဇ်ကောင်ကိုလည်း သူတို့က အစွမ်းကုန် ခြယ်သ ပြင်ဆင်ပေးထားကြလေရဲ့။

ခင်ဦး ဦးထိပ်ဆံဖျားကနေ ခြေဆုံး လက်ဖျားအထိ ဆင်ယင်ခြယ်သ မွမ်းမံထားလိုက်ကြတာ၊ ရွှေတွေ ငွေတွေ စိန်တွေ ပတ္တမြားတွေ ပုလဲတွေ ကမ္ဘာလောကမှာ အဖိုးတန်ဆုံး ဝတ်စားတန်ဆာတွေ ဝတ်ဆင်ပြီး အလှပ ဆုံး မွမ်းမံပေးထားတဲ့ ယဇ်ကောင်ပေါ့။

ခင်ဦးရယ်၊ နေရာမှာပဲ နင်အရည်ပျော်ကျ၊ ဒါမှမဟုတ် အခိုးအငွေ့ ဖြစ်သွား။ ဒါမှမဟုတ် မီးတောင်တစ်ခုလို ပေါက်ကွဲသွားလိုက်စမ်းပါ။ နင့်ကို ဖုတ်ကြည်းသင်္ဂြိုဟ်တော့မယ့် ဈာပနလေ။ ယဇ်ကောင်အဖြစ်နဲ့ မရဏခံတွင်းကို ဝင်ရောက်ရတော့မှာလေ။

တစ်ခဲနက် တံပိုးခရာသံ။
ပြီးတော့ အကြွင်းမဲ့ တိတ်ဆိတ်ခြင်း။
ပြီးတော့ သံတော်ဆင့်ရဲ့ ဟစ်ကြွေးမှု။

'သမီးတော် မဏိစန္ဒာအား အရိမဒ္ဒနပူရ တိုင်းကြီးသခင် အရိန္ဒမာလုံ့ စကြာအရှင် တမ္ပဒီပနိုင်ငံတော်ကြီး၏အရှင် အနုရုဒ္ဓါမင်းမြတ်နှင့် ဥဿာ တမ္ပဒီပ နှစ်စသောတိုင်းပြည် ချစ်ကြည်ညီညွတ်ကြလျက် နှစ်ပြားသော ရွှေဂဟေဆက် မင်္ဂလာကျက်သရေ ခပ်သိမ်းတို့ ခညောင်းသော ဤ အခါသမယ ဥဿာဘုရင်မင်းမြတ်ကိုယ်တော်တိုင် သဘောညွတ်နူး အထူးဆန္ဒတော် ရှိသည်နှင့်အညီ ပဏ္ဏာတော် မွန်အမြတ်အား...'

နေစမ်းပါဦး သံတော်ဆင့်ရဲ့။ ရှင်ဟာ မရဏကြွေးကြော်သံတစ်ခုကို ဟစ်အော်နေတယ်ဆိုတာကော ရှင့်ကိုယ်ရှင် သိရဲ့လား။ ရှင်တို့ရဲ့စာချွန်ကို ဆက်မဖတ်ပါနဲ့။ ဆက်မအော်ပါနဲ့။

ခင်ဦးရယ်... နင့်အသံတွေလည်း ပျောက်ဆုံးသွားပါပြီကော။

ဪ... ဪ... ခမည်းတော်ဘုရားက သားမွေးကတ္တီပါခင်း ကမ္ဗလာ ကော်ဇောထက်မှာ ခြေစုံရပ်လိုက်ပြီးသား။ နေစမ်းပါဦး၊ တူရူက လာနေတာ ကကော ဘယ်သူပါလိမ့်။ ရှင့်ကို ကျွန်မမြင်ဖူးပါတယ်။ သည်မျက်နှာ သည်မျက်လုံး သည်ခြေလှမ်းတွေလေ။ ကျွန်မ ကောင်းကောင်း သိတဲ့လူပါ။

ဪ... အမောင်ကိုး။

ဟင်... အမောင် မဟုတ်သေးပါဘူး။ အမောင်ဆိုရင် ခင်ဦးရှိရာကို လာရမှာပေါ့။ ပြီးတော့ ခင်ဦးလက်ကိုဆွဲပြီး 'ခင်ဦးရေ... လာလာ၊ အမောင် တို့ စကြာဝဠာအပြင်ဘက်ဆီ ပြေးကြစို့ ခင်ဦးရဲ့' လို့ ပြောမှာပေါ့။ ခင်ဦး ရဲ့ အမောင်သာဆိုရင် သည်လိုပဲဖြစ်ရမှာပေါ့။

အခုဟာက အမောင် မဟုတ်လို့သာ။ ဟင်... ရှင်ဟာ အမောင်ပါလား၊

ကျွန်မ မျက်စိမမှားပါဘူး။ ကျွန်မရဲ့ တပ်မင်းကြီး ကျန်စစ်သားကို ကျွန်မ မမှတ်မိဘဲ ရှိပါ့မလား။

အို… မဟုတ်သေးဘူး။ သူဟာ အမောင့်အယောင်အဆောင်ထားတဲ့ ငရဲသားပဲ ဖြစ်မှာပါ။ ဒါကြောင့် ခင်ဦးဆီကို မလာဘဲ ခမည်းတော်နဲ့ မျက်နှာချင်းဆိုင် လျှောက်လာ၊ ကတ္တီပါကော်ဇောနီပေါ်မှာ ခြေစုံရပ်ပြီး … နေစမ်းပါဦး ရှင်တို့ ဘာလုပ်နေကြတာလဲ။

ဩော်… ဩော်… ရွှေရောင်ဝင်းနေတဲ့ ရာဇလှံတံကို ရှင်က ခမည်းတော် လက်ထဲထည့်၊ ခမည်းတော်က တရိုတသေလှမ်းလင့်ယူ၊ ပြီးတော့ ရင်အုံပေါ်မှာ ကန့်လန့်ဖြတ်တင်၊ လှံတံကို ဆုပ်ကိုင်ပွတ်သပ်၊ ပြီးတော့ အဲဒါက ဘာလုပ်တာလဲ၊ ခမည်းတော်က ရာဇလှံတံကို အမောင့်လက်ထဲ ပြန်ထည့်ပေး။

ဟင်း… ဟင်း… မဏိစန္ဒာအတွက် ဖုတ်ကြည်းသင်္ဂြိုဟ်ပွဲကလည်း ကြီးကျယ်ခမ်းနားလိုက်တာပါလား။ အဆောင်အယောင်တွေ များလိုက်တာ ပါလား။

အို… အမောင်၊ ခင်ဦးဆီ လျှောက်လာနေပြီကော။

ဟုတ်ပါပြီ။ အမောင်မှ အမောင်ပါ။ ခင်ဦး မျက်စိမမှောက်နိုင်တော့ ပါဘူး။ ရာဇလှံတံ ရွှေရောင်တဝင်းဝင်းကို ဆုပ်ကိုင်ပြီး တစ်လှမ်းချင်း လှမ်းလာတဲ့သူဟာ ခင်ဦးရဲ့ အမောင်မှ အမောင်အစစ်။

အမောင်ရေ… အဲသည်လို ခြေလှမ်းတွေနဲ့ မလာနဲ့လေ၊ ခပ်သွက်သွက် ကြီး ပြေးလာစမ်း။ ပြီးတော့ ခင်ဦးကို စွေ့ခနဲနေအောင် ပွေ့ယူပြီး အမောင့် မြင်းဆီ ပြေး။ အမောင့်မှာ မြင်းပါတယ်မဟုတ်လား။ ပင်တိုင်စံနန်းရဲ့ ဥယျာဉ်ထဲက တာရာဒေဝီရုပ်တု ပန်းချိုးဘေးမှာ အမောင့်မြင်းကို စောင့်ခိုင်း ထားတယ်မဟုတ်လား။

အမောင်ရေ၊ အမောင့်လက်ထဲက ရာဇလှံတံကြီးကိုလည်း အသုံးပြု ဖြစ်အောင် အသုံးပြုလိုက်စမ်း။ ရဲမက်စစ်သည်တွေက အမောင့်ကို ဝိုင်း တိုက်ကြမှာ။ သူတို့က တိုက်ခိုက်ထိုးခုတ်ရင်းနဲ့ ညာသံပေးကြဦးမှာ။

'အနုရုဒ္ဓါ ဘုရင်ရဲ့ မင်းဘဏ္ဍာ ပဏ္ဏာတော်ကို ကျန်စစ်သား ကျူးကျော်စော်ကား ခိုးယူသွားပြီဟေ့'လို့လေ။ အဲသည်ရန်သူတွေကို အမောင်ဖြိုခွင်းရှင်းလင်းပစ်ရမှာ အမောင်ရဲ့။ အမောင် အနိုင်တိုက်နိုင်မှာပါ။ အမောင်က ခင်ဦးရဲ့ အမောင်ပဲ။ ဂွမ်းစစ်သည်တွေကိုတောင် တိုက်ထုတ်နိုင်ခဲ့သေးတာပဲ။

ပြေးလာခဲ့စမ်းပါ အမောင်ရဲ့၊ ပြေးလာခဲ့စမ်းပါ။

ခင်ဦးကို ပွေ့ခေါ်ပြီး...

ဟင်...။

ရှင်... ရှင် ဘာလုပ်လိုက်တာလဲ။ ဘာကြောင့် ကျွန်မရှေ့မှာ ရှင် ဒူးထောက်လိုက်တာလဲ။ ကျွန်မဟာ ရှင့်ချစ်သူလေ၊ ကျွန်မ ခင်ဦးလေ။ ပြီးတော့ ရှင့်မျက်နှာကို ဘာကြောင့်ငုံ့ငိုက်ထားရတာလဲ။ မော့်ကြည့်လိုက်စမ်းပါ။ သည်မှာ သည်မှာလေ ရှင့်ကိုချစ်တဲ့ ခင်ဦးရဲ့မျက်လုံးတွေကို ဟိုတုန်းကလိုပဲ ဖောက်ထွင်းမတတ် မျက်လုံးတွေနဲ့ ရှင်ကြည့်လိုက်စမ်းပါ။

အို... ဒါ... က... ကော... ဒါ ဘာလုပ်တာလဲ...။

ရာဇလှံ့တံကို ကျွန်မရှေ့က ရွှေကြာရံကလပ်ပေါ် တင်ပြီးတော့ ခြေလှမ်းသုံးလှမ်းလှမ်း နောက်ဆုတ်သွား။ မျက်နှာကိုမဖော်ဘဲ နန်းကြမ်းပြင်ဆီ ငုံ့ငိုက်ထား။ သည်အချိန်မှာ တံပိုးသံတွေ၊ ခရာသံတွေ၊ ခရုသင်းမှုတ်သံတွေ...။

ရာဇလှံ့တံက ကျွန်မရှေ့က ရွှေကြာရံကလပ်ပေါ်မှာ အစွင့်သား။

နေစမ်းပါဦး တပ်မင်းကြီး ကျန်စစ်သားရဲ့။

ဒါက ဘာ အဓိပ္ပာယ်... ဩော်... ဩော်... ရှင့်သခင် အနုရုဒ္ဓါဘုရင် မင်းမြတ်ကြီးရဲ့ ပိုင်ဆိုင်မှုတစ်ခု ဖြစ်သွားပြီဆိုတာကို ကျွန်မရှေ့မှာ ရာဇလှံ့တံကိုချပြီး တလောကလုံးသိအောင် ရှင်လုပ်ပေးလိုက်တာပေါ့။

ဟင်း... ဟင်း... သည်လောက်သူရဲဘောကြောင်၊ သွေးနည်းတဲ့ သူရဲကောင်းမျိုး မတွေ့ဖူးပါဘူး၊ တကယ်ပါပဲ။

အမှန်က အဲသည် ရာဇလှံ့တံရဲ့အသွားနဲ့ ကျွန်မရဲ့ လက်ဝဲဘက်နေရာကို ရှင် ထိုးစိုက်ပစ်လိုက်ရမှာ သူရဲကောင်းကြီးရဲ့။ အခုတော့ ရှင်က

သတ္တိကြောင်လှစွာနဲ့ ကျွန်မမျက်နှာကိုတောင်မှ မော့်မကြည့်ရဲဘဲ ရာဇလုံ့တံကို ကျွန်မရှေ့မှာချ။ နောက်ဆုတ် နောက်ဆုတ်နဲ့ လှည့်ထွက်သွား…။

အမောင်… အမောင်ရေ၊ အမောင် ကျွန်မကို ဘာကြောင့် တစ်ချက်ကလေးတောင်မှ မော့်မကြည့်ခဲ့တာလဲ။ ကျွန်မက အမြင့်မှာ ထိုင်နေလို့လား။ အမောင်က ဒူးထောက်လိုက်ရလို့လား။

ဘာကြောင့် ကျွန်မကို မကြည့်လိုက်တာလဲ။ အမောင့်မျက်လုံးအိမ်မှာ မျက်ရည်တွေဝဲနေလို့လား။ အမောင် ငိုနေလို့လားဟင်…။

ကြည့်ပါဦး ရာဇလုံ့တံက ကျွန်မရှေ့မှာ ကန့်လန့်ဖြတ်ဆီးဆို့နေပြီ အမောင်ရဲ့။ ဒါဟာ ခင်ဦးကို တစ်ဖဝါးမှမကျူးလေနဲ့လို့ ကြွေးကြော်လိုက်တာလား။ သည်လုံ့တံဟာ ခင်ဦးရဲ့နှလုံးသားကို အသွားနဲ့မဟုတ်လေဘဲ အလျားလိုက် ကန့်လန့်ဖြတ် အစင်းစင်းနင်းဖိ…။

အမောင်ရေ… အမောင်ရေ… အမောင်ရေ…။

ပိုးဇာပဝါကို ထွင်းဖောက်ပြီး ခင်ဦး မြင်တွေ့နေရတဲ့လောကကြီးဟာ တမလွန် လောကကြီးပဲ ဖြစ်ရမယ်။ ဟုတ်တယ်၊ တမလွန်မှာရှိတဲ့ ငရဲဘုံကြီးတစ်ခု၊ ငရဲသားတွေဟာ တောက်ပတဲ့ တံခွန်အလံတွေကို ကိုင်ဆောင်မြှောက်ချီထားကြတယ်။ တံပိုးခရာသံတွေနဲ့အတူ တဟေးဟေးကြွေးကြော်သံတွေကလည်း ငရဲမီးလျှံတွေရဲ့ လောင်မြိုက်သံပဲဖြစ်တယ်။

လူသား သတ္တဝါဆိုလို့ ခင်ဦး တစ်ယောက်တည်းပဲ ရှိတော့တယ်။ အားလုံးဟာ ငရဲသားတွေချည်းပေါ့။ ဒါကြောင့်လည်း သူတို့ပျော်ရွှင်နေကြတာပေါ့။ ဥဿာနန်းတော်ကနေပြီး မြို့တံခါးအထိ၊ မြို့တံခါးကနေ ကျုံးကူးတံတား၊ ပြီးတော့ မြို့တော်ကျုံးလမ်း၊ နေရာတိုင်းမှာ သူတို့ပျော်ရွှင်နေကြတယ်။

ဩော်… ဩော်… ငရဲဘုံကြီးထဲမှာ ခမည်းတော် ဥဿာဘုရင်မင်းမြတ်လည်း အပါအဝင်ပါလား။ ခမည်းတော်ဟာ ဘယ်တုန်းကများ ဥဿာကို ငရဲတိုင်းပြည်ကြီးအဖြစ် ပြောင်းလဲပစ်လိုက်တာပါလိမ့်။

ဝေါယာဉ်နားအထိ ခမည်းတော်က လိုက်ပို့မယ်တဲ့လား။

ဘာဖြစ်လို့လဲ ခမည်းတော်၊ သမီးတော် မဏိစန္ဒာရဲ့ခြေလှမ်းတွေ ပျက်ယွင်းယိမ်းယိုင်သွားမှာစိုးလို့လား။ ခင်ဦး မလျှောက်နိုင်တော့ဘူးထင်လို့လား။ ဖယ်စမ်းပါ ခမည်းတော်ရယ်။ ခင်ဦး လျှောက်နိုင်ပါတယ်။ ခင်ဦးကို ဖေးမပြီး ခေါ်မနေစမ်းပါနဲ့။ သည်လမ်းကြောင်းကိုသာ လျှောက်ရတော့မယ့် သည်ခြေလှမ်းတွေပါ။ ခင်ဦး သိပါတယ်။ အခြားလမ်းကြောင်း မရှိတော့တဲ့အချိန်မှာ ခင်ဦးဟာ သည်လမ်းကြောင်းကို လျှောက်နိုင်ရမှာပေါ့။

မိဖုရား အလောင်းအလျာ သတို့သမီးတစ်ယောက်ရဲ့ အဆင်တန်ဆာ အပြည့်အစုံနဲ့ ခင်ဦး ဝေါယာဉ်တော်ဆီလျှောက်ခဲ့တယ်။ ခင်ဦး ဖြတ်သွားတိုင်း ဝဲယာတစ်ဖက်တစ်ချက်ဆီက ရဲမက်တွေက မြှောက်ချီထားတဲ့ လှံဖျားတွေကို အောက်ဘက်နှိမ့်ချလိုက်ကြတယ်။ သြော်... ဒါဟာ မိဖုရားကြီးတစ်ပါးကို ဂုဏ်ပြုလိုက်ကြတာပေါ့လေ။

ခြေလှမ်းတွေ ချည့်နဲ့ယိမ်းယိုင်မနေကြတဲ့အတွက် ခင်ဦး ကိုယ့်ကိုယ်ကို အံ့သြနေမိတယ်။ ကြည့်စမ်း။ နန်းဆောင်လှေကားထစ်တွေအပေါ်မှာ ခင်းထားတဲ့ ကော်ဇောရှည်ကြီးအတိုင်း ခင်ဦး တစ်လှမ်းပြီးတစ်လှမ်း၊ လှေကားထစ်တွေအဆုံးမှာ ခမည်းတော် ဗိုလ်ရှူခံအဖြစ် အသုံးပြုတဲ့ ကျယ်ပြန့်လှတဲ့ ရင်ပြင်ကြီး၊ နောက်ဆုံးတော့ ရင်ပြင်အဆုံးက ခပ်ပြေပြေလှေကားထစ် နောက်ထပ်သုံးထစ်၊ အဲသည်လှေကားထစ်တွေအဆုံးမှာတော့...ဝေါယာဉ်တော်။ သို့မဟုတ် ခင်ဦးကို ခေါ်ဆောင်သွားမယ့် အကျဉ်းထောင်အိမ်။

ခင်ဦးရဲ့ ခြေလှမ်းတိုင်းကို သူတို့က ပန်းပွင့်တွေ ကြဲချပေးနေကြတယ်။ ရောင်စုံပန်းပွင့်လေးတွေဟာ ခင်ဦး ခြေဖမိုးပေါ်မှာ၊ ခင်ဦး ခြေဖဝါးအောက်မှာ။ သြော်... ပန်းပွင့်များ ခင်းဖြန့်ထားသော လမ်းအတိုင်း ခင်ဦးကို လျှောက်လှမ်းစေတယ်ပေါ့။ ခွင့်လွှတ်ပါ ပန်းကလေးတွေရယ်။ မင်းတို့ကို ခြွေပြီး ခင်ဦး ခြေဖဝါးအောက် ပစ်ကြဲလိုက်ကြတာဟာ သူတို့တစ်တွေပါ။ ခင်ဦး စိတ်ဆန္ဒနဲ့ မင်းတို့ကို နင်းဖြတ်ရတာမဟုတ်ပါဘူး။ တကယ်တော့ ကြွေပြီးသား ပန်းတစ်ပွင့်ဟာ ကြွေပြီးသား ပန်းပွင့်တွေမှာ နင်းလျှောက်နေခြင်းပါ။ အဖွဲ့အခြွေခံ ပန်းပွင့်ချင်း တွေ့ဆုံကြတာပေါ့။

ခရီးဆုံးမှာရှိတဲ့ ဝေါယာဉ်ဘောင်ဘေးကို ရောက်လာပြီ။ အတောက်ပဆုံး ဝတ်ဆင်ထားတဲ့ မှူးမတ်တစ်ယောက်ဟာ ဝေါယာဉ်ပေါ်က နှောင်အိမ်ရဲ့ ပိုးဇာကန့်လန့်ကာကို ဖွင့်ဟပေးတယ်။ သည်မှာ ရှင်ဟာ သားရဲတွင်းကြီးတစ်တွင်းရဲ့အဖုံးကို လှစ်ဟပေးလိုက်တာပဲ သိလား။ အကျဉ်းကျရာဇဝတ်သားတွေကို ချုပ်နှောင်တဲ့ ကြေးတိုက်ကြီး တံခါးတစ်ခုထက် ပိုကြမ်းတဲ့ ပိုးဇပဝါ ကန့်လန့်ကာလေ။

ခမည်းတော်က ဝေါယာဉ်ဘေးကို ရောက်လာတယ်။

'နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်ဖို့အတွက် ပထမဦးဆုံး ခြေလှမ်းပဲ သမီးတော်၊ သမီးတော် ဂုဏ်ယူလိုက်စမ်းပါ'

ခမည်းတော်ကို ခင်ဦး တစ်ချက်လှမ်းကြည့်ဖြစ်တယ်။ မျက်နှာပြင်ရှေ့မှာ ချထားတဲ့ ပိုးမျက်နှာဖုံးပဝါအတွင်းကနေ မြင်နေရတဲ့ ခမည်းတော်ရဲ့ ရုပ်သွင်ဟာ ဝိုးတဝါး။ ခမည်းတော်ရဲ့ အဖြူရောင်ဝတ်ရုံကြီးအနားသတ်တွေမှာ အငွေ့တွေတခြောင်းခြောင်းထွက်နေသလိုပဲ။ ဒါဟာ ရာဇမင်းတို့ရဲ့ ဘုန်းအာဏာဆိုတဲ့ အခိုးအလျှံတွေပဲလား။

ပိုးပဝါမျက်နှာဖုံးအတွင်းက ခင်ဦးရဲ့မျက်လုံးအစုံဟာ စူးရှပူလောင်နေကြတယ် ထင်ပါရဲ့။ ခမည်းတော် ခင်ဦးကို လှမ်းကြည့်ပြီး ချက်ချင်းလိုလိုပဲ မျက်နှာလွှဲလိုက်တယ်။ နေရောင်တည့်တည့်ထိုးကျတဲ့ ကြေးမုံမျက်နှာပြင်က ရောင်ပြန်အလင်းတစ်ခုကို ခမည်းတော် မြင်လိုက်ရတဲ့အတိုင်း။

စကားတစ်ခွန်းမှ မဆိုဖြစ်ဘဲ ခင်ဦး ဝေါယာဉ်ထဲ ဝင်လိုက်တယ်။

ကမ္ဘာလောကမှာ အလှပဆုံးနှောင်အိမ်နဲ့ အလှပဆုံး အကျဉ်းသား။

ကတ္တီပါဖုံးတွေအပြည့်ရံထားတဲ့ နောက်မှီမျက်နှာကျက်မှာတော့ ရွှေရောင်ဖဲစ လေးဘက်လေးတန် အမြိတ်တွေက ရွှေခြည် ငွေခြည်တွေ။ ဟင်း... ဟင်း... နှလုံးသားတစ်ခုကို ဖုတ်ကြည်းသင်္ဂြိုဟ်ဖို့ ရှင်တို့ သည်လောက်ထိ မွမ်းမံပြင်ဆင်ထားကြတယ်ပေါ့။

ရဲရဲနီနေတဲ့ သံတွေခဲကတ္တီပါခုံတွေပေါ် ခင်ဦး တက်ထိုင်လိုက်ပြီးတယ်ဆိုရင်ပဲ ဝေါယာဉ်ရဲ့ ပိုးဇာကန့်လန့်ကာက ပြန်ကျလာတယ်။ ပြီးတော့ ခင်ဦးကို ပြင်ပလောကကြီးနဲ့ ခြားပေးလိုက်တယ်။ အခုအချိန်ကစပြီး

ခင်ဦးဟာ ဝေါယာဉ်နှောင်အိမ်အတွင်းမှာ အားလုံးနဲ့ ကင်းပြတ်နေထိုင်ရတော့မယ်။ ပြင်ပလေစိမ်းတောင်မှ အသလပ်မခံစေရတဲ့ မင်းပဏ္ဏာတော်လေ။

ထိုမောင်းသံ၊ စည်သံ၊ ခွက်ခွင်းသံ၊ ခရူသင်းသံတွေ တစ်ခဲနက်ပေါ်လာတယ်။ ဝေါယာဉ်ဟာ မြောက်ကြွလာတယ်။ ဝေါယာဉ်ထမ်းသူတွေက သူတို့ပခုံးပေါ် ထမ်းတင်လိုက်ကြပြီပေါ့။

ရှေ့တူရူကို ခင်ဦး လှမ်းမြင်နေရတယ်။ ဒါပေမယ့် မြင်ကွင်းဟာ ဝိုးတဝါး မပြတ်မသား။ ခင်ဦးရဲ့ မျက်နှာဖုံးပဝါကြောင့်လား၊ ဝေါယာဉ်စံအိမ်မျက်နှာစာက ပိုးကန့်လန့်ကာကြောင့်လား၊ ဒါမှမဟုတ် ခင်ဦးရဲ့မျက်လုံးအစုံတွေကပဲ ရီဝေမှိုင်းမှုန်နေကြလို့လား… ဟင့်အင်း… ခင်ဦးရဲ့မျက်လုံးအစုံဟာ မျက်ရည်တွေမှမရှိဘဲ။ ခန်းခြောက်သွားတဲ့ စမ်းအိုင်တစ်ခုကနေ ဘယ်လိုလုပ်ပြီး ရေကြည်ထွက်လာတော့မှာလဲ။

ဝိုးတဝါး မှုန်တရီမြင်ကွင်းဟာ ရှေ့တူရူမှာ တပြန့်တပြော…

ဝေါယာဉ်ထမ်းတွေရဲ့ ခြေးတလှုံးလှုံး နောက်ကျောပြင်…

သူတို့ရှေ့မှာ မြင်းစီးရဲမက်တွေ၊ သူတို့ရှေ့မှာ ခြေကျင်လိုက်ပါကြမယ့် ရံရွေအထိန်းတွေ။ အဆောင်ကိုင်တွေ။ မှူးမတ်တွေ။

သူတို့အားလုံးရဲ့ ဟိုးရှေ့မှာတော့…

အုန်းခွံရောင် မြင်းတစ်စီးပေါ်မှာက…

တရှည်တလျား ဖြန့်ချထားတဲ့ ခင်ဦးရဲ့မျက်လုံးတွေကို အလိုလိုပြန်ရုပ်သိမ်းပစ်လိုက်တယ်။ ကမ္ဘာပေါ်မှာ သတ္တိအကြောင်ဆုံး သူရဲကောင်းတစ်ဦးကို ခင်ဦး မမြင်ချင်ဘူး။ ရှင့်ကို ကျွန်မ မမြင်ချင်ဘူး သိလား။

ငြိမ့်ခနဲ အလှုပ်အရှားကြောင့် ဝေါယာဉ်စံအိမ်အမြိတ် နဖူးစည်းရွှေခြည် ငွေခြည်တွေ ဖျတ်ဖျတ်ခါသွားကြတယ်။

ဥဿာကိုကျောခိုင်းပြီး ရှေ့ခရီးကို စတင်ချီတက်ခဲ့ကြပြီ။ ယဇ်ကောင်ကို သားရဲတွင်းဆီ စတင်ခေါ်ဆောင်လာကြပြီ။ မျက်နှာဖုံးပဝါကို ခင်ဦး ဆွဲဖြုတ်ပစ်လိုက်တယ်။

# (၂၀)

ဥသာ၊ တမ္ပဒီပ၊ သုဝဏ္ဏဘူမိ အရေးတော် ဆွေးနွေးကြစဉ်က သမီးတော် မဏိစန္ဒာရယ်လို့ တစ်ခုတ်တရ အလေးထားပြီး ဆွေးနွေးပွဲ ညီလာခံတက်ခိုင်းခဲ့တဲ့ ခမည်းတော်ရဲ့အပြုအမူကို အခုမှပဲ ခင်ဦး သဘော ပေါက်မိတော့တယ်။

အမတ်ချုပ်ကြီးက တိုင်းရေးပြည်ရာတွေကို သုံးသပ်ပြလိုက်တော့ ခမည်းတော် လေးလေးနက်နက် ဆိုခဲ့တဲ့စကား။

'ဒါကြောင့်ကျွန်ုပ်တို့ဟာဘုရင်အနော်ရထာနှင့်တကွပုဂံပြည်အတွက် ဘယ်လောက်ထိ ကျေးဇူးတုံ့ပေးဆပ်ကူညီနိုင်မလဲဆိုတဲ့အချက်က ပိုထင် ရှားလာတယ်။ ဒီအရေးတော်မှာ ဥသာရဲ့အနေအထားဟာအင်မတန်နူးညံ့ သိမ်မွေ့တဲ့ အနေအထား ဖြစ်နေပြီ။ဒါကိုလက်ခံနိုင်ကြသလား'တဲ့။ညီလာခံ က တညီတညွတ်တည်း လက်ခံလိုက်ကြတော့ ခမည်းတော်က ခင်ဦးဘက် လှည့်ပြီး မေးခဲ့တယ်။ 'သမီးတော်မဏိစန္ဒာ ဘယ်လိုသဘောရသလဲ'တဲ့။ ဥသာရဲ့အနေအထားဟာအချက်အချာကျနေပြီ၊ အရေးပါနေပြီဖြစ်ကြောင်း သမီးတော် နားလည်ထားပါတယ် ခမည်းတော်လို့ ဖြေလိုက်တော့ ခမည်း တော်က နှစ်နှစ်ခြိုက်ခြိုက်ကြီး ပြုံးရင်း ခေါင်းတဆတ်ဆတ် ညိတ်ခဲ့တယ်။

'ဒါဆိုရင် ရှေ့ဆက်ပြီး ဘယ်လိုရပ်တည်သွားမယ်ဆိုတာ ကျွန်ုပ်တို့

စိတ်တူ သဘောတူ စဉ်းစားလို့ရကြပြီ’လို့ ခမည်းတော်က ညီလာခံ မသိမ်းခင်မှာ ပြောခဲ့တယ်။

ဩော်… ဥဿာရဲ့အချက်အချာကျပုံ၊ အရေးပါပုံဆိုတာကို အခုတော့ သမီးတော် သဘောပေါက်ရပြီကော။ ခမည်းတော် ညီလာခံတုန်းက ခမည်းတော် ပြောခဲ့တဲ့ အဲသည်စကားတွေရဲ့ ဦးတည်ချက်ဟာ ဘာဆိုတာ ခင်ဦး မသိခဲ့လေခြင်း။

အခုသိတဲ့အချိန်မှာတော့ ခင်ဦးဟာ ဝေါယာဉ်ပေါ် ရောက်နေပြီလေ။

အင်အားကြီးမားတဲ့ တိုင်းကြီးပြည်ရှင် ဘုရင်တစ်ပါးထံ မိမိရဲ့သမီးကို ဆက်ပြီး မဟာမိတ်ပြုမယ်ဆိုတဲ့ ဖခင်တစ်ယောက်ရဲ့ရည်ရွယ်ချက်။ ဒါကို မသိခဲ့တဲ့ သမီးတစ်ယောက်ရဲ့ မိုက်မဲမှု။ ဩော်. . ကျေးဇူးတုံ့ပေးဆပ်တယ်ဆိုတာ ဒါကို ခေါ်တာကိုး။ ရက်စက်လိုက်တာ ခမည်းတော်ရယ်။ မဏိစန္ဒာဆိုတဲ့မိန်းကလေးတစ်ယောက်ဟာ တိုင်းပြည်ရှင်ဘုရင်တွေကြား အချင်းချင်း ဆက်သကြ၊ လက်ခံကြ၊ ပို့လွှတ်ကြ၊ သိမ်းပိုက်ကြနဲ့ ရာဇအာဏာချင်း ကူးလူးဆက်ဆံမှုအတွက် ပဏ္ဏာတစ်ခုသာ ဖြစ်သွားပါပေါ့လား။

မုန်းတယ်၊ ခမည်းတော်ကို မုန်းတယ်။ ဥဿာဘုရင်ကိုမုန်းတယ်။ ပဏ္ဏာဆက်သသူ ဥဿာဘုရင်ကို ကျွန်မ မုန်းတယ်။ ပြီးတော့ ဟို. . . အနော်ရထာဘုရင်၊ တမ္ဗဒီပ ပြည်ကြီးသခင်၊ ပဏ္ဏာလက်ခံသူ၊ သိမ်းပိုက်သူ ရှင့်ကိုလည်း မုန်းတယ်။ သည်အထဲမှာ ဘုရင့်သမီးတော်ဆိုတဲ့ကျွန်မဘဝကို လည်း ကျွန်မမုန်းတယ်။ သည်ကမ္ဘာလောကမှာ မိမိရဲ့ အသံလေးတစ်သံကို သော်မှ ထုတ်ဖော်ခွင့်မရတဲ့ ဘုရင့်သမီးတော်ဆိုတဲ့ဘဝ။

ဟင်. . မဟုတ်သေးဘူးလေ။

ခမည်းတော်ကို ခင်ဦး ဘာကြောင့် မုန်းရမှာလဲ၊ ခမည်းတော်က ဘုရင်တစ်ပါးတို့ လုပ်သင့်လုပ်ထိုက်တာကို လုပ်လိုက်တာပဲမဟုတ်လား။ ပြီးတော့ အနုရုဒ္ဓါဆိုတဲ့ အနော်ရထာ ဘုရင်ကကော။ သူနဲ့ ခင်ဦးဟာ

တစ်ယောက်ကိုတစ်ယောက် တစ်ခါမှ တွေ့ဖူးမြင်ဖူးကြတာမဟုတ်ဘူး။ ဒါပေမယ့် ဘုရင်တစ်ပါးဟာ မိန်းမတစ်ယောက်ကို မိဖုရားမြှောက်ဖို့အတွက် မြင်ဖူးတွေ့ဖူးဖို့ ဒါမှမဟုတ် အဲသည်မိန်းမပေါ်မှာ သံယောဇဉ်တွယ်ဖို့၊ ချစ်ခင်ဖို့ဆိုတာတွေက အရေးကြီးတဲ့ကိစ္စတွေမှ မဟုတ်တာ။ မိဖုရားဆိုတာ ဘုရင်အတွက် ဘုန်းအာဏာနဲ့ တိုင်းရေးပြည်ရာ အဝန်းအဝိုင်းထဲကအစက် ကလေးတစ်စက်ပဲ မဟုတ်လား။ ဒါဖြင့် အနော်ရထာဘုရင်ကကော ဥဿာဘုရင် ဆက်သလိုက်တဲ့ မဏိစန္ဒာမင်းသမီးကို မဟာမိတ်တိုင်းပြည်တစ်ပြည် အနေနဲ့ လက်ခံရယူလိုက်တာပဲပေါ့။ ဒါဆိုရင် အနော်ရထာဘုရင်ဟာလည်း ဘုရင်တစ်ပါးအနေနဲ့ သူ လုပ်စရာရှိတာကို လုပ်လိုက်တာပဲပေါ့။

သူတို့ လုပ်စရာရှိတာတွေကိုပဲ သူတို့လုပ်နေကြ။

ဟင်. . . ဒါဖြင့် လုပ်စရာရှိတဲ့ အလုပ်ကို မလုပ်ဘဲ မလုပ်သင့်မလုပ် အပ်တာကို လုပ်တဲ့သူက. . .

ဟင်း. . . ဟင်း ရှင်ပါလား၊ သူရဲကောင်း တပ်မင်းကြီးရယ်။

စစ်သည်တော်တစ်ယောက်အနေနဲ့ ရှင် စစ်ပွဲတွေ တိုက်ခဲ့တယ်။ ရှင့်ရဲ့ တမ္ဗဒီပတိုင်းပြည်တွင်းမှာ ရှင်ဟာ စစ်သည်ကောင်းတွေကို စုရုံး လေ့ကျင့် မွေးထုတ်ပေးခဲ့တယ်။ ဥဿာလို နိုင်ငံငယ်လေးတစ်ခု ခြိမ်း ခြောက်နေတဲ့ ရန်သူတပ်ကြီးတွေကို တိုက်ထုတ်ပေးခဲ့တယ်။ ရှင့်သခင် အနုရုဒ္ဓါနဲ့ ရှင့်ရဲ့ ပုဂံသူ ပုဂံသားတွေအတွက် သုဝဏ္ဏဘူမိလို နိုင်ငံကြီးတစ်ခု ကို ညင်သာထိရောက်စွာနဲ့ အရယူပေးခဲ့တယ်။

ရှင်ဟာ တကယ့်ကို ကြီးကျယ်တဲ့ သူရဲကောင်းကြီးပါပဲ။

ဒါပေမယ့် ရာဇလုံတံတစ်စင်းကို ယူဆောင်လာပြီး မိန်းကလေးတစ် ယောက်ရဲ့ ရှေ့မှောက်က ရွှေကြာရံကလပ်ပေါ် ကန့်လန့်ဖြတ်တင်လိုက်ကာ ခေါင်းငုံ့ ငိုက်စိုက်မျက်နှာနဲ့ နောက်ကို တရွေ့ရွေ့ ဆုတ်ခွာသွားတာ။ ပြီး တော့ အဲသည်မိန်းကလေးကို 'ဆက်သ'မယ့် ဝေါယာဉ်တော်နဲ့ပြည်တော် ပြန်တပ်ကြီးကို ခေါင်းဆောင်ချီတက်သွားတာတွေကတော့ ရှင် မလုပ်သင့် မလုပ်ထိုက်တဲ့ အလုပ်တွေပါလား သူရဲကောင်းကြီးရဲ့။

ရှင့်သခင် အနုရုဒ္ဓါအတွက် ပဏ္ဏာဆက်စရာ ဘုရင့်သမီးတော်ဟာ သည်ကမ္ဘာပေါ်မှာ မဏိစန္ဒာတစ်ယောက်ပဲ ရှိသတဲ့လား။ အဲသည်မဏိစန္ဒာဟာ ရှင့်ကို 'အမောင်'လို့ခေါ်တဲ့ မိန်းကလေးဆိုတာကော ရှင်မေ့နေသလား။

သူရဲကောင်းတပ်မင်းကြီးတွေရဲ့ အာဇာနည်ယောကျာ်းကောင်းတို့ ပြုအပ်တဲ့ တာဝန်တွေထဲမှာ ကိုယ့်ချစ်သူကို ကိုယ့်သခင်ဆီ ပို့ဆောင်ပေးတဲ့ အလုပ်လည်း ပါဝင်သတဲ့လား။

ကျွန်မ အမုန်းထိုက်ဆုံးလူကို တွေ့ပြီ။

အနုရုဒ္ဓါဘုရင်လည်း မဟုတ်ဘူး။ တမ္ပဒီပနဲ့ ဥဿာက မျှုးမတ်ဗိုလ်ပါ ရံရွေတွေ၊ ဝေါယာဉ်ထမ်း ကျေးကျွန်တွေလည်း မဟုတ်ဘူး။ ကျွန်မ မုန်းရမယ့်သူက ရှင်. . သူရဲကောင်းကြီး ကျန်စစ်သားဆိုတဲ့ ရှင်။ 'အမောင်' လို့ ကျွန်မ အမြတ်တနိုး ခေါ်ခဲ့မိတဲ့ ရှင်။

သည်မှာ ရှင့်ကို မုန်းတယ်။

z

[၂၁]

တစ်စတစ်စ ပါးကျားပြန့်ပြူးလာတဲ့ တောင်ကြောတွေကို ခင်ဦး သတိထားမိတယ်။ နေက ပိုပြီး ပူပြင်းတောက်ပလာတယ်။ တောလမ်း တစ်ဖက်တစ်ချက်က သစ်ပင်တွေဟာ ပြောင်းလဲလာတယ်။ မြေပြင်ဟာ မာကြောလာတယ်။ ချုံနွယ်လေးတွေ ဝဲယာမှာ အစီအရီ။ သဲချောင်း တိမ်တိမ်တွေကို ဖြတ်ကူးရာမှာ ဝါထမ်းတွေရဲ့ခြေသံတွေကလေးတွဲ့ဆုတ် ဆိုင်းလာကြတယ်။

ဝါယာဉ်ကို အလှည့်နဲ့ ပခုံးပြောင်းထမ်းခဲ့ကြတာ ဘယ်နှစ်ဆိုင်း ရှိပြီလဲ။ ခင်ဦး မမှတ်မိဘူး။ ပိုးဇာပဝါ ကန့်လန့်ကာအတွင်းကနေ ခင်ဦး မထွက်စတမ်း နေခဲ့တာကြောင့် သည်ခရီး ဘယ်လောက်ပေါက်ခဲ့ပြီလဲ ဆိုတာလည်း မသိဘူး။ ဝါယာဉ်စံအိမ်ထဲမှာ အမုန်းတွေနှင့် ပူပြင်းလောင် မြိုက်ရင်း ခင်ဦးဟာ အိပ်မက်ဆိုးတွေ မက်လိုက်၊ ရှင်သန်စွာ သေဆုံးလိုက်၊ မမြင်တဲ့ မျက်လုံး၊ မကြားတဲ့ နားတွေနဲ့ ဝန်းကျင်ကို ငေးမောလိုက်။ တစ်ခါတစ်ရံ ဝါယာဉ်ပေါင်းမိုးအနား ဖြတ်ပျံသွားတဲ့ ငှက်ကလေးတွေကို သတိထားမိလိုက်နဲ့ နေ့တွေ. . . ညတွေ။

တောင်စွယ် တောင်ကြောတွေကို လုံးဝ မမြင်ရတော့တဲ့ နံနက်ခင်း

တစ်ခုမှာတော့ ခင်ဦးဟာ အိပ်မက်ဆိုးတစ်ခုကို မက်ရင်းကနေ နိုးထလာတယ်။ ဝေါယာဉ်က တငြိမ့်ငြိမ့်လှုပ်ရွေ့နေဆဲ။ အရုဏ်ဦးဟာ အရှေ့ဆီမှာ ထွက်ပြူကာစ။ တောလမ်းဟာ ချည့်နဲ့အရုဏ်အောက်မှာ ဖျော့တော့စွာ ဝါရွှေနေတယ်။

ပူပြင်းတဲ့ရာသီဖြစ်တဲ့အတွက် နေ့အချိန်တွေမှာ စခန်းချရပ်နားပြီး ညဥ့်ဘက်တွေမှာသာ ခရီးဆက်ကြရတဲ့ အဖြစ်ကို ခင်ဦး သတိထားမိလိုက်တယ်။ တောလမ်းရဲ့ ညဥ့်အမှောင်မှာ မီးတုတ်မီးရောင်တွေ တဝင်းဝင်းနဲ့။ မြင်းခွာသံ ခြေကျင်တပ်တွေရဲ့ ခြေလှမ်းသံ၊ ရံရွေတွေ စကားပြောသံတွေကြောင့် ညဥ့်ခရီးတွေဟာ တိတ်ဆိတ်မနေကြဘူး။

တစ်ညဥ့်လုံး ခရီးပြင်းနှင်ခဲ့ကြရာကနေ တစ်မိုးသောက်လို့ တစ်နံနက်ရောက်ပြန်ပြီ။ ရောင်နီဟာ တောလမ်းတစ်ခုလုံးကို ပွေ့ဖက်ဆုပ်ကိုင်ဖို့ ကြိုးစားနေတယ်။

မြင်းတစ်စီးဟာ အရှေ့ဘက်ကနေပြီး ဝေါယာဉ်ဆီကို အသားကျနှင့်လာတယ်။ သည်မြင်းခွာသံကို ခင်ဦးယဉ်ပါးနေပြီလေ။ ခရီးတစ်လျှောက်လုံးမှာ သည်မြင်းဟာ ဝေါယာဉ်တန်းရဲ့ ရှေ့နောက်တစ်ကြောလုံးကို ခေါက်တုံ့ခေါက်ပြန်လှည့်လည်နေခဲ့တယ်။ မြင်းစီးယောက်ျားကတော့ သည်ခရီးရဲ့ လမ်းပြတပ်ဖွဲ့ခေါင်းဆောင် ဗိုလ်မင်းတစ်ယောက်၊ သူဟာ ငယ်ရွယ်နုပျိုပြီး သူ့အမှုတော်ကို သူ စုံစုံမက်မက်ထမ်းရွက်နေပုံရတယ်။ ခရီးတစ်လျှောက်လုံးမှာ သူ့မြင်းဟာ မနားမနေဘဲ ရက်ကန်းစင်ပေါ်က လွန်းလို အပြန်အလှန်ကူးသန်းနေခဲ့တယ်။

ခင်ဦးရဲ့ ဝေါယာဉ်အနီး ဖြတ်သွားချိန်မှာတော့ သူဟာ မြင်းကို အရှိန်လျှော့ပြီး အသားကျစီးလေ့ရှိတာကို ခင်ဦးသတိထားမိတယ်။ ဒါဟာ မိဖုရားတစ်ပါးကို အရိုအသေပြုတာပဲလား၊ ဝေါယာဉ်ပေါင်းမိုးထဲက ခင်ဦးကို အနှောင့်အယှက် မပေးချင်လို့ပဲလားဆိုတာတော့ သူမှ သိပေမယ်။

အခုလည်း သူနှင့်သူ့မြင်း ဝေါယာဉ်ရှိရာ ချဉ်းကပ်လာတယ်။

ထုံးစံအတိုင်း သူဟာ မြင်းကို အရှိန်လျှော့ပြီး ခေါင်းငိုက်နေချိန်မှာ ရုတ်တရက်ဖြစ်ပေါ်လာတဲ့ စိတ်ကူးတစ်ခုကြောင့် ခင်ဦးသူ့ကိုလှမ်းခေါ်လိုက်တယ်။

'ဗိုလ်မင်း. . ခဏ'

ကြွားကြွားမတ်မတ် မြင်းပေါ်မှာ လိုက်ပါနေတဲ့သူဟာ ကိုယ်ကိုကျုံ့ပြီး ဝေါယာဉ်ကို ဘေးချင်းယှဉ်လိုက်တယ်။

'ဒီနေရာမှာ နားကြမယ်'

သူ့မျက်နှာပေါ်မှာ ရုတ်တရက်အံ့အားသင့်သွားတဲ့ အရိပ်အရောင်၊ သူက ဝန်းကျင်ဝဲယာကို လှမ်းကြည့်နေတယ်။ ရောင်နီသမ်းစ၊ အရုဏ်ကျင်းစ တောတောင်ဟာ မှောင်တစ်စက် လင်းတစ်စက်။

'ဒီနေရာမှာ နားကြမယ်လို့ ပြောနေတယ်'

'သခင်မဘုရား. . နေထန်းတစ်ဖျားအထိ ချီသွားကြဖို့ ဖြစ်ပါတယ်။ ဒီနေရာဟာ တောတောင်ထူထပ်ပြီး စခန်းချရန် မသင့်. . .'

'မင်းတို့အကြီးအကဲကို သွားပြောလိုက်၊ ဒါဟာ မိဖုရားမဏ္ဍိစန္ဒာရဲ့ အမိန့်ပဲ'

'သခင်မဖုရား ကျွန်တော်မျိုး တပ်မင်းကြီးကို သွားခေါ်. . .'

'သွားခေါ်စရာမလိုဘူး၊ မင်းဟာ လမ်းပြတပ်ဖွဲ့ခေါင်းဆောင်မဟုတ်လား'

'ဟုတ်. . . ဟုတ်ပါတယ် သခင်မ၊ ဒါပေမဲ့ ဒီတပ်ဖွဲ့တစ်ခုလုံးရဲ့ ခေါင်းဆောင်ကြီး ကျန်စစ်. . .'

'မင်းတို့တပ်မင်းကြီးရဲ့ အရှင်သခင်က ဘယ်သူလဲ'

ဝေါယာဉ်ပေါင်းမိုးရဲ့ ပိုးပဝါကန့်လန့်ကာစကို ဆွဲမဖွင့်ဘဲ အနားစကိုသာ လက်နဲ့ဆုပ်ကိုင်ရင်း ခက်ဦး ပြောလိုက်တယ်။

'ပြောလေ. . . မင်းတို့တပ်မင်းရဲ့ အရှင်သခင်ဟာ ဘယ်သူလဲ'

'ဟို. . ဟို. . အနုရုဒ္ဓါဘုရင်မင်းမြတ်ပါ သခင်မ'

'အေး. . . ငါဟာ အနုရုဒ္ဓါဘုရင်မင်းမြတ်ရဲ့ မိဖုရားပဲ။ ဒါ မိဖုရား မဏ္ဍိစန္ဒာရဲ့ အမိန့်၊ မင်းတို့အကြီးအကဲ တပ်မင်းကြီးကို သွားပြောလိုက်၊ ဒီနေရာမှာ ခုချက်ချင်း စခန်းချမယ်'

လမ်းပြတပ်ဖွဲ့ခေါင်းဆောင်ဟာ မြင်းကို အသော့နှင့်ပြီး ရှေ့ဆက်ထွက်သွားတယ်။ 'ဒါ မိဖုရား မဏ္ဍိစန္ဒာရဲ့အမိန့်'လို့ အားပါးတရ ပြောလိုက်ပြီးတဲ့နောက်မှာ ခင်ဦးလည်း သည်စကားလုံးတွေအတွက် မောပန်းနေတယ်။

မကြာခင်မှာပဲ ဝေါယာဉ်ဟာ ရပ်သွားတယ်။ ရှေ့နောက်တပ်ဖွဲ့တွေကလည်း ရပ်သွားတယ်။ ဝေါယာဉ်ထမ်းတွေက ဝေါကို အောက်ချဖို့ပြင်နေကြတုန်းမှာ လမ်းပြတပ်ဖွဲ့ခေါင်းဆောင်ဗိုလ် ပြန်ရောက်လာတယ်။

'သခင်မ အမိန့်အတိုင်း တပ်မင်းကြီးက ဒီနေရာမှာ စခန်းချဖို့ ရပ်နားခိုင်းလိုက်ပါတယ်'

'ဟုတ်လား၊ ဒီလိုတောတောင်ထူထပ်ပြီး ခြေခင်းလက်ခင်း မသာတဲ့ နေရာမျိုးမှာ စခန်းချကြမယ်တဲ့လား'

ခေါင်းဆောင်ဗိုလ်ဟာ ခင်ဦးစကားကြောင့် ဇဝေဇဝါ ဖြစ်သွားပြန်တယ်။ ဘာကိုမှ နားမလည်တဲ့မျက်လုံးတွေနဲ့ ခင်ဦးကို လှမ်းကြည့်နေတယ်။ ခင်ဦးက ပိုးကန့်လန့်ကာကို ဆွဲဖွင့်လိုက်ပြီး သူ့ရဲ့ကြောက်ရွံ့အံ့သြမျက်နှာကို စိုက်ကြည့်ပစ်လိုက်တယ်။

'ဒီမယ် မင်းတို့အကြီးအကဲကို သွားပြောဦး၊ ငါ စိတ်ပြောင်းသွားပြီ၊ ဒီနေရာမှာ စခန်းမချဘူး၊ ဆက်သွား'

'သခင်မ၊ စောစောက အမိန့်တော်. . .'

'အေး. . စောစောက အမိန့်ကို အခုအမိန့်နဲ့ ဖျက်ပစ်လိုက်ပြီ၊ မင်းတို့အကြီးအကဲကို သွားပြောလိုက်လို့ ဆိုနေတယ်။ မိဖုရား မဏိစန္ဒာဟာ စိတ်အပြောင်းအလဲမြန်တယ်လို့၊ သူ့ဆန္ဒရှိတဲ့အတိုင်းပဲ သူဖြစ်ချင်တယ်လို့၊ သွားလေ. . . မြန်မြန်. .'

ပိုးကန့်လန့်ကာကို ပြန်ပိတ်ပြီး ခင်ဦး ကတ္တီပါခုံတွေပေါ် သက်သောင့်သက်သာ မှီလိုက်တယ်။

ဒုန်းစိုင်းသွားတဲ့ မြင်းခွာသံကို ကြားလိုက်ရတယ်။

ခဏအကြာမှာတော့ ဝေါယာဉ်ဟာ တငြိမ့်ငြိမ့်နဲ့ ပြန်လည်လှုပ်ရှားလာခဲ့တယ်။

အရှေ့ဆီက ရောင်နီဟာ ကောင်းစွာဖြန့်ကျက် သက်ရောက်ခဲ့ပြီမို့ တောတန်းတစ်ခုလုံး လင်းထိန်တောက်ပလာတယ်။

ခင်ဦးရဲ့ ဝေါယာဉ်ပေါင်းမိုးစံအိမ်ထဲ ထွင်းဖောက်ကျရောက်လာတဲ့ နေခြည်တန်းလေးတစ်ခုကို လက်ဝါးပြင်နဲ့ အသာခံလင့်ရင်း နေပြောက်

ကွက် ဝိုင်းဝိုင်းလေးကို ကြည့်ရင်း ခင်ဦးနှုတ်ခမ်းတွေ တင်းတင်းစေ့ပြီး ပြုံးလိုက်မိတယ်။

Y

'ဟောဒီ ကတ္တီပါဖုံတွေ၊ မှီအုံးတွေ၊ အခင်းတွေအားလုံး ဖယ်ထုတ်ပစ်လိုက်ကြစမ်း၊ ပြီးတော့ ဒီဘေးနှစ်ဖက်က ပိုးပဝါကန့်လန့်ကာတွေလဲ ဖြုတ်ပစ်၊ ဟောဟိုက တွဲလောင်းကျနေတဲ့အမြိတ် ရွှေခြည်ငွေခြည်တွေလဲ ဖြုတ်ပစ်'

'သခင်မ ဒါတွေဟာ. . .'

'ငါ့ အမိန့်ပေးနေတယ်၊ မိဖုရားမဏ္ဍာဂိစန္ဒာရဲ့အမိန့်'

'ဝေါယာဉ်တော်ပေါ်မှာ သခင်မ သက်သောင့်သက်သာ စံနေတော်မူနိုင်အောင် စီမံ. . .'

'ဟောဟိုက ကောက်ရိုးနဲ့ မြက်ခြောက်တွေကို အောက်မှာခင်း၊ အပေါ်က နှီးချောဖျာ ထပ်ခင်း၊ လုပ်စမ်း၊ ဒါ ငါ့အမိန့်'

ပြိုးပြက်တောက်ပစွာ စီမံထားတဲ့ ဝေါယာဉ်ပေါင်းမိုးပျက်စီးသွားတာကို ကြည့်ပြီး ခင်ဦး ဝမ်းသာလိုက်တာ၊ ကျေးကျွန်တွေက ကယောင်ကတမ်းနဲ့ ခင်ဦးခိုင်းတဲ့အတိုင်း လုပ်နေကြလေရဲ့။

လမ်းပြတပ်ဖွဲ့ ခေါင်းဆောင်ဗိုလ်က မြင်းနဲ့ ရောက်လာပြန်တယ်။

'သခင်မ၊ မသင့်တော်ပါဘူး ဖုရား၊ ဝေါယာဉ်တော်ပေါင်းမိုးအောက်မှာ သခင်မ သက်သောင့်သက်သာ လိုက်ပါစံနေတော်မူနိုင်အောင် စီမံထားတာတွေမို့'

'အဲဒီစကားကို မင်းတို့အကြီးအကဲကပဲ ပြောခိုင်းလိုက်တာ မဟုတ်လား၊ ပြောလိုက်စမ်း၊ မိဖုရားတစ်ပါးဟာ သူ့မောင်တော် ဘုရင်မင်းမြတ်ရဲ့တပ်မင်းတစ်ယောက်က ပေးတဲ့အကြံပေးချက်ကို လိုက်နာစရာ မလိုဘူးလို့'

ကောက်ရိုးမြက်ခြောက်ခင်းထားတဲ့ နှီးချောဖျာပေါ်မှာထိုင်ရင်း ပိုးပဝါ

ကန့်လန့်ကာနဲ့ ရွှေခြည်ငွေခြည်အမြိတ်တို့ မရှိတော့တဲ့ ဝေါယာဉ်ပေါင်းမိုး အောက်မှာ ခင်ဦး အမြိန့်သားလိုက်ပါခဲ့တယ်။

'အဲဒီစားတော်ပွဲအုပ်ကို ပြန်ယူသွား၊ မင်းတို့ရံရွေတွေ တောလမ်း တစ်နေရာမှာ ချိုးလာခဲ့တဲ့ ကြံတွေယူလာခဲ့၊ ပြီးတော့ မနေ့က စခန်းချခဲ့ တဲ့ရွာငယ်လေးမှာ ရံရွေတော်တွေဟာ ကောက်ညှင်းမုန့်တွေနဲ့ ငှက်ပျော သီးတွေ ယူလာခဲ့တယ်မဟုတ်လား၊ အဲဒီ စားစရာတွေ ယူလာခဲ့၊ဘာမှ ထပ်မပြောနဲ့၊ ဒါ မိဖုရားမဏိစန္ဒာရဲ့ အမိန့်၊ ငါဟာ တမ္ပဒီပနိုင်ငံတော် ရောက်ရင် ဘုရင်အနုရုဒ္ဓါကလွဲလို့ ဒုတိယ အာဏာပိုင်စိုးဆုံး အရှင် သခင်ဖြစ်မယ်။ အခု တမ္ပဒီပကို ချီနေတဲ့ လမ်းခရီးမှာတော့ ငါဟာ ပထမ အာဏာပိုင်စိုးဆုံး အရှင်သခင်မပဲ။ ငါ့အမိန့်အတိုင်း မင်းတို့ နာခံရမယ်'

'သခင်မဖုရား၊တောလမ်းခရီးကအစားအစာတွေဟာသခင်မနဲ့. .'

'မိဖုရားတစ်ပါးရဲ့ အမိန့်တော်ကို မင်း စောဒကတက်နေတာလား'

Y

'ခဏရပ်လိုက်စမ်း၊ ဝေါယာဉ်အောက်ကိုချ၊ ဟောဟိုစမ်းချောင်း တောအုပ်ဘေးက ပန်းတွေကို ငါကိုယ်တိုင်ခူးချင်တယ်၊ဘာ. . မလိုချင် ဘူး၊ ဘယ်သူမှ ပန်းခူးပြီး ပန်တော်လာမဆက်နဲ့၊ ဘာပြောတယ်. . . ရပ်တန့်ဖို့အမိန့်ဟုတ်လား၊ ငါ အမိန့်ပေးနေတယ်လေ၊ မိဖုရား မဏိစန္ဒာ ရဲ့ အမိန့်လေ။ ပန်းတွေကို ကိုယ်တိုင်ခူးပြီး ပန်ချင်တဲ့ မဏိစန္ဒာရဲ့ အမိန့်လေ၊ ဘာရယ်. . .တပ်မင်းကြီးဟုတ်လား၊ အေး. . ဝေါယာဉ်ကို အရင်ချ၊ ပြီးတော့မှ သွားပြော၊ ပြောဖြစ်အောင်ပြောလိုက်စမ်း၊ မိဖုရား ဟာ သူတစ်ပါးခူးယူဆက်သတဲ့ ပန်တော်ဆက်ပန်းကို လက်မခံဘူး။ ကိုယ်တိုင်ပန်မယ့်ပန်းကို ကိုယ်တိုင်ခူးသူပါလို့ သွားပြောလိုက်စမ်း'

Z

# [၂၂]

ညဥ့်ရဲ့အသံကို အတိုင်းသား ကြားနေရတယ်။

သစ်ရွက်ကလေးတွေကို လေတိုးသံ၊ ပုဇဥ်းရင်ကွဲတွေရဲ့ အဝေးက အော်မြည်သံ။ ညအခါမှာအစာရှာထွက်ကြတဲ့ ပိုးပုရွက်တိရစ္ဆာန်လေးတွေရဲ့ တကျစ်ကျစ် ပွတ်တိုက်သံ၊ ညဥ့်ရဲ့အသံတဲ့လား။ ဟင့်အင်း. . မဟုတ်သေးဘူး။ ညဥ့်ရဲ့အသံဆိုတာ တိတ်ဆိတ်ခြင်းပဲပေါ့။

တိတ်ဆိတ်ခြင်းထဲမှာ အသံတစ်သံတော့ အနည်းဆုံးရှိနေတယ်။

အဲသည်အသံဟာ ရှုးသွင်းနေသူရဲ့ နှလုံးသားနဲ့သာ ကြားနိုင်တဲ့အသံပေါ့။

တိတ်ဆိတ်ခြင်းအသံလေး ပျောက်ပျက်သွားမှာစိုးလို့ခင်ဦးတစ်ချက်ကလေးမှ မလှုပ်ရဲဘူး။ ထိုင်နေတဲ့ ကျောက်တုံးပေါ်က လက်ဖဝါးပြင်ကိုတောင် မရွှေ့ရဲဘူး။ သိပ်ကို ညှံ့သက်သိမ်မွေ့တဲ့ အခိုက်အတန့်လေး ပျက်စီးသွားမှာစိုးလို့။

ရွက်ခြောက်လေးတွေ တစ်သုတ် ဖြောဖြော ကြွေကျသွားတယ်။

အို. . . သည်တောအုပ်ဟာ ရွက်ကြွေတောပါလား။

ညအမှောင်ထုထဲမှာ ဘယ်သူမှ မသိလိုက်ဘဲ ကြွေကျသွားတဲ့ သစ်ရွက်လေးတွေရယ်၊ တိတ်ဆိတ်ခြင်းရယ်၊အမှောင်ရယ်၊ ပြီးတော့... ခင်ဦးရယ်။

ရွက်ကြွေတွေ ဖျိုးဖျိုးဖျစ်ဖျစ် မြည်လာကြပြန်တယ်။

ဘာကြောင့် ကြွေပြီးမှ အော်မြည်နေရတာလဲ။

ဩော်. . . သူတို့အပေါ်ကို နင်းဖြတ်ပြီး လျှောက်လာတဲ့ခြေသံတစ်ခု ကြောင့်ပေါ့နော်။

ဘုရား. . . ဘုရား. . . ခြေသံ၊ ခြေသံတဲ့လား။

ဟုတ်ပါပြီ။ ဒါဟာ ရွက်ကြွေတွေပေါ် နင်းလျှောက်လာတဲ့ ခြေသံပါ ပဲ။ ဒါဆိုရင် သူ တကယ်ပဲ လာနေပြီပေါ့။

သူ တကယ်ပဲ. . .

မကြည့်ဘဲ အလိုလိုမြင်တဲ့အာရုံနဲ့ သူ ခင်ဦးရှေ့မှာ ခြေအစုံရပ်လိုက် ပြီဆိုတာ သိလိုက်တယ်။

ခင်ဦး အသက်ပြင်းပြင်း ရှူရှိုက်လိုက်တယ်။ ငုံ့ငိုက်ထားတဲ့မျက်နှာ ကို မော့လိုက်တယ်။ လရိပ်ပြောက်ကြားထဲမှာ သူ. . .။

ရွှေကြာယံကလပ်ပေါ်ကို ရာဇလှံတံ ကန့်လန့်ဖြတ်တင်လိုက်ပြီး ခေါင်းငိုက်စိုက်ချ၊ နောက်ဆုတ် ရွှေ့သွားတာကို နောက်ဆုံး မြင်ခဲ့ရပြီး ကတည်းက မျက်နှာချင်း မဆိုင်ဖြစ်ခဲ့တော့တဲ့ သူ။

ခရီးလမ်းတစ်လျှောက်လုံးမှာ ခေါင်းဆောင်အဖြစ် ချီတက်လိုက်ပါခဲ့ ပေမယ့် ဝေါယာဉ်အနား တစ်ချက်ကလေးမှ မသီခဲ့လေဘဲ တပ်ဖွဲ့ရဲ့ ရှေ့ဆုံးကသာ မခွာစတမ်း လိုက်ပါခဲ့တဲ့သူ။

'အမောင်. . .'

ဘုရား. . ဘုရား၊ ဒါ ခင်ဦးရဲ့အသံမှ ဟုတ်ပါလေစ။

သူ့ကို ပြောပစ်လိုက်မယ်ဆိုတဲ့စကားတွေ၊ သူ့ကို ကြည့်ပစ်လိုက်မယ် ဆိုတဲ့ မျက်လုံးတွေ ဘယ်ရောက်ကုန်ကြပြီလဲဟင်။

ဩော်...တပ်မင်းကြီးရောက်လာပြီးကိုး။ ဟင်း... ဟင်း မိဖုရားတစ်ပါး ရဲ့အမိန့်ဆိုတော့ ရှင် မနာခံဘဲ နေလို့မရဘူး မဟုတ်လား။ သည်ညမှာ ခါတိုင်းညတွေလို ခရီးမဆက်တော့ဘဲ သည်တောတန်းမှာ စခန်းချဖို့။ ပြီးတော့... တပ်ဖွဲ့ခေါင်းဆောင်ကို ကျွန်မဆီလွှတ်လိုက်ဖို့ ကျွန်မအမိန့်ပေး ခဲ့တာတွေ ရှင် လိုက်နာသားပဲ။ အင်းပေါ့... လိုက်နာရမှာပေါ့။ ကျွန်မက မိဖုရားပဲ။ ရှင်က တပ်မင်းပဲ။ ပြောလေ... အဲသည်လိုပြောလေ။ ဒါ့ထက်မက

ပြင်းထန်တဲ့ စကားလုံးတွေ အများကြီးကို မင်း ရွေးချယ်ထားခဲ့တယ် မဟုတ်လား ခင်ဦး။ ဘာကြောင့် အဲသည်စကားတွေ မပြောဘဲ နှုတ်က မထွက်ဘဲ အခုတော့...

'အမောင်' တဲ့။

'ထိပ်ထား အမိန့်တွေအတိုင်း အားလုံး ဆောင်ရွက်ပေးခဲ့ပါတယ်။ ထိပ်ထားရဲ့ အမိန့်တွေကြောင့် ခရီးဖင့်ပြီး ပြဿနာတွေ အများကြီး ဖြစ်ခဲ့ပေမယ့် အတတ်နိုင်ဆုံး လိုက်နာခဲ့ပါတယ်။ ဒါပေမဲ့ အခုကစပြီး အားလုံးကို ငဲ့ညှာသောအားဖြင့် ဒီတပ်ဖွဲ့ရဲ့ခေါင်းဆောင်စီမံရာအတိုင်း ထိပ်ထားခွင့်ပြုလိုက်လျှော့ပါလို့ မေတ္တာရပ်ပါစေ'

သူ့စကားအဆုံးမှာရွက်ကြွေတစ်ခုက တဖြောဖြောအော်မြည်သွား ကြပြန်တယ်။

ဘာ...ဘာတဲ့...ထိပ်ထားတဲ့လား။အားလုံးကိုငဲ့ညှာသောအားဖြင့် တဲ့လား၊ မေတ္တာရပ်ပါရစေတဲ့လား။

ရှင်. . . သည်စကားပဲပြောတတ်သလား. . . ဟင်၊ သည်အချိန်မှာတောင် မှ ရှင် သည်လောက်ပဲ ပြောနိုင်သလား။

'အမောင်. . .'

သည်တစ်ခါတော့ ခင်ဦး သတိလက်လွတ်မဟုတ်လေဘဲ သိသိမှတ် မှတ်နဲ့ ခေါ်ဖြစ်လိုက်ပြီ။ အမောင်. . . လို့။

'ဘာဖြစ်လို့ ကိုယ့်ကိုယ်ကို အဆုံးစီရင်နေကြတာလဲဟင်'

ခင်ဦး သိပါတယ် အမောင်ရယ်၊ ရာဇလှံတံတစ်ခုလေး ခြားနားရုံနဲ့ ဟိုဘက် သည်ဘက်မှာ ခင်ဦးတို့နှစ်ယောက်ဟာ တစ်သက်တာ ကွဲကွာရ တော့မှာတဲ့လား။ အမောင့်ကို ခင်ဦး နားလည်နေပါတယ်။ အဲဒါ ဘာ ကြောင့်လဲ သိလားဟင်။ ခင်ဦး ကိုယ်ချင်းစာတတ်လို့ပေါ့။ ချစ်သူတွေဟာ ကိုယ်ချင်းစာတတ်ကြတယ်။ ကိုယ်ခံစားရသလို ကိုယ့်ချစ်သူ ခံစားရမယ်ဆို တာကို အလိုလို သိတတ်ကြတယ်။ ကဲပါ အမောင်ရယ် အားလုံးကို ခင်ဦး ရော အမောင်ပါ နားလည်ကြပြီးသား။ ဖြစ်ခဲ့ပြီးတာတွေရော အခု ဖြစ်နေ တာတွေရော ဘာကိုမှ မတွေးနဲ့တော့။ အခု ခင်ဦးတို့ ပြေးကြစို့အမောင်။

သည့်အချိန်ဟာ နောက်ဆုံးအခွင့်အရေးပဲ။ တမ္ပဒီပနဲ့ ဥဿာတို့ရဲ့လက်တံတွေ လှမ်းမမီနိုင်တဲ့နေရာဆီကို ခင်ဦးတို့ ပြေးကြစို့နော်။

အဝေးဆီက မြင်းဟီသံတစ်ချက် သဲ့သဲ့ကြားရတယ်။ ဒါဟာ ခင်ဦးရဲ့စကားကို အားပေးလိုက်တဲ့ ကြွေးကြော်သံပဲလို့ ထင်မိတယ်။

'ခင်ဦးကို ခေါ်သွားတော့ အမောင်၊ အားလုံးကို ပစ်ထားခဲ့ကြစို့၊ တပ်မင်းကြီးဆိုတာတွေ၊ ဘုရင့်သမီးတော် မိဖုရားဆိုတာတွေကို ခင်ဦးတို့ မြှုပ်နှံပစ်လိုက်ကြစို့'

သတိလက်လွတ် အို. . . မဟုတ်ဘူး။ သတိကောင်းစွာနဲ့ ခင်ဦး တတွတ်တွတ်ပြောရင်း သူ့နားကို တိုးသွားမိတယ်။

'ရှုံးသွားကြလိမ့်မယ် အမောင်၊ ဒီအတိုင်း ဆက်သွားရင် ခင်ဦးရော အမောင်ပါ ရှုံးသွားကြလိမ့်မယ်။ ခင်ဦးလေ အမောင်နဲ့ မခွဲနိုင်ဘူး။ အခုဆို ခင်ဦး ရင်ထဲမှာ မီးတွေတောက်နေခဲ့တာ ဘယ်လောက်ကြာခဲ့ပြီလဲ။ ခင်ဦး အရှုံးတစ်ပိုင်း ဖြစ်ပြီး မဟုတ်တာတွေ လုပ်ခဲ့မိပြီလေ၊ ကြာရင် ပိုဆိုးလိမ့်မယ်'

မျက်ရည်တွေ၊ အို... ငိုမိပါပေ့လား။ အေးခဲနေခဲ့တဲ့သောက အစိုင်အခဲ ကွဲပြိုသွားပြီ။ ငိုစရာရင်ခွင်မရှိခဲ့လို့ မငိုဖြစ်ခဲ့တာ။ အခုတော့ မျက်နှာအပ်ပြီး အားပါးတရ ရှိုက်စရာ ငိုစရာ ချစ်သူရင်ခွင်ထဲမှာ။

'ပြေးကြပါစို့ အမောင်ရယ်၊ ခင်ဦးတို့ ပြေးကြပါစို့'

သူ့ရင်ခွင်ထဲကို မျက်နှာအပ်ပြီး ခင်ဦး အားပါးတရကြီး ရှိုက်ငို။ သူ့ကို မလွှတ်စတမ်း ပွေ့ဖက်ပြီး. . .

'ခင်ဦးကို ခေါ်သွားတော့ အမောင်'

အဆက်မပြတ် တုန်ခါနေတဲ့ သူ့ရင်ထဲက နှလုံးခုန်သံကို ခင်ဦး အတိုင်းသား ကြားနေရတယ်။ သူ့ကိုယ်ကျပ်ဟာ ခင်ဦးရဲ့မျက်ရည်တွေနဲ့ ရွှဲနစ်နေပြီ။ သူကော ငိုနေပြီလား၊ ချစ်သူရယ် ရှင်ကော ငိုနေပြီလား။ သူရဲကောင်း တပ်မင်းကြီးမှာ ငိုတယ်ဆိုတာ ရှိတယ်မဟုတ်လား။ ခင်ဦးကို ရှင် တကယ်ချစ်တာပါ။ ခင်ဦး သိပါတယ်။ ဒါကြောင့် ချစ်သူလည်း ငို...။

ဟင်...။

သူ့ခါးကို တစ်အားဖက်ထားတဲ့ ခင်ဦးလက်တွေဟာ အသာအယာ ဆွဲဖြုတ်ခြင်း ခံနေရပါလား။ မျက်ရည်စို့ရွှဲပါးပြင်နဲ့ အပ်ထားတဲ့ သူ့ရင်ထဲက နှလုံးခုန်သံဟာ တိုးတိမ်သွားပါလား။ ပြီးတော့ သူ ရုန်းဖယ်ပြီး နောက်ကို ဆုတ်. . .

'အကြီးမားဆုံး အရာတစ်ခုကို ဆုံးရှုံးလက်လွှတ်လိုက်ခြင်းဟာ တစ်ချိန်တည်းမှာပဲ အကြီးကျယ်ဆုံး အောင်မြင်မှု ဖြစ်ပါတယ်။ ဒီစကား ပြောတာတောင် လွန်လှပါပြီ။ ကျန်စစ်သားဟာ သူ့ကိုယ်ကို၊ သူ့နှလုံးသားကို၊ သူ့ဆန္ဒကို သူမပိုင်ပါဘူး။ ခွင့်လွှတ်ပါ။ ခွင့်မလွှတ်နိုင်လောက်အောင် မုန်းတီးစက်ဆုပ်မယ်ဆိုရင်လည်း ခံယူဖို့ အသင့်ရှိပါတယ်'

တောတန်းရဲ့ ညဥ့်အမှောင်ဟာ ဝင်းခနဲလက်သွားတယ်။ တိတ်ဆိတ်ခြင်းအသံဟာ အတောမသတ် ဆူညံသွားတယ်။

ခင်ဦး သေဆုံးသွားခဲ့သလား။

အို... ဘာကြောင့် နှလုံးသွေးရပ်ပြီး သေဆုံးမသွားခဲ့တာလဲ။

ဟုတ်တယ်၊ သေဆုံးမသွားလို့သာ တရွေ့ရွေ့ ထွက်ခွာသွားတဲ့ သူ့ရဲ့ နောက်ကျောကို တွေ့နေရတာပေ့ါ။ ပြီးတော့ ရွက်ကြွေတွေပေါ်က ခြေသံသဲ့သဲ့ လွင့်ဝေးပျောက်ကွယ်။

ဘာကိုမှ မသိတော့ဘဲ ခင်ဦးဆီကို ဘာမှမရှိတဲ့ ဟင်းလင်းအမှောင်ကြီးတစ်ခု ပြေးဝင်လာတယ်။ မသိတဲ့ခင်ဦးနဲ့ မရှိတဲ့ အဲသည်အရာဟာ တစ်လုံးတစ်စည်းတည်း ဖြစ်သွားတယ်။

ငိုကြွေးခြင်းဆိုတာ သောကရဲ့ အနိမ့်ဆုံးဝေဒနာပဲဖြစ်မယ်။ မျက်ရည်မရှိ။ ချစ်ခြင်းမရှိ။ တစ်ခုပဲ ရှိလိမ့်မယ်။

အေးစက်မှုရဲ့ လောင်ကျွမ်းခြင်း တန်ခိုးသတ္တိ။

Z

[၂၃]

သရပါတံခါးတဲ့လား။ ဟုတ်မှာပေါ့လေ။ ဒါဟာ တမ္ဗဒီပ နန်းမြို့ထဲကို ဝင်နေတာပဲ။ လောလောပူတဲ့ဒေသတဲ့လား။ တမ္ဗဒီပ ပြည်သူတွေရဲ့ တစ်ခဲနက် ကြိုဆိုသံတွေတဲ့လား။

သြော်… အနုရုဒ္ဓါဘုရင်မင်းမြတ် ကိုယ်တိုင်ကိုး။

ပုန္နေးတင်းကျပ်တဲ့ လက်အစုံနဲ့ ဆွဲယူခေါ်ဆောင်သွားတာကိုသိလိုက်တယ်။

'နှမတော် မဏိစန္ဒာ၊ ခရီးလမ်း ကြမ်းတမ်းပင်ပန်းမှာပဲ။ တမ္ဗဒီပနဲ့ ကျုပ်မေတ္တာရိပ်က နှမတော်ကို စောင့်ကြိုနေပါတယ်'

ခင်ဦး ကြားလိုက်ရတယ်။ ပြီးတော့ ပြုံးနေတဲ့ မျက်နှာကိုလည်း တွေ့လိုက်ရတယ်။ စူးရှတဲ့ မျက်လုံးအစုံကိုလည်း မြင်လိုက်ရတယ်။ ဒါပေမဲ့ အနုရုဒ္ဓါဘုရင်ရဲ့ အဲသည်အကြည့်ဟာ ခင်ဦးဆီက ခင်ဦးကိုယ်တိုင်မသိတဲ့ တစ်ခုခုရဲ့ တုံ့ပြန်မှုကြောင့် ခုလပ်မှာပဲ တုံ့ရပ်သွားကြသလိုလို။

'အိုး. . ထိပ်ထား ရောက်လာပြီကိုး၊ တမ္ဗဒီပက ကြိုဆိုနေပါတယ်'

နေပါဦး၊ သည်အသံနဲ့ သည်မျက်နှာကို ငါကြားဖူး မြင်ဖူးပါတယ်။ နှုတ်ဖျားက ဖြစ်ပေါ်လာတဲ့ လွင်လွင်စာစာအသံမျိုး၊ ပြီးတော့ အကြည့်တွေ ဂနာမငြိမ်တဲ့ မျက်လုံးနဲ့ အသားဖြူဖြူမျက်နှာ။ သြော်… စောလူးမင်းသားပေပဲ။ အင်း… မမှတ်မိစရာ မရှိပါဘူးလေ။

'ထိပ်ထားအနေနဲ့ သိကျွမ်းခွင့်ပြုပါ။ ဟောဒါက ကျွန်ုပ်ရဲ့လက်ရုံး အကြည်တော် မိတ်ဆွေကြီးပါပဲ။ သူ့နာမည် မင်းရမန်လို့ ခေါ်ပါတယ်'

စောလူးမင်းသားရဲ့ လိုအပ်တာထက် ပိုကဲနေတဲ့ လောကွတ်ပျူငှာ အသွင်အပြင်ကြားမှာ သူ့ဘေးက မျက်နှာတစ်ခုကို တွေ့ရပြန်တယ်။

ဘယ်လိုမျက်နှာမျိုးလဲ၊ သူ့မျက်နှာဟာ လူတစ်ယောက်နဲ့ ဘာကြောင့် မတူတာလဲ။ ဪ. . ဪ နဖူးပေါ်မှာ ရွှေကြိုးနဲ့ ရစ်သိုင်းပြီး လက်ယာ မျက်စိပေါ်မှာ အမည်းရောင် သားရေပြားတစ်ခုကို ကပ်ထားတာပဲ။ ဘယ်သူ အင်း... မင်းမရမန်တဲ့လား။ စစ်ပွဲတစ်ခုမှာ ဒဏ်ရာရပြီး သူ့မျက်လုံးတစ်ဖက် ပျက်ခဲ့ရတယ်ထင်ရဲ့။

'ဟဲ...ဟဲ... ကျွန်ုပ် မင်းရမန်ပါ။ ထိပ်ထားကို ခုမှတွေ့ဖူးပေမယ့် ထိပ်ထားတို့ ဥဿာနဲ့တော့ ရင်းနှီးပြီးသားပါ။ ငယ်စဉ်က ဥဿာအရှေ့ ဘက်တောင်တန်းတစ်ဝိုက်မှာ အမဲလိုက်ဖူးတယ်။ မမေ့နိုင်စရာ ဥဿာ တောင်တန်းတွေပါပဲ။ တောဝက်နဲ့ ရင်ဆိုင်တိုးခဲ့မိလို့ အခုလို ဖြစ်ခဲ့ရ တာလေ။ ဟဲ. . . ဟဲ. . . ဟဲ. . .'

အမည်းရောင် သားရေပြားကို လက်ညှိုးထိုးပြရင်းနဲ့ သွားကျဲကျဲတွေကို လှစ်ပြနေတဲ့ မင်းရမန်၊ အင်း. . . ဘာကြောင့်၊ သူ့ကို ငါမြင်စဉ်ကြားစဉ် ခဏမှာပဲ မနှစ်မြို့ဖြစ်လိုက်တာ။ အေးလေ. . . စောလူးမင်းသားရဲ့လက်ရုံး မိတ်ဆွေဆိုတော့လဲ။

'လမ်းခရီးမှာ ကျွန်စစ်သားက ဂရုတစိုက်စောင့်ရှောက်ရဲ့လား ထိပ် ထား၊ ထူးထူးထွေထွေ အခက်အခဲ မရှိဘူးဆိုတာတော့ သိရပါတယ်။ ဟင်း... ဟင်း ထိပ်ထားကို ခေါ်ဆောင်လာတဲ့တပ်မှာ ရဲမက်တချို့က ကျွန်ုပ်ရဲ့ တပ်ဖွဲ့ထဲကပါ။ သူတို့က ဒီခရီးကိုကျွမ်းလို့ ကျွန်ုပ်ကိုယ်တိုင် ထည့်ပေးလိုက်တာပါ'

စောလူးမင်းသားရဲ့စကားကို ငါ မကြိုက်ပါဘူး။ ဘာကြောင့် စကား ပြောရင်း တဟင်းဟင်း ပြုံးရယ်နေတာလဲ။

'ခွင့်ပြုပါ ထိပ်ထား၊ ဘိသေက သဘင်ကျမှ အခစားဝင်ပါရစေ'

စောလူးမင်းသားနဲ့ မင်းရမန်တို့ ထွက်သွားကြတယ်။ သည်အခါမှာ

ပဲ ပေါ့ပါးသွားတဲ့ စိတ်ကြောင့် စောစောက သူတို့နှစ်ယောက် ရှိနေစဉ်မှာ လေးလံတင်းကျပ်နေခဲ့ပါလားလို့ သိမှတ်မိတယ်။

'သားတော်စောလူးဟာ ငယ်ရွယ်တဲ့ မင်းပျိုမင်းလွင်တစ်ပါးမျှသာ ရှိသေးတယ် မဏိစန္ဒာ၊ ငယ်သူတို့ ဓလေ့အတိုင်း သူ့အပြောအဆိုတွေ အကဲမရတာရှိရင် ခွင့်လွှတ်စေချင်တယ်။ အမှန်တော့ ကျုပ်ရဲ့သားတော် ဟာ သဘောလွယ်ပြီး အပေါင်းအသင်းခံုမင်တဲ့ လူမျိုးလေ'

အနုရုဒ္ဓါဘုရင်က တိုးတိုးပြောလာတယ်။ ဘာတွေလဲ၊ တမ္ပဒီပမြေပေါ်မှာ ခင်ဦး ခြေချကာစပဲ ရှိသေးတယ်။ မဟုတ်တာ တစ်ခုခုတော့ ရှိနေပြီထင်ရဲ့။ အင်းလေ. . . ဒါတွေဟာ ငါနဲ့ဘာဆိုင်တာမှတ်လို့။ ဟုတ်တယ်၊ ဒါတွေသာမကပါဘူး၊ အားလုံး အားလုံးပါ၊ ငါနဲ့ ဘာမှမဆိုင်ဘူး။ ငါက အနုဒ္ဓါရဲ့ မိဖုရားတစ်ပါး မဏိစန္ဒာ ဒါပဲ။

နန်းတော်လှေကားထစ်တွေအထိ အနုရုဒ္ဓါဘုရင်က လက်ကိုဆွဲပြီး ခေါ်သွားတယ်။ အလိုက်တသင့် လှမ်းဖြစ်သွားတဲ့ ခြေလှမ်းတွေကို ကျေးဇူးတင်ပါတယ်။ တကယ်တော့ မင်းတို့လည်း အလိုအလျောက် လှုပ်ရှားနေတတ်ကြပြီ မဟုတ်လား။

'မဏိစန္ဒာ၊ နှမတော် ခရီးပန်းလှပါတယ်။ အဆောင်တော်မှာ အပန်းဖြေနေလိုက်ပါဦး၊ နှမတော်နဲ့ပါလာတဲ့ ရံရွေတော်တွေကိုလည်း နေရာချပေးပြီးပါပြီ။ အစစအရာရာ လိုအပ်တာမှန်သမျှ ပြည့်စုံစေရပါမယ်။ စိတ်လက် ချမ်းမြေ့စွာ စံစားပါ နှမတော်'

အနုရုဒ္ဓါဘုရင်ရဲ့ အသံကတော့ တည်ငြိမ်ရင့်ကျက်နေလေရဲ့။အင်း... သူဟာ ငါ့ရဲ့ အရှင်သခင် ခင်ပွန်းဖြစ်တော့မယ်။ အို... မတွေးနဲ့ မတွေးနဲ့လေ။ ဒါတွေကို ဘာကြောင့် စိတ်ရောက်သွားရတာလဲ။

'အိုး... ကြည့်စမ်းပါဦး၊ ကျုပ်မေ့တော့မလို့၊ နှမတော်ကို နှုတ်ဆက်ခွင့်တောင်းထားတဲ့သူတွေ ရှိပါသေးလား။ သူတို့ အခုပဲ လာကြလိမ့်မယ်။ အဆောင်တော် တံခါးဝမှာ နှမတော်ရဲ့ ခွင့်ပြုမိန့်ကို ရပ်စောင့်နေကြလေရဲ့၊ နှမတော်နဲ့ ခင်မင်ရင်းနှီးပြီးသားလို့ ပြောတယ်။ တပ်မှူးငထွေတို့၊ ငလုံးတို့၊ ငဖီးတို့လေ။ ကြည့်စမ်း. . . ကျုပ် မေ့တော့မလို့၊

နောင်ဆိုရင် ခုလို ကျုပ်မေ့နေမှာတွေ ဘာတွေကို နှမတော်က သတိပေး ရလိမ့်မယ် ထင်ရဲ့'

ဩော်... အနုရုဒ္ဓါဘုရင်။ ကျွန်မ စိတ်လက်ပေါ့ပါးအောင် ရှင်ပြော လိုက်တာ ဖြစ်ကောင်းဖြစ်မယ်။ ဘာတဲ့ နောင်ဆိုရင် ကျုပ်မေ့နေမှာတွေ ဘာတွေကို နှမတော်က သတိပေးရလိမ့်မယ်ထင်ရဲ့တဲ့။ ကျွန်မကို ရှင်ပိုင် ဆိုင်ပြီဆိုတဲ့အဖြစ်ရဲ့ နိမိတ်ပြ စကားပေပဲလား ရှိပါစေတော့လေ။ ကျွန်မ ဟာ ရှင့်ရဲ့ အို. . . မတွေးနဲ့. . မတွေးစမ်းနဲ့ ခင်ဦးရယ်။

'နှမတော် ခွင့်ပြုမလားဟင်'

သူတို့ကို မတွေ့ပါရစေနဲ့လို့ ပြောလိုက်ရင် အို. . . သည်လိုမပြောရ ဘူးလေ။ အလိုက်အထိုက်ပဲ နေစမ်း ခင်ဦး။ တွေ့ခွင့်ပြုတယ်လို့ ခေါင်း ညိတ်လိုက်။

'ကိုင်း. . ငထွေတို့ကို ဝင်ခွင့်ပြုလိုက်တော့ဟေ့၊ နှမတော်ရဲ့ မိတ် ဟောင်းဆွေဟောင်းတွေနဲ့ တရင်းတနှီး နှုတ်ဆက်ကြပါ။ ကျုပ် နန်းဆောင် ပြန်ဦးမယ် မဏ္ဍာဂီစန္ဒာ'

အနုရုဒ္ဓါဘုရင် ထွက်သွားပြီးမှ သူတို့ ရောက်လာကြတယ်။

ဘုရား. . . ဘုရား။ ငထွေ၊ ငလုံး၊ ငဖီး သူတို့ကို ငါ ဘယ်လို မျက်နှာချင်းဆိုင်ရပါ့မလဲ။ သူတို့ဟာ...

Z

[၂၄]

သူတို့ ခစားနေကြတယ်။ သလွန်ရှေ့ ဒူးထောက်လို့။ ဩ. . .ဩ မဏိစန္ဒာဟာ သူတို့အရှင်ရဲ့ မိဖုရားဖြစ်နေပြီကိုး။ ဉဿာနန်းဆောင်ထဲ တာရာဒေဝီ ကျောက်ဆစ်ရုပ်တုရှေ့၊ စားသောက်ခန်းမ၊ စားပွဲရှေ့မှာတွေ့ဆုံခဲ့ရတဲ့ ပင်တိုင်စံ သမီးတော်လေး မဟုတ်တော့ဘူးပေါ့နော်။

နင့်ခနဲဖြစ်လာတဲ့ရင်ကို သက်ပြင်းတစ်ချက်ရှိုက်ပြီး ထိန်းလိုက်တော့ မွန်းကျပ်မှုဟာ အလိုလိုပဲ ပြေလျော့သွားတယ်။ ဩော်. . ငါ သည်းလိုနေနိုင်နေပါရောလား။ ကြည့်စမ်း. . ငါဟာ သိပ်ကို ခွန်အားရှိတဲ့ ဆောက်တည် ထိန်းချုပ်နိုင်မှုကို ရနေပြီထင်ပါရဲ့။

'ထိပ်ထား. . နေကောင်းထိုင်သာ ရှိတယ်မဟုတ်လား၊ ခရီးက ကြမ်းလေတော့'

တပ်မှူးငထွေရဲ့အသံဟာ ခြောက်သွေ့နေတယ်။

'ဟုတ်တယ်၊ တမ္ဗဒီပဟာ ရာသီဉတု ပူပြင်းတဲ့တွက် ထိပ်ထား အတွက် ရာသီဉတုအပြောင်းအလဲမှာ နာမကျန်းဖြစ်မှာ စိုးကြတယ်'

တပ်မှူး ငလုံးရဲ့အသံကလည်း မစိုပြည်လေဘူး။

စကားနည်းလှတဲ့ တပ်မှူးဦးဖိုးကတော့ ခုချိန်မှာ ဘာကိုမှ ပြောစရာ မရှိတော့ဘူး မဟုတ်လား။

သူတို့သုံးယောက်စလုံးကို တစ်ချက်ဝင့်ကြည့်လိုက်တယ်။ ကြင်နာရိပ် မျက်လုံးအစုံတွေကို တွေ့လိုက်ရတယ်။ ဘာကြောင့် ခင်ဦးကို သည်လို ကြည့်နေကြတာလဲ။ ရှင်တို့အကြည့်တွေကို ခင်ဦး မသိဘူးများ ထင်နေသ လား။ ရှင်တို့မျက်လုံးတွေဟာ အတိတ်က ရုန်းမထွက်နိုင်တဲ့အရောင်တွေနဲ့ ဝေသီနေတယ်။ တစ်ခုခုကိုသိပြီး အဲဒါကိုပဲ မသိဟန်ဆောင်ဖို့ ကြိုးစားရင်းနဲ့ ကြိုးစားလို့လည်း မရဘူးဆိုတာကို ဖော်ပြနေကြတဲ့ မျက်လုံးတွေ။ မကြည့် ကြနဲ့၊ ကျွန်မကို သည်လိုကြည့်မနေကြပါနဲ့။

ရင်ထဲမှာ အောင့်လာတယ်၊ နာကျင်လာတယ်လား။ ခင်ဦး မေ့လိုက် စမ်း။ အဲဒါတွေကို ဖယ်ထုတ်လိုက်စမ်း၊ အေးစက်မှုရဲ့ လောင်ကျွမ်းခြင်း တန်ခိုးသတ္တိလေ။

'တပ်မှူး ငထွေ၊ ထိပ်ထားကို တပ်မှူးရဲ့ မိသားစုနဲ့ ဆုံပေးဦးလေ။ ဇနီးမယား သမီးသားတွေနဲ့ ခေါ်ခဲ့ပါဦး။ ပြီးတော့ တပ်မှူးရဲ့ ထန်းတော တွေလည်း ကြည့်ချင်သေးတယ် သိလား'

သူတို့အကြည့်တွေမှာ လှိုင်းဂယက်တွေ ထသွားတယ်။ ခင်ဦး သိပါ တယ်ရှင်။ ရေတံခွန်တစ်ခုတည်းက မီးလျှံတွေထွက်လာတာ၊ မီးကျီးခဲတစ်ခု တည်းက ရေပန်းတွေ ထွက်လာတာလိုမျိုးကို ရှင့်တို့ တွေ့လိုက်ရသလိုပဲ မဟုတ်လား။

'ဟို... ဟို... ကျုပ်... အဲ... ကျွန်တော်မျိုးမှာ ဇနီးမယား သမီးသား တွေ မရှိသေးပါဘူး ထိပ်ထား၊ ဟိုဒင်း... အဲ... ထန်းတောတွေကြည့် ချင်ရင်တော့ ထိပ်ထား အလိုရှိတဲ့အချိန်မှာ အမိန့်တော်ရှိပါ'

ခင်ဦး ရယ်ပစ်လိုက်တယ်။ ကြည့်စမ်း၊ ကြည့်စမ်း၊ ခင်ဦး ရယ်တောင် ရယ်တတ်နေပါပေါ့လား။ တပ်မှူးငထွေမှာတော့ ထစ်ငေါ့ကြောင်အမ်း. . .

'ဟုတ်လား၊ ဒါဖြင့် တပ်မှူး ငလုံးကကော ရှင်ရဲ့ထူးခြားတဲ့ ထွန်တုံးကြီးတွေကို ထိပ်ထားမြင်ချင်လှပြီ။ တမ္ဗဒီပရဲ့ ပူပြင်းတဲ့လွင်ပြင် တွေထဲမှာ ရှင့်ရဲ့ လယ်ကွင်းတွေကတော့ စိမ်းစိုအေးမြနေမှာပဲနော်'

'ဟုတ်... ဟုတ်ပါတယ် ထိပ်ထား၊ စိမ်းစိုအေးမြနေအောင် ကျုပ် အဲ... ကျွန်တော်မျိုးတို့ ကြိုးစားကြရပါတယ်'

'ကောင်းတာပေါ့၊ ကဲ. . ပြောပါဦး၊ ဦးဖိုးကကော'

ကျွဲပေါက်ကြီးတစ်ကောင်ရဲ့ သနားစဖွယ် အားလျှော့ယိမ်းယိုင်မှုကို တွေ့လိုက်ရတယ်။ ဦးဖိုးဟာ ပင်ကိုက စကားနည်းသူဖြစ်တဲ့အထဲမှာ ဘာစကားလုံးမှ မပြောတတ်ရှာတော့ဘူး ထင်ရဲ့။

မို့မောက်ဖုထစ်နေတဲ့ ပခုံးသားကြီးတွေကြားက တုတ်ခိုင်လှတဲ့ လည်ပင်းကြီးကို တည့်တည့်မတ်မတ်ကြီး စွင့်ထားရင်းနဲ့ မျက်နှာမရွှေ့ဘဲ မျက်လုံးတွေ ရွှေ့သွားတယ်။ ဪ ခင်ဦးရဲ့အကြည့်ဒဏ်ကို ရင်မဆိုင်ရဲဘူး ထင်ရဲ့။

'ဘာဖြစ်ကြတာလဲ ဟင်၊ ရှင်တို့ ဘာဖြစ်နေကြတာလဲ၊ ရှင်တို့ရဲ့ တပ်မင်းက ကျွန်မနဲ့တွေ့ရင် ဒီအတိုင်း ရင်ဆိုင်ဖို့တော့ သွန်သင်မပေးလိုက်တန်ကောင်းပါဘူး။ အခု ရှင်တို့က ရုပ်ပျက်ဆင်းပျက်နိုင်လွန်းလှတယ်။ မင်းယောကျ်ားကြီးတွေပဲ၊ ဘာကြောင့် အပြိုပြိုအလဲလဲနဲ့ ယိမ်းယိုင်နေကြတာလဲ။ ဘာလဲ ဒါဟာ ရှင်တို့ တိုက်ခိုက်ခဲ့ဖူးတဲ့ စစ်မြေပြင်နဲ့ မတူလို့လား၊ ထောင်ပေါင်းများစွာရှိတဲ့ ဂျွမ်းသူပုန်တပ်ကြီးကိုတောင် ရှင်တို့ ရင်ဆိုင်ပစ်ခဲ့ကြသေးတာပဲ။ ကျွန်မဟာ ဓားတစ်စင်းကိုတောင် စက်ဝိုင်းတစ်ပတ် မဝှေ့ယမ်းနိုင်တဲ့၊ လေးညှို့ကိုတောင် ကိုင်းတစ်ဆုံး မငင်နိုင်တဲ့ မိန်းမသားလေးတစ်ယောက်ပါရှင်'

သည်လို မိန်းသားတစ်ယောက်ရှေ့မှာ ရှင်တို့ ဘာကြောင့်. . .

အို. . . မတွေးစမ်းနဲ့လေ၊ ဘာကြောင့် ပူလောင်တဲ့အတွေးတွေဆီ ရောက်သွားတာလဲ။

အေးစက်မှုရဲ့ လောင်ကျွမ်းခြင်း တန်ခိုးသတ္တိလေ။

သူတို့ကို ခင်ဦး တကယ်သနားသွားမိတယ်။

'ကဲ... နောက်တော့မှ ထန်းတောတွေ၊ လယ်ကွင်းတွေနဲ့ဧရာဝတီမြစ်နဲ့ ညောင်ဦးက ကမ်းပါးတို့ကို ထိပ်ထား လိုက်ကြည့်မယ်နော်။ ထိပ်ထား တကယ်မြင်ဖူးချင်တာပါ၊ အခု ခရီးပန်းလာလို့'

သူတို့အားလုံး ဒူးထောက်ရင်းနဲ့ပဲ ဦးညွှတ်ကြတယ်။

'ထိပ်ထား ဆန္ဒရှိရာ အမိန့်ရှိပါ။ တမ္ပဒီပမှာ ကျွန်တော်မျိုးတို့ တတ်စွမ်းသမျှ ဆောင်ကြဉ်းပေးပါမယ်'

တပ်မှူးငထွေဆီက သဲ့သဲ့ထွက်လာတဲ့စကား။

ခင်ဦး ပြုံးလိုက်တယ်။ ကြည့်စမ်း . . . ပြုံးလည်းပြုံးတတ်နေပါကောာ။

'ကောင်းပါပြီ တပ်မှူးတို့ကို ပြောပါမယ်။

သူတို့ထွက်သွားကြတယ်။ အားကောင်းမောင်းသန် ယောက်ျားကြီး သုံးယောက်ရဲ့ နွမ်းလျခွေယိုင် ခြေလှမ်းတွေကို မြင်ရတာ စိတ်မသက်သာ စရာပါပဲ။

ရုံရွှေတွေ ရောက်လာကြပြန်တယ်။

မောပြည်က နှင်းရည်နဲ့ ရောစပ်ထားတဲ့ ပန်းပေါင်းနံ့သာ။ ကတိုးနံ့ သင်းနေတဲ့ သားမွေးယပ်၊ ရွှန်းမှည့်ဝင်းစိုတဲ့ သစ်သီးတွေ၊ နောက်တော့ သံလွင်၊ ခွက်ခွင်း၊ ပတ်သာနဲ့ ရာမည တူရိယာမိကျောင်းကို တကူးတကန့် သယ်လာတဲ့ ပန်တျာသည် အဖွဲ့ . . .

ဘာမှ မသိရှာတဲ့ ရုံရွှေလေးတွေအားလုံးကို ပြောလိုက်ရတယ်။

'အားလုံး ပြန်သိမ်းသွားကြပါကွယ်၊ ခုချိန်မှာတော့ ထိပ်ထားအတွက် ဒါတွေ မလိုတော့ပါဘူး။ ထိပ်ထား ခရီးပန်းလာတယ်၊ မင်းတို့လည်း အနားယူကြပါဦး၊ ယပ်တော်လည်း မဆက်ပါနဲ့၊ ထိပ်ထား တစ်ယောက် တည်းပဲ နေချင်တယ်'

တမ္ဗဒီပ နန်းတွင်းရုံရွှေတော်လေးတွေ ချစ်စဖွယ်မျက်နှာလေးတွေ နဲ့ မော်ကြည့်နေကြတယ်။

သူတို့ကို ပြုံးပြီး ခေါင်းညိတ်ပြလိုက်တယ်။

သူတို့ ညင်သာစွာ ထွက်ခွာသွားကြတယ်။

သြော် . . . ငါ တကယ်ပဲ ပြုံးတတ် ရယ်တတ်နေပြီကော။

Z

# [၂၅]

'ခင်ဦး. . ထ. . ထ၊ ရှူး. .  အသံမပြုနဲ့၊ အမောင်ပါ'

'ဟင်. . .  အမောင်'

'ဟုတ်တယ်၊ နန်းဆောင်အောက်မှာ အမောင့်မြင်းရှိတယ်၊ ငထွေ၊ ငလုံးနဲ့ ဦးဖိုးတို့လည်း အသင့်စောင့်နေကြတယ်၊ လာ. . .  လာ'

'အို. .  အခု ဘယ်အချိန်ရှိပြီလဲ အမောင်ရယ်'

'သန်းခေါင်ကျော်ပြီ၊ အားလုံး အိပ်မောကျနေကြပြီ'

'ခင်ဦးတို့ ဘယ်သွားမှာလဲဟင် အမောင်'

'အားလုံးနဲ့ဝေးရာပေ့ါ၊ အနော်ရထာ၊ ဥဿာဘုရင်နဲ့တကွ ဘယ်သူမှ လက်လှမ်းလို့ မရတဲ့နေရာ၊ တောင်တန်းကြီးတွေရဲ့. . .  ဟိုး. . ဘက်'

'အို. . . ခင်ဦး ဝမ်းသာလိုက်တာအမောင်ရယ်၊ ဒါနဲ့များ တောလမ်း စခန်းမှာတုန်းက အမောင်က'

'ဒါတွေ  ပြောမနေနဲ့ ခင်ဦး၊  အမောင့်ကိုယ် အမောင်သိလိုက်ပြီ။ အမောင့်ရင်ထဲက နှလုံးသည်းပွတ်ကို ထုတ်ပြီးပေးလိုက်ရတာကို အမောင် မခံနိုင်ဘူး။ ပြီးတော့. . .  တခြားလူတစ်ယောက်က ဒီနှလုံးသည်းပွတ် အမောင်ရှေ့မှာပဲ စားသောက်ပြမှာဆိုတော့'

'ဒါနဲ့များ အမောင်ရယ်၊ ခင်ဦးမှာ ငိုလိုက်ရတာ'

'အမောင်လည်း ငိုရတာပဲ၊ ငထွေတို့လည်း ငိုကြတာပဲ။ အခုတော့ ဘယ်သူမှ မငိုရတော့ဘူး။ ခင်ဦးလည်း မငိုနဲ့တော့၊ လာ. . . ထ. . သွားကြစို့'

'မှောင်နဲ့မည်းမည်းပါလား အမောင်ရယ်၊ ခင်ဦး ဘာမှ မမြင်ရဘူး'

'အမောင့်ခါးစည်းကြိုးကို မြဲမြဲကိုင်ပြီး လိုက်ခဲ့၊တမ္ဗဒီပနန်းတော်ကို အမောင်အလွတ်ရပြီးသား၊ မကြောက်နဲ့နော်'

'အို. . . ဘာကြောင့် ကြောက်ရမှာလဲ၊ အမောင်ရှိနေသားပဲဥစ္စာ'

'ဟုတ်ပြီ... ရှေ့မှာ လှေကားထစ်တွေ ဆင်းရမယ်'

'ဟင်. . . အမောင့်လှေကားထစ်တွေကလည်း မဆုံးတော့ဘူးလား'

'ရောက်ပြီ. . . ရောက်ပြီ၊ ဟောဟိုရှေ့မှာ အမောင့်မြင်း'

'တပ်မှူးငထွေတို့ကော ဟင်'

'မြို့တံခါးမှာ စောင့်နေတယ်၊ ဦးဖိုးက ကျုံးထိပ်မှာ၊ ငလုံးက တူရွင်းတောင်ခြေမှာ'

'ကဲ. . . ခင်ဦးကို အမောင်မစွန့်ပစ်နိုင်ပါဘူးဆိုတာ ခင်ဦး သိသားပဲ၊ ဘာတဲ့. . . အကြီးမားဆုံးဆုံးရှုံးရမှုဟာ အကြီးကျယ်ဆုံး အောင်မြင်မှုဆို၊ အမောင် ပြောခဲ့တာလေ'

'အမောင် မှားသွားတယ် ခင်ဦးရယ်၊ ကဲ. . . မြင်းပေါ်တက်'

'မြင်းခွာသံတွေကြောင့် သူတို့ နိုးကုန်ကြရင်ကော'

'အနော်ရထာဘုရင်ရဲ့ လူယုံတော်ဟာ အမောင့်ရဲ့သူလျှိုပဲ၊ သူတို့ အားလုံးကို ညစားပွဲတော်မှာ အိပ်ဆေးခတ်ထားတယ်'

'ဟုတ်လား. . . ဒါဖြင့်. . .'

'ကဲ. . . ခင်ဦးရေ၊ အမောင့်ရင်ခွင်ထဲမှာသာ မှီပြီးလိုက်ခဲ့တော့၊ မြင်းကို ဇက်ကုန်ဖွင့်မှာနော်'

'စိတ်ချ စိတ်ချ အမောင်၊ ဟင်. . ဟိုမှာ. . ဟိုရှေ့မှာ. . .'

'ရပ်လိုက် ကျန်စစ်သား၊ မင်း ဒီလိုလုပ်မယ်ဆိုတာ ငါပြီးသား၊ မင့်သူလျှိုခတ်သွားတဲ့ အိပ်ဆေးကို ငါမစားဘူး'

'အမောင်. . အဲဒါ. . စောလူး. . စောလူးမင်းသား'

'ဟား...ဟား... ဟား... ငါလဲ ပါတယ်ကွ၊ စောလူးကိုယ်တော်လေး ဘေးမှာ ငါ အမြဲရှိနေတယ်'

'ဘုရား. . ဘုရား၊ ဟိုတစ်ဖက်လပ် မင်းရမန်ပါလား အမောင်'

'ကျန်စစ်သားမင်းနဲ့ မဏိစန္ဒာတို့အကြောင်းကို ငါ အကုန်သိပြီး သား၊ မင်းဟာ သစ္စာမဲ့တဲ့ ကျွန်ယုတ်၊ သွားပေတော့ကွာ'

'အမောင်. . . အမောင့်ကို မသတ်ပါနဲ့၊ သွေးတွေ သွေးတွေ. . .'

'ဟား. . ဟား. . ဟား စောလူးမင်းသားကွ၊ မင်းရမန်ကွ'

ဘုရား. . . ဘုရား

'ဟင်. . ထိပ်ထားလေး၊ အို. . သလွန်ပေါ်မှာ ဒီအတိုင်း စက်ပျော် နေတာပါလား၊ ကြည့်စမ်း. . . စက်ရာဆောင်ဆီကို မပို့ကြဘူးလား၊ ဟော့... အိပ်ဖန်စောင့်တွေ ဘယ်ရောက်နေသလဲ၊ အို...ဒုက္ခပါပဲ။ ကိုယ် တွေလည်း ခြစ်ခြစ်တောက်လို့ပါလား၊ ထိပ်ထား. . . ထိပ်ထားလေး. . .၊ သွေးတွေ. . သွေးတွေလို့ လန့်အော်ရှာတာ၊ အိပ်မက်ဆိုး မက်ရှာတယ် ထင်ရဲ့၊ ထိပ်ထားလေး. . . ထိပ်ထားလေး'

Z

## [၂၆]

ကိုယ်စိတ်နှလုံး ချိုးချိုးကျပြီး မကျန်းမမာဖြစ်ရခြင်းကို နှစ်သက်ကျေနပ်ခြင်းကြီးစွာ မြင်နေတဲ့ မိန်းကလေးတစ်ယောက်ဆိုတာ သည်ကမ္ဘာလောကမှာ ရှိသလား၊ ရှိတာပေ့ါ။ အဲသည်မိန်းကလေးဟာ ခင်ဦးလေ။

အနုရုဒ္ဓါဘုရင်ရဲ့ အကောင်းဆုံး အတော်ဆုံး တမ္ဗဒီပသမားတော်ကြီးတွေဟာ ဘုရင့်အမိန့်တော်နဲ့ ခင်ဦးကို အနည်းနည်းအဖုံဖုံ ကုသကြလေရဲ့။ ဆေးဝါးဓာတ်စာတွေ တိုက်ကျွေးကြ၊ သင့်မျှတဲ့နေရောင်ခြည်နဲ့ လေကောင်းလေသန့်ရအောင် အထူးတလည်စီမံပေးကြ၊ သွေးသားအားအင်ပြည့်ဖြိုးစေမယ့် အရောင်အသွေး အနံ့အသက်ကစပြီး ဖန်တီးပေးကြနဲ့ အစွမ်းကုန် ကုသကြလေရဲ့။

‘ဉဿာကနေ တမ္ဗဒီပအထိ လာရတဲ့ခရီးဟာ နည်းနည်းနောနော ခရီးမှမဟုတ်ဘဲ၊ ခရီးကြမ်းမှာ ရာသီဥတုကလည်း အပြောင်းအလဲဖြစ်၊ အစားအစာကလည်း အသစ်အဆန်းတွေဖြစ်ဆိုတော့ ထိပ်ထားဟာ ရေစိမ်း၊ လေစိမ်း၊ မြေစိမ်း အကူးအပြောင်းကြောင့် အခုလို ဖြစ်ရတာပါ’ သမားတော်ကြီးတစ်ဦးက ဆိုတယ်။

‘အင်း. . . အဓိကကတော့ တမ္ဗဒီပရဲ့ လောလောပူတဲ့ နေဒဏ်ကို မခံနိုင်လို့ပါ။ ပူပြင်းတဲ့ဒဏ်ကြောင့် ထိပ်ထားဟာ ပထဝီဓာတ် ငုတ်သွားရာကအစ အဖျားသွေးဝင်ခဲ့တာပါ’

နောက် သမားတော်ကြီးတစ်ဦးရဲ့ မှတ်ချက်။

'ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရားလေးပါးမှာ အာဟာရကြောင့် အခုလို ဗုန်းဗုန်းလဲကျရှာခြင်း ဖြစ်ပါတယ်။ ရေမြေ သဘာဝမတူတဲ့ ဒေသတစ်ခုကနေ တစ်ခုအပြောင်းမှာ ထိပ်ထားလေး စားသုံးခဲ့ရတဲ့ အာဟာရတွေဟာ ပင်ကိုဓာတ်ခံ ပါစကဓာတ်က မချေဖျက်နိုင်ဘူး။ အစာမကြေခြင်းကစတဲ့ ရောဂါပါ'

အနုရုဒ္ဓါဘုရင်ဟာ ခင်ဦးရဲ့ စက်ရာသလွန်ဆီကို မကြာခဏ ရောက်လာတယ်။ မိန်းမောဖျော့တော့နေတဲ့ ခင်ဦးရဲ့ နဖူးပြင်ကို အသာအယာ စမ်းကြည့်တယ်။ သွေးဆုတ်အေးစက်နေတဲ့ ခင်ဦးရဲ့လက်ချောင်းလေးတွေကို ဖွဖွညင်သာ ဆုပ်ကိုင်တယ်။

ပြီးတော့ တိုးတိတ်စွာဆိုတယ်။

'မင်းဟာ တကယ့်ကို နုနယ်လှတဲ့ ပန်းလေးတစ်ပွင့် ပါပဲလား မဏိစန္ဒာ၊ အမှန်တော့ ခရီးက ကြမ်းလည်းကြမ်း၊ ပန်းလည်းပန်းပေ တယ်။ ဒီဒဏ်ကို မင်းခံနိုင်မှာ မဟုတ်ဘူးဆိုတာ ကျုပ်တို့ တွေးမိဖို့ကောင်းတယ်'

ခင်ဦးကတော့ စက်ရာပေါ်မှာ ချည့်နဲ့စွာ လဲလျောင်းနေရင်း အနုရုဒ္ဓါဘုရင်ကို စိတ်ထဲက ပြန်ပြောနေမိတယ်။

'တကယ့်ကို နုနယ်လှတဲ့ ပန်းလေးတစ်ပွင့်တဲ့လား၊ ရှင် မှားနေပြီ။ ပန်းကလေးတစ်ပွင့်ဆိုရင်တောင်မှ ဒီဒဏ်တွေကို ခံနိုင်မှာပါ။ ကျွန်မဟာ ပန်းကလေးတစ်ပွင့်မဟုတ်ဘူး။ မိန်းသားတစ်ယောက်၊ လူသားတစ်ယောက်၊ ငရဲတွင်းထဲကို အရှင်လတ်လတ် ဆင်းခဲ့ရတဲ့ လူသားတစ်ယောက်လို့'

အနုရုဒ္ဓါဘုရင်ဟာ ခင်ဦးကို အကြာကြီး ငေးစိုက်နေပုံရပါတယ်။

ခင်ဦးကတော့ မျက်လွှာကိုပိတ်ထားတဲ့အတွက်သူ့ရဲ့အသက်ပြင်းပြင်းရှူထုတ်လိုက်တဲ့ ပူနွေးတဲ့အတွေ့ကိုပဲ ပါးပြင်တစ်ဝိုက်မှာ ရနေတယ်။

'ဒီနေ့ကော သက်သာရဲ့လား မဏိစန္ဒာ၊ ရင်ထဲ မောနေသေးသလား၊ ခေါင်းထဲမှာ တရိပ်ရိပ် ဖြစ်နေသေးသလား၊ အစားအသောက်

တွေကော စားချင်စိတ်ရှိရဲ့လား၊ ဥဿာကနေ မင်းစားတတ်တဲ့ အစား အသောက်တွေကို မှာပေးရမလား'

ခင်ဦး မျက်လွှာမဖွင့်ဘဲ အသာအယာပဲ ခေါင်းယမ်းပြလိုက်တယ်။

အနုရုဒ္ဓါဘုရင်ဟာ လေးလေးလံလံ သက်ပြင်းတစ်ချက် ချလိုက်ပြန် တယ်။ ခဏနေတော့ စက်ရာဆီက ထွက်သွားတယ်။

သမားတော်တွေ အထိန်းအယ ရံရွေတွေကို သူ တွတ်တွတ်မှာကြား နေတယ်။ ဘာကြောင့် ခင်ဦး အခုထိ နာလန်မထူနိုင်သေးရတာလဲဆိုပြီး သူ့ရဲ့အမှုထမ်းတွေကိုပဲ ငေါက်ငမ်းနေတယ်။

နောက်တော့ သူ အဆောင်တော်ထဲက ထွက်သွားတယ်။

မျက်လွှာပိတ်လျက်သားနဲ့ပဲ ခင်ဦး ပြုံးလိုက်မိရဲ့။

အို. . ပြုံးလိုက်မိပေမယ့် ပါးပြင်နှစ်ဖက်ပေါ်ကို မျက်ရည်နှစ်ပေါက်က လိမ့်ဆင်းကျသွားပါလား။

Y

တမ္ပဒီပ နန်းတော်ထဲကို စရောက်တဲ့ နေပြည်တော်ဝင်ညမှာပဲ ခင်ဦး အပြင်းအထန် မကျန်းမမာ ဖြစ်ခဲ့တယ်။

အထိန်း ရံရွေတော်တွေကတော့ ထိပ်ထားလေးဟာ ခရီးပြင်းကို နှင်လာခဲ့ရပြီး လေပူတွေ တဟူးဟူးတိုက်နေတဲ့ လေသာဆောင်ထဲမှာ မောမောပန်းပန်းနဲ့ အိပ်ပျော်သွားလို့ လေစိမ်းမိ၊ အပူရှပ်ရာကနေ အခိုးငုပ် သွားတာလို့ ပြောကြတယ်။

ပြောကြပါစေလေ။ ဒါ သူတို့သိတဲ့အကြောင်းကိုး။

ပြီးတော့ သမားတော်တွေရဲ့ ရောဂါအမည်တပ်ပုံတွေ။ ကုထုံးတွေ၊ ဆေးချက်တွေ၊ ဓာတ်စာတွေ၊ ပထဝီဓာတ်ဖောက်ပြန်သွားတာတဲ့၊ ခရီးပန်း တာတဲ့၊ အစာမကြေတဲ့ ဝေဒနာတဲ့၊ ပါစကဓာတ် အားနည်းသွားတာတဲ့၊ ဆေးဝါးဓာတ်စာတွေကလည်း အမျိုးမျိုးအဖုံဖုံ။

သူတို့အားလုံးရဲ့ ထင်မြင်ချက်တွေ၊ ကုသချက်တွေကြားထဲမှာ ခင်ဦး

ကတော့ ပျော်ရွှင်စွာနဲ့ နာဖျားမကျန်းရှိခြင်းကို လက်ခံနေလိုက်တော့တယ်။ မကျန်းမမာဖြစ်ရခြင်းကို ကျေနပ်နေတဲ့ မိန်းကလေး ခင်ဦး။

ဟုတ်တယ်လေ၊ စက်ရာ သလွန်ထက်မှာ မကျန်းမမာဖြစ်မှုရဲ့ဒဏ်ကို ခံစားရင်း ရောဂါဝေဒနာကို အကာအကွယ်ပြုပြီး ခင်ဦးဟာ အားလုံးနဲ့ သီးခြားကင်းလွတ်စွာ နေလို့ရတယ်။ ဘယ်သူ့ကိုမှ စကားပြောစရာမလိုဘူး။ အနုရုဒ္ဓါဘုရင် လာရင်တောင်မှ ခင်ဦးဟာ မျက်လွှာအသာပိတ်ပြီး မှိန်းနေလိုက်လို့ရတယ်။

ရင်ထဲမှာ အမြဲလိုလို မောနေတယ်။ အစားအသောက်မှန်သမျှ ကြည့်တောင် မကြည့်ချင်ဘူး။ ခေါင်းထဲမှာလည်း တရိပ်ရိပ်။ မျက်ခွံသားတွေက ပူလောင်နေတယ်။ ခန်းခြောက်သွားပြီလို့ ထင်ခဲ့တဲ့ မျက်ရည်တွေဟာ အလွယ်လေးနဲ့ စီးကျလာတယ်။ လက်ချောင်းလေးတွေကလည်း ဖြူရော် ဖျော့တော့နေတယ်။ ခြေဖျားတွေကလည်း အမြဲလိုလို အေးနေတယ်။

ပြီးတော့ ပြင်းပြင်းပြပြ ဆန္ဒနဲ့ အိပ်လိုက်ချင်ပေမယ့် တကယ်တမ်း အိပ်လိုက်တော့မယ်ဆိုတော့ ယောက်ယက်ခတ်နေတဲ့ အတွေးစကြောင့် အိပ်လို့ မပျော်ပြန်။

ဘာပဲဖြစ်ဖြစ် သည်လို မကျန်းမမာဖြစ်နေရခြင်းကို ခင်ဦး သဘောကျတယ်။ ကာယိက ဝေဒနာကို ခံစားရင်း အားလုံးကို အဆက်အသွယ် ဖြတ်၊ တစ်ကိုယ်တည်းပဲ အတွေးတွေနဲ့ လွင့်ချင်ရာလွင့်၊ နေမကောင်း ထိုင်မသာ ဖြစ်ခြင်းရဲ့ မည်းမှောင်တဲ့ အမိုက်တိုက်ကြီးထဲမှာ ပင်ပန်းကြီးစွာ။ ဒါပေမဲ့ ပျော်ရွှင်စွာ ကူးခတ်။

အနာမသိလို့ ဆေးမရှိကြတဲ့ သမားတော်ကြီးတွေအတွက်တော့ခင်ဦး စိတ်မကောင်းပါဘူး။ သူတို့တစ်တွေ အမည်တပ်ကြတဲ့ ဝေဒနာနယ်ပယ် အားလုံးကနေ လွန်မြောက်နေတာကိုလည်း သူတို့ မသိရှာကြဘူးလေ။

ကံ၊ စိတ်၊ ဥတု၊ အာဟာရ အကြောင်းတရား လေးပါးအနက် တစ်ပါးပါးတဲ့လား။

မိမိရဲ့ချစ်သူကိုယ်တိုင်က ခေါ်ယူဆောင်ကြဉ်းပြီး အခြားယောက်ျား တစ်ယောက်ဆီ ဆက်သခြင်းခံရတဲ့ မိန်းမသားတစ်ဦးရဲ့ ဝေဒနာကို ရှင်တို့ ဘယ်လိုနာမည်တပ်ကြမှာတဲ့လဲ။

တယုတယ ပြုစုပျိုးထောင်ခဲ့ပြီး ရွှရွှလေးဖူးပွင့်လာတဲ့ချစ်ခြင်းမေတ္တာပန်းကလေးတစ်ပွင့်ဟာ အစွမ်းကုန် လှပတင့်တယ်စွာ ပွင့်အာကာနီးဆဲဆဲကျမှ အပြင်းထန်ဆုံး ရက်ရက်စက်စက် အချေမှုန်းခံလိုက်ရတဲ့ အဖြစ်ကို ရှင်တို့က ကံ၊ စိတ်၊ ဥတု၊ အာဟာရလို့ ပြောကြသလား။

တစ်ဦးသော သမားတော်ကြီးကတော့ အတော်လေးနီးနီးကပ်ကပ် ခန့်မှန်းနိုင်ခဲ့တယ်လို့ ဆိုရမယ်။

သူက 'ထိပ်ထားလေးဟာ သူ့ရဲ့ခမည်းတော်နဲ့တကွ မွေးရပ်ဇာတိဒေသနဲ့ သူ့တစ်သက်တာလုံး ကြီးပြင်းရှင်သန်ခဲ့ရတဲ့လောကကို ရုတ်တရက်ကြီး စွန့်ခွာပြီး နေရာဒေသအသစ်၊ ပတ်ဝန်းကျင်အသစ်၊ လောကအသစ်ကို ဖြုန်းဆို ရင်ဆိုင်လိုက်ရတဲ့အတွက် စိတ်ထိခိုက်သွားတာပါတဲ့'

ဩော်. . . စိတ်ထိခိုက်သွားတာတဲ့။

သမားတော်ကြီးတို့ရဲ့ ကုထုံး ကုချက် ဆေးဝါးအနက် ကျမ်းဂန်တွေထဲမှာ အားလုံးရဲ့ လုပ်ကြံမှုကြောင့် အရှင်လတ်လတ် နှလုံးကြေကွဲသွားရတဲ့ ရောဂါဆိုတာ မပါဘူးလား။

ဟိမဝန္တာက နှင်းရည်စက်တွေနဲ့သာ စိုက်ပျိုးရှင်သန်အပ်တဲ့ ပန်းပင်တစ်ပင်ကို နေရောင်အောက်က ပပ်ကြားအက်မြေမှာ ကြခတ် ရှား ဆူးပင်တွေအကြား နေရာချစိုက်လေမှတော့ သည်အပင်မှ မသေရင်၊ သည်အပွင့်မှ မကြွေရင်။

Z

## [၂၇]

ရုတ်တရက် ကောက်ကာငင်ကာ မကျန်းမမာဖြစ်ရာကနေ အိပ်ရာထဲ ဗုန်းဗုန်းလဲသည်အထိ ဆိုးဆိုးရွားရွား ဖြစ်သွားတဲ့ ခင်ဦးရဲ့ အခြေအနေကြောင့် အနုရုဒ္ဓါဘုရင်နဲ့ မဏိစန္ဒာ မင်းသမီးတို့ရဲ့ လက်ထပ်ဘိသေက သဘင်ကြီးဟာလည်း ရွှေ့ဆိုင်းသွားတော့တယ်။ အနုရုဒ္ဓါဘုရင်ဟာ ခင်ဦး ဆီကို လာကြည့်ရင်းနဲ့။

'မင်း ကျန်းမာအောင်သာ ဂရုစိုက်ပါ မဏိစန္ဒာ၊ ကျုပ်တို့ရဲ့ လက်ထပ်သဘင်ကို မင်း မစဉ်းစားပါနဲ့၊ မင်း ကောင်းကောင်း ကျန်းမာလာတော့မှ အခါတော်ရွေးပြီး စီမံကြတာပေါ့'လို့ ပြောပါတယ်။

အင်မတန် မိုက်မဲလှပတဲ့ အတွေးတစ်ခုက ခင်ဦးကို ဖုံးလွှမ်းသွားတယ်။

'ကျွန်မ ဘယ်တော့မှ ကျန်းမာ မလာအောင် ကြိုးစားမယ်။ တစ်သက်လုံးပဲ နေမကောင်းဖြစ်နေလိုက်တော့မယ်။ အဲဒီလိုနဲ့ ရောဂါက တဖြည်းဖြည်းကျွမ်းလာပြီး ကျွန်မ သေဆုံးသွားတော့လည်း ရှင်ပြောတဲ့ လက်ထပ်သဘင်ဆိုတာကြီး ပေါ်ပေါက်လာစရာ မရှိတော့ဘူးပေါ့' ဆိုတဲ့အတွေး။

သေခြင်းတရားဆီကို ပျော်ရွှင်စွာနဲ့ ရှေးရှုသွားနေတဲ့ ကိုယ့်ဖြစ်ရပ်ကို ကျေနပ်နေမိတယ်။

ဘုရား. . . ဘုရား၊ ဒါပေမဲ့ ရက်စက်လွန်းတဲ့ ကံကြမ္မာဟာ ခင်ဦးရဲ့ ဆန္ဒမှန်သမျှကို ဆန့်ကျင်ဘက် သက်ရောက်မှုတွေနဲ့ချည်း စီရင်နေပါလား။

တစ်သက်လုံးပဲ အိပ်ရာထဲ လဲနေချင်တဲ့ဆန္ဒ၊ ဒါမှမဟုတ် မဝေးလှတဲ့ အချိန်ကာလတစ်ခုခုမှာ သေဆုံးသွားချင်တဲ့ဆန္ဒတွေဟာမပြည့်စုံခဲ့ဘူးလေ။

တမ္ပဒီပမှာ စူးရဲပူပြင်းတဲ့ နေရောင်တွေ ဖျော့မှိန်သွားပြီ။ ဟိုး. . . အနောက်ဘက် တောင်တန်းကြီးတွေဆီက မိုးခြိမ်းသံတွေ သဲ့သဲ့စတင်ကြားလာရတဲ့ ကာလ။ ဧရာဝတီ မြစ်ရေပြင်ကြီး ဝါကြန်နောက်ကျိစပြုလာတဲ့ ကာလမှာ ခင်ဦးဟာ နာလန်ထူစ ပြုလာခဲ့တယ်။

ပုပ္ပါးတောင်ဘက်ဆီက မိုးသက်လေနုံ့တွေ သင်းပျံ့လာတဲ့အချိန်မှာ ခင်ဦး သိသိသာသာ နေကောင်းလာတယ်။

တပ်မှူး ငလုံးနဲ့ ပုဂံလယ်တော်သား အစုတွေ မြောက်အရပ်ကို အလုံးအရင်းနဲ့ ချီတက်ပြီး နွားတွေ၊ ကျွဲတွေနဲ့ လုပ်ငန်းခွင်ဆင်းဖို့ ရွှေ့ပြောင်းသွားချိန်မှာ ခင်ဦး လက်ဖဝါးတွေ သွေးရောင်လွှမ်းလာခဲ့ပြီ။

တမ္ပဒီပ လွင်ပြင်ဒေသကြီးရဲ့ အမြဲလိုလို ပြာလဲ့နေတဲ့ ကောင်းကင်မှာ မိုးသားတိမ်အစုတွေ အဆုပ်လိုက် အဆုပ်လိုက် လွင့်လာချိန်မှာတော့ ခင်ဦး ပါးပြင်နှစ်ဖက်ဟာ နှင်းဆီသွေးသမ်းလာခဲ့ပြီ။

'ထိပ်ထားရဲ့ ငယ်ရွယ်ပျိုမျစ်မှု ကိုယ်၌က အကောင်းဆုံးဓာတ်ခံဖြစ်နေပါတယ်။ အမှန်တော့ ဆေးဝါးဓာတ်စာအတွက် ထိပ်ထားရဲ့ ပင်ကိုဓာတ်ခံကြောင့် အခုလို ပြန်လည်ပြီး ကျန်းမာနုပျိုလာခြင်းပါ'

လို့ သမားတော်ကြီးတွေက ဆိုကြပြန်ရော။ ခင်ဦးရဲ့ နန်းဆောင်တံခါးဟာ ရက်ပေါင်းများစွာ ပိတ်ဆို့ထားခဲ့ရာကနေ ပြန်လည်ပွင့်ဟသွားတော့တယ်။

ထိပ်ထားလေး ကျန်းမာလာတဲ့အတွက် ဝမ်းသာကြောင်း ပို့လွှတ်ကြတဲ့ သဝဏ်တွေ၊ ပန်းစည်းတွေ၊ လက်ဆောင်ပဏ္ဏာတွေ၊ သစ်သီးဝလံခဲဖွယ်တွေ၊ ကျောက်မျက်ရတနာတွေဟာ ခင်ဦးအဆောင်ထဲကို တစ်ဖွဲဖွဲ

ရောက်လာကြတယ်။ တမ္ပဒီပရဲ့ အမျိုးအမတ်တွေ၊ ကလန်သံပျင်တွေ၊ သံဖမ တရားအဖွဲ့ဝင်တွေဟာ ထိပ်ထားကို ဝင်ရောက်ခစားဖို့အလှည့်စောင့်နေကြတယ်။

တောက်ပြောင်ပြိုးပြက်တဲ့ ဝမ်းသာစကားတွေနဲ့ လက်ဆောင်ပဏ္ဏာရတနာတွေကို ခင်ဦး အမှုမဲ့ လျစ်လျူပြုနိုင်ခဲ့ပေမယ့် ခင်ဦး ဘယ်လိုမှ မဆည်တန့်နိုင်တဲ့ ရိုက်ခတ်မှုတစ်ခုကို ကြုံလာရတော့တယ်။

အဲဒါကတော့ တမ္ပဒီပ ပြည်သူ အသည်သားတွေရဲ့မေတ္တာ။

'ဉဿာမင်းသမီးလေး ပြန်လည်ကျန်းမလာလို့ ဝမ်းမြောက်ဝမ်းသာရှိလှပါကြောင်း၊ မင်းသမီးလေး အသည်းအသန်ဖြစ်နေစဉ်ကလည်း ပြန်လည်ကျမ်းမာ ချမ်းသာလာစေရေးအတွက် အမြဲမေတ္တာပို့ ဆုတောင်းခဲ့ကြကြောင်း' သတင်းစကားတွေနဲ့အတူ ခင်ဦးဆီ ရောက်လာတဲ့ သူတို့တစ်တွေရဲ့ လက်ဆောင်ပဏ္ဏာတွေ။

နန်းတော်ထဲက အဖိုးတန် ရတနာတွေနဲ့ မနှိုင်းယှဉ်အပ်လေတဲ့ ပကတိ ဖြူစင်သော စေတနာ မေတ္တာ အထိမ်းအမှတ်တွေ။

သူတို့ တတ်နိုင်သမျှလေးတွေနဲ့ ပို့ဆက်လိုက်တဲ့ လက်ဆောင်ပစ္စည်းတွေကိုကြည့်ရင်း ခင်ဦး ရင်ထဲ ဆို့လာတယ်။

တောတောင်ဒေသက ပျားရည်ဘူးတွေ၊ သနပ်ခါးတုံးတွေ၊ လက်ဖြစ်ဖျင်ထည်စလေးတွေ၊ ခြံထွက် သစ်သီးဝလံတွေ၊ စံပယ်ပန်းကုံးတွေ၊ နှင်းဆီပန်းစည်းတွေ။

'တစ်ပြည်သူမို့ အားငယ်နေမှာ စိုးပါတယ်တဲ့။ ငယ်ရွယ်နုပျိုတဲ့မိန်းကလေးတစ်ယောက်၊ မိဝေးဖဝေးနဲ့ ဇာတိဒေသကို စွန့်ခွာလာရတဲ့အတွက် ကြေကွဲဝမ်းနည်းမနေပါနဲ့တဲ့။ သူတို့ရဲ့ အရှင်သခင် ဘုရင်အနုရုဒ္ဓါရဲ့ မိဖုရားကြီးတစ်ပါးအနေနဲ့လည်း သူတို့ချစ်ခင် မြတ်နိုးကြပြီးသားပါတဲ့။

အို. . တမ္ပဒီပ ပြည်သူတွေရဲ့ နွေးထွေးလိုက်တဲ့ မေတ္တာ၊ အရိုးခံ

စေတနာ။ ချစ်ခင်မှုနဲ့ ဖွင့်ကြိုနေတဲ့ လက်အစုံတွေ၊ သံယောဇဉ် ဖွဲ့ဝန်းနေတဲ့ မျက်နှာတွေ။

နာကြည်းမှုတွေနဲ့ လောင်မြိုက်နေတဲ့ ခင်ဦးရဲ့ နှလုံးအိမ်ဝန်းကျင်က မီးတောက်မီးလျှံတွေအပေါ်ကို ပထမဆုံး ရေစင်တစ်စက် ဖျန်းပက်လိုက်ခြင်းပါပဲ။ တစ်လောကလုံးကို နာကြည်းနေတဲ့ ခင်ဦးရဲ့ နှလုံးသားဟာ ပကတိ အရိုးခံမေတ္တာတရားကို ရင်မဆိုင်ဝံ့ပါလား။

ခင်ဦး တုန်လှုပ်သွားရတယ်။ လောကကြီးကိုစိန်ခေါ်တိုက်ခိုက်လိုက်ချင်ပေမယ့် အဲသည် လောကကြီးထဲမှာ တကယ်ငြိမ်းချမ်းတဲ့ မေတ္တာရှင်တွေက ရပ်နေကြလေတော့ ခင်ဦးရဲ့ တိုက်ခိုက်အံ့ လက်အစုံဟာတွဲ့ဆိုင်းသွားရတယ်။

ဘုရား. . ဘုရား. မေတ္တာတရားကိုခင်ဦးစိန်ခေါ်ခက်လှပါလား။ ပကတိ ရိုးသားဖြူစင်သူတွေရဲ့ရှင်သန်မှုက ခင်ဦးရဲ့ အမှောင်ဖုံးတဲ့ အမုန်းစိတ်ကို ဦးညွှန်စေလိုက်ပါပြီကော။

ဥဿာဘုရင်၊ တမ္ဗဒီပ ဘုရင်ဆိုတဲ့ ဘုရင်နှစ်ပါး။ ပြီးတော့ သူရဲကောင်း တပ်မင်းကြီးတစ်ဦး။ သည် မင်းယောက်ျားကြီးသုံးဦးကြောင့် ပွက်ပွက်ဆူခံရတဲ့ ခင်ဦးရဲ့ရင်ဟာ တမ္ဗဒီပ ပြည်သားပြည်သူတွေရဲ့မေတ္တာရေစင်ကြောင့် ငြိမ်သက်သွားခဲ့တော့တယ်။

နာမကျန်းရာက ပြန်လည်ကောင်းမွန်လာခဲ့တဲ့ ခင်ဦးဟာ တစ်ခါမှ မမြင်ဖူးတဲ့ ကမ္ဘာလောကသစ်ကြီးတစ်ခုကို တွေ့မြင်လိုက်ရပြီလေ။

Z

## [၂၈]

'ငလုံးလည်း သူ့ရဲ့လယ်တောသားအစု တပ်ဖွဲ့တွေနဲ့ အရှေ့မြောက်တောင်ခြေ လယ်ကွင်းတွေဆီမှာ အလုပ်များနေတယ်။ ပါယ်ပေါင်းများစွာ ကျယ်ဝန်းတဲ့ လယ်မြေတွေကို ထွန်ကြယက်ကြ စိုက်ပျိုးနဲ့ သူတို့သုံးလလောက်တော့ နေကြရမှာ။ ငထွေကတော့ ပုပ္ပားတောင်ခြေမှာ မြင်းတပ်စုကို အပြင်းအထန် လေ့ကျင့်ပေးနေတယ်။ သူလည်းနန်းတော်ကို တော်တော်နဲ့ ပြန်လာနိုင်ဦးမှာ မဟုတ်ဘူး'

ညောင်ဦးဖီးဟာ တူမလေးတစ်ယောက်ကို ချော့မော့နေတဲ့ ဦးရီးတစ်ယောက်လို စိတ်ရှည်လက်ရှည် ပြောပြနေတယ်။

အမှန်ကလည်း သူ့ကို ခင်ဦး တကယ်ပဲ ဦးရီးတစ်ယောက်လို အားကိုးခင်မင်နေမိပါပြီ။

'ဦးဖီးကကော နန်းတော်မှာပဲအမှုတော်ထမ်းနေရသလား၊ဘယ်ကိုမှ မသွားရဘူးလား' လို့ ခင်ဦးကမေးတော့. . .

'ကျုပ်လား'လို့ ပြောရင်း သူ့နှုတ်ခမ်းမွေး ကားကားကြီးကို လက်နဲ့ သပ်နေတယ်။ ပြီးမှ မရယ်မပြုံး မျက်နှာထားကြီးနဲ့. . .

'ဧရာဝတီ မြစ်ရိုးတစ်လျှောက်ကို စစ်ဆေးဖို့ နက်ဖြန်ပဲ ခရီးထွက်ရမှာ၊ အထက်ဆီမှာ မိုး သိပ်ကောင်းလာရင် မြစ်ကမ်းတစ်လျှောက်

ဝဲယာကမ်းက ကမ်းပါးတွေ၊ မြစ်လက်တက်တွေ၊ ချောင်းငယ်မြောင်းငယ်တွေဆီမှာ ရေမတိုက်စားရအောင်၊ ကမ်းမပြိုရအောင်၊ ရေမလျှံရအောင် လုပ်ရမယ်၊ လုပ်စရာတွေ အများကြီး’

‘အဲဒီ လုပ်စရာတွေ အများကြီးထဲမှာ ဧရာဝတီကို ဟိုဘက်ဒီဘက် ခေါက်ပြန်ကူးပြီး ညောင်ဦးကမ်းပါးပေါ် မနားတမ်း ပြေးတက်တာရောပါသေးသလား ဦးငဖိး’

သူ လူစွမ်းပြခဲ့ဖူးတာကို ကြားဖူးထားလို့ ခင်ဦးက တရင်းတနှီး နောက်ပြောင်မေးလိုက်တယ်။ သူက နဂိုကတည်းက ကျဉ်းလှတဲ့ မျက်ပေါက်တွေ ပိတ်သွားတဲ့အထိ ပြုံးတယ်။

‘အဲဒါက တမင်လူစွမ်းပြခဲ့တာပါ ထိပ်ထားလေး။ ဧရာဝတီဆိုတဲ့ သဘာဝတရား ရေအပြင်ကို လူသားက ဘာကြောင့် မနိုင်နိုင်ရမှာလဲ ဆိုတာ ပြချင်လို့ တမင်လုပ်ခဲ့တာ၊ အမှန်တော့ သူရဲကောင်း တပ်မှူးဆိုတာ အစွမ်းပြနေရုံနဲ့ မပြီးဘူးလေ’

ခင်ဦး စိတ်လက်ပေါ့ပါးစွာ ရယ်လိုက်မိတယ်။

အရယ်အပြုံးတွေကို အခုလို အလွယ်တကူ ပြန်လည်ရရှိလာတဲ့ အတွက် ကိုယ့်ကိုယ်ကို အံ့သြမိတယ်။

ညောင်ဦးဖိုးက ခင်ဦး ရယ်နေတာကို အကဲခတ်ကြည့်နေပုံရတယ်။ ခင်ဦးအကြောင်းတွေကို အစအဆုံး သိထားတဲ့ လူရင်းတစ်ယောက်အနေနဲ့ ခင်ဦးဟာ တကယ်ပဲနာလန်ထူလာတာမှဟုတ်ရဲ့လားလို့လည်းထင်နေပုံရတယ်။

ခင်ဦးကို သူ အကဲခတ်နေသလို ခင်ဦးကလည်း သူ့ကို မသိမသာ သုံးသပ်နေမိတယ်။ ဘာကြောင့်လဲဆိုတော့ ဦးငဖိးဟာ သူတို့တပ်မှူးသုံးယောက်ထဲမှာ စကားအနည်းဆုံး၊ အရယ်အပြုံး၊ အနည်းဆုံးဆိုတာ ခင်ဦး သိထားလို့ပဲ။ ငထွေနဲ့ ငလုံးတို့က စကားတွေပြော၊ ရယ်မောနောက်ပြောင် တသောသောရှိနေကြချိန်မှာ ဦးငဖိးကတော့မျက်နှာထားကြီးနဲ့နေတတ်တာ။

အခု တမ္ဗဒီပကို ခင်ဦးရောက်လာ၊ အသည်းအသန်နေမကောင်းဖြစ်ပြီး အခုလို ပြန်ကျန်းမာလာတော့မှ ဦးငဖီးဟာ ခင်ဦးဆီ ရောက်ရောက်လာတတ်တယ်။ စကားတွေလည်း အများကြီး ပြောလာတယ်။

ခင်ဦးကို သူ အနီးကပ်စောင့်ရှောက်နေတာလား၊ စိုးရိမ်စိတ်နဲ့ လေ့လာအကဲခတ်နေတာလား။

ဘာပဲဖြစ်ဖြစ် တမ္ဗဒီပ နန်းတော်ထဲမှာ ညောင်ဦးဖီးတစ်ယောက်ရှိနေတာကတော့ ခင်ဦးအတွက် စိတ်လက်ပေ့ါပါး သက်သာစရာပါပဲ။

'နေပါဦး၊ ဦးငဖီးက ဧရာဝတီမြစ်ရိုးတစ်လျှောက်ကို နက်ဖြန်ပဲ ခရီးထွက်ရမှာ ဟုတ်လား'

'ဟုတ်တယ်၊ ဘုရင်မင်းမြတ်နဲ့အတူ'

မသိမသာ တုံ့ဆိုင်းသွားပြီးတော့မှ သူက ခင်ဦးဆီ အကြည့်ကို ရွှေ့ပြီး အဝေးဆီကို ငေးမျှော်ရင်း . . .

'တပ်မင်းကြီးလည်း ပါမယ်'

ရင်ထဲမှာ လျှောင်တစ်ချက် သိမ့်ခနဲ လှုပ်သွားတယ်။ တပ်မင်းကြီးတဲ့။ ခင်ဦး နာကြည်းစွာနဲ့ မေ့ပျောက်ဖို့ ကြိုးစားနေတဲ့သူ၊ တမ္ဗဒီပမြေပေါ်ကို ခင်ဦး စတင်ခြေချကတည်းက တစ်ခါမှ မတွေ့ရတော့တဲ့ ရက်စက်သောချစ်သူ။

အာရုံအသစ်တွေ၊ စိတ်ဝင်စားရာအသစ်တွေနဲ့ ခင်ဦး ရင်ကို ခင်ဦးဖုံးလွှမ်းပိတ်ဆို့ထားခဲ့ပေမယ့် နက်ရှိုင်းသောတစ်နေရာမှာတော့ သည်အနာကရှိနေဆဲပါလား။ အို. . . ဒါတွေကို မစဉ်းစားနဲ့။ ဘဝချင်းခြားသွားပြီဖြစ်တဲ့လူတစ်ယောက်၊ သတ္တိမရှိတဲ့ သူရဲကောင်းတစ်ယောက်၊ သွေးကြောင်တဲ့ တပ်မင်းကြီးတစ်ယောက်ကို ရင်ထဲက အတွေးထဲက မောင်းထုတ်ပစ်လိုက်တယ်။

'ဦးငဖီးတို့ ဘယ်လောက်ကြာမလဲ'

သည်မေးခွန်းကို ခပ်ပေ့ါပေ့ါလေး မေးလိုက်ရပေမယ့် နောက်ကွယ်မှာ သိပ်ကို အရေးကြီးတဲ့အဓိပ္ပာယ်တွေ ပါနေတယ်။

'ရက်သတ္တနှစ်ပတ်လောက် ကြာမယ်၊ ပျက္ခယွေတောင်နဲ့ ကယွတ်တောင်ထက်က ကျတဲ့ရေကိုဆည်ပြီး ရေသောက်ကန်လုပ်ဖို့ရှိတယ်။ ပန်းလောင်မြစ်နားက ကင်းတား၊ ငနိုင်၊ ပြောင်းပြာ၊ ဂူမည်းဆည်တွေကိုလည်း စစ်ဆေးရဦးမယ်လို့ ဘုရင်မင်းမြတ်က ပြောတယ်'

တမ္ပဒီပနိုင်ငံတော်ကြီး တည်ဆောက်ရေးမှာ အချိန်နဲ့အမျှ လုံးပမ်းနေတဲ့ အနုရုဒ္ဓါဘုရင်။ ပြီးတော့ သူ့ရဲ့ သူရဲကောင်းတွေ၊ သူတို့ရဲ့နိုင်ငံတော်တည်ဆောက်မှုကိစ္စတွေကို ခင်ဦး အသေအချာ မသိပေမယ့် သူတို့ သိပ်အလုပ်များနေကြတာကိုတော့ ခင်ဦး သိတယ်။

ဘုရင်မင်းမြတ်ဟာ နန်းတော်မှာ နေခဲလှတယ်။ အချိန်နဲ့အမျှ သူ့လူတွေနဲ့အတူ တိုင်းခန်းလှည့်လည်နေတယ်။ နယ်ပယ်ပေါင်းများစွာ ကျယ်ဝန်းတဲ့ နေရာတွေဆီကို သွားနေတယ်။ အထူးသဖြင့် အခုနောက်ပိုင်း ခင်ဦးနေကောင်းလာပြီးနောက်မှာ သူဟာ နန်းတော်မှာ မရှိတာ များတယ်။

ခင်ဦး ကျန်းမာလာပြီးနောက်မှာ အနုရုဒ္ဓါဘုရင်ဟာလည်း တိုင်းခန်းလှည့် ခရီးသွားနေရတာမို့ ခင်ဦးတို့ရဲ့ လက်ထပ်ဘိသေကသဘင်ကိုတောင်မှ မကျင်းပရေးသေးဘူး။

ဒါပေမဲ့ လက်ထပ်သဘင်ဆိုတဲ့ အဲသည်တစ်နေ့ဟာတစ်စထက်တစ်စ နီးကပ်လာနေပြီလေ။ အခုလည်း ဧရာဝတီမြစ်ရိုးတစ်လျှောက် ခရီးထွက်ကြမလို့တဲ့။ သည်ခရီးက ပြန်လာချိန်မှာ ခင်ဦးကလည်း ပကတိ ကျန်းမာလာပြီဆိုတော့. . .

ညောင်ဦးဖီးက ခင်ဦးရဲ့မေးခွန်းနဲ့ အတွေးတွေကို ရိပ်စားမိပုံရတယ်။

'ဒီတစ်ခေါက် ပြန်လာပြီးရင်တော့ ဘုရင်မင်းမြတ်ဟာ နန်းတော်မှာ လ အတော်ကြာ နေဖို့ရှိတယ်'

ရှောင်လွှဲမရနိုင်တဲ့ တစ်နေ့ကို ရောက်လာတော့မှာပါလား။ ညောင်ဦးဖီးနဲ့ စကားလက်ဆုံပြောရင်း စိတ်လက်ပေါ့ပါးနေခဲ့တဲ့ ရင်မှာ မှိုင်းညို့သွားရပြန်ပါပြီ။

'ဟား...ထိပ်ထားလေးက ဒီမှာရောက်နေတာပါလား၊ အခစားဝင်ဖို့ နန်းတော်ကို ရောက်ခဲ့သေးတယ်'

ကျယ်ကျယ်လောင်လောင်နဲ့ အကဲမရတဲ့အသံတစ်သံကိုကြားလိုက်ရတယ်။ လှမ်းကြည့်လိုက်တော့ ဥယျာဉ်တော်မုခ်ဝ ပန်းရုံအောက်ကနေ ခြေလှမ်းကျဲကျဲနဲ့ လျှောက်လာတဲ့ စောလူးမင်းသား၊ သူ့နောက်မှာ နဖူးကို ရွှေကြိုးပတ်ပြီး လက်ယာမျက်လုံးပေါ်မှာ သားရေပြားအနက် ကပ်ထားတဲ့ မင်းရမန်။

နှစ်လိုစရာ နံနက်ခင်းလေး ပျောက်ကွယ်သွားပြီလို့ ခင်ဦး သိလိုက်တယ်။

Y

'အင်း. . . ညောင်ဦးဖီးလဲ ရောက်နေတာကိုး။ ခမည်းတော်ဆီက အမှာ စကားတစ်ခုခုပါးဖို့ လာတာနဲ့တူရဲ့၊ ဟုတ်စ အေးလေ ထိပ်ထား လေးနဲ့ ညောင်ဦးဖီးတို့က မဆွကတည်းက ခင်မင်ရင်းနှီးခဲ့ကြပြီးသား မိတ်ဆွေရင်းတွေပဲ မဟုတ်လား'

စောလူးမင်းသားရဲ့ အပြုအမူ အပြောအဆိုတွေကို မနှစ်မမြို့ခံစားလိုက်ရတယ်။ ဘုရင့်သားတော်တစ်ပါးအနေနဲ့ သူဟာ ဘာကြောင့်များ သည်လောက် ပေါ့တန်နေရတာပါလိမ့်။

စောလူးမင်းသားရှေ့မှာ ရပ်နေတာ ခင်ဦးအဖို့ အဆိပ်ရှိတဲ့ မြွေတစ်ကောင်အနီး ဖြတ်လျှောက်ရသလို မလုံမလဲ ရှိလွန်းလှတယ်။ သည့်အထဲမှာ သူ့ဘေးက မင်းရမန်ကလည်း ဟိတ်ကြီးဟန်ကြီးနိုင်လှတယ်။

ညောင်ဦးဖီးကတော့ သူ့ရဲ့တုတ်ခိုင်ကြီးထွားလှတဲ့ ခန္ဓာကိုယ်ကြီးကို ကြိုးစားပြီး ကျုံ့ကျုံ့ယုံ့ယုံ့ဖြစ်အောင် အနေအထား ပြောင်းနေတယ်။ အေးလေ. . . စောလူးမင်းသားဟာ ဘာပဲဖြစ်နေနေသူ့အရှင်သခင်ဘုရင်မင်းမြတ်ရဲ့ သားတော်ပေပဲ။

စောလူးမင်းသားက ညောင်ဦးဖီးကို တစ်ချက်ကြည့်ပြီး ရှိတယ်လို့ မထင်တဲ့အမူအရာနဲ့ ခင်ဦးရှေ့မှာ ခါးကိုင်းညွှတ်လိုက်တယ်။

'ထိပ်ထားလေး နာမကျန်းဖြစ်နေတုန်းက သတင်းမေးဖို့ အားပေးဖို့ အဆောင်တော်ဆီ လာမယ်လို့ ရည်ရွယ်ခဲ့ပါတယ်။ ဒါပေမဲ့ ခမည်းတော် အမိန့်အရ ဘယ်သူမှမဝင်ရဆိုတော့လည်း အသာနေလိုက်ရတယ်။ သို့သော်လည်းကျုပ်ရဲ့သမားတော်ကြီးတစ်ယောက်ကိုတော့လွှတ်လိုက် သေးတယ်။ ထိပ်ထားလေးဆီ ရောက်တယ်မဟုတ်လား'

'အဲဒါအတွက် ကျေးဇူးတင်ရှိပါတယ် ဥပရာဇာ'

မျက်နှာထားတင်းသလို လေသံလည်း မာနေမှာပဲ။ ခင်ဦးမတတ်နိုင် ဘူး။ ခင်ဦးကို အရိုအသေပြုပြန်နဲ့ ကိုယ်ကိုယို့ထားပေမယ့် စောလူးမင်းသား ရဲ့ မျက်လုံးတွေကို ခင်ဦး မကြိုက်ဘူး။ သူ့ရဲ့ ဖြူစပ်စပ် အသားအရည်က ဘုရင့်သားတော်တစ်ပါးအနေနဲ့ ကြံ့ခိုင်လေးနက်မှု ကင်းလွန်းလှတယ်။

ပြီးတော့ သူ့ဘေးက မင်းရမန်။ သားရေပြားအနက်ဖုံးထားတဲ့ မျက်လုံး က ဘယ်သို့ရှိတယ် မပြောတတ်ပေမယ့် အကောင်းတစ်ဖက်ကျန်တဲ့ ဝဲဘက် မျက်လုံးထဲက နီကြောင်ကြောင်မျက်ဆံနဲ့ ကြိမ်ဖန်များစွာ မျက်တောင် တဖျပ်ဖျပ်ခပ်နေတာကို ခင်ဦး နည်းနည်းလေးမှ မျက်စိထဲ မတွေ့ဘူး။

စောလူးမင်းသားက အနားမှာရှိတဲ့ ကျောက်ဆစ်ပန်းကနုတ်တိုင်ကို လှမ်းကိုင်ရင်း . . .

'ထိပ်ထားလေး ကျန်းမာလာပြီဆိုတော့လည်း ဝမ်းသာစကားကို အဦးဆုံး ပြောချင်တာ၊ လက်ဆောင်တော်တွေနဲ့အဦးဆုံးအခစားဝင်ချင် တာ၊ ဒါပေမဲ့ ထိပ်ထားလေးအနားမှာ တမ္ပဒီပတစ်ပြည်လုံးက ပို့ကြ တဲ့ နှုတ်ခွန်းဆက်စကားတွေနဲ့ လက်ဆောင်တော်တွေ အပြည့်အလျှံ ဖြစ်နေတယ်ဆိုတာ သိရတော့ အသာလေး နောက်ဆုတ်နေရပြန်ရော၊ မဟုတ်ဘူးလား မင်းရမန်'

မင်းရမန်က သူ့ရဲ့ သွားကျဲကျဲတွေပေါ်အောင် ပြုံးတယ်။

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။ ကျွန်တော်တို့က ထိပ်ထားလေးနဲ့ ပတ်သက်ရင် အမြဲပဲ နောက်ကျကျန်ရစ်သူ ဖြစ်နေတယ်။ နောက်ကျကျန် ရစ်ပြီးမှ အားလုံးကို ပြန်ပြန်သိရတယ်'

မင်းရမန်စကားအဆုံးမှာ စောလူးမင်းသားက တဟက်ဟက်ရယ်တယ်။ လျှပ်ပေါ်တဲ့ရယ်သံ။ တစ်စုံတစ်ခုကို လှောင်ပြောင်တဲ့ ရယ်သံမျိုး။

ဒါ ဘာသဘောလဲ၊ ခင်ဦး မနှစ်မြို့ ဖြစ်လိုက်တာ။

'ထားပါတော့လေ၊ တို့က အမြဲလိုလို နောက်ကျကျန်ရစ်ခဲ့ပေမယ့် အခုတစ်ကြိမ်တော့ အဦးအဖျား ဖြစ်နေပြီပဲ။ ထိပ်ထားလေးဆီကို ဒါကြောင့်မရအရရှာပြီး အဲ. . . အခစားဝင်တာပေါ့။ သတင်းဦးသတင်းထူးကို သံတော်ဦး တင်ချင်လွန်းလို့'

ညောင်ဦးဖီးက ခပ်လှမ်းလှမ်း ပန်းချုံတွေဆီကို ထွက်သွားတယ်။ ဘုရင်သားတော်ရှေ့မှာ သူလည်း အနေကျုံ့တယ် ထင်ပါတယ်။ ခင်ဦးကတော့ သည်နှစ်ယောက်ကို မကောင်းတတ်လွန်းလို့ ဆက်လက်နားထောင်ရတော့မယ်။

'ဒီလိုပါ ထိပ်ထားလေး၊ ဟောဒီ ကျုပ်ရဲ့ နို့စို့ဖက် ရောင်းရင်း အကြည်တော်ကြီး မင်းရမန်က ဇာတာများ စစ်ဆေးချင်လို့ဆိုတာနဲ့ နန်းတော်သုံးဟူးရား ပညာရှိကြီးတွေဆီ ကျုပ်တို့ ရောက်ခဲ့ကြတယ်။ ဟူးရားပညာရှိတစ်ပါးကို ကျုပ်ဆီ အခစားဝင်ဖို့ ခေါ်လိုက်ပေမယ့် နန်းဦးဆောင်မှာ ခမည်းတော်ရဲ့အမိန့်တော်နဲ့ပညာရှိတွေစုရုံးရောက်နေကြတယ်ဆိုလို့ ကျုပ်တို့လည်း နန်းဦးဆောင်ဆီ လိုက်ခဲ့ကြရတာပေါ့'

'ဟုတ်တယ်၊ နန်းဦးဆောင်မှာ ဟူးရားတွေ စုံညီတွေ့ခဲ့ရတယ်'

မင်းရမန်က အူလှိုက်သည်းလှိုက် ထောက်ခံလို့ သူတို့နှစ်ယောက်ကြည့်ရတာ တစ်ခုခုကို အတိုင်အဖောက် ပြောဆိုဖို့ တိုင်ပင်ခဲ့ကြပုံ။

'ဟူးရားပညာရှိတွေ ခေါင်းချင်းဆိုင်ပြီး တွက်ချက်နေကြတယ်။ နက္ခတ်ရှာနေကြတယ်။ အခါတော်ရွေးနေကြတယ်။ အဲဒါ ဘာအတွက်လဲ ထိပ်ထားလေး သိချင်မှာပဲ။ ထိပ်ထားလေး သိသင့်တယ်လို့ ဆုံးဖြတ်ပြီး ကျုပ်တို့ ဝမ်းသာအားရနဲ့ ဦးဦးဖျားဖျားလာပြီး အသိပေးသံတော်ဦးတင်ကြတာလေ၊ ဘာကိစ္စအတွက် ဟူးရားတွေ စုဝေးနေကြတယ် ထင်သလဲ ထိပ်ထားလေး'

ခင်ဦး ဘာမှမပြောဘဲ ငြိမ်သက်မှုကို ပိုပြီးထုထည်ကြီးအောင် တည်ဆောက်နေလိုက်တယ်။

စောလူးမင်းသားက ဝမ်းခေါင်းသံထုတ်ပြီး ဆက်ပြောတယ်။

'ခမည်းတော်နဲ့ ထိပ်ထားလေးတို့ရဲ့ လက်ထပ်ဘိသေကသဘင်၊ ထိပ်ထားလေးကို ရွှေနန်းဆောင်လက်ရ မိဖုရားကြီးအဖြစ်ဘိသိက်သွင်း တင်မြှောက်မယ့်သဘင်ပဲ၊ခမည်းတော် တိုင်းခန်းလှည့်လည်ပြီးအပြန်မှာ ကျင်းပကြမယ်တဲ့၊ ဘယ့်နှယ်လဲ ဝမ်းမသာဘူးလား'

ခင်ဦးတစ်ကိုယ်လုံးက သွေးကြော ဖျဉ်းခနဲ။

မင်းရမန်က ယာဘက်မျက်လုံးပေါ်က သားရေပြားကို ပွတ်သပ်ပြီး ပြောပြန်တယ်။

'အတိ မင်္ဂလာရှိတဲ့သတင်းထူးကို ဦးဦးဖျားဖျား သံတော်ဦးတင်ခွင့် ရလို့ ကျွန်တော်မျိုးများ ဂုဏ်ယူလှပါတယ်။ အဘိသေကမင်္ဂလာသဘင်မှာ ကျွန်တော်မျိုးတို့ ချီးမြှင့်သနားတော်မူဖို့လည်း မမေ့ပါနဲ့ ထိပ်ထားလေး'

စောလူးမင်းသားက ခင်ဦးကို စူးစူးရဲရဲကြည့်ပြန်တယ်။

'တမ္ဗဒီပ နိုင်ငံတော်ကြီးမှာ ဝမ်းအသာဆုံးလူဟာ ကျုပ်ပါပဲ၊ ခမည်းတော်နဲ့ပတ်သက်ပြီး ဒီလောကမှာ အငယ်ဆုံး၊ အလှဆုံးဆိုတဲ့မယ်တော်လေးတစ်ပါးကို ကျုပ်ရတော့မို့ပါပဲ၊ မဟုတ်ဘူးလား မင်းရမန်'

'အဲဒါကလည်း ဂုဏ်ယူစရာပါပဲ အရှင့်သား'

ရိုင်းပျလွန်းလှတဲ့ သူတို့ရဲ့အမူအရာ လေသံနဲ့ ပြောပုံဆိုပုံတွေ။

ခင်ဦး အေးစက်တောင့်တင်းသွားတယ်။

'မင်္ဂလာသတင်းကို ဦးဦးဖျားဖျား သံတော်ဦးတင်ခွင့်ရတဲ့အတွက်လည်း ကျုပ်ဟာ အပျော်ဆုံးလူဖြစ်သွားပြီ၊ ခွင့်ပြုတော်မူပါဦး ထိပ်ထားလေး။

စောလူးမင်းသားနဲ့ မင်းရမန်တို့ဟာ လိုသည်ထက်ပိုစွာ ကိုယ်ကို ကိုင်းညွှတ်ပြီး ထွက်ခွာသွားကြတယ်။

အဝေးဆီက တံလျှပ်ဟာ ခင်ဦးရဲ့မျက်လုံးထဲကို ဝင်လာကြတယ် အမှန်တော့ ခင်ဦးရဲ့ မျက်ဝန်းရိပ်တွေကပဲ တံလျှပ်တွေဖြစ်သွားကြတာပါ။

[၂၉]

ဥဿာနဲ့ တမ္ပဒီပတို့ရဲ့ ချစ်ကြည်မှုမဟာမိတ်အဖြစ်ကို ပြည့်ပြည့်ဝဝကြီး တည်ဆောက်လိုက်ကြပါပြီ။

တမ္ပဒီပ တစ်နိုင်ငံလုံးလည်း ပျော်ပွဲသဘင်တွေ ခြိမ့်ခြိမ့်သဲကျင်းပလို့၊ နန်းတော်ကြီးမှာလည်း ညဉ့်အမှောင်ပျောက်စေတဲ့ ဆီးမီးတွေကို ထိန်ထိန်ညီးညီး ထွန်းညှိလို့။

ဟူးရားတွေရဲ့ ရွတ်ဖတ်သံ၊ ခရုသင်းမှုတ်သံ၊ ထိုးစည်သံ၊ ပန့်တျာသည်တို့ရဲ့ ခွင်းခွက်သံ၊ ငြင်းသံ၊ ပတ်သာသံ၊ ဥဿာပညာသည်တွေရဲ့ မိကျောင်း တူရိယာသံ၊ အရိမဒ္ဒနပူရတိုင်းကြီးရဲ့ သာယာဝပြောပုံ၊ ခမ်းနားကြီးကျယ်ပုံ၊ ဘုရင်အနုရုဒ္ဓါရဲ့ ဘုန်းအာဏာစက် ကြီးမားကျယ်ပြန့်ပုံ။ ပြီးတော့ မဏိစန္ဒာရဲ့ လူမက နတ်တမျှသော အလှဘွဲ့၊ ဂုဏ်ကျက်သရေဘွဲ့၊ ဘုန်းတော်ဘွဲ့။

ရွှေရောင် ငွေရောင် တောက်ပနေတဲ့ နန်းတော်မျက်နှာကျက်တွေ၊ ပန်းရင့်ပဝါ သိုင်းခြည်ထားတဲ့ တိုင်လုံးကြီးတွေ၊ စူးရဲချိုမြ ပန်းဝတ်ရည် အမွှေးနံ့သာတွေ။ တဖွဲဖွဲ တသဲသဲဝင်လာခစားမစဲတဲ့ တမ္ပဒီပ အမျုးအမတ်၊

ကန်လန့်၊ သံပျင် အမှုတော်ထမ်းတွေ၊ ငှက်ခါးရောင်ပိုးစကို လုံ့သွားမားရိုး မှာ ချည်နှောင်ပြီး လက်နက်မျိုးစုံမြှောက်ချီ ကောင်းချီပေး ကြွေးကြော် ကြတဲ့ တမ္ပဒီပတပ်ဖွဲ့ ရဲမက်တွေ။

ဟူးရားတွေရဲ့ တုန်ခါမြည်ဟည်းနေတဲ့ ရွှတ်ဖတ်သံအဆုံးမှာ ခင်ဦး ရဲ့ ဦးထိပ်ထက်ဆီကို ရတနာသရဖူတစ်ခု ရောက်လာတယ်။

ရွှေခြည်ဖောက် စုလျားအဝတ်က ဘုရင်အနုရုဒ္ဓါနဲ့ ခင်ဦးလက်နှစ် ဖက်ကို ပူးတွဲချည်နှောင်ရစ်ပတ်ထားတယ်။ ဟူးရားရဲ့ ရွှေကရားနှုတ်သီးထဲ က အမွှေးနံ့သာရည်ဟာ ခင်ဦးရဲ့လက်ခုံ လက်ဖမိုးနဲ့ လက်ဝတ်အပြည့် ဝတ်ဆင်ထားတဲ့ လက်ချောင်းတွေပေါ် တသွင်သွင် သွန်ကျလာတယ်။

အေးမြတဲ့ နံ့သာရည်ထဲမှာ ခင်ဦးလက်တွေအရည်ပျော်လောင်ကျွမ်း သွားပါတော့လား။ ရတနာ သရဖူအောက်က ခင်ဦးရဲ့ နဖူးပြင် ဦးခေါင်း ဝန်းကျင်မှာ မီးလျှံတွေ ဟုန်းဟုန်းတောက်လိုက်ပါတော့လား။ မိဖုရားကြီး တို့ရဲ့ ဘယက်ဒွါဒရာကိုဝတ်ဆင်ထားတဲ့ ခင်ဦးတစ်ကိုယ်လုံး ပလ္လင်နဲ့အတူ မြေကြီးအောက်ကို နစ်မြုပ်သွားလိုက်ပါတော့လား။

> 'အမျိုးအမတ်၊ ကလန်၊ သံပျင်၊ သံဖမ တရားအမှုတော်ထမ်း၊ ဗိုလ်ပါစစ်သည်တပ်ဖွဲ့ရဲမက်များ အလှည့်ကျ ရှေ့တော်ဝင် ခစားကြ စေ၊ ကောင်းမြတ်ခြင်းမင်္ဂလာကို အရှင်နှစ်ပါးထံမှ မိမိတို့ထံသို့ သက် ဆင်းယူငင်ကြစေ'

နန်းရင်ပြင်မှာ တပ်ဖွဲ့တစ်ဖွဲ့ပြီးတစ်ဖွဲ့ အလှည့်ယူ အခစားဝင်ကြ တဲ့ အမှုတော်ထမ်းတွေနဲ့။

ငှက်ခါးရောင်ဇပဝါပါးရဲ့ နောက်ကနေ တစ်နန်းတော်လုံးကို ခင်ဦး ထွေပြားမှိုင်းရီစွာ မြင်နေရတယ်။

အလှည့်ယူ အခစားဝင်ကြသူတွေ တစ်သုတ်ပြီး တစ်သုတ်။

'တမ္ပဒီပ တပ်တော်ကြီး ဝင်စေ'

ကြက်သွေးရောင် တံခွန်၊ ပန်းဆီပဝါ ချည်နှောင်ထားတဲ့ လုံ့သွား၊ မားရိုးကိုင်၊ ဗိုလ်ပါရဲမက်တွေ အလှည့်တဲ့လား။

တပ်တော်ကြီးရဲ့ ရှေ့ဆုံးမှာ တပ်မင်းကြီးက ခေါင်းဆောင်လို့. . ။

ပလ္လင်ရှေ့မှောက် အရောက်မှာ တုန့်ခနဲရပ်၊ နန်းကြမ်းပြင်ပေါ် ဒူးထောက်၊ ခါးကို ကိုင်းညွှတ်ခစား. . . ။ မော်မကြည့်ရ။

ဘုရင်နဲ့ မိဖုရားကို ရှေ့တူရူ တည့်တည့်အရပ်မှ မော်မကြည့်ရ။

ရှင်နဲ့ ကျွန်မ ဘဝ ခြားသွားပါပြီ။

ရှင်နဲ့ ကျွန်မဟာ တစ်ယောက်အတွက် တစ်ယောက် အပြန်အလှန် သေဆုံးသွားကြပြီ တပ်မင်းကြီး ကျန်စစ်သား။

Z

## [၃၀]

အိပ်မက်ထဲမှာ အိပ်မက်ငယ်တစ်ခုကို ထပ်မံမြင်မက်နေရတယ်။ မီးပုံကြီးထဲက မီးလျှံစွယ်တစ်ခုပေလား။

မီးတောက်တွေရဲ့ တဟဲဟဲအော်မြည်သံဟာ လူတစ်ယောက်ရဲ့စကားပြောသံတွေအတိုင်း ထွက်ပေါ်နေတယ်။ အဲသည်လူဟာ စောလူးမင်းသား။ ဟင့်အင်း. . မဟုတ်ဘူး။ သူဟာ စောလူးမင်းသား မဟုတ်ပါဘူး။ နဂါးတစ်ကောင်ပါ။ သူ့နှုတ်ခမ်းတွင်းကို ဟလိုက်တိုင်း အထဲက မီးလျှံတွေ ခြောင်းခြောင်းထွက်နေတယ်။ ဟုတ်တယ်. . . သူဟာ နဂါးတစ်ကောင်၊ မျက်လုံးတွေ ရဲရဲနီနေတယ်။ ရန်လိုတဲ့ ပါးပျဉ်းခွက်ကြီးက ယိမ်းလှုပ်နေတယ်။

အငွေ့ခြောင်းခြောင်းထနေတဲ့ မီးလျှံတွေကလည်း နန်းရင်ပြင်ညီလာခံခန်းမတစ်ခုလုံးမှာ နေရာလပ်မရှိ။

‘ထီးနန်းသခင်၊ ပြည်ကြီးရှင်တို့ ဆင်မြန်းအပ်ရာသော နဝရတ်ကိုးသွယ်ကိုလည်း ခမည်းတော် ကိုယ်တော်တိုင်နဲ့တကွ ဟောဒီ နန်းရင်ပြင်ညီလာခံခန်းမမှာ ရှိနေကြတဲ့ သံဖမတရားအဖွဲ့၊ သူရဲကောင်းအဖွဲ့နဲ့ မှူးမတ် ကလန်သံပျင် ပညာရှိအဖွဲ့များအားလုံး သိကြပြီးသား ဖြစ်ပါတယ်’

စောလူးမင်းသား တော်ပါတော့၊ ရပ်ပါတော့လို့ ခင်ဦးအသံကုန် အော်နေမိတယ်။ ဒါပေမဲ့ ရင်တွင်းမှာသာ ပွတ်သပ်တိုးဝှေ့နေတယ်။ သည်မီး လျှံငွေ့တွေ ဝေ့ဝိုက်ခြုံလွှမ်းထားတဲ့ ညီလာခံ ခန်းမထဲမှာ ဘုရင်အနုရုဒ္ဓါ ကိုယ်တိုင်လည်း အပါအဝင်။

'ရာဇမြွေ၊ တူသမျှနှင့် လူများဦးကိုင်၊ ထွက်ဖူးတိုင်သည့်၊ စိုးပိုင်ဘဝ၊ မင်းထိုမျှတို့၊ နှိမ့်ချထိုက်စွာ၊ သူယုတ်မာကို၊ အာဏာနှိမ်ပြီး၊ ချီးမြှောက် ထိုက်ငြား၊ ကြည်ဖြူချီးမြှောက်မှုဖြင့်၊ မကောင်းသူပယ်၊ ကောင်းသူ ကယ်သည့်၊ ဘုန်းကြွယ်သက္ကာ၊ ဒေဝိန္ဒ. . .' ဆိုတဲ့ စကားရပ်အတိုင်း ခမည်းတော်ဟာ ချီးမြှောက်ထိုက်သူ၊ ဖိနှိပ်ထိုက်သူများကို တိကျပြတ် သားစွာ ခွဲခြားပြီး အရေးတော် ယူအုပ်စိုးခဲ့တာ အရိမဒ္ဒနာပူရ တစ်ပြည် လုံး သိကြပြီး ဖြစ်ပါတယ်။ ခမည်းတော်ဘုရင်မင်းမြတ်'

စောလူးမင်းသား သို့မဟုတ် နဂါးတစ်ကောင်ရဲ့ စကားလုံးတွေ။

ဆူညံပေါက်ကွဲသွားတဲ့အသံ ဖြစ်လေတော့ ခင်ဦးရဲ့ အော်ဟစ်သံဟာ ခင်ဦးရဲ့ နှလုံးအိမ်နံရံကိုပဲ တိုက်ခိုက်ဖွဲ့ခြွေနေတော့တယ်။

စောလူးမင်းသားကတော့ မီးတောင်ပေါက်ကွဲသလို ပြောဆဲ။

'အမျုးအမတ်သည် ပြည်၏ဦးကင်း၊ မဟာထေရ်သည် ပြည်၏ တံခွန်၊ ပုရောဟိတ်သည် ပြည်၏မျက်စိ၊ သံတမန်အထောက်တော်သည် ပြည်၏နား၊ မင်းညီမင်းသား ဆွေတော်များသည် ပြည်၏အစွယ်အသွား၊ သားသမီးရတနာသည် ပြည်၏မျက်နှာ၊ သူဌေးသူကြွယ်သည် ပြည်၏ ဝမ်း၊ သူရဲကောင်းသည် ပြည်၏လက်၊ ဆင်မြင်းရထားသည် ပြည်၏ ခြေဆိုပြီး မင်းကို ဝတ်ဆင်အပ်သော ရတနာကိုးသွယ် ရှိရာမှ. . .'

တမ္ပဒီပ ပြည့်ရှင်ဘုရင်ကြီးလည်း မတားနိုင်တော့ဘူးလား။ စောလူး မင်းသားရဲ့ ခံတွင်းထဲက မီးလျှံမီးစွယ်တွေကို မပိတ်ပင်နိုင်တော့ဘူးလား။

'အခုအရေးက အရိမဒ္ဒပူရရဲ့ မင်းညီမင်းသားတစ်ပါးလို့လည်း ဆိုနိုင် သူ၊ သူရဲကောင်းတစ်ဦးလည်းဖြစ်သူ၊ သံတမန်လည်းဖြစ်သူ သုံးဘဝ သုံးဌာနကို ကိုယ်စားပြုထားသူကြီးကိုယ်တိုင် မဖွယ်မရာ ဖောက်ပြန် ကျူးကျော်ခဲ့ပြီမို့ ပြည်ရဲ့အစွယ်အသွား၊ ပြည်ရဲ့လက်၊ ပြည်ရဲ့နားတွေ ဟာ ဂုဏ်သတင်းညှိုးငယ်စရာ ဖြစ်လာပါပြီ ခမည်းတော်ဘုရင်မင်းမြတ်'

'ရှင် စကားတွေ တတ်လှချည်ထား၊ စောလူးမင်းသား၊ တမ္ဗဒီပ နိုင်ငံတော်ရဲ့ ဥပရာဇာတစ်ယောက်အဖြစ် ရှင့်ကို ကျွန်မ ဘယ်တုန်းကမှ ဒီလောက် ရာဇရေးရာ ထုံးနည်းနာတွေကို သိထားလိမ့်မယ်လို့ မထင်ခဲ့ဘူး၊ အခုတော့ ရှင်က. . .'

'လောကအရေး၊ ရာဇအရေး၊ ဓမ္မအရေး၊ အရေးသုံးပါးမှာ ဘယ်အရေးနဲ့ပဲကြည့်ကြည့် မသင့်တော် မလျော်ကန်လှတာမို့ ဂုဏ်သိက္ခာအပေါင်းနဲ့ ပြည့်စုံသော အရိမဒ္ဒနပူရပြည်သား ပြည်သူတို့ကိုယ်စား သားတော် လျှောက်ထား စွဲဆိုလိုက်ပါပြီ ခမည်းတော်'

သည်စကားတွေပြောဖို့ သည်လိုအခြေအနေရောက်လာဖို့ ရှင်ဘယ်လို တည်ဆောက်ခဲ့တယ်ဆိုတာ ကျွန်မ သိလိုက်ပြီ စောလူးမင်းသား၊ ပုဂံ အိမ်ရှေ့ ဥပရာဇာအဖြစ် ဥဿာနန်းဆောင်မှာ စတွေ့ကတည်းက ရှင့် အသွင်၊ ရှင့်အမူအရာတွေကို ကျွန်မဘာကြောင့်မနှစ်မမြို့ဖြစ်ရသလဲဆိုတာ ကိုပဲ။ အခုတော့ ကျွန်မ နားလည်ခဲ့ပြီ။ ဩော်. . . တကယ်တော့ ရှင်ဟာ ကမ္ဘာလောကကြီးထဲကို အဆိပ်အတောက်များနဲ့ ပက်ဖျန်းဖို့ရောက်ရှိလာသူ ပေပဲ။

စောလူးမင်းသားရဲ့ အသံအဆုံးမှာ ညီလာခံခန်းမတစ်ခုလုံး တိတ်ဆိတ်သွားတယ်။ ရွှေရောင်ပြိုးပြက် တိုင်လုံးကြီးတွေက စောလူးမင်းသားရဲ့ စကားတွေကို မချိမဆန့် ပဲ့တင်ပြန်နေကြတယ်။ အထောင်အသောင်းသော မြွေတွေ နန်းရင်ပြင်တစ်လျှောက်မှာ ကျဲပြန့်တိုးဝှေ့နေကြသလို စောလူးမင်းသားရဲ့ စကားတွေဟာ အားလုံးရှေ့မှောက်မှာ ချောက်ချားဖွယ် စီးဆင်းနေတယ်။

အံ့ဩထိတ်ခိုက်ခြင်း၊ ထိတ်လန့် နာကြည်းခြင်းတွေကြောင့် ခင်ဦးတစ်ကိုယ်လုံး ခြစ်ခြစ်တောက် ပူလောင်နေပြီထင်ပါရဲ့။ တစ်ခုခုကို အော်ဟစ်ပြောလိုက်ဖို့ ခင်ဦး ကြိုးစားတယ်။

'စောလူးမင်းသားရဲ့ စွပ်စွဲချက်တွေဟာ တစ်ခုမှမဟုတ်ဘူး။ တပ်မင်းကြီး ကျန်စစ်သား ဥဿာကနေ တမ္ဗဒီပကို အပြန်လမ်းမှာ မင်းဘဏ္ဍာကို ထိပါးချိုးဖောက်ခဲ့တယ်ဆိုတာလည်း မဟုတ်ဘူး။ သူဟာ ခရီးလမ်းတစ်လျှောက်လုံးမှာ ပြည်တော်ပြန် တပ်မကြီးကို ဦးဆောင်ခဲ့

တယ်။ တစ်ချိန်လုံးလုံး သူဟာ ခင်ဦးအနားကို မရောက်လာခဲ့ဘူး။ ထိပါးချိုးဖောက်ဖို့ဝေးစွ၊ ဘုရင်မင်းမြတ်ရဲ့ မင်းဘဏ္ဍာတော်ကိုယောင်လို့မှ မော်ကြည့်ခဲ့သူ မဟုတ်ဘူး။ သူဟာ တစ်ချိန်လုံး အသက်ကင်းမဲ့တဲ့ ကျောက်တုံးတစ်တုံးလို ကြိုးခွေလို နေလာခဲ့တာ၊ ရှင်တို့ စွပ်စွဲတာတွေ တစ်ခုမှ မဟုတ်ဘူး’

ခင်ဦးရဲ့ အော်သံတွေဟာ ရင်ထဲမှာ ပေါက်ကွဲနေတော့တယ်။

နှုတ်က မထုတ်သာတဲ့အဖြစ်၊ တစ်နွယ်ငင် တစ်စင်ပါ အတိတ်က အကြောင်းတွေကို တစ်ထွေးကြီး ချပြရတော့မယ့်အဖြစ်။

ခင်ဦး အစအဆုံး အော်ဟစ်တိုင်တည်လိုက်ချင်ရဲ့။

‘လုပ်ကြံစွပ်စွဲချက်တွေအားလုံး မှားနေပြီ ရှင်တို့ရဲ့၊ သိရဲ့လား။ အမှန်က တပ်မင်းကြီးနဲ့ ခင်ဦးတို့ဟာ ဂွမ်းစစ်သည်တွေအရေးကတည်းက တစ်ယောက်နဲ့တစ်ယောက် တွေ့ဆုံပြီး သံယောဇဉ်ဖြစ်ခဲ့ကြတာ။ ဟောဒီလောကမှာ ဘုရင်အနုရုဒ္ဓါ၊ စောလူးမင်းသားဆိုတဲ့ ယောကျ်ားကြီးတွေရှိတယ်ဆိုတာ မသိခင်ကတည်းက ကျွန်မတို့ဟာ ငြိတွယ်နှောင်ဖွဲ့ခဲ့ကြတာ၊ ကျွန်မကို တမ္ဗဒီပဘုရင်ထံ ဆက်သမယ်ဆိုတာ သိသိချင်း အားလုံးနဲ့ဝေးရာကို ထွက်ပြေးကြဖို့ ကျွန်မကပဲ ကျန်စစ်သားကို ပြောခဲ့တာ။ သူဟာ ကျွန်မရဲ့ ချစ်သူလေ။ ကျွန်မရဲ့ အမောင်လေ။ ဒါပေမဲ့ ကျန်စစ်သားဆိုတဲ့ သူရဲကောင်းကြီးက သူ့အရှင်သခင်ရဲ့ ဘဏ္ဍာတော်ဖြစ်သွားပြီဆိုတာ သိလိုက်တဲ့အချိန်ကစပြီး ကျွန်မမျက်နှာကိုတောင် စေ့စေ့ကြည့်တော့တာ မဟုတ်ဘူး၊ ရာဇလုံ့တံကို ရွှေကြာရံကလပ်ပေါ်တင်၊ ကျွန်မရွှေ့မှောက် ချလိုက်တဲ့အချိန်ကစပြီး ကျန်စစ်သားဟာ အမောင်ထု ကန့်လန့်ကာကြီးကို သူ့ဘက်ကနေ ဆွဲချခဲ့တာ။ အဲဒီအချိန်ကစပြီး ရှင်တို့ရဲ့ သူရဲကောင်းကြီးကို ကျွန်မ နာကြည်းခဲ့ရတာ၊ ဒါတွေကို ရှင်တို့မသိဘဲနဲ့ ဘာဖြစ်လို့များ ယုတ်ညံ့တဲ့ စွပ်စွဲချက်တွေနဲ့ ပုတ်ခတ်နေရတာလဲဟင်’

ဘုရား၊ ဘုရား ခင်ဦး သည်လို ဟစ်ကြွေးတိုင်တည်လိုက်ချင်ပေမယ့် ခင်ဦးရဲ့နှုတ်ကို ပိတ်ဆို့ထားတာတွေက များလှပါကလား။ ဘုရင်အနုရုဒ္ဓါရဲ့ မိဖုရားကြီးတစ်ပါး၊ ဥဿာဘုရင်ရဲ့ သမီးတော်၊ နှစ်ပြည့်တစ်ပြည်

မဟာမိတ်ရဲ့ အမြင့်ဆုံး ပြယုဂ်ဆိုတဲ့ နှောင်ကြိုးတွေ ခင်ဦးကို အထပ်ထပ် တုတ်နှောင်ထားတဲ့ ခင်ဦး မရုန်းနိုင် မလွန့်လူးနိုင်တဲ့ နှောင်ကြိုးတွေ။ ပြီးတော့ မိန်းမသားဆိုတဲ့ ဘဝ။

သိရ ခံစားရတာတွေကို သိတဲ့အတိုင်း ခံစားရတဲ့အတိုင်းမဖွင့်ဟသာတဲ့ မိန်းမသားဘဝ၊ စောင့်စည်းမှုဆိုတဲ့ သံကွန်ခြာကြီးအောက်မှာ အကျဉ်းကျနေတဲ့ အမှန်တရား၊ ထောက်ထားငဲ့ညှာမှုဆိုတဲ့ ကျောက်ဖျာကြီးအောက်မှာ ပိနေတဲ့ အဖြစ်မှန်တွေ။

လက်ယာဘက် ရာဇပလ္လင်ဆီက လှုပ်လှုပ်ရှားရှားသဏ္ဍာန်ကို ခင်ဦး ရိပ်ခနဲမြင်လိုက်လို့ တစ်ချက်ဝင့်ကြည့်လိုက်တယ်။

ဘုရင်မင်းမြတ်ဟာ ရာဇပလ္လင်ပေါ် ကြွန္မကို ဆောက်တည်ရင်း သက်ပြင်းရှိုက်လိုက်ဟန် တူပါရဲ့။ သူ ခင်ဦးရှိရာ ငဲ့စောင်းကြည့်နေခဲ့သလား ခင်ဦး မသိဘူး။ သူ ဘာတွေ တွေးနေသလဲ၊ ဘာကို ဘယ်လိုဆုံးဖြတ်မှာလဲ ခင်ဦး သိချင်လိုက်တာ။

မဏိစန္ဒာအပေါ်မှာ အထင်မှား အမြင်မှားဖြစ်နေပြီလား။ ဒါမှမဟုတ် ချစ်သူမြတ်နိုး အားထားလှတဲ့ တပ်မင်းကြီး ကျန်စစ်သားအပေါ်မှာ အမျက်ခြောင်းခြောင်းထွက်နေပြီလား။ ဒါမှမဟုတ် အားလုံးကိုပဲ စိတ်နှလုံး ငြီးငွေ့ ကုန်ခမ်းသွားပြီလား။

သြော်... ခုချိန်မှာတော့ နှလုံးအထိခိုက်ရဆုံးဟာ ခင်ဦးလည်းမဟုတ်၊ အမောင်လည်းမဟုတ်၊ ဘုရင်အနုရုဒ္ဓါသာဖြစ်ပေလိမ့်မယ်လို့ ခင်ဦးအတွေး ရောက်လိုက်မိတယ်။

စွဲဆိုလျှောက်ထား သံတော်ဦးတင်သူက သူ့သားတော် စောလူး မင်းသား။

စွဲဆို တိုင်တန်းခြင်းခံရသူ ရာဇဝတ်သင့်သူက သူ့လက်ရုံးတပ်မင်း ကြီး ကျန်စစ်သား။

စွဲဆိုတိုင်တန်းတဲ့အမှုတော်က သူ့မိဖုရားနဲ့ ပတ်သက်တဲ့အရေး။

ကျန်စစ်သားဟာ ဥဿာဘုရင့်သမီးတော် မဏိစန္ဒာကို ဥဿာကနေ တမ္ပဒီပသို့ ခေါ်ဆောင်ခဲ့တဲ့ လမ်းခရီးမှာ မင်းပဏ္ဏာတော်ကို ကျူးကျော်

စော်ကားပါသတဲ့။ ဘုရင်ကိုယ်တော်တိုင် စစ်ဆေး အရေးတော်မူမယ့် ရာဇဝတ်ပြစ်မှု။

ဘုရင်မင်းမြတ် ငါ့ဘက်လှည့်ပြီး တစ်ခုခုမေးပါစေ၊ မေးလိုက်ပါစေ၊ 'နှမတော် မဏိစန္ဒာ စောလူးမင်းသား စွဲချက်တင်တဲ့အတိုင်း ဟုတ်သလား' လို့ မေးလိုက်ပါစေ။ တကယ်လို့များ မေးလိုက်မယ်ဆိုရင်တော့ ခင်ဦးလေ ဂျွမ်းစစ်တပ်ကြီး ဉဿာကို ထိပါးတိုက်ခိုက်လို့ တမ္ဗဒီပ သူရဲကောင်းတွေ စစ်ကူရောက်လာတဲ့အချိန်ကစပြီး အစအဆုံး အားလုံးကို ပြောပြလိုက်မယ်။ နောက်ဆုံးမှာတော့ စောလူးမင်းသားရဲ့ စွဲချက်တွေဟာ မှားနေပါတယ်။ ဘာကြောင့်လဲဆိုတော့ မဏိစန္ဒာ မင်းသမီးကို ဘုရင်မင်းမြတ် မသိမ်းပိုက်ခင်ကတည်းက အမောင်နဲ့ ခင်ဦးတို့ဟာ သိပ်ချစ်ကြတဲ့ ချစ်သူတွေဖြစ်ခဲ့ပြီး ပါပြီဆိုတဲ့ စကားနဲ့ ခင်ဦးရဲ့ လျှောက်ထား သံတော်ဦးတင်ချက်ကို အဆုံး သတ်မယ်။

နောက်ပြီးတော့ ဉပရာဇာ စောလူးမင်းသားကို ခင်ဦးက ပြန်ပြီး စွဲချက်တင်ဦးမယ်။

တကယ်တော့ တပ်မင်းကြီး ကျန်စစ်သားဟာ ဖောက်ပြန်ယုတ်ညံ့သူ မဟုတ်ပါဘူး။ ယောကျ်ားကောင်းတို့ရဲ့ အချစ်ကိန်းဝပ်တည်ရှိတဲ့ နှလုံးသား ဟာ ဘယ်တော့မှ ယုတ်ညံ့တဲ့ သစ္စာဖောက်မှုကို မကျူးလွန်ဘူး။ ခင်ဦးတို့ နှစ်ယောက်စလုံးဟာ မိမိတို့ရဲ့ နှလုံးသည်းပွတ်များကို ကိုယ်စီစတေးခဲ့ ကြတယ်။ အထူးသဖြင့် တပ်မင်းကြီး ကျန်စစ်သား။ သူဟာ သူ့ရဲ့အချစ်ကို ယောကျ်ားကောင်းတို့ရဲ့ အသိတရားနဲ့ ချိုးနှိမ်သတ်ဖြတ်ပစ်ခဲ့တယ်။ ပုဂံကို ခေါ်ဆောင်လာတဲ့ ခရီးတစ်လျှောက်မှာ ဆူဝေပေါက်ကွဲစွာနဲ့ သွေးရူးသွေး တမ်းဖြစ်ခဲ့တဲ့ ခင်ဦးကိုတောင် သူ ထိန်းသိမ်းတည့်မတ်ပေးခဲ့တယ်။ ချစ်သူရဲ့ နာကြည်းချက်နဲ့အမုန်းကို မရှိ့စတမ်း ခံယူပြီး သူဟာ သစ္စာတရားကို အရအမိ ပွေ့ပိုက်ခဲ့တယ်။

'ဒါကြောင့် ဒီအရေးမှာ တကယ်ဖောက်ပြန်ယုတ်ညံ့သူက တပ်မင်း ကြီး ကျန်စစ်သားမဟုတ်ဘူး။ စွပ်စွဲတိုင်တန်းသူ စောလူးမင်းသား ကိုယ်တိုင်သာ ဖြစ်တယ်။ မဟုတ်မမှန်တဲ့ လည်ဆည်စွပ်စွဲမှုနဲ့ တိုက်ခိုက် တဲ့ စောလူးမင်းသားမှာ တပ်မင်းကြီး ကျန်စစ်သားကို တစ်စုံတစ်ခု

ကြောင့် မုန်းတီးနေဟန်ရှိတယ်။ ကျန်စစ်သားရဲ့ ယောက်ျားကောင်း အရည်အသွေးကို မဟုတ်မတရား ပုတ်ခတ်ရလောက်အောင်ဥပရာဇာ မှာ ဘယ်လို အပြစ်အတေးများ ရှိနေပါသလဲ။ ဘယ်လိုအာဃာတများ ရှိနေပါသလဲ။ ဘာကြောင့် အခုလို စွပ်စွဲပုတ်ခတ်ရသလဲဆိုတာကို အရေးတော်ယူ စစ်ဆေးပေးပါ'လို့။

အဲသည်လို သံတော်ဦးတင်ဖို့ ခင်ဦး အသင့်စောင့်နေခဲ့ပေမယ့် ဘုရင် မင်းမြတ်ဟာ ခင်ဦးဘက်ကို တစ်ချက်ကလေးမှ စောင်းငဲ့ကြည့်ဖော် မရဘူး။ တစ်ခွန်းတစ်ပါဒမှလည်း မေးမြန်း စစ်ဆေးဖော်မရဘူး။

'နှမတော် အရေးစကားဆိုပါရစေ'လို့ ခင်ဦးက ခွင့်တောင်းဖို့ကြိုး စားပေမယ့်လည်း နန်းရင်ပြင် ညီလာခံမှာ ဘုရင့်အမိန့်တော်မရဘဲ မိဖုရား က စတင်ရမယ့်အဖြစ်၊ ရာဇဓမ္မဆိုတာကို ချိုးဖောက်ခြင်းအားဖြင့် အပြစ် မကင်း မလုံမလဲလို့ ထင်စရာအဖြစ်၊ အို. . မွန်းကျပ်ပိတ်လှောင်အမှောင် ထုကြီးပါလား။

ညီလာခံ ခန်းမထဲကို ခင်ဦး မျက်လွှာဝင့်ကြည့်လိုက်မိပြန်တယ်။

အမှူးအမတ်တွေ၊ သံဖမ တရားအဖွဲ့ဝင်တွေဟာ ကျောက်ရုပ်တွေ ဖြစ်နေကြတယ်။ ဟောဟို ထောင့်တစ်ထောင့်မှာ တပ်မှူး ညောင်ဦးဖီး၊ ငထွေနဲ့ ငလုံးတို့ဟာ သေးငယ်ညှိုးမှိန်းနေကြတယ်။ ရှုပ်ထွေးလှတဲ့အရေးမှာ သူတို့တစ်တွေလည်း တစ်နေရာက တစ်ကဏ္ဍကနေ ငြိတွယ်ရစ်ပတ်ခဲ့ ကြတယ်ဆိုတော့ သူတို့လည်း တုန်လှုပ်ချောက်ချားနေကြပြီ ထင်ရဲ့။

စောလူးမင်းသား ထိုင်နေရာဆီကို ခင်ဦး လှမ်းကြည့်လိုက်မိပြန်တယ်။ ကောက်ကျစ်စဉ်းလဲခြင်း အခိုးအလျှံတွေက တရိပ်ရိပ်ထလို့။ သူ့နောက်ပါး မှာတော့ ရွှေကြိုးတပ် သားရေပြားနဲ့ မျက်စိတစ်ဖက်ကို ဖုံးအုပ်ထားတဲ့ မင်းရမန်။ အကောင်းပကတိ မျက်စိတစ်ဖက်ထဲက အားရကျေနပ်နေတဲ့ မသမာမှုအငွေ့တွေကို ခင်ဦး ကောင်းကောင်းကြီး မြင်နေရတယ်။

ခင်ဦး သေသေချာချာ မသိပေမယ့် တစ်စုံတစ်ခုသောအကြောင်းနဲ့ သူတို့နှစ်ယောက်ဟာ ခင်ဦးရဲ့ အမောင့်အပေါ် စဉ်းလဲကောက်ကျစ်နေ ကြပြီဆိုတာ နားလည်လိုက်တယ်။

မေးလိုက်စမ်းပါ. . .

'မဏိစန္ဒာ၊ မင်း ဘာသံတော်ဦး တင်စရာရှိလဲ'

လို့ ကျွန်မကို မေးလိုက်စမ်းပါ ဘုရင်မင်းမြတ်ရယ်။ မတတ်သာလွန်းလို့ ပိတ်ဆို့ထားရတဲ့ မိန်းမသားတစ်ယောက်ရဲ့ နှုတ်ကို ဖွင့်ခွင့်ပြုလိုက်စမ်းပါ၊ မတရားမှုတွေ၊ လုပ်ကြံလည်ဆည်မှုတွေ၊ ယုတ်မာကောက်ကျစ်မှုတွေရဲ့ တံခါးပေါက်တွေကို ခင်ဦး တစ်ချက်စီ လုပ်ပြလိုက်ပါမယ်။ အမှန်တရားရဲ့ လေပြင်းမုန်တိုင်းတွေ တဝေါဝေါ တိုက်ခတ်သွားအောင် ခင်ဦး အားလုံးကို ဖွင့်ချလိုက်ပါမယ်။ သည်မုန်တိုင်းအောက်မှာ ခင်ဦးရဲ့ မိန်းမသားသိက္ခာဆိုတာလည်း ပါချင်ပါသွားပါစေတော့။

ဒါပေမဲ့ ရာဇပလ္လင်ပေါ်က ဘုရင်မင်းမြတ်ရဲ့ အသံပေါ်လာကာ. .

'ကျန်စစ်သားကို ရှေ့တော်သွင်းခဲ့'

တဲ့။

ခင်ဦး မကြည့်ရက်၊ မကြည့်ရဲလို့ မျက်စိအစုံမှိတ်လိုက်တယ်။

Z

## [၃၁]

ချစ်ခြင်းမေတ္တာရဲ့ ထာဝရ အသက် ဇီဝဓာတ်ကို ခင်ဦးသဘောပေါက်လိုက်ပါပြီ။ သေဆုံးခြင်းမရှိတဲ့ အချစ်။ ပျက်စီးခြင်းမရှိတဲ့ အချစ်။

ဘုရင် အနုရုဒ္ဓါရဲ့ အဘိသေကခံ မိဖုရားကြီးအဖြစ်ကို ရောက်ချိန်ကစပြီး 'တပ်မင်းကြီး ကျန်စစ်သား၊ ဒီအချိန်ကစပြီး ရှင်နဲ့ကျွန်မဟာ တစ်ယောက်အတွက် တစ်ယောက် အပြန်အလှန် သေဆုံးသွားကြပါပြီ' လို့ ခင်ဦး နာကြည်းစွာနဲ့ ဟစ်ကြွေးခဲ့တယ်။

မဟုတ်ဘူး။ ခင်ဦး မှားတယ်။ ချစ်ခြင်းမေတ္တာကို မိုက်မဲစွာနဲ့ ခင်ဦး လိမ်ညာခဲ့တယ်။

အမောင့်အပေါ်မှာ ခင်ဦး ကုန်ဆုံးရပ်တန့်ခြင်း မရှိသော ချစ်မြတ်နိုးမှုများနဲ့ သံယောဇဉ်ဖွဲ့တည်နေတယ်ဆိုတာ ခင်ဦး အခုတော့ သိရပါပြီ။ သူ့ကို ခင်ဦး မမုန်းနိုင်ဘူး။ မမေ့နိုင်ဘူး။ သူ့အပေါ် ခင်ဦးရဲ့ ချစ်မေတ္တာဟာ အသက်ဇီဝဓာတ်နဲ့ အမြဲလှုပ်ခုန် လည်ပတ်နေတယ်။

ရှင့်ကို ကျွန်မ ချစ်ပါတယ် အမောင်ရယ်။

တရှိုက်မက်မက် ခင်ဦး ဆိုရပါပြီ။

ဒါပေမဲ့ ခင်ဦးရဲ့အချစ်ကို ခင်ဦး ပြန်လည်တွေ့ချိန်မှာ ချစ်သူကတော့ ခင်ဦးအနားမှာ မရှိတော့ပါလား။ အို. . အားလုံးနဲ့ဝေးရာ တမွဲဒီပနန်းတော်ကြီးနဲ့ဝေးရာကို သူ တိမ်းရှောင်သွားပါပေါ့လား။

အိပ်မက်ထဲက ရုပ်ပုံလွှာကိုပဲ ခင်ဦး အမှတ်ရနေတယ်။ လျှင်မြန်လွန်းလှတဲ့ အဖြစ်သနစ်တွေ၊ မထိတ်သာ မလန့်သာ အဖြစ်သနစ်တွေ။

'ကျွန်စစ်သားကို ရှေ့တော်သွင်းခဲ့'လို့ ဘုရင်မင်းမြတ် အမိန့်တော်ပေးလိုက်တဲ့အချိန်ကစပြီး အားလုံးဟာ မိုးကြိုးတွေ၊ လျှပ်စီးတွေလို ဆင့်ကဲ ဆင့်ကဲ ဖြစ်ပေါ်ခဲ့တယ်။

နှောင်ကြိုးအထပ်ထပ် ရစ်ပတ်ထားလေတဲ့ချစ်သူကို ခင်ဦး မကြည့်ရက် မမြင်ရက်ခဲ့ဘူး။ နန်းတော် တိုင်လုံးတစ်ခုရှေ့မှာ သူ ဒူးထောက်ခဲ့ရတယ်။ ဘာကိုမှ မမြင်သော မျက်လုံးတွေနဲ့ ရှေ့တူရူကို သူ ငေးကြည့်နေတယ်ထင်တယ်။ သူနဲ့ တူရူမှာတော့ ဘုရင်မင်းမြတ်။

စောလူးမင်းသားရဲ့အသံက ဟိန်းထွက်လာပြန်တယ်။

'မဏိစန္ဒာမင်းသမီးနဲ့ သင်နဲ့ ယဉ်ပါးနီးစပ် မရှိခဲ့ဘူးလို့ ခမည်းတော်ရှေ့မှာ သင်ပြောစမ်းပါ ကျွန်စစ်သား'

ဘုရား. . ဘုရား. . ခင်ဦး ရှက်လွန်းလို့ နေရာမှပဲ အခိုးအငွေ့ဖြစ်သွားပြီ ထင်ရတယ်။

'တစ်ချိန်မှာ ဘုရင်မင်းမြတ်ရဲ့ မိဖုရားဖြစ်လာမယ့် ဉသာ ဘုရင့်သမီးတော်ဟာ သင်နဲ့ ဘယ်လိုမှ မပတ်သက်ခဲ့ပါဘူးလို့ သင်ပြောနိုင်မလား ကျွန်စစ်သား'

စောလူးမင်းသားရဲ့ နှုတ် အာခံတွင်းက အခိုးအလျှံတွေ။

အဲသည် အခိုးအလျှံတွေအောက်မှာ အမောင်ဟာ လုံးဝနှုတ်ဆိတ်တဲ့အသွားခဲ့တော့တယ်။ အမောင် ဘယ်လိုပြောမလဲ။ ဘာကို ပြောမလဲ။ အို. . . အမောင် ဘာမှ မပြောနိုင်တော့ဘူး။

အမောင့်ကိုယ်ပေါ်ကနေ နှောင်ကြိုးနီနီရဲရဲတွေဟာ တကယ်တော့ လက်မောင်း လက်ဖျံနဲ့ ရင်အုပ်တို့ကိုချည်း တုတ်ချည်ထားတာ မဟုတ်ပါဘူး။ အမောင့်နှလုံးသားကိုပါ ရက်ရက်စက်စက် ဆုတ်ဆွဲထားကြပြီလေ။

ရုတ်ခြည်းပဲ လောကကြီးဟာ ခင်ဦးအတွက် သူ စမ်းပြင်ပြင်ဖြစ်သွားတယ်။ ခင်ဦး နားမလည်နိုင်တော့တဲ့ မြင်ကွင်းတွေ၊ အသံတွေ၊ နန်းရင်ပြင်ညီလာခံလောကဟာ ခင်ဦးကို 'ဒါ မင့်အရာမဟုတ်ဘူး မိန်းကလေး' လို့ဆိုပြီး တသီးတခြား ဖယ်ထုတ်လိုက်သလိုပဲ။

မြင်နေရတာ ကြားနေရတာတွေကို ခင်ဦးအသိနဲ့ မယုံနိုင်တော့ဘဲ ယန္တရားရုပ်တစ်ခုလို သည်အတိုင်း ကြည့်နေရတော့တယ်။

ဘုရင်အနုရုဒ္ဓါဟာ လက်ရုံးကို ဆန့်တန်းဝင့်မြှောက်လိုက်တယ်။ သူ့လက်ထဲမှာ အရိန္ဒမာ။

ပြက်ခနဲ လက်သွားတဲ့ လှံသွားနဲ့အတူ ဘုရင်အနုရုဒ္ဓါရဲ့စကားသံတွေက ခြိုးခြိုးခြိမ့်ခြိမ့် ထွက်ပေါ်လာတယ်။

'စဉ်းလဲတဲ့ နောင်တော် စုက္ကတေးကို သုတ်သင်ဖယ်ရှားစဉ်က ပထမအကြိမ်၊ သမထီးဒေသက ဖောက်ပြန်တဲ့ အရည်းရှင်ကြီးတွေကို သုတ်သင်ဖယ်ရှားစဉ်က ဒုတိယအကြိမ် ကျွန်ုပ်ဟာ အရိန္ဒာမာကို နှစ်ကြိမ်တိုင်တိုင် အသုံးပြုခဲ့ပြီးပြီ။ ယခု တတိယအကြိမ်အဖြစ် ကျွန်ုပ် အသုံးပြုဖို့ ကြုံလာပြီ။ အရိန္ဒမာလှံသွားဟာ အမှန်တရားကို သိတယ်။ ထိုးဖောက်စူးနစ်ရမယ့် ဖောက်ပြန်မှုကိုလည်း သိတယ်။ သစ္စာတရား ကိန်းဝပ်နေတဲ့ အရိန္ဒမာဟာ သူ့သွားရာကို သူသိတယ်'

ခင်ဦး မျက်စိအစုံကို တင်းတင်းကျပ်ကျပ်ကြီး ပိတ်လိုက်တော့တယ်။ ဒါပေမဲ့ လေထဲမှာ ဖောက်ထွင်းပျံသန်းသွားသံတစ်ခုကိုတော့ ခင်ဦး မျက်စိ ပြန်ဖွင့်တယ်။

ဘုရင်မင်းမြတ်ဟာ သူ့နေရာမှာသာ ရှိနေဆဲ။

ခန်းမထဲက လူတွေဟာလည်း နေရာကိုယ်စီမှာ ရှိနေကြပေမယ့် လှုပ်လှုပ်ရွရွနဲ့ ကသောင်းကနင်း။ အားလုံးဟာ တစ်နေရာတည်းဆီကို လှမ်းကြည့်ကြ၊ အံ့ဩထိတ်လန့်မှုတွေနဲ့။

ဘုရား. . ဘုရား. . သွေးသံရဲရဲ သွေးအိုင်ထဲမှာအမောင့်ကိုတွေ့ရတော့မှာလား။ အမောင့်ရင်အုံမှာ စိုက်ဝင်နစ်မြုပ်နေမယ့် အရိန္ဒမာကို ခင်ဦးကိုယ်တိုင် ပြေးသွားဆွဲနုတ်။ ပြီးတော့. . .

ဟင်. . .

အမောင့်နေရာမှာ အမောင်မရှိတော့ဘူး။ နန်းတော်တိုင်လုံးခြေရင်းမှာ စွေးစွေးနီနေတဲ့အရာတွေက အမောင့်ကို တုတ်နှောင်ခဲ့တဲ့ အပိုင်းပိုင်း အပြတ်ပြတ် အပြေပြေ အလျော့လျော့ကြိုး၊ အမောင့်ရဲ့သွေးတွေမဟုတ်။

အရိန္ဒမာလှံကိုလည်း မတွေ့ရတော့ဘူး။

စောလူးမင်းသားရဲ့ ဝမ်းခေါင်းသံကြီးဟာ စူးစူးဝါးဝါး။

'ကျန်စစ်သား ထွက်ပြေးပြီ၊ ကျန်စစ်သား ထွက်ပြေးပြီ'

ရှုပ်ယှက်ခတ်သွားတဲ့ ရဲမက်တွေ၊ စစ်သည်တွေနဲ့ နန်းရင်ပြင်ဟာ ကသောင်းကနင်း ဖြစ်သွားတယ်။ ခင်ဦးကတော့ အကြောက်မပြေသေးတဲ့ လှိုက်ခုန်တုန်လှုပ်ဆဲရင်ကို အသာအယာ ဖိအုပ်ရင်း သလွန်မှာပဲ အစွဲအမြဲ ထိုင်ရင်း လှိုင်းထသွားတဲ့ နန်းရင်ပြင်ကို ကျေနပ်အားရစွာ ကြည့်နေလိုက်တယ်။

ခင်ဦးရင်ထဲမှာ အသံတစ်သံကို မစဲတမ်း ကြားနေတယ်။

အရိန္ဒမာဟာ တရားကို တရားသဖြင့် စီရင်သွားပြီဆိုတဲ့အသံ။

ရာဇပလ္လင်ဆီကို လှမ်းကြည့်လိုက်တော့ဘုရင်အနုရုဒ္ဓါမရှိတော့ဘူး။ ရင်ထဲက အခါမလပ် မြည်နေတဲ့အသံကို အားကိုးအားထားပြုပြီး ခင်ဦး ကြွေးကြော်လိုက်ချင်တယ်။

'မြင့်မြတ်တဲ့ နှလုံးသားအစုံကို ရှင်တို့လူသားတွေ နားမလည်ပေမယ့် အရိန္ဒမာက နားလည်ပါတယ်။ မတရားမှုအမွေကိုသာထိုးစိုက်ချေမှုန်းရမယ့် အရိန္ဒမာဟာယောကျ်ားကောင်းတစ်ယောက်ရဲ့နှလုံးသားဆီကိုဘယ်တော့မှ မပျံ့သန်းဘူး'လို့။

ရင်ထဲက ကောင်းချီပေး ကြွေးကြော်သံနဲ့အတူ ရာဇပလ္လင်ထက်ဆီ လှမ်းကြည့်လိုက်တော့ ဘုရင်အနုရုဒ္ဓါ မရှိတော့။ သဲသဲလှုပ်လှုပ် ညီလာခံ ခန်းမကို သူ ကျောခိုင်းပြီး အတွင်းဆောင် ဝင်သွားပြီလေ။

z

## [၇၂]

လေပြည်ထဲမှာ တမာနံ့သင်းနေတယ်။ လောကကြီးရဲ့ ခါးသီးမှုကို တမာနံ့တွေကတစ်ဆင့် ခင်ဦး ထိတွေ့ခံစားနေရတယ်။

လောကကြီးမှာ အမှန်တရားဟာ သည်လိုပဲ၊ ဦးခေါင်းသိုဝှက် မျက်နှာကို လက်ကာပြီး ရှက်နေရတော့မှာလား။ သစ္စာတရားရဲ့တေးသံဟာ သည်လိုပဲ တိုးတိမ်ရတော့မှာလား။

ထေရဝါဒ သာသနာတော် ထွန်းကားတယ်ဆိုတဲ့ တမ္ဗဒီပနိုင်ငံတော် အရှင်အရဟံ မထေရ်မြတ်တို့လို သူတော်စင်ကြီးများရဲ့ အဆုံးအမနဲ့အညီ ရှိနေတယ်ဆိုတဲ့ တမ္ဗဒီပနိုင်ငံတော်။ မင်းကောင်းမင်းမြတ်တို့ ထုံးနဲ့အညီ အုပ်ချုပ်စိုးစံနေတယ်ဆိုတဲ့ အနုရုဒ္ဓါဘုရင်ရဲ့ နိုင်ငံတော်၊ ပျော်ရွှင်လွတ်လပ် ရိုးသားပါတယ်ဆိုတဲ့ ပုဂံသားတို့ရဲ့ နိုင်ငံတော်။ သည်လိုဒေသမျိုးမှာ အမှန်တရားဟာ သည်လိုပဲ မှေးမှိန်နေသတဲ့လား။

စောလူးမင်းသားနဲ့ မင်းရမန်တို့လို လူမျိုးတွေ ဘာကြောင့် သည်မြေပေါ်မှာ ရှင်သန်ကြီးထွား တန်ခိုးအာဏာ ကစားချင်တိုင်း ကစားလို့ရနေတာလဲ။ ဘုရင့်သားဆိုပြီး ဓားထက်ချင်တိုင်း ထက်နေသလား။ သူတို့လို လူမျိုးစားတွေ နွယ်ရှင်ပင်လို ပေါက်ချင်တိုင်းပေါက် ရောက်ချင်တိုင်းရောက် နေနိုင်ကြအောင် လောကပါလ နတ်မင်းများက ဘာကြောင့် မျက်နှာလွှဲနေကြရတာလဲ။

ရံရွှေတော်နှစ်ဦး ဆက်သွင်းနေတဲ့ ဒေါင်းမြီးယပ် လေညင်းအလယ်မှာ ခင်ဦး အေးရိပ်မရဘဲ ပူလောင်နေတယ်။ အဆောင်တော်ရဲ့ လေသာခန်းမှာ ခင်ဦးအတွက် ပိတ်မှောင်မွန်းကျပ်စရာဖြစ်လို့ နေတော့တယ်။

ခင်ဦးရဲ့အမောင်ဟာ အခုဆိုရင် တမ္ဗဒီပ အကျဉ်းတိုက်ကြီးကနေ ကိုယ်လွတ်ရုန်းသွားခဲ့ရပြီ။ ဟုတ်တယ်၊ သူချစ်တဲ့ သူ့နိုင်ငံဟာ သူ့အတွက် အကျဉ်းတိုက်ဖြစ်ခဲ့ရတယ်။ သူ့ကို မဖွယ်မရာတဲ့ အခြေအနေတွေက ပူးညှပ် တိုက်ခိုက်ခဲ့တယ်။ သူ မြတ်နိုးကြည်ညိုလှတဲ့ သူ့အရှင် ဘုရင်အနုရုဒ္ဓါ ကိုယ်တိုင်ရဲ့ စီရင်ခြင်းကို ခံခဲ့ရတယ်။

အခုတော့ သူ ကိုယ်လွတ်ရုန်းသွားရပြီ။ သူချစ်တဲ့ တမ္ဗဒီပဟာ သူ့ကို သံသယတွေ ပြန်လည်တုံ့ပြန်ခဲ့တယ်။ မတော်မတရား ရစ်ပတ်လာတဲ့စွဲချက် တွေကို သူခေါင်းခါပစ်ခဲ့ဖို့ အခွင့်အရေးမရခဲ့ဘူး။

'တစ်ချိန်မှာ ဘုရင်မင်းမြတ်ရဲ့ မိဖုရားဖြစ်လာမယ့် ဥဿာဘုရင့် သမီးတော်ဟာ သင်နဲ့ ဘယ်လိုမှ မပတ်သက်ခဲ့ပါဘူးလို့ သင်ပြောနိုင်မလား ကျန်စစ်သား'

အမောင် ဘယ်လိုဖြေမလဲ၊ ကျုပ်နဲ့ လုံးဝ မပတ်သက်ခဲ့ပါဘူးလို့ ငြင်းကွယ်ခဲ့မယ်ဆိုရင်. . .

စောလူးမင်းသားဟာ ဝံပလွေတစ်ကောင်လို ပြုံးပြီး ခင်ဦးဆီ လှည့် လာမှာ မုချ။ ဘုရင့်သားတော် ဥပရာဇာဆိုတဲ့ မောက်မာမှု၊ ကောက်ကျစ်မှု တွေနဲ့ အမောင့်ကို ဖယ်ရှားဖို့ စစ်ကုန်ဖွင့်ထားတဲ့ စောလူးမင်းသားဟာ ခင်ဦးကိုလည်း သက်ညှာမှာ မဟုတ်ဘူးလေ။

သူ့ခမည်းတော်ရဲ့ မိဖုရားဆိုပြီး သူထောက်ထားမှာ မဟုတ်ဘူး။

'ဒါဆိုရင် ဥဿာဘုရင့် သမီးတော်ကို ကျွန်ုပ် မေးမြန်းနိုင်မလား။ စုံစမ်းစစ်ဆေးခွင့် ပြုနိုင်မလား ခမည်းတော်'

လို့ သူဆိုမှာ။ ပြီးတော့. . ဥဿာမှာတုန်းက အမောင်နဲ့ ခင်ဦး နှစ် ယောက်သား အတူရှိကြစဉ် သူရောက်လာတဲ့အဖြစ်ကစပြီး သူ ဆင့်ကဲဆင့်ကဲ မေးခွန်းတွေ တရစပ် မေးလာတော့မယ်။ ဒ့ါအပြင် သူလျှို့ဝှက်ထည့်ထားတဲ့ လူယုံအထောက်တော်တွေ ရှိကောင်းရှိမယ်။ အဲသည်အထောက်တော်တွေကို သူ သက်သေသာဓက တင်တော့မယ်။

ဘုရင့်ညီလာခံခန်းမကို သူက တရားလွှတ်ရုံးအဖြစ် ပြောင်းလဲဖန်တီးထားခဲ့တယ်။ ဦးငထွေ၊ ဦးငလုံးနဲ့ ဦးဖိုးတို့ကိုလည်း သူက ပူးကပ်ညှပ်ပိတ်မေးခွန်းတွေနဲ့ မလှုပ်မယှက်သာအောင် ချည်တုတ်တော့မယ်။

အို့ . ခင်ဦးဘက်ကို သူလှည့်လာမယ်များဆိုရင်တော့ အနာရှိတဲ့ခင်ဦးဟာ ရင်ကိုဖွင့်ပြီး အဖြစ်မှန်တွေကို အကုန်အစင် ချပြမိမှာပဲ။ နာကြည်းမှု၊ အောင့်အည်းမျိုသိပ်ထားရမှုတွေဟာ ကစဉ့်ကလျား ပေါက်ကွဲကုန်ကြမှာပဲ။

'တပ်မင်းကြီး ကျန်စစ်သားနဲ့ ခင်ဦးတို့ရဲ့အဖြစ်ဟာ အမှန်ပဲ။ သူဟာ ခင်ဦးရဲ့ချစ်သူ၊ ခင်ဦးဟာ သူ့ရဲ့ချစ်သူ။ ဒါပေမဲ့ ချစ်မြတ်နိုးမှုတွေ ထုထည်ကြီးသလောက် ခင်ဦးတို့ဟာ သစ္စာတရားကိုလည်း စောင့်ထိန်းကြသူတွေဖြစ်တယ်။ ပြောကြစတမ်းဆိုရင် ရှင်တို့အားလုံးရှေ့မှာ နှောင်ကြိုးအထပ်ထပ် တုတ်နှောင်ခံနေရတဲ့ ရှင်တို့ရဲ့ ထပ်မင်းကြီးဟာ သစ္စာတရားကို ယောကျ်ားကောင်းပီသစွာ စောင့်ထိန်းသူ ဖြစ်တယ်။ ခင်ဦးကို ဘုရင်မင်းမြတ်ထံ ပို့ဆက်တော့မယ်ဆိုကတည်းက သူဟာ သူ့နှလုံးသားကို အမှောင်ချလိုက်တာ၊ ကြာရံကလပ်ပေါ်က ရာဇလှံတံကို ဆက်သပြီးကတည်းက သူဟာ သူ့ချစ်သူကို ကျောခိုင်းပစ်ခဲ့တာ၊ ဥသျှာကနေ တမ္ပဒီကို အပြန်ခရီးတစ်လျှောက်လုံးမှာ သူဟာ ခင်ဦးမျက်နှာကို မော်ကြည့်ဖို့ ဝေးစွ။ အနားကိုတောင် မသီခဲ့ဘူး။ ဒါပေမဲ့ သူဟာ ခင်ဦးရဲ့ချစ်သူပဲ။ အခုအချိန်အထိ ခင်ဦးရဲ့ ချစ်သူပဲ'

လို့ ခင်ဦး အော်ဟစ်မိမှာ မုချ။

ခင်ဦးရဲ့ ပေါက်ကွဲဖွင့်ထုတ်ချက်တွေဟာ နန်းရင်ပြင်ထဲကို ရေတံခွန်ကြီးတစ်ခု ကျရောက်လာသလို ဖြစ်သွားလိမ့်မယ်။ စောလူးမင်းသားရဲ့ မဟုတ်မတရား စွပ်စွဲချက်တစ်ခု ပျက်ပြယ်သွားခြင်းနဲ့အတူ တုန်လှုပ်စရာ အဖြစ်မှန်တွေက အားလုံးအပေါ် တိုက်စားဝါးမျိုသွားလိမ့်မယ်။

သည်အခါမှာ. . .

ဘုရင်အနုရုဒ္ဓါ ဘယ်သို့ရှိလေမလဲ။ မဏိစန္ဒာမင်းသမီး ဘယ်သို့ဖြစ်သွားမလဲ၊ တမ္ပဒီပ နန်းတော်ကြီး သိမ့်သိမ့်တုန်သွားမယ်။ ဥသျှာပုဂံ ချစ်ကြည်မှု ရွှေလမ်းဆိုတာကြီးလည်း ကွဲအက်ပြိုလဲသွားတယ်။

တပ်မင်းကြီး ကျန်စစ်သားဟာ သူ့ချစ်သူကို သူ့အရှင်သခင်ဆီ ပေးဆက်ခဲ့သူပေပဲဆိုတဲ့ ကောင်းချီးပေးသံတွေက တိုးတိမ်နစ်မြုပ်သွားပြီး 'ဘုရင် အနုရုဒ္ဓါ၊ မဏိစန္ဒာနဲ့ ကျန်စစ်သား' တို့ရဲ့ သုံးဦးဖလှယ်အဖြစ်ဟာ ရုပ်ဆိုးစွာ ပေါ်ပေါက်လာတော့တယ်။

ကျွန်မ နားလည်လိုက်ပါပြီ ချစ်သူရယ်။

အားလုံးကသောင်းကနင်းတွေ ဖြစ်ကုန်မယ့်အရေးကို 'ရာဇဝတ်သား' ဆိုတဲ့ အမည်နာမနဲ့ အမောင်လဲယူသွားခဲ့တာလေ။ ကျွန်မကို ရေငုံနှုတ်ပိတ် နေမြဲ နေစေခဲ့ပြီး အပြစ်ဒဏ် မှန်သမျှကို ရှင်တစ်ယောက်တည်း ခါးစည်းခံသွားခဲ့တာ မဟုတ်လား။

နှောင်ကြိုးအထပ်ထပ်အောက်မှာ ရှိနေစဉ် စောလူးမင်းသားရဲ့ မီးပေါက်မီးလျှံ စွပ်စွဲချက်တွေ တဝုန်းဝုန်းကျရောက်နေစဉ်မှာ အမောင်ခေါင်းငုံ့ခံခဲ့တယ်။ ခင်ဦးရှိရာကို အမောင် တစ်ချက်ကလေးမှ စောင်းငဲ့မကြည့်ခဲ့ဘူး။ မျက်ခုံးတစ်ပင့် မျက်လွှာတစ်ဝင့်မှာ အကြည့်မရောက်ခဲ့လေဘူး။

သည်လိုပဲ အရိန္ဒမာလှံဟာ။

အို. . . အရိန္ဒမာလှံကကော ဘုရင်ရှုဒ္ဓါ ပြောသလို အမှန်တရားကို သိတဲ့ လှံသွားပေလား။ သစ္စာတရားကိန်းဝပ်နေတဲ့ အရိန္ဒမာဟာ သူသွားရာကို သူသိခဲ့လေရော့သလား။

ဘုရင်အနုရုဒ္ဓါကကော သူ့ရဲ့ အရိန္ဒမာကို သူ တကယ်ပဲ ပစ်လွှတ်ခဲ့တာမှ ဟုတ်ပါလေစ။

ဘာပဲဖြစ်ဖြစ် ခင်ဦးရဲ့ချစ်သူဟာ လွတ်မြောက်ထွက်ပြေး တိမ်းရှောင်သွားခဲ့ပြီ။ သည်လောက တစ်နေရာမှာ အသက်ရှင်လျက်သား ရှိနေပြီ။ အမောင်ရယ်၊ သစ္စာမီးတိုင်ကို ပြန်လည်ထွန်းညှိဖို့ အမောင် ဘေးမသီရန်မခဘဲ ရှိနေပါစေ။ ဖောက်ပြန်ကောက်ကျစ်မှုတွေကို ငြိမ်းသတ်နိုင်ဖို့ အမောင် အသက်ရှင်သန်နေပါစေ။

အမှန်တရားတွေ ပြန်လည်အောင်ပွဲခံဖို့ သည်အရေးမှာ ဘုရင်အနုရုဒ္ဓါကကော ဘယ်လိုနေရာက ပါဝင်မှာလဲ။ ဘုရင်မင်းမြတ်. . ရှင်ဟာ တမ္ပဒီပတိုင်းကြီးသခင်ဖြစ်ပေမယ့် ဥပရာဇာ သားတော်တစ်ပါးရဲ့ အဆိပ်ကိုတော့ ရှင်ကြောက်ရွံ့နေသလားဟင်။

တိုင်းသားပြည်သူတွေကို ရင်မှဖြစ်သော သားသမီးကဲ့သို့ ရှင် တကယ် ချစ်တတ်ပေမယ့် ရှင်ကိုယ်တိုင်ရဲ့ သားတော်ကိုတော့ ရှင် မတားဆီး မကာကွယ်နိုင်သေးဘူးလား။ သားတော်ရဲ့ နှုတ်က လွင့်စဉ်ကျလာတဲ့ မုသားအဆိပ်ရည်တစ်စက်ကြောင့် ရှင့်နန်းတော်ကြီးကို လောင်ကျွမ်းမည်း နက်စေတော့မှာလား ဘုရင်မင်းမြတ်။

ရှင် ဘာကြောင့် မဏ္ဍိစန္ဒာကို မယုံကြည်ရတာလဲ။

ရှင် ဘာကြောင့် ကျန်စစ်သားကို မယုံကြည်ရတာလဲ။

နာကျင်တဲ့ နှလုံးကို ပွေ့ပိုက်ပြီး အားလုံးကို ရေငုံနှုတ်ပိတ် နေရုံက လွဲလို့ ဘာတစ်ခုမှ မဖောက်ပြန်ခဲ့တဲ့ မိန်းကလေးတစ်ဦးနဲ့။

သူ့အရှင်သခင်အပေါ် သူ့နိုင်ငံတော်အပေါ် အချစ်ကြီးချစ်တဲ့ သူရဲ ကောင်းတစ်ယောက်ကို ရှင် ဘာဖြစ်လို့ မယုံကြည်နိုင်ရတာလဲ။

အရိန္ဒမာလှံ့သွားမှာ သစ္စာတရားကိန်းဝပ်တယ်လို့ပဲ ရှင်ပြောနိုင်တော့ သလား ဘုရင်မင်းမြတ်။ ရှင့်နှလုံးသား၊ ရှင့် နှုတ်စကား၊ ရှင့် လက်ဖျားတွေ မှာကော သစ္စာတရား မကိန်းဝပ်တော့ဘူးတဲ့လား။

ဒါဟာ တိုင်းကြီးသခင် ပြည့်ရှင်မင်းတို့ရဲ့ ကျင့်ဝတ်။

'ဘုရင်မင်းမြတ် ကြွလာတော်မူပါတယ် နန်းမတော် သခင်မ'

ရံရွေတစ်ဦးရဲ့ သံတော်ဦးတင်သံ။

ခင်ဦး အတွေးတွေ တိခနဲ ပြတ်တောက်သွားတော့တယ်။

ဩော် . . ဘုရင်မင်းမြတ်တဲ့လား။ သူ့အကြောင်း တွေးနေမိနေစဉ်မှာပဲ သူရောက်လာတော့တာကိုး။

'မင်းတို့အားလုံး အပြင်ကပဲ ခစားနေကြကွယ်'

ရံရွေတွေအားလုံး ခင်ဦးနှင်လိုက်တယ်။

ဘုရင်အနုရုဒ္ဓါနဲ့ နှစ်ယောက်တည်း ရှိနေရမယ်လို့ အလိုလိုသိလိုက်မိ တယ်။

Z

## [၃၃]

ဘုရင်မင်းမြတ်ရဲ့ မျက်နှာကို ခင်ဦး ပထမဆုံးအကြိမ် အသေအချာ ကြည့်မိတယ်။ ဟုတ်တယ်၊ ပထမဆုံးအကြိမ်။ တမ္ဗဒီပကိုရောက်ကတည်းက ခင်ဦး သူ့ကို စေ့စေ့မကြည့်ခဲ့ဖူးဘူး။ ဘိသေက သဘင်ပွဲတုန်းကလည်း ခင်ဦးဟာ ပဝါလွှာရုံအောက်မှာ မျက်နှာကို မဖော်စတမ်း ငုံ့ထားခဲ့။ သည့်နောက်မှာလည်း သူ့ကို အမှတ်တရ ကြည့်ဖူးတယ်လို့ မရှိခဲ့။

အခုတော့ ခင်ဦး သူ့ကို စေ့စေ့ရဲရဲ ကြည့်မိနေပြီ။

တရားပါလျက် မတရားခံရသူများရဲ့ မျက်နှာဟာ လောကကြီးကို တိုင်တည်ဖို့အတွက် ဘာကိုမဆို စေ့စေ့ရဲရဲ ဖွင့်မော့ကြည့်တတ်တဲ့ဘာဘာဝ ပေပဲလား။

ဘုရင်အနုရုဒ္ဓါဟာ သဥ္ဇာလီမှာ ဝင်ထိုင်တယ်။ ထူးဆန်းတာက ခင်ဦး သူ့ကို မကြည့်စဖူး စေ့စေ့ကြည့်နေမိသလောက် သူကတော့ အဝေးကိုပဲ ငေးမျှော်နေတယ်။ သူ့မျက်လုံးတွေဟာ အမြင်အာရုံကင်းမဲ့နေသလိုပဲ။ ကြည့်သော်လည်း မမြင်တဲ့အကြည့်မျိုး။

'ကျုပ်နားမှာ လာထိုင်ပါ မဏိစန္ဒာ'

အက်ကွဲတဲ့ သူ့အသံ။ ကြမ်းပြင်မှာ ထိုင်ရာက သူ့အမိန့်အတိုင်း သဥ္ဇာလီမှာ သူနဲ့ယှဉ်တွဲထိုင်လိုက်တယ်။ ဒါပေမဲ့ သူက သဥ္ဇာလီရဲ့

ခေါင်းရင်း ကနုတ်ပွတ်လုံးဘက် ခင်ဦးက ခြေရင်းဘက်။ ခင်ဦးနဲ့ သူ အကြားက ကွာခြားနေတဲ့ သဥ္စာလီကော်ဇောအခင်းဟာ လွင်ပြင်တစ်ခုလို ဖြစ်နေတော့တယ်။

'ပကတိ နေကောင်း ထိုင်သာ ရှိသွားပြီလား မဏ္ဍိစန္ဒာ'

'ပကတိရှိပါပြီ အရှင်မင်းမြတ်'

ခင်ဦးကို မကြည့်ဘဲ အဝေးကို အငေးလွှဲရင်း မေးတဲ့ သူ့အမေး။ သူ့မျက်လုံးတွေကို တည့်တည့်ကြည့်ရင်း ဖြေတဲ့ ခင်ဦးရဲ့ အဖြေ။

သူ ဘာမှ ဆက်မပြောဘဲ တိတ်ဆိတ်ငြိမ်သက်နေတယ်။

ဘေးမကျတကျ တွေ့နေရတဲ့ သူ့မျက်နှာ။ ဩော်. . . တမ္ဗဒီပ ပုဂံ ပြည်ကြီးအရှင် ဘုရင်အနုရုဒ္ဓါပါလား။

ပုဂံတိုင်းသားပြည်သူတွေ ချစ်မြတ်နိုးတဲ့ဘုရင်။ သူရဲကောင်းတွေရဲ့ သခင်၊ ရေမြေ့အရှင်။ ထေရဝါဒ သာသနာတော်ကြီးအလင်းကို ထွန်းညှိ တောက်ပစေခဲ့သူ။ သမထီးဂိုဏ်းနဲ့ အရည်းရှင်ကြီးတွေကို ဖြိုခွင်းခဲ့သူ။ ဆည်တွေ ဘာတွေတည်ပြီး လောလောပူတဲ့ တမ္ဗဒီပကို စိမ်းလန်းစိုပြည်စေ သူ။ မဟာလက်နက်နိုင်ငံတော်ကြီးဖြစ်အောင် ချဲ့ထွင်တည်ထောင်နိုင်သူ ဘုရင်အနုရုဒ္ဓါ။

သူ့မျက်လုံးစွန်းတွေမှာ နေလောင်ထားတဲ့ ကြေးရောင်ပါးပြင်မှာ အရေးအကြောင်းတွေနဲ့။ မကိုင်မှသရဖူဆောင်းမထားဘဲ ငွေကြိုးကွင်းချည်နှောင် ထားတဲ့ သူ့ဆံပင်တွေဟာ မဆိုစလောက် ကွေးကောက်လို့။ လည်ကုပ်ပေါ် မှာ ဖရိုဖရဲ ဝဲကျလို့။ အမိန့်တော်တွေ ထွက်ပေါ်ရာ နှုတ်ခမ်းပါးတွေက တင်းတင်းစေ့လို့။

ဖြန့်ကျက်အကြည့်တစ်ချက်နဲ့ပဲ ခင်ဦး သိလိုက်တယ်။

ဘုရင်မင်းမြတ်ဟာ ပင်ပန်းနွမ်းနယ်နေပါလား။

အဝေးကို ငေးနေရာက သူ ခင်ဦးဘက်သို့ လှည့်လာတယ်။ တစ်ခုခု ပြောတော့မယ့်ဟန်ပြင်ပြီးမှ အကြည့်လွဲသွားပြန်တယ်။ အို. . . သူ့မျက်လုံး တွေထဲမှာ စိတ်နှလုံးထိခိုက်မှုအရိပ်ကို သိသိသာသာကြီး တွေ့လိုက်ရပါ

လား၊ သည်မျက်လုံးတွေမှာ ရာဇာမင်းတို့ရဲ့ ကွန့်မြူးတောက်ပတဲ့ အာဏာစက် အခိုးအလျှံ လုံးဝ မရှိလေဘူး။

ခင်ဦး ရင်ထဲမှာ ညှို့ခနဲ ဖြစ်သွားသလိုလို။

ဘာကြောင့်လဲ. . . ခင်ဦး သူ့ကို လုံးဝ မချစ်ဘူး။ သူ့ကြောင့် ခင်ဦး ရင်ဟာ တစ်ခါမှ မလှုပ်ခုန်ဖူးဘူး။ ပြောရရင် သူနဲ့ပတ်သက်တဲ့ ခင်ဦး နှလုံးသားဟာ နာကြည်းမှုပဲ ရှိကောင်းရှိမယ်။ သူ့ကို. . . ဟုတ်တယ်၊ ဘုရင် မင်းမြတ်ဖြစ်နေတဲ့ သူ့ကို။ ဘုရင်တွေဆိုတာ သူတို့ရဲ့ ထီးနန်းအာဏာနဲ့ ရာဇပလ္လင်အကြောင်းကိုပဲ သိတတ်ကြတာ။ သူတို့ရဲ့ ဘုန်းအာဏာစက် အဝန်းအဝိုင်းထဲမှာ မိန်းမသားတွေရဲ့ နှလုံးသားအတွက် နေစရာမရှိဘူး။

သူဟာ ခင်ဦးရဲ့နှလုံးသားကို ရွှေကြာရံကလပ်ပေါ်က ရာဇာလှံတံလေး တစ်စင်းနဲ့ ထိုးချေဖျက်ဆီးပစ်ခဲ့သူ။

ဒါပေမဲ့ သူ့မျက်လုံးတွေကိုကြည့်ပြီး ခင်ဦးရင်ထဲ ဘာကြောင့် လေးလံသွားရတာလဲ။

'မဏိစန္ဒာ'

လှည့်မကြည့်ဘဲ သူခေါ်ပြန်တယ်။ အသံက သိသိသာသာ အက်ကွဲနေတယ်။ သူ့မေးရိုးတွေ တစ်ချက်လှုပ်သွားတယ်။ သြော်. . . စကားပြောဖို့ သူ အားယူအံကြိတ်လိုက်တာပါလား။

'တကယ်တော့ ကျုပ်တို့သုံးယောက်စလုံးဟာ မိမိရဲ့သီခြားဘဝတွေကို ဆုံးရှုံးနေကြတာပဲ။ မိမိ သီးခြားဘဝ ရှင်သန်မှုကို တစ်စတစ်စ ဖဲ့ပေးရင်းနဲ့ မိမိဆန္ဒ၊ မိမိသဘောနဲ့ ကင်းကွာနေကြရတယ်'

ကျုပ်တို့သုံးယောက်စလုံး. . . တဲ့။ သူ့စကားတွေကို အံ့အားတသင့်နဲ့ပဲ ခင်ဦး ချက်ချင်း နားလည်လိုက်တယ်။ ဒါပေမဲ့ ဘာကြောင့် သုံးယောက်စလုံးလဲ နှစ်ယောက်တည်းပါ။ ကျွန်စစ်သားနဲ့ မဏိစန္ဒာ နှစ်ယောက်တည်းပါ။ အဲသည် ချစ်သူနှစ်ဦးဟာ ဘဝကိုရော ရှင်သန်မှုကိုရော၊ နှလုံးသည်းပွတ်ကိုပါ ဖဲ့ခြွေပေးခဲ့ကြရတာလေ။ ဘာကြောင့် သုံးယောက်လို့ ပြောရ

တာလဲ။ ကျုပ်တို့ သုံးယောက်တဲ့။ သည်အထဲမှာ ရှင်မပါပါဘူး ဘုရင်မင်းမြတ်။

'ချစ်ခြင်းသံယောဇဉ်ဆိုတာကို ကျုပ်နားလည်နိုင်ပါတယ်။ ဒါပေမဲ့ လူ့လောကမှာ နားလည်နိုင်မှုတွေကို အကြိမ်များစွာ ဘေးကိုဖယ်ထုတ်ပစ်ထားရတာမျိုး ရှိတယ်။ အထူးသဖြင့် အနုရုဒ္ဓါဆိုတဲ့ လူတစ်ယောက်ဟာ သူ့ဘဝမှာ သူ နားလည်တာ၊ သူသိတာ၊ သူခံစားထိတွေ့တာတွေကို အတော်များများ ဖယ်ထုတ်ပစ်ခဲ့ရတယ်။ ဘာကြောင့်လဲဆိုတော့ သူဟာ အနုရုဒ္ဓါ ဖြစ်နေလို့ပဲ။

ဘုရင်မင်းမြတ်ဖြစ်နေတဲ့ ယောကျ်ားကြီးတစ်ယောက်ရဲ့ သဏ္ဍာန်ကို ခင်ဦးအတိုင်းသား မြင်နေရတယ်။

'မြစ်ချောင်းအင်းအိုင်တွေမှာ ရေပြည့်စေတဲ့ မိုးစက်မိုးပေါက်တွေဟာ ကောင်းကင်ကနေ အရှိန်ပြင်းစွာ ကျလာတယ်၊ လယ်ယာတွေ၊ သီးနှံတွေကတော့ မိုးကို သောက်ချိုးစားသုံးကြရပါရဲ့။ ဒါပေမဲ့ ပန်းပွင့်လေးတွေရဲ့ ပွင့်ချပ်ကလေးတွေခမျာတော့ မိုးစက်မိုးပေါက်ကြောင့် ပျက်စီးကြွေမွသွားကြတယ်။ ဒီအခါ ပန်းပွင့်တွေက မိုးကို ကျိန်စာဆိုကြတယ်။ ဒီကျိန်စာကို ခံယူဖို့ကလွဲပြီး မိုးဟာ ဘာမှမတတ်နိုင်ဘူး။ ဒါကြောင့် မိုးရွာခါနီးမှာ ဟိုးအမြင့်ဆီက ဂျိုးဂျိုးဂျိမ့်ဂျိမ့် မိုးခြိမ်းမြည်သံဟာ ကျိန်စာဆိုကြတော့မယ့် ပန်းပွင့်လေးတွေကို မိုးက ကြိုတင်တောင်းပန်ရင်း ညည်းညူတဲ့အသံပဲ ဖြစ်တယ်တဲ့။ သုဝဏ္ဏဘူမိက တေးလင်္ကာသည်တွေရဲ့ တေးတစ်ပုဒ်မှာ ကျုပ် ဒီအတိုင်း နားဆင်ခဲ့ရတယ်'

အို. . . ဒါဟာ ဘုရင်အနုရုဒ္ဓါ ဟုတ်ပါလေစ။ အရိန္ဒမာလှံကို ကိုင်စွဲတဲ့ ဘုရင်တစ်ပါးဟာ သည်လိုစကား၊ သည်လိုစကားတွေ ပြောတတ်သတဲ့လား။

'မသိခဲ့လို့ ဖြစ်ခဲ့ကြတာတွေဟာ လွန်ပြီးမှ သိကြတဲ့အခါ အင်မတန်ကို ကြေကွဲစရာကောင်းတယ်။ ဒါအတွက် ကံကြမ္မာဆိုတာကလွဲပြီး ဘာကိုမှ ယိုးမယ်ဖွဲ့စရာ မရှိတော့ဘူး။ ဟုတ်တယ်၊ ကံကြမ္မာ၊ ကျုပ်တို့အားလုံးရဲ့ ကံကြမ္မာ'

ခင်ဦး တစ်ခုခုပြောဖို့ ကြိုးစားတယ်၊ မရဘူး။ သူ့စကားလုံးတွေက အအုံအထု ကြီးမားလွန်းလှတယ်။ လေးလံလွန်းလှတယ်။ ယောက်ျားကြီး တစ်ယောက်။ ပြီးတော့ ဘုန်းအာဏာကြီးမားလှတဲ့ ဘုရင်တစ်ပါးရဲ့စကား အစိုင်အခဲကြီးကို ခင်ဦး ဘယ်လိုလုပ်ထုခွဲ ဆစ်ပိုင်းလို့ရမလဲ။

အို. . ခင်ဦး ပြောလိုက်ချင်တာ၊ အနည်းဆုံးတော့ ခင်ဦးရှေ့မှောက်မှာ ခံတွင်းလည်မျိုထဲ ဆူးအရိုး စူးမြက် ဟိန်းဟောက် ညည်းညူနေတဲ့ ခြင်္သေ့ ကြီးတစ်ကောင်ကို ခင်ဦး ဆူးထွင်ပေးချင်ပါရဲ့. . .

ဒါပေမဲ့ ခင်ဦးကိုယ်နှိုက်ကလည်း နာကျင်ကြေကွဲခြင်း၊ ဆူးကြီး တစ်ချောင်းမှ တံကျင်လျှိုခံနေရသူဆိုတော့။

ရုပ်တုတစ်ခုလို ဖြစ်နေတဲ့ ခင်ဦးဘက်ကို သူ လှည့်လာ၏။ သူ့ မျက်လုံးထောင့်က အရေးအစင်းတွေ ပိုများလာတယ်။ သိသာထင်ရှားလာ တယ်။ သူ့မျက်လုံးတွေ ပြုံးနေကြတယ်။ အရည်တောက်လဲ့နေတယ်။ ဒါပေမဲ့ သွေးမျှင်လေးတွေ ယှက်သန်းနေတဲ့ မျက်ဆံတွေဟာ ကြည်လင်မနေ ကြတာ သေချာတယ်။

'မဏိစန္ဒာ'

ခင်ဦး ပခုံးပေါ်ကို သူ့လက်တွေ ရောက်လာတယ်။ သူ့လက်ဖဝါးတွေ ကြမ်းရှလွန်းတာကို သိလိုက်တယ်။ ဒါပေမဲ့ လက်ချောင်းတွေက တင်းကျပ် မနေကြဘူး။ နွေးပူမနေကြဘူး။ သည် ပြေလျော့အေးစက်လက်တွေရဲ့ အဆုပ်အကိုင်ဟာ ဘာလဲဆိုတာ ခင်ဦး သိလိုက်ပါတယ်။

နားလည်ပါ၊ ခွင့်လွှတ်ပါ. . . ဆိုတဲ့အဓိပ္ပာယ်။

ဩော်. . . သူဟာ သူ့ထက် အသက်အများကြီးလည်း ငယ်တဲ့၊ မိန်းမ သားတစ်ယောက်လည်းဖြစ်တဲ့၊ မိဖုရားရယ်လို့ သူကောက်ယူထားတာလည်း ဖြစ်တဲ့ မိန်းကလေးတစ်ဦးထံမှာ နားလည်ခွင့်လွှတ်ပေးမှုကို တောင်းခံနေ တာပါလား။

'မဏိစန္ဒာ. . . '

သူ့အသံ ပိုပြီး တိမ်သွားတယ်။ သူ့မျက်လုံးအစုံကို ခဏမှိတ်လိုက်

တယ်။ သူ့ရင်အုံ မို့မောက်သွားတယ်။ သူ့ပခုံးသားတွေ မြင့်တက်သွားတယ်။ မျက်လုံးတွေ ပြန်အဖွင့်မှာတော့ နက်ရှိုင်းမှုတစ်ခုကို အတိုင်းသား တွေ့လိုက်ရတော့တယ်။

'တစ်နေ့နေ့မှာတော့ ကျုပ် ဒီစကားတွေ ပြောခဲ့တယ်ဆိုတာကို မင်း ပြန်ပြောခွင့်ကြုံပါလိမ့်မယ်။ အပြည့်အစုံ ပြန်ပြောနိုင်အောင် မင်း နားလည်ပါတယ်နော်'

ခင်ဦး ခေါင်ညိတ်ပြလိုက်တယ်။ သူပြုံးတယ်။

'ပန်းပွင့်ကလေးတွေက မိုးကိုကျိန်စာမဆိုရအောင်ကော မင်းတတ်နိုင် ပါ့မလား'

ခင်ဦး ခေါင်းညိတ်မိပြန်တယ်။ ခင်ဦးပခုံးပေါ်က သူ့လက်ချောင်းတွေဟာ ပြောလျော့လျော့ရှိနေရာက တင်းကျပ်သွားကြတယ်။ ကျေးဇူးတင်ပါတယ်၊ မဏ္ဍိစန္ဒာလို့ သူ ပြောလိုက်တာပဲဆိုတာ ခင်ဦး နားလည်တယ်။

အဲသည်နောက် ဘုရင်အနုရုဒ္ဓါဟာ ခင်ဦး ပခုံးပေါ်က လက်တွေကို လွှတ်ပြီး အဆောင်တော်ထဲက ထွက်သွားပါတော့တယ်။ ခင်ဦးကတော့ သဉ္ဇာလီမှာပဲ မလှုပ်မယှက်။

Z

[၃၄]

'တပ်မင်းကြီးဟာ ပရိမ္မဒေသမှာ လူစုနေတယ်။ မကြာခင် နေပြည်တော်ကို ချီတက်လုပ်ကြံတော့မယ်'တဲ့။

'မဟုတ်ဘူး၊ ကျန်စစ်သားဟာ တစ်နေရာတည်းမှာ အစွဲအမြဲ ဘယ်တော့မှ မနေဘူး။ သူဟာ ရာဇဝတ်သင့်သူ မဟုတ်လား။ ရိုးမတောင်တန်းတွေတစ်လျှောက် ပြေးလွှားပုန်းအောင်းနေတယ်။ လူသူ စုနေတယ် ဆိုတာလည်း မဟုတ်ပါဘူး။ ဖြစ်ချင်းဖြစ်ရင် သူတစ်ကိုယ်တည်း တိတ်တဆိတ်ပြန်ဝင်ပြီး ဘုရင်မင်းမြတ်ကို လုပ်ကြံမှာပေါ့'

'မဟုတ်သေးဘူး၊ တပ်မင်းကြီးမှာ အရိန္ဒာမာလုံ့ပါသွားတယ်လေ။

အရိန္ဒမာဟာ ရာဇဝတ်အာဏာသက်ရောက်တဲ့ မင်းမြောက်လက်နက်မဟုတ်လား၊ ဒီလှံတော်နဲ့ သူဟာ မျိုးခြားနွယ်စုလူတွေကို အုပ်ချုပ်ပြီး တစ်ထီးတစ်နန်း စံနေပြီ'

'တစ်ခုမှ မဟုတ်ဘူး၊ ကျန်စစ်သားမှာ ဘုရင်မင်းမြတ်လှံနဲ့ ပစ်လွှတ်စဉ်က ဒဏ်ရာရသွားတယ်၊ အဲဒီဒဏ်ရာကို ကြိတ်ကုသရင်းနဲ့ ပုန်းအောင်းနေတာ ခုထိ မထွက်ရဲဘူး'

အမောင်နဲ့ပတ်သက်တဲ့ သတင်းတွေဟာ အမျိုးမျိုးထွက်ပေါ်နေတော့

တယ်။ အားလုံးလိုလို ခင်ဦးဆီ ရောက်လာတယ်။ ခင်ဦး တစ်ခုမှ မယုံဘူး။ ချစ်သူအကြောင်းကို အသိဆုံးဟာ သူ့ချစ်သူပဲဖြစ်တယ်။

အမောင်ဟာ ရာဇဝတ်ပြစ်မှုကို အသေအချာခံယူရင်း တစ်နေရာရာမှာ မြုပ်နှံနေတာပဲဖြစ်ရမယ်၊ အမောင့်မှာ နှလုံးကြေကွဲခြင်းကလွဲလို့ ဘာဒဏ်ရာမှလည်း ရမသွားဘူးဆိုတာ ခင်ဦး သိတယ်။

အဆောင်တော်ဆီကို ဘုရင်အနုရုဒ္ဓါ ရောက်လာပြီး ခင်ဦးနဲ့နှစ်ကိုယ်ချင်း စကားတွေ ပြောသွားပြီးတဲ့နောက် လောကကြီးရဲ့ မုန်တိုင်းဒဏ်ကို ခင်ဦး ခံနိုင်စွမ်းတွေ ရှိလာခဲ့တယ်။

ခင်ဦးရင်ထဲမှာ ဘုရင်မင်းမြတ်ကို ထပ်မံတွေ့ဆုံပြီး မေးချင်တဲ့စကားတွေ ပြည့်နှက်နေတယ်။ မေးခွန်းတွေ အများကြီး။

အမောင့်အပေါ်မှာ အရင်က တကယ်ပဲ အထင်မှားခဲ့သလား၊ ခင်ဦးတို့အကြောင်းတွေကို အရှင်မင်းမြတ် ဘယ်အချိန်အခါမှာ သိခဲ့တာပါလဲ။ အရိန္ဒမာလှံကို ပစ်လွှတ်စဉ်က အရှင်မင်းမြတ်ဟာ အခုလိုဖြစ်အောင် ပစ်လွှတ်ခဲ့တာလား။

ဒါပေမဲ့ ခင်ဦး မေးခွင့်မကြုံတော့ဘူး။

အမောင် တိမ်းရှောင်သွားပြီးတဲ့နောက်မှာ ဘုရင်မင်းမြတ်ဟာ အမောင် ဦးဆောင်ခဲ့တဲ့အမှုတော်တွေကို ကိုယ်စားဝင်ဖို့ စီမံခန့်ခွဲပေးခဲ့ရတယ်။ အချို့အမှုတော်တွေမှာ အရေးကြီးလှတာကြောင့် ဘုရင်မင်းမြတ်ကိုယ်တိုင် ဝင်ရောက်စီမံခဲ့ရတယ်။

ပြီးတော့လည်း ဘုရင်မင်းမြတ်က အမောင်နဲ့ပတ်သက်ပြီး စိတ်နှလုံးအတော်ထိခိုက်သွားဟန်တူတယ်။ အမောင်ဟာ တမ္ဗဒီပမှာ သူ အားအကိုးဆုံး၊ သူ အယုံကြည်ဆုံး၊ သူ အချစ်ဆုံးသူရဲကောင်း။ သည်လိုပုဂ္ဂိုလ်မျိုးကို သူလက်လွှတ်ပစ်ရတာဆိုတော့ သူ့ရင်ထဲမှာ ဗလာဟင်းလင်းတစ်ခု ဖြစ်ကျန်ရစ်ခဲ့မှာပါ။

ခင်ဦးကိုလည်း သူ့ရင်ထဲက အစိုင်အခဲကို ထုခွဲရှင်းလင်းပြခဲ့ပြီးတာမို့ တစ်နည်းတစ်ဖုံ သူ လိပ်ပြာသန့်သွားဟန်တူပါတယ်။

ဘုရင်မင်းမြတ်က နန်းတော်မှာ နေတယ်လို့မရှိရအောင်ဘဲ ခရီးလှည့်နေတော့တယ်။ အမောင် မရှိလေတော့ ဘုရင်မင်းမြတ် နောက်ပါးမှာ အမောင်ကိုယ်စား တပ်မှူး ဦးဖိုး၊ ဦးငထွေ၊ ဦးငလုံးတို့လည်း တပူးတွဲတွဲ လိုက်ပါနေရတယ်။

သည်အခါမှာ တမ္ပဒီပနန်းတော်ကြီးဟာ စေ့စပ်ကျစ်လျစ်စွာ ကြပ်မတ်အုပ်ချုပ်မယ့်သူမရှိဘဲ ဆီးနှင်းထုအောက်က ရဲတိုက်အိုကြီးတစ်ခုလို ထုံမှိုင်းညှို့နေတော့တယ်။

သည်ရဲတိုက်အိုကြီးရဲ့ စိုထိုင်းမှုကို မီးအလျှံတွေနဲ့ ဖွတ်အခမ့် အပူငွေ့တွေ ပေးလွှတ်နေတဲ့သူက စောလူးမင်းသား။ ဥပရာဇာတစ်ပါးရဲ့ ဘုန်းအာဏာစက်ဝန်းကို ချဲ့ထွင်ပြီး စောလူးမင်းသားဟာ နန်းတော်ကို ကြိုးကိုင်ခြယ်လှယ်ဖို့ စတင်လာတော့တယ်။ ရာဇပလ္လင်ပေါ် လက်တင်ပြီး ဘုရင်မင်းမြတ်ကိုယ်စား သက်ရောက်သော အမိန့်တော်ဆိုပြီး စောလူးမင်းသားဟာ လက်လွတ်စပယ် မဖွယ်အမှုတွေကို လုပ်လာတယ်။

သည်လိုအနေမျိုးမှာ ခင်ဦးအတွက်တော့ ရှင်အရဟံမထေရ်မြတ်ထံ မပြတ် အဖူးမြော်ဝင်ခြင်း၊ သောကအပူမီးကို ဓမ္မအမြိုက်ရေစင်နဲ့ ငြိမ်းသတ်ပြီး သက်သာခိုနားခွင့် ရှာခြင်းကို အချိန်ပြည့်နီးပါး ကုန်လွန်စေရတယ်။

ဒါပေမဲ့ တရားဓမ္မအာဝါသအောက်မှာ သစ္စာတရားရဲ့တောက်ပလာမယ့် နေ့တစ်နေ့ကို ကျွားသစ်မတို့ရဲ့ နီစွေးတဲ့နှလုံးသားမျိုးနဲ့ ကြိုဆိုလင့်နေမိတယ်။ သည်အခါမှာ ဘယ်ဆီရောက်နေမှန်းမသိတဲ့ ချစ်သူဟာ ခင်ဦးရဲ့ နှလုံးသားအနီးမှာ နွေးထွေးစွာ ပူးကပ်ရှင်သန်နေတယ်. . . ဟုတ်တယ်။

အမောင်. . . ရှင်သန်နေဆဲ။

Z

## [၃၅]

ဘုရင်မင်းမြတ်ရဲ့ ဖျော့တော့ သွေးဆုတ်ခန္ဓာဟာ ရှင်အရဟံမထေရ်မြတ် ရှိရာဘက်ကို ဦးခေါင်းပြုနေတယ်။ ခြေရင်းဘက်မှာတော့ ခင်ဦး။ အနီးတစ်ဝိုက်မှာတော့ အမှူးအမတ်တွေနဲ့ တပ်မှူးဦးတို့ဖီးသုံးယောက်။

တိုင်းခန်းလှည့် ခရီးထွက်ရာအပြန် လမ်းခရီးမှာပဲ ဘုရင်မင်းမြတ်က ဆိုးဆိုးရွားရွား နာမကျန်းဖြစ်ခဲ့ပြီး အခုအချိန်မှာတော့. . .

ဖျတ်ခနဲ ပွင့်လာတဲ့ မျက်လုံးတွေဟာ တမ္ဗဒီပရဲ့ အဝေးကောင်းကင်ဆီကို ကြည့်နေတယ်။ ကောင်းကင်အမြင့်မှာတော့ တိမ်စင်တဲ့ အပြာရောင် ဟင်းလင်းပြန့်ကျယ်။ ပုဂံ မိုးကောင်းကင်ရဲ့ ထာဝရအပြာရောင်။

ငြိမ်းချမ်းအေးမြတဲ့ အပြာရောင်ကိုကြည့်ရင်း ဘုရင်မင်းမြတ်ရဲ့ ရင်အုံဟာ ရုတ်ရက် မြန်မြန်ဆန်ဆန်ကြီး လှုပ်ရှားလာတယ်။ ရှင်အရဟံမထေရ်မြတ်ရဲ့ ရွတ်ဖတ်သရဇ္ဈာယ်သံက အိပ်ဆောင်တော်အတွင်းမှာ နက်နက်ရှိုင်းရှိုင်း စီးလွင့်နေတယ်။

'ဇရာ ဓမ္မေမှိ ဇရံ အနတီတောတိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ။
ဗျာဓိဓမ္မေမှိ၊ ဗျာဓိံ အ နေတီတောတိ၊ အဘိဏှံ ပစ္စဝေက္ခိ တဗ္ဗံ။
မရဏ ဓမ္မေမှိ၊ မရဏံ အနတီတောတိ၊ အဘိဏှံ ပစ္စဝေက္ခိ တဗ္ဗံ'။

ဘုရင်မင်းမြတ်ရဲ့ ရင်အုံပေါ်ကို ခင်ဦး လက်ဝါးနဲ့ အသာအယာ အုပ်လိုက်မိတယ်။ ငှက်တစ်ကောင်ရဲ့ ပျံသန်းမှု အတောင်ပံအစုံ၊ အဟုန် လျော့ကျသွားသလို သူ့ရင်ဟာ လှိုင်းထနေရာက ဖြည်းဖြည်းမှန်မှန် လှုပ်ရှား နေတယ်။

'သဗ္ဗေဟိ မေ ပိယေ ဟ မနာမေဟိ နာနာဘာဝေါ ဝိနာဘာဝေါ တိ အဘိဏှံ ပစ္စဝေက္ခိ တဗ္ဗံ'။

နိမ့်မြင့်လေးလံလွန်းတဲ့ ရင်အုံဟာ တစ်စတစ်စ ငြိမ်သက်စပြုလာ တယ်။ တမ္ပဒီပရဲ့ အပြာရောင် ကောင်းကင်ကိုကြည့်နေတဲ့ ဘုရင်မင်းမြတ် ရဲ့ မျက်လွှာတွေ ဖြည်းညင်းစွာ မှိတ်သွားတယ်။

သူ့ရင်အုံပေါ်မှာ လက်ဝါးအသာအယာ အုပ်တင်ထားပေမယ့် ဘယ် အချိန်မှာ ရပ်စဲငြိမ်သက်သွားသလဲဆိုတာ ခင်ဦး မသိလိုက်တော့ဘူး။ သူ့ မျက်နှာကို တလေးတစား ကြည့်ရင်း ငေးငိုင်နေဆဲမှာ တမ္ပဒီပ ကောင်းကင် ပြာရဲ့ ဟိုး. . . အမြင့်ဆီက မိုးခြိမ်းသံတစ်ချက် ကြားလိုက်ရသလိုလို။

ပန်းပွင့်လေးတွေကို မိုးက ကြိုတင်တောင်းပန် ညည်းညူသံပေပဲ လား အရှင်မင်းမြတ်။

Z

## [၃၆]

လူတစ်ယောက် ဘယ်လိုရှင်သန်နေထိုင်သွားခဲ့သလဲဆိုတာရဲ့ တန်ဖိုးကို အဲသည်လူ ကွယ်လွန်အနိစ္စရောက်ပြီးမှပဲ ကျန်ခဲ့သူတွေက ပိုမိုသဘောပေါက် နားလည်ကြသတဲ့လား။

ဘုန်းအာဏာ ကြီးမားလှတဲ့ အနုရုဒ္ဓါမင်းကြီး အနိစ္စရောက်သွားခဲ့ပြီ။

တမ္ပဒီပ နိုင်ငံတော်ကြီးမှာတော့ သူ့ရဲ့ဝိညာဉ်က ဆက်လက်ရှင်သန်ပွားစီးနေတယ်။ ပုဂံသူ ပုဂံသားတွေရဲ့ ဝမ်းနည်းကြေကွဲမှုတွေထဲမှာ သူ့ရဲ့အရိပ်အငွေ့ဟာ ထင်ဟပ်နေကြတုန်း။ နန်းတော်ကြီးနဲ့ ပုဂံမြို့ရိုးမုခ်တွေမှာလည်း သူ့ရဲ့ ခြေရာလက်ရာတွေက စွဲထင်ကျန်ရစ်ခဲ့ကြတုန်း။

'မသိလို့ဖြစ်ခဲ့ကြတာတွေဟာ လွန်ပြီးမှ သိကြတဲ့အခါ အင်မတန်ကို ကြေကွဲစရာကောင်းတယ်'

ခင်ဦးရင်ထဲမှာတော့ ဘုရင်အနုရုဒ္ဓါရဲ့ စကားသံတွေက သဲ့သဲ့ရိုက်မြည်နေရစ်ခဲ့ကြလေရဲ့။

'ဒါအတွက် ကံကြမ္မာဆိုတာကလွဲပြီး ဘာကိုမှ ရိုးမယ်ဖွဲ့စရာမရှိတော့ပါဘူး။ ဟုတ်တယ် ကံကြမ္မာ၊ ကျုပ်တို့အားလုံးရဲ့ကံကြမ္မာ'

ကျွန်မ ခွင့်လွှတ်ပါတယ် အရှင်မင်းကြီး။ ကျွန်မကို မိဖုရားအဖြစ် သိမ်းပိုက်ခဲ့တာ၊ ကျွန်မနဲ့ ကျွန်မချစ်သူအကြားမှာ ရာဇလှံတံ တစ်စင်းကို

ရွှေကြာရံ ကလပ်ပေါ် ကန့်လန့်ဖြတ်ပြီး နှစ်စုံသော နှလုံးသားကို ကွဲကြေစေခဲ့တာ. . ။ ဒါအတွက် ရှင့်ကို ခွင့်လွှတ်လို့ရပါပြီ ဘုရင်မင်းမြတ်။

အရှင်မင်းကြီးနဲ့ ကျွန်မဟာ ပြောကြစတမ်းဆိုရင် ဖခင်နဲ့ သမီးအရွယ်တွေပါ။ ဒါပေမယ့် ကျွန်မတို့ဟာ ဘုရင်နဲ့မိဖုရားဖြစ်ခဲ့ကြရတယ်။ ဘိသေကသဘင်တစ်ခုနဲ့အတူ ကျွန်မတို့ဟာ အကြင်လင်မယားဆိုတဲ့ အနေအထားကို ရောက်ခဲ့တယ်။

ဒါပေမယ့် အရှင်မင်းကြီးဟာ ကျွန်မကို သိမ်းပိုက်နိုင်တဲ့အခြေအနေအထိ မရောက်ခဲ့ဘူးလေ။ ဘာကြောင့်လဲဆိုတော့ အရှင်မင်းကြီးကိုယ်တိုင်ရဲ့ နှလုံးသားသည်ပင်လျှင် အကျဉ်းကျခံခဲ့ရတယ် မဟုတ်လား။ ကွယ်လွန်အနိစ္စရောက်ခါနီး နောက်ဆုံးအချိန်ကလေးတွေမှာ 'မွန်လှရေ'လို့ အရှင်မင်းကြီး သတိရတစ်ချက် မရတစ်ချက်နဲ့ မြည်တမ်းသွားခဲ့တယ်လေ။

ကျွန်မ ခွင့်လွှတ်နိုင်ပါတယ် အရှင်မင်းမြတ်။

'မြစ်ချောင်း အင်းအိုင်တွေမှာ ပြည့်လျှံစေတဲ့ မိုးစက်မိုးပေါက်တွေဟာ ကောင်းကင်ကနေပြီး အရှိန်ပြင်းစွာ ကျလာတယ်။ လယ်ယာသီးနှံတွေကတော့ မိုးကို သောက်ချိုး စားသုံးကြရပါရဲ့။ ဒါပေမဲ့ ပန်းပွင့်ကလေးတွေရဲ့ ပွင့်ချပ်ကလေးတွေခမျာတော့ မိုးစက်မိုးပေါက်ကြောင့် ပျက်စီးကြေမွသွားကြတယ်။ ဒီအခါ ပန်းပွင့်တွေက မိုးကို ကျိန်စာဆိုကြတယ်၊ ဒီကျိန်စာကိုခံယူဖို့ကလွဲပြီး မိုးဟာ ဘာမှ မတတ်နိုင်ဘူး။ ဒါကြောင့် မိုးရွာခါနီးမှာ ဟိုးအမြင့်ဆီက ဂျိုးဂျိုးဂျိမ့်ဂျိမ့် မိုးခြိမ်းမြည်တာဟာ ကျိန်စာဆိုကြတော့မယ့် ပန်းပွင့်လေးတွေကို မိုးက ကြိုတင်တောင်းပန်ရင်း ညည်းညူတဲ့အသံပဲဖြစ်တယ်'

တဲ့။ ဘုရင်အနုရုဒ္ဓါဆိုတဲ့ မင်းယောကျ်ားကြီးရဲ့ မချိတင်ကဲ မြည်တမ်းစကား။

ဩော်. . . မိုးဒေဝါရဲ့ ကြိုတင်တောင်းပန် ညည်းညူသံတဲ့လား။

ပန်းပွင့်လေးတွေ ကျိန်စာဆိုမှာကို မိုးမင်းကြီးက ထိတ်လန့်သတဲ့

လား။ သူတို့ မသိရှာကြလို့ပါ။ အရှင်မင်းကြီး မသိလို့ ဖြစ်ခဲ့တာတွေဟာ လွန်ပြီးမှ သိရတဲ့အခါ အင်မတန် ကြေကွဲစရာကောင်းလှပါတယ်ဆိုတဲ့ အရှင်မင်းကြီးရဲ့ စကားလိုပါပဲ။

ပန်းပွင့်ကလေးတွေကိုယ်စား ခင်ဦး ခွင့်လွှတ်လိုက်ပါတယ်။ ပွင့်ချပ်တွေ ကျိုးပဲ့၊ ဝတ်မှုန် ဝတ်ဆံတွေ လွင့်စဉ်၊ ပွင့်ဖတ်တွေ ကြေမွခဲ့ရတဲ့ ပန်းတစ်ပွင့် ဖြစ်ခဲ့ရသော ခင်ဦးကိုယ်တိုင်ပဲ ပန်းပွင့်များရဲ့ ခွင့်လွှတ်ခြင်းကို ကိုယ်စား ပေးအပ်လိုက်ပါတယ်။

ရောက်လေရာ ဘုံဘဝမှာ ကြည်နူးစွာ သာဓုခေါ်ပါတော့ အရှင်မင်းကြီး။

ပြီးတော့လည်း နူးညံ့အားနည်းလှတဲ့ ပန်းပွင့်လေးတွေမှာ သိပ်ကို ခွန်အားရှိတဲ့ ခွင့်လွှတ်ခြင်းစိတ်ဓာတ်ဆိုတာကိုလည်း တမလွန် သုဂတိဘုံက အရှင်မင်းကြီး နားလည်စေချင်ပါရဲ့။

ကံကြမ္မာကြောင့် ဖြစ်စေ၊ လောကဓံကြောင့် ဖြစ်စေ၊ အခြားသော အကြောင်း အမျိုးမျိုးကြောင့်ဖြစ်စေ အနင်းအချေခံ ကြေမွပျက်စီးရသော ပန်းပွင့်ကလေးတွေမှာ 'ခံရဲသူတို့၏သတ္တိ' ရှိနေပါတယ်ဆိုတာ အရှင်မင်းကြီး ကြားသိပါစေတော့။

အရှင်မင်းကြီးဟာ တည်ခဲ့တဲ့ မပြီးသေးသော ရွှေစည်းခုံဘုရားရဲ့ စွယ်တော်ပွားဌာပနာ၊ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်ရှေ့မှာ ခင်ဦး ပြုပြုသမျှ ကုသိုလ်ကောင်းမှု အဖို့ဘာဂကို အရှင်မင်းကြီးထံ ရည်စူးအမျှပေးဝေရင်း ခင်ဦး ဟစ်ကြွေးလိုက်မိပါရဲ့။

သာဓုအနုမောဒနာ ခေါ်ပါ အရှင်မင်းကြီး။

Y

ဘုရင်အနုရုဒ္ဓါ နတ်ရွာစံလွန်ပြီဆိုတာနဲ့ တစ်ပြိုင်နက် နိုင်ငံတော်မှာ စီစီညံညံ ထွက်လာတဲ့သတင်းတွေ။

'ကျန်စစ်သားဟာ ပိရမ္မဒေသမှာ စစ်သည်အင်အားစုနေတယ်။ ချင်းတွင်းဒေသကို ဗဟိုထားပြီး ဗိုလ်ဝင်ခံနေတယ်။ မကြာခင် တမ္ပဒီပကို လာတိုက်တော့မယ်'

'ကျန်စစ်သားဟာ ကြောင်ဖြူအရပ်ကို ပြန်သွားတာ၊ ထီးလှိုင်နယ် အစိုးအမင်းအဖြစ် မြင်းတပ်ကြီးဖွဲ့နေတယ်။ မိုးမကျခင်မှာ ပုဂံကို တက်သိမ်းတော့မယ်'

'မဟုတ်ဘူး ကျန်စစ်သားဟာ ဟောဒီ တမ္ပဒီပနေပြည်တော်ရဲ့ တစ်နေရာမှာပဲ လျှို့ဝှက်စွာ ပုန်းအောင်းနေတယ်။ ဘုရင်မင်းမြတ် နတ်ရွာစံသွားပြီဆိုတော့ သူ့အပေါ် ကျရောက်နေတဲ့ ရာဇဝတ်ပြစ်မှုကြီးကလည်း အလိုအလျောက် ပျက်ပြယ်သွားပြီလေ။ ကြည့်နေပါ။ နဂါးတစ်ကောင်လို ဘွားခနဲ သူပေါ်လာတော့မှာ'

သည်သတင်းတွေနဲ့အတူ တစ်နန်းတော်လုံးရဲ့ မျက်စိတွေက ခင်ဦးဆီကို စောင်းငဲ့ရောက်ရှိလာကြတော့တယ်။ မျက်စိတစ်စုံရဲ့ အကြည့်တစ်ချက်က မြူမှုန်တစ်မှုန်စာပဲ ရှိသည်ထားဦး။ အဲသည်အကြည့်တွေ စုပေါင်းလိုက်တယ်ဆိုရင် ခင်ဦး တစ်ကိုယ်လုံးဟာ တောင်ကုန်းတစ်ခုအောက်မှာ နစ်မြုပ်လောက်ရဲ့။

ဘုရင်မင်းမြတ်အနိစ္စရောက်ပြီဆိုတာနဲ့ အားလုံးက ကျန်စစ်သားကိုပဲ တညီတညွတ်တည်း သတိတရ ရှိလိုက်ကြတယ်။ တစ်ဆက်တည်းမှာပဲ ကျန်စစ်သား ဆိုလိုက်တာနဲ့ 'မဏိစန္ဒာ'ဆိုတဲ့အမည်နာမက ကပ်လျက် သားပါလာတော့တယ်။

'သူ ပြန်လာတော့မယ်'တဲ့။ ခက်များခက်ရချည့်၊ နှလုံးသားချင်း အနီးကပ်ဆုံးဖြစ်ခဲ့တဲ့ ခင်ဦးက မမျှော်ရဘဲ သူတို့အားလုံးက ဆန္ဒပြင်းပြစွာနဲ့ မျှော်နေကြလေရဲ့။

သည်လိုနဲ့ ဘုရင်အနုရုဒ္ဓါနဲ့ စျာပနသဘင်တော် ပြီးသွားလို့ နောက်နှစ်ရက်မြောက်နေ့မှပဲ ခင်ဦးဆီကို ငထွေတို့ရောက်လာကြတယ်။ ဦးငထွေ၊ ဦးငလုံးနဲ့ ဦးဖီးတို့ သုံးယောက်အစုံအညီ။

'သတင်းတွေကတော့ တမွဒီပတစ်ခွင်လုံးမှာ ပွက်ပွက်ညံနေပြီ ထိပ်ထား၊ အားလုံးဟာ တပ်မင်းအကြောင်းကိုပဲ ပြောနေကြတယ်။ နန်းတော်ထဲမှာ လူနှစ်ယောက်ဆုံလိုက်တာနဲ့ သူတို့နှုတ်က ထွက်လာတဲ့ စကားလုံးဟာ ကျန်စစ်သားဆိုတဲ့စကားလုံးဖြစ်နေပြီ'

ဦးငထွေက ခရီးတာပေါင်းများစွာ မြင်းဒုန်းစိုင်းလာသူလို မောကြီး ပန်းကြီး ပြောတော့တယ်။

'တချို့ဒေသတွေမှာ တပ်မင်းကို ကြိုဆိုဖို့တောင် အခမ်းအနား သဘင်တွေ အသင့်ပြင်ထားပြီတဲ့'

ဦးငလုံးကလည်း အရောင်တောက်နေတဲ့ မျက်လုံးတွေနဲ့ ပြောပြန် တယ်။

ခင်ဦး စကားမဆိုဘဲ ငြိမ်သက်နေမိတယ်။ ချစ်တဲ့သူအပေါ် ဘယ်သူ တွေ ဘယ်လောက် လိုလိုလားလားရှိကြသလဲဆိုတာ သိရလေတော့ ခင်ဦး ရင်မှာ ဝမ်းမသာ မကြည်နူးဘဲ ရှိပါ့မလား။ နှလုံးသားရဲ့ ပကတိသော အသံနဲ့ပြောရရင် သူပြန်လာတော့မယ်ဆိုပါလား ဆိုတဲ့အသံကို ကြားလိုက် ရုံနဲ့တင် ခင်ဦးရင်ထဲမှာ ထွေးနွေးပြည့်မောက်သွားပါရဲ့

ဒါပေမဲ့. . .

မျှော်လင့်ခြင်းရဲ့ လုံးဝရေရာသေချာခြင်း မရှိမှုကို ခင်ဦး နားလည်နေ ပြီ။ ဆန္ဒနဲ့ ဆန့်ကျင်ဘက်ဖြစ်တတ်ခြင်းကို ခင်ဦးကြောက်လန့်တတ်နေပြီ။ အဖွဲ့တွေရဲ့ အမှန်တရားပေါ်မှာ ဗဟိဒ္ဓရဲ့ အညစ်အကြေးတွေ လိမ်းကျံထား သော လောကကြီးကို ခင်ဦး ထိတ်လန့်နေတတ်ပြီ။

ခင်ဦး ဘာကိုမှ မမျှော်လင့်ရဲဘူး။ ဘာကိုမှ တင်ကူးမယုံကြည်ချင် ဘူး။ သံသယဟာ ခင်ဦးရဲ့ မနောဓာတ်အပေါ်မှာ အလွှာထူထူ ရစ်ပတ်နေပြီ လေ။

'ထိပ်ထား ဘယ်လိုထင်သလဲဆိုတာ ကျွန်တော်တို့ သိပ်သိချင်နေ ကြပါတယ်။ တပ်မင်းဟာ သူတို့တွေပြောနေကြသလို အင်အားစုပြီး ပြန်ရောက်လာမလား၊ ပုဂံကို သိမ်းပိုက်မှာလား'

တုံဏှိဘာဝေဖြစ်နေတဲ့ ခင်ဦးကို အားမလိုအားမရစွာနဲ့ ဦးငထွေက ပွင့်ပွင့်လင်းလင်းကြီး မေးလာတယ်။ ဦးငလုံးကလည်း ခါးစည်းကြိုးပေါ်ကို သူ့လက်ချောင်းကြီးတွေနဲ့ ဆုပ်ကိုင်လိုက် ပြန်ဖြည်လိုက်နဲ့ စိတ်လှုပ်ရှားနေပုံက အတိုင်းသား။

'ဒီနန်းတော်မှာ အို. . . ဒီတမ္ဗဒီပတစ်နိုင်ငံလုံးမှာ အိုဗျာ ဟောဒီ တလောကလုံးမှာ တပ်မင်းကြီးအကြောင်း၊ ပြီးတော့ တပ်မင်းနဲ့ထိပ်ထား တို့အကြောင်းကို အသိဆုံးဟာကျွန်တော်တို့ပါ။ ဒါပေမဲ့ ခုလိုအချိန်မှာ တပ်မင်း ဘယ်ပုံပြန်ရောက်လာမယ်ဆိုတာကို ကျွန်တော်တို့ ဘယ်လိုမှ မမှန်းဆတတ်ဘူးဖြစ်နေတယ်။ ဒါကြောင့် အားလုံးထက် ပိုအသိဆုံး ဖြစ်တဲ့ ထိပ်ထားဆီက ကျွန်တော်တို့ သိချင်နေကြတာ'

အရှင်သခင်အပေါ် သစ္စာစောင့်သိခြင်း ကြီးမားလှတဲ့ သူတို့ကို ကြည့်ပြီး ခင်ဦး ရင်ထဲ တစ်မျိုးကြီးဖြစ်စေတယ်။ တပ်မင်းနဲ့ ထိပ်ထားတို့ အကြောင်းကို ကျွန်တော်တို့ အသိဆုံးပါတဲ့။ သြော်. . . သူတို့ တကယ်ကို ရိုးသားစွာ ပြောနေကြတာပါလား။ တပ်မင်းနဲ့ထိပ်ထားတို့ နှစ်ယောက်ဟာ အသက်ရှင်လျက်နဲ့ ဘဝကူးပြောင်းသွားကြပြီဆိုတာကို သူတို့ မသိရှာ ကြပါလား။

သူတို့အားလုံးကို ကျော်ပြီး နန်းတော်လေသာခန်းအပြင်က အတိုင်း အဆမဲ့ ကျယ်ပြန့်တောက်ပနေတဲ့ ကောင်းကင်ပြင်ဆီကိုလည်း ခင်ဦး ငေးကြည့်နေမိတော့တယ်။ တိမ်ကင်းစင်တဲ့ ကောင်းကင်ပြာ ပျံ့လွင့်ခြင်းရဲ့ အပြင်ပမာဏ မှန်းဆနိုင်ခြင်းရဲ့ ဟိုမှာဘက်ကက အနာဒိ အနန္တစကြာ ဝဠာ။

'ကျုပ် ထင်တာ ပြောရရင်. . .'

ဒါဟာ တစ်ချိန်လုံး ငြိမ်သက်နေတဲ့ ဦးငဖီးရဲ့အသံ။ ခင်ဦး နန်း ဆောင်ထဲကို အာရုံပြန်ကျက်စားဖြစ်လာတယ်။

'တပ်မင်းဟာ အခု ပြောဆိုနေကြတဲ့ ပုံမျိုးနဲ့ ပြန်လာမှာ မဟုတ် ဘူး။ ဒီလို ပြန်ရောက်တဲ့အထိ မနေဘူး။ ဘာကြောင့်လဲဆိုတော့

တပ်မင်းကို အားလုံးက လိုလားနေကြတယ်။ သူဟာနဲ့သူ ပြန်လာမှာ မဟုတ်ဘဲ အားလုံးရဲ့ဆန္ဒနဲ့ ပြန်ရောက်လာလိမ့်မယ်'

ဦးငဖီးအသံက စက်ကွင်းပစ်မှတ် ဗဟိုကွက်ဆီကို မြားတံဝင်စိုက်လိုက်သလိုပဲ။

မြားသွားက အတိအကျ ထိုးစိုက်စွဲဝင်သွားချိန်မှာ မြားမြီးငှက်မွေးက တုန်ခါနေသလိုပဲ။ ခင်ဦးတို့မှာတော့ လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။

'ခင်ဗျား ဆိုလိုတာက တပ်မင်းကို သူတို့ပြန်ခေါ်ကြမှာလား'

'တမ္ဗဒီပ နန်းတော်ကြီးက တပ်မင်းကို ပြန်ခေါ်ပင့်မှာတဲ့လား'

ဦးငထွေနဲ့ ဦးငလုံးတို့နှစ်ယောက်ရဲ့ ရေရွတ်သံဟာ ဒူးလေးနှစ်စင်းရဲ့ ညှို့တွေကို ရှေ့ဆင့်နောက်ဆင့် ဖြုတ်လွှတ်လိုက်သလို။

အမြဲတစေ ရင့်ကျက်တည်ငြိမ်နေတဲ့ ဦးငဖီးက သူ့စကားကို ယုံကြည်စိတ်ချတဲ့လေသံနဲ့. . .

'အေး-နန်းတော်ကကော ပြည်သူပြည်သားတွေကပါ လိုလိုလားလား ပြန်ခေါ်ပင့်တဲ့ အခြေအနေကို ရောက်လာမှာပဲ။ ခုလို အချိန်မှာ တပ်မင်း မရှိလို့ မဖြစ်တော့ဘူးဆိုတာကို အားလုံး နားလည်နေကြတယ်'

'ဟာ. . . ဒီလိုဆို သိပ်ကောင်း'

ပြောရင်းနဲ့ တစ်ခုခု တွေးမိသွားသလို ဦးငလုံးရဲ့စကားက တန့်သွားတယ်။

'ဒါပေမဲ့ စောလူးမင်းသားကကော'

သည်စကားကို ပြောပြီးမှ ခင်ဦး မျက်နှာဆီကို အားနာဟန်နဲ့ လှမ်းကြည့်ရင်း ခေါင်းငုံ့သွားတယ်။

'အဲဒီ စောလူးမင်းသားကြောင့်ပဲပေါ့။ ဘုရင့်သားတော်ဟာ တမ္ဗဒီပကို အခြေမပျက် ထိန်းထားနိုင်စွမ်းမရှိဘူးဆိုတာ ငါတို့နားလည်သလို အားလုံးကလည်း နားလည်ကြတယ်။ ခုဆိုရင် အတွင်းတော်က ကလန်

ကြီးတချို့နဲ့ မှူးကြီး မတ်ရာတွေဟာ တပ်မင်းကို ဘယ်လိုပြန်ခေါ်မလဲ၊ ဘယ်လိုဆက်သွယ်မလဲဆိုတဲ့ ကိစ္စအတွက် ခေါင်းချင်းရိုက်နေကြပြီ'

'ဒီလိုပဲ ဖြစ်ရမှာပေါ့ကွာ'

ဦးငထွေက သူ့ပေါင်ကို သူ အားပါးတရကြီး လက်ဝါးနဲ့ဖြောင်းခနဲ ရိုက်ပြီး ရေရွတ်တယ်။ ပြီးတော့. . .

'ခုလိုအချိန်မှာ ကျုပ်တို့ဟာ တပ်မင်းကို ပြန်ခေါ်ပင့်ဖို့ စုရုံးနေကြသူတွေနဲ့ မလှမ်းမကမ်းမှာ ရှိနေသင့်တယ်။ တပ်မင်းကို ဆက်သွယ်ဖို့အတွက် ကျုပ်တို့ကိုပဲ သူတို့တာဝန်ပေးမှာပဲဟေ့ ငလုံး'

'ဟုတ်ပေသပေါ့ မောင်ရာ၊ ငါတို့ သွားကြစို့'

သူတို့နှစ်ယောက် ထွက်သွားကြတယ်။ ဦးငဖီးတစ်ယောက်ပဲ ကျန်ရစ်ခဲ့တော့မှ လေးလေးတွဲ့တွဲ့ အမူအရာနဲ့ ပြောပြန်တယ်။

'ထိပ်ထားရယ်၊ တပ်မင်းနဲ့ပတ်သက်တဲ့အပိုင်းက အားရတက်ကြွစရာကြီးပါပဲ။ ဒါပေမဲ့ ကျုပ်တို့အားလုံး အထူးသဖြင့် ထိပ်ထားအနေနဲ့ အဆင်သင့်ရှိနေဖို့ ကိစ္စတစ်ခုကို မေ့ထားလို့မဖြစ်ချေဘူး။ ဒါကို သမီးအဖတစ်ဦးလို သဘောထားပြီး ပြောပါရစေတော့'

'ဘာများပါလိမ့် ဦးဖီးရယ် ပြောပါ'

ခင်ဦးအပေါ် တူသမီးလို သဘောထားရှိတဲ့ ညောင်ဦးဖီးကို ခင်ဦး ယုံကြည်ရင်းနှီးစွာပဲ မေးလိုက်တယ်။

ဦးငဖီးဟာ အလေးအပင်ကြီးတစ်ခုကို မနိုင့်တနိုင် သယ်မရတဲ့ အသွင်မျိုးနဲ့. . .

'အိမ်ရှေ့ ဥပရာဇာတစ်ဦးဟာ ခမည်းတော်လွန်တဲ့အခါ ထီးနန်းနဲ့ တကွ အရိုက်အရာကို ဆက်ခံရမယ်လေ'

အလေးအပင်ကြီးကို ပစ်ချလိုက်ဟန်နဲ့ ပြောပြီး ဦးငဖီး ထွက်သွားတယ်။

Z

# [၃၇]

ဦးငဖိုး မနိုင်တနိုင် မပြီး ပစ်ချသွားခဲ့တဲ့ အလေးအပင်ဟာ ခင်ဦးခြေရင်းမှာ ပြင်းထန်တဲ့ အသံကြီးနဲ့ တုန်ခါကျန်ရစ်တယ်။

နန်းနဲ့တကွ အရိုက်အရာ၊

စောလူးမင်းသားဟာ တမ္ဗဒီပ နန်းတော်ထဲမှာ ဘိကေသသဘင်ခံယူပြီး ပုဂံရဲ့ ဘုရင်အဖြစ်။ ပြီးတော့ အရိုက်အရာကို ဆက်ခံ။ ဘုရင်အနုရုဒ္ဓါရဲ့ မိဖုရားဖြစ်တဲ့ မဏိစန္ဒာဟာလည်း နတ်ရွာစံဘုရင်ရဲ့ အရိုက်အရာတစ်ခု။ ဘုရင် အနုရုဒ္ဓါဆောင်းခဲ့တဲ့ မကိုဋ်၊ ကိုင်ခဲ့တဲ့ ရာဇလှံတံ၊ ဆင်မြန်းခဲ့တဲ့ ဝတ်စုံတန်ဆာ၊ ထိုင်ခဲ့တဲ့ ရာဇပလ္လင်များနှင့်အတူ သိမ်းပိုက်ပိုင်ဆိုင်ခြင်းခံရတဲ့ 'ပဏ္ဏာ'တစ်ခု။ မိဖုရားဆိုတဲ့ ပစ္စည်းတစ်ခု။ အသက်ရှိပစ္စည်းတစ်ခု။

သည်လိုဆိုတော့ ပုဂံရဲ့ဘုရင်ဖြစ်လာတော့မယ့် စောလူးမင်းသား။ အို. . စောလူးမင်းလို့ ပြောလိုက်တော့. . . စောလူးမင်းဟုတ်တယ်။ ဘုရင်သစ်တစ်ပါးဆောင်းမယ့် မကိုဋ်၊ ကိုင်မယ့်လှံတံ၊ ဆင်မြန်းမယ့် ဝတ်စုံတန်ဆာ၊ ထိုင်မယ့် ရာဇပလ္လင်များနဲ့အတူ သိမ်းပိုက်ပိုင်ဆိုင်မယ့် မိဖုရား။

'မိန်းမသားတစ်ယောက်ရဲ့ ပုဂ္ဂလိက ရပ်တည်မှုဆိုတာ ဘာလဲ၊ မဏိစန္ဒာဆိုတဲ့ မိန်းမသားတစ်ယောက်ရဲ့ ဘဝဖြစ်တည်မှုဟာ ဘာလဲ။

ကျွန်မဟာ မကိုင်မှ မဟုတ်ဘူး၊ လုံတံမဟုတ်ဘူး၊ ဝတ်စုံတန်ဆာမဟုတ်ဘူး။ ရာဇပလ္လင်မဟုတ်ဘူး။ ကျွန်မဟာ အသက်ရှိနေတဲ့ လူသားတစ်ယောက်၊ မိန်းမတစ်ယောက်၊ တွေးတောတတ်၊ ခံစားတတ်တဲ့၊ ရယ်တတ် ငိုတတ်တဲ့ လူသားတစ်ယောက်၊ ရှင်တို့ ကျွန်မကို ဒီလိုလုပ်လို့မရဘူး’

ခင်ဦး အသံကုန် အော်ဟစ်လိုက်တယ်။ ဒါပေမဲ့ . အကြေကြေ အကွဲကွဲရှိလေတဲ့ နှလုံးသည်းပွတ်ရဲ့ အကြား၊ အအက်တွေကြားကပဲ အသံဟာ ယိုစီးပေါက်ကျသွားတယ်။

ကျယ်လောင်လွန်းလှတဲ့အသံကြောင့် တမ္ပဒီပနန်းတော်ကြီးရဲ့ တိုင်လုံးတွေ၊ ဗိမာန်မျက်နှာကျက်တွေ တုန်ခါသွားရမယ့်အစား အော်ဟစ်သူကိုယ်တိုင်ရဲ့ နှလုံးအိမ်နံရံတွေသာ တုန်ခါသွားတော့တယ်။

မိဖုရား . မိဖုရား . ဘုရင်သစ်ရဲ့ မိဖုရား . . ။

တမြည့်မြည့် နာကျင်ရလေတဲ့။ ချစ်သောသူနှင့် ကွေကွင်းခြင်းဆင်းရဲနက်တွင် မရပ်သေးဘူးလား။ မတော်သေးဘူးလား။ မချစ်မနှစ်သက်သူနဲ့ ပေါင်းဖက်ရမယ့် ဆင်းရဲစက်ဆုပ်ရွံ့ရှာစရာဒုက္ခ။

စောလူးမင်းလို ယောကျ်ားတစ်ယောက်ရဲ့ . . .

‘ထိပ်ထား . . . စောလူးသခင် ရောက်ရှိလာကြောင်းပါ’

သဋ္ဌာလီလက်ရမ်းတိုင်ကို အညိုးတကြီး ဆုပ်ကိုင်ထားမိတဲ့ လက်ချောင်းတွေကို ပြန်ဖြေလိုက်တယ်။ ခင်ဦးရဲ့ လက်ချောင်းတွေ သွေးဆုတ်ဖြူဖွေးနေကြတယ်။ ကျိန်းစပ်နေကြတယ်။

နာကျင်မှု မုန်းသမျှဟာ အလိုအလျောက်ပဲ ဒေါသအဖြစ် ကူးပြောင်းသွားကြလို့ ခင်ဦးကိုယ်ခင်ဦး သိလိုက်တယ်။ ပူလောင်မှုဟာ အင်အားဖြစ်ရမယ်။ မီးတောက်မှာ အပူရှိသလို အလင်းလည်းရှိတယ်။ အလင်းဆိုတာဟာ အမှောင်ထုကို ဖြိုခွဲတဲ့အရာ။ မီးတောက်မီးလျှံဟာ မိမိကိုယ်မိမိ လောင်ကျွမ်းခြင်းကို သိမှတ်စိတ်ဝင်စားနေရိုး ထုံးစံမရှိ။ မိမိဝန်းကျင်ဟာ အရာဝတ္ထုများကို လောင်ကျွမ်းခြင်းသည်သာ မီးရဲ့ဂုဏ်ဖြစ်တယ်။

ခင်ဦးဆိုတဲ့ မိန်းမတစ်ယောက်ရဲ့ နှလုံးဟာ မီးကျီခဲ။ နှလုံးဝန်းကျင်မှာ မီးအလျှံတွေ တောက်လောင်လို့။

'ဧည့်ခန်းဆောင်မှာ စောင့်ခိုင်းထားလိုက်'

ဘိသေကသဘင်လည်း မခံယူရသေး၊ မကိုဋ္ဋနဲ့လုံ့တာကိုလည်းမဆောင်၊ မကိုင်ရသေးတဲ့ ဥပရာဇာတစ်ယောက်အဖြစ်သာရှိသေးတဲ့ စောလူးမင်းသား ကို နတ်ရွာစံဘုရင်တစ်ပါး မိဖုရားအနေနဲ့ ရင်ဆိုင်ရလိမ့်မယ်။

Y

ငှက်ခါးရောင် သင်တိုင်းဝတ်ရုံဝတ်ပြီး လက်ဝတ်တန်ဆာတွေနဲ့ တောက်ပပြိုးပြက်နေတဲ့ စောလူးမင်းသားဟာ တောင်ပို့ထိပ်မှာ ရစ်ခွေ ပါးပျဉ်းထောင်နေတဲ့ မြွေတစ်ကောင်လို အသင့်စောင့်နေတယ်။ သူ့ကို မြွေတစ်ကောင်လို့ စိတ်ကရောက်လိုက်တာနဲ့ တစ်ပြိုင်နက် ဘာကြောင့် ငါဟာ နဂါးမတစ်ကောင်မဖြစ်နိုင်ရမှာလဲဆိုတဲ့ အတွေးတွေက ချက်ချင်း ပေါ်လာတယ်။

ဧည့်ခန်းဆောင်မှာ ထိုင်မိတာနဲ့ အနီးအနားက ရံရွေတွေကို တစ်ချက် ဝေ့ကြည့်လိုက်တယ်။ ရံရွေတွေအားလုံး ကျိုးနွံနားလည်စွာနဲ့ ကိုယ်ကိုရို့၊ ခေါင်းကိုငုံ့ရင်း ထွက်သွားကြတယ်။ ဒါပေမဲ့ စောလူးမင်းသားရဲ့နောက်မှာ တော့ သူ့မင်းလုလင်နှစ်ယောက်က ထွက်မသွားသေးဘဲ ရပ်နေဆဲ။

မင်းတို့ပါ ထွက်သွားကြစမ်းဆိုတဲ့ အဓိပ္ပာယ်ဟာ ခင်ဦးရဲ့မျက်လုံး တွေထဲမှာ အထင်အရှား ပေါ်လွင်နေလောက်တယ်။ စူးစူးရဲရဲကြည့်နေတဲ့ ခင်ဦးမျက်လုံးတွေကို သူတို့ရင်မဆိုင်ရဲကြဘဲ သူတို့သခင်ရှိရာကို အကူ အညီတောင်းဟန်နဲ့ လှမ်းကြည့်နေကြတယ်။

ရှင့်လူတွေကို နန်းဆောင်ဧည့်ခန်းထဲကနေ ထွက်ခိုင်းလိုက်ပါဆိုတဲ့ အဓိပ္ပာယ်ကို စောလူးမင်းသားလည်း သဘောပေါက်သွားဟန်တူရဲ့။ ခင်ဦးရဲ့ မျက်လုံးတွေကနေ လွှဲဖယ်ပြီး မင်းလုလင်နှစ်ယောက်ကို လက်ဝေ့ယမ်းပြ တယ်။ မင်းလုလင်နှစ်ယောက်လည်း ဆုတ်ရွေ့ထွက်ခွာသွားကြတယ်။

စစ်ပွဲရဲ့ ကနဦးလန့်ကာ အဖွင့်မှာတော့ ခင်ဦး အနိုင်ရလိုက်ပြီ။

စွေစွေစောင်းစောင်း အနေအထားမဟုတ်လေဘဲ မလှမ်းမကမ်း မျက်နှာချင်းဆိုင်တည့်တည့်မှာပဲ ခင်ဦး ထိုင်ချလိုက်တယ်။ တစ်ဝကြီး အသက်ရှူသွင်းလိုက်တာကြောင့် ခင်ဦး ရင်အစုံ ကြွမောက်ပြီး ပခုံးနှစ်ဖက်ဟာလည်း မြင့်တက်နေမှာပဲ။ လည်တိုင်ဟာ ဝင့်ပြီး မျက်နှာကလည်း စွင့်စွင့်မတ်နေမှာ အမှန်ပဲ။

စောလူးမင်းသားရဲ့ မျက်ခုံးနှစ်ခုအကြားက နှာရောင်ဆီကို တည့်တည့်ကြီး စိုက်ကြည့်ပစ်လိုက်တယ်။ သည်အခိုက်မှာပဲ သူဟာ ဖခင်ကွယ်လွန်သွားတဲ့ သားတစ်ယောက်ရဲ့ ပူဆွေးမှုမျိုး အလျဉ်းမရှိလေဘဲ ဘုရင်တစ်ပါး နတ်ရွာစံသွားပြီးနောက် ထီးနန်းစိုးစံရတော့မယ့် ဥပရာဇာ တစ်ယောက်ရဲ့ ပျော်ရွှင်မှုမျိုးနဲ့ ပေါ့ပါးရွှင်လန်းနေပါလားဆိုတာကို ခင်ဦး အတိုင်းသား သိလိုက်ရတယ်။

ဩော်. . . ထီးနန်းအရိုက်အရာ ခံရတော့မယ့် ဥပရာဇာ။

'ကျန်းခံ့သာပါရဲ့လား မဏိစန္ဒာ'

'ကျေးဇူးရှင် သူတော်ကောင်း မင်းယောကျ်ားကြီးအတွက် စိတ်နှလုံး မချမ်းမြေ့တာမို့ ကျန်းခံ့သာတယ်လို့ မဆိုနိုင်ပါဘူး အရှင့်သား။ မိန်းမသားမို့ မိမိအတွက်ရော နတ်ရွာစံဘုရင်ကြီးအတွက်ပါ တရားနှလုံး သွင်းလို့ ဖြေနေရပါတယ်'

'ဩော်. . ဩော်. . ဟုတ်လား၊ အင်း- ဟုတ်ပေမှာပေါ့လေ'

စစချင်းမှာပဲ အလုံးအရင်းနဲ့ ပစ်လွှတ်ဖြစ်သွားတဲ့အတွက်

'ဒါကြောင့် ဥပုသ်သီတင်း လရက်ရှည်စောင့်ရင်း ဥပုသ်ဆောင်တော် ဝင်ဖို့ စီစဉ်ထားပါတယ်'

ပထမမြားတံကို ပစ်လွှတ်ပြီးနောက် ရန်သူ့ဆီက အတုံ့မြားအတွက်ကာကို အသင့်ပြင်ထားလိုက်တယ်။

'ဥပုသ်ဆောင်. . အင်း. . အဲ. . အဲ ကောင်းပါတယ်လေ'

ကံအားလျော်စွာပဲ ခင်ဦးရဲ့ ဝတ်စုံဖျဉ်က ရှားရောင်ဖြစ်နေတယ်။ မှုန်မှိုင်းတဲ့ အဆင်အသွေးကို စောလူးမင်းသားလည်း သတိထားမိဟန်တူရဲ့။ လက်ဝတ်တန်ဆာတွေအပြည့်နဲ့။ စူးရဲကြောင်စီတဲ့ ငှက်ခါးရောင်ဝတ်စုံကို တောက်ပစွာ ဆင်မြန်းလာတဲ့ စောလူးမင်းသားဟာ သူ့အဆင်အသွေး အတွက် မလုံမလဲ ဖြစ်သွားဟန်လည်းတူတယ်။

ဒါပေမဲ့ ရာဇပလ္လင် လက်တစ်ကမ်းအကွာမှာ ရှိနေသူဆိုတော့ စောလူးမင်းသားဟာ မရေမရာ ဖြစ်သွားတဲ့ သူ့အမူအရာကို ချက်ချင်းပဲ ပြန်ထိန်းရင်း ကိုယ်ကို မတ်မတ်ပြန်ထိုင်တယ်။

ချောင်းတစ်ချက်ဟန့်ပြီး သူ စပြောတယ်။

'ခမည်းတော်မရှိတော့ဘူးဆိုတော့ တမ္ဗဒီပ နန်းတော်ရဲ့ အရေးအရာ အဝဝဟာ အင်း. . . ကျွန်ုပ်ပခုံးထက် ကျရောက်လာတယ်'

ရွှေနန်းအုပ်ပခုံး တန်ဆာဝတ်ထားတဲ့ သူ့ပခုံးအစုံကို လှမ်းကြည့်လိုက်မိတယ်။ အင်း. . . ဘုရင်အနူရုဒ္ဓါလို မင်းမြတ်တစ်ပါးဆီက လွှဲပြောင်းယူမယ့်သူတဲ့လား။

သီကုံးစီစဉ်ထားတာမဟုတ်တဲ့စကားတွေကို ခင်ဦး ပြောဖြစ်သွားတယ်။

'ဟုတ်တာပေါ့ ဥပရာဇာ၊ ခမည်းတော်ရဲ့ မပြီးသေးတဲ့အရေးတွေကို သားဖြစ်သူက ဆက်လက်တာဝန်ယူရမှာပေါ့။ တမ္ဗဒီပနန်းတော်ကြီးတင် ဘယ်ကမလဲ၊ နိုင်ငံတော်တစ်ခုလုံးကိုပါ ပခုံးလွှဲပြောင်းယူရမှာပေါ့'

'ဟုတ်တာပေါ့ မဏိစန္ဒာ၊ ဟုတ်တာပေါ့'

အားတက်သရော လိုက်ပါလာတဲ့ စောလူးမင်းသားရဲ့ အငမ်းမရ အမူအရာ မနှစ်မမြို့ ဖြစ်လိုက်တာများ။

'ဥပမာဆိုပါတော့ မပြီးသေးတဲ့ ရွှေစည်းခုံစေတီ တည်ဆောက်ရေး၊ တန့်ကြည့်တောင်ခြေရင်းက တောရှင်းလင်းရေး၊ ပျက္ခယွေတောင်တန်းဆီက ပယ်ပေါင်းများစွာ ခုတ်ထွင်ရမယ့် တောင်ယာတွေ၊ မောဒေသ

နယ်စပ်က ထောင်ပြုမြို့ တပ်စခန်းတွေ၊ နှစ်ဆေ့ကျရောက်တဲ့ ကလန်သံပျင်များကို အသစ်လဲလှယ် ခန့်အပ်ဖို့ အများကြီးရှိတာပေါ့'

လောဘတကြီး စားသောက်လိုက်တဲ့ ထမင်းလုတ်ထဲမှာ ငါးအရိုးတစ်ချောင်း စူးမျက်သွားသလို စောလူးမင်းသားဟာ အမူအရာပျက်သွားတယ်။

ပုဂံရဲ့ သက်ဦးဆံပိုင် အရှင်သခင်လုပ်ဖို့ ခြေလှမ်းနေတဲ့ရှင်ဟာ ဒါတွေကိုကော စဉ်းစားမိရဲ့လား။ ဘုရင်တစ်ပါးရဲ့ လုပ်ငန်းဆောင်တာတွေကို ရှင့် ဖခမည်းတော် လုပ်သွားခဲ့သလို ရှင် လုပ်နိုင်ရဲ့လားလို့ စိတ်ထဲက မေးရင်း ခင်ဦး ဆက်တိုက်ဖိပြောပစ်လိုက်တယ်။

'လယ်တွင်းကိုးခရိုင်အရပ်မှာ ရေလွှဲပေါက်တွေ အသစ်တပ်ဆင်ရဦးမယ်လို့ နတ်ရွာစံ အရှင်မင်းကြီး ပြောသွားဖူးတယ်။ ပြီးတော့ ရွှေစည်းခုံ စေတီတော်ကြီးမှာ ဌာပနာတဲ့ စွယ်တော်ပွားအတွက် လက်ာဒီစီဘုရင်ထံ ကျေးဇူးတုံ့ပြု သံအဖွဲ့ စေလွှတ်ဖို့လည်း အစီအစဉ်ရှိတယ်တဲ့။ နန်းတော် ဆင်ကျုံးအတွက်လည်း ဆင်တွေ ထပ်ဖြည့်ရဦးမယ်တဲ့။ ဒါ. . ကျွန်မ သိသမျှပဲ ရှိသေးတယ်။ စောနောင်စော်ဘွားဆီ သဝဏ်ပို့ဖို့ကိစ္စလည်း ရှိနေတယ်။ ဆရာတော် ရှင်အရဟံသူမြတ်ရဲ့ ဝိဟာရကျောင်းတိုက်မှာလဲ. . .

'ကျုပ် ဒါတွေ သိပါတယ်'

သည်းမခံနိုင်စွာနဲ့ သူ ခင်ဦးရဲ့စကားကို သူဖြတ်ပစ်တယ်။

'မှူးကြီး မတ်ကြီးတွေနဲ့ ကျုပ် အခုပဲ စုဝေးတိုင်ပင်ခဲ့တယ်'

သူလိမ်ပြောနေတယ်ဆိုတာ ခင်ဦး သိလိုက်တယ်။ မုသားထွက်ထားတဲ့ နှုတ်ကို သူကိုယ်တိုင်လည်း မလုံမလဲဖြစ်ပြီး မျက်စိမျက်နှာပျက်လို့၊ အရစ်အခွေ ကိုယ်လုံးကြီးထဲကို ဦးခေါင်းထိုးသွင်းလိုက်တဲ့ မြွေတစ်ကောင်မျိုး။

'ကျုပ် အခု အရေးကြီးတဲ့ စကားနှစ်ခွန်း ပြောစရာရှိလို့ လာခဲ့တာပဲ'

အားယူ သက်ပြင်းရှိုက်သွင်းရင်း သူ စကားဆက်ဖို့ ကြိုးစားတယ်။

ဒါပေမဲ့ စောလူးမင်းသားဟာ ခင်ဦးမျက်နှာကို စေ့စေ့မကြည့်ဘဲ မျက်နှာလွှဲထားတယ်လေ။ လိပ်ပြာမသန့်သူတွေရဲ့ မဝံ့မရဲရှိခြင်းမျိုးနဲ့။

'ပြောပါ အရှင့်သား၊ နတ်ရွာစံမင်းကြီးရဲ့ ဝိညာဉ်ကို သက်သေထားပြီး ကျွန်မတို့ ဆွေးနွေးကြတာပေါ့'

ဖြူစပ်စပ် သူ့မျက်နှာမှာ ရဲခနဲသွေးရောင်လျှမ်းသွားတယ်။ ယောကျ်ားတန်မဲ့ လက်ဝတ်ရတနာတွေ အပြည့်နီးပါး ဝတ်ဆင်ထားတဲ့ အဆစ်အဖုမရှိ ပြေပြစ်ချောမွတ်နေတဲ့ လက်ချောင်းတွေကို သူ ဆုပ်နယ်နေတယ်။

သူ အားယူနေတာကို ခင်ဦး အချိန်ပေးလိုက်တယ်။ ကစဥ့်ကလျားဖြစ်နေတဲ့ အမူအရာကိုလည်း ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်တယ်။ အတော်ကြီးကြာတော့မှ သူ ဆောက်တည်ရာ ရသွားဟန်မျိုးနဲ့ ခင်ဦးကို ဆတ်ခနဲ လှမ်းကြည့်တယ်။ ပါးစပ် တင်းတင်းစေ့ထားပေမယ့် သူ့မျက်လုံးတွေထဲမှာ လျှောင်ပြောင်ရယ်သွမ်းနေတဲ့ အရောင်တွေနဲ့။

'အဟင်း. . ပထမ ကိစ္စက၊ အဲ. . မင်းနဲ့ သက်ဆိုင်ပါလိမ့်မယ် မဏိစန္ဒာ၊ ဘာကြောင့်လဲဆိုတော့ ဥဿာအရေးမို့ပဲ'

ဥဿာ. . ဘုရား. . . ဘုရား၊ ခမည်းတော်များ ဘာဖြစ်လို့ပါလိမ့်။ ထိတ်ခနဲ ဖြစ်သွားချင်တဲ့ရင်ကို အသာထိန်းပြီး ခင်ဦး ဟန်မပျက် နေလိုက်ရတယ်။

'မဟာမိတ် တိုင်းပြည်တစ်ခုမှာ မိမိရဲ့ စိတ်အချရဆုံး ပုဂ္ဂိုလ်ပဲ ရှိနေသင့်တယ် မဟုတ်လား၊ ဥပမာ ခမည်းတော်တုန်းကလည်း မင့်ဖခမည်းတော်ကို ရင်းချာယုံကြည်စွာနဲ့ အသိအမှတ်ပြုထားခဲ့တယ်လေ။ ကျုပ်လက်ထဲမှာလဲ. . .'

ကျုပ်လက်ထက်ဆိုတဲ့ စကားလုံးကို သူ ဖိပြောတယ်။

'အင်း. . ကျုပ်လက်ထက်မှာလဲ ကျုပ်ရဲ့ စိတ်အချရဆုံး ပုဂ္ဂိုလ်သာ ရှိသင့်တာပေါ့။ ဒါကြောင့် ဥဿာကို ကျုပ်ရဲ့ သစ္စာအရှိဆုံး နှံ့စို့ဖက် မင်းရမန်လက်ထဲ ထည့်ပေးလိုက်တယ်။ မင်းရမန်ဟာအခု ဥဿာ ဘုရင်ခံဆိုပါတော့'

မင်းရမန်. . ဟို သားရေပြားအနက် ရွှေကြိုးနဲ့ ချည်နှောင်ပြီး မျက်စိတစ်ဖက်ပေါ် အုပ်ထားတဲ့လူ။ ဒါဖြင့် ခမည်းတော်က. . .

'ဟင်း. . ဟင်း. . မင့်ခမည်းတော်အတွက် မစိုးရိမ်ပါနဲ့ မဏိစန္ဒာခမည်းတော်ဘုရား နတ်ရွာစံခဲ့တဲ့အကြောင်း သိရတော့ မင့်ခမည်းတော်ဥဿာဘုရင်ကြီးဟာ သံဝေဂတုန်လှုပ်သွားတယ် ထင်ပါရဲ့။ ဥဿာကိုမင်းရမန်စားစေဆိုတဲ့ ကျုပ် အစီအမံကို ကျေကျေနပ်နပ်ကြီး လက်ခံပြီးဘုရားရိပ်၊ တရားရိပ်မှာပဲ ခိုလှုံသွားပါပြီ'

ဝံပုလွေတစ်ကောင်ရဲ့ လက်သည်းချွန်ကို စတင်တွေ့မြင်လိုက်ရတာပဲ။ စောလူးမင်းသားဟာ ရာဇာအာဏာကို အပြီးတိုင် လွှဲပြောင်းခံယူခြင်းမပြုရသေးဘဲ နိုင်ငံတော်အရေးတွေကို စိတ်ထင်သလို ခြယ်လှယ်စပြုနေပါပြီကော။

အမှန်တော့ ဒါဟာ မိဖုရားတစ်ပါးဖြစ်တဲ့ ခင်ဦးနဲ့ လက်ဦးမဆွတိုင်ပင်ရမယ့်ကိစ္စ။ ဥဿာဆိုတာက ခင်ဦးဖခမည်းတော်ရဲ့ဒေသ။ ဒါပေမဲ့ခင်ဦးဟာ ခုချိန်မှာ နတ်ရွာစံမင်းကြီးရဲ့ ကျန်ရစ်သူမိဖုရား။ ရာဇပလ္လင်ပေါ်မတက်ရသေးတဲ့ စောလူးမင်းသားနဲ့ ဘာမှမဆိုင်။ အို- ရှုပ်ထွေးလှပါလား။

ဘာပဲဖြစ်ဖြစ် စောလူးမင်းသားရဲ့ လျှို့ဝှက်လက်နက် အသွားချွန်တစ်ခုဟာ ခင်ဦးရဲ့ လွှားကာဘေးကနေ မထင်မှတ်တဲ့ နေရာဆီက ဝင်ရောက်ခဲ့ပြီကော။

'ထားပါတော့လေ။ မင်းရမန် ဥဿာစားဖြစ်သွားတာကလွဲလို့ အခြေအနေ အရပ်ရပ်ဟာ ဘာမှ ဆုတ်ယုတ်ပြောင်းလဲမသွားပါဘူး။ ဒုတိယကိစ္စကို ဆက်ပြောကြရအောင်'

ခင်ဦး အားနည်းသွားပြီလို့ သိလိုက်တယ်။ စစ်ထိုးပွဲဟာ အခြေအနေပြောင်းသွားပြီ။ ကြောက်ကြောက်ရွံ့ရွံ့နဲ့ ကုပ်တွယ်ကိုက်ခဲလိုက်တဲ့ ဝံပုလွေရဲ့ အစွမ်းဟာ ခင်ဦး နှလုံးသားကို ခြစ်ရှမိသွားပြီ။

'အဲ-ဒုတိယကိစ္စကတော့. . '

ချောင်းတစ်ချက် ရှင်းပြန်တယ်။ သည် ချောင်းရှင်းသံဟာ သူ့လည်မျို ထဲကနေ ကူလီကူမာညာဏ်တွေရဲ့ တွန်းကန်အားနဲ့ ထွက်လာတဲ့အသံပဲ ဆိုတာ ခင်ဦးအာရုံက ပကတိ သိနေတယ်။

'ဒီနန်းတော်တစ်ခုလုံးမှာ ဒီကိစ္စနဲ့ပတ်သက်ပြီး မင်းဟာ ပထမဆုံး သိရတဲ့သူပဲ မဏ္ဍိစန္ဒာ၊ ဒါကို လာရောက်ပြောကြားသူကလည်း ကျုပ် ကိုယ်တိုင်ဖြစ်လို့ ဒါအတွက် မင်း ဂုဏ်ယူသင့်ပါတယ်။ အဲဒါကတော့-

ခင်ဦးကို လှမ်းကြည့်လိုက်တဲ့ သူ့မျက်လုံးတွေ မှေးစင်းသွားတယ်။ ကျဉ်းမြောင်းတဲ့ မျက်ပေါက်အကြားက သူငယ်အိမ်မှာ အော့နှလုံးနာစရာ အဆိပ်ရည်တွေနဲ့ လိမ်းကျံလို့။

'ကျန်စစ်သားကို ပြန်ခေါ်ဖို့ သူတို့အားလုံး အို. . တစ်နန်းတော်လုံး က ဆုံးဖြတ်ပြီး ကျုပ်ကို နားချကြတယ်။ နက်ဖြန်မနက်မှာပဲ ငထွေနဲ့ ငလုံးတို့ သွားခေါ်ကြလိမ့်မယ်။ ဒီသတင်းကို အဦးအဖျားအဖြစ် မင်း သိရတဲ့အတွက် မင်းဂုဏ်ယူစရာဖြစ်မှာပါ မဏ္ဍိစန္ဒာ'

သည်တစ်ခါတော့ ခင်ဦးလက်က ကာဟာ လွတ်ကျသွားခဲ့ပါပြီ။ စော်ကားမှုလှိုင်းသွားက ခင်ဦး နှလုံးကို စွဲဝင်ထိမှန်သွားခဲ့ပြီ။

ကိုယ်နဲ့ မတန်အောင် ယုတ်ညံ့လှတဲ့ ယောက်ျားတစ်ယောက်ကို ဘယ်လိုပြန်ပြောရမလဲ။ ဘယ်လို တုံ့ပြန်ရမလဲဆိုတာ ခင်ဦး မသိတော့ ဘူး။ ခင်ဦး အသားတွေ ဆတ်ဆတ်တုန်နေတယ်။ စက်ဆုပ်ခြင်းတွေနဲ့ ခင်ဦး နှုတ်ဟာ ဆွံ့အသွားတယ်။

'ဒါပါပဲလေ၊ ဥပုသ်ဆောင်တော်ဝင်ဖို့အတွက် လိုအပ်တာများရှိရင် ရုံရွှေတွေကို လွှတ်လိုက်ပါ ဟုတ်လား။ ခုအချိန်မှာတော့ ကျုပ် တာဝန် ပဲပေါ့ ဟုတ်လား။ ခွင့်ပြုပါဦး မဏ္ဍိစန္ဒာ'

သင်း လှည့်ထွက်သွားချိန်မှာ ခင်ဦး တစ်ကိုယ်လုံး အမှုန်အစတွေ ဖြစ်ပြီး နေရာမှာတင် ပျက်ပြိုမွကြေသွားသလိုပဲ။

အဆောင်တော် တံခါးဝအရောက်မှာ သူရပ်ပြီး ပြန်လှည့်ပြောပြန်တယ်။

'သြော်. . မေ့သွားတယ်။ ကျန်စစ်သားဟာအခု ကြောင်းဖြူဆိုတဲ့ အရပ်မှာတဲ့၊ အများသူငါ ပြောကြသလို လက်နက်လူသူစုပြီး ဗိုလ်ဝင်ခံနေတာလည်းမဟုတ်ပါဘူး။ ကိုယ်ယောင်ဖျောက်ပြီး ပုန်းအောင်းနေတာပါ။ ကြောင်းဖြူအရပ်က မထေရ်ကြီးတစ်ပါးဆီမှာ ဆိုလား၊ အင်း. . . ရောက်လာမှ မေးကြည့်ကြတာပေါ့လေ'

သင်း ထွက်သွားတယ်။

ပါးပြင်နှစ်ဖက်မှာ ပူနွေးသွားတယ်။ ဒါပေမဲ့ သည်မျက်ရည်ပူတွေဟာ အရာကျသွားတဲ့ ခမည်းတော် ဥဿာဘုရင်ကြောင့်မဟုတ်။ နတ်ရွာစံဘုရင်အနုရုဒ္ဓါကြောင်မဟုတ်၊ ပြန်ခေါ်ကြတော့မယ်ဆိုတဲ့ ချစ်ဦးသူကြောင့်မဟုတ်။

စော်ကားမော်ကားခံလိုက်ရတဲ့ မိန်းမသားတစ်ယောက်ရဲ့ဘဝ၊ အဲသည်မိန်းမသားရဲ့ တမြတ်တနိုး ထိန်းသိမ်းထားသော နှလုံးသား အကြိတ်အခြေခံလိုက်ရတဲ့အတွက်ကြောင့်။

မျက်ရည်ပူတွေကို ခင်ဦး မသုတ်ဘဲ ထားလိုက်တယ်။

ကျလိုက်စမ်းပါ မျက်ရည်ပူတွေ။

အပူဓာတ်ကြောင့် အလိုအလျောက်ပဲ ခြောက်သွေ့သွားကြတယ်။

ခင်ဦးရဲ့လက်တွေကို မျက်ရည်သုတ်ရဲ့အလုပ်မပေးနိုင်ဘူး။ ကြုံလာရတော့မယ့် လောကဓံ ဆူးချွန်ကြီးတွေကနေ ကာကွယ်ဖို့၊ ခုခံဖို့၊ ရှောင်တိမ်းဖို့ ခင်ဦးရဲ့လက်တွေ အသင့်ရှိနေရလိမ့်မယ်။

နာကြည်းစက်ဆုပ်ခြင်း မြေအပြင်မှာ နက်မှောင်သောအဆင်းရှိတဲ့ ပန်းတစ်ပွင့် ပွင့်လာပြီလား။

Z

## [၃၈]

ရာဇဘိသေကသဘင်မှာပဲ ကလန်မှူးကြီးက ကြေညာတယ်။

'တမ္ပဒီပ နိုင်ငံတော်အလုံးကို လွှဲပြောင်းဆက်ခံစိုးစံတော်မူသော ဘုရင်မင်းမြတ်သည် ဆယ်ပါးသော မင်းကျင့်တရား၊ ခုနစ်ပါးသော အာရိယာနိယတရား၊ ခြောက်ပါးသော နာယကဂုဏ်တရားတို့နှင့်အညီ မောကိုးပြည်ထောင်ကိုလည်းကောင်း၊ ဟံသာဝတီဒေသကိုလည်းကောင်း၊ ဓညဝတီဒေသကိုလည်းကောင်း၊ ဇင်းမယ်ဒေသကိုလည်းကောင်း ပျံ့နှံ့ သက်ရောက်ပေသော ဤတမ္ပဒီပ နိုင်ငံတော်ကြီး၏ ဘုန်းအာဏာစက် အဝန်း နယ်အလုံးတို့၌-

မင်းမြောက်တန်ဆာအစုံအလင်၊ ဘိသေက အခင်းအကျင်းအစုံအလင် တို့နှင့် ပြည့်စုံနေတဲ့ နန်းရင်ပြင် ညီလာခံခန်းမဆောင်ကြီးဟာ ခင်ဦးရဲ့ ဒုတိယအကြိမ် သင်္ဂြိုဟ်ရာ သုသာန်တစပြင်ကြီး ဖြစ်လာရပြန်တယ်။

မကိုဋ်၊ ရာဇလှံ့တံ၊ ရာဇပလ္လင်၊ သန်လျက်၊ ဆင်၊ မြင်း၊ ရထား၊ ရွှေနန်းတော်၊ လယ်ယာ ဆည်မြောင်း၊ သစ်တော၊ ရွှေငွေများနဲ့အတူ ခင်ဦးဟာ ဘုရင်သစ်လက်ထဲကို အလိုအလျောက် ကျရောက်သွားရပြီ။

ဒါပေမဲ့ . . .

ဟူးရားတွေရဲ့ ခရုသင်းမှုတ်သံအောက်မှာ စောလူးမင်းဟာ စုလျား အောင်ပွဲတွင် ခင်ဦး လက်ဖမိုးပေါ်ကို ဆုပ်ကိုင်ဖိအုပ်ဖို့ ကြိုးစားလာတယ်။

ခြစ်ခြစ်တောက် ပူပြင်းနေတဲ့ ခင်ဦး လက်ဖမိုးကို သင်းရဲ့ အေးစက်တုန်ယင် လက်တွေက မထိကိုင်နိုင်တော့ဘဲ အလန့်တကြား ပြန်ရုပ်သွားတယ်။

ဘာအကြောင်းကြောင့်နဲ့မှ ရှင် ကျွန်မကို မရနိုင်နိုင်ဘူးဆိုတာ ရှင် သိထားလိုက်စမ်းလို့ ခင်ဦး ရင်ထဲက အခါမလပ် ကြိုးဝါးနေတယ်။ သည်အသံကို ပါးနပ်ကောက်ကျစ်တဲ့စောလူးဟာ အလိုအလျောက် ကြားသိ သွားတယ်။ ဆတ်ခနဲ ရုပ်လိုက်တဲ့လက်နဲ့အတူ သင်းက ခင်ဦးကို လှမ်း ကြည့်တယ်။ မုန်းတီးစက်ဆုပ်မှု အခိုးအလျှံတွေက သင်းကို မိမိရရကြီး ထိုးစိုက်သွားတယ်။

ဒါပေမဲ့ ရွှံ့ရှာနေတဲ့ကြားကပဲ တပ်မက်တဲ့မျက်လုံးတွေနဲ့ စူးစိုက် ကြည့်နေပြန်တယ်။

သွားစမ်း. .။ ဘုရင့်သားမို့ ဘုရင်ဖြစ်လာတဲ့ ရှင့်လက်ချောင်းတွေဟာ သန်လျက်ကို ဆုပ်ကိုင်ခွင့် ရကောင်းရမယ်၊ ကျွန်မရဲ့ လက်ကိုတော့ ဘယ် တော့မှ ထိကိုင်ခွင့်ရလိမ့်မယ် မထင်နဲ့။ ကျွန်မ ကိုယ်ခန္ဓာဆိုတာ ဝေးရော။ အရိုက်အရာ ဆက်ခံခြင်းဆိုတာ ရာဇဝံသရဲ့ ခိုင်မာတဲ့ ရွှေကျန်းပဋိညာဉ် ဖြစ်ပေမယ့် အဲသည်နိယာမကြီးထဲမှာ မိန်းမသားတစ်ယောက်ရဲ့ နှလုံးသား ကို နေရာမပေးသမျှ ကာလပတ်လုံး ရှင်တို့ရဲ့ ရာဇဝံသဟာ အာဏာစက် သက်ရောက်တည်ရှိလိမ့်မယ် မထင်နဲ့။

ရှင် ကျွန်မကို တပ်မက်ပေမယ့် ဘယ်တော့မှ ရလိမ့်မယ်မထင်နဲ့။

တောရဲ့ ဥပဒေမှာတောင်မှ ကျားသစ်မတစ်ကောင်ကို ဘယ်ဝံပုလွေက မှ သိမ်းပိုက်ခွင့်မရှိဘူး။ ကလန်မျိုးနဲ့ ဟူးရားတို့ရဲ့ ရွတ်ဖတ်သံကြောင့် ရာဇဝံသကြောင့်များ ရှင်က မျှော်လင့်နေသလား။

မိန်းမသားလည်းဖြစ်၊ ဘုရင့်သမီးတော်တစ်ပါးလည်းဖြစ်၊ ဘုရင့် မိဖုရားတစ်ပါးလည်းဖြစ်ခဲ့လို့ မလှပ်သာ မရုန်းသာရှိပေမယ့် အဲသည်မလှုပ် သာမရုန်းသာ အခြေကိုယ်နှိုက်သည်ပင်လျှင် ခိုင်မတ်မြဲမြံသော စွမ်းပကားကို ဆောင်နေတယ်ဆိုတာ ရှင် နားလည်ထား စောလူးဘုရင်။

မဏိစန္ဒာ မိဖုရားဆိုတာကို အမည်နာမ ဝေါဟာရတစ်ခုအဖြစ်သာ ရှင် ရစေ့မယ်။ မြင့်မြတ်တဲ့ ကြာနီပွင့်ဟာ ယုတ်နိမ့်တဲ့ လက်ချောင်းတွေကို ဘယ်သောအခါမှ ကိုင်ခွင့် ခူးခွင့်ပေးလိမ့်မယ် မဟုတ်ဘူး။

ရဲရဲနီ ညီးညီးတောက်နေတဲ့ သံတွေခဲ အပြင်ပေါ်မှာ ရေစက်ရေပေါက် တစ်ခုဟာ ကျရောက်တည်နေခွင့်မရဘဲ ရှဲခနဲ အငွေ့ပျံတက် ပျောက်ပြယ် သွားမယ် မှတ်ပါ။

Y

သူ ပြန်ရောက်လာပြီတဲ့လား။

ဘုရင်သစ်ရဲ့ ရာဇဘိသေကသဘင်မှာ ရှေးထုံးရှေးနည်းတွေအရ မလွဲမရှောင်သာ တက်ရောက်ပြီး ခေါင်းငုံ့မျက်လွှာချခဲ့တဲ့သူတွေအားလုံး တမ္ဗဒီပ တစ်နန်းတော်လုံး၊ အရိမဒ္ဒနပူရ နေပြည်တော်တစ်ခုလုံးဟာ သူ့ ပြည်တော်ဝင်ခရီးကို သဲသဲလှုပ်လှုပ် ကြိုကြတယ်။

ရာဇဘိသေကသဘင်မှာ တိတ်ဆိတ်နေတဲ့ နှုတ်တွေဟာ သူ့ပြည်တော် ဝင်လမ်းမှာ သောင်းသောင်းညံလို့ နေတယ်။

ဒါပေမဲ့ သည်အထဲမှာ တစ်ယောက်သောသူ မပါဘူး။

ခင်ဦးခေါ် မဏိစန္ဒာ။

ကမ္ဘာလောကကြီးကို ချစ်ခင်ထွေးနွေးစွာနဲ့ ရင်ပြတင်းကိုဖွင့်ပြီး ပွေ့ ပိုက်ခဲ့တဲ့ ခင်ဦးဟာ လက်အစုံကို ပြန်ရုပ်သိမ်းခဲ့တာ ကြာခဲ့ပါပကော။ ပြတင်းတွေ တင်းတိမ် ခန်းဆီးပဝါတွေကို တစ်ချပ်ပြီးတစ်ချပ် တစ်လွှာပြီး တစ်လွှာ ပြန်ပိတ်ခဲ့ပြီးပြီလေ။

ဘုရင်သစ်ရဲ့ မိဖုရားဆိုတဲ့ဘဝနဲ့ သတ်မှတ်ခံရပြီးတဲ့နောက်မှာ နောက် ဆုံးကျန်တဲ့ တံခါးမုခ်ကိုပါ ပိတ်ဆို့လိုက်ပြီးပြီ။

ပိတ်ဆို့သွားပြီ။ အားလုံးကို ပိတ်ဆို့ခဲ့ပြီးပြီ။

အမှောင်ထုကြီးထဲမှာ ဘယ်လို အသက်ရှင်နေထိုင်ရမယ်ဆိုတာကို

မဏိစန္ဒာမိဖုရား သိသထက် သိခဲ့ပြီ။ အမှောင်ထုဆိုတာဟာလည်း အင်အားတွေ စုစည်းမွေးဖွားဖို့ သိပ်သည်းကျစ်လျစ်ဖို့အတွက် အင်မတန် သင့်လျော်တဲ့ လောကတစ်ခုလေ။

အလင်းအောက်မှာ နေကြပါလေ။

ခင်ဦးကတော့ အမှောင်ထုထဲက ရှင်သန်ခြင်းကို ဆက်လက်ရှာဖွေဦးမယ်။ မည်းနက်ခြင်း အထုအထည်ထဲမှာ နှလုံးသည်းပွတ်ဟာ လင်းလက်ဝင်းပနေလိမ့်မယ်။

ငြိမ်သက်လွန်းစွာ အလူးအလွန့်ကင်းစွာ မြင့်မားတည့်မတ်စွာနဲ့ ခိုးယှက်ပျံ့တက်နေမယ့် အလင်းဓာတ်။

အုပ်အုပ်ဆိုင်းဆိုင်းနဲ့ အေးမြလွန်းလှတဲ့ ဝိဟာရကျောင်းတော်ရဲ့ ပရဝုဏ်ထဲကနေ ခင်ဦး မခွာနိုင်ဘူး။ တမ္ဗဒီပ မြေပြင်တစ်ခုလုံး လေပူနေချိန်မှာ၊ အရှင်အရဟံမထေရ်မြတ်ကြီး သီတင်းသုံးတော်မူတဲ့ ဝိဟာရကတော့ အေးချမ်းလိုက်တဲ့ဖြစ်ခြင်း။

မန်ကျည်းရိပ် အုတ်ခုံထက်မှာ ထိုင်ရင်း အပြင်ဘက်က တံလျှပ်တွေကို ငေးကြည့်နေမိတယ်။ သြော်. . တံလျှပ်တွေ၊ အပူကြောင့် ရုန်းကြွပျံ့တက်လေတဲ့ မဟာပထဝီရဲ့ ဝိညာဉ်စွယ်ပွားတွေ၊ မြဲမြဲခိုင်ခံ့လှပါတယ်ဆိုတဲ့ မဟာပထဝီသော်မှပဲ အပူဒဏ်အောက်မှာ မချိမဆန့်ရှိနေပါလား။

'ရဲရင့်ခြင်းကို ဖြစ်စေတတ်သည့် အရိယမင်္ဂတရားကိုဖြင့် ပွားများအပ်ပြီးသော ဣန္ဒြေရှိသော၊ ဝီရာဘိက္ခုနီမအမည်ရှိသော အကျွန်ုပ်သည် စစ်သည်ဗိုလ်ပါနှင့်တကွသော ကိလေသာမာရ်ကို အောင်ခြင်းရှင် အဆုံးစွန်ဖြစ်သော ခန္ဓာကိုယ်ကို ဆောင်အပ်လေပြီ'

အရှင်အရဟံမထေရ်မြတ်ကြီး ဟောကြားတော်မူတဲ့ ဝီရာထေရီဂါထာရဲ့ တစ်ပိုင်းတစ်စကို ခင်ဦး ရွတ်ဆိုနေမိလျက်သား။

'ဥတ္တရာထေရီတည်းဟူသော ငါသည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ထိုမှတစ်ပါး စိတ်ဖြင့်လည်းကောင်း စောင့်စည်း

ခဲ့ပြီ။ အရင်းမူလ အနုသယနှင့်တကွသော တပ်မက်မှု တဏှာကို နုတ်ပယ်လျက် ကိလေသာမီး ချုပ်ငြိမ်းပြီးဖြစ်၍ အေးငြိမ်းခြင်းသို့ ရောက်ရသူဖြစ်ပေပြီ'

ဥတ္တရာထေရီရဲ့ ဂါထာကိုလည်း ခင်ဦး အမှတ်ရနေဆဲ။

အို . . . အပူမီးမှာ တံခွန်စိုက်ဖြစ်ခဲ့လေတဲ့ ပဋာစာရီဟာလည်း သူ့ရဲ့ ထေရီဂါထာကို ကျူးရင့်ခဲ့ပါသေးသလော။

'လူတို့သည် ထွန်တုံးတို့ဖြင့် လယ်ထွန်ကြကုန်သည်ဖြစ်၍ မျိုးစေ့တို့ကို မြေ၌ စိုက်ပျိုးကြကာ သားမယားတို့ကို မွေးမြူကြကုန်လျက် ဥစ္စာ သားကို ရကြကုန်သေး၏။

'ငါသည်ကား သီလနှင့် ပြည့်စုံသူ၊ မပျင်းမရိသူ၊ မပျံ့လွင့်သူဖြစ်၍ မြတ်စွာဘုရားအဆုံးအမကို လိုက်နာပါလျက် အဘယ့်ကြောင့် နိဗ္ဗာန်ကို မရဘဲ ရှိအံ့နည်း'

'ဤသို့ကြံစည်လျက် ငါသည် ခြေတို့ကို ဆေးသော် မြင့်ရာမှ နိမ့်ရာသို့ စီးဆင်းကျသွန်ကြလေသော ခြေဆေးရေကိုလည်း မြင်ရသည်။ ထို ခြေဆေးရေတို့၌ပင် ဝိပဿနာပွားခြင်း အမှန်နိမိတ်ကိုပြု၏။

'လိမ္မာသော ရထားထိန်းသည် အာဇာနည်မြင်းကောင်းကို ဆုံးမ သကဲ့သို့ ငါသည် စိတ်ကို ဝိပဿနာသမာဓိဖြင့် ကောင်းစွာတည်စေပြီး နောက် ဆီမီးကိုယူလျက် အိပ်၍ နေရာကို ဆီမီးရောင်ဖြင့် ကြည့်လျက် ညောင်စောင်းငယ်အနီးသို့ ကပ်၏။

'ထို့နောက် ငါသည် အပ်သံချွန်ကိုယူ၍ ဆီမီးကို ဆွဲချ၏။ ဆီမီး၏ ငြိမ်းခြင်းကဲ့သို့ ငါ၏စိတ်သည်လည်း ကိလေသာတို့မှ လွတ်မြောက်ခြင်း သည်ဖြစ်၏။

'ကိလေသာ လှိုင်းတံပိုးထဲမှာ အပြင်းအထန် ကူးခတ်ရင်း စုံးစုံး နစ်မြုပ်လုမတတ် ဖြစ်နေရာက လွတ်မြောက်ရာကို ရှာဖွေတွေ့ရှိသွား ကြလေတဲ့ မိန်းမသားတွေ . . . မိန်းမသားတွေ။

'ဒါယိကာမ မဏိစန္ဒာ၊ သင့်ထက် အဆပေါင်းများစွာ ပူလောင်ခဲ့ကြတဲ့ မိန်းမသားတွေကို ပြန်ကြည့်ပါ။ သူတို့ရဲ့ လွတ်မြောက်ခြင်းခရီးစဉ်ကိုပြန်ကြည့်ပါ။ ဆင်ခြင်အောက်မေ့ပါ။ သောကဆိုတာ မိမိရဲ့ကိုယ်တွင်းမှာသာ ရှိတယ်။ ငြိမ်းအေးစေမယ့် နည်းလမ်းကိုလည်း မိမိကိုယ်တိုင်သာ ရှာဖွေတွေ့နိုင်တယ်'

အရှင်အရဟံမထေရ်မြတ်ကြီးရဲ့ တရားဒေသနာကို ခင်ဦး အဖန်တလဲလဲ ကြားယောင်နေဆဲပါ။ ထေရီမကြီးများ ကျူးရင့်ခဲ့တဲ့ နှုတ်ထွက်စကားဂါထာတွေကိုလည်း ခင်ဦး ရွတ်ဆိုဆင်ခြင်ဆဲပါ။

ဒါပေမဲ့. . .

ပါရမီနုန့်နဲ့လို့ ဝိဇ္ဇာအလင်း မချဲ့နိုင်ဘူးလို့ ဆိုချင်ဆိုပါတော့ အရှင်ဘုရား၊ တပည့်တော်မ ခင်ဦးဟာ အရှင်မြတ်ဘုရားရဲ့ ဝိဟာရပရဝုဏ်တွင်း မန်ကျည်းရိပ်၊ ထနောင်းရိပ်တို့အောက် အေးမြတဲ့အာဝါသမှ ထိုင်နေရင်းနဲ့ပဲ အပြင်လောကထဲက တံလျှပ်တွေကို ကြည့်နေမိပါတယ် အရှင်ဘုရား။

အရိပ်အောက်မှာ ထိုင်ပေမယ့် တံလျှပ်တွေဘက် မျက်နှာမူလျက်ပါဘုရား။ နှလုံးသား ပြတင်းတွေကို ပိတ်ခဲ့ပြီးဖြစ်သော်လည်း အာရုံခံတံခါးပေါက်တွေကတော့ ဟင်းလင်းပွင့်ဆဲပါ ဘုရား။

ဘာကြောင့်လဲဆိုတော့. . .

ဟောသည် ကမ္ဘာလောကမှာ ရှိနေတဲ့ မတရားမှုနဲ့ ဖောက်ပြန်ယုတ်ညံ့မှုတွေကို မိန်းမသားတစ်ယောက်ရဲ့ ထုထည်နက်ရှိုင်းစွာသောခံနိုင်ရည်စွမ်းနဲ့ ထုတ်ဖော်သန့်စင်ချင်လို့ပါ အရှင်ဘုရား။ မတရားသော ဖောက်ပြန်မှုတွေဟာ ကျဆုံးခြင်းနဲ့ နိဂုံးချုပ်ရမယ့် နေ့တစ်နေ့ကို မလွဲမသွေ ရောက်ရမယ်လို့ တပည့်တော်မ ယုံကြည်နေလို့ပါ အရှင်ဘုရား။

အရှင်မြတ်အရဟံ မထေရ်မြတ်ကို စိတ်ထဲက တိုးလျှိုးလျှောက်ထားရင်းနဲ့ ဝိဟာရ မန်ကျည်းတန်း ထနောင်းရိပ်တစ်ဝိုက်မှာ ခင်ဦး လမ်းလျှောက်နေမိတော့တယ်။

ခင်ဦးရဲ့ ခြေလှမ်းတွေဟာ ပစ္စုပ္ပန်ပေါ်မှာ မရှိကြတော့တာ အမှန်။ ကြည့်စမ်း ဥဿာကို ဂျွမ်းစစ်တပ်ကြီးတွေ ဝင်ရောက်တိုက်ခိုက်ခဲ့တဲ့ကာလက စရေတွက်မယ်ဆိုရင် အချိန်သမယအားဖြင့် လေးနှစ် လေးနှစ်ပဲ ရှိပါသေးလား။

သည်လေးနှစ်ကာလအတွင်းမှာ သုဝဏ္ဏဘူမိ နိုင်ငံတော်ကြီး ချုပ်ငြိမ်းရပ်တန့်သွားခဲ့တယ်။ စစ်ပွဲတွေ---စစ်ပွဲတွေ။ အို. . စစ်မြေပြင်မှာ သူတို့ မင်းယောက်ျားတွေ စစ်ဆင်နွှဲနေကြချိန်မှာပဲ ခင်ဦး ရင်ဟာလည်း စစ်တလင်းတစ်ခု ဖြစ်ခဲ့တာပါလား။

ရှုပ်ထွေးလှတဲ့ ပြည်ထောင်နိုင်ငံအရေးတွေ၊ မင်းဘုရင်တို့အရေးတွေဟာ ခင်ဦးရဲ့ နှလုံးသားအနီးမှာပဲ ထွေးယှက်လိမ်ပတ် ယောက်ယက်ခတ်ဖြစ်ခဲ့ပါလား။

ခွင့်လွှတ်တော်မူပါ အရှင်ဘုရား၊ ဝိဟာရကို နေ့စဉ် လာရောက်ပြီး အရှင်ဘုရားရဲ့ တရားဒေသနာကိုပန်ဆင်၊ ဥပုသ်သီတင်းသီလကိုလည်း ဆင်မြန်း၊ ရှားရောင်တဘက်ပဝါကိုလွှမ်းထားရတဲ့ တပည့်တော်မ ခင်ဦးဟာ အရှင်ဘုရားထံမှာ ဘယာကြောင့် ခိုလှုံသလို ဖြစ်နေရပါတယ်ဘုရား။

အို. . . တံလျှပ်တွေရယ်၊ မင်းတို့လိုပဲ အငွေ့ပျံတက်ပျောက်ပျက်သွားချင်စမ်းပါဘိ။

z

# [၃၉]

'သမီးလေးရယ်၊ သမီးလေးလို့ပဲ ကျုပ်ကို ခေါ်ခွင့်ပြုပါနော်။ ကျုပ်တို့ နှစ်ယောက်ကြားမှာ မဏိစန္ဒာနဲ့ ဘုရင့်လက်ရုံးတပ်၊ တပ်မှူးကြီး ညောင်ဦးဖီး ဆိုတဲ့ဘဝကို ဖျောက်ထားလိုက်ကြရအောင်၊ တကယ်တော့ သမီးလေးကို ကျုပ်တကယ်ပဲ ကျုပ်သမီးရင်းလို တွယ်တာခဲ့တာပါ'

ဦးဖီးရဲ့ ဆို့နစ်လှတဲ့အသံကြောင့် ခင်ဦး ဘာပြန်ပြောရမှန်း မသိတော့ဘူး။ လှုပ်ခတ်လှိုက်လှဲတွန်းလှန်တဲ့ သူ့အသွင်က ခင်ဦးကိုလည်း တကယ်ပဲ ထိခိုက်စေတော့တယ်။

'ပြောပါ ဦးဖီရယ်၊ ကျွန်မ နားလည်ပါတယ်။ မဏိစန္ဒာ မိဖုရား ဆိုတဲ့ဘဝကြီးကိုလည်း ဖြစ်နိုင်ရင် ဟောဟို နန်းဦးဆောင် လေသာပြတင်းကနေ လွှင့်ပစ်လိုက်ချင်တာပါ'

ဦးဖီးက မျက်လုံးအစုံကို တင်းတင်းကျပ်ကျပ် ပိတ်လိုက်တယ်။ အရေးအကြောင်းများစွာတို့ဟာ သူ့မျက်ခွံတစ်ဝိုက်မှာ ထင်ထင်ရှားရှား။

ဩော်. . ထွားကျိုင်းသန်မာလှတဲ့ တပ်မှူးကြီး ညောင်ဦးဖီးလည်း လေးနှစ်တာ ကာလအတွင်းမှာ သိသိသာသာ ရင့်ရော်အိုမင်းသွားခဲ့ပါပကော။

ဦးဖီးရဲ့ မျက်လုံးတွေ ပြန်ပွင့်လာတယ်။ ရီဝေတဲ့ မျက်ဝန်းအိမ်တွေနဲ့။

'သမီးလေးဟာ ရေပြတ်တဲ့ ပန်းပင်ကလေးလို ဖြစ်နေတယ်။ ကြည့်ပါဦး၊ သမီးလေး ပိန်သွားလိုက်တာ အသားအရေတွေလည်း ဖျော့ရော်ရော်နဲ့'

ခင်ဦး ပြုံးမိတယ်။

'လောင်းရိပ်မိတာဖြစ်မှာပါ ဦးဖိုး၊ အသားတွေ ဖျော့ရော်ပြီး ပိန်သွားတာကတော့ ဥပုသ်ရည်ရှည်စောင့်ခဲ့လို့ ဖြစ်မှာပါ။ ကဲ. . ဦးဖိုး ဘာပြောမှာလဲဟင်'

ဦးဖိုးက ဝန်းကျင်ကို ဝေ့ဝိုက်ကြည့်တယ်။

'ခင်ဦးရဲ့ နန်းဆောင်ထဲမှာ ဦးဖိုး ပြောချင်တာပြောနိုင်ပါတယ်'

သူ လေးလေးလံလံ သက်ပြင်းချပြီး-

'သမီးလေးကို ကျုပ် တွေ့ခွင့်ရဖို့ ကြိုးစားခဲ့တာ ကြာပြီ။ ဥပုသ်ဆောင်ဝင်နေတယ်။ ဝိဟာရကိုသွားတယ်။ ပြီးတော့ ဘယ်သူ့ကိုမှ အတွေ့မခံဘူးဆိုတာကြောင့် တွေ့ခွင့်မရခဲ့ဘူး။ အခုကော သီတင်းသည်အဖြစ်က ထွက်လိုက်ပြီနော်၊ ဟုတ်လား'

'အတ္တကိလမှ ကနုယောဂ. . တဲ့။ ခင်ဦးဟာက မိမိကိုယ်ကို မိမိနှိပ်စက်တဲ့ ကျင့်စဉ်လို ဖြစ်နေပြီလို့ အရှင်အရဟံ မထေရ်မြတ်ကြီးဆုံးမထားတော်မူလို့ ခင်ဦး သီတင်းသည်အဖြစ်က ခေတ္တ ရပ်နားထားရပါတယ်'

'ဒါဆို ကျုပ်စကားပြောလို့ ရပါပြီနော်'

'ပြောပါ ဦးဖိုး'

အတော်ကြာအောင် ချင့်ချိန်ဟန်နဲ့ ငြိမ်သက်နေပြီးမှ သူပြောတယ်။

'တပ်မင်းက သမီးလေးကို တွေ့ပါရစေလို့ ခွင့်တောင်းလိုက်တယ်'

ပူလောင်ခြင်းနဲ့ ခြောက်သရောင်းငြိမ်သက်နေတဲ့ မြေအပြင်မှာ

ရုတ်တရက် လေနီကြမ်းတစ်ခု တိုက်လာပြီး လေဆင်နှာမောင်းကြီး ကျလာသလို၊ မြေအပြင်က အရာဝတ္ထုတွေကို စုပ်ယူခြင်း ခံလိုက်ရသလို ခင်ဦးတစ်ကိုယ်လုံး လှုပ်ကိုင်ဆွဲခါခံလိုက်ရတဲ့အတိုင်း။

'ကျွန်မ ဘယ်သူနဲ့မှ မတွေ့ဘူးဆိုတဲ့အထဲမှာ သူလည်းပါတယ် ဦးဖိုး၊ ပြောရရင် သူဟာ ထိပ်ဆုံးကပါတယ်'

ရှိသမျှ အင်အားတွေကို စုစည်းနေပုံမျိုးနဲ့ ဦးဖိုးဟာ အချိန်ယူပြန်တယ်။

'အင်း. တပ်မင်းပြောလိုက်တဲ့အတိုင်းပါပဲလေ။ လုံးဝအတွေ့မခံဘူးဆိုတဲ့စကား ထွက်လာရင် မှာကြားလိုက်တဲ့စကားကိုကော လက်ခံနားဆင်နိုင်ပါ့မလား'

'ကျွန်မတို့နှစ်ယောက်ဟာ တစ်ဦးအတွက်တစ်ဦး အပြန်အလှန်သေဆုံးသွားကြပြီကော ဦးဖိုး'

'ဟင်. . သမီးလေး ဘာပြောလိုက်တယ်'

ခင်ဦးစကားကို ဦးဖိုး နားလည်နိုင်မှာမဟုတ်ဘူးဆိုတာ ပြောပြီးမှပဲ သိလိုက်တော့၏။

'ရှိပါစေတော့လေ၊ ကဲ. . ဦးဖိုးနဲ့ ကျွန်မအကြားမှာ တပ်မှူးကြီးရယ်၊ မိဖုရားရယ်ဆိုတာ မရှိစတမ်းဆိုသော်လည်း ဦးဖိုးတို့ရဲ့ တပ်မင်းကတော့ ကျွန်မကို အရှင်သခင်မိဖုရားတစ်ပါးအနေနဲ့ သဘောထားပြီး သံတော်ဦးတင် စကားပါးတာလား'

'ကျုပ်ကို စကားလုံးတွေနဲ့ မနှိပ်စက်ပါနဲ့ သမီးလေးရယ်၊ ကျုပ်နားမလည်နိုင်တဲ့ စကားလုံးတွေနဲ့၊ အခုဟာကလည်း သမီးလေးကတွေ့ခွင့်မပြုဘူးဆိုရင် မတွေ့ပါဘူးတဲ့။ ဒုတိယအဆင့်အနေနဲ့ အမှာစကားပါးတာကို နားမထောင်ချင်ဘူးဆိုရင်လည်း မပါးပါနဲ့တဲ့။ အဲဒီလို တပ်မင်းက မှာလိုက်ပါတယ်'

ခင်ဦး ပြုံးမိပြန်တယ်။ ကျောက်ခပ် ကျောက်လွှာတွေကြားထဲက

ထိုးဖောက် စိမ့်ထွက်ရတဲ့ ကျောက်စက်ကျ စမ်းရေပေါက်လို ခက်ခဲပင်ပန်းကြီးစွာ ဖြစ်ပေါ်လာတဲ့အပြုံး။

တွေ့ခွင့်ပြုပါတဲ့။ မပြုနိုင်ရင် အမှာစကား ပါးခွင့်ပြုပါတဲ့။ ဒါကိုမှ ခွင့်မပြုနိုင်ရင်လည်း ဘာကိုမှ စကားမပါးပါနဲ့တော့တဲ့လား။ ဘာကြောင့် များ မင်းယောကျ်ားကြီးတွေဟာ ခင်ဦးရှေ့မှာ ဝပ်စင်းလာနေကြတာလဲ။ ခင်ဦးကို ရွံရှာလို့တော့ မဟုတ်နိုင်ဘူး။ ခင်ဦးကိုယ်တိုင်က အင်အားချည့်နဲ့နေတာသိလို့ အားနည်းသူကို ညှာတာထောက်ထားတဲ့သဘောလား။

ဟင်း. . ဟင်း။ အခုမှပဲ ညှာတာထောက်ထား စာနာနေကြသတဲ့လား။ ဘုရင်အနုရုဒ္ဓမင်းကြီးတုန်းကလည်း ပန်းကလေးတွေရဲ့ ကျိန်စာကိုကြောက်လို့ ကြိုတင်တောင်းပန် ညည်းညူတဲ့ မိုးခြိမ်းသံပါ. . တဲ့။ အခုလည်း သူက. . . ။

ခင်ဦးအပေါ် သိပ်ကို စာနာထောက်ထားနေကြသတဲ့လား။

ပြတင်းတံခါး မှန်သမျှကို ပိတ်ဆို့ပြီး မှောင်မိုက်တဲ့ အမောဥခွံလေးထဲမှာ နေထိုင်နေသူ ကြားလောက်အောင် အပြင်ဘက်ကနေ မြည်တမ်းပြနေတာလား။ ရှင်တို့ တကယ်တမ်းသာ အစကတည်းက စာနာထောက်ထားနားလည်ခဲ့ကြတယ်ဆိုရင် သည်လောက်အထိ ဖြစ်မလာပါဘူးလေ။

အခုမှ ပိတ်ဆို့ထားတဲ့ ပြတင်းတံခါးတွေကို ထုရိုက်သူကထုရိုက်၊ ဖွင့်ပါ ဖွင့်ပါလို့ တစာစာတောင်းသူကတောင်း၊ မဖွင့်ချင်လဲနေပါဆိုပြီး အပြင်ကနေ ညည်းညူသူက ညည်း။

'သူ့မှာ ခင်ဦးဆီ အမှာစကားပါးစရာ ဘာများရှိနိုင်သေးလို့လဲ ဦးဖိုးရယ်'

ဘုရား. . ဘုရား။ ခင်ဦး အသံတွေ တုန်ခါသွားပါလား၊ နှလုံးသားရယ်. . . မနိုးတမ်း အိပ်ပျော်နေစမ်းပါ။ မလွန့်လူးလိုက်ပါနဲ့။ မနိုးထလိုက်ပါနဲ့။ ခင်ဦး ကြောက်လွန်းလို့ပါ။

'သမီးလေးကို သူ အနှုးအညွတ် ဝန်ချတောင်းပန်စရာရှိတယ်လို့ တပ်မင်းက ပြောပါတယ်။ အဲဒီ တောင်းပန်မယ့်ကိစ္စဟာလည်း သမီးလေး မသိသေးတဲ့ကိစ္စလို့ ပြောတယ်'

'ကျွန်မ မသိသေးတဲ့ကိစ္စ ဟုတ်လား'

'ဟုတ်ပါတယ်၊ သမီးလေး မသိသေးတဲ့ကိစ္စ၊ ဒါပေမဲ့ မုချ သိကို သိထားသင့်တဲ့ကိစ္စလို့လည်း ပြောပါတယ်။ ပြီးတော့ သမီးလေးကို လေးလေးစားစားနဲ့ အသိပေးရမယ်ဖြစ်တယ်လို့လည်း ဆိုတယ်'

'လေးလေးစားစား အသိပေးရမယ်'

တုံ့ပြန်ပဲ့တင် ရေရွတ်ရင်း ခင်ဦး နှလုံးအိမ်မှာ ငွေ့ခနဲ မှိုင်းဝေသွားတယ်။

အသံတွေမတုန်အောင် စကားလုံးတွေ မထစ်ငေါ့အောင် မနည်းကြီး သတိထားပြီး ခင်ဦး စကားဆက်ဖြစ်တယ်။

'နေပါဦး ဦးဖိုးရဲ့၊ လေးလေးစားစား အသိပေးရမယ်ဆိုတဲ့ အဲဒီအမှာစကားကို သယ်ဆောင်လာတဲ့ ဦးဖိုးကိုယ်တိုင်ကကော ဒီစကားကို ကြားသင့်တယ်လို့ ယုံကြည်ပြီး သယ်ဆောင်လာတာလား'

ဦးဖိုး၏ ကိုယ်လုံးကြီး ဆတ်ခနဲ တောင့်တင်းသွားတယ်။ မေးရိုးနဲ့ လည်ပင်းကြောကြီးတွေ လှုပ်ရှားသွားတာလည်း တွေ့လိုက်ရတယ်။ နောက်တော့ သူ သည်းသည်းထန်ထန်ပြောတိုင်း ဖြစ်လေ့ရှိတဲ့ ဝမ်းခေါင်းသံကြီးနဲ့. . .

'ဒီစကား သမီးလေး ကြားသင့်တယ်လို့ ကျွန်ုပ်ယုံကြည်တယ်'

'ကဲ. . ပြောတော့ ဦးဖိုး'

ထွေထွေပြားပြား ရှည်လျားနေမှာမို့ ခင်ဦး ခွင့်ပြုလိုက်တယ်။ ဦးဖိုးက ခင်ဦးကိုမကြည့်ဘဲ မျက်နှာလွှဲလိုက်ပြီး. . .

'တပ်မင်းဟာ ကျောင်းဖြူအရပ်မှာ ရာဇဝတ်သားအဖြစ် ခိုအောင်းနေခဲ့ရတဲ့အချိန်မှာ ကျောင်းဖြူက မထေရ်ကြီးရဲ့ တူမတော်စပ်သူမိန်းကလေးတစ်ဦးနဲ့ အကြောင်းပေါင်းသင်းခဲ့တယ်။ မိန်းကလေးနာမည်က သမ္ဘူလတဲ့။ အခု သမ္ဘူလမှာ နှုတ်ငုံရှိခဲ့တယ်။ ကျေးဇူးတရားနဲ့ အခြားအကြောင်းကြောင်းတွေအပေါ် အခြေခံပြီး သမ္ဘူလကို သားမွေးခဲ့သော် နန်းတော်လိုက်ခဲ့ဖို့ မှာကြားခဲ့တယ်။ ဒီကိစ္စကို သမီးလေး. . သိထားဖို့ လေးလေးစားစားနဲ့'

တော်ပါတော့ ဦးဖီးရယ်။

ပေါက်ကွဲပွင့်ထွက်သွားတဲ့ ခင်ဦးရဲ့အသံ။

'သူ ပြန်ရောက်လာပြီးတဲ့ ညက သူ့ကို ခင်ဦး အတွေ့မခံခဲ့ဘူး။ နန်းတော်ထဲမှာ၊ မြို့နန်းတွင်းမှာ ဘယ်နေရာမှာမှ မျက်နှာချင်းမဆုံဖြစ်အောင် ခင်ဦးရှောင်ခဲ့တယ်။ ဘာကြောင့် ရှောင်ခဲ့သလဲ၊ တခြားလူတွေနားမလည်နိုင်တဲ့ အကြောင်းတွေကြောင့်ပဲ၊ သူနဲ့ ခင်ဦးကလွဲပြီး ဘယ်သူမှမသိနိုင်တဲ့ အကြောင်းတွေကြောင့်ပဲ။ ဒီမှာ ဦးဖီး၊ အားလုံးရဲ့သတ်မှတ်ချက်အရတော့ ခင်ဦးဟာ မတွေ့သင့်ဘူးဆိုတာ ခင်ဦးသဘောပေါက်ခဲ့တယ်။ ဒီလို အခြေအနေမျိုးမှာ ဘာကြောင့် သူက ဦးဖီးကိုလွှတ်ပြီး ဒီစကား ဒီသတင်းကို ပါးစေတာလဲ၊ ဒီသတင်းကို သိထားသင့်ရအောင် ကျွန်မနဲ့သူနဲ့ ဘာဆိုင်တော့လို့လဲ။ ဘာအတွက် ကျွန်မကို လေးလေးစားစားနဲ့ အသိပေးဆိုတဲ့စကား သုံးရတာလဲ။ သွားလေသူ ဘုရင်ကြီးရဲ့ လုံ့ချက်နဲ့ သူ့ကိုအုပ်ထားတဲ့ နှောင်ကြိုးတွေ ပြတ်မထွက်ခင်ကတည်းက သူနဲ့ ကျွန်မအကြားမှာ ရှိရှိသမျှ သံယောဇဉ်ကြိုးတွေဟာ ပြတ်တောက်ခဲ့ပြီးပြီ။ ကျွန်မတို့ကိုယ်တိုင် ဖြတ်တောက်ပစ်ခဲ့ကြတာပဲ။ ခုချိန်မှာ ဘာသဘောနဲ့ သူက ဒီစကားပါးရတာလဲ။ သမ္ဘူလ ဟုတ်လား၊ အဲဒီမိန်းကလေးအကြောင်း ဘာကြောင့်ပြောရတာလဲ။ ကျွန်မ ဒီစကားကို လက်ခံနားထောင်နိုင်ဖို့ အင်အား. .'

ပြောရင်းနဲ့ပဲ ခင်ဦး စကားလုံးတွေ ပျောက်ဆုံးသွားတယ်။

ခင်ဦးရဲ့ အမှောင်လောက ဥခွံလေးဟာ ပြတင်းတံခါးများ ပိတ်ဆို့ထားလျက်နဲ့ပဲ ပြတင်းတွေမပွင့်ဘဲ တစ်ဆောင်လုံး သွက်သွက်ခါသွားပြီ ထင်ပါရဲ့။

'သမီးလေးရယ်'

ထူးထူးခြားခြား ဦးဖိုးက တည်ငြိမ်နေတယ်။ သီဝေတဲ့မျက်လုံးတွေနဲ့ ခင်ဦးကို စူးစူးစိုက်စိုက် ကြည့်နေတယ်။ ဘုရား. . ဘုရား။ ဦးဖိုးရဲ့ ကရုဏာအကြည့်ကို ခင်ဦး မခံရဲပါလား။

'ကျုပ် ပြောစရာရှိတာ ပြောပြီးပါပြီ။ ကျုပ်သွားသင့်ပါပြီ။ ခွင့်ပြုပါ သမီးလေးရယ်'

အိပ်ဆောင်တော်ထဲ ခင်ဦး ပြေးဝင်ခဲ့သလား။ ညောင်စောင်းစက်ရာပေါ် ခင်ဦး ပစ်လှဲချလိုက်သလား၊ လျှောင်တစ်ခု ခင်ဦး ကိုယ်တွင်းမှာဖြစ်ခဲ့သလား။ အို. . မှောက်သွန်ချလိုက်တဲ့ ရေအိုးလို၊ ရိုက်ခွဲလိုက်တဲ့ ရေတကောင်းလိုပါလား။ မျက်ရည်တွေ. . မျက်ရည်တွေ။ ဟင်. . ခင်ဦး သည်းသည်းထန်ထန် ငိုလိုက်သလား။ ဘာကြောင့်လဲ. . ဘာကြောင့်လဲ။

ဘာကြောင့် မင်း ငိုရပြန်လာလဲ ခင်ဦး။

ဟင်အင်း. . . ငါ မငိုပါဘူး။ ငိုနေတာ ငါမဟုတ်ပါဘူး။ ဒါဖြင့်. . . ဘယ်သူလဲ. . . ။

အို. . ခင်ဦးရယ်၊ နင့်မှာ အခြား ခင်ဦးတစ်ယောက်ရှိနေသလား။

z

## [၄၁]

ဘယ်သူနဲ့မှ မတွေ့ရအောင် ကွင်းရှောင်ပုန်းအောင်းနေတဲ့အတွက် ခင်ဦးဟာ တမ္ဗဒီပနန်းတော်က အကြောင်းတွေကို သူတကာထက် နောက်ကျပြီးမှ သိခွင့်ရတဲ့သူ ဖြစ်နေတယ်။

ဦးဖိုးနဲ့ တွေ့ခဲ့ပြီးနောက် ရက်သတ္တနှစ်ပတ် ကြာတဲ့အခါမှ ခင်ဦးဆီကို သတင်းတစ်ခု ရောက်လာတယ်။

သည်သတင်းစကား ကြားကြားချင်းမှာပဲ ရေသေအိုင်တစ်ခုလိုဖြစ်နေတဲ့ ခင်ဦးဟာ မီးတောင်တစ်ခုအဖြစ် ချက်ချင်းပြောင်းလဲသွားခဲ့တော့တယ်။

'မင်း ကြားခဲ့တာတွေ အားလုံး အမှန်ပဲလား ပြောစမ်း'

ရုံရွှေတော်လေးဟာ ခင်ဦးရှေ့မှာ တုန်လှုပ်နေရှာတယ်။

'အမှန်ပါ ထိပ်ထားသခင်မ၊ သူတို့ အား. . အားလုံးက ပြောနေကြပါတယ်။ ဒါပေမဲ့ ဒီကိစ္စ နန်းတော်တွင်းမှာပဲ ပျံ့နှံ့နေပြီး ပြည်သားပြည်သူတွေ မသိရအောင် ဖုံးဖိထားကြပါတယ်။ လူတွေသိကုန်ရင် တပ်မင်း ဘက်က နာပြီး. . .'

'တိတ်စမ်း'

ခင်ဦးလက်ဖျားတွေ ချက်ချင်းပဲ ပူနွေးနေရာက အေးစက်သွားတာကို သိလိုက်ရတယ်။ ခင်ဦးဟာ အခု နောက်ပိုင်းမှာ ထိရှခံစားလွယ်သူ ဖြစ်နေပြီထင်ပါရဲ့။

'လက်ရုံးတပ်ဖွဲ့ဆီကို တစ်ယောက်လောက် လွှတ်စမ်း။ တပ်မှူးကြီး ဦးငထွေဖြစ်ဖြစ်၊ ဦးငလုံးဖြစ်ဖြစ်၊ ဦးဖီးဖြစ်ဖြစ် တွေ့အောင်ရှာ၊ ငါလွှတ်တယ်လို့ပြော၊ ငါ့ဆီ ခေါ်လာစရာမလိုဘူး။ ဒီသတင်း အမှန်ပဲလားဆိုတာ သူတို့ကိုမေး၊ သွား. . . အခုချက်ချင်းသွား'

အပြစ်မရှိတဲ့ ရံရွေလေးကို ခင်ဦး ငေါက်ငမ်းနေတာသိပေမယ့် ဆူဝေနေတဲ့ စိတ်အစဉ်ကိုတော့ ထိန်းသိမ်းနိုင်စွမ်း မရှိတော့ဘူး။

မကြာခင်မှာပဲ စုံစမ်းခိုင်းလိုက်တဲ့ အမှုတော်လုပ် ပြန်ရောက်လာတယ်။

'ဘာတဲ့လဲဟေ့'

'မှန်ပါ သခင်မ၊ ကြားရတဲ့သတင်း အမှန်ဖြစ်ပါတယ်'

သလွန်ကနေ ခင်ဦး ဝုန်းခနဲ ထရပ်မိလျက်သား။ စစ်ပွဲတွေမှာ အဝေးပစ်အဖြစ် သုံးကြတဲ့ မီးလုံးကျောက်မောင်း လွှဲကြီးကို ဖြုတ်ချလိုက်တဲ့အတိုင်း နေမှာပဲ။

'စောလူးဘုရင် ဒီအချိန် ဘယ်မှာရှိမလဲ'

'ဥယျာဉ်တော်ဆောင်မှာ ရှိနေပါတယ် သခင်မ'

'ငါ အခု သူ့ဆီသွားမယ်။ ဝေါယာဉ်ပြင်စမ်း'

ရံရွေတွေရဲ့ မျက်နှာမှာ အထိတ်တလန့် အံ့အားတသင့်ကြီးစွာ။

ကိုယ့်ထံကိုလည်း အလာမခံ၊ သူ့ထံသွားဖို့ဝေးရော။ သည်လိုနေလာခဲ့ပြီးမှ စောလူးဘုရင်ဆီ ခင်ဦး သွားမယ်ဆိုတော့. . .။

ပြီးတော့ ခင်ဦးဟာ ပန်းပဲသမားရဲ့ ဖိုကျင်တစ်ခုလို တရှူးရှူးတဟဲဟဲ တောက်လောင်နေတာကို သူတို့ တွေ့နေကြလေတော့. . .

'သခင်မ. . ခုအချိန်မျိုးဆိုရင် စောလူးအရှင်ဟာ သေရည်ပွဲ ခင်းကျင်းရင်းနဲ့ ကြွေအန်ကစားနေချိန် ဖြစ်ပါတယ်။ အခွင့်အခါ မသင့်ဘူးထင်ပါတယ် သခင်မ'

'ဝေါယာဉ် ပြင်လိုက်စမ်း'

မဏိစန္ဒာမိဖုရားရဲ့ အမိန့်အာဏာကို သူတို့ မလွန်ဆန်နိုင်ကြတော့ဘူး။

ဝေါယာဉ်ထက်မှာ လိုက်ပါရင်း နန်းတော်ရဲ့ အဆောင်တော် အခန်းခန်း၊ စင်္ကြံလမ်းတွေကို ဖြတ်သန်းရင်းနဲ့ 'ငါဟာ ဘယ်သူ့အတွက်မှမဟုတ်ဘဲ ငါ့ရဲ့ မိန်းမသားဂုဏ်သိက္ခာကို ကာကွယ်ဖို့ဖြစ်တယ်'လို့ ရင်ထဲက အခါမလပ် ကြွေးကြော်လာခဲ့တယ်။

ချုပ်စနေရီ နန်းဆောင်နံရံတွေထက် ဆီမီးတိုင်တွေ ထွန်းညှိနေကြတဲ့ အမှုတော်ထမ်းတွေဟာ ခင်ဦးရဲ့ ဝေါယာဉ်ဖြတ်သန်းရာ လမ်းတစ်လျှောက် 'မဏိစန္ဒာ မိဖုရားကြီး ကြွချီတော်မူလာတယ်'ဆိုတဲ့ ဝေါယာဉ်မှူး ကြေညာသံအောက်မှာ ပြားပြားဝပ်ကြရင်းနဲ့ တအံ့တသြ ဖြစ်ကုန်ကြတယ်။

သည်လို အချိန်မျိုးမှာ ဝေါယာဉ်တစ်စီးနဲ့ နန်းတော်တွေကို ဝင်လိုက်ထွက်လိုက် ကြွချီလာတဲ့ မိဖုရား မဏိစန္ဒာကို သူတို့ တစ်ခါမှ မမြင်ဖူးကြုံဖူးကြတာမှ မဟုတ်ဘဲ။ ပြီးတော့ အဲသည်မိဖုရားကြီး သွားနေတဲ့ရာက စောလူးဘုရင် ရှိနေ၍ ဥယျာဉ်တော်ဆောင်ဆီကို မကြုံစဖူး ထူးခြားတဲ့ အဖြစ်။

ပူးယှက်သွားတဲ့ လက်အစုံတွေ ငုံ့ရှိုက်သွားကြတဲ့ မျက်နှာတွေကို တစ်ခုပြီးတစ်ခု ဖြတ်သန်းရင်းနဲ့ ခင်ဦးရဲ့ ဝေါယာဉ်ဟာ ဥယျာဉ်တော်ဆောင်မုခ်ဝကို ရောက်လာတယ်။

'သခင်မ တစ်ကိုယ်တည်း ဝင်ရောက်သွားမယ်ဆိုရင်'

သက်တော်စောင့် အကြပ်ဗိုလ်ရဲ့ စိုးရိမ်စကားနဲ့ အံ့သြတွေဝေ မျက်နှာ

ရှေ့ကဖြတ်ပြီး ခင်ဦး ဥယျာဉ်တော်ဆောင်ထဲ ဝင်ခဲ့တယ်။ ဘုရင်ရှိနေရာကို သွားတဲ့ မိဖုရားနောက်ပါးမှာ ဘယ်သူမှ လိုက်မလာရဲဘူး။

ဒါပေမဲ့ အစိုးရိမ်လွန်ပြီး လိုက်လာကြမှာစိုးလို့ မုခ်ဝပန်းရုံအောက် အဖြတ်မှာ ခင်ဦး ရပ်ပြီး သူတို့အားလုံးကို အမိန့်ချပစ်ခဲ့တယ်။

'တစ်ယောက်မှ မလိုက်ခဲ့ကြနဲ့၊ ဒီပွဲဟာ ငါ့ပွဲ'

ပန်းရုံတွေ၊ ကျောက်သား လှေကားထစ်တွေ၊ ရေပန်းရေအိုင်တွေ၊ စကြံလမ်းတွေ တစ်ခုပြီးတစ်ခု ဖြတ်လျှောက်လာခဲ့ရင်းနဲ့ ခင်ဦးဟာ ကိုယ့်ကိုယ်ကို လောင်စာရှိရာဆီ ပြေးဟပ်နေတဲ့ မီးလျှံအစွယ်တစ်ခုလို ထင်လာမိတယ်။

ဟုတ်တယ်၊ ခင်ဦးဟာ မီးလျှံအစွယ်။

လောင်မြိုက်ပစ်ရမယ့် လောင်စာက စောလူးဘုရင်။

ယုတ်ညံ့တဲ့မနောနဲ့ သိမ်ဖျင်းတဲ့ အပြုအမူ စရိုက်တွေကို အခုထိ မစွန့်လွှတ်သေးတဲ့အပြင် ဘုရင်တို့ရဲ့ ရာဇအာဏာကိုပါ အလွဲသုံးပြီး ထင်တိုင်းကြဲ၊ အရှက်တကွဲ အဖြစ်တွေကို ဖန်တီးနေတဲ့ စောလူးဘုရင်။

'ကျွန်စစ်သားဟာ မဏိစန္ဒာနဲ့ တိတ်တဆိတ် လျှို့ဝှက်စွာ ဆက်သွယ်နေပြန်တယ်။ အရှင်အရပ်ကံနဲ့ ဝိဟာရကို အယောင်ပြပြီး သူတို့ချင်း အချိန်းအချက်ပြုနေကြတယ်။ ဒါကြောင့် ကျွန်စစ်သားကို ဒလတောမြိုင်ရပ်ဆီ ပို့ပစ်လိုက်ပြီ'. . တဲ့။

စောလူးဘုရင် ယောကျ်ားတစ်ယောက်နဲ့ မတန်၊ သေးသိမ်ညံ့ဖျင်းလှတဲ့ သင့် ကြ္ကဿာမစ္ဆရိယကြောင့် ကျွန်မရဲ့ ဂုဏ်သိက္ခာကို အထိပါးမခံနိုင်ဘူး။ သင့်စွပ်စွဲချက်ကို သင်ပြန်ရုပ်သိမ်းရမယ်။ ငါမှားပါတယ်ဆိုတဲ့စကားကို ရာဇပလ္လင်ပေါ်ကနေ သင် ထုတ်ဖော်ကြေညာရမယ်။ ဒါတွေကို တောင်းဆိုဖို့ ကျွန်ုပ် မဏိစန္ဒာ သင့်ဆီလာနေပြီ။

စွေးစွေးနီတဲ့ နှင်းဆီချုံတစ်ခုကို ချိုးကွေ့မယ်အပြုမှာ ဟိုမှာဘက် ရေကန်အစပ် တံတားထိုး ခင်းထားတဲ့ အဆောင်ရုံဆီက အသံတွေကို ကြားလိုက်ရလို့ ခင်ဦး ရပ်လိုက်တယ်။

ချွန်မြမြဆူးတွေနဲ့ ဝန်းရံထားတဲ့ နှင်းဆီနီရဲရဲကြီးတစ်ပွင့်ကို ဖယ်ရှားပြီး ခင်ဦး လှမ်းကြည့်လိုက်တယ်။

ကန့်စပ် အဆောင်ရုံလေးထဲမှာ လူနှစ်ယောက်။

စောလူးဘုရင်နဲ့ ဟို. . . မင်းရမန်ဆိုတဲ့ ဥဿာဘုရင်အသစ်။

အသံတွေ ခင်ဦးဆီကို လွင့်လာတယ်။

'ကိုင်း. . ကိုယ်တော့်အလှည့်လေ၊ ဘယ့်နှယ်လဲ၊ မနိုးသေးပါလား၊ ကိုယ်တော်ပစ်လေ၊ ပစ်စမ်းပါ၊ ဟား. . . ဟား. . . ဟား'

တစ်ဖက်လပ် မင်းရမန်ရဲ့ ရယ်သံ။

'ကြည့်စမ်းပါဦးလေ၊ ကြွေတစ်လက် ကြက်တစ်ခုန်ပါ။ ကံအခွင့်အလှည့်ဆိုတာ တစ်ပတ်ကျော့သင့်လာရင် အနိုင်ဆိုတာက ကိုယ့်ဆီဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတတ်တာပါ။ ဟင်း ဟင်း ဟင်း၊ ကိုင်း. . . ဟော့'

စောလူးဘုရင်ရဲ့ လျှာလေးအာလေးသံနဲ့အတူ အင်တုံခွက်နှုတ်ခမ်းနဲ့ ထိခတ်လိုက်တဲ့ ချွမ်ချွမ်အသံတွေ။

သင်းတို့ ကြွေအန်ကစား၊ သေရည်သောက်နေကြတာပါလား။

သေရည်ပွဲနဲ့ ကြွေအန်ပွဲ။ ရှေ့ဆက်တိုးမယ့် ခြေလှမ်းတွေကို ခင်ဦး တုန့်ရပ်လိုက်တယ်။ မဖွယ်ရာတဲ့အခြေအနေပဲ။ ငါသွားလို့ သင့်ပါ့မလား ဆိုတဲ့ ဆင်ခြင်စိတ်က ဝင်လာတယ်။

'ဟား. . ဟား. . ဟား မနိုးသေးဘူးကိုယ်တော်၊ ကိုယ်တော့ကြွေ သေမူးနေပြီ။ အဟက်ဟက် ဥဿာစား မင်းရမန်ကို ကိုယ်တော် ယှဉ်လို့မရတော့ဘူး'

'လူမစွမ်းလို့ နတ်မဆိုသလိုပေါ့။ ငရမန်ရဲ့။ မင့်ကြွေက အမြင်တစ်ဖက်နဲ့ပစ်တော့ ပိုပြီး ချိန်သားကိုက်ထင်ပ့၊ ဟဲ ဟဲ ဟဲ'

‘ကိုယ်တော် ဘာပြောလိုက်တယ်’

‘ဟာ. . မင်းကြားတဲ့အတိုင်းပဲ။ လူမစွမ်းနတ်မလေ၊ အင်္ဂါချွတ်ယွင်းသူများဟာ တစ်ခုမဟုတ်တစ်ခုတော့ စွပ်ရွတ်တည့်တတ်ကြတာပါပဲကွ၊ ဟား. . ဟား’

‘ဉဿာဘုရင်ကို ကိုယ်တော်ဒီလိုဆိုသလား’

ကွဲရှသံ လဲပြိုသံတွေ ကြားလိုက်ရတယ်။

နှင်းဆီဆူးကို အသာအယာ ကိုင်တွယ်ဖယ်ရှားပြီး သူတို့ရှိရာကို ခင်ဦး လှမ်းကြည့်လိုက်တယ်။

ကွေခုံဟာ ကစဉ့်ကလျား အောက်ကိုကျနေတယ်။ စောလူးဘုရင်နဲ့ မင်းရမန်တို့ဟာ ကိုက်ခဲကြတော့မယ့် မြေခွေးနှစ်ကောင်လို တစ်ယောက်ကို တစ်ယောက် မာန်ဖီပြီး စောင်နေကြတယ်။

‘ဟေ့- ငရမန်၊ ဉဿာဘုရင် ဉဿာဘုရင်ဆိုတဲ့ စကားကို ရပ်လိုက်စမ်း၊ မင်း ဉဿာကို စားရတာ ဘယ်သူက ပေးလို့လဲဟင်’

‘ဘုန်းနဲ့ကံနဲ့ ဖြစ်လာတာပါ ကိုယ်တော်၊ ဒီလိုပြောကြစတမ်းဆိုရင် ကိုယ်တော်လည်း နတ်ရွာစံဘုရင်မင်းမြတ်ရဲ့ သားတော်မို့ ဒီထီးနန်းကို ဆက်ခံလာရတာပဲ မဟုတ်လား’

တွန်းထိုးပြိုလဲသံတွေနဲ့အတူ မင်းရမန်ဟာ နောက်ကို ယိမ်းယိုင်သွားတာ တွေ့လိုက်ရတယ်။

စောလူးဘုရင်ရဲ့ ပြာအက်အက်အသံ ပေါ်လာတယ်။

‘ဟေ့. . ငရမန်၊ မင်းဝံ့ရင် မင်းစားတဲ့ ဉဿာနဲ့ ငါ့ကိုတိုက်’

‘ကိုယ်တော် တကယ်ပြောတာလား’

‘ငါ ဘုရင်ကွ’

‘ကောင်းပြီ၊ ဘယ်သူ ဘုရင်လဲဆိုတာ တွေ့ကြသေးတာပေါ့’

အဆောင်ရုံထဲက ထွက်ပြီး ကန်စပ်ခင်းတံတားအတိုင်း မင်းရမန် လျှောက်လာတယ်။ ခင်ဦး ရပ်နေတဲ့ နှင်းဆီချုံဘေးကနေ သူ ဖြတ်သွားတယ်။ သူ့ရဲ့ အကောင်းပကတိ မျက်လုံးတစ်ဖက်မှာ ကောက်ကျစ်တဲ့ အငွေ့တွေ ထောင်းထောင်းထလို့။

ဒေါသကြီး တရှူးရှူး တရှားရှားနဲ့ ခြေကို ဆောင့်နင်းသွားတဲ့ မင်းရမန်ဟာ ခင်ဦးကိုတောင် မြင်မသွားဘူး။

ဘာကိုမှ ဆက်စဉ်းစားမနေတော့ဘဲ ခင်ဦး ပန်းချုံအကွယ်ကနေထွက်ပြီး ကန်စပ် တံတားဆီ လျှောက်သွားလိုက်တော့တယ်။

ကွဲကြေနေတဲ့ ရွှေရည်သုတ် အင်တုံခွက်၊ ပြန့်ကြဲနေတဲ့ကြွေစေ့နဲ့ ဖရိုဖရဲဖြစ်နေတဲ့ ကြွေခုံတွေကို နင်းဖြတ်ကျော်လွှားပြီး သင်းရဲ့ရှေ့တည့်တည့်မှာ ခြေစုံရပ်လိုက်တယ်။

'ဟင်. . မဏိစန္ဒာပါလား'

မကြည့်ချင်တဲ့ မျက်နှာကို ခင်ဦး စေ့စေ့ကြည့်ရပြန်ပြီ။

Y

'အား. . . မိဖုရား မဏိစန္ဒာ ဒီအထိ လိုက်လာတယ်မဟုတ်လား၊ ထိုင်ပါ မဏိစန္ဒာ. . ထိုင်ပါ'

ချဉ်စူးစူးသေရည်နံ့၊ နီကြန်ပွရောင်းမျက်နှာဖြင့် စိုစွတ်ထူအမ်းနှုတ်ခမ်း၊ သေခိုးဝေ့ မျက်လုံးအစုံ။

ခုံတန်းပေါ်မှာ နောက်ဆုံးကျန်နေတဲ့ ကြွေစေ့တစ်စေ့ကို ဖရိုဖရဲ ဖယ်ရှားပစ်ရင်း သင်းကိုယ်တိုင်ကတော့ ထိုင်ရမလို ထရမလို ဖြစ်နေတယ်။

စကားဆုပ်မှုကို အတင်းကျိတ်မှတ်မျိုသိပ်မထားရင် ခင်ဦး ချက်ချင်းပဲ ပြန်လှည့်ထွက်ဖြစ်မှာ သေချာတယ်။ အခုတော့. . .

'ကျွန်မ ပြောစရာရှိလို့ လာတာ'

'အို. . ပြောပါ မဏိစန္ဒာ၊ ခုလို တကူးတက. .'
သူ့ကို စကားအလှည့်မပေးဘဲ ဇွတ်ပဲ ဖိနင်းပြောလိုက်တယ်။

'ကျွန်မနဲ့ တပ်မင်း ကျန်စစ်သားတို့ တိတ်တဆိတ် ဆက်သွယ်နေတယ်၊ အပြောအဟောရှိတယ်။ ရှင်အရဟံမထေရ်ကြီးရဲ့ ဝိဟာရမှာ လျှို့ဝှက်စွာ အချိန်းအချက်ပြုတယ်ဆိုတဲ့ မဟုတ်မတရား စွပ်စွဲပုတ်ခတ်ချက်ဟာ သင်က စလိုက်တာမဟုတ်လား'

'ဘာ. . . ဘယ်လို'

'အဲဒါကြောင့် တပ်မင်းကို ဒလတောအရပ်ဆီ နှင်လိုက်တယ်ဆိုတာလည်း သင့်အမိန့်ပဲ မဟုတ်လား စောလူးဘုရင်'

နီရဲနေတဲ့ သူ့မျက်နှာဟာ မည်းပုပ်သွားတယ်။

'တမ္ပဒီပနိုင်ငံတော်ရဲ့ အရှင်သည်ကို နောက်တစ်ယောက် ထပ်စော်ကားနေပြန်ပြီ။ ငါ့ကို ဘာမှတ်'

'ဒီမှာ စောလူးဘုရင်၊ ယုတ်ညံ့တဲ့ စွပ်စွဲပုပ်ခတ်ချက်ကို ပြန်ရုပ်သိမ်းပါ။ တပ်မင်း ကျန်စစ်သားကိုခေါ်ပါ။ ဒါဟာ နတ်ရွာစံဘုရင်ကြီးရဲ့ မိဖုရားတစ်ပါးအနေနဲ့ ကျွန်မ တရားဘက်က တောင်းဆိုတာပဲ'

တပ်မင်း ကျန်စစ်သားကို ပြန်ခေါ်ပါဆိုတဲ့စကား၊ ခင်ဦး ပြောဖို့ စိတ်ကူးမရှိခဲ့ပါဘူး။ ဒါပေမဲ့ သင်းရဲ့ ဖောက်လွဲ ဖောက်ပြန်အမူကို အပြီးတိုင် ချေမှုန်းချင်စိတ်နဲ့ ပြောထွက်သွားတယ်။

စောလူးဟာ အလွန်အမင်း အံ့အားသင့်ရာကနေ ဒေါသအမျက်ခြောင်းခြောင်းထွက်လာတယ်။ မျက်လုံးတွေ ပြူးကျယ်လာရာက မထင်မှတ်ဘဲ ဟက်ဟက်ပက်ပက် ရယ်ချတယ်။

အော့နှလုံးနာစရာ ရယ်သံအဆုံးမှာ. . .

'အား. . ဟား. . ဟား ပြန်ခေါ်ပါတဲ့လား။ ဩ-ဩ၊ ဟုတ်ပေတာပေါ့။ မင်းလိုချင်တာ ဒါပဲပေါ့ ဟုတ်လား၊ ခမည်းတော် လက်ထက်တုန်း

က ခွဲခွာခဲ့ရပြီး ပြန်တွေ့ကြလို့မှ မဝသေးခင် ငါက ထပ်ပြီးနှင်ထုတ်လိုက်တော့ အိုး . . ဟိုး . . ဟိုး . . ဟုတ်ပေတောပေ့ါ။ မင့်အသည်းဆတ်ဆတ်ခါနာမှာပေ့ါ၊ ကြည့်စမ်း . . ဘိသေက သဘင်ပွဲပြီးကတည်းက ဥပုသ်ဆောင်ဝင်သလိုလို၊ ဝိဟာရသွားသလိုလိုနဲ့ ငါ့ကို အတွေ့မခံတဲ့မင်းက ထီးလှိုင်ရှာစိုးအတွက်ကျတော့ အချိန်မတော်ကြီးမှာ တကူးတကလာတွေ့တယ်၊ ဩ ဩ . . ဟုတ်လိုက်တာ။ ပြီးတော့ အာဏာအရှင်သခင်ကို လာပြီး အမိန့်တွေပေးတယ်။ ရုပ်သိမ်းပါတဲ့၊ ပြန်ခေါ်ပါတဲ့၊ ဟုတ်ဟုတ်ချေသေး၊ ဟား . . ဟား . . ဟား'

ခင်ဦးလက်ထဲမှာ ဓားမြှောင်တစ်ချောင်းလောက် မဆောင်ခဲ့ရကောင်းလားလို့ နောင်တရမိတယ်။ တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေတယ်။

'ယုတ်ညံ့တဲ့ စွပ်စွဲပုတ်ခတ်ချက်တွေကို ပြန်ရုပ်သိမ်းပါ။ အမှန်တော့ နတ်ရှာစံဘုရင်ကြီးရှိစဉ်ကတည်းက တပ်မင်း ကျန်စစ်သားကို သင်မနာလို မရှုဆိတ်ဖြစ်ခဲ့တာ မဟုတ်လား။ ထီးလှိုင်မင်း . . . ဟင်း . . . ဟင်း . . သင်နှိမ့်ချပြောသလို ထီးလှိုင်ရှာစိုးမဟုတ်ဘူး။ သူဟာ ထီးလှိုင်မင်း . . ၊ ထီးလှိုင်မင်းရဲ့ လက်ရုံးနှလုံး၊ ပြည်သူပြည်သားတွေရဲ့ချစ်ခင်မှုကို ခံယူရရှိတဲ့ ဂုဏ်သိက္ခာ၊ ဒါတွေအားလုံးမှာ သူ့ကို သင် မမီဘူး။ သူဟာ သင့်ထက် အစစအရာရာ သာလွန်တဲ့ယောကျ်ားကောင်းတစ်ယောက်၊ ဒါကို သိတဲ့သင်ဟာ တပ်မင်း ကျန်စစ်သား ပျက်စီးရာပျက်စီးကြောင်းကို အမြဲ ကြံစည်နေခဲ့တာ'

'ဟော့ . . မင်း . . မင်း . . အခုပြောနေတာ တမ္ဗဒီပဘုရင်မင်းမြတ်ဆိုတာ မင်းနားလည်'

'ကောက်ကျစ်တဲ့ သင့်အကြံက နတ်ရှာစံ ဘုရင်ကြီးလက်ထက်မှာ အောင်မြင်ခဲ့တယ်။ ထီးလှိုင်မင်းဟာ အရိန္ဒမာလှံကို ကောက်ယူပြီး ကိုယ်လွတ်ရုန်းထွက်ပြေးခဲ့ရတယ်။ ဒီနောက်မှာ အားလုံးရဲ့သဘောဆန္ဒကို မလွန်ဆန်နိုင်လို့ သူ့ကို ပြန်ခေါ်ခဲ့ရပေမယ့် သူ ပြန်ရောက်လာပြီဆိုကတည်းက သင့်မှာ နေရာမရှိတော့ဘူး။ မကောင်းကြံခဲ့တဲ့ သင့်

အမှုဟာ သင့်ကို အချိန်နဲ့အမျှ ခြောက်လှန့်နေတယ်။ ဟုတ်ရဲ့လား စောလူးဘုရင်’

‘ဟော့. . ငါက သက်ဦးဆံပိုင် ဘုရင်မင်းမြတ်’

‘တစ္ဆေတစ်ကောင်လိုအမြဲခြောက်လှန့်ခံနေရတဲ့အခါမှာ ထီးလှိုင်မင်းကို နှင်ဖို့ သင် ကလိန်ဉာဏ်ထုတ်ပြန်ခဲ့တယ်။ ဒီအခါမှာ ဟိုးယခင်က ရှိခဲ့တဲ့ အတိတ်ကို တူးဆွယိုးမယ်ဖွဲ့ပြီး မဏိစန္ဒာနဲ့ အပြောအဟော ရှိပြန်တယ်လို့ လုပ်ပြန်တယ်။ ပြီးတော့ ရာဇာအာဏာကို အလွဲသုံးပြီး ထီးလှိုင်မင်းကို သင် နှင်ထုတ်ခဲ့တယ်။ ဒီမှာ. . စောလူးဘုရင်’

‘မိန်းမယုတ်၊ မင်းပြောနေတာတွေဟာ ရာဇဝတ်ဒဏ်သင့်’

‘ကျွန်မရဲ့ ဂုဏ်သိက္ခာနဲ့ သီလတရားကိုပါ ရှင်စော်ကားလိုက်ပြန်ပြီ ဆိုတာကိုကော သင် သိရဲ့လား’

‘ဟော့. . ဘာဂုဏ်သိက္ခာလဲ၊ ဘာသီလတရားလဲ၊ ကျန်စစ်သားကို ပြန်ခေါ်ခိုင်းနေတဲ့ မင်းဟာ ကျန်စစ်သားအပေါ် သံယောဇဉ်မကုန်သေးလို့ပဲ မဟုတ်လား၊ သူ့ကို ချစ်ခင်စွဲလမ်းနေသေးလို့ပဲမဟုတ်လားဟေ. ’

‘မြင့်မြတ်တဲ့ နှလုံးသားတွေဟာ သင်နဲ့ မဆိုင်ဘူး’

ခုံတန်းလက်ရမ်းကို သင်းက ရိုက်ပုတ်လိုက်တယ်။

‘ဒီမယ် မဏိစန္ဒာ၊ ငါ့အမိန့်နဲ့ မင်းရဲ့ ယောကျ်ားကောင်းကြီးကို နှင်ထုတ်လိုက်တယ်။ ငါ ပြန်မခေါ်ဘူး။ မင်း ဘာတတ်နိုင်သလဲ။ ဟား. . ဟား မင်းကကော ငါ့ကို ဘာလုပ်ချင်သေးလို့လဲ။ ငါ ချီးမြှောက်လို့ မိဖုရားအရာ ဆက်ခံရတဲ့ မိန်းမ၊ ဟင်း. . ဟိုတစ်ယောက်လိုပေါ့၊ ငါ ချီးမြှောက်လို့ ဉသျှာကိုစားရတဲ့ ကျွန်ယုတ်၊ မင်းတို့က ငါ့ကို ပုန်ကန်ချင်တဲ့စကားတွေ ပြောနေကြတယ်၊ ငရမန်ကိုလည်း ငါပြော လိုက်ပြီးပြီ။ ဝံ့ရင် မင်းစားတဲ့ ဉသျှာကနေ ငါ့ကို တိုက်စမ်းလို့၊ ကဲ. . မင်းကိုလည်း ငါပြောလိုက်မယ်၊ ဝံ့ရင် မင်းအားကိုးတဲ့ ချစ်ခင်

မြတ်နိုးနေတဲ့ ထီးလှိုင်မင်း ကျန်စစ်သားအင်အားနဲ့ ငါ့ကို ပုန်ကန်စမ်း၊ ပုန်ကန်ကြစမ်းလေ'

ကစဉ့်ကလျားနဲ့ သေတကောင်းကို ဆွဲယူမော့ချတယ်။ သေရည်တွေဟာ အယိုယို အဖိတ်ဖိတ်၊ ရွှဲရွှဲရှာစက်ဆုပ်စရာမြင်ကွင်း။

'ငါ့ရဲ့ တမ္ပဒီပကို ငါ့လက်ကနေ လုယူနေချင်ကြတယ်၊ လုပ်ကြစမ်းပါ။ ဝံ့သူ ထွက်ခဲ့ကြစမ်းပါ၊ ဟား. . ဟား. . ဟား. . '

ဝုန်းခနဲ သင်းလဲပြိုကျသွားတယ်။ သည်တော့မှပဲ တစ်ချိန်လုံးကြောက်ရွံ့စွာနဲ့ အဝေးက စောင့်စားနေကြဟန်တူတဲ့ ရဲမက်တွေဟာ အဆောင်ရုံထဲကို ပြေးဝင်လာကြတယ်။

ကွဲကြေသွားတဲ့ သေတကောင်းထဲက သေရည်တွေ စီးကျလာတဲ့အတွက် ခင်ဦးခြေထောက်ကို ကမန်းကတန်း ဖယ်ရှားလိုက်ရတယ်။ ခင်ဦးခြေအစုံနားမှာတော့ ဖောက်ပြန်မှုတကာတို့ရဲ့ သေရည်တို့ပေါင်းပြီး သတိလက်လွတ်ဖြစ်နေတဲ့ သင်းမျက်နှာ။

'မင်းတို့ဘုရင် သေသောက်ကြူး လူယုတ်မာဟာ သတိလစ်နေပြီ၊ အခုဖြစ်နေတာတွေကို မင်းတို့ကြားကြ၊ မြင်ကြရဲ့ မဟုတ်လား'

သေအိုင်ထဲမှာ သတိလစ်နေတဲ့ ဘုရင်အနားက ပေါက်ကွဲနေတဲ့ မိဖုရား၊ ရဲမက်တွေဟာ ဘာလုပ်ရမှန်းမသိဘဲ ငေးငိုင်နေကြတယ်။

'ပြောလေ၊ မင်းတို့ ကြားကြ မြင်ကြရဲ့ မဟုတ်လား'

'ဟုတ်. . ဟုတ်ပါတယ် သခင်မ'

'အေး. . ကောင်းပြီ၊ ဘုရင်နဲ့ မိဖုရားတို့ရဲ့ အရေးအရာပဲဆိုပြီး ဘာမှ မျိုသိပ်ဖုံးကွယ်ထားစရာမလိုဘူး။ မင်းတို့ ကြားသမျှကို တစ်နန်းတော်လုံးသိအောင် တစ်တိုင်းပြည်လုံးသိအောင် သတင်းဖြန့်လိုက်ကြ၊ ဒါ ငါ့အမိန့်'

နန်းတော်ကို အပြန်လမ်း ဝေါယာဉ်ပေါ်မှာ လိုက်ပါရင်း ခင်ဦး ဘာကိုမျှ မတွေးမိတော့ဘဲ 'ချစ်ခြင်းနဲ့မုန်းခြင်း၊ ဝိဇ္ဇာနဲ့ အဝိဇ္ဇာ၊ ရိုးသားမှုနဲ့ ကောက်ကျစ်မှုတို့အကြား စစ်ပွဲမှာ ငါဟာ မဏ္ဍိုင်ချက်မဖြစ်ခဲ့ပြီ' လို့ ကြွေးကြော်နေမိတော့တယ်။

Z

## [၄၁]

စစ်ပွဲ။

တကယ်လည်း စစ်ပွဲဖြစ်ကြပြီ။

လောကကြီးရဲ့ အလှပဆုံး လှည့်စားမှု မာယာပြကွက်ပေပဲလား။

ဂွမ်းစစ်သည်တွေကို အကြောင်းပြုစစ်ကူပေးတဲ့ ပုဂံ ဥဿာတို့ရဲ့ ပူးပေါင်းမှု၊ နောက်တော့ ခင်ဦးဆိုတဲ့ ဘုရင့်သမီးတော်တစ်ပါးကို အခြေတည်ပြီး ဥဿာနဲ့ ပုဂံဟာ ရွှေလမ်းငွေလမ်းပေါက် မဟာမိတ် နှစ်ပြည်တော်ဖြစ်ခဲ့တယ်။

အဲသည် ဥဿာ၊ အခုတော့ မင်းရမန်ဆိုတဲ့ လူတစ်ယောက်ကို အကြောင်းပြုပြီး ပုဂံနဲ့ စစ်ခင်းတဲ့ တိုင်းပြည်ဖြစ်လာခဲ့တယ်။

မဏိစန္ဒာနဲ့ ချစ်ကြည်ရေးကို ပေးခဲ့တဲ့ ဥဿာဟာ မင်းရမန်နဲ့ စစ်ပွဲကိုပေးပြန်တယ်။

ဘုရင်နဲ့ မိဖုရားတို့ရဲ့ စကားစစ်ထိုးပွဲကြီးကတော့ တကယ်ဖြစ်ပွားပေါ်ပေါက်လာတဲ့ စစ်ရေးအောက်မှာ သတင်းမှိန်သွားခဲ့တယ်လေ။

'ထိပ်ထား. . တပ်မင်းကို သူတို့ ပြန်ခေါ်ရပြန်ပြီ။ စောလူးမင်းက ကျန်စစ်သားနဲ့ပတ်သက်တဲ့သတင်းတွေဟာ မလိုသူတွေရဲ့စကား ဖြစ်

မှာပါလို့ မရေမရာ ပြန်ပြောတဲ့အတွက် အားလုံးရဲ့ဆန္ဒအရ တပ်မင်းကို ဒလကနေ ပြန်ခေါ်လိုက်ကြတယ်။ မခေါ်လို့လည်း မဖြစ်တော့ဘူးလေ။ ငရမန်ဟာ ဥဿာကို ဗဟိုစွဲပြီး နိုင်ငံတော်ရဲ့ အကြေပိုင်းဒေသတွေကို အင်အားစု စစ်ပြုတော့မယ်လေ'

ဦးငထွေနဲ့ ဦးငလုံးက ခင်ဦးဆီကို အမောတကော လာပြောကြလေရဲ့။ သူ့ကို ပြန်ခေါ်လိုက်ကြပြီ။ စောလူးဟာ မတတ်သာတဲ့အဆုံး သူ့ ပုတ်ခတ်ချက်ကို သူပဲဝေ့ဝိုက်ပြီး ပြန်ရုပ်သိမ်းခဲ့ပြီ။ ဒါဟာ သတင်းကောင်းလား၊ ခင်ဦး အရေးဆိုခဲ့တဲ့အမှုဟာ အောင်မြင်ပြီလေ။ ဒါပေမဲ့ ခင်ဦး ဝမ်းသာနိုင်ရဲ့လား၊ နင် အောင်ပွဲခံရရဲ့လားလို့ ကိုယ့်ကိုယ်ကို ပြန်မေးမိတယ်။

မဟုတ်ဘူး. . . အောင်ပွဲမဟုတ်ဘူး။ ခင်ဦး မအောင်မြင်ဘူး။

စစ်. . . စစ်ပွဲကြီးလေ။

ဥဿာကို ခြေပြုပြီး အကြေဒေသ အင်အားတွေ စုစည်းချီတက်လာတဲ့ ငရမန်။ ဘုရား. . . ဘုရား။ ခင်ဦးရဲ့ဒေသ၊ ခင်ဦးရဲ့မွေးရပ်ဥဿာဟာ ငရမန်ရဲ့ ဗဟိုစစ်အင်အား၊ ငရမန်ရဲ့ စစ်တပ်ကြီးမှာ လိုက်ပါပြီး ပုဂံလုပ်ကြံမယ့်သူတွေဟာ ဥဿာကလူတွေ၊ ခင်ဦးရဲ့ မျိုးနွယ်တွေ။

မဏိစန္ဒာ၊ သည်စစ်ကို မင်း ဘယ်လို တားနိုင်မလဲ။

တမ္ပဒီပ နန်းတော်က မိဖုရား၊ တစ်ချိန်တည်းမှာ ဥဿာသူ။

စစ်ပွဲ။ ဆင်၊ မြင်း၊ လေး၊ မြား၊ ဓား၊ လှံ၊ လက်နက်တွေ၊ သတ်ဖြတ်သုတ်သင်မှုတွေ၊ သွေး၊ မီးလျှံ၊ စစ်ကြွေးညာသံ၊ ကယ်ပါယူပါ အော်ဟစ်သံ။ စစ်တလင်းဖြစ်သွားကြမယ့် တိုင်းသားပြည်သူတို့ရဲ့ ရပ်ရွာတွေ။

မပြေးနိုင် မရှောင်နိုင်ဘဲ နှစ်ဖက်တပ်တွေရဲ့ လက်နက်အောက်မှာ အသက်ဆုံးကြရမယ့် တိုင်းသားပြည်သူတွေ၊ ဘုရား. . . ဘုရား။

စောလူးရဲ့တပ်နဲ့ ငရမန်ရဲ့တပ်ဟာ ဘယ်နေရာမှာ ရင်ဆိုင်တွေ့ကြမှာလဲ၊ ဥဿာမြေမှာလား၊ ပုဂံမြေမှာလား၊ တမ္ပဒီပ နန်းမြို့မုခ်ဝမှာလား၊

ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာလား၊ ပုဂံဘုရား စေတီတွေကြားမှာလား၊ လယ်တွင်းကိုးခရိုင်က ဆည်တွေ၊ ကာတွေ တစ်ဝိုက်မှာလား။

သွေးဆာတဲ့ စောလူးနဲ့ သွေးငတ်နေတဲ့ ငရမန်တို့ကတော့ ရာဇပလ္လင်ကို သူ့ဘက် ကိုယ့်ဘက် အရအမိ လုယက်ကြတော့မယ်။ စောလူးအနိုင်ရခဲ့ရင်ကော၊ ငရမန်ရဲ့လည်ချောင်းသွေးနဲ့ ဥဿာကို အငြိုးတကြီး ပက်ဖျန်းတော့မယ်။ ငရမန်အနိုင်ရခဲ့ရင်ကော တမ္ပဒီပ ဩဇာခံတွေဆိုပြီး ပုဂံသူ ပုဂံသားတွေကို အရိုးဖွေးဖွေး လှုပ်စေတော့မယ်။

မဏိစန္ဒာ၊နင့်ရဲ့ဥဿာနဲ့ နင့်ရဲ့ တမ္ပဒီပတို့စစ်ခင်းကြတော့မယ်လေ။ နင်ဘာလုပ်မလဲ။ သားနှစ်ယောက်တို့ရဲ့ သတ်ဖြတ်ပွဲကို သည်အတိုင်း ကြည့်နေမယ့် မိခင်လား၊ ဒါမှမဟုတ် ခမည်းနှစ်ပါးတို့ သတ်ဖြတ်ပွဲကို သည်အတိုင်းကြည့်နေမယ့် သမီးလား။

ဘာလုပ်မလဲ မဏိစန္ဒာ။

ပွက်ပွက်ဆူနေတဲ့ အတွေးတွေဟာ အခြားမလပ် တရစပ် လည်ပတ်ခဲ့ပြီး အမြင့်မားဆုံး အရှိန်အဟုန်ရဲ့ တစ်နေရာမှာ ခင်ဦး အားကိုးစရာ၊ တိုင်ပင်စရာ၊ နည်းလမ်းဖွေရှာစရာတစ်ခုကို ဘွားခနဲ တွေ့လိုက်တော့တယ်။

ဖြစ်ခဲ့သမျှ ဘာဆိုဘာမှ မတွေးနဲ့တော့ မဏိစန္ဒာရေ၊ သူ့ဆီသွား သူနဲ့တွေ့။

Z

# [၄၂]

'အမောင်'

အလိုအလျောက် နှုတ်ကထွက်ကျသွားတဲ့ အခေါ်အဝေါ်အသုံးအနှုန်း အတွက် ခင်ဦး ကိုယ့်ဘာကိုယ် စဉ်းစားချင့်ချိန်ခြင်း မပြုနိုင်ခဲ့ဘူး။

စစ်ရေးညီလာခံ ခန်းမရဲ့တစ်ဖက်၊ တပ်မင်းအတွက် သီးသန့်နားနေ ခန်းထဲမှာ ကျောပေးလျက်သား ထိုင်နေတဲ့ သူ့ကို တွေ့တွေ့ချင်း ခင်ဦး လှမ်းခေါ်လိုက်မိတယ်။

ဆတ်ခနဲ ဖြစ်သွားတဲ့ သူ့ကိုယ်လုံးကြီးဟာ ရုတ်ချည်းပဲ ခင်ဦးနဲ့ မျက်နှာချင်းဆိုင် လှည့်လာတယ်။ ပြီးတော့ ဘာစကားမှမဆိုနိုင်ဘဲ သူ ခင်ဦးကို မမြင်ဖူးသလို ငေးကြည့်နေတော့တယ်။

သူ. . ရှည်လျားလွန်းလှတဲ့ကာလကြီးတစ်လျှောက်လုံး မတွေ့မမြင် ခဲ့ရတဲ့ သူ။ လေးထောင့်စပ်စပ် မျက်နှာ၊ မကျဉ်းမကျယ်နဖူးပြင်၊ ထူထဲ နက်မှောင် မျက်ခုံး၊ စူးရှမျက်လုံး၊ တင်းတင်းစေ့ နှုတ်ခမ်းလွှာ။

အနီးမှာလည်း ကွာလှမ်း၊ အဝေးမှာလည်း ကွဲကွာ၊ ရှင်နဲ့ကျွန်မတို့ ဟာ တစ်ယောက်အတွက် တစ်ယောက် အပြန်အလှန် သေဆုံးခဲ့ကြပါပြီလို့ ခင်ဦး ပြောပစ်ခဲ့သူ။ ချစ်ဦးသူ အမောင်။

'ခင်ဦး ဝင်ခဲ့ပါရစေ'

မေ့မျောနေရာက သတိပြန်လည်လာသူကို သူမျက်တောင်တစ်ချက်နှစ်ချက်ဝင့်၏။

'အို့ . . ဝင်ခဲ့ပါ ခင်ဦးရယ်'

သောကတွေတစ်ပွေ့တစ်ပိုက်ကြီးနဲ့လာခဲ့ပေမယ့် မိန်းမသားသဘာဝပေပဲလား။ အရှက်နဲ့ အကြောက်တို့က ဖုံးအုပ်လာတာကြောင့် ခင်ဦးသူ့ကို မကြည့်ရဲတော့ဘဲ မျက်လွှာချ ခေါင်းငုံ့လိုက်မိတော့တယ်။

'ခင်ဦး အမောင့်ဆီလာတယ်'

မယုံကြည်နိုင်သလို သူ ရေရွတ်နေတယ်။ သူ့အသံက တိုးတိမ်အက်ကွဲလို့ ကာလကြာမြင့်စွာ မကြားခဲ့ရတဲ့ သူ့အသံဟာ ခင်ဦးနားထဲကိုဘာကြောင့်များ ညင်သာလွန်းလှစွာ စီးဆင်းသွားပါလိမ့်။

ဟင်္သာပြဒါးသုတ်ထားတဲ့ စားပွဲဝိုင်းကြီးရဲ့ သည်မှာဘက်ကို ခင်ဦးဝင်ထိုင်လိုက်တယ်။ ဆက်ပြီးရပ်နေရရင် ခင်ဦး ခြေထောက်တွေ ညွတ်ခွေလဲပြိုသွားကြလိမ့်မယ်။ သူ့ကို မကြည့်ရဲလို့ စားပွဲမျက်နှာပြင်ကိုလည်းမခွာတမ်း မျက်လွှာချကြည့်နေမိတယ်။

'ခင်ဦး အမောင့်ဆီလာတယ်'

သူက ရေရွတ်နေဆဲ။

ခင်ဦးရင်ထဲမှာ လှိုင်းထလာတယ်။ သမုဒ္ဒရာရဲ့ကြမ်းပြင်မှာ နှစ်အသင်္ချေပေါင်းများစွာ အိပ်စက်နေတဲ့ ဧရာမနဂါးကြီးတစ်ကောင် နိုးလာပြီးလွန့်လူးလိုက်လို့ သမုဒ္ဒရာလှိုင်းထန်ရတယ်တဲ့။ ဒါဆို ခင်ဦး ရင်လှိုင်းတွေဟာ တိုးနက်စွာသော တစ်နေရာက တစ်စုံတစ်ခု နိုးထလာခဲ့လို့လေလား။

ဒါပေမဲ့ . . . .

တိမ်းမူးထွေပြားအံ့ တွေးမျှင်တွေဟာ နီရဲနေတဲ့ ဟင်္သာပြဒါးစားပွဲ

ကြီးပေါ်က တစ်စုံတစ်ခုကို တွေ့လိုက်တဲ့အခါမှာ တိခနဲ ပြတ်တောက် ရပ်တန့်သွားကြတယ်။

အဲဒါကတော့ စစ်ပွဲမြေပုံသားရေချပ်။

ခင်ဦး ရင်ထဲမှာ နင့်လိုက်တာ။ စစ်ပွဲမြေပုံ သားရေချပ်ရဲ့ အလယ်ဗဟို မှာ ဧရာဝတီမြစ်ကြီးကို ကွေ့ကွေ့ကောက်ကောက် အထက်အောက် ရေး ဆွဲထားလို့၊ ဧရာဝတီရဲ့ ဝဲယာနေရာတွေမှာ ဒေသမြို့ရွာ ဇနပုဒ်တွေ၊ တော တောင်၊ မြစ် ချောင်း၊ အင်း အိုင်တွေကို ပြထားလို့။

ပြီးတော့ အထက်တစ်နေရာဆီမှာ 'တမ္ပဒီပ'တဲ့။

အောက်တစ်နေရာဆီမှာ 'ဥဿာတဲ့'

အနီရောင်စက်ဝိုင်းနဲ့ ပြထားတဲ့နေရာနှစ်ခု၊ စစ်ဖြစ်ကြမယ့်ဒေသ နှစ်ခု၊ ခင်ဦးရဲ့ တမ္ပဒီပနဲ့ ခင်ဦးရဲ့ ဥဿာ။

သူ့ကို ခင်ဦး ပြန်မော်ကြည့်လိုက်တယ်။

'ဒီစစ်ပွဲကြီးကို အမောင် မတားနိုင်တော့ဘူးလားဟင်၊ တမ္ပဒီပဟာ အမောင်ရဲ့ဇာတိမြေ၊ ဥဿာဆိုတာလည်း အမောင့်ရဲ့. . .'

သူ့ပခုံးကျယ်ကြီးအစုံ နိမ့်ဆင်းသွားတယ်။ သြော်. . . သူ သက်ပြင်း ချပြီထင်ရဲ့။

'အကောင်းဆုံးနည်းလမ်းတွေကို အမောင်စဉ်းစားနေပါတယ်ခင်ဦး။ အခြေအနေအရပ်ရပ်ကို အမောင် နားလည်ပြီးသားပါ။ စောလူး ငရမန် စစ်ဟာ ပုဂံ ဥဿာစစ် မဖြစ်သင့်ပါဘူး'

အို. . သည်စကားကြားရရုံနဲ့ပဲ ခင်ဦး အားရှိလိုက်တာ။

'ဒါဖြင့် ဒီစစ်ကြီးမဖြစ်အောင် အမောင် ဘယ်လိုလုပ်မလဲဟင်'

သားရေချပ်အစွန်းပေါ်ကို သူလက်ထောက်ပြီး ခင်ဦးအပေါ် စီးမိုး ကြည့်လိုက်တယ်။

'ဒါအတွက် ခင်ဦး လာခဲ့တာလားဟင်'

'ဟုတ်ပါတယ် အမောင်'

သူ ခေါင်းညိတ်တယ်။ နားလည်မှုများစွာကို လက်ခံလိုက်ရပုံမျိုး။

'ကောင်းပြီ။ အမောင်ပြောပြပါ့မယ်၊ စောစောကပဲ နန်းတော်ထဲက သံပျင်မှူးတွေ၊ မှူးကြီးမတ်ကြီးတွေ၊ ဓညဝတီ၊ မောပြည်၊ ဇင်းမယ်ဒေသတွေက ရာဇာမင်းစိုးတို့အားလုံးတို့နဲ့ စစ်ရေးညီလာခံ ခန်းမထဲမှာ အမောင်တို့ ဆွေးနွေးစခဲ့ကြတယ်'

'အဖြေတစ်ခုခု ရခဲ့ကြသလားဟင်'

သူ လေးလေးပင်ပင် ခေါင်းယမ်းပြန်တယ်။

'သူတို့အားလုံးက အမောင့်ကို တစ်ခွန်းတည်းသောစကားဆိုကြတယ်။ စောလူးမင်းကိုဖယ်ရှားပြီး ထီးနန်းသိမ်းပိုက်လိုက်ပါ။ ဒါဆိုရင် ငရမန်ဟာ စစ်ကို ရှောင်လိမ့်မယ်တဲ့'

ခင်ဦး ဝမ်းသာလိုက်တာ၊ အသင့်တော်ဆုံး နည်းလမ်းပေပဲ။

'အမောင် လက်ခံလိုက်တယ် မဟုတ်လား'

သူ ထိုင်ချလိုက်တယ်။ မျက်ခုံးထူကြီးတွေ ပူးကပ်သွားကြတယ်။

'နတ်ရွာစံ ဘုရင်မြတ်ရဲ့ သစ္စာတော်ကို အမောင်ခံရမယ်။ တမ္ပဒီပရဲ့ ရာဇဝံသကို အမောင်ဦးညွှတ်ရမယ်၊ တိုင်းသားပြည်သူတို့ရဲ့ ကျေးဇူးတရားကို အောက်မေ့ရမယ်။ တမ္ပဒီပ ရာဇပလ္လင်မှာ အစဉ်အလာအတိုင်း ဆက်စိုးစံနေဆဲ မင်းတစ်ပါးရှိနေသရွေ့ အဲဒီမင်းကို ဖယ်ရှားပြီး အမောင် မင်းမပြုနိုင်ဘူး'

ခင်ဦး တစ်ကိုယ်လုံး ကြက်သီးဖြန်းဖြန်းထသွားတယ်။

'နောက်တစ်ကြောင်းက ရာဇဒဏ်သင့်ခဲ့တဲ့အမောင်ဟာ စောလူးမင်းကိုဖယ်ရှားပြီး ထီးနန်းသိမ်းပိုက်လိုက်ရင် ဘာဖြစ်သွားမလဲ၊ စောလူးမင်းကို အငြိုးထားပြီး လက်စားချေ လက်တုံ့ပြန်ယူသလို ဖြစ်သွားမယ်။ ဒီအခါမှာ အမောင် တကယ်မကျူးလွန်ခဲ့တဲ့ ဟိုတစ်ချိန်က အပြစ်ဟာ

ဒီလို နန်းသိမ်းတဲ့အပြုအမူကြောင့် တကယ်ပဲ ကျူးလွန်ခဲ့တယ်ဆိုတဲ့ သဘော သက်ရောက်သွားမယ်’

အညစ်အကြေးမထင် ဖြူစင်ဆဲ သူ့နှလုံးသားကို ခင်ဦး အထင်အရှား တွေ့လိုက်ရတော့ စစ်ကြောင့် ဖိစီးနေတဲ့သောကတွေကိုတောင် အခိုက်အတန့် မေ့သွားမိတော့တယ်။

‘ဒါ. . ဒါဖြင့် အမောင် ဘာလုပ်မလဲ ဟင်။ ဒီအရေးတော်ပုံကြီးဟာ အမောင့်အပေါ် လုံးလုံးလျားလျား ကျရောက်နေပါတယ်’

‘အဲဒါကို အမောင်လည်း အဘက်ဘက်က စဉ်းစားချင့်ချိန်ဆဲပဲ ခင်ဦးရယ်၊ ဟောဒီ သားရေကားချပ်ပေါ်မှာ အမောင် သေနင်္ဂကိုလည်း တွက်ချက်ခဲ့ပြီးပြီ။ စစ်ဘေးဒဏ်မသင့်ရအောင် စစ်လမ်းကြောင်းတွေကိုလည်း စီမံခဲ့ပြီးပြီ။ ငရမန်က အင်အားကြီးစွာနဲ့ ချီလာပြီလေ။ စစ်ရေးသေနင်္ဂကို အမောင် မချလို့မဖြစ်၊ ချရတော့မယ်၊ ဒါပေမဲ့ ကြည့်ပါဦး ခင်ဦးရယ်’

သားရေချပ်ပေါ်ကို သူလက်ထောက်လိုက်တယ်။ ခင်ဦးလည်းရှေ့ကို ငုံ့စိုက်ကြည့်လိုက်တယ်၊ လူချင်းနီးကပ်သွားတဲ့ သူ့ဆီက သူ့ကိုယ်နံ့ကို ခင်ဦး ရလိုက်တယ်။ ဒါ ဒါဟာ. . ခင်ဦး ရင်းနှီးကျွမ်းဝင်ခဲ့တဲ့ ရနံ့။ အို. . . အမောင်ရယ်. . . ။

‘ကြည့်ပါဦး ခင်ဦးရယ်’

သူလည်း ခင်ဦးလိုပဲ ခံစားလိုက်ရလေသလား၊ ဆတ်ဆတ်ဆိုင်းဆိုင်း ဖြစ်သွားပြီးမှ သားရေချပ်ပေါ်ကို အာရုံပြောင်းယူလိုက်တဲ့ဟန်မျိုး။

‘ဧရာဝတီဟာ ပုဂံ ဥဿာနဲ့တကွ သူ့ရင်သွေးတွေကို တရှိုက်မက်မက် ပွေ့ပိုက်ထားလိုက်တာ ကြည့်ပါဦး၊ ဒီအပေါ်မှာ အမောင်က စစ်တလင်းပြဒေသတွေကို အကွက်ချညွှန်ပြရမှာတဲ့လား၊ စောလူး ငရမန်စစ်ဆိုတာနဲ့ပဲ ဧရာဝတီရဲ့ ဝဲယာတွေမှာ ကြက်သွေးရောင် စစ်ပွဲပြတံခွန်တွေကို ထိုးစိုက်ရတော့မှာတဲ့လား’

လိုက်လှဲလွန်းလှတဲ့ သူ့ရဲ့ကြေကွဲမှုဟာ ခင်ဦးရင်ထဲကို တစ်မဟုတ်ချင်း ကူးစက်သွားတော့တယ်။

'စောလူးမင်းကကောဟင်၊ သူ ထွက်တိုက်မှာလား၊ တမ္ပဒီပကနေခံမှာလား'

'ဘာတစ်ခုမှ မလှုပ်ရှားနဲ့ဦးလို့ အမောင်တို့အားလုံးက သူ့ကိုနားချပါသေးတယ်။ ဒါပေမဲ့ ဒေါသ၊ အာဃာ၊ သေရည်၊ အကြောက်၊ အရှက်အားလုံး မူးယစ်နေတဲ့ စောလူးမင်းဟာ သက်ဦးဆံပိုင် အမိန့်တော်ကို အသုံးပြုပြီး စစ်ထွက်သွားလေပြီ။ သူ့ကို အမောင်တို့မတားနိုင်တော့ဘူး'

'ဟင်- သူ စစ်ထွက်သွားပြီ'

'ဟုတ်တယ် ခင်ဦးရယ်၊ မြင်းစေကျော် အထောက်တော်များရဲ့သတင်းအရ ငရမန်ဟာ ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်ပြီးမင်းလှအောက်နားက ပြည်တော်သာကျွန်းမှာ တပ်စွဲနေတယ်တဲ့။ စောလူးမင်းသားဟာ ဆင်မြင်းအလုံးအရင်းကို ယူသွားပြီး ပြည်တော်သာကျွန်းဒေသဆီကို ထွက်သွားပြီလေ'

'ဘုရား. . . ဘုရား၊ အဲဒါ စစ်ပွဲကြီးရဲ့ ပထမ စစ်တလင်းဖြစ်မှာလားဟင်'

'စစ်တလင်းကတော့ မလွဲမသွေ ဖြစ်ရတော့မယ် ခင်ဦး၊ ဒါပေမဲ့ ပထမဆုံးနဲ့ နောက်ဆုံးစစ်တလင်းဖြစ်အောင် အမောင် နက်ဖြန်ပဲ စစ်ထွက်တော့မလို့'

'စစ်ထွက်တော့မလို့. . .'

'ဟုတ်တယ် ခင်ဦး၊ ဟိုရောက်မှပဲ ဘယ်လိုနည်းနဲ့ စစ်တလင်းအဝန်းဒေသကို ကျဉ်းမြောင်းသွားအောင်၊ စစ်ကာလကို အမြန်ဆုံးပြီးဆုံးသွားအောင် လုပ်ရမယ်ဆိုတာ စီမံရတော့မှာပဲ'

ဩော်. . သူနဲ့ခင်ဦးတို့ တွေ့ဆုံကြလေတိုင်းမှာ စစ်ရေးဟာ ပူးတွဲလို့

ပါရှိနေပါလား၊ ဂျွမ်းစစ်သည်တွေအရေး၊ သုဝဏ္ဏဘူမိအရေးကစလို့ အခုထိအောင် မပြီးနိုင်သေးပါလား။

ခင်ဦးရင်ထဲမှာ ဆွေးဆွေးမြွေမြွေမြည်တမ်းနေမိပါရဲ့။

ဘယ်လိုကံကြမ္မာပါလိမ့် ချစ်တဲ့သူရယ်။

စစ်ချီစစ်ထွက်ချိန်၊ ဒါမှမဟုတ်ရင် စစ်ပြန်သိမ်းချိန်ကာလတွေမှာပဲ ခင်ဦးတို့နှစ်ယောက် တွေ့ဆုံကြရသတဲ့လား။

'ခင်ဦး'

'ဟင်. . ဘာလဲ အမောင်'

နှစ်ယောက်စလုံးရဲ့အသံတွေ ပိုပြီးတိမ်သွားတယ်။

အကြည့်နှစ်ခုက အပြန်အလှန် ထွင်းဖောက်သွားကြတယ်။

ဒါပေမဲ့ တစ်ပြိုင်နက်တည်းလိုလိုပဲ နှစ်မျောမှုကနေ ပြန်လည်ဆယ် တင်လိုက်ကြတယ်။ သူ ခင်ဦးရဲ့ လက်ဖျားလေးကိုသော်မှ မထိတို့ခဲ့သလို၊ ခင်ဦးကလည်း သူ့လက်ဖဝါးကြမ်းကြီးတွေအနား ခင်ဦး လက်ချောင်းကလေး တွေကို မသီခဲ့ဘူး။

'ဥဿာနဲ့ ပုဂံအရေးတော်ပုံကို ခင်ဦးနဲ့ထပ်တူ အမောင် ခံစားရပါ တယ်'

'ခင်ဦး ယုံတယ် အမောင်'

'အကောင်းဆုံးဖြစ်အောင် အမောင်တို့ စီမံကြမှာပါ'

'ခင်ဦး စိတ်ချပါပြီ အမောင်'

အချိန်သင့်ရောက်ပြီဆိုတာ နှစ်ယောက်စလုံး သိလိုက်ကြတယ်။ တစ်ပြိုင်တည်းလိုလိုပဲ ထိုင်ရာက ထဖြစ်ကြတယ်။

'ခင်ဦး ပြန်မယ် အမောင်'

'ကောင်းပါပြီကွယ်'

သူ့ရဲ့ အခန်းဆောင်လေးထဲမှာပဲ သူ ကျန်ရစ်ခဲ့တယ်။ လာစဉ်တုန်းက နဲ့ လုံးဝ ခြားနားသွားလေတဲ့ အေးချမ်းငြိမ်သက် ခြေလှမ်းများနဲ့ ခင်ဦး ပြန်ခဲ့တယ်။

နက်ဖြန် နံနက်စောစော စစ်ထွက်မယ့် အမောင့်အတွက် စစ်ချီသဘင် မှာ ကိုယ်တိုင်ကိုယ်ကြပ် ထွက်ပို့မှာ မဟုတ်သော်လည်း သည်တစ်ညလုံးလုံး ခင်ဦး ဘုရားဆောင်ဝင်ရမယ်။ သူ့အတွက်၊ ပြီးတော့ စစ်သည်ရဲမက်များ အတွက်၊ ပြီးတော့ တိုင်းသားပြည်သူများအတွက်၊ ဥဿာနဲ့ ပုဂံအတွက် ဘေးမသီ ရန်မခစေကြောင်း ဘုရားရှင်ထံတော်ပါးမှာ ဆုတောင်းမေတ္တာပို့ ရမယ်။

ရှင်းသန့်တည်ငြိမ်သော နှလုံးသားများနဲ့၊ နက်ရှိုင်းကြီးမားသော မေတ္တာဓာတ်နဲ့၊ စင်ကြယ်မွန်မြတ်သော မနောစိတ်နဲ့။

အားလုံးကို ဆုတောင်းမေတ္တာပို့အပြီးမှာ ခင်ဦး ရွတ်ဆိုရဦးမယ်။

> ‘သူနဲ့ ခင်ဦးတို့ တစ်ဦးအတွက်တစ်ဦး အပြန်အလှန် ပြန်လည်ရှင် သန်လာကြပါပြီ။ ဤ အချင်းအရာသည် ဖြူစင်မွန်မြတ်သော သစ္စာ တရား၏ ရှေ့ပြေးအလင်းရောင်ပင် ဖြစ်ပါစေတော့ ဘုရား’

Z

# [၄၃]

မမြင်ရ မကြားရတာ ကြာခဲ့ပြီဖြစ်တဲ့ ဦးထွေနဲ့ ဦးငလုံးတို့နှစ်ယောက်ရဲ့ ပြောသံဆိုသံ ဟန်ပန်အမူအရာတွေကြားမှာ ခင်ဦးဖြင့် ရင်တမမနဲ့။

'အဲဒီလို ထိပ်ထားရဲ့၊ အဲဒီလိုဖြစ်မှာစိုးလို့ အတန်တန် ဝိုင်းတားကြတဲ့ကြားက လုပ်သွားတာလေ။ ခုနင်ကပြောသလို စောလူးမင်းဟာ မူးမူးရူးရူးနဲ့ ဆင်ပေါ်တက်ပြီး ဇွတ်အတင်းကာရော စွတ်ဝင်သွားတာ ပေ့ါ။ ဘယ်ပြောကောင်းမလဲ၊ သူ့ဆင် နွံထဲနစ်၊ ဟိုက ဝိုင်းဖမ်းတော့ တစ်ခါတည်း သုံ့အဖြစ် ပါသွားပါလေရော။ ဟင်း . . . နည်းတောင် နည်းသေး။ အဲဒီမှာတင် တပ်မင်းလည်း ချက်ချင်း ကောက်ထွက်တော့ တာ'

'ဟ- နေပါဦး ငထွေရဲ့၊ မင့်ဟာက အစဉ်မကျဘူး။ ခုန်ကျော်နေတယ်။ ထိပ်ထား ရှင်းလင်းအောင် အစဉ်တကျ ပြောမှပေ့ါ'

'အစဉ်တကျပါပဲ ငလုံးရ၊ ပြည်တော်သာကျွန်းမှာ တပ်နှစ်တပ်တွေ့တယ်။ စောလူးမင်းဟာ သေရည်မူးမူးနဲ့ ငါထွက်တိုက်မယ်ဆိုပြီး ဆင်ပေါ်တက်သွားတယ်။ ဟိုက ထောင်ထားတဲ့ နွံကျုံးထောင်ချောက်ထဲ ကျတယ်။ ဆင်နစ်တယ်၊ သူလည်း သုံ့အဖြစ် အဖမ်းခံရတယ်။ တပ်မင်းလည်း မနေသာတော့ဘဲ. . . '

'အဲ့ . အဲဒါပြောတာ၊ အဲဒီနေရာမှာ ကျော်သွားပြီကွယ့်၊ စောလူးမင်း ရန်သူ့လက်ထဲကျသွားပြီဆိုတာလည်းသိရော၊ အားလုံးက တပ်မင်းကို ရာဇပလ္လင် လစ်လပ်ပါပြီ၊ သိမ်းပါတော့လို့ ဝိုင်းပြောကြပါသေးသလေ'

'အဲ့ . အဲ့ . ဟုတ်သား၊ ငါပြောချင်ဇောအားကြီးနဲ့ အဲဒါ ကျန်သွားတယ်'

'နင့်ဟာက စစ်သည် မပီသလိုက်တာ၊ အကွက်မစေ့လိုက်တာ'

'အမယ်ံ . ငါက အပြောမတတ်လို့ပါကွာ မောင်ရာ၊ တကယ်တမ်း စစ်ပွဲဝင်ရမယ်ဆိုရင်လား'

အားကိုးအားထောက်လောက်တဲ့ လက်ရုံးနှလုံးစုံတဲ့ တကယ့်သူရဲကောင်း ရင့်မကြီးတွေဖြစ်ပေမယ့် သူတို့ဟာ ခင်ဦးရှေ့မှာတော့ တရင်းတနှီးပဲ ရယ်မော နောက်ပြောင်တတ်ကြတာသိလို့ ခင်ဦး သူတို့ကို ခင်မင်စွာနဲ့ ကြည့်ရင်း နားထောင်မိတယ်။

'ကဲ့ . . မင်းပဲ ဆက်လကွာ ငလုံး'

'ဒီလို ထိပ်ထားရဲ့၊ စောလူးမင်း ရန်သူ့လက်ထဲကျသွားတာကို တပ်မင်းကို အားလုံးက နန်းအပ်ကြတယ်။ တပ်မင်းက ငါ့အရှင်နှင့် သားဘုရင် ရှိနေသေးတယ်။ ရာဇပလ္လင် မလစ်လပ်သေးဘူး။ စောလူးမင်း ကို ငါဝင်ကယ်မယ်၊ ရအောင်ယူမယ်။ စောလူးမင်းကို အသက်နဲ့တကွ သာ မဟုတ်၊ နောင်တ တရားတွေပါ ပါလာစေပြီး လူသစ် အဲ့ . . ဘုရင်သစ် ဖြစ်စေရမယ်တဲ့လေ ထိပ်ထားရဲ့ တပ်မင်းက'

'အို့ . ဘယ်ကလာ တော်ကြီးတို့ရဲ့ တပ်မင်းပါ'

ခင်ဦး ရှက်ရှက်နဲ့ ပြန်ပြောလိုက်တော့ ဦးငထွေက တဟဲဟဲရယ်ရင်း-

'ဟုတ်သားပဲကွ၊ ငါတို့ရဲ့ တပ်မင်း၊ ထိပ်ထားရဲ့ အမောင်'

ခင်ဦး ရှက်လိုက်တာများ . .

ဒါပေမဲ့ ချစ်တဲ့သူရဲ့ မြင့်မြတ်လှတဲ့ ယောကျ်ားကောင်း နှလုံးသားကို ကြားသိရလို့ ခင်ဦး ရင်ထဲမှာ ကြည်နူးမှုတွေက တရိပ်ရိပ်။

ငရမန်ရဲ့ တပ်ထဲကို ဖောက်ဝင်ပြီး စောလူးမင်းကို အမောင်ဝင်ကယ်တယ်။ စောလူးမင်းဆိုတဲ့ စိတ်ဓာတ်ပျက်ပြားနေတဲ့ သေရည်သမား 'ကျန်စစ်သား ငါ့ကို ခိုးပါတယ်၊ ငရမန်ရေ. . ငါ့ကိုကယ်ပါ၊ သူက ငါ့ကို အငြိုးနဲ့ ဒီအထိ လိုက်သတ်နေတာ၊ မင်းကတော့ ငါနို့စို့ဖက်၊ ငါ့ကို မသတ်ဘူး မဟုတ်လား။ ကယ်ကြပါ. . ကယ်ကြပါ'လို့ အော်သတဲ့လေ။

သည်မှာတင် အမောင်လည်း စောလူးမင်းကိုပစ်ချပြီး ကိုယ်လွတ်ရုန်းပြေးခဲ့ရတယ်။

'နေပါဦး၊ ဦးငလုံးတို့က ဘာကြောင့် နေပြည်တော်ကို ပြန်ရတာတုံး၊ အမောင်က ဘယ်မှာ ကျန်ရစ်ခဲ့လို့လဲ'

'အမလေး ထိပ်ထားရယ်၊ တပ်မင်း အမိန့်နဲ့ ကျုပ်တို့ ပြန်ခဲ့ကြရတာပါ။ စောလူးမင်းကိုတော့ ငရမန်က ကွပ်မျက်ပစ်လိုက်ပြီလေ'

'ဩော်. . . ဟုတ်လား'

ပင်ကိုအားဖြင့် မကောင်း၊ ကိုယ့်အပေါ်လည်း စော်ကားဖိနှိပ်ခဲ့တဲ့ လူယုတ်ဖြစ်သော်လည်း စောလူးမင်း အသေဆိုးနဲ့ သေရတာကို ခင်ဦး ဝမ်းသာအားရ မဖြစ်မိဘူး။ သူမိုက်တစ်ဦးရဲ့ ဇာတ်သိမ်းသွားပြီပေါ့လို့ပဲ ဆင်ခြင်လိုက်မိတယ်။

'ငရမန်က ပုဂံအထိ ဆက်ချီတယ်လေ။ တပ်မင်းကတော့ သင်းရဲ့ တပ်ချီလမ်းကြောင်း မြို့ရွာတွေ စစ်မြေပြင်မဖြစ်ရအောင်၊ သင်းရဲ့စစ်ကြောင်း ကျဉ်းမြောင်းအောင် စီမံရင်းက ကျန်ရစ်ခဲ့တယ်။ သင်းကို အောက်အရပ်မှာပဲ ခြေမှုန်းပစ်လို့မရဘူး။ သင်းရဲ့အင်အားက ကြီးတယ်'

'ဒါဖြင့် ငရမန်ကို ဘယ်လိုဖြိုခွင်းမှာလဲ'

'အဲဒီ သေနင်္ဂအတွက် ကျုပ်တို့နှစ်ယောက်ကို တပ်မင်းက ပြန်လွှတ်

လိုက်တာပ ထိပ်ထားရယ်။ ကျောက်ဆည်ကနေ သင်းကို ဆီးခံပြီး
ခြေမှုန်းပစ်မှာ၊ စစ်အင်္ဂါစီမံခွင့်ရအောင် ကျုပ်တို့ ပြန်တက်စေခဲ့တာ'
'ဟုတ်လား ဦးဖိုးကကောဟင်'

'ဒီလူကြီးက မိကျောင်းသေလို့ ဝင်စားတာကလား၊ နေရာဒေသအနှံ့ ရှိရှိသမျှ မြစ်ချောင်းအင်းအိုင်ကို ကျွမ်းလိုက်သမှ၊ သူ့ လမ်းပြချက်နဲ့ ငရမန်ရဲ့ စစ်အင်အား ကျဉ်းမြောင်းအောင် ရေကြောင်းကနေ ကွပ်ညှပ်ဖို့ တပ်မင်းက ခေါ်ထားလိုက်တယ်လေ'

'သြော်. . ဒီလိုလား၊ ဒါဖြင့် အမောင်လည်း ငရမန်စစ်တပ်ကြီးတက် ဦးပြီး နေပြည်တော်ကို ပြန်ရောက်မှာပေါ့'

'မထင်နဲ့ ထိပ်ထား၊ နေပြည်တော် သူမဝင်ဘူး။ စစ်ခံဖို့ ကျောက်ဆည် နယ်ကို တစ်ခါတည်းသွားမှာ'

'သွေးချောင်းစီးများ တိုက်ကြဦးမှာလား ဦးငထွေရယ်'

'စိတ်ချ ထိပ်ထား၊ တပ်မင်းက ပြောတယ်၊ ငရမန်ရဲ့သွေးနဲ့ပဲ စစ်ပြီးအောင် တိုက်ရမယ်တဲ့။ ငရမန်တပ်က ရဲမက်တွေမှာ ဥဿာသား တွေ အများဆုံးမို့ အထိအရှ အကျအပျောက် နည်းနိုင်သမျှနည်းအောင် လုပ်ရမယ်တဲ့'

'အိမ်း. . ဥဿာ၊ သံယောဇဉ် တယ်ကြီးသကိုး တပ်မင်းတို့များ. . '

'ဟင်. . ထိပ်ထား စကားပြောရင်းကနေ ဘယ်လဲ'

'ခင်ဦး ဘုရားဆောင်ဝင်ရမယ်လေ၊ ဦးငထွေတို့ပြောသလို အမောင် စီမံသလို သွေးမြေ အကျအနည်းဆုံးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့ ရမယ်၊ ခင်ဦးက မိန်းမသားပါ။ ဒါပဲ တတ်နိုင်တာကလား ဦးငထွေ ရယ်'

'ဟုတ်ပြီ. . . ဟုတ်ပြီ၊ ထိပ်ထား မေတ္တာပို့ရင် မျှမျှတတလေးရှိပါစေ နော်၊ ဩဒိဿ၊ မနောဒိဿမျှပေ့စေ'

သူတို့ရယ်သံတွေကို ထားရစ်ခဲ့ပြီး ခင်ဦး ဘုရားကျောင်းဆောင်ထဲ ဝင်ခဲ့တော့တယ်။ ဩော် . . သစ္စာတရားရဲ့ အလင်းရောင် ပိုမိုထွန်းပကွန့်မြူး လာပြီ ထင်ပါရဲ့။

Y

ဥဿာသားတွေမပါတဲ့ ဧရမန်ရဲ့ ကိုယ်ပိုင်တပ်၊ တပ်ဦးနဲ့ အမောင်တို့ရဲ့ တပ်သစ်အစုတို့ဟာ ကျောက်ဆည်နယ်မှာပဲ ရင်ဆိုင်တိုက်ခဲ့ကြတယ်။ အမောင်ရဲ့တပ်က ဧရမန်တပ်တွေကို အလွယ်တကူပဲ ချေမှုန်းပစ်လိုက်ကြတယ်။ ဧရမန်ကတော့ ဧရာဝတီမြစ်ရိုးအတိုင်း ဖောင်တစ်စင်းနဲ့ လက်လွတ်ထွက်ပြေးခဲ့တယ်လေ။

တိုက်ပွဲအကြောင်းကို ပြောပြနေတဲ့ ဦးငဖီးဟာ သူ့ပင်ကိုအမူအရာအတိုင်း ငြိမ်သက်လွန်းလှတယ်။

'ထွက်ပြေးတဲ့ ဧရမန်ကိုလိုက်ပြီး လုပ်ကြံဖို့ အမှုတော်ကို သူယူပါရစေ၊ ငါ ယူပါရစေဆိုပြီး တပ်မင်းဆီမှာ ဝိုင်းတောင်းကြသေးသပေါ့ သမီးလေးရယ်'

ဦးငဖီးဟာ ခင်ဦးကို သမီးလေးလို့ပဲ နှုတ်ကျိုးနေခဲ့ပြီ။

'အင်း ဒီစစ်ပွဲမှာ တပ်မင်းဟာ သူရဲကောင်းအသစ်တစ်ယောက် ရလိုက်ပြန်တယ်။ ရတနာရှိရာ ရတနာလာဆိုသလိုပဲ သမီးလေး၊ တပ်မင်းအတွက် လက်ရုံး နှလုံးနဲ့ပြည့်စုံတဲ့ သူရဲကောင်းတွေဟာ တစ်နေရာရာကနေ တစ်ယောက်မဟုတ် တစ်ယောက် ပေါ်လာတာပဲ။ အခု ဧရမန်ကိုရှင်းဖို့ကိစ္စမှာလည်း 'ငစဉ့်'ဆိုတဲ့ သူရဲကောင်းတစ်ယောက်ပဲ။ တပ်မင်းက တာဝန်ပေးလိုက်တယ်'

'ငစဉ့်တဲ့လား ဦးဖီး'

'အေးကွယ့်။ သူ့မူလအလုပ်က တောတွင်းမုဆိုးကြီးပဲ။ ကျွမ်းကျင်ရာ

လိမ္မာကြတာပကွယ်။ စေဠ့်ဟာ တောတွင်းမုဆိုးကြီးပီပီ ကျေးငှက်သာရကာမျိုးစုံရဲ့အသံတွေကို အော်မြည်ပြတတ်တဲ့ အတတ်ရှိသူပေကလား’

သိပ်ကို တရားသံဝေဂရစရာ ကောင်းတဲ့အဖြစ်။

ဦးဖိုးပြောပြချက်ထဲကနေ ခင်ဦး ဆင်ခြင်နေမိတယ်။

‘မြစ်ကြောင်းအတိုင်း ဖောင်နဲ့စုန်ပြေးသွားတဲ့ ငရမန်ကို မုဆိုးကြီးစေဠ့်က ကမ်းစပ်သစ်ပင်တွေပေါ်ကနေ လိုက်စောင့်တယ်။ တစ်နေရာအရောက်မှာတော့ မုဆိုးကြီးက ထူးဆန်းသာယာတဲ့ ငှက်တစ်မျိုးရဲ့မြည်သံနဲ့ သစ်ပင်ပေါ်ကနေ မြည်ပြလိုက်တယ်. .

‘အချိန်စေ့ရောက်ပြီဖြစ်တဲ့ ငရမန်ဟာ ဖောင်ထဲက ပြတင်းကိုလှပ်ပြီး ထွက်ကြည့်တယ်။ ဒီအခါမှာ မုဆိုးကြီးစေဠ့်ရဲ့ ဒူးလေးမြားတံဟာ အဟုန်ပြင်းစွာနဲ့ ပျံထွက်သွားပြီး. . .

‘အင်း- တစ်ဖက်သောမျက်စိက လပ်နေတယ်။ အကောင်းပကတိကျန်တဲ့တစ်ဖက်ကလည်း လောကကြီးကို အာဏာရူးသွပ်ခြင်းအငွေ့တွေနဲ့သာ ကြည့်တဲ့မျက်စိ၊ နောက်ဆုံးတော့ ဒီအကောင်းတစ်ဖက်ကိုပါ စေဠ့်ရဲ့မြားတံက ဖျက်ဆီးပစ်လိုက်တော့တယ်။ ခုချိန်ဆိုရင် ငရမန်နဲ့စောလူးမင်းတို့ဟာ ငရဲပြည်မှာ နှစ်ယောက်သား တွေ့နေကြပြီပေါ့’

ခင်ဦး သက်ပြင်း အသာအယာချလိုက်မိတော့တယ်။

‘တပ်မင်း စီမံတဲ့အတိုင်း စစ်ပွဲသေနင်္ဂဟာ အထမြောက်ခဲ့တယ်သမီးလေး၊ သွေးမြေကျအနည်းဆုံးနဲ့ အကြီးမားဆုံးအန္တရာယ်ကို ကာကွယ်နိုက်ခဲ့တဲ့ စစ်ပွဲပါပဲ’

‘အမောင်နဲ့တကွ ဦးဖိုးတို့အားလုံးအတွက် ခင်ဦး ဂုဏ်ယူပါတယ်ဦးဖိုးရယ်၊ ဒီစစ်မီးကြီး မတောက်လောင်ပါစေနဲ့လို့ ခင်ဦး ဆုတောင်းလိုက်ရတာ အချိန်တိုင်းမှာပါပဲ’

‘ကျုပ် သိသပ သမီးလေးရယ်၊ ဥဿာ ပုဂံစစ်အတွက် သမီးလေးဘယ်လောက်ခံစားနေရတယ်ဆိုတာ တပ်မင်းက ကျုပ်ကို ပြောပြပါတယ်’

'ဟုတ်လား၊ သူ ဦးဖိုးကို ပြောပြသလား၊ တခြားကော ဘာတွေ ပြောသေးသလဲဟင်'

မိတဆိုး သမီးတစ်ယောက်ကို ကြည့်တဲ့ ဖခင်တစ်ဦးရဲ့ ကရုဏာ မျက်လုံးတွေနဲ့ ခင်ဦးကိုကြည့်ရင်း. . .

'တခြား ဘာမှမပြောပါဘူးကွယ်၊ အင်း. . ပြောစရာကော လိုသေးလို့လား၊ သမီးလေးတို့နှစ်ယောက်ဟာ စာလုံးတွေနဲ့ ပြောပြမှ နားလည်ကြမယ့် သူတွေလား၊ ဒါကို ကျုပ် သဘောပေါက်ပြီးသားပါကွယ်'

ရှက်စနိုးနဲ့ ခင်ဦး မျက်လွှာချလိုက်မိတယ်။

'သမီးလေး မဏိစန္ဒာ'

'ရှင်. . .'

အို- ခင်ဦးက တကယ်ပဲ နုနယ်ငယ်ရွယ်တဲ့ အပျိုမတစ်ယောက် ဖြစ်သွားပြီထင်ရဲ့။

'တပ်မင်းအတွက် သမီးလေးမှာ ဂုဏ်ယူစရာ၊ ဝမ်းမြောက်စရာတွေ ရှိတဲ့နည်းတူ ခွင့်လွှတ်စရာရော ရှိရဲ့လား'

ခွင့်လွှတ်စရာ. . အမောင့်ကို ခွင့်လွှတ်စရာ။

'သမီးလေးက မပြောနဲ့တော့။ ကျုပ် နားလည်ခဲ့ပြီးသား၊ ဟိုတစ်ခါ တပ်မင်းရဲ့ အမှာစကားကိုပါးရင်း ကျုပ်တို့ ဆွေးနွေးကြကတည်းက တပ်မင်းအပေါ် သမီးလေးရဲ့သံယောဇဉ်ပမာဏကို ကျုပ်တွေ့ခဲ့တယ်။ ကြောင်းဖြူအရပ်က မထေရ်ကြီးတူမ သမ္ဘူလ ကိစ္စကို ပြောတုန်းက သမီးလေးဟာ မခံမရပ်နိုင်အောင် ပေါက်ကွဲခဲ့တယ်လေ။ သူနဲ့ကျွန်မ နှစ်ဦးသား အပြန်အလှန် သေဆုံးသွားကြပြီဆိုလား၊ အဲဒီလို ယတိပြတ် ခါးခါးသီးသီး ပြောနေတဲ့ကြားကပဲ သမ္ဘူလအကြောင်းသိရတဲ့အခါမှာ သမီးလေးဟာ ပေါက်ကွဲခဲ့တယ်'

ခင်ဦး ဘာပြောရမတဲ့လဲ။ အို. . ခင်ဦး ဘယ်လိုလုပ်နေရမှာလဲ။

'ဒီကတည်းက ကျုပ်သိခဲ့ပါတယ်။ တပ်မင်းနဲ့ သမီးလေးတို့ နှစ်

ယောက်ဟာ အကြောင်းကြောင်းတွေအရ ကိုယ်စီကိုယ်င သံယောဇဉ်တွေကို ဖျောက်ဖျက်ပစ်ဖို့ ကြိုးစားခဲ့ကြတာကလား။ ဒါပေမဲ့ သမီးလေးတို့နှစ်ယောက်စလုံး ဒီလိုလုပ်ဖို့ မစွမ်းနိုင်ကြပါဘူးလေ’

တစ်ခုခုကို တွေးမိလာလို့ ခင်ဦး ကောက်ကာငင်ကာ မေးလိုက်၏။

‘ဦးငဖီး ဒီစကားတွေကကော အမောင့်ရဲ့ အမှာစကားပါးချက်တွေလားဟင်’

ဦးငဖီးက ပြုံးပြီး ခေါင်းယမ်းတယ်။

‘မဟုတ်ပါဘူး၊ တပ်မင်းမှာလည်း သမ္ဘာလကိစ္စအပါအဝင် အခြားသော အကြောင်းကြောင်းတွေကြောင့် သမီးလေးကို ပြောဆိုဖို့ သိပ်ခက်ခဲကျဉ်းကျပ်နေတယ်။ အခု ပြောနေတဲ့စကားတွေဟာ ညောင်ဦးဖီးတို့ရဲ့ သဘောစိတ်နဲ့ ညောင်ဦးဖီး သိမြင်တဲ့အတိုင်း ပြောနေတာပါ’

ဦးဖီးရဲ့စကားတွေကို နားထောင်ရင်း ကြည်နူးပီတိ လှိုင်းအိလေးတွေနဲ့ သက်ဖြာနေတဲ့ ခင်ဦး ရင်ထဲမှာ နတ်ရွာစံ ဘုရင်အနူရုဒ္ဓါရဲ့ စကားတစ်ခွန်းကို အမှတ်ရလိုက်မိတယ်။

‘မသိလို့ ဖြစ်ခဲ့ကြတာတွေဟာ လွန်ပြီးမှ သိတဲ့အခါ အင်မတန်ကြေကွဲစရာ ကောင်းပါတယ်’တဲ့။

ခင်ဦး အတွေးထဲက ရေရွတ်မိပါတယ်။ တကယ်တမ်း သိလာနားလည်လာကြပြီဆိုတော့လည်း ဖြစ်ခဲ့သမျှတွေဟာ ခွင့်လွှတ်စရာ၊ စာနာစရာတွေပါပဲလို့။

ဩော်. . သည်လိုဆိုတော့လည်း လောကကြီးဟာ အပြန်အလှန်နားလည်ခွင့်လွှတ်မှုတွေနဲ့ ချစ်ခင်တွယ်တာစရာပါပဲလား။

သည်အချိန်မှာပဲ. . .

ခင်ဦးတို့စကားပြောနေတဲ့ နန်းဆောင်ထဲကို အဝေးဆီကအသံတွေ သဲ့သဲ့လွင့်လာတယ်။ ခင်ဦး နားစိုက်ထောင်ကြည့်လိုက်တယ်။ ခရုသင်းသံတွေ၊ ခွင်းခွက်သံတွေ၊ ထိုးမောင်းသံတွေ၊ ပြီးတော့. . ခင်ဦးရဲ့သွေးသားထဲက ယဉ်ပါးချစ်ခင်ပြီးဖြစ်တဲ့ မိကျောင်းတူရိယာသံ။

'အောင်ပွဲရ တပ်တော်ကြီးရဲ့ တပ်ဦးဟာ တမ္ဗဒိပ နန်းမြို့ထဲကို စတင်ဝင်ရောက်လာပြီနဲ့တူတယ်။ တူရိယာသံတွေနဲ့ ကြိုဆိုနေကြတာပဲ'

ဦးငဖီးက အပြောမှာ ခင်ဦး အားပါးတရ ခေါင်းညိတ်လိုက်တယ်။

'ဟုတ်တယ် ဦးဖီးရဲ့၊ မိကျောင်းတူရိယာသံကိုပါ ခင်ဦး ကြားရတယ်၊ ကြည့်ပါဦး၊ ဒါဟာ ဥဿာ ပုဂံချစ်ကြည်ရေး ဂီတသံပဲ'

မိကျောင်းတူရိယာ၊ ဥဿာဒေသက ခင်ဦးတို့ မျိုးနွယ်တွေရဲ့ ရိုးရာတူရိယာ တေးဂီတ။

ဦးငဖီးက သူ့ရဲ့ ကျယ်ပြန့်တဲ့ အပြုံးကြီးနဲ့ ပြောပြန်တယ်။

'တပ်မင်းကို မွန်မျိုးနွယ်တွေက သိပ်ချစ်ခင်လေးစားကြတာ၊ အင်း. . တပ်မင်းကလည်း မွန်မျိုးနွယ်တွေကို ချစ်ခင်လေးစားတာပါပဲလေ'

z

[၄၄]

တမ္ဗဒီပရဲ့ ရာဇပလ္လင်ထက်ကို အမောင် ရောက်ရှိခဲ့ပေမယ့် နိုင်ငံတော်ကြီးရဲ့ စည်းလုံးသာယာရေးတွေကို အချိန်နဲ့အမျှ လုံးပမ်းနေရတာကြောင့် အမောင်က ထီးနန်းဆက်ခံပြီး နှစ်နှစ်အကြာမှပဲ ရာဇာဘိသေကသဘင် ဆင်ယင်ကျင်းပနိုင်ခဲ့တော့တယ်။

သည် ဘိသေကသဘင်မှာပဲ ခင်ဦးတို့ဟာ မိဖုရားများအဖြစ် ချီးမြှောက်ခံခွင့် ရခဲ့ကြတယ်။

'ခင်ဦးတို့ မိဖုရားများ'တဲ့

သြော် . . သည်စကားလုံးကို ခင်ဦး အခုတော့ဖြင့် ချောမွေ့လွယ်ကူစွာ သုံးနိုင်ခဲ့ပြီကော။

ဘိသိက်ခံ မိဖုရားများလေ . . . ။

မိဖုရားခေါင်ကြီးဖြစ်တဲ့ အပယ်ရတနာ။

ထီးလှိုင်သူကြီးသမီး ခင်တန်။

ကြောင်းဖြူအရပ်က မထေရ်ကြီးတူမ သမ္ဘူလ။

ပြီးတော့ ခင်ဦး။

'သူတို့အားလုံးဟာ အမောင့်ဘဝမှာ တစ်နည်းမဟုတ် တစ်နည်းနဲ့ ကျေးဇူးကြီးစွာ ပါဝင်နေကြသူတွေချည်းပဲ ခင်ဦးရေ၊ အမောင့်နှလုံးသား

အိမ်ဝန်းကျင်မှာ တိုင်းရေးပြည်ရာနဲ့အတူ ရှုပ်ထွေးလှတဲ့ အတက်အကျ အနိမ့်အမြင့်တွေနဲ့အတူ သဘောထား မွန်မြတ်လှတဲ့ လေးစားစရာ မိန်းမသားတွေလည်း ငြိတွယ်ပါဝင်နေကြတယ်။ အားလုံးဟာ မြင့်မြတ်တဲ့ မိန်းမသားတွေချည်း ဖြစ်နေကြတယ်။ မိဖုရားများလေခြင်းရယ်လို့ အမောင့်ကို ခင်ဦး အပြစ်မမြင်ဘူးလားဟင်'

နိုင်ငံတော်ကြီးတစ်ခုလုံး အုန်းအုံးကျွတ်ကျွတ် ခစားလေးမြတ်ခြင်း ခံရသူ၊ ဘုရင်မင်းမြတ်ဆိုတဲ့ ဂုဏ်သိမ်အရှိန်အဝါကြီးကို ဖယ်ခွာပြီး အမောင်ဟာ ခင်ဦးကို ရိုးသားနှိမ့်ချစွာ မေးခဲ့တယ်။

ခင်ဦး မေးခွန်းနဲ့ပဲ သူ့ကို ဖြေလိုက်ပါတယ်။

'ကြောင်းဖြူအရပ်က သမ္ဘူလလေး ခုနစ်နှစ်အရွယ် သားယောက်ျားလေးလက်ဆွဲ နန်းတော်ကို ရောက်လာချိန်မှာ ခင်ဦးကိုယ်တိုင် အမောင့်ဘေးမှာနေပြီး ထွက်ကြိုခဲ့တယ်မဟုတ်လား အမောင်'

သူ ခေါင်းတညိတ်ညိတ်နဲ့ စဉ်းစားရင်း. . .

ဒါပေမဲ့ ညောင်ဦးဖီး ပြောစဉ်တုန်းကတော့ ခင်ဦးဟာ ကျားသစ်မလေးတစ်ကောင်လို မာန်ဖီပေါက်ကွဲခဲ့တယ်ဆို'

'အပူမီးတွေ ဝိုင်းနေတဲ့အချိန်မှာ နှလုံးသားဟာ နီရဲကျွပ်ဆတ်နေတတ်ပါတယ် အမောင်၊ ဒါကို သိနားလည်စွာနဲ့ ထိန်းသိမ်းဆောက်တည်တတ်ဖို့ပဲ အရေးကြီးပါတယ်'

ခင်ဦးရယ်. . မင်းဟာ အရွယ်နဲ့မလိုက်အောင် ရင့်ကျက်ခဲ့ပြီကော။ မိန်းမသားတို့ရဲ့ အလှဓာတ်ကို အမောင် လေးစားစွာ သိခွင့်ရခဲ့ပါပြီကွယ်လို့ ညည်းညူရင်း ခင်ဦးလက်အစုံကို ခပ်ဖွဖွဆုပ်ကိုင်ပြီး သူ့ပါးပြင်ထက် တယုတယ ဆွဲယူ ပူးကပ်ခဲ့တယ်။

ဩော်. . ဟိုတစ်ချိန်က ဥဿာနန်းတော်ရဲ့ ပန်းခြံဥယျာဉ်တော် တာရာဒေဝီရုပ်တုဘေး လရောင်တွေဆမ်းတဲ့ ညတစ်ညလိုတော့ မဟုတ်တော့ဘူး။ သူဆုပ်ကိုင်ထားတဲ့ ခင်ဦး လက်အစုံဟာလည်း ဟိုတုန်းကလို

အပြစ် မြူတစ်စမထင်၊ သန့်စင်နူညက်လက်တွေ မဟုတ်တော့ဘူး။ ခင်ဦး လက်အစုံနဲ့ ထိတွေ့နေရတဲ့ သူ့ပါးပြင်ဟာလည်း စစ်ရဲ့ဒဏ်၊ အချစ်ရဲ့ဒဏ် တွေနဲ့ ပိုပြီး ကျစ်လစ်မာကြောကြမ်းရှခဲ့ပြီ။

ဒါပေမဲ့ ဒဏ်ရာအနာတရ ကိုယ်စီနဲ့ပဲ ခင်ဦးတို့ရဲ့ နှလုံးသားတွေ ဟာ အားကောင်းမောင်းသန် နှလုံးသားတွေ ဖြစ်ခဲ့ကြပြီကော။

Z

[၄၅]

ခင်ဦးမှာ သားသမီး မထွန်းကားပေမယ့် မိခင်တစ်ယောက်ရဲ့မေတ္တာက ခင်ဦး နှလုံးအိမ်မှာ ကိန်းဝပ်ခဲ့လေတယ်။

မိဖုရားခေါင်ကြီး အပယ်ရတနာရဲ့ သမီးတော် ရွှေအိမ်သည်ရဲ့ နှလုံးသားဝေဒနာကို ခင်ဦး စာနာနားလည်စွာနဲ့ ဖေးမကုသပေးနိုင်ခဲ့တယ်။ ရွှေအိမ်သည်လေးဟာ သူချစ်တဲ့ မျိုးခြားနွယ်ဖွား ပိဋ္ဋကတ္တရားမင်းသားကို စွန့်ပြီး ခြေတစ်ဖက်မသန်ရှာတဲ့ စောယွမ်းမင်းသားနဲ့ လက်ထပ်ရမယ်ဆိုတော့ သည်းအူငင်ပြတ် ငိုကြွေးရင်း ခင်ဦး ရင်ခွင်ထဲ ပစ်လှဲချခဲ့တယ်။

'တိတ်ပါ သမီးတော်ရယ် တိတ်ပါ။ တို့များမိန်းမသားတွေမှာ အကောင်းပကတိ နှလုံးသားရှိသူဆိုလို့ ဒီကမ္ဘာလောကမှာ ရှားပါးလှတယ်။ ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်တဲ့ ဒဏ်ရာဒဏ်ချက်တွေ ကိုယ်စီနဲ့ အနာတရ နှလုံးသားတွေကို တို့များ ပွေ့ပိုက်ထားရတာပါ'

ရွှေအိမ်သည်လေးရဲ့ နဖူးဆံစကို အသာအယာပွတ်သပ်ပေးရင်း ခင်ဦး လှိုက်လှဲစွာ ပြောဖြစ်ခဲ့တယ်။ အမောင်နဲ့ ခင်ဦးအကြောင်းကို နှလုံးသားငယ်နုသေးရှာတဲ့ ရွှေအိမ်သည်လေးဟာ မျက်လုံးလေးတွေ ဝိုင်းနေအောင် နားထောင်တယ်။

'ချစ်သူနဲ့ ကွေကွင်းခြင်း ဆင်းရဲနဲ့ မချစ်မနှစ်သက်သူနှင့် အတူနေရ

ခြင်းဆိုတဲ့ ဆင်းရဲဆိုတဲ့ ဆင်းရဲဒုက္ခနှစ်ခုဟာ တို့များ မိန်းမသားတွေ အတွက် ဘယ်ခြေလှမ်းနဲ့ ညာခြေလှမ်းလိုပါပဲကွယ်။တစ်ခုနဲ့တစ်ခုဟာ ဆက်စပ် ပါလာတတ်ကြပါတယ်။ ဒါပေမယ့် ဝဲယာခြေနှစ်ခုကို အပြန် အလှန် လှုပ်ရှားခြင်းအားဖြင့် တို့များက ရှေ့ခရီးကို ရောက်ခဲ့ကြတာ မဟုတ်လား’

ရွှေအိမ်သည်လေးကို ပြောနေရင်းနဲ့ပဲ ခင်ဦးဟာ ကိုယ့်ကိုယ်ကို ပြန်လည်သုံးသပ်ပြောဆိုနေသလို ခံစားလာရတယ်။

‘သမီးတော်လေး နားလည်လိုက်စမ်းပါကွယ်၊ အခုပြောနေသူဟာ ကိုယ်တိုင်လည်း ခံစားတွေ့ကြုံခဲ့သူပါ။ နားလည်စာနာခြင်းအပြည့်နဲ့ ပြောနေတာပါ။ သမီးလေးကို အမြင့်ကနေ အဝေးကနေ တရားချနေတာ မဟုတ်ပါဘူး။ ထဲထဲဝင်ဝင် ခံစားပြီး ပြောနေတာပါ’

ရွှေအိမ်သည်လေးရဲ့ လှပတဲ့ မျက်ဝန်းမှာ မျက်ရည်စလေးတွေ ခြောက်သွေ့သွားကြတယ်။ ပန်းကလေးတစ်ပွင့်လို ညိုးနွမ်းစွာနဲ့ ခင်ဦး ရင်ခွင်ထဲ တိုးဝင်မှေးမှိတ်ရှာတော့တယ်။

နောက်ဆုံးမှာတော့ လူမျိုးခြားချစ်သူ ပဋိက္ကရားကို အသည်းနင့်စွာနဲ့ စွန့်လွှတ်ပြီး ရွှေအိမ်သည်လေးဟာ သူ့ခမည်းတော် ကျန်စစ်မင်းကြီးနဲ့ မယ်တော် အပယ်ရတနာတို့ရဲ့ စီမံရာအတိုင်း စောလူးမင်းရဲ့သား၊ စောယွမ်းနဲ့ လက်ဆက်ခဲ့ရှာတယ်။

စောယွမ်းနဲ့ ရွှေအိမ်သည်တို့ရဲ့ ဘိသေကပွဲ ပြီးတဲ့ညမှာ အမောင်နဲ့ ခေါင်ဘုရား အပယ်ရတနာတို့နှစ်ဦးဟာ ခင်ဦးအဆောင်တော်ကို ရောက်လာ ပြီး ခင်ဦးကို ကျေးဇူးတင်စကား အထပ်ထပ်အခါခါ ဆိုကြတယ်။

‘ညီမတော်ရယ်၊ သမီးတော်လေးရဲ့ဝေဒနာကို ညီမတော်အကောင်း ဆုံး ကုစားပေးလိုက်လို့ ဒီဘိသေကကြီး အထမြောက်ခဲ့တာပါ’

တဲ့။ ခေါင်ဖုရား အပယ်ရတနာက ခင်ဦးကို ဖက်ပြီးပြောရှာတယ်။

အမောင့်စကားကတော့ ခမ်းနားလှဘိခြင်း။

‘ခင်ဦးရေ... တိုင်းပြုပြည်ပြု မင်းကောင်းမင်းမြတ်တွေအကြောင်း

ဒါမှမဟုတ် မင်းဆိုး မင်းညစ်တွေ အကြောင်းကို နှောင်းလူတွေက ရာဇဝံသမှာ ကမ္ပည်းတင်ကောင်း တင်ကြလိမ့်မယ်။ အဲဒီ ကမ္ပည်း မော်ကွန်းမှာ ဘုရင်တွေ၊ သူရဲကောင်းတွေ၊ ပညာရှိ မှူးမတ်တွေအစရှိတဲ့ ယောကျ်ားကြီးတွေအကြောင်းကချည်း နေရာပိုယူကြမယ်ထင်တယ်။ တကယ်တော့ ခင်ဦး အခုလို ပါဝင်လိုက်တဲ့ကဏ္ဍဟာ တမ္ပဒီပ နိုင်ငံတော်ကြီးရဲ့ ရာဇဝင်ကမ္ပည်းမှာ ရွှေစာလုံးနဲ့ မော်ကွန်းထိုးလောက်တဲ့ ကဏ္ဍပါ။ ခင်ဦးဟာ မိန်းမသားတို့ရဲ့ စူးရှသေးမျှင်တဲ့ အလင်းတန်းနဲ့ လောကကို အရောင်လက်စေခဲ့တာပါကွယ်'

တဲ့။

ပီတိတွေ တစ်ဝကြီးနဲ့ပြုံးပြီး ခင်ဦး ပြောလိုက်တယ်။

'အဲသည်လို စွမ်းဆောင်နိုင်ဖို့အတွက် ခင်ဦးဟာ ရင်နဲ့မဆန့်တဲ့ဝေဒနာတွေကို အရင်းအနှီးပြုခဲ့ရပါတယ် အမောင်'

အားလုံးကို သိထားပြီးဖြစ်တဲ့ ခေါင်ဖုရားအပယ်ရတနာက သည်စကားကြားတော့ ခင်ဦးလက်ကို ဆုပ်နယ်ပြီး...

'အစ်မတော် သိပါတယ်ကွယ်၊ အစ်မတော် သိပါတယ်'

လို့ အတွင်သား ပြောတော့တယ်။

ခင်ဦးတို့ သုံးဦးစလုံးရဲ့ မျက်လုံးတွေမှာ ပီတိမျက်ရည်တွေနဲ့။

Y

စောယွမ်းနဲ့ ရွှေအိမ်သည်တို့ကဖွားမြင်တဲ့ မြေးတော် အလောင်းစည်သူ အရိုက်အရာလွှဲပေးလိုက်တဲ့အခါမှာ သမ္ဘူလရဲ့သားလေး ရာဇကုမာရ်ဟာ သားအရင်းဖြစ်လျက် ထီးနန်းနဲ့ လွဲခဲ့ရပြန်တယ်။ သား ရာဇကုမာရ်ကိုလည်း သဘောထားကြီးစွာနဲ့ လက်ခံဖို့ နားချနိုင်ခဲ့တယ်။ သမ္ဘူလက ခင်ဦးကို ပြောလာတယ်။

'ထိပ်ထားရယ်၊ တကယ်တော့ သုံးလောက ဦးဆောက်ပန်းဆိုတဲ့ အမိပ္ပာယ်နဲ့ တြိလောကဝဋ္ဋံသကာဒေဝီဘွဲ့ကို ရရှိခဲ့တဲ့ ကျွန်မဟာ သားအရင်းကိုလွန်ပြီး လူမမယ်မြေးကို ထီးနန်းလွှဲပေးတဲ့ ဒီကိစ္စမှာ သိပ်ကို နာကျင်ခံခက်တာပေါ့'

သမ္မုလက ကြောင်းဖြူသူပီပီ ရဲရဲတင်းတင်းနဲ့ ဟောဟောဒိုင်းဒိုင်း ပြောတတ်သူလေ။

'ကျွန်မဟာ သူ ဒုက္ခအကြီးအကျယ် ရောက်နေချိန်က သူ့အနားမှာ သူ့ရဲ့ပဉ္စမံတပ်သားတစ်ယောက်နဲ့မခြား လုပ်ကျွေးပြုစုခဲ့ရတာပါ။ ထားပါတော့လေ၊ သား ရာဇကုမာရ် ထီးနန်းနဲ့လွဲပြီဆိုတာကိုလည်း သိရောသားလက်ဆွဲပြီး နန်းထဲဝင်ခဲ့သလို အခုလည်း သားလက်ဆွဲပြီး နန်းထဲက ထွက်သွားတော့မလို့ စိတ်လိုက်မာန်ပါ ဖြစ်ခဲ့သေးတယ်။ ဒါပေမဲ့... သမ္မုလဟာ ခင်ဦးကို စေ့စေ့ကြည့်ပြီး...

'အစ်မတော်ကို ကြည့်လိုက်တဲ့အခါ၊ အစ်မတော်အကြောင်း တွေးလိုက်တဲ့အခါမှာ ကျွန်မရင်ထဲ ငြိမ်းချမ်းသွားတယ်။ အစ်မတော်နဲ့ နှိုင်းစာပြီး ကျွန်မရဲ့ ဆူဝေပေါက်ကွဲချင်တဲ့စိတ်တွေကို ချိုးနှိမ်နိုင်ခဲ့တယ်။ သား ရာဇကုမာရ်ကိုလည်း အစ်မတော်အကြောင်းတွေ ပြောပြပြီး ဆုံးမတရားချနိုင်ခဲ့တယ်။ ဒါကြောင့် အစ်မတော်ဟာ အလိုအလျောက်ပဲ ကျွန်မရဲ့ နှုန်းစံပုံခိုင်းစရာ ကျေးဇူးရှင်တစ်ယောက်ဖြစ်လာတယ်'

ဩော်...ခင်ဦးကိုယ်တိုင် မသိလိုက်ရဘဲ ခင်ဦး ပြုမိလေတဲ့ကုသိုလ်ကောင်းမှုတွေပါလား။

'ဦးဆောက်ပန်းရယ်၊ ဒုက္ခနဲ့ အကျပ်အတည်းကို ကြံ့ကြံ့ခံနိုင်လေလေ နှလုံးသားရဲ့ အလင်းဓာတ်နဲ့တကွ ဘဝရပ်တည်မှုဟာ ပိုမိုအားကောင်းလာလေလေပါပဲ။ ဒါဟာ အစ်မတော်တို့ မိန်းမသားတွေအတွက် အကြီးကျယ်ဆုံး သေနင်္ဂဟာပါပဲ'

z

## [၄၆]

ရွှေစည်းခုံစေတီတော်ကြီးကိုလည်း မောင့်လက်ထက်မှာ အပြီးသတ် တည်ထားနိုင်ခဲ့ပြီ။ ခေါင်ဖုရားကြီးရဲ့ အပယ်ရတနာဘုရားဟာလည်း အမောင့်ရဲ့ နဂါးရုံဘုရားနဲ့ မနီးမဝေးမှာ သပ္ပာယ်စွာ တည်ထားခဲ့ပြီ။ အို… လောလောပူသော ကြေးနီရောင်အဆင်းရှိသော ပုဂံမြေပေါ်မှာဘုရားစေတီတွေဟာ အဆူဆူ၊ ဓမ္မတေးနဲ့ ကြေးစည်သံတွေက တဝေဝေ။ ဆည်းလည်းသံတွေက တမ္ဗဒီပ လေထုအလျှင်မှာ မစဲတမ်း မြည်ကြွေးလို့။

အာနန္ဒာဂူစေတီတော်ကြီးကို ထီးတော်တင်တဲ့ နေ့ရဲ့ ညဥ့်ဦးသမယ လပြည့်အခါမှာ အမောင်ဟာ ခင်ဦးနဲ့အတူ နန်းတော်သာဆောင်မှာ ယှဉ်တွဲရပ်လာတယ်။

ဧရာဝတီမြစ်ကြီးဆီက ရေငွေ့ဟာ လေပြည်ထဲမှာ နွေးထွေးရှိန်းမြသင်းပျံ့လာတယ်။

ဆည်းလည်းသံတွေက ဆက်ခါဆက်ခါ လှုပ်ခတ်လို့။

လရောင်အောက်က မျက်စိနဲ့မဆုံ့ တပြန့်တပြော မြင်ကွင်းကြီးထဲမှာ ပုဂံရဲ့ ဘုရားစေတီတော်၊ ထီးတော်တွေဟာ အဖွေးသား၊ အထင်းသား။

တစ်ချက်တစ်ချက် လှည်းယာဉ်ကြော့ရဲ့ ရထားဘီးတွေရဲ့ ကြိတ်မြည်သံ၊ ခြူသံ၊ ခလောက်သံက ဝေ့ဝဲလို့။

စကားတစ်လုံးမှ မဆိုဖြစ်ကြဘဲ တမေ့တမောကြီး ရပ်နေမိကြတဲ့ ခင်ဦးတို့နှစ်ယောက်အကြားကို လေပြည်တစ်ချက် တိုးဝှေ့၍ ရောက်လာတယ်။

သည်တော့မှပဲ အမောင်ဟာ ခင်ဦးရဲ့ ပခုံးကို ဖွဖွရွရွထိကိုင်လိုက်တယ်။ ခင်ဦးရဲ့မျက်နှာ ပါးပြင်ဟာ သူ့ရင်ခွင်ကျယ်ကြီးထဲကို အလိုလို ရောက်သွားတယ်။

သူ့နှုတ်က အသံတစ်ခု ထွက်ကျလာတယ်။

'ခင်ဦးရယ်'

ကာလပေါင်းများစွာ အဖြစ်သနစ်ပေါင်းများစွာတို့ကို တိုက်ဖြတ်ပျံသန်းလာတဲ့ သူ့ခေါ်သံကို ခင်ဦးနားနဲ့သာမက ရင်နဲ့ပါ ကြားလိုက်ရတယ်။

အဲသည် ရင်တွင်းတစ်နေရာမှာတော့ ငြိမ်သက်နေတဲ့ အနာတရ နှလုံးသားတစ်ခု။ ။

**ချစ်ဦးညို**

Z


ချစ်ဦးညို

ပေးပို့သူ “ ကိုနိုင် ”

